၁၄၉၂

ကျမ်းစာအမှတ်စဉ်—၁၂

# ဋီကာကျော်မြန်မာပြန်

## ဒုတိယတွဲ

မေဓာဝီ ဆရာဆိုင် ပြန်ဆိုသည်

အဂ္ဂမဟာပဏ္ဍိတ မစိုးရိမ်ဆရာတော်ဘုရားကြီး
တည်းဖြတ်သုတ်သင်တော်မူသည်

ပြည်ထောင်စု မြန်မာနိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့

သာသနာနှစ်-၂၄၉၉ ကောဇာနှစ်-၁၃၁၇

၁၁၆၂၇

ကျမ်းစာအမှတ်စဉ်—၁၂

# ဋီကာကျော်မြန်မာပြန်

## ဒုတိယတွဲ

သစ္စဝါဒီဋီကာ, အဘိဓမ္မဂဏ္ဌိ, ဝိနယဂဏ္ဌိနှင့် ကစ္စာယနဂဏ္ဌိကျမ်းပြု
ပရိယတ္တိသာသနဟိတဓမ္မာစရိယ ဘွဲ့တံဆိပ်ရ

မေဓာဝီ ဆရာဆိုင် ပြန်ဆို၍

အဂ္ဂမဟာပဏ္ဍိတ မစိုးရိမ်ဆရာတော်ဘုရားကြီး
တည်းဖြတ်သုတ်သင်တော်မူသည်

ပြည်ထောင်စု မြန်မာနိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့

သာသနာနှစ်-၂၄၉၉ ကောဇာနှစ်-၁၃၁၇

အကျိုးအကြောင်းကို ဖော်ပြသော နိဒါန စာတမ်း

(၁) ဘာဝေတဗ္ဗံ ပနိဒ္ဓွဝံ၊
ဘာဝနာ ဒွယ မုတ္တမံ။
ပဋိပတ္တိ ရသဿာဒံ၊
ပတ္ထယန္တေန သာသနေ။ ။

ဟူသော 'အဘိဓမ္မတ္ထသင်္ဂဟ' ကျမ်းပြု သီဟဠဝါသီ မဟာထေရ်အရှင် **အနုရုဒ္ဓါ**-၏ ကျမ်းပြီး နိဂမ အာသီသ ဥယျောဇဉ် နှင့်အညီ မြတ်စွာဘုရား၏ သာသနာတော်၌ ပျော်စရာ ကောင်းလှသော—

[က] ဈာန်ဝင်စား၍ ချမ်းချမ်းသာသာ စံစားမှု-ဈာနသုခ,
[ခ] ဖိုလ်ဝင်စား၍ ချမ်းချမ်းသာသာ စံစားမှု-ဖလသုခ,

ယခုဘဝ ပစ္စုပ္ပန် ခန္ဓာကိုယ်မှာ ကေန် ရကြ၍ ထို ဈာန်ချမ်းသာ, ဖိုလ်ချမ်းသာတို့ကို ကောင်းစွာပိုင်ပိုင် ကိုယ်တိုင် ကိုယ်ကျ အသီးအသီး အသက အသက ခံစား စံစား ရရှိကြစေခြင်းငှါ ကောင်းစွာ ဟောကြားတော်မူခဲ့သော မြတ်စွာဘုရား၏ အဘိဓမ္မာ ဒေသနာတို့ကို လေ့လာ သင်ကြား (အထိုက်အလျောက်) တတ်မြောက် နားလည်ကြရပေလိမ့်မည်။

[အဘိဓမ္မာ ခုနစ်ကျမ်းလုံးကိုပင် မဟုတ်သော်လည်း အောက်ထစ်ဆုံး အဖြစ်ဖြင့် **'သင်္ဂြိုဟ်'** ဟူ၍ ခေါ်ကြသော **"အဘိဓမ္မတ္ထသင်္ဂဟကျမ်း"** တစ်ကျမ်းကိုပင် ကြိုးပမ်း လေ့လာကြရပေလိမ့်မည်။]

(၂) တတ်မြောက် နားလည်ရမည် ဆိုသော ကြောင့် တတ်မြောက် နားလည်ချင်လှ၍ အဘိဓမ္မာဆိုင်ရာ ကျမ်းစာအုပ်များကို ကြည့်ရှုလိုက်သည့်အခါ—

[က] ပါဠိတော်က ပါဠိဘာသာ,
[ခ] အဋ္ဌကထာက ပါဠိဘာသာ,

[ဂ] အဖွင့်ဋီကာများက ပါဠိဘာသာ ညီညီ-ညာညာ တည်ရှိ၍ နေကြလေသောကြောင့် ပါဠိဘာသာကို မလေ့လာဘူးသူ မလေ့လာနိုင်သူတို့အတွက် အဓိပ္ပါယ်မကွဲ အနက်မကွဲ အခက်အခဲ များစွာနှင့် ကြုံကြိုက်ကြရ ပြန်တော့သည်။

(၃) ထိုသို့ ပါဠိဘာသာ သက်သက်ကိုရင်း, ပါဠိတချက် မြန်မာတချက် နိဿျနက် ကျမ်းစာများကိုရင်း, မလေ့လာနိုင်သူ မလိုက်စားနိုင်သူတို့၏ အခက်ကို သက်သာ ချောင်ချိစေလျက် လေ့လာ-လိုက်စား အခြေခံ သဘောတရားများ ဖြစ်ပွါး လွယ်ကူကြ စေရန် မြန်မာဘာသာပြန် သက်သက်ဖြင့် အနက် မပျက် အဓိပ္ပါယ် မပျက် အချက်အလက် ကျကျ ရေးသားပြန်ဆို၍ ထားအပ်သော အဘိဓမ္မာဆိုင်ရာ—

[က] ပါဠိတော် မြန်မာပြန်
[ခ] အဋ္ဌကထာ မြန်မာပြန်
[ဂ] အဖွင့်ဋီကာ မြန်မာပြန်များသည် မြန်မာဆန်ဆန်ဖြင့် အမှန်ပင် ရှိသင့်, ရှိထိုက်လှပါပေ၏။

(၄) သို့-ရှိသင့်, ရှိထိုက်သည့်အတိုင်း **ပြည်ထောင်စု သမ္မတ မြန်မာနိုင်ငံတော် ဗုဒ္ဓသာသနာအဖွဲ့ကြီးက** ဦးစီးအားပေး အရေး တယူ အလေးမူလျက် ဖြူစင် သန့်ရှင်းသော သမ္မာဆန္ဒ, ဝီရိယ, မြော်မြင်မှုတို့ကြောင့် ယခုအခါ—

**အဘိဓမ္မတ္ထ သင်္ဂဟ အဋ္ဌကထာ မြန်မာပြန်**
**ဋီကာကျော် ခေါ် အဘွင့် မြန်မာပြန်**

ကျမ်းတို့ကို တခမ်းတနား မြန်မာဘာသာအားဖြင့် ရေးသားပြန်ဆို ကာ (ပူးတွဲ) ရိုက်နှိပ်ထုတ်ဝေနိုင်ပေပြီ။

(၅) ဤဋီကာကျော် ပါဠိဘာသာကျမ်းကို မြန်မာဘာသာ သက်သက် ပြန်ဆို ရေးသားသူမှာ ရန်ကုန်မြို့ ပါဠိဆရာကြီး **မေဓာဝီ ဦးဆိုင်**-ဖြစ်၍ ပြန်ဆိုပုံ ပြန်ဆိုနည်းမှာ [ကျေးဇူးရှင် လယ်တီဆရာတော်ဘုရားကြီး ကြီးမှူး၍ ဆရာမြို့ ပြန်ဆိုသော မြန်မာ ပြန် ပိဋကများကဲ့သို့] ပါဠိမပါ မြန်မာနိဿယပင် ဖြစ်ပေသည်။ "ဤပြန်ဆိုနည်းသာလျှင် အဘိဓမ္မာ ပိဋကအတွက် သင့်လျော် လုံလောက်ပေပြီ"ဟု ဤစာရေးသူက ထင်မြင် ယုံကြည်မိပေသည်။ [သုတ္တန်ပိဋက ဝဏ္ဏဘာသာပြန် များကိုကား မင်းဘူးမြို့ ဆရာတော် အရှင်သြဘာသသည် ဝေဿန္တရာ ဇာတ်တော်ကြီးကို ကဗျာနည်း အလင်္ကာနည်း တို့ဖြင့် သင့်လျော်သလို ပြန်ဆိုတော်မူဘိသကဲ့သို့ သင့်လျော်သလို ဘာသာပြန်လိုက ပြန်သင့်ပေသည်။ အဘိဓမ္မာ ပိဋက ဆိုင်ရာ အတွက် မှာကား ရှေးရှေး နိဿယများမှ ပါဠိ ကိုသာ ချန်ထားလျက် နိဿယစကားအတိုင်း ပြန်ဆိုထားသော ဤသို့သော မြန်မာပြန်မျိုးသာ သင့်လျော်ပေပြီ-ဟု ဆိုလိုပေသည်။]

(၆) သမ္ပတ္တိ စက်လေးဖြာတို့ဖြင့် ကောင်းစွာ ကြုံကြိုက်လျက် ရှိကြကုန်သော အမျိုးကောင်းသား အမျိုးကောင်း သမီးတို့သည် (ဝါ) ရဟန်း ရှင်လူ သူတော်စင် သူတော်ကောင်း တို့သည်-

**အဘိဓမ္မတ္ထသင်္ဂဟ မြန်မာပြန်**
**ဋီကာကျော် အဘွင့် မြန်မာပြန်**

ကျမ်းတို့ကို ချမ်းချမ်းသာသာ လွယ်လွယ် ကူကူဖြင့် "သင်သင်- အံအံ၊ ကြံကြံ-ကျင့်ကျင့်" ပညာဉာဏ် ပွင့်ကြကုန်သည် ဖြစ်၍ ပရိယတ္တိ သာသနာ, ပဋိပတ္တိ သာသနာ အတူမကွာ-တိုးပွါး ဈာနသုခ, ဖလသုခ အကျိုးတရားတို့ကို တိုးပွါး ရရှိကြသည် အထိ ရိုးရိုး သားသား ဖြောင့်ဖြောင့် မတ်မတ် (ဝါ) ရိုးရိုးကျင့်, မြင့်မြင့်ကြံ အခြေခံ ကလျာဏ ပုထုဇ္ဇန် အတန်းက အစချီလျက် ရုပ်,နာမ်ကို ဟုတ်မှန်သည့်အတိုင်း သိရှိ နားလည်စေနိုင်သော

"အဘိဓမ္မာ-ဘာသာပြန်ကျမ်း" တည်းဟူသော ပရိယတ္တိလည်းရှိ ကမ္မဋ္ဌာန်းအားထုတ်မှု ပဋိပတ္တိလည်း ရှိကြလျက် ကိုယ်၏ ယဉ်ကျေးမှု, စိတ်၏ယဉ်ကျေးမှု ကိုယ်ချမ်းသာ စိတ်ချမ်းသာ စုံလင်စွာ ပေါ်ထွက်,လက်တွေ့ ဉာဏ်တွေ့ ကျင့်ကြံ အားထုတ် ခံစား စံစား အရသာ တွေ့နိုင်ကြပေလိမ့်မည်-ဟု အထူးမြော်လင့် ဝမ်းမြောက် သင့်ကြပါပေသတည်း။

၁၃၁၆-ခု၊ သီတင်းကျွတ်လဆန်း ၇-ရက်နေ့

**[ ပဋ္ဌာန်း ] ဦးဝိသုဒ္ဓ**

မန္တလေး ပရိယတ္တိသာသနဟိတ နှင့် အစိုးရစာချ ဓမ္မာစရိယ

ပါဠိနယ္ယူပဒေသကျောင်း, မစိုးရိမ်တိုက်, မန္တလေးမြို့။

# မာတိကာ


အကြောင်းအရာ ... စာမျက်နှာနံပါတ်

## ၄—ဝီထိပိုင်း

၁။ ဝိသယပ္ပဝတ္တိခြောက်ပါးအဘွင့် .... .... ၇
၂။ စိတ်သက်အဘွင့် .... .... .... ၈
၃။ ရုပ်သက်အဘွင့် .... .... .... ၁၂
၄။ အတိမဟန္တာရုံဝီထိအဘွင့် .... .... ၁၆
၅။ မဟန္တာရုံဝီထိအဘွင့် .... .... .... ၂၀
၆။ ပရိတ္တာရုံဝီထိအဘွင့် .... .... .... ၂၉
၇။ အတိပရိတ္တာရုံဝီထိအဘွင့် .... .... ၃၂
၈။ ကာမဇောဝါရအဘွင့် .... .... ၃၇
၉။ အပ္ပနာဝီထိကျပုံအဘွင့် .... .... ၄၀
၁၀။ တဒါရုံကျပုံအဘွင့် .... .... .... ၄၈
၁၁။ ဝိပါက်အမှန် ဇောအပြန်ဖြစ်ပုံအဘွင့် .... ၄၉
၁၂။ အာဂန္တုကဝီထိအဘွင့် .... .... ၅၃
၁၃။ မရဏာသန္နဇောဖြစ်ပုံအဘွင့် .... .... ၆၂
၁၄။ မဂ်ဇောကျပုံအဘွင့် .... .... .... ၆၆
၁၅။ ပုဂ္ဂိုလ်စိတ်ရအဘွင့် .... .... .... ၆၉
၁၆။ ဘုံစိတ်ရအဘွင့် .... .... .... ၇၈

## ၅—ဘုံပိုင်း

၁။ ဘူမိစတုက္ကလေးပါးအဘွင့် .... .... ၈၆
၂။ အပါယ်လေးဘုံအဘွင့် .... .... .... ၈၇

အကြောင်းအရာ　　စာမျက်နှာနံပါတ်


| | | |
|---|---|---|
| ၃။ | ကာမသုဂတိ ၇-ဘုံအဘွင့် .... .... | ၈၉ |
| ၄။ | ရူပ ၁၆-ဘုံအဘွင့် .... .... .... | ၉၁ |
| ၅။ | အရူပ ၄-ဘုံအဘွင့် .... .... .... | ၉၇ |
| ၆။ | ပဋိသန္ဓိစတုက္က, ကာမသုဂတိပဋိသန္ဓေအဘွင့် .... | ၉၉ |
| ၇။ | နတ်သက်အဘွင့် .... .... .... | ၁၀၄ |
| ၈။ | ရူပဗြဟ္မာသက်အဘွင့် .... .... .... | ၁၀၈ |
| ၉။ | အရူပဗြဟ္မာသက်အဘွင့် .... .... | ၁၁၁ |
| ၁၀။ | ကမ္မစတုက္က, ကိစ္စ ကံလေးပါးအဘွင့် .... | ၁၁၃ |
| ၁၁။ | ပါကဒါန ကံလေးပါးအဘွင့် .... .... | ၁၁၅ |
| ၁၂။ | ပါကကာလ ကံလေးပါးအဘွင့် .... .... | ၁၁၈ |
| ၁၃။ | ကာယကံ သုံးပါးအဘွင့် .... .... | ၁၂၃ |
| ၁၄။ | ဝစီကံ လေးပါးအဘွင့် .... .... .... | ၁၂၆ |
| ၁၅။ | မနောကံ သုံးပါးအဘွင့် .... .... | ၁၂၉ |
| ၁၆။ | ပုညကြိယာ ဆယ်ပါးအဘွင့် .... .... | ၁၃၃ |
| ၁၇။ | ဥဒ္ဒစ္စစေတနာ ပဋိသန္ဓေအကျိုးမပေးပုံ .... | ၁၄၂ |
| ၁၈။ | တိဟိတ်ဥက္ကဋ္ဌ ကုသိုလ်ကံ အကျိုးပေးပုံ .... | ၁၄၇ |
| ၁၉။ | မရဏစတုက္က, သေခြင်းလေးမျိုးအဘွင့် .... | ၁၅၉ |
| ၂၀။ | စုတိခါနီး နိမိတ်ထင်ပုံအဘွင့် .... .... | ၁၆၁ |
| ၂၁။ | စုတိခါနီး စိတ်အစဉ်ဖြစ်ပုံအဘွင့် .... .... | ၁၆၄ |
| ၂၂။ | ပဋိသန္ဓေစိတ်ဖြစ်ပုံအဘွင့် .... .... | ၁၆၈ |
| ၂၃။ | ပဋိသန္ဓေ,ဘွင်တို့၏ အာရုံအဘွင့် .... .... | ၁၇၃ |
| ၂၄။ | သံသရာစက်လည်ပုံ, ပြတ်ပုံအဘွင့် .... | ၁၈၁ |

အကြောင်းအရာ စာမျက်နှာနံပါတ်

## ၆—ရုပ်ပိုင်း


၁။ ရူပသမုဒ္ဒေသ,မဟာဘုတ်နှင့် ဥပါဒါရုပ်အဘွင့် ၁၀၇
၂။ ပသာဒရုပ် ၅-ပါးအဘွင့် .... .... ၁၉၁
၃။ ဂေါစရရုပ် ၇-ပါးအဘွင့် .... .... ၁၉၃
၄။ ဘာဝရုပ် ၂-ပါးအဘွင့် .... .... ၁၉၅
၅။ ဟဒယရုပ်အဘွင့် .... .... ၁၉၇
၆။ ဇီဝိတရုပ်အဘွင့် .... .... ၁၉၀
၇။ အာဟာရရုပ်အဘွင့် .... .... ၁၉၉
၀။ ပရိစ္ဆေဒရုပ်အဘွင့် .... .... ၂၀၁
၉။ ဝိညတ်ရုပ် ၂-ပါးအဘွင့် .... .... ၂၀၂
၁၀။ ဝိကာရရုပ် ၅-ပါးအဘွင့် .... .... ၂၀၇
၁၁။ လက္ခဏရုပ် ၄—ပါးအဘွင့် .... .... ၂၀၀
၁၂။ ရူပဝိဘာဂအဘွင့် .... .... ၂၁၂
၁၃။ ဩဠာရိကရုပ်, သုခုမရုပ်အဘွင့် .... ၂၁၇
၁၄။ ဂေါစရဂ္ဂါဟိကရုပ်, အဂေါစရဂ္ဂါဟိကရုပ်အဘွင့် ၂၂၀
၁၅။ အဝိနိဗ္ဘောဂရုပ်, ဝိနိဗ္ဘောဂရုပ်အဘွင့် .... ၂၂၃
၁၆။ ရူပသမုဋ္ဌာန, ကံကရုပ်ကို ဖြစ်စေပုံအဘွင့် .... ၂၂၄
၁၇။ စိတ်ကရုပ်ကို ဖြစ်စေပုံအဘွင့် .... .... ၂၂၇
၁၀။ ဥတုဇရုပ်ကို ဖြစ်စေပုံအဘွင့် .... ၂၃၃
၁၉။ နကုတောစိရုပ်အဘွင့် .... ၂၃၆
၂၀။ ရူပကလာပ, ရုပ်ကလာပ်လက္ခဏာ ၄-ပါးအဘွင့် ၂၃၀
၂၁။ ရူပပဝတ္တိက္ကမ, ကာမဘုံ၌ ရုပ်ဖြစ်ပုံအဘွင့် .... ၂၄၁
၂၂။ ဂဗ္ဘသေယျက ပဋိသန္ဓေအဘွင့် .... ၂၄၆
၂၃။ ရုပ်လေးပါးတို့ နောက်ဆုံးချုပ်ပုံအဘွင့် .... ၂၄၉
၂၄။ ရူပဘုံ၌ ရုပ်ဖြစ်စဉ်အဘွင့် .... .... ၂၅၁
၂၅။ နိဗ္ဗာန်အဘွင့် .... .... .... ၂၅၆

# ဋီကာကျော်မြန်မာပြန်

## ဝီထိပိုင်း

# ဝီထိပိုင်း

၁။ ။စိတ္တုပ္ပါဒါနမိစ္စေဝံ၊ ကတွာ သင်္ဂဟမုတ္တရံ။
ဘူမိပုဂ္ဂလဘေဒေန၊ ပုဗ္ဗာပရနိယာမိတံ။
ပဝတ္တိသင်္ဂဟံ နာမ၊ ပဋိသန္ဓိပဝတ္တိယံ။
ပဝက္ခာမိ သမာသေန၊ ယထာသမ္ဘဝတော ကထံ။ ။

ငါသည် အကြင်အကြင် ဆိုအပ်ခဲ့ပြီးသော နည်းဖြင့် စိတ်, စေတသိက် ဖြစ်ကုန်သော နာမက္ခန္ဓာ လေးပါးတို့၏ ဝေဒနာသင်္ဂဟ အစရှိသည်ကို ဝေဘန်သောအားဖြင့် မြတ်သော အပြားအားဖြင့် မိန့်အပ်သော ပကိဏ္ဏကသင်္ဂဟကို ပြုပြီး၍ တဖန် ဘုံ, ပုဂ္ဂိုလ်တို့၏ အပြားဖြင့် မှတ်အပ်သော ရှေ့စိတ်, နောက်စိတ်တို့ဖြင့် မှတ်အပ်သော ပဋိသန္ဓေအခါ, ပဝတ္တိအခါ၌ ပဝတ္တိသင်္ဂဟ မည်သော ဝီထိသင်္ဂဟကို အကျဉ်းအားဖြင့် ဖြစ်သင့်သည်အား လျော်စွာ အပြားအားဖြင့် ဆိုပေအံ့။

---

၁။ ။အကြင်အကြင် ဆိုအပ်ခဲ့ပြီးသော နည်းဖြင့် စိတ်, စေတသိက် ဖြစ်ကုန်သော နာမက္ခန္ဓာ လေးပါးတို့၏ ဝေဒနာ-သင်္ဂဟ အစရှိသည်ကို ဝေဘန်သောအားဖြင့် မြတ်သော အပြားအားဖြင့် မိန့်အပ်သော ပကိဏ္ဏကသင်္ဂဟကို ပြုပြီး၍ တဖန် ကာမာဝစရ အစရှိကုန်သော သုံးပါးကုန်သော ဘုံတို့၏ငှင်း၊ ဒွိဟိတ် အစရှိသော ပုဂ္ဂိုလ်တို့၏ငှင်း အပြားအားဖြင့် မှတ်အပ်သော ဤစိတ်သည် ဤမျှအတိုင်းအရှည် ရှိသော စိတ်တို့မှ နောက်၌ ဖြစ်၏၊ ဤစိတ်၏ အခြားမဲ့၌ ဤမျှ အတိုင်းအရှည် ရှိသော စိတ်တို့သည် ဖြစ်ကုန်၏-ဟု ဤသို့ ရှေ့စိတ်, နောက်စိတ်တို့ဖြင့် မှတ်အပ်သော ပဋိသန္ဓေအခါ, ပဝတ္တိအခါတို့၌ စိတ်, စေတသိက်တို့၏ ပဝတ္တိသင်္ဂဟဟူသော အမည်ရှိသော ဝီထိသင်္ဂဟကို ဖြစ်သင့်သည်အား လျော်စွာ အကျဉ်းအားဖြင့် မြွက်ဆိုပေအံ့။ ဤကား အနက်ယောဇနာခြင်းတည်း။

## ဆဆက္ကမာတိကာ

**၂။ ။ဆ ဝတ္ထူနိ, ဆ ဒွါရာနိ, ဆ အာရမ္မဏာနိ, ဆ ဝိညာဏာနိ, ဆ ဝီထိယော, ဆဓာ ဝိသယပ္ပဝတ္တိ စေတိ ဝီထိသင်္ဂဟေ ဆဆက္ကာနိ ဝေဒိတဗ္ဗာနိ။**

ခြောက်ပါး ကုန်သော ဝတ္ထုတို့ငှင်း၊ ခြောက်ပါး ကုန်သော ဒွါရတို့ငှင်း၊ ခြောက်ပါးကုန်သော အာရုံတို့ငှင်း၊ ခြောက်ပါးကုန်သော ဝိညာဏ်တို့ငှင်း၊ ခြောက်ပါးကုန်သော ဝီထိတို့ငှင်း၊ ခြောက်ပါး အပြားရှိသော အာရုံတို့၏ ဒွါရတို့၌ ဖြစ်ခြင်းငှင်း ဤသို့ ဝီထိသင်္ဂဟ၌ ခြောက်ပါးကုန်သော ဆက္ကတို့ကို သိအပ်ကုန်၏။

---

## ဆဆက္ကမာတိကာအဘွင့်

၂။ ။ဝတ္ထု, ဒွါရ, အာရမ္မဏသင်္ဂဟတို့ကို အောက်၌ ဆိုအပ်ခဲ့ကုန်သော်လည်း ဆဆက္ကအပြည့်အစုံ ပြု၍ ပဝတ္တိသင်္ဂဟကိုပြခြင်းငှါ တဖန်ချထားအပ်, မိန့်ဆိုအပ်ကုန်၏။

---

**၃။ ။ဝီထိမုတ္တာနံ ပန ကမ္မကမ္မနိမိတ္တဂတိနိမိတ္တဝသေန တိဝိဓာ ဟောတိ ဝိသယပ္ပဝတ္တိ။**

အထူးကို ဆိုဦးအံ့၊ ဝီထိမုတ်[၁]စိတ် တခုယုတ် နှစ်ဆယ်တို့၏ အာရုံတို့၌ စိတ်တို့၏ ဖြစ်ခြင်းသည် ကံ, ကမ္မနိမိတ်, ဂတိနိမိတ်တို့၏ အစွမ်းဖြင့် သုံးပါးအပြားရှိ၏။

---

၁—ပဋိသန္ဓေ ကိစ္စ, ဘဝင် ကိစ္စ, စုတိ ကိစ္စ တပ်သောစိတ် ၁၉-ပါးတို့သည် ကံ၏ အဟုန်ကြောင့် ထင်မြင်လာသော ကံ,. ကမ္မနိမိတ်, ဂတိနိမိတ် သုံးပါးတို့ကိုသာ အမြဲ အာရုံပြုလျက် ဖြစ်ကုန်၏။ ခြောက်ဒွါရ၌ ထင်မြင်လာသော ရူပါရုံစသည့်ကို အချင်းခပ်သိမ်း အာရုံမပြုကုန်မူ၍ ခြောက်ဒွါရ၌ ထင်မြင်လာသော အာရုံကို အာရုံပြု၍ ဖြစ်သော ဝီထိစိတ်မှ အပ တခြားဖြစ်သောကြောင့် **ဝီထိမုတ်စိတ်** မည်ကုန်၏။

၃။ ။အာရုံတို့၏ ဒွါရတို့၌ ဖြစ်ခြင်းသည် **ဝိသယပ္ပဝတ္တိ**[၁] မည်၏၊ တနည်း- အာရုံတို့၌ စိတ်တို့၏ ဖြစ်ခြင်းသည် **ဝိသယပ္ပဝတ္တိ** မည်၏။

---

**၄။ ။တတ္ထ ဝတ္ထုဒွါရာရမ္မဏာနိ ပုဗ္ဗေ ဝုတ္တနယာနေဝ။**

ထိုခြောက်ပါးသော ဆက္ကတို့တွင် ဝတ္ထု,ဒွါရ, အာရုံတို့သည် ရှေးဖြစ်သော ပကိဏ္ဏကသင်္ဂဟ၌ ဆိုအပ်ခဲ့ပြီးသော နည်းရှိကုန်သည်သာတည်း။

---

၄။ ။**တတ္ထ**-ဟူသည်ကား၊ ဝါ-ဟူသောပုဒ်ကို ထိုခြောက်ပါးသော ဆက္ကတို့တွင်-ဟုအနက်ပေး။

---

**၆။ ဆ ဝီထိယော ပန စက္ခုဒွါရဝီထိ, သောတဒွါရဝီထိ, ဃာနဒွါရ ဝီထိ, ဇိဝှါဒွါရ ဝီထိ, ကာယ ဒွါရဝီထိ, မနောဒွါရဝီထိ စေတိဒွါရဝသေန ဝါ၊ စက္ခုဝိညာဏ ဝီထိ, သောတဝိညာဏဝီထိ, ဃာနဝိညာဏဝီထိ, ဇိဝှာဝိညာဏဝီထိ, ကာယဝိညာဏဝီထိ, မနောဝိညာဏ ဝီထိ စေတိ ဝိညာဏဝသေန ဝါ ဒွါရပ္ပဝတ္တာ စိတ္တပ္ပဝတ္တိယော ယောဇေတဗ္ဗာ။**

အထူးကို ဆိုဦးအံ့၊ ဒွါရ၌ဖြစ်ကုန်သော စိတ်တို့၏ ဖြစ်ခြင်းဟု ဆိုအပ်ကုန်သော ဝီထိတို့ကို စက္ခုဒွါရဝီထိ၎င်း၊ သောတဒွါရ ဝီထိ၎င်း၊ ဃာနဒွါရဝီထိ၎င်း၊ ဇိဝှါဒွါရဝီထိ၎င်း၊ ကာယဒွါရဝီထိ ၎င်း၊ မနောဒွါရဝီထိ၎င်း၊ ဤသို့ ဒွါရ၏ အစွမ်းအားဖြင့်၎င်း, စက္ခုဝိညာဏဝီထိ၎င်း၊ သောတဝိညာဏဝီထိ၎င်း၊ ဃာနဝိညာဏ

---

၁–အာရုံတို့၏ ဒွါရတို့၌ ဖြစ်ခြင်းသည် ဝိသယပ္ပဝတ္တိ မည်၏၊ တနည်း—အာရုံတို့၌ စိတ်တို့၏ ဖြစ်ခြင်းသည် ဝိသယပ္ပဝတ္တိ မည်၏၊ ပဌမ ဝိဂ္ဂြိုဟ်ကား ဝီထိစိတ်တို့၏ ဝိသယပ္ပဝတ္တိတည်း၊ ဒုတိယ ဝိဂ္ဂြိုဟ်ကား ဝီထိမုတ်စိတ်တို့၏ ဝိသယပ္ပဝတ္တိတည်း။

ဝီထိ၎င်း၊ ဇိဝှါဝိညာဏဝီထိ၎င်း၊ ကာယဝိညာဏဝီထိ၎င်း၊ မနော ဝိညာဏဝီထိ၎င်း၊ ဤသို့ ဝိညာဏ်၏ အစွမ်းအားဖြင့်၎င်း ခြောက်ပါး အပြားရှိကုန်၏-ဟူ၍ယှဉ်အပ်ကုန်၏။

---

၆။ ။စက္ခုဒွါရ၌ ဖြစ်သော စိတ်အဆက်ဆက်သည် **စက္ခုဒွါရ ဝီထိ** မည်၏၊ ဤသို့ အစရှိသည်ဖြင့် ဒွါရ အစွမ်းအားဖြင့်၎င်း၊ စက္ခု ဝိညာဏ်နှင့် တကွ တူသော အာရုံ, တူသော ဒွါရ၌ ဖြစ်သည်ဖြစ်၍ တကွဖြစ်သည် အဖြစ်ကြောင့် စက္ခုဝိညာဏ်နှင့် စပ်သော စိတ်တို့၏ အဆက်ဆက်သည် **စက္ခုဝိညာဏဝီထိ** မည်၏၊ ဤသို့ အစရှိသည်ဖြင့် ဝိညာဏ်၏ အစွမ်းအားဖြင့်၎င်း၊ ဝီထိ[၁] တို့၏ အမည်ကို ယောဇနာ ခြင်းကို ပြုအပ်၏-ဟု ပြခြင်းငှါ စက္ခုဒွါရဝီထိ-ဤသို့ အစရှိသော စကားကို မိန့်ဆိုအပ်၏။

---

## ဝိသယပ္ပဝတ္တိ ၆-ပါး

၇။ ။**အတိမဟန္တံ,မဟန္တံ,ပရိတ္တံ,အတိပရိတ္တဉ္စေတိ ပဉ္စဒွါရေ၊ မနောဒွါရေ ပန ဝိဘူတမဝိဘူတဉ္စေတိ ဆဓာ ဝိသယပ္ပဝတ္တိ ဝေဒိတဗ္ဗာ။**

(၁) အလွန်များသော ဝီထိ စိတ္တုပ္ပါဒ်ရှိသော အာရုံ၎င်း၊
(၂) များသော ဝီထိစိတ္တုပ္ပါဒ်ရှိသော အာရုံ၎င်း၊
(၃) နည်းသော ဝီထိစိတ္တုပ္ပါဒ်ရှိသော အာရုံ၎င်း၊
(၄) အလွန်နည်းသော ဝီထိစိတ္တုပ္ပါဒ်ရှိသော အာရုံ၎င်း၊

ဤသို့ ပဉ္စဒွါရ၌ အာရုံတို့၏ ဒွါရတို့၌ ဖြစ်ခြင်းသည်၊ ဝါ-အာရုံ တို့၌ စိတ်တို့၏ ဖြစ်ခြင်းသည် ၄-ပါး အပြားရှိ၏။

---

၁—လူတို့၏ သွားလာရာ ခရီးသည် ရွာစဉ်ကို မကျော်ဘဲ အစဉ် သွားဘိသကဲ့သို့ ထို့အတူ စိတ္တနိယာမအတိုင်း ဖြစ်သော စိတ်တို့၏ အစဉ်သည်လည်း ဖြစ်သင့်သော စိတ်တခုနှင့် တခု မကျော်မူ၍ အစဉ်အတိုင်း ဖြစ်တတ်သောကြောင့် **ဝီထိ** မည်၏။

မနောဒွါရ၌ (၁) ထင်ရှားသော အာရုံငင်း၊ (၂) မထင်ရှားသော အာရုံငင်း၊ ဤသို့ အာရုံတို့၏ ဒွါရတို့၌ ဖြစ်ခြင်းသည်၊ ဝါ-အာရုံတို့၌ စိတ်တို့၏ ဖြစ်ခြင်းသည် နှစ်ပါး အပြားရှိ၏။ ဤသို့သော အပြားအားဖြင့် အာရုံတို့၏ ဒွါရတို့၌ ဖြစ်သော၊ ဝါ-အာရုံတို့၌ စိတ်တို့ ဖြစ်သော ဝိသယပ္ပဝတ္တိကို ခြောက်ပါး အပြားရှိ၏-ဟူ၍ သိအပ်၏။

---

## ဝိသယပ္ပဝတ္တိခြောက်ပါးအဘွင့်

၇။ ။(၁) **အတိမဟန္တံ**-ဤသို့ အစရှိသော ဝိထိတို့တွင် တချက်သော စိတ်၏ ခဏကဲ့သို့သော ခဏကို လွန်ခြင်းရှိသည် ဖြစ်၍ ထင်ခြင်းသို့ ရောက်သော ၁၆-ချက်သော စိတ်တို့၏ ခဏကဲ့သို့သော ခဏသာလျှင် အသက်ရှိသော အာရုံသည် **အတိမဟန္တာရုံ**[၁] မည်၏။

(၂) နှစ်ချက်-သုံးချက်သော ခဏကဲ့သို့သော ခဏကို လွန်ခြင်းရှိသည်ဖြစ်၍ ၁၅-ချက်,၁၄-ချက်သော စိတ်တို့၏ ခဏကဲ့သို့သော ခဏသာလျှင် အသက်ရှိသော အာရုံသည် **မဟန္တာရုံ**[၂] မည်၏။

(၃) ၄-ချက်သော စိတ္တက္ခဏမှစ၍ ၉-ချက်သော စိတ္တက္ခဏတိုင်အောင်သော စိတ္တက္ခဏ လွန်ခြင်းရှိသည်ဖြစ်၍ ၁၃-ချက်သော စိတ္တက္ခဏမှစ၍ ရှစ်ချက်သော စိတ္တက္ခဏတိုင်အောင်သော စိတ္တက္ခဏသာလျှင် အသက်ရှိသော အာရုံသည် **ပရိတ္တာရုံ**[၃] မည်၏။

စိတ္တက္ခဏ ၁၀-ချက်မှစ၍ စိတ္တက္ခဏ ၁၅-ချက်တိုင်အောင်သော စိတ္တက္ခဏသာလျှင် လွန်ခြင်းရှိသည် ဖြစ်၍ ၇-ချက်သောစိတ္တက္ခဏမှစ၍ စိတ္တက္ခဏ ၂-ချက် တိုင်အောင်သော စိတ္တက္ခဏသာလျှင် အသက်ရှိသော အာရုံသည်-**အတိပရိတ္တာရုံ**[၄] မည်၏။ ထို့ကြောင့်

---

၁–ထင်ထင် ရှားရှား အားကြီးသော အာရုံ ငါးပါးသည် **အတိမဟန္တာရုံ** မည်၏။

၂–သင့်ရုံ အားကြီး ထင်ရှားသော အာရုံ ငါးပါးသည် **မဟန္တာရုံ** မည်၏။

၃–မထင် မရှား မသိ မသာ အားနည်းသော အာရုံ ငါးပါးသည် **ပရိတ္တာရုံ** မည်၏။

၄–အလွန်တရာ မသိမသာ မထင်မရှား အားနည်းလှသော မြင်သလို ကြားသလို စသော အာရုံငါးပါးသည် **အတိပရိတ္တာရုံ** ၏။

**ကေစိတ္တက္ခဏာတီတာနိ**-ဤသို့ အစရှိသော စကားကို အနုရုဋ္ဌါ ဆရာကိုယ်တိုင်ပင် ဆိုတော်မူလတ့်။

၁-ထင်ရှားသော အာရုံသည် **ဝိဘူတာရုံ**[၁] မည်၏။

၂-မထင်ရှားသော အာရုံသည် **အဝိဘူတာရုံ**[၂] မည်၏။

## စိတ်အသက်

၈။ ။**ကထံ ဥပ္ပါဒဋ္ဌိတိဘင်္ဂဝသေန ခဏတ္တယံ ကေစိတ္တက္ခဏံ နာမ**။

အဘယ်သို့ သိအပ်ပါသနည်းဟူမူ၊ ဥပါဒ်, ဋ္ဌီ, ဘင်တို့၏ အစွမ်းဖြင့် ခဏငယ်တို့၏ သုံးခုတို့၏ အပေါင်းသည် တခုသော စိတ္တက္ခဏ မည်၏။

## စိတ်အသက်အဘွင့်

၈။ ။**ကထံ**-ဟူသော ပုဒ်ဖြင့် အတိမဟန္တာရုံ အစရှိသည် တို့၏ အစွမ်းဖြင့် အာရုံကို ပိုင်းခြား မှတ်သားခြင်းသည် အဘယ် အပြားအားဖြင့် ဖြစ်ပါသနည်းဟု မေးပြီး၍ စိတ္တက္ခဏ၏ အစွမ်းဖြင့် ထိုအပြားကို ပြခြင်းငှါ "ဥပ္ပါဒဋ္ဌိတိ" ဤသို့ အစရှိသော စကား ကို အားထုတ်အပ်၏။

## ဥပါဒ် ဋ္ဌီ ဘင် အဘွင့်

ပရမတ္ထ သဘောတရားတို့၏ ဖြစ်ခြင်းသည် **ဥပါဒ်**[၃] မည်၏၊ ပရမတ္ထသဘောတရားတို့၏ ပျက်ခြင်းသည် **ဘင်**[၄] မည်၏၊ ဥပါဒ်,

---

၁—ထင်ထင် ရှားရှား ဖြစ်သော အာရုံသည် ဝိဘူတာရုံ မည်၏။

၂—မထင်မရှားသော အာရုံသည် အဝိဘူတာရုံ မည်၏။

ထိုအာရုံတို့ကို အာရုံပြု၍ ဖြစ်သော ဝိထိစိတ်သည် အတိမဟန္တာရုံဝိထိ စသည် မည်၏ ဟုမှတ်။

၃—ဖြစ်ပေါ်ရန် အကြောင်း ပြည့်စုံ ညီညွတ်၍ ပရမတ္ထသဘောတရားတို့၏ ရှေးဦးစွာ ဖြစ်ပေါ်လာသော ခဏအခါသည် **ဥပါဒ်ခဏ** မည်၏။

၄—ဖြစ်ပေါ်ပြီးသော ပရမတ္ထ တရားတို့၏ ကွယ်ပျောက် ချုပ်ဆုံးသော အခါခဏသည် **ဘင်ခဏ** မည်၏-ဟုမှတ်။

ဘင်နှစ်ပါးတို့၏ အလယ်၌ ဘင်သို့ ရှေးရှုဖြစ်ခြင်း သဘောသည် ဌီ[၁] မည်၏။

## ကေစိဝါဒ

အချို့သော ဆရာတို့သည်ကား စိတ်၏ ဌီခဏ မရှိ-ဟု တားမြစ်ကြကုန်၏၊ ဤဆိုလတံ့သော စကားကား ထိုကေစိဆရာတို့ အဓိပ္ပါယ်တည်း။

စိတ္တယမိုက်၌ ''ဥပ္ပန္နံ ဥပ္ပဇ္ဇမာနံ'' ဤသို့ အစရှိသော ပုဒ်တို့၏ ဝိဘင်း၌ '' ဘင်္ဂက္ခဏေ ဥပ္ပန္နံ, နော စ ဥပ္ပဇ္ဇမာနံ၊ ဥပ္ပါဒက္ခဏေ ဥပ္ပန္နဉ္စေဝ ဥပ္ပဇ္ဇမာနဉ္စ'' အစရှိသည်ဖြင့် ဘင်နှင့် ဥပါဒ်တို့ကိုသာ ဟောတော်မူအပ်ကုန်၏၊ ဌီခဏကို ဟောတော်မမူအပ်၊ စိတ်၏ ဌီခဏသည်လည်း အကယ်၍ ရှိငြားအံ့ ''ဌိတိက္ခဏေဘင်္ဂက္ခဏေ'' ဤသို့အစရှိသည်ဖြင့် ဆိုသင့်ရာ၏။

ဥပ္ပါဒေါ ပညာယတိ, ဝယော ပညာယတိ၊
ဌိတဿ အညထတ္တံ ပညာယတိ။

ဟူသော သုတ္တန်၌ ဘုရား ဟောတော်မူသောကြောင့် ဌီခဏ ရှိ၏ဟု အကယ်၍ ဆိုငြားအံ့၊ ပါဠိအနက်ကား-ဖြစ်ခြင်းသည် ထင်၏၊ ပျက်ခြင်းသည် ထင်၏၊ တည်သော တရား၏ ဘောက်ပြန်သည် အဖြစ်သည် ထင်၏။ ဤကားအနက်။ ထိုသုတ္တန်ပါဠိတော်၌လည်း တခုသော သခ်တတရား၌ ဘောက်ပြန်သည့် အဖြစ်၏ မဖြစ်ခြင်းကြောင့်၎င်း, ထင်ခြင်းကို ဟောတော်မူခြင်းကြောင့်၎င်း သခ်တတရားတို့၏ တည်ခြင်းကိုသာလျှင် အလိုရှိအပ်၏၊ ခဏဖြစ်သော တည်ခြင်းကို အလိုမရှိအပ်။

အဘိဓမ္မာ၌ ရအပ်သော တရားကို မဟောခြင်း၌ အကြောင်းသည် မရှိ၊ ထို့ကြောင့် အဘိဓမ္မာပိဋကတ်၌ ဌီခဏကို မဟောခြင်း

---

၁–ဖြစ်ပေါ်ပြီးသော ပဋမတ္တ တရားတို့၏ မချုပ်သေးမီ တည်နေသော အခိုက်အတန့်အခါသည် ဌီခဏ မည်၏။

သည်လည်း ဋ္ဌခဏ၏ မရှိခြင်းကိုသာလျှင် သိစေ၏။ ဤစကားအစဉ်သည် ထိုကေစိဆရာတို့၏ အဓိပ္ပါယ်တည်း။

## ဋ္ဌီခဏရှိကြောင်းဆုံးဖြတ်ချက်

ထိုစိတ်၏ ဋ္ဌီခဏ မရှိဟု မြစ်ရာ၌ အဖြေကို ဆိုဦးအံ့—ဥပါဒ်, ဘင်တို့၏ တခုတည်းသော တရားလျှင် တည်ရာ ရှိခဲ့သော် ဥပါဒ်, ဘင်တို့တွင် ဥပါဒ်ခဏသည် တပါးတည်း။ ဘင်ခဏသည် တပါးတည်း၊ ဥပါဒ် အခိုက်အတန့်မှ ပြားသော ဘင်အခိုက်အတန့်ကို အလိုရှိအပ်သကဲ့သို့တည်း။ ဥပါဒ်နှင့် ဘင်တို့၏ တည်ရာ မတူဟု ယူခဲ့သည်ရှိသော် တပါးသော တရားသည် ဖြစ်၏၊ တပါးသော တရားသည် ချုပ်၏၊ ဝါ-ဖြစ်သော တရားက တပါး၊ ချုပ်သော တရားက တခြားဟူသော အဓိပ္ပါယ်သည် ကျရောက်ရာ၏။ ထိုသို့ အဓိပ္ပါယ် ကျရောက်သင့်သောကြောင့် ဥပါဒ်နှင့် ဘင်တို့အား တခုတည်းသော တရားလျှင် တည်ရာရှိရာ၏။ ထို့အတူသာလျှင် ဥပါဒ်, ဘင် အခိုက်အတန့်မှ ပြားသော ဘင်သို့ ရှေးရှုသော အခိုက်အတန့်ကိုလည်း အလိုရှိအပ်၏။ ထိုဘင်သို့ ရှေးရှုသော အခိုက်အတန့်သည် **ဋ္ဌီ** မည်၏။ ပါဠိတော်၌ကား ဝေနေယျ သတ္တဝါတို့၏ အလိုအား မဆန့်ကျင်သောအားဖြင့် နည်းကို ပြသည်အစွမ်းဖြင့် ထို ဋ္ဌီကို မဟောခြင်း ဖြစ်၏။

ထိုစကားမှန်၏၊ အဘိဓမ္မာဒေသနာသည် တရံတခါ၌ ဝေနေယျ သတ္တဝါတို့၏ အလိုအား လျော်သောအားဖြင့် ဖြစ်၏၊ အဘယ် ဒေသနာကဲ့သို့နည်း ဟူမူ၊ ရုပ်၏ ဖြစ်ဆဲ ခဏတခုကို ဥပစယ, သန္တတိ,ဟု နှစ်ပါး အပြားဖြင့် ခွဲဝေ၍ ဟောတော်မူအပ်သကဲ့သို့ တည်း။

သုတ္တန်ပါဠိတော်၌—

> တီဏိမာနိ ဘိက္ခဝေ သင်္ခတဿ သင်္ခတလက္ခဏာနိ၊ ကတမာနိ တီဏိ၊ ဥပ္ပါဒေါ ပညာယတိ၊ ဝယော ပညာယတိ၊ ဋ္ဌိတဿ အညထတ္တံ ပညာယတိ။

ဟူ၍ ဤသို့ သန္တတ တရား၏သာလျှင် လက္ခဏာကို ပြခြင်းငှါ ဥပါဒ် အစရှိသည်တို့ကို ဟောတော်မူသည် အဖြစ်ကြောင့် အပေါင်း ဖြစ်သော ပညတ်သဘောဖြစ်သော အသန္တတတရား၏ **ပဗန္ဓဋ္ဌိတိ**ကို ထိုသုတ္တန်ပါဠိတော်၌ ဟောအပ်၏ဟု သိခြင်းငှါ မတတ်ကောင်း။

ပါဠိတော်၏အနက်ကား—ရဟန်းတို့ သန္တတတရား၏ လက္ခဏာ တို့သည် ဤသုံးပါးတို့တည်း၊ အဘယ်သုံးပါးတို့နည်းဟူမူ ဖြစ်ဆဲ ကိုလည်း သိအပ်၏၊ ပျက်ဆဲကိုလည်း သိအပ်၏၊ တည်သော သန္တတ တရား၏ ဘောက်ပြန်သည် အဖြစ်ကိုလည်း သိအပ်၏။

**ပ**-ဟူသော ဥပသာရပုဒ်၏ ဓာတ်အနက်၌သာလျှင် ဖြစ်သော ကြောင့် **ပညာယတိ**-ဟူသော ကြိယာပုဒ်၏ သိအပ်၏ ဟူသော အနက်ကို မှတ်အပ်၏။ ထို့ကြောင့် ဤသို့ စိတ္တယမိုက်၌ ဌီခဏကို မဟောကာမျှဖြင့် စိတ်၏ ဌီခဏကို တားမြစ်ခြင်းငှါ မသင့်။ ထို့ကြောင့် "**ဥပ္ပါဒဋ္ဌိတိဘင်္ဂဝသေန**" ဟူသော ဤသင်္ဂြိုဟ်လာ စကားသည် ကောင်းစွာ ဆိုအပ်သော စကားဖြစ်၏။ ထို့ကြောင့် အဋ္ဌကထာ၌လည်း—

ဧကေကဿ စိတ္တဿ ဥပ္ပါဒ, ဋ္ဌိတိ, ဘင်္ဂဝသေန တယော တယော ခဏာ။

ဟု မိန့်ဆိုတော်မူအပ်၏။

---

## ရုပ်အသက်

**၉။ ။တာနိ ပန သတ္တရသစိတ္တက္ခဏာနိ ရူပဓမ္မာနမာယု။**

ထိုသို့ သဘော ရှိကုန်သော ၁၇-ချက်သော စိတ်တို့၏ ခဏ ကဲ့သို့သော ခဏတို့သည် ဝိညတ်ခွေး, လက္ခဏာရုပ် ၄-ခုသည် ကြဉ်အပ်သော ၂၂-ပါးသော ရုပ်တို့၏ အသက်တို့တည်း။

## ရုပ်အသက်အဘွင့်

၉။ ။ယူတတ်, ယူအပ်သော အဖြစ်၏ ထိုထိုခဏ၏ အစွမ်းဖြစ်သောကြောင့် နာမ်[၁] သည် လျင်သော ချုပ်ခြင်း ရှိ၏၊ ရုပ်[၂] သည် လေးသော ချုပ်ခြင်း ရှိ၏၊ ထို့ကြောင့် **တာနိ**-ဤသို့ အစရှိသော စကားကို မိန့်ဆို၏။ **တာနိ**-ဟူသည်ကား၊ ဝါ-ဟူသော ပုဒ်ကို ထိုသို့ သဘောရှိကုန်သော-ဟု အနက်ပေး။ ၁၇-ချက်ကုန်သော စိတ်တို့၏ ခဏကဲ့သို့သော ခဏတို့သည် **သတ္တရသစိတ္တက္ခဏာနိ** မည်ကုန်၏၊ တနည်းကား—ထိုစိတ္တက္ခဏတို့သည် ၁၇-ချက် ရှိကုန်၏။ ဤကား အနက်သမ္ဗန်ခြင်းတည်း။ အသီးသီးသော်ကား ၅၁-ချက် စိတ္တက္ခဏရှိကုန်၏။

**ရူပဓမ္မာနံ**-ဟူသည်ကား၊ ဝါ-ဟူသော ပုဒ်ကို ဝိညတ်ဒွေး, လက္ခဏရုပ် လေးပါး ကြဉ်အပ်ကုန်သော ရုပ် တရားတို့၏-ဟု

---

၁—စိတ်, စေတသိက်တို့၏ အသက်သည် ဉပါဒ်, ဌီ, ဘင်အားဖြင့် ခဏငယ် ၃-ချက်သာ အသက် ရှိ၏၊ ဝိညတ်ဒွေး,လက္ခဏရုပ် လေးခုမှ တပါးသော ရုပ် ၂၂-ပါးတို့၏ အသက်သည် ခဏကြီးအားဖြင့် စိတ္တက္ခဏ ၁၇-ချက် အသက်ရှည်၏။

စိတ်, စေတသိက် တရားတို့သည် အခကောင် အထည် အတုံးအခဲသဘောမှ ကင်းဆိတ်သောကြောင့် လျင်မြန်စွာ ဖြစ်တတ်, ပျက်စီးတတ်ကုန်၏။

၂—ရုပ်တရားတို့သည်ကား အကောင် အထည် အတုံးအခဲသဘော ရှိသောကြောင့် နှေးကန်စွာ ဖြစ်တတ်, ပျက်စီးတတ်ကုန်၏၊ ထို့ကြောင့် စိတ်၏ အသက်သည် ခဏငယ် ၃-ချက်သာ ရှိ၏၊ ရုပ်၏ အသက်သည် ထိုစိတ္တက္ခဏ ၁၇-ချက် ရှိ၏-ဟူလို။

**နာမ်သက်, ရုပ်သက်ဖြစ်ပုံဥပမာ**

တယောက်သော ယောကျ်ားသည် အသီးကိုကျစေရန် တုတ်လှန်တံဖြင့် ပစ်ခတ်ချလေရာ အသီးတို့သည်၎င်း, သစ်ရွက်တို့သည်၎င်း တပြိုင်နက် အညှာမှ ကြွေကျကုန်၏၊ ထိုကျလာသော အသီး အရွက်တို့တွင် အသီးတို့သည် ဝန်လေးသောကြောင့် မြေသို့ ရှေးဦး ပဌမ လျင်မြန်စွာ ကျရောက်ကုန်ရာ၏၊ အရွက်တို့သည်ကား ပေါ့ပါးသောကြောင့် ဖြေးနှေးစွာ နောက်မှ မြေသို့ ကျကုန်ရာ၏။ ထို့အတူပင် အညှာမှ အသီး အရွက်တို့၏ တပြိုင်နက် ကြွေကျသော အခါကဲ့သို့ ပဋိသန္ဓေအခါတို့၌ ရုပ်နှင့် နာမ်တရားတို့၏ တပြိုင်နက် ဖြစ်မှုကို မှတ်အပ်၏။ အသီးတို့၏ ဝန်လေးသောကြောင့် ရှေးဦးစွာ မြေသို့ ကျသကဲ့သို့ ရုပ်တရား မချုပ်သေးမီ နာမ်တရားတို့၏ ၁၆-ကြိမ်တိုင်တိုင် ဖြစ်မှု, ပျက်မှုကို သိအပ်၏၊ အရွက်တို့၏ ပေါ့ပါးသောကြောင့် နောက်မှ မြေသို့ ကျသကဲ့သို့ ရုပ်တရားတို့၏ ၁၇-ကြိမ်မြောက်သော စိတ်နှင့်မှ အတူ ချုပ်ငြိမ်း ကွယ်ပျောက်မှုကို သိအပ်၏။

အနက်ပေး။ အဘယ့်ကြောင့် ကြံ၍ရပါသနည်းဟူမူ **ဝိညတ်ဒွေး**[၁] သည် စိတ္တဇ္ဇတချက်သာ အသက်ရှိ၏၊ ထို့ကြောင့် ထိုဝိညတ်ဒွေး ကို **စိတ္တာနုပရိဝတ္တိ** တရားတို့၌ ဟောတော်မူအပ်၏။ လက္ခဏ ရုပ်တို့တွင် **ဇာတိ**[၂] ရုပ်သည်ဌင်း၊ **အနိစ္စတာ**ရုပ်သည်ဌင်း၊ စိတ်၏ ဥပါဒ်ခဏ, ဘင်ခဏတို့နှင့် တူသောအသက် ရှိ၏၊ **ဇရတာ**ရုပ် ကား တခုယုတ် ငါးဆယ် စိတ္တက္ခဏ အသက်ရှိ၏။ ထို့ကြောင့်—

တံ သတ္တရသစိတ္တာယု၊ ဝိနာ ဝိညတ္တိလက္ခဏံ။

ဟု ဆိုကုန်၏။

အနက်ကား—ဝိညတ်ဒွေး, လက္ခဏရုပ် လေးပါးကို ကြဉ်၍ ကြွင်းသော ထိုရုပ်အပေါင်းသည် စိတ္တက္ခဏ ၁၇-ချက် အသက်ရှိ၏။

**ကေစိဝါဒ**

အချို့သော ဆရာတို့သည်ကား ပဋ္ဌိစ္စသမုပ္ပါဒ်အဋ္ဌကထာ၌—

ဧတ္တာဝတာ ကောဒသ စိတ္တက္ခဏာ အတီတာ
ဟောန္တိ၊ အထာဝသေသပဉ္စစိတ္တက္ခဏာယုကော။

ဟု မိန့်တော်မူသောကြောင့် ရုပ်တို့၏ အသက်တို့သည် ၁၆-ချက် စိတ္တက္ခဏသာ ရှိကုန်၏-ဟု မိန့်ဆိုကုန်၏၊ အကြောင်းကား— ဖြစ်ဆဲဖြစ်သော ရုပ်သည်သာလျှင် ဘဝင်စလနအား ကျေးဇူးပြုနိုင် သောကြောင့်တည်း၊

---

၁—ဝိညတ်ရုပ် ၂-ပါးသည် စိတ်သို့ အစဉ် လိုက်သော စိတ္တာနုပရိဝတ္တိ တရားမျိုး ဖြစ်၍ စိတ်နှင့် အသက် တူမျှခြင်းကြောင့် ခဏငယ် ၃-ချက်မျှသာ အသက် ရှည်၏။

၂—လက္ခဏာရုပ် လေးပါးတို့တွင် ဥပစယ နှင့် သန္တတိ ၂-ပါးသည် စိတ်၏ ဥပါဒ်ခဏ မျှသာ အသက်ရှည်၏၊ ဇရတာကား ဌီ ခဏမျှ အသက်ရှည်၍ ခဏငယ်ပေါင်း ၄၉-ချက် အသက်ရှိ၏၊ အနိစ္စတာ သည် စိတ်၏ ဘင်ခဏမျှသာ အသက် ရှည်၏၊ ထိုသို့ စိတ္တက္ခဏ ၁၇-ချက် မပြည့်သောကြောင့် ဝိညတ်ဒွေးနှင့် လက္ခဏာရုပ် လေးပါးတို့ကို ကြဉ်အပ် ကုန်၏။

**ရုပ်သက် ၁၇-ချက်ရှိရခြင်းအကြောင်း—**

နာမ် တရားဟူသည် အာရုံကို ယူတတ်သော တရားမျိုးဖြစ်၍ စိတ္တက္ခဏ တချက် ဥပါဒ်, ဌီ, ဘင် သုံးချက်မျှဖြင့် အာရုံကို ယူနိုင် သိနိုင်သောကြောင့် စိတ္တက္ခဏ တချက်၊ ဥပါဒ်, ဌီ, ဘင် ၃-ချက်မျှသာ အသက်ရှိ၏။ ရုပ် တရားများကား စိတ္တက္ခဏ ၁၇-ချက်ကြာမှ ပုရေဇာတ စသော ပစ္စည်းတပ်သော ကိစ္စ ဘောက်ပြန်မှု ကိစ္စ ပြီးစီးနိုင်သောကြောင့် စိတ္တက္ခဏ ၁၇-ချက် အသက် ရှိရ၏-ဟုမှတ်။

အဋ္ဌကထာအနက်ကား—ဤမျှ အတိုင်းအရှည် ရှိကုန်သော စိတ်တို့၏ အစဉ်ဖြင့် ၁၁-ပါးသော စိတ္တက္ခဏတို့သည် လွန်ကုန်၏။ ထို ၁၁-ပါးသော စိတ္တက္ခဏမှ ကြွင်းသော ငါးခုသော စိတ္တက္ခဏလျှင် အသက်ရှိသော အာရုံ၌ တခုသော ပဋိသန္ဓေစိတ်သည် ဖြစ်၏၊ ၄-ပါးကုန်သော ဘဝင်စိတ်တို့သည် ဖြစ်ကုန်၏။

## ကေစိဝါဒကိုပယ်ပုံ

ထိုကေစိဆရာတို့၏ စကားသည် အနှစ်မရှိ၊ အဘယ့်ကြောင့် အနှစ်မရှိ, မသင့်ပါသနည်းဟူမူ။ ပဋိသန္ဓေစိတ်နှင့် တကွဖြစ်သော ရုပ်သည် ထိုပဋိသန္ဓေ အခါမှစ၍ ၁၇-ချက်မြောက်သော စိတ်နှင့် တကွချုပ်၏၊ ပဋိသန္ဓေ စိတ်၏ ဋ္ဌီခဏ၌ ဖြစ်သော စိတ်သည် ၁၈-ချက်မြောက်သော စိတ်၏ ဥပါဒ်ခဏ၌ ချုပ်၏၊ ဤသို့ အစရှိသည်ဖြင့် ခန္ဓဝိဘင်းအဋ္ဌကထာ၌ပင်လျှင် ၁၇-ချက်မြောက်သော စိတ္တက္ခဏလာသောကြောင့်၊ ဝါ-၁၇-ချက်မြောက်သော စိတ္တက္ခဏ ဟု ဆိုတော်မူသောကြောင့် ၁၆-ချက်ဟူသော ကေစိဆရာ၏ စကားသည် အနှစ်မရှိ, မသင့်-ဟူလို။

## ကေစိဆရာ၏ အကိုးပြသော အဋ္ဌကထာအဓိပ္ပါယ်ရှင်းပြပုံ

အကြင် ပဋိစ္စသမုပ္ပါဒ် အဋ္ဌကထာ၌ ၁၆-ပါးသော စိတ္တက္ခဏတို့ သာလျှင် ထင်ကုန်၏၊ ထိုပဋိစ္စသမုပ္ပါဒ် ဝိဘင်းအဋ္ဌကထာ၌ ဘဝင်စလန စိတ်ဖြစ်ခြင်းအား ပကတူပနိဿယသတ္တိဖြင့် ကျေးဇူးပြုခြင်းငှါ လျောက်ပတ်သော ခဏ၏ အစွမ်းဖြင့်, ၁၆-ချက် ဟူသောနည်းကို အဋ္ဌကထာဆရာသည် ထုတ်ဆောင်အပ်၏။

မှတ်ချက်။ ။အဋ္ဌကထာသည် အတီတဘဝင်စိတ်နှင့် အတူဥပါဒ်သော ရူပါရုံသည် ဘဝင်စလနအား ကျေးဇူးမပြုနိုင်ဟု နှလုံးထား၍ ဥပါဒ်ကို ပယ်၍ ၁၆-ချက်ဟု မိန့်တော်မူသည်။ ဥပါဒ်ခဏ၌ ကျေးဇူးမပြုနိုင်, ဋ္ဌီခဏကျမှ ကျေးဇူးပြုနိုင်၍ ဥပါဒ်ခဏကို ကြဉ်၍ ၁၆-ချက်ဟု မိန့်တော်မူ၏-ဟူလို။

အကြင့်ကြောင့် ယုတ်သော အဘိုအားဖြင့် တခုသော စိတ္တက္ခဏကိုမျှလည်း လွန်ပြီးသည်သာ ဖြစ်သော ရူပါရုံအား ထင်နိုင်သော အစွမ်းသည် ရှိ၏၊ ထို့ကြောင့် အလွန်ချဲ့လွန်းသဖြင့် အကျိုးမရှိပြီ။

မှတ်ချက်။ ။**ပဋ္ဌိစ္စသမုပ္ပါဒ်ဝိဘင်း အဋ္ဌကထာ** အလိုကား—ဌီခဏကျသော ရူပါရုံမှ ထင်နိုင်အောင် ကျေးဇူးပြုသည် ဖြစ်သောကြောင့် ဥပါဒ်ခဏကို ကြဉ်၍ ၁၆-ချက်သည် ရုပ်၏ အသက်ဟု မိန့်တော်မူ၏။ **ခန္ဓဝိဘင်းအဋ္ဌကထာ** အလိုကား—ဌီခဏကျသော ရူပါရုံသာ ကျေးဇူးပြုနိုင်သည် မှန်၏။ သို့သော် ဟေဋ္ဌိမ ပရိစ္ဆေဒနည်း အစွမ်းဖြင့် ဥပါဒ်ခဏသည်လည်း အာရုံဖြင့် ထိခိုက်၍ လွန်သော အာရုံမှသာ ထင်နိုင်သောကြောင့် ဥပါဒ်ခဏသည်လည်း အာရုံထင်ရာ၌ အကြောင်းတပါး ဖြစ်၍ ၁၇-ချက်ဟု ဆိုတော်မူ၏-ဟူလို။

---

## စက္ခုဒွါရ အတိမဟန္တာရုံဝိထိ

၁၀။ ။**ကေစိတ္တက္ခဏာတီတာနိ ဝါ ဗဟုစိတ္တက္ခဏာတီတာနိ ဝါ ဌိတိပ္ပတ္တာနေဝ ပဉ္စာရမ္မဏာနိ ပဉ္စဒွါရေ အာပါထမာဂစ္ဆန္တိ။ တသ္မာ ယဒိ ကေစိတ္တက္ခဏာတီတကံ ရူပါရမ္မဏံ စက္ခုဿ အာပါထမာဂစ္ဆတိ။**

တခုသော စိတ်၏ ခဏကဲ့သို့သော ခဏလျှင် လွန်ခြင်း ရှိကုန်သည်ဖြစ်၍၎င်း, များစွာသော စိတ်တို့၏ ခဏကဲ့သို့သော ခဏလျှင် လွန်ခြင်း ရှိကုန်သည် ဖြစ်၍၎င်း ဌီသို့[၁] ရောက်ကုန်သည်

---

၁—ဌိတိပ္ပတ္တာနေဝ ၌ ဌီ အရ ရုပ်၏ဌီကိုသာ ယူရ၏၊ စိတ်၌ ဥပါဒ်, ဌီ, ဘင်ဟူ၍ ခဏသုံးချက်ရှိသကဲ့သို့ ရုပ်၌လည်း ဥပါဒ်, ဌီ, ဘင် ဟူ၍ ခဏသုံးချက်ရှိ၏၊ ထိုသုံးပါးတို့တွင် ရုပ်သက် ၅၁-ချက်တို့အနက် အစဆုံး ဖြစ်သော ခဏငယ် တချက်သည် ရုပ်၏ ဥပါဒ် မည်၏၊ အဆုံးစွန်ဖြစ်သော ခဏငယ် တချက်သည် ရုပ်၏ ဘင်ခဏ မည်၏၊ အလယ်၌ ရှိသော ခဏငယ်ပေါင်း ၄၉-ချက်သည် ရုပ်၏ ဌီခဏ မည်၏။

ဖြစ်၍သာလျှင် ငါးပါးသော အာရုံတို့သည် ငါးဒွါရ၌ ထင်ခြင်းသို့ ရောက်ကုန်၏။ ထို့ကြောင့် တခုသော စိတ်၏ ခဏကဲ့သို့သော လွန်ခြင်းရှိသော ရူပါရုံသည် စက္ခုပသာဒအား ထင်ခြင်းသို့ အကယ်၍ ရောက်အံ့၊ ဤသို့ ရောက်သည်ရှိသော်—

---

## စက္ခုဒွါရ အတိမဟန္တာရုံဝီထိအဘွင့်

၁၀။ ။တခုသော စိတ်၏ ခဏကဲ့သို့သော ခဏသည် **ဧက စိတ္တက္ခဏ** မည်၏။ ထိုအာရုံငါးပါးတို့အား ထိုတခုသော စိတ်၏ ခဏကဲ့သို့သော ခဏ၏ လွန်ခြင်းရှိ၏၊ ထို့ကြောင့် ထိုအာရုံ ငါးပါးတို့သည် **ဧကစိတ္တက္ခဏာတီတာနိ**[၁] မည်ကုန်၏။

တနည်းကား—ထိုအာရုံတို့သည် ထိုတခုသော စိတ်၏ ခဏ ကဲ့သို့သော ခဏကို လွန်ကုန်၏။ ထို့ကြောင့် ထိုအာရုံတို့သည် **ဧကစိတ္တက္ခဏာတီတာနိ** မည်ကုန်၏။

မှတ်ချက်။ ။ဧကစိတ္တက္ခဏာတီတာနိ ဟူသော သဒ္ဒါပုဒ်ပါဌ်ကို ဧကစိတ္တက္ခဏံ အတီတံ ဧတေသန္တိ ဧကစိတ္တက္ခဏာ တီတာနိ-ဟုဝင်း။ ဧကစိတ္တက္ခဏံ အတီတာနိ ဧက စိတ္တက္ခဏာနိ-ဟုဝင်းပြု။

## အာရုံငါးပါး ဖြစ်ပေါ်ပုံ

**အာပါထမာဂစ္ဆန္တိ**-ဟူသည်ကား ရူပါရုံ, သဒ္ဒါရုံတို့သည် မိမိ တည်ရာ၌ တည်၍ပင် အာရုံ၏ အဖြစ်သို့ ရောက်ကုန်၏။ ထို့ကြောင့် နှလုံးသွင်းအားလျော်စွာ များစွာသော ကလာပ်၌ တည်ကုန်သည် ဖြစ်၍ ထင်ခြင်းသို့ ရောက်ကုန်၏။ ကြွင်းသော ဂန္ဓာရုံ, ရသာရုံ, ဖေါဋ္ဌဗ္ဗာရုံ တို့သည်ကား ဃာနဝတ္ထု အစရှိကုန်သော မှီရာတို့၌ ကပ်၍သာလျှင် ဝိညာဏ် ဖြစ်ခြင်း၏ အကြောင်း ဖြစ်ကုန်၏။ ထို့ကြောင့် တခုတခုသော ကလာပ်၌ တည်ကုန်၍သာလျှင် အာရုံ

---

၁—**ဧကစိတ္တက္ခဏာတီတာနိ**-အရစိတ္တက္ခဏ တချက်သာလွန်သောအတိမဟန္တာရုံကိုယူ၊ **ဗဟုစိတ္တက္ခဏာတီတာနိ**-အရ များသော စိတ္တက္ခဏ လွန်သော မဟန္တာရုံစသည်ကိုယူ။

အဖြစ်သို့ ရောက်ကုန်၏၊ ထိုစကားမှန်၏၊ ပသာဒရုပ် ငါးပါးတို့သည် တခု တခုသော ကလာပ်၌ တည်ကုန်မှသာလျှင် ငါးပါးသော ဝိညာဏ်၏ တည်ရာ အဖြစ်သို့ ရောက်နိုင်ကုန်၏။

မှတ်ချက်။ ။စက္ခုပသာဒနှင့် သောတပသာဒ တို့သည် မိမိသို့ မရောက်သော အာရုံကို ယူတတ်သော "**အသမ္ပတ္တဂါဟ**" တရားမျိုး ဖြစ်သောကြောင့် ရူပါရုံ, သဒ္ဒါရုံတို့သည် များစွာသော ကလာပ်၌ တည်ကုန်သည် ဖြစ်၍ စက္ခုဝိညာဏ်, သောတဝိညာဏ်အား အာရမ္မဏပစ္စည်း တပ်နိုင်၏၊ ဃာန, ဇိဝှါ, ကာယပသာဒတို့သည်ကား မိမိသို့ ရောက်သော အာရုံကိုသာ ယူတတ်သော သမ္ပတ္တဂါဟ တရားမျိုး ဖြစ် သော ကြောင့် တခုတည်းသော ကလာပ်၌ တည်ကုန်၍ ဃာနဝိညာဏ်, ဇိဝှါဝိညာဏ်, ကာယဝိညာဏ်တို့အား အာရမ္မဏပစ္စည်း တပ်ကုန်၏-ဟူလို။

ထိုပသာဒတို့သည် ဘဝင်္ဂစလန၏ အနန္တရပစ္စည်း ဖြစ်သော အတီတဘဝင်နှင့်[၁] ပြိုင်၍ဖြစ်ကုန်၏။အပရေဆရာတို့ကား အာဝဇ္ဇန်းနှင့်တကွ ဖြစ်ကုန်၏-ဟူ၍ ဆိုကုန်၏။

---

## ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒ ဖြစ်ပုံ

**၁၁။ ။တတော ပရံ ဒွိက္ခတ္တုံ ဘဝင်္ဂေ စလိတေ ဘဝင်္ဂသောတံ ဝေါစ္ဆိန္ဒိတွာ တမေဝ ရူပါရမ္မဏံ အာဝဇ္ဇန္တံ ပဉ္စဒွါရာဝဇ္ဇနစိတ္တံ ဥပ္ပဇ္ဇိတွာ နိရုဇ္ဈတိ။**

---

၁–အာရုံနှင့် ပသာဒတို့၏ မထိခိုက် မတိုက်ဆိုင် မထင်မြင်မီ ချုပ်ပျောက်သွားသော ဘဝင် ဖြစ်သောကြောင့် **အတီတဘဝင်**-မည်၏။

ဆိုအပ်ပြီးသော စိတ္တက္ခဏ တချက် သို့မဟုတ် များစွာသော စိတ္တက္ခဏလျှင် ရှည်သော အသက်ရှိကုန်သော အာရုံတို့သည် တွေ့လျှင် တွေ့ခြင်း, ထိလျှင် ထိခြင်း ပသာဒရုပ်၌ ထင်ခြင်းသို့ ရောက်ကုန်သည်မဟုတ်, ရုပ်၏ ဌီဖြစ်သော ဘဝင်္ဂစလန၏ ဥပါဒ်ကႋစ၍သာ ထင်ခြင်းသို့ ရောက်ကုန်၏-ဟူလို။

ထိုထင်ခြင်းသို့ ရောက်သည်မှ နောက်၌ ဘဝင် ၂-ကြိမ် လှုပ်သည် ရှိသော် ဘဝင်၏ အယဉ်ကို ဖြတ်၍ ထိုရူပါရုံကိုပင်လျှင် ဆင်ခြင်တတ်သော ပဥ္စဒွါရာဝဇ္ဇန်း [၁] စိတ်သည် ဖြစ်၍ ချုပ်၏။

---

## ဘဝင်္ဂစလန ဘဝင်္ဂုပစ္ဆေဒဖြစ်ပုံ အဘွင့်

၁၁။ ။**ဒွိက္ခတ္တုံ ဘဝင်္ဂေ စလိတေ**-ဟူသည်ကား၊ ဝါ-ဟူသောပုဒ်ကို ဘဝင်စိတ်နှင့် သဘောမတူသော အာဝဇ္ဇန်း ဝိညာဏ်ဖြစ်ခြင်း၏ အကြောင်းအဖြစ်-ဟု ဆိုအပ်သော ဘဝင်လှုပ်သည်အစွမ်းဖြင့် ရှေးပဋိသန္ဓေ စသော စိတ်တို့က ယူအပ်ပြီးသော ကံ, ကမ္မနိမိတ်စသော အာရုံ၌သာလျှင် ဘဝင်၂-ကြိမ် ဖြစ်လတ်သော်-ဟု အနက်ပေး။

## ဘဝင် ၂-ကြိမ်လှုပ်ခြင်းအကြောင်း

၅-ပါးသော ပသာဒတို့၌၊ ဝါ-၅-ပါးသော ပသာဒတို့အား ရှေ့ရှုသည် အဖြစ်အားဖြင့် ဖြစ်ခြင်း၄ါ ပျောက်ပတ်သော အရော၌တည်သည်အစွမ်းဖြင့် အာရုံသည် ထိခိုက်သည်ရှိသော် ပသာဒကို ထိခိုက်သော အရှိန်ဖြင့် ဘဝင်၏ အစဉ်သည် ပြတ်သည်ရှိသော် အဆောတလျင် မပြတ်မူ၍ အရှိန်ဖြင့် ပြေးသော ယောကျ်ားသည် ရပ်လိုသော်လည်း ခြေလှမ်း ၁-ဘဝါ း, ၂-ဘဝါးတို့ကို လွန်ပြီးမှသာရပ်နိုင်သကဲ့သို့ ထို့အတူ ဘဝင် ၂-ကြိမ် ဖြစ်ပြီးမှသာလျှင်ပြတ်၏။ ထို ၂-ကြိမ်တို့တွင် ပဌမဘဝင်စိတ်သည် ဘဝင်၏ အစဉ်ကို လှုပ်သကဲ့သို့ ဖြစ်သောကြောင့် **ဘဝင်္ဂစလန** [၂] မည်၏။ ၂-ခုမြောက်သော ဘဝင်ကို ထိုဘဝင်

---

၁—ဖြစ်လတ့ံသော ဝီထိစိတ် အပေါင်းတို့တွင် ရှေးဦး ပဌမ ဖြစ်သော ဝီထိ စိတ်သည် ဒွါရ ၅-ပါး၌ ထင်လာသော အာရုံ ၅-ပါးကို ဤအာရုံကား အဘယ်ဟာမျိုးပါနည်း-ဟု ဆင်ခြင်တတ်သောကြောင့် **ပဥ္စဒွါရာဝဇ္ဇန်း**-စိတ် မည်၏-ဟူလို။

ဘဝင်လှုပ်ပုံ—

၂—အာရုံ ၅-ပါးသည် ဒွါရ ၅-ပါး၌ အသီး အသီး ထိခိုက်သည် ရှိသော် ထိုထိခိုက်ခြင်း၏ အစွမ်းသတ္တိကြောင့် ရှေးဖြစ်နှင့်ပြီးသော ဘဝင်အစဉ် ပြတ်လိုလတ်သော် အဆောတလျင် မပြတ်မူ၍ အဟုန်ဖြင့် ပြေးသွားသော ယောကျ်ားသည် ရပ်လိုငြားသော်လည်း ရပ်လိုသော နေရာ၌ မရပ်တည်နိုင်ဘဲ ဘဝါး ၁-လှမ်း ၂-လှမ်းတို့ကို လွန်ပြီးမှ ရပ်နိုင်သကဲ့သို့ ဘဝင် ၂-ကြိမ် ဖြစ်၍သာလျှင် ပြတ်ရ၏၊ ထို ၂-ကြိမ်သော ဘဝင်တို့တွင် ရှေးဘဝင်စိတ်သည် ဘဝင်အစဉ်ကို မလှုပ်သော်လည်း လှုပ်သကဲ့သို့ ဖြစ်သောကြောင့် **ဘဝင်္ဂစလန**-မည်၏-ဟုမှတ်။

အစဉ်၏ ပြတ်သော အခြင်းအရာ အားဖြင့် ဝါ-ပြတ်သလို ဖြစ်သော ကြောင့် **ဘဝင်္ဂုပစ္ဆေဒ** [၁] ဟု ခေါ်ကုန်၏။ ဤသင်္ဂြိုဟ်ကျမ်း၌မူ သာမည အားဖြင့် "**ဒွိက္ခတ္တုံ ဘဝင်္ဂေ စလိတေ**" ဟု မိန့်တော်မူအပ်၏။

စောဒနာဦးအံ့-ရူပါရုံ အစရှိသည့်သည် ပသာဒကို ထိခိုက်သည် ရှိသော် ထိုပဉ္စပသာဒ၌ မှီသော ပဉ္စဝိညာဏ်စိတ်၏သာလျှင် လှုပ်ခြင်းသည် သင့်သည် မဟုတ်ပါလော၊ ဟဒယဝတ္ထုကို မှီသော ဘဝင်၏ လှုပ်ခြင်းသည် အဘယ်သို့ သင့်ပါအံ့နည်း။ ဤကား အမေးတည်း။ တခု တည်းသော သန္တာန်၏ အစွမ်းဖြင့် တစပ်တည်း စပ်သည်၏ အဖြစ်ကြောင့် သင့်သည်သာတည်း။ ဥပမာဆိုသော်-စည်ကြီး၏ တဘက်၌ တည်သော သကာခဲ၌ ယင်ကောင်သည် နားနေရာ အခြား တဘက်၌ တုတ်စသည်ဖြင့် ပုတ်ခတ်သည် ရှိသော် အစဉ်အားဖြင့် စည်ကို ဖွဲ့သော သားရေကြိုး အစရှိသည်တို့၏ လှုပ်သဖြင့် သကာခဲသည် လှုပ် သည်ဖြစ်၍ ယင်၏ ပျံသွားခြင်းကဲ့သို့ ဤအတူ ရူပါရုံ အစရှိသည် သည် ပသာဒရုပ်ကို ထိခိုက်သည် ရှိသော် ထိုပသာဒရုပ်၏ မှီရာ ဖြစ် ကုန်သော မဟာဘုတ်တို့သည် လှုပ်ကုန်သည် ဖြစ်၍ အစဉ်အားဖြင့် ထိုမဟာဘုတ်နှင့် စပ်ကုန်သော ကြွင်းသော ရုပ်တို့၏လည်း လှုပ် သဖြင့် ဟဒယဝတ္ထုရုပ်သည် လှုပ်သည်ရှိသော် ထိုဟဒယဝတ္ထုရုပ်၌ မှီသော ဘဝင် [၂] သည် လှုပ်သော အခြင်းအရာအားဖြင့် ဖြစ်၏။

---

၁–ဒုတိယဘဝင်စိတ်သည်ကား မြစ်ရေ အယဉ်ကဲ့သို့ အစဉ်အတိုင်းဖြစ်နေသော ဘဝင် အယဉ်သည် အာရုံသစ် ထင်လာသဖြင့် မိမိ ယူမြဲတိုင်းသော အာရုံဟောင်းကို စွန့်လွှတ်၍ အာရုံသစ်ကို ယူဘို့ရန် ဤနေရာတွင် ပြတ်လေ၏၊ ဤသို့ ဘဝင်အစဉ် ဘဝင်အယဉ် မှန်သမျှ တို့၏ အဆုံးစွန် ပြတ်သော ဘဝင် ဖြစ်သောကြောင့် **ဘဝင်္ဂုပစ္ဆေဒ**-မည်၏၊

**ဘဝင်လှုပ်ရသောအကြောင်း—**

၂–ရူပါရုံ စသည်သည် စက္ခုပသာဒ စသည်ကိုသာ ထိခိုက်သော်လည်း စက္ခုပသာဒစသည် ၏ မှီရာ မဟာဘုတ်သည် ဟဒယဝတ္ထု၏ မှီရာ မဟာဘုတ်နှင့် တစပ်တည်း အစဉ်၏အစွမ်းဖြင့် စပ်သောကြောင့် ဘဝင်သည် လှုပ်ရ၏၊ ဥပမာဆိုသော် စည်မျက်နှာ တဘက်၌ ကပ်ငြိသော သကာခဲတွင် ယင်ငယ်တကောင် နားနေရာစည်မျက်နှာတဘက်ကို လက်ခပ်ဖြင့်တီးခပ်လေလျှင် အစဉ်အတိုင်း စည်ကို ကြက်သော သားရေကြိုး စသည် လှုပ်သဖြင့် သကာခဲလည်း လှုပ်၍ ယင်ကောင် ပျံသွားခြင်းကဲ့သို့ ထိုအတူ ရူပါရုံသည် စက္ခုပသာဒ၌ ထိခိုက်သည် ရှိသော် စက္ခု ပသာဒ၏မှီရာမဟာဘုတ်နှင့် စပ်သော မဟာဘုတ် အဆက်ဆက် လှုပ်သဖြင့် ဟဒယဝတ္ထုလှုပ် ၏၊ ဟဒယဝတ္ထု လှုပ်သည် ရှိသော် ဟဒယဝတ္ထု၌ မှီသော ဘဝင်လည်း လှုပ်လေ၏-ဟူလို။

ဃဋ္ဋိတေ အညဝတ္ထုမှိ၊ အညနိဿိတ ကမ္ပနံ။
ကောဗဒ္ဓေန ဟောတီတိ၊ သက္ခရောပမယာ ဝဒေ။ ။

ဟု သစ္စသံခိပ်ကျမ်း၌ မိန့်ဆိုအပ်၏။

အနက်ကား-ဟဒယဝတ္ထုမှ တပါးသော ပဉ္စဝတ္ထုကို ရူပါရုံ အစ ရှိသည်သည် ထိအပ်သည်ရှိသော် ပဉ္စဝတ္ထုမှ တပါးသော ဟဒယ ဝတ္ထုကို မှီ၍ ဖြစ်သော ဘဝင်၏ လှုပ်ခြင်းသည် တစပ်တည်း ရှိခြင်းကြောင့် ဖြစ်၏၊ ထို့ကြောင့် ထိုသို့ ဘဝင်လှုပ်ခြင်းကို သကာခဲ ဥပမာဖြင့် ဆိုရာ၏။

**ဘဝင်သောတံ**-ဟူသည်ကား၊ ဝါ-ဟူသော ပုဒ်ကို ဘဝင်၏ အယဉ်ကို-ဟု အနက်ပေး။ **အာဝဇ္ဇန္တံ**-ဟူသည်ကား၊ ဝါ-ဟူသော ပုဒ်ကို ဤအရာကား အဘယ်နည်း-ဟု ဆိုသကဲ့သို့ နှလုံးသွင်းခြင်းကို ပြု၍-ဟု အနက်ပေး။

---

## စက္ခုဝိညာဏ်စသည်ဖြစ်ပုံ

**၁၂။ ။တတော တဿာနန္တရံ တမေဝ ရူပံ ပဿန္တံ စက္ခု-ဝိညာဏံ, သမ္ပဋိစ္ဆန္တံ သမ္ပဋိစ္ဆနစိတ္တံ, သန္တီရယမာနံ သန္တီရဏစိတ္တံ, ဝဝတ္ထပေန္တံ ဝေါဋ္ဌဗ္ဗနစိတ္တဉ္စေတိ ယထာက္ကမံ ဥပ္ပဇ္ဇိတွာ နိရုဇ္ဈန္တိ။**

ထိုပဉ္စဒွါရာဝဇ္ဇန်း ချုပ်သည်မှ နောက်၌ ထိုပဉ္စဒွါရာဝဇ္ဇန်းစိတ်၏ အခြားမဲ့၌ ထိုရူပါရုံကိုပင်လျှင် မြင်တတ်သော စက္ခုဝိညာဏ် စိတ်၎င်း၊ ခံလင့်သကဲ့သို့သော သမ္ပဋိစ္ဆိုင်းစိတ်၎င်း၊ စုံစမ်းလင့် သကဲ့သို့သော သန္တီရဏစိတ်၎င်း၊ ကောင်းစွာ မှတ်လင့်သကဲ့ သို့သော ဝုဋ္ဌောစိတ်၎င်း၊ ဤစိတ်တို့သည် အစဉ်အတိုင်း ဖြစ်၍ ချုပ်ကုန်၏။

၁၂။ ။**ပဿန္တိ**-ဟူသည်ကား၊ ဝါ-ဟူသော ပုဒ်ကို မျက်မှောက်အားဖြင့် မြင်တတ်သော-ဟု အနက်ပေး။ စောဒနာဦးအံ့—''စက္ခုနာရူပံဒိသွာ''ဟု ဟောတော်မူသောကြောင့် စက္ခုန္ဒြေသည်သာလျှင် ဒဿနကိစ္စကို ပြီးစေနိုင်၏၊ စက္ခုဝိညာဏ်သည် ဒဿနကိစ္စကို မပြီးစေနိုင်သည် မဟုတ်ပါလော-ဟူမူ။ ဤစောဒက ဆရာ၏ စကားကို ဤသို့ပြောသောအတိုင်း မမှတ်အပ်။ အဘယ့်ကြောင့်ဆိုသော် ရုပ်၏ ကန်းသည် ဖြစ်၍ ရုပ်ကို မြင်ရာ၌ မစွမ်းနိုင်သောကြောင့် မမှတ်အပ်ပေ။ အကယ်၍ ထိုစက္ခုန္ဒြေသည် ရုပ်ကို မြင်ငြားအံ့၊ ထိုသို့ရုပ်က မြင်ပါမူ စက္ခုဝိညာဏ်မှ တပါးသော ဝိညာဏ်နှင့် ပြည့်စုံသော သူ၏လည်း ရူပါရုံကို မြင်၏-ဟု လျှဉ်းပါးခြင်းသည် ဖြစ်ရာ၏။ ဤကား အဖြေတည်း။

ဤသို့ ဝိညာဏ်၏ ထိုဒဿနကိစ္စသည် အကယ်၍ ပြီးသည်ဖြစ်အံ့၊ ဤသို့ ပြီးသည်ရှိသော် စက္ခုဝိညာဏ်၏ အဆင်းကို မြင်ခြင်း၌ါ မတားမြစ်အပ်သည့် အဖြစ်ကြောင့် တိုက်နံရံ စသည် ခြားရာ၌ တည်သော ရူပါရုံကိုလည်း စက္ခုဝိညာဏ်၏ မြင်ခြင်းကိစ္စ ဖြစ်ရာ၏။ ဤကား စောဒနာ။ ဖလ်အစရှိသည် အတွင်း၌ တည်သော အကြင် ရူပါရုံကို အလင်း၏ တားမြစ်ခြင်းသည် မရှိ၊ ဖလ်စသည်ဖြင့် တားဆီးအပ်သော်လည်း ထိုရူပါရုံကို စက္ခုဝိညာဏ်ဖြင့် မြင်ခြင်းသည် ဖြစ်ပါစေလော့၊ နံရံစသည်ဖြင့် ခြားဆီးအပ်သော အကြင် ရူပါရုံ၏ အလင်းရောင်ဖြင့် တားဆီးခြင်းသည် ရှိ၏၊ ထိုတိုက်နံရံ တားဆီးသော ရူပါရုံ၌ အလင်းရောင်-ဟူသော အကြောင်းမရှိသည် အဖြစ်ကြောင့် စက္ခုဝိညာဏ်သည် မဖြစ်သင့်၊ ထို့ကြောင့် အလင်းရောင် ချွတ်ခဲ့သော ရူပါရုံကို စက္ခုဝိညာဏ်သည် ယူခြင်းမရှိ၊ ဝါ-မယူနိုင်။

တနည်းသော်ကား၊ စက္ခုနာ-ဟူသော ဤပါဠိတော်၌ ကရိုဏ်းဖြစ်၍ ဖြစ်သော ထိုစက္ခုဒွါရဖြင့် ရူပါရုံကို မြင်၍-ဤသို့သော အနက်ကို အလိုရှိအပ်၏။ ။(ကာရကျူပစဉ် [redacted])

၁၁၆၂၈

တနည်းသော်ကား—"မဇ္ဈာ ဥက္ကုဋ္ဌိ ကရောန္တိ"ပါဠိ၌ကဲ့သို့ မှီတတ်သော စက္ခုဝိညာဏ်၏ မြင်ခြင်း ကြိယာကို မှီရာဖြစ်သော စက္ခုပသာဒ၌ စပ်၍ ဖြစ်၏-ဟု မိန့်ဆိုအပ်၏။ (ဌာနူပစာ-ဟူလို)

**သမ္ပိဏ္ဍိတ္တာ**-ဟူသည်ကား၊ ဝါ-ဟူသော ပုဒ်ကို ထိုရူပါရုံကို ပင်လျှင် ခံလင့်သကဲ့သို့သော-ဟုအနက်ပေး။**သန္တိရယမာနံ**-ဟူသည်ကား၊ ဝါ-ဟူသော ပုဒ်ကို ထိုရူပါရုံကိုပင်လျှင် စုံစမ်းသကဲ့သို့သော-ဟု အနက်ပေး။ **ဝဝဋ္ဌပေန္တံ**-ဟူသည်ကား၊ ဝါ-ဟူသော ပုဒ်ကို ထိုရူပါရုံကိုပင်လျှင် ကောင်းစွာ မှတ်သကဲ့သို့သော-ဟု အနက်ပေး။

---

## ဇောဖြစ်ပုံ

**၁၃။ ။တတော ပရံ ကျေနတိံသ ကာမာဝစရဇဝနေသု ယံကိဉ္စိ လဒ္ဓပစ္စယံ ယေဘုယျေန သတ္တက္ခတ္တုံ ဇဝတိ။**

ထိုဝုဋ္ဌောစိတ် ချုပ်သည်မှ နောက်၌ တခုယုတ် ၃၀-သော ကာမာဝစရဇောတို့တွင် အမှတ်မရှိ တခုခုသော ဇောသည် ယောနိသောမနသိကာရ အစရှိသည်တို့၏ အစွမ်းဖြင့် ရအပ်သော အကြောင်းရှိသည် ဖြစ်၍ များသောအားဖြင့် ၇-ကြိမ် စော၏။

---

၁၃။ ။ဤဇောသည် ယောနိသောမနသိကာရ အစရှိသည် တို့၏အစွမ်းဖြင့် ရအပ်သော အကြောင်းရှိသောကြောင့် **လဒ္ဓပစ္စယ**[၁] မည်၏။ အမှတ်မရှိသော ဇောသည် စော၏-ဟု ပုဒ်တို့ကို စပ်၍ အနက်ပေးအပ်၏။

---

**၁—လဒ္ဓပစ္စယံ**-ဟူသည်မှာ ဝုဋ္ဌော၏ အခြားမဲ့၌ ဇော ကျ၏-ဟုဆိုသော်လည်း ဇောစိတ် ၂၉-ပါးတို့တွင် အမှတ်မရှိ လျော်သလို ကျသည်မဟုတ်၊ ရရှိ ဖြစ်ပေါ်လာသော ယောနိသော မနသိကာရ, အယောနိသောမနသိကာရ စသော အကြောင်းအား လျော်စွာသာ ကျ၏-ဟု ဆိုလိုသည်။ ယောနိသော အကြောင်းခံလျှင် ကုသိုလ်ဇော စော၏၊ အယောနိသော အကြောင်းခံလျှင် အကုသိုလ်ဇော စော၏-ဟူလို။

## ယေဘုယျသဒ္ဒါကိုဆိုရခြင်းအကြောင်း

တွေဝေသော အခါ, သေခါနီးသော အခါတို့၌ ၆-ကြိမ် ၅-ကြိမ်သော ဇောတို့သည် ဖြစ်ကုန်သောကြောင့် **ယေဘုယျေန** သဒ္ဒါကို မိန့်ဆို၏။

---

## တဒါရုံဖြစ်ပုံ

**၁၄။ ။ဇဝနာနုဗန္ဓာနိ စ ဒွေ တဒါရမ္မဏပါကာနိ။**
**ယထာရဟံ ပဝတ္တန္တိ၊ တတော ပရံ ဘဝင်ပါတော။**

ဇောသို့အစဉ်လိုက်၍ ဖြစ်ကုန်သော ၂-ကြိမ်ကုန်သော တဒါရုံ ဝိပါက်စိတ်တို့သည် ထိုက်သည်အား လျော်စွာ ဖြစ်ကုန်၏၊ ထိုဒုတိယ တဒါရုံ ချုပ်သည်မှ နောက်၌ ဘဝင်ကျလေ၏။

---

၁၄။ ။**ဇဝနာနုဗန္ဓာနိ**-ဟူသည်ကား၊ ဝါ-ဟူသော ပုဒ်ကို မြစ်ညာသို့ သွားသော လှေသို့ မြစ်ရေ အယဉ်သည် အစဉ် လိုက်သကဲ့သို့ အချို့သော ကာလပတ်လုံး ဇောသို့ အစဉ် လိုက်ကုန်သော-ဟု အနက်ပေး။ ထိုကာမဝိပါက်စိတ်တို့အား ထိုဇော၏ အာရုံဖြစ်သော အာရုံရှိသောကြောင့် **တဒါရမ္မဏ**[၂] မည်ကုန်၏။ ဝါ **တဒါရုံ**-မည်ကုန်၏။ဤတဒါရမ္မဏ သဒ္ဒါကို ''ဗြဟ္မဿရော'' ပုဒ်ကဲ့သို့

---

၁—**ယေဘုယျေန**-အရ ဤသို့ ကုသိုလ်ဇော အကုသိုလ်ဇောတို့ စောရုဝယ် ၁-ကြိမ်, ၂-ကြိမ်သာ စောသည်မဟုတ်၊ ပြကတေ့ ထင်ထင် ရှားရှား အားကြီးသောအခါ၌ များသော အားဖြင့် ၇-ကြိမ် စော၏၊ သို့သော် အပ္ပက-အနည်းငယ် အားဖြင့်ကား ရေနစ်သောသူ သင်ပင်ပေါ်မှ ကျသောသူတို့၏ ရေမွန်းသောအခါမျိုး စသည်၌ အားနည်း တွေဝေ နေသောကြောင့် ၆-ကြိမ်သာ စော၏၊ သေခါနီးသော အခါ၌ ၅-ကြိမ်သာစော၏-ဟုသို။

၂—မြစ်ညာ ရေညာသို့ ဆန်၍ လှော်ခတ် ခုတ်မောင်း နေသော လှေသင်္ဘော၏ နောက်သို့ ရေအဟုန် ယက်ပန်းသည် အနည်းငယ် အစဉ် လိုက်ဘိသကဲ့သို့ ဇောသို့ အစဉ် တစိုက် အနည်းငယ် လိုက်သောအားဖြင့် ဇော၏ အာရုံကို အာရုံပြု၍ ဖြစ်သော စိတ်သည် **တဒါရုံ**-မည်၏၊ ထိုတဒါရုံသည် **ယထာရဟံ**-အရ အမှတ်တမဲ့ ကျသည် မဟုတ်၊ အာရုံ, ဇော, သတ္တဝါအား လျော်စွာသာ ကျ၏-ဟုမှတ်။

(အမိပ္ပါယ် အကျယ်သည် နောက် တဒါရမ္မဏနိယမ၌ ထင်ရှားလတ့်)

အလယ်၌ အာရမ္မဏသဒ္ဒါ တခုကျေသော သမာသ်ပုဒ်-ဟု မှတ်အပ်၏။ ထိုစိတ်တို့သည် တဒါရုံလည်း မည်ကုန်, ဝိပါက်လည်း မည်ကုန် သောကြောင့် **တဒါရမ္မဏပါကာနိ**-မည်ကုန်၏။

**ယထာရဟံ**-ဟူသည်ကား၊ ဝါ-ဟူသောပုဒ်ကို အာရုံ, ဇော, သတ္တဝါအား လျော်စွာ-ဟု အနက်ပေး။ ထိုသို့ အာရုံ,ဇော,သတ္တဝါအား လျော်စွာ ဖြစ်ခြင်းကို အရှင်အနုရုဒ္ဓါဆရာ ကိုယ်တော်တိုင် ပြလတ္တံ့။

**ဘဝင်္ဂပါတော**-ဟူသည်ကား၊ ဝိထိစိတ်တို့ အစွမ်းဖြင့် မဖြစ်မူ၍ စိတ်၏ ဘဝင်ကျသကဲ့သို့ ဘဝင်၏ အစွမ်းဖြင့် ဖြစ်ခြင်းတည်း။ ဤသို့သော အနက်အဓိပ္ပါယ်ကို ဆိုလို၏။

## ဝိထိစိတ်ဖြစ်ပုံ-သရက်သီးဥပမာ

ဤဝိထိစိတ်ကို ပြရာ၌ ဝိထိစိတ်ဖြစ်ခြင်း၌ ချမ်းသာလွယ်ကူစွာ ယူခြင်းအကျိုးငှါ၊ ဝါ-ဉာဏ်သက်လွယ်ခြင်း အကျိုးငှါ **သရက်သီး**[၁]

---

၁—ဤဝိထိစိတ် ဖြစ်ပုံကို သရက်သီး ဥပမာဖြင့် ထင်စွာ ပြဆိုကုန်၏၊ ပြပုံမှာ-အသီးသီးသော သရက်ပင် အနီး၌ တဦးသော ယောကျ်ားသည် အိပ်နေသတတ်၊ ထိုအခါ သရက်သီးသည် အိပ်သော ယောကျ်ား၏ အနီး နားရင်း၌ ကြွေကျလတ်သော် ထိုကြွေကျသောအသံဖြင့် နိုး၍ မျက်စိကို ဖွင့်၍ ကြည့်လေလျှင် သရက်သီးကို မြင်၍ ထိုသရက်သီးကို ကိုင်ယူကာ ဆုပ်နယ်နမ်းရှုပ် ကြည့်ရှုသဖြင့် မှည့်သည်ကို သိရှိ၍ ကိုက်ခါ ကိုက်ခါ စားပြီးလျှင် ချွဲခမ်း သလိပ်နှင့်တကွ ထွေးလုံးခါ မျို၍ ထိုသရက်ပင်ရင်း၌ အိပ်မြဲ အိပ်ပြန်လေ၏။

ဤဥပမာစကားရပ်၌ ယောကျ်ား၏ အိပ်သော အခါကဲ့သို့ ဘဝင်စိတ် ဖြစ်သော အခါကို မှတ်အပ်၏၊ သရက်သီး ကြွေ၍ မြေ၌ ကျသကဲ့သို့ ရူပါရုံနှင့် စက္ခုပသာဒတို့ ထိခိုက်သော အခါကို မှတ်အပ်၏၊ သရက်သီး ကြွေလာသော အသံဖြင့် နိုးသော အခါကဲ့သို့ အာဝဇ္ဇန်း ဖြစ်သော အခါကို မှတ်အပ်၏၊ မျက်စိဖွင့်၍ ကြည့်သော အခါကဲ့သို့ စက္ခုဝိညာဏ် ဖြစ်သော အခါကို မှတ်အပ်၏၊ သရက်သီးကို ကိုင်ယူသော အခါကဲ့သို့ သမ္ပဋိစ္ဆိုင်း ဖြစ်သော အခါကို မှတ်အပ်၏၊ ဆုပ်နယ်သော အခါ ကဲ့သို့ သန္တီရဏ ဖြစ်သော အခါကို မှတ်အပ်၏။ နမ်းသော အခါကဲ့သို့ ဝုဋ္ဌော ဖြစ်သော အခါကို မှတ်အပ်၏။ ကိုက်ခါ ကိုက်ခါ စားသော အခါကဲ့သို့ ဇောဖြစ်သော အခါကို မှတ်အပ်၏၊ မျိုသော အခါကဲ့သို့ တဒါရုံ ဖြစ်သော အခါကို မှတ်အပ်၏၊ တဖန် ပြန်အိပ်သော အခါကဲ့သို့ ဘဝင်ကျသော အခါကို မှတ်အပ်၏။

**ဥပမာ**-အစရှိသည်ကို အဋ္ဌကထာဆရာတို့သည် ဆောင်ကုန်၏။ ထို သရက်သီးဥပမာ စသည်တို့တွင် ဤဆိုလတံ့သည်ကား သရက်သီး ဥပမာမျှသာတည်း။

တယောက်သော ယောကျ်ားသည် အသီးသီးသော သရက်ပင်၏ အရင်း၌ ဦးခေါင်းနှင့်တကွ ခြုံ၍ အိပ်သည်ရှိသော် မိမိအနီး၌ ကျသော တလုံးသော သရက်သီး၏ အသံဖြင့် နိုး၍ ဦးခေါင်းမှ အဝတ်ကို ဖယ်ပြီး မျက်စိကို ဖွင့်ကြည့်၍ မြင်သောအခါ ထိုသရက် သီးကို ယူငင်ဆုပ်နယ်၍ နမ်းလျက် မှည့်သည်အဖြစ်ကို သိ၍ စားပြီး ခါ ခံတွင်း၌ရှိသော သရက်သီးကို သလိပ်နှင့် တကွ မျို၍ တဖန် ထို သရက်ပင်ရင်း၌ပင် အိပ်၏။

ထိုဥပမာ၌-ယောကျ်ား၏ အိပ်သော အခါကဲ့သို့ ဘဝင်ကျသော ကာလကို မှတ်အပ်၏၊ သရက်သီး၏ ကြွေကျသော ကာလကဲ့သို့ အာရုံ၏ ပသာဒနှင့် ထိခိုက်သော ကာလကို မှတ်အပ်၏။ ထိုသရက် သီး၏ အသံဖြင့် နိုးသော အခါကဲ့သို့ အာဝဇ္ဇန်းအခါကို မှတ်အပ်၏။ မျက်စိကို ဖွင့်၍ ကြည့်သော အခါကဲ့သို့ စက္ခုဝိညာဏ် ဖြစ်သော အခါကို မှတ်အပ်၏။ ကောက်ယူသော အခါကဲ့သို့ သမ္ပဋိစ္ဆိုင်းစိတ် ဖြစ်သော အခါကို မှတ်အပ်၏။ နယ်သော အခါကဲ့သို့ သန္တီရဏစိတ် ဖြစ်သော အခါကို မှတ်အပ်၏။ နမ်းသော အခါကဲ့သို့ ဝုဋ္ဌောစိတ် ဖြစ်သော အခါကို မှတ်အပ်၏။ သုံးဆောင်သော အခါကဲ့သို့ ဇောစိတ် ဖြစ်သော အခါကို မှတ်အပ်၏။ ခံတွင်း၌ ရောက်သော သရက်သီးကို သလိပ်နှင့် တကွ မျိုသော အခါကဲ့သို့ တဒါရုံစိတ် ဖြစ်သော အခါကို မှတ်အပ်၏။ တဖန် အိပ်သော အခါကဲ့သို့ ဘဝင် ကျသော အခါကို မှတ်အပ်၏။

ဤဥပမာဖြင့် အဘယ်သို့ ပြပါသနည်း-ဟူမူ အာရုံ၏ ကိစ္စကား ပသာဒနှင့် ထိခိုက်ခြင်းသာလျှင်တည်း။ အာဝဇ္ဇန်း၏ ကိစ္စကား အာရုံကို နှလုံးသွင်းကာမျှသာလျှင်တည်း။စက္ခုဝိညာဏ်၏ ကိစ္စကား မြင်ခြင်းမျှသာလျှင်တည်း။ သမ္ပဋိစ္ဆိုင်း စသည်တို့၏ ကိစ္စကား အာရုံကို ခံယူခြင်း စသည်မျှသာတည်း။ ဇော၏ ကိစ္စကား အာရုံ အရသာကို ခံစားခြင်းသာတည်း။ တဒါရုံ၏ ကိစ္စကား ဇောသည်

ခံစားအပ်ပြီးသော အာရုံကိုပင် ခံစားခြင်းပင်တည်း။ ဤသို့ ကိစ္စ၏ အစွမ်းဖြင့် တရားတို့၏ အချင်းချင်း မရောမယှက်သည် အဖြစ်ကို ပြအပ်၏။

ဤသို့ဖြစ်သော စိတ်ကို သင်စိတ်သည် အာဝဇ္ဇန်း မည်သည်ဖြစ်၍ ဘဝင်၏ အခြားမဲ့၌ ဖြစ်လေ၏။ သင်စိတ်သည် စက္ခုဝိညာဏ် စသည်တို့တွင် တပါးပါးဖြစ်၍ အာဝဇ္ဇန်း၏ အခြားမဲ့၌ ဖြစ်လေ၏။ ဤသို့ အစရှိသည်ဖြင့် တိုက်တွန်း နှိုးဆော်သူသည် မရှိပါဘဲလျက် ဥတု-နိယာမ, ဗီဇနိယာမ အစရှိသည်ကဲ့သို့ စိတ္တနိယာမ အစွမ်းဖြင့် သာလျှင် အလိုလို ဖြစ်၏-ဟု သိအပ်၏။

---

## အတိမဟန္တာရုံဝီထိ

၁၅။ ။ဧတ္တာဝတာ စုဒ္ဒသ ဝီထိစိတ္တုပ္ပါဒါ ဒွေ ဘဝင်္ဂ-စလနာနိ ပုဗ္ဗေဝါတီတကမေကစိတ္တက္ခဏာနိ ကတွာ သတ္တရသစိတ္တက္ခဏာနိ ပရိပူရေန္တိ။ တတော ပရံ နိရုဇ္ဈတိ။ အာရမ္မဏမေတံ အတိမဟန္တံ နာမ ဂေါစရံ။

ဤမျှ အတိုင်းအရှည်ရှိကုန်သော ၁၄-ပါးကုန်သော ဝီထိစိတ်တို့ငှင်း၊ ၂-ကြိမ်ကုန်သော ဘဝင်္ဂစလနတို့ငှင်း၊ ရှေးဦးကလျှင် လွန်ခြင်းရှိသော တခုသော စိတ္တက္ခဏငှင်း၊ ဤသို့သော အပြားဖြင့် ၁၇-ချက်သော စိတ္တက္ခဏတို့သည် ပြည့်ကုန်၏။ ထိုဒုတိယတဒါရုံ၏ ဋီကာလမှ နောက်ဘင်ကာလ၌ ရူပါရုံသည် ချုပ်၏။ ထိုအာရုံသည် အတိမဟန္တာရုံ မည်၏။

---

ဆိုအပ်ပြီးသော ဝီထိစိတ်များ၏ မှီရာ မန္ဒာယုကပသာဒ, အမန္ဒာယုကပသာဒ, မဇ္ဈိမာယုကပသာဒ များကိုလည်း ဝေဘန် ပိုင်းခြား မှတ်သားသင့်၏၊ မှတ်သားပုံမှာ— အတီတဘဝင်မှ အောက်ဖြစ်သော ဘဝင် ၁၃-ချက် ခဏငယ် ၃၇-ခဏတို့၌ ရှိသော ပသာဒ ၃၇-ခုတို့သည် ဒုတိယ တဒါရုံ မချုပ်မီ ချုပ်သည် ဖြစ်၍ အာရုံ ၅-ပါးအောက် တိုသော အသက် ရှိသောကြောင့် မန္ဒာယုကပသာဒ-မည်၏။

၁၅။ ။ဤမျှ အတိုင်းအရှည်ရှိသော စိတ်၏ အစဉ်ဖြင့် ၁၇-ချက်သော စိတ္တက္ခဏတို့သည် ပြည့်ကုန်၏။ ဤသို့ ပုဒ်စပ်ခြင်းကို ပြုအပ်၏။

---

## မဟန္တာရုံဝီထိ

၁၆။ ။ယာဝ တဒါရမ္မဏုပ္ပါဒါ ပန အပ္ပဟောန္တာ တီတက- မာပါတမာဂတံ အာရမ္မဏံ မဟန္တံ နာမ၊ တတ္ထ ဇဝနာဝသာနေ ဘဝင်္ဂပါတောဝ ဟောတိ၊ နတ္ထိ တဒါရမ္မဏုပ္ပါဒေါ။

---

အတီတဘဝင်၏ ဌီမှစ၍ ပဉ္စဒွါရာဝဇ္ဇန်း၏ ဘင်တိုင်အောင် စိတ္တက္ခဏ ၁၁-ချက်နှင့် အတူ ဥပါဒ်သော ပသာဒရုပ် ၁၁-ခုတို့သည် ဒုတိယတဒါရုံ ချုပ်ပြီးသည်နောက်မှ ချုပ်သည် ဖြစ်၍ အာရုံ ၅-ပါးထက် ရှည်သောအသက် ရှိသောကြောင့် အမန္ဒာယုကပသာဒ မည်၏။

အတီတဘဝင်၏ ဥပါဒ်ခဏ၌ ဖြစ်သော ပသာဒရုပ် တခုသည် ဒုတိယ တဒါရုံ၏ ဘင်နှင့်ပြိုင်၍ ချုပ်ရကား အာရုံ ၅-ပါးနှင့် တူသော အသက် ရှိသောကြောင့် မဇ္ဈိမာယုက ပသာဒ မည်၏-ဟုမှတ်။

အဘယ့်ကြောင့် ဤမန္ဒာယုက စသော ပသာဒရုပ်ကို ရွေးချယ်ရပါသနည်းဆိုသော် ပုရေဇာတပစ္စည်း တပ်နိုင်သော ပသာဒရုပ်ကို သိလို၍ ရွေးချယ်ရ၏။

ထိုဝီထိစိတ်တို့တွင် စက္ခုဝိညာဏ်စိတ်၏ မှီရာ ပသာဒရုပ်ကား အဘယ်ပါနည်း။ အဘယ် ပသာဒရုပ်ကို မှီ၍ သိမှုကိစ္စ တပ်နိုင်ပါသနည်း-ဟု စိစစ်သော် သတ္တဝါတို့၏ ပဋိသန္ဓေစိတ်၏ ဥပါဒ်မှစ၍ စုတိစိတ်မှ ပြန်၍ ရေသည်ရှိသော် ၁၇-ချက်မြောက် ဖြစ်သော စိတ်၏ ဥပါဒ်တိုင်အောင် ဖြစ်သမျှသော စိတ်တို့၏ ဥပါဒ်တိုင်း, ဌီတိုင်း, ဘင်တိုင်း တဖွားဖွား ဖြစ်၍ နေသော ပသာဒရုပ် အများတို့တွင် ပဉ္စဝိညာဏ်စိတ် ဖြစ်သည့်အခါ မမှီသော ချုပ်နှင့်သော ပသာဒရုပ်, ပဉ္စဝိညာဏ်စိတ် ဖြစ်ပြီး၍ နောက်မှ ဖြစ်ပေါ်လာသော ပသာဒရုပ် တို့ကား ပဉ္စဝိညာဏ်သည် မှီလေသလော, မမှီလေသလော-ဟု ရွေးချယ်စီစစ်ဘို့ မရှိသဖြင့် မရွေးချယ်မူ၍ ပဉ္စဝိညာဏ် ဖြစ်သည်တိုင်အောင် မှီသော ၄၉-ချက်သော ပသာဒရုပ်တို့ တွင်သာ အဘယ် ပသာဒရုပ်ကို စက္ခုဝိညာဏ် စသော ပဉ္စဝိညာဏ် ဓာတ်တို့သည် မှီကုန်သနည်း-ဟု လျှဉ်းပါးဘွယ် ရှိသောကြောင့်ရင်း, ပဉ္စဝိညာဏ်ဓာတ်၏ မှီရာ ပုရေဇာတ နိဿယ ပစ္စည်းတပ်သော ပသာဒရုပ်ကို ကွဲပြား သိသာစိမ့်သောငှါ အာယုက သုံးပါးကို စိစစ်ရွေးချယ် ပြရ၏-ဟုမှတ်။

**အတိမဟန္တာရုံဝီထိပုံ—**

ဘဝင် ၁၃-ချက်။ ။"တီ-န-ဒ-ပ-စ-သံ-ဏ-ဝု-ဇော,ဇော,ဇော,ဇော,ဇော, ဇော,ဇော,ရုံ,ရုံ,ဘဝင်,ဘဝင်"

တဒါရုံ ဖြစ်သည့်တိုင်အောင် မလောက်သည် ဖြစ်၍ လွန်ခြင်း ရှိသော ထင်ခြင်းသို့ ရောက်သော အာရုံသည် မဟန္တာရုံ မည်၏။ ထိုမဟန္တာရုံ၀ယ် ဇော၏ အဆုံး၌ ဘ၀င်ကျလေ၏၊ တဒါရုံ ဖြစ်ခြင်း မရှိ။

---

## မဟန္တာရုံဝီထိ အဘွင့်

၁၆။ ။**အပ္ပဟောန္တာတီတကံ**-ဟူသည်ကား၊ ဝါ-ဟူသောပုဒ် ကို မလောက်သည် ဖြစ်၍ လွန်သော-ဟု အနက်ပေး။ **နတ္ထိ တဒါ-ရမ္မဏုပ္ပါဒေါ**-ဟူသည်ကား ၁၄-ချက်သော စိတ္တက္ခဏ အသက် ရှိသော အာရုံ၌ ရှေးဦးစွာ အာရုံပြု၍ ချုပ်သောကြောင့်သာလျှင် တဒါရုံမဖြစ်။

## တဒါရုံမဖြစ်ခြင်းအကြောင်း

အဘယ့်ကြောင့် တဒါရုံ မဖြစ်ပါသနည်း-ဟူမူ တခုသော ဝီထိ၌ အချို့ကုန်သော ပစ္စုပ္ပန်အာရုံတို့၌ အချို့ကုန်သော စိတ်တို့သည် အတိတ်အာရုံ ရှိကုန်၏။ ထို့ကြောင့် တဒါရုံ[၁]မဖြစ်။

## တဒါရုံဖြစ်ပုံ

၁၅-ချက်သော စိတ္တက္ခဏ အသက်ရှိသော အာရုံတို့၌လည်း ဇောဖြစ်သည်မှ နောက်၌ စိတ္တက္ခဏတချက်သည်သာလျှင် ကြွင်း၏။ ထို့ကြောင့် တဒါရုံ ၂-ကြိမ် ဖြစ်ခြင်းငှါ မလောက်သည်အဖြစ် ကြောင့် ဒုတိယတဒါရုံ၏ ဖြစ်ခြင်းသည် မရှိ။ ဒုတိယတဒါရုံမဖြစ်နိုင် သောကြောင့် ပဌမတဒါရုံသည်လည်း မဖြစ်။ အဘယ့်ကြောင့် တဒါရုံ တကြိမ် မဖြစ်သနည်း-ဟူမူ စိတ်ဖြစ်ခြင်းကို ရေတွက်ရာ၌

---

၁-အာရုံသည် အားနည်းသဖြင့် ၂-ကြိမ် မကျလောက်သောကြောင့် တဒါရုံမကျ-ဟုမှတ်၊ တကြိမ်တည်းလည်း တဒါရုံ ကျရိုး မရှိ၊ သို့ဖြစ်၍ တဒါရုံ မကျ-ဟူလို။

**မဟန္တာရုံဝီထိပုံ—**

" တီ-တီ-န-ဒ-ပ-စ-သံ-ဏ-ဝု-ဇော,ဇော,ဇော,ဇော,ဇော,ဇော,ဇော,ဘဝင် ဘ၀င်။

" တီ-တီ-တီ-န-ဒ-ပ-စ-သံ-ဏ-ဝု-ဇော-ဇော-ဇော-ဇော-ဇော,ဇော,ဇော " ဘ၀င်-ဘ၀င်။

ခပ်သိမ်းသော ဝါရတို့၌ "တဒါရမ္မဏာနိဒ္ဒေ"ဟု ၂-ခုကုန်သော စိတ်အကြိမ်တို့၏ လာသည် အဖြစ်ကြောင့် ၂-ကြိမ်သာလျှင် တဒါရုံ ဖြစ်ခြင်းကို ပါဠိတော် မှတ်ပြတော်မူအပ်၏။

ပရမတ္ထဝိနိစ္ဆယကျမ်း၌ "သကိံ ဒွေ ဝါ တဒါလမ္ဗံ၊ သကိံ မာဝဇ္ဇနာဒယော"ဟု ယင်းစကားကို မိန့်ဆိုအပ်၏။ ထိုစကားကို မဏိမဉ္ဇူမနိကာယ်ကို ဆောင်ကုန်သော ဆရာတို့၏ အလိုအယူကို အစဉ်မှီးသဖြင့် ဆိုအပ်သောစကား-ဟု မှတ်အပ်၏။ ဂါထာ၏ အနက်ကား-တဒါရုံသည် တကြိမ်သော်၎င်း၊ ၂-ကြိမ်သော်၎င်း ဖြစ်၏။ အာဝဇ္ဇန်း အစရှိသည်တို့ကား တကြိမ်သာ ဖြစ်ကုန်၏။ ထိုမဏိမဉ္ဇူမနိကာယ်ဆောင် ဆရာတို့၏ ဝါဒကို အောက်၌ ဆိုခဲ့ပြီးသော ပါဠိနှင့် မနီးနှောသောကြောင့် သမ္မောဟဝိနောဒနီ မည်သော အဋ္ဌကထာ၌ အကြင့်ကြောင့် ပယ်အပ်၏။ ထို့ကြောင့် အရှင် အနုရုဒ္ဓါ ဆရာသည်လည်း မိမိသည် အလိုမရှိသောကြောင့် ဤ သင်္ဂြိုဟ်ကျမ်း၌၎င်း, နာမရူပပရိစ္ဆေဒကျမ်း၌၎င်း တဒါရုံ တကြိမ် ဖြစ်ခြင်းကို မဆိုအပ်။

---

## ပရိတ္တာရုံဝိထိ

**၁၇။ ။ယာဝ ဇဝနုပ္ပါဒါပိ အပ္ပဟောန္တာ တီတကမာပါတ- မာဂတံ အာရမ္မဏံ ပရိတ္တံ နာမ။ တတ္ထ ဇဝနမ္ပိ အနုပ္ပဇ္ဇိတွာ ဒွိတ္တိက္ခတ္တုံ ဝေါဋ္ဌဗ္ဗနမေဝ ပဝတ္တတိ။ တတော ပရံ ဘဝင်္ဂပါတောဝ ဟောတိ။**

ဇောဖြစ်သည် တိုင်အောင်လည်း မလောက်သည် ဖြစ်၍ လွန်ခြင်း ရှိသော ထင်ခြင်းသို့ ရောက်သော အာရုံသည် ပရိတ္တာရုံ မည်၏။ ထိုပရိတ္တာရုံဝိထိ၌ ဇော မဖြစ်သောကြောင့် ၂-ကြိမ်၎င်း, ၃-ကြိမ် ၎င်း ဝုဋ္ဌောစိတ်သည်သာလျှင် ဖြစ်၏။ ထိုဝုဋ္ဌော ချုပ်သည်မှ နောက်၌ ဘဝင်ကျ၏။

---

## ပရိတ္တာရုံဝိထိအဘွင့်

၁၇။ ။ဝုဋ္ဌော ဖြစ်သည်မှ နောက်၌ စိတ္တက္ခဏ ခြောက်ချက် အသက်ကြွင်းရှိသော အာရုံသည် နည်းသော အသက်ရှိသည် ဖြစ်၍

အလုံးစုံ အားနည်းသည့် အဖြစ်ကြောင့် ဇောဖြစ်ခြင်းငှါ ကျေးဇူး မပြုနိုင်၊ အဘယ့်ကြောင့် ဇော မဖြစ်နိုင်ပါသနည်း–ဟူမူ။ ဇော ဖြစ်သည့် ရှိသော် မြဲသောအားဖြင့် ၇–ချက်သော စိတ္တက္ခဏ အသက်ရှိသော အာရုံ၌သာလျှင် ဖြစ်နိုင်၏။ ဤသို့သော အဓိပ္ပါယ် ကြောင့် "**ဇဝနမ္ပိအနုပ္ပဇ္ဇိတွာ**"ဟု အရှင်အနုရုဒ္ဓါ ဆရာသည် မိန့်ဆိုတော်မူ၏။ ထိုစကား မှန်၏၊ **အနုပ္ပဇ္ဇိတွာ**-ပုဒ်၌ ရှိသော ဤ **တွာ**–ပစ္စည်းသည် ဟိတ်အနက်၌ ဖြစ်၏၊ ဇော၏လည်း မဖြစ် ခြင်းကြောင့်–ဤကား တွာ–ပစ္စည်း၏ အနက် ဖြစ်၏။ ဤဟိတ် အနက်မှ တပါးသော ပုဗ္ဗကာလ အနက်ကို ယူသည် ရှိသော် နောက်ဖြစ်သော ပဝတ္တိ–ဟူသော ကြိယာနှင့် တူသော ကတ္တား ရှိသည်၏ အဖြစ်ကို မရအပ်ရာ၊ ထို့ကြောင့် ဟိတ်အနက်၌ တွာ– ပစ္စည်း ဖြစ်၏–ဟူလို။

**ဒွိတ္တိက္ခတ္တုံ**၊-ဟူသည်ကား၊ ဝါ–ဟူသောပုဒ်ကို ၂–ကြိမ်သော်၎င်း[၁] ၃–ကြိမ်သော်၎င်း–ဟု အနက်ပေး။ အချို့သော ဆရာတို့သည်ကား

---

၁–ဤ ပရိတ္တာရုံသည် အာရုံ ၅–ပါးကို ထင်ရှားစွာ မမြင်နိုင်,မထိခိုက်နိုင်ပါဘဲ၊ မြင်လိုက် သလို ကြားလိုက်သလိုမျှ ဖြစ်သော အားနည်းသော အာရုံမျိုး ဖြစ်သည်၊ ဤသို့ အားနည်းသော အာရုံဖြစ်၍ ၎င်းအာရုံအရသာကို ပိုင်းခြားဝေဖန မသိနိုင်, မခံစားနိုင်သည် ဖြစ်သောကြောင့် ဇောမကျနိုင်၊ ဇောအရာကိုယူ၍ ဝုဋ္ဌော ၂–ကြိမ်သာ ဖြစ်ရ၏–ဟုမှတ်။ ထို့ကြောင့် ဤပရိတ္တာရုံ ဝီထိကို ဝေါဋ္ဌဗ္ဗနဝါရ–ဟု ဆိုလေ၏။

**ပရိတ္တာရုံ ၆–ဝီထိပုံ—**

(၁)" တီ -တီ–တီ–တီ–န–ဒ–ပ–စ–သံ–ဏ–ဝု–ဝု–ဘဝင်–ဘဝင်–ဘဝင်–ဘဝင်–ဘဝင်" ဘဝင်–ဘဝင်။

(၂)" တီ -တီ–တီ–တီ–တီ–န–ဒ–ပ–စ–သံ–ဏ–ဝု–ဝု–ဘဝင်–ဘဝင်–ဘဝင်– ဘဝင်" ဘဝင်–ဘဝင်။

(၃)" တီ -တီ–တီ–တီ–တီ–တီ–န–ဒ–ပ–စ–သံ–ဏ–ဝု–ဝု–ဘဝင်–ဘဝင်–ဘဝင်" ဘဝင် ဘဝင်။

(၄)" တီ -တီ–တီ–တီ–တီ–တီ–တီ–န–ဒ–ပ–စ–သံ–ဏ–ဝု–ဝု–ဘဝင်– ဘဝင်" ဘဝင် ဘဝင်။

(၅)" တီ -တီ–တီ–တီ–တီ–တီ–တီ–တီ–န–ဒ–ပ–စ–သံ–ဏ–ဝု–ဝု–ဘဝင်"ဘဝင်–ဘဝင်။

(၆)" တီ -တီ–တီ–တီ–တီ–တီ–တီ–တီ–တီ–န–ဒ–ပ–စ–သံ–ဏ–ဝု– ဝု" ဘဝင်–ဘဝင်။

တိက္ခတ္တုံ[-]ဟူသော ဤသဒ္ဒါသည် စကားပြေပြစ်ရုံမျှ အကျိုးရှိ၏-ဟု ဆိုကြကုန်၏။ ထိုသို့ ဆိုခြင်းသည် ထိုကေစိဆရာတို့၏ နှလုံးသွင်းမျှသာတည်း။ အဘယ့်ကြောင့်ဆိုသော် "ဒွိက္ခတ္တုံ ဝေါဋ္ဌဗ္ဗနမေဝ ပရိဝတ္တတိ" ဟု ဆိုသော်လည်း စကား၏ မပြေပြစ်သည်၏ အဖြစ်သည် မရှိသည်သာ မကသေး၊ ၃-ကြိမ်ဖြစ်ခြင်းကို တားမြစ်သော တစုံတခုသော စကားသည်လည်း အဋ္ဌကထာတို့၌ မပါရှိခဲ့။ ထို့ကြောင့် ထိုထိုသော အဋ္ဌကထာတို့၌ သီဟိုဠ် အဋ္ဌကထာဆရာတို့သည်လည်း "ဒွိက္ခတ္တုံ ဝါ တိက္ခတ္တုံ ဝါ" ဟူ၍သာလျှင် ဘွင့်ဆိုတော်မူကြကုန်၏။ ထို့ကြောင့် **တိက္ခတ္တုံ**-သဒ္ဒါ မပို-ဟူလို၊

**ဝေါဋ္ဌဗ္ဗနမေဝပရိဝတ္တတိ**-ဟူသည်ကား၊ ဝါ-ဟူသော ပုဒ်ကို ဇဝနစိတ်သည်သာလျှင် အဖန်ဖန်ဖြစ်၏-ဟု အနက်ပေး။ ထိုဇဝနစိတ်သို့ မရောက်မူ၍ အကြား၌ စက္ခုဝိညာဏ် အစရှိသည် တို့၌ တည်၍ စိတ်ဖြစ်ခြင်းမှ နစ်ခြင်းသည်မရှိ။ ဤပရိတ္တာရုံ၌ အရှင်အာနန္ဒာ ဆရာသည်ကား "အာဝဇ္ဇနာ။ပ။ပစ္စယော" ဟု အာဝဇ္ဇန်း၏ ကုသိုလ်, အကုသိုလ်တို့၏ အနန္တရပစ္စည်း အဖြစ်ကို မြတ်စွာဘုရား ဟောတော်မူသောကြောင့် ဇဝနနှင့် အာဝဇ္ဇန်းတို့၏လည်း အနက်ထူး မရှိသောကြောင့် ဇဝန ဖြစ်သည်ရှိသော် ဇဝနသည် ကာမာဝစရကုသိုလ်, အကုသိုလ်ကြိယာစိတ်တို့အား စင်စစ်အားဖြင့် အနန္တရ ပစ္စည်းအဖြစ်ဖြင့်သာလျှင် ဖြစ်ရာ၏။ တပါးသော ဘဝင် စိတ်အား အနန္တရပစ္စည်းအဖြစ်ဖြင့် မဖြစ်ရာ။ ဝါ-အနန္တရပစ္စည်း မတပ်နိုင်ရာ၊ ထို့ကြောင့် တွေဝေသော အခါစသည်တို့၌ အားနည်းစွာဖြစ်သော အဟုန်ရှိသည် အဖြစ်ကြောင့် ဇော ၇-ကြိမ် မပြည့်ခြင်းဖြင့် ပရိတ္တာရုံကို မှတ်အပ်၏။ ဇဝန၏ ၂-ကြိမ်, ၃-ကြိမ်, ဖြစ်ခြင်းဖြင့် ပရိတ္တာရုံကို မမှတ်အပ် ဟု ဤအဆုံးအဖြတ်ကို ပြတော်မူ၏၊ (ပရိတ္တာရုံ၌ ဇဝန မကျသင့် ဟူလို)။

**အဋ္ဌကထာဆုံးဖြတ်ချက်**

ဤသို့ အရှင်အာနန္ဒာဆရာသည် အကယ်၍ ပြဆိုဆုံးဖြတ်တော်မူ၏။ ထိုသို့ ပြဆိုဆုံးဖြတ်သော်လည်း တိဟိတ်ဝိပါက်စိတ်တို့ကို

အနန္တရပစ္စည်း၏ အဖြစ်ဖြင့် မြတ်စွာဘုရား ဟောတော်မူအပ်ကုန်၏။ သို့သော် ရဟန္တာပုဂ္ဂိုလ်တို့၏ စုတိအစွမ်းဖြင့် ဖြစ်ကုန်သော ဝိပါက်စိတ်တို့သည် တစုံတခုသော ပဋိသန္ဓေစိတ်အား အနန္တရပစ္စည်း၏ အဖြစ်သို့ မရောက်ကုန်။ ဤသို့ တိဟိတ်ဝိပါက်စိတ်တို့ကို အနန္တရပစ္စည်းထိုက်၏-ဟု ဟောတော်မူသော်လည်း ရဟန္တာတို့၏ ဝိပါက်စိတ်သည် နောင်ဘဝသစ် ဖြစ်ရန် အကြောင်းချုပ်တဲ့၍ ပဋိသန္ဓေအား အနန္တရပစ္စည်း မတပ်နိုင်-ဟု မဆိုနိုင်သကဲ့သို့ ဝုဋ္ဌောစိတ်၏လည်း အတိမဟန္တာရုံ-မဟန္တာရုံဖြစ်မှု အကြောင်း ချုပ်တဲ့သောကြောင့် ကုသိုလ်, အကုသိုလ်တို့အား အနန္တရပစ္စည်း မတပ်နိုင်-ဟု မဆိုနိုင်၊ စင်စစ် တပ်နိုင်၏-ဟုမှတ်။

ထို့ကြောင့် အဋ္ဌကထာ၌ လာသော နည်းဖြင့်သာလျှင် ဤသင်္ဂြိုဟ်ကျမ်း၌ ကာမအာရုံကို မှတ်အပ်၏။

---

## အတိပရိတ္တာရုံဝီထိ

၁၈။ ॥ယာဝ ဝေါဋ္ဌဗ္ဗနုပ္ပါဒါ စ ပန အပ္ပဟောန္တာတီတ-ကမာပါတမာဂတံ နိရောဓာသန္နမာရမ္မဏံ အတိ-ပရိတ္တံ နာမ။ တတ္ထ ဘဝင်္ဂစလနမေဝ ဟောတိ၊ နတ္ထိ ဝီထိစိတ္တုပ္ပါဒေါ။

ဝုဋ္ဌောစိတ် ဖြစ်သည့် တိုင်အောင်လည်း မလောက်သည် ဖြစ်၍ လွန်ခြင်းရှိသော ထင်ခြင်းသို့ ရောက်သော နီးသော ချုပ်ခြင်းရှိသော ဝါ-ချုပ်ခါနီးသော အာရုံသည် အတိပရိတ္တာရုံ မည်၏။ ထိုအတိပရိတ္တာရုံ၌ ဘဝင်လှုပ်ခြင်းသည်သာလျှင် ဖြစ်၏၊ ဝီထိစိတ်ဖြစ်ခြင်း မရှိ။

---

## အတိပရိတ္တာရုံဝီထိအဘွင့်

၁၈။ ॥**နတ္ထိ ဝီထိစိတ္တုပ္ပါဒေါ-** ဟူသည်ကား၊ လွန်သော အပိုင်းအခြားအားဖြင့် ၇-ချက်သော စိတ္တက္ခဏ အသက်ရှိသော

အာရုံ၏လည်း နှစ်ကြိမ်သုံးကြိမ်ဝုဋ္ဌော ဖြစ်ခြင်းငှါ မလောက်သည် အဖြစ်ကြောင့် ဝိထိစိတ်တို့၏[၁] ဖြစ်ခြင်းမရှိပေ၊ ဘဝင်သာကျတော့၏။ ဤကား အမိပ္ပါယ်တည်း။ **ဘဝင်္ဂစလနမေဝ**-ပုဒ်၌ ပါရှိသော ဧဝ သဒ္ဒါ၏ အဝဓာရဏအကျိုးကို ပြခြင်းငှါ **နတ္ထိ ဝိထိစိတ္တုပ္ပါဒေါ** ဟူသော ပါဌ်ကို မိန့်ဆိုအပ်၏။ အပရေ ဆရာတို့သည်ကား **နတ္ထိ ဘဝင်္ဂုပစ္ဆေဒေါ**-ဟု အဝဓာရဏအကျိုးကို ပြကုန်၏။ ထိုသို့ပြသော်လည်း ထိုဘဝင်ပြတ်ခြင်းသည်ကား ဝိထိစိတ်ဖြစ်ခြင်း မရှိဟူသော စကားဖြင့်သာလျှင် ပြီးပြည့်စုံ၏။ အကြောင်းသော်ကား ဝိထိစိတ်ဖြစ်ပါမူ ဘဝင်သည် မုချပြတ်ရိုးရှိ၏။ ဝိထိစိတ် မဖြစ်သော် ဘဝင် မပြတ်၊ ထို့ကြောင့် အမိပ္ပါယ် ပြီးပြည့်စုံ၏။ အောက် အတိမဟန္တာရုံ၌လည်း ဘဝင်္ဂုပစ္ဆေဒ အမည်ဖြင့် အသီးအခြား မဆိုသောကြောင့် ဤပရိတ္တာရုံအရာ၌ ဘဝင်္ဂစလန-ဟူ၍ သာမညအားဖြင့် ဆိုအပ်၏။

---

၁—ဤ အတိပရိတ္တာရုံ ဝိထိသည် အမိဝမ်းတိုက်မှ မွေးဘွားကာစ အခိုက်၊ ကလေး သူငယ်များအား ဖြစ်သော ဝိထိစိတ်မျိုးတည်း၊ ထို ကလေး သူငယ်တို့သည် မွေးခါစ ဖြစ်၍ ဒွါရလွန်တရာ အားနည်းသောကြောင့် ပသာဒနှင့် အာရုံ ထိခိုက်သော်လည်း ပဉ္စဒွါရာဝဇ္ဇန်းစသော ဝိထိစိတ် မဖြစ်မူ၍ အာရုံတို့သည် အဘိုင်းမသိ ချုပ်သွားကြကုန်၏၊ ထိုသို့ ဖြစ်သော်လည်း အာရုံနှင့် ပသာဒရုပ်တို့၏ ထိခိုက်မှုကြောင့် ဘဝင်တို့၏ လှုပ်ရှားမှုကို အစွဲပြု၍ ဝိထိစိတ် မဖြစ်သော်လည်း ဝိထိအရာသို့ သွင်း၍ ခေါ်ဆိုရလေ၏။

**အတိပရိတ္တာရုံ ၆-ဝိထိချပုံ—**

(၁)“တ္တိ-တီ-တီ-တီ-တီ-တီ-တီ-တီ-တီ-တီ-န-န-ဘဝင်-ဘဝင်-ဘဝင်-ဘဝင်-ဘွဝ္ဝင်” ဘဝင်။

(၂)“တ္တိ-တီ-တီ-တီ-တီ-တီ-တီ-တီ-တီ-တီ-တီ-န-န-ဘဝင်-ဘဝင်-ဘဝင်-ဘွဝ္ဝင်” ဘဝင်။

(၃)“တ္တိ-တီ-တီ-တီ-တီ-တီ-တီ-တီ-တီ-တီ-တီ-တီ-န-န-ဘဝင်-ဘဝင်-ဘွဝ္ဝင်” ဘဝင်။

(၄)“တ္တိ-ဘီ-ဘီ-တီ-တီ-တီ-တီ-တီ-တီ-တီ-တီ-ဘီ-တီ-န-န-ဘဝင်-ဘွဝ္ဝင်” ဘဝင်။

(၅)“တ္တိ-တီ-တီ-တီ-တီ-တီ-တီ-တီ-တီ-တီ-တီ-တီ-တီ-တီ-န-န-ဘွဝ္ဝင်” ဘဝင်။

(၆)“တ္တိ-တီ-တီ-တီ-တီ-တီ-တီ-တီ-တီ-တီ-တီ-တီ-တီ-တီ-တီ-န-န္န” ဘဝင်-ဘဝင်။

## သောတဒွါရစသောဝီထိများ

၁၉။ ။ဣစ္စေဝံ စက္ခုဒွါရေ တထာ သောတဒွါရာဒီသု စေတိ သဗ္ဗထာပိ ပဉ္စဒွါရေ တဒါရမ္မဏ, ဇဝန, ဝေါဋ္ဌဗ္ဗန, မောဃဝါရသင်္ခါတာနံ စတုန္နံ ဝါရာနံ ယထာက္ကမံ အာရမ္မဏဘူတာ ဝိသယပ္ပဝတ္တိ စတုဓာ ဝေဒိတဗ္ဗာ။

ဤသို့ ဆိုအပ်ခဲ့ပြီးသော နည်းဖြင့် စက္ခုဒွါရ၌ အာရုံတို့၏ ဒွါရတို့၌ ဖြစ်ခြင်းသည်၊ ဝါ-အာရုံတို့၌ စိတ်တို့၏ ဖြစ်ခြင်းသည် ၄-ပါးအပြားရှိ၏။ ထို့အတူ သောတဒွါရ အစရှိသည်တို့၌လည်း အာရုံတို့၏ ဒွါရတို့၌ ဖြစ်ခြင်းသည်၊ ဝါ-အာရုံတို့၌ စိတ်တို့၏ ဖြစ်ခြင်းသည် ၄-ပါးအပြားရှိ၏။ ဤသို့ ခပ်သိမ်းသော အပြားအားဖြင့် ဒွါရငါးပါး၌ တဒါရမ္မဏဝါရ, ဇဝနဝါရ, ဝေါဋ္ဌဗ္ဗနဝါရ, မောဃဝါရ-ဟု ဆိုအပ်ကုန်သော ၄-ပါးသော ဝါရတို့၏ အစဉ်အတိုင်း အကြောင်းဖြစ်၍ ဖြစ်သော အာရုံတို့၏ ဒွါရတို့၌ ဖြစ်ခြင်းသည်၊ ဝါ-အာရုံတို့၌ စိတ်တို့၏ ဖြစ်ခြင်းသည် ၄-ပါးအပြားရှိ၏ဟူ၍ သိအပ်၏။

---

## သောတဒွါရစသော ဝီထိများအဘွင့်

၁၉။ ။အချင်းခပ်သိမ်း ဝီထိစိတ် ဖြစ်ခြင်း၏ မရှိသောကြောင့် နောက်ဖြစ်သော အတိပရိတ္တာရုံဝါရကိုသာလျှင် ဤသင်္ဂြိုဟ်ကျမ်း၌ **မောဃဝါရ**-အစွမ်းဖြင့် မိန့်ဆိုအပ်၏။ အထူးကို ဆိုဦးအံ့—တပါးသော အဋ္ဌသာလိနီ အဋ္ဌကထာ၌ကား ဒုတိယဝါရ, တတိယဝါရကိုလည်း တဒါရုံ ဇောတို့မှ ဆိတ်သောကြောင့်၊ ဝါ-မကျသောကြောင့် မောဃဝါရ-ဟု ဆိုအပ်ကုန်၏။

**အာရမ္မဏဘူတာ**-ဟူသည်ကား၊ဝါ-ဟူသော ပုဒ်ကို အာရုံဖြစ်၍ ဖြစ်သော၊တနည်း—အကြောင်းဖြစ်၍ ဖြစ်သော-ဟု အနက်ပေး။ ထိုပစ္စယဖြင့် ဘွင့်ခြင်းသည် မှန်၏။ အကြောင်းကိုလည်း အာရမ္မဏ-ဟု ဆိုအပ်၏။ အဘယ်ပါဠိတို့၌ကဲ့သို့နည်း ဟူမူ။ "လဘတိ မာရော

ဩကာရံ၊ လဘတိ မာရော အာရမ္မဏံ'' ဤသို့ အစရှိသော ပါဠိတို့၌ ကဲ့သို့အာရမ္မဏ-ဟူ၍ဆိုအပ်၏။ အနက်ကား—မာရ်သည် အခွင့်ကို ရ၏။ မာရ်သည် အကြောင်းကို ရ၏။ ထိုသို့အကြောင်း၏လည်း အာရမ္မဏ-ဖြစ်သည်၏ အဖြစ်ကြောင့်သာလျှင် ဤလေးပါးသော ဝါရတို့တွင် မောဃဝါရ၏လည်း မောဃဝါရ-ဟု ခေါ်ဝေါ်ခြင်း အကြောင်းဖြစ်၍ ဖြစ်သော အာရုံတို့၏ ဒွါရတို့၌ ဖြစ်ခြင်းသည် ဖြစ်၏ ဟူသောဤစကားသည် ပြီးပြည့်စုံ၏။ အကြောင်းကား၊ အတိ ပရိတ္တာရုံသည် မောဃဝါရ-ဟု ခေါ်ဝေါ်ခြင်း၏ အကြောင်းဖြစ်၏။ ထို့ကြောင့် ပစ္စယော-ကို အာရမ္မဏ-ဟု ဆိုအပ်၏။ အာရုံသည်သာ အာရမ္မဏ-မည်သည် ရှိသော် ဘဝင်စလန၏ မိမိ မိမိတို့ အာရုံ၌ ပင်လျှင် ဖြစ်ခြင်းကြောင့် နောက်ဆုံး ဝါရ၏ အတိပရိတ္တာရုံ၌ ဖြစ်ခြင်းသည် မရှိရာ။ ထို့ကြောင့် ''စတုန္နံ ဝါရာနံ အာရမ္မဏဘူတာ'' ဟူသော စကားသည် မကောင်းသဖြင့် ဆိုခြင်းသည်၊ ဝါ-မမှန် သော ဆိုခြင်းသည် ဖြစ်ခဲ့ရာ၏။

---

**၂၀။ ။ဝိထိစိတ္တာနိ သတ္တေဝ၊ စိတ္တုပ္ပါဒါ စတုဒ္ဒသ။**
**စတုပညာသ ဝိတ္ထာရာ၊ ပဉ္စဒွါရေ ယထာရဟံ။ ။**

**အယမေတ္ထ ပဉ္စဒွါရေ ဝိထိစိတ္တပဝတ္တိနယော။**

ပဉ္စဒွါရ၌ ထိုက်သည်အားလျော်စွာ ဖြစ်ကုန်သော ဝိထိစိတ်တို့ သည် သာမညအားဖြင့် ၇-ပါး အပြားရှိကုန်၏။ အထူးအားဖြင့် စိတ္တုပ္ပါဒ်တို့၏ အသီးသီးဖြစ်သော အစွမ်းဖြင့် ၁၄-ပါး အပြား ရှိကုန်၏။ အကျယ်အားဖြင့် ၅၄-ပါး အပြားရှိကုန်၏။ ဤဝိထိသင်္ဂဟ အရာ၌ ဤဆိုအပ်ခဲ့ပြီးသည်ကား၊ ပဉ္စဒွါရဝိထိစိတ်တို့၏ ဖြစ်ခြင်းကို ဆိုကြောင်း ဖြစ်သော နည်းတည်း။

---

၂၀။ ။ပဉ္စဒွါရ၌ ထိုက်သည်အား လျော်စွာ ထိုထိုသော ဒွါရ အား လျော်စွာဝင်း၊ ထိုထိုသော ပစ္စည်းအား လျော်စွာဝင်း၊ ထိုထိုသော အာရုံ အစရှိသည်အား လျော်စွာဝင်း၊ ဖြစ်ကုန်သော

ဝိထိစိတ်တို့သည် အာဝဇ္ဇန်း,စက္ခုဝိညာဏ်စသောစိတ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, ဝုဋ္ဌော, ဇော, တဒါရုံတို့၏ အစွမ်းဖြင့် သာမညအားဖြင့် ၇-ကြိမ်[၁] တို့သာ ဖြစ်ကုန်၏။ စိတ်တို့၏ အသီးအသီး ဖြစ်ခြင်း၏ အစွမ်းဖြင့်၊ တနည်းကား—အသီးအသီး ဖြစ်ကုန်သော စိတ်တို့ သည်သာလျှင် အာဝဇ္ဇန်း အစရှိသော စိတ် ၅-ခုတို့၏ အပေါင်း, ဇော ၇-ကြိမ်, တဒါရုံ ၂-ကြိမ်တို့၏ အစွမ်းဖြင့် ၁၄-ပါး[၂] တို့သည် ဖြစ်ကုန်၏။ အကျယ်အားဖြင့်ကား ခပ်သိမ်းကုန်သော ကာမာ ဝစရစိတ်တို့၏ ဖြစ်သင့်သည်အား လျော်စွာ ထိုပဉ္စဒွါရ၌ ဖြစ်သော ကြောင့် ၅၄-ပါး[၃]သော စိတ်တို့သည် ဖြစ်ကုန်၏။

**ဧတ္တ**-ဟူသည်ကား၊ ဝါ-ဟူသော ပုဒ်ကို ဝိသယပ္ပဝတ္တိသင်္ဂဟေ၌- ဟု အနက်ပေး။

---

**မနောဒွါရ ကာမဇောဝါရ**

**၂၁။ ။မနောဒွါရေ ပန ယဒိ ဝိဘူတမာရမ္မဏံ အာပါထ မာဂစ္ဆတိ။ တတော ပရံ ဘဝင်္ဂစလန, မနောဒွါရာ- ဝဇ္ဇန, ဇဝနာဝသာနေ တဒါရမ္မဏ ပါကာနိ ပဝတ္တန္တိ။ တတော ပရံ ဘဝင်္ဂပါတော။**

ဘဝင်္ဂပစ္ဆေဒ တဆဲ့ကိုးခု-ဟု ဆိုအပ်သော မနောဒွါရ၌ ထင် သော အာရုံသည် ထင်ခြင်းသို့ အကယ်၍ ရောက်အံ့၊ ဤသို့ ရောက် သည်ရှိသော် ထိုထင်ခြင်းသို့ရောက်သည်မှနောက်၌ ဘဝင်္ဂစလန,

---

၁–ဤပဉ္စဒွါရဝိထိ၌ ဖြစ်ကုန်သော ဝိထိစိတ်တို့သည် သာမညအားဖြင့် ရေတွက်သော် ၁-ပဉ္စဒွါရာဝဇ္ဇန်း, ၂-ပဉ္စဝိညာဏ်, ၃-သမ္ပဋိစ္ဆိုင်း, ၄-သန္တီရဏ, ၅-ဝုဋ္ဌော, ၆-ဇော, ၇-တဒါရုံ-ဟူ၍ ၇-ပါး အပြားရှိ၏။

၂–စိတ်အရေအတွက် အားဖြင့် ပဉ္စဒွါရာဝဇ္ဇန်း ၁-ပါး, ပဉ္စဝိညာဏ် ၁-ပါး, သမ္ပဋိစ္ဆိုင်း ၁-ပါး, သန္တီရဏ ၁-ပါး, ဝုဋ္ဌော ၁-ပါး, ဇော ၇-ပါး, တဒါရုံ ၂-ပါးဟူ၍ ၁၄-ပါး အပြားရှိ၏။

၃–အကျယ်အားဖြင့် ပဉ္စဒွါရာဝဇ္ဇန်း ၁-ပါး, ပဉ္စဝိညာဏ် ၁၀-ပါး, သမ္ပဋိစ္ဆိုင်း ၂-ပါး, သန္တီရဏ ၃-ပါး, ဝုဋ္ဌော ၁-ပါး, ဇော ၂၉-ပါး, တဒါရုံ မဟာဝိပါက်စိတ် ၈-ပါးအားဖြင့် ၅၄-ပါး ဖြစ်၏-ဟူလို။

မနောဒွါရာဝဇ္ဇန်း, ဇောတို့၏ အဆုံး၌ တဒါရုံ ဝိပါက်စိတ်တို့သည် ဖြစ်ကုန်၏။ ထိုဒုတိယ တဒါရုံ ချုပ်သည်မှ နောက်၌ ဘဝင် ကျလေ၏။

---

## မနောဒွါရ ကာမဇောဝါရအဘွင့်

၂၁။ ။မနောဒွါရ၌ ဖြစ်သောစိတ်တို့အား အတိတ်, အနာဂတ်လည်း ဖြစ်သော အာရုံသည် ဖြစ်၏။ ထို့ကြောင့် ထိုမနောဒွါရ ဖြစ်သော စိတ်တို့အား အတိမဟန္တာရုံ[၁] အစရှိသည်တို့၏ အစွမ်းဖြင့် အာရုံကို မှတ်ခြင်းငှါ မတတ်နိုင်၊ ထို့ကြောင့် ဝိဘူတာရုံ အဝိဘူတာရုံ၏ အစွမ်းဖြင့်သာလျှင် ထိုအတိတ်, အနာဂတ်

---

၁–မနောဒွါရ ဝိထိ၌ ပဉ္စဒွါရ ဝိထိကဲ့သို့ အတိမဟန္တာရုံ အစရှိသော အာရုံကို မမှတ်ခြင်းမှာ အတိမဟန္တာရုံ စသည်ကား ပဉ္စဒွါရ ပစ္စုပ္ပန် အာရုံ၌သာလျှင် ဖြစ်၏၊ မနောဒွါရိက စိတ်တို့ကား အတိတ်, အနာဂတ်, ပစ္စုပ္ပန်, ကာလဝိမုတ် ဖြစ်သော အာရုံတို့ကို အာရုံပြုသောကြောင့် အတိမဟန္တာရုံ-ဟု မမှတ်ရဘဲ ထင်သော အာရုံ, မထင်သော အာရုံအားဖြင့် ဝိဘူတာရုံ, အဝိဘူတာရုံ-ဟုသာ မှတ်အပ်သည်။

**ကာမဇော-မနောဒွါရ-ဝိဘူတာရုံငါးဝိထိချပုံ—**

(၁)" တိ -န-ဒ-မ-ဇော-ဇော-ဇော-ဇော-ဇော-ဇော-ဇော-ရုံ-ရုံ-ဘဝင်-ဘဝင်-ဘဝင်"ဘဝင်။

(၂)"တိ-တီ-န-ဒ-မ-ဇော-ဇော-ဇော-ဇော-ဇော-ဇော-ဇော-ရုံ-ရုံ-ဘဝင်-ဘဝင်-ဘဝင်"ဘဝင်။

(၃)" တိ -တီ-တီ- န-ဒ-မ-ဇော-ဇော-ဇော-ဇော-ဇော-ဇော-ဇော- ရုံ-ရုံ-ဘဝင် ဘဝင်"ဘဝင်။

(၄)"တိ -တီ-တီ-တီ-န-ဒ-မ-ဇော-ဇော-ဇော-ဇော-ဇော-ဇော-ဇော-ရုံ-ရုံ-ဘဝင်"။

(၅)"တိ-တီ-တီ-တီ-တီ-န-ဒ-မ-ဇော-ဇော-ဇော-ဇော-ဇော-ဇော-ဇော-ရုံ- ရုံ"

**အဝိဘူတာရုံ ၂-ဝိထိချပုံ—**

၁–" တိ -တီ-တီ-တီ-တီ-တီ- န- ဒ-မ- ဇော-ဇော-ဇော-ဇော-ဇော-ဇော-ဇော-ဘဝင်"ဘဝင်။

၂–"တိ-တီ-တီ-တီ-တီ-တီ-တီ-န-ဒ-မ-ဇော-ဇော-ဇော-ဇော-ဇော-ဇော-ဇော" ဘဝင်။

ဖြစ်သော အာရုံကို မှတ်ခြင်းငှါ "**ယဒိဝိဘူတမာရမ္မဏံ**" ဤသို့ အစရှိသော စကားကို မိန့်ဆိုအပ်၏။

---

**၂၃။ ။ဝိထိ စိတ္တာနိ တီဏေဝ၊ စိတ္တုပ္ပါဒါ ဒသေရိတာ။**
**ဝိတ္ထာရေန ပနေတ္ထေက၊ စတ္တာလီသ ဝိဘာဝယေ။**

**အယမေတ္ထ ပရိတ္တဇဝနဝါရော။**

ဤ မနောဒွါရ၌ ဖြစ်ကုန်သော ဝီထိစိတ် တို့ကို သာမညအားဖြင့် သုံးပါး အပြားရှိကုန်၏-ဟူ၍သာလျှင် မိန့်ဆို အပ်ကုန်၏၊ အထူးအား ဖြင့် စိတ် တို့၏ အသီး အသီး ဖြစ်သော အစွမ်းဖြင့် ၁၀-ပါးအပြား ရှိကုန်၏-ဟူ၍ မိန့်ဆိုအပ် ကုန်၏။ အကျယ် အားဖြင့် ၄၁-ပါး အပြား ရှိကုန်၏-ဟူ၍ ထင်စွာ ပြရာ၏၊ ဤ ဝီထိ သင်္ဂဟအရာ၌ ဤ ဆိုအပ် ပြီးသည်ကား ကာမဇော ဝါရကို ဆိုကြောင်း ဖြစ်သော နည်းတည်း။

---

၂၃။ ။**ဧတ္ထ**-ဟူသည်ကား၊ ဝါ-ဟူသော ပုဒ်ကို မနောဒွါရ၌ ဟု-အနက်ပေး။ ပဉ္စဒွါရ၌အသီး ဖြစ်ကုန်သော ဒွေးပဉ္စဝိညာဏ် ၁၀, မနောဓာတ်၃-ပါး၏ အစွမ်းဖြင့် ၁၃-ပါးသော စိတ်တို့၏ ထို မနောဒွါရ၌ မဖြစ်သောကြောင့် ၄၁-ပါး[၁] သော စိတ်တို့ကို ထင်စွာပြရာ၏။

ကာမဇောဝါရပြီး၏၊

---

**မနောဒွါရ အပ္ပနာဇောဝါရ**

**၂၄။ ။အပ္ပနာဇဝနဝါရေ ပန ဝိဘူတာဝိဘူတဘေဒေါ နတ္ထိ၊ တထာ တဒါရမ္မဏုပ္ပါဒေါ စ။**

---

၁—မနောဒွါရ ဝီထိဝယ် စိတ်တို့သည်၊ မနောဒွါရာဝဇ္ဇန်း, ဇော, တဒါရုံ ဟူ၍ ၃-ပါး ရှိကုန်၏၊ စိတ်အရေအတွက်အားဖြင့် မနောဒွါရာဝဇ္ဇန်း ၁-ပါး, ဇော ၇-ပါး, တဒါရုံ ၂-ပါးအားဖြင့် ၁၀-ပါးရှိကုန်၏၊ အကျယ်အားဖြင့် မနောဒွါရာဝဇ္ဇန်း ၁-ပါး, ဇော ၂၉-ပါး, တဒါရုံ ၁၁-ပါးအားဖြင့် ၄၁-ပါး ရှိကုန်၏-ဟုလို။

အပ္ပနာဇောဝါရ၌ ဝိဘူတ, အဝိဘူတ အပြားမရှိ၊ ထို့အတူ တဒါရုံတို့၏ ဖြစ်ခြင်း မရှိ။

---

၂၄။ ။အာရုံ၏ ထင်ရှားသော ကာလ၌သာ အပ္ပနာ ဖြစ်သော ကြောင့် ဝိဘူတ, အဝိဘူတအပြား [၁] မရှိ။

---

**၂၅။ ။တတ္ထ ဟိ ဉာဏသမ္ပယုတ္တ ကာမာဝစရ ဇဝနာနမဋ္ဌန္နံ အညတရသ္မိံ ပရိကမ္မော, ပစာရ, နုလောမ, ဂေါတြဘုနာမေန စတုက္ခတ္တုံ တိက္ခတ္တုမေဝ ဝါ ယထာက္ကမံ ဥပ္ပဇ္ဇိတွာ နိရုဒ္ဓါနန္တရမေဝ ယထာရဟံ စတုတ္ထံ ပဉ္စမံ ဝါ ဆဗ္ဗီသတိ မဟဂ္ဂတ လောကုတ္တရ-ဇဝနေသု ယထာဘိနီဟာရဝသေန ယံကိဉ္စိ ဇဝနံ အပ္ပနာဝီထိမောတရတိ၊ တတော ပရံ အပ္ပနာဝသာနေ ဘဝင်္ဂပါတောဝ ဟောတိ။**

အကျယ်ချဲ့ဦးအံ့—ထို အပ္ပနာဇော ဝါရ၌ ရှစ်ပါး ကုန်သော ဉာဏသမ္ပယုတ် ကာမာဝစရဇော တို့တွင် အမှတ် မရှိ တခုခုသော ဇောသည် ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘု အမည်ဖြင့် ၄-ကြိမ် ၎င်း, ၃-ကြိမ်၎င်း အစဉ်အတိုင်း ဖြစ်၍ ချုပ်သည် ရှိသော် ချုပ်သည်၏ အခြားမဲ့၌ ခိပ္ပါဘိည, ဒန္ဓာဘိည ပုဂ္ဂိုလ် တို့၌ ထိုက်သည် အား လျော်စွာ ၄-ကြိမ်မြောက် ဖြစ်၍၎င်း, ၅-ကြိမ်မြောက် ဖြစ်၍၎င်း ၂၆-ပါးသော မဟဂ္ဂုတ် လောကုတ္တရာဇော တို့တွင် ရူပ, အရူပ, လောကုတ္တရာ မဂ်,ဖိုလ် တို့အား လျော်စွာ သမထ,ဝိပဿနာ

---

၁—အပ္ပနာဇောဝါရ၌ ကသိုဏ်းပညတ် စသော မဟဂ္ဂုတ် အာရုံ, ဓာတ္ထုမဏအာရုံ-တို့ ထင်ထင်ရှားရှား ဖြစ်ပေါ်သော အခါ၌သာလျှင် အပ္ပနာဇော ဖြစ်နိုင်သောကြောင့် ဝိဘူတာရုံ တပါးသာ ဖြစ်၏၊ အဝိဘူတာရုံ မရှိ-ဟုမှတ်။

ကာမဇော, ကာမသတ္တဝါ, ကာမအာရုံ ဤအင်္ဂါသုံးပါးစုံမှ တဒါရုံ ကျနိုင်၍ ဤ၌ မဟဂ္ဂုတ်အာရုံ,အပ္ပနာဇော ဖြစ်သောကြောင့် တဒါရုံ မကျ-ဟုလို။

ဘာဝနာသို့ ရှေးရှု သည်၏ အစွမ်းဖြင့် အမှတ် မရှိ တခုခုသော ဇောသည် အပ္ပနာဝီထိသို့ သက်၏၊ ထို အပ္ပနာဝီထိသို့ သက်သည်မှ နောက်၌ အပ္ပနာဇော၏ အဆုံး၌ ဘဝင် ကျ၏။

---

## အပ္ပနာဝီထိကျပုံ

၂၅။ ။အကျယ်ချဲ့ဦးအံ့—ထို အပ္ပနာဇော ဝါရ၌ ၂၆-ပါး သော မဟဂ္ဂုတ်, လောကုတ္တရာ ဇောတို့တွင် အမှတ်မရှိ တခုခု သော ဇောသည် အပ္ပနာဝီထိသို့ သက်၏၊ ဤသို့ ပုဒ်စပ်ခြင်း,အနက် ပေးခြင်းကို ပြုအပ်၏။ ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘု အမည်ဖြင့် အစဉ်အတိုင်း ဖြစ်၍ ချုပ်သည် ရှိသော်-ဟု အနက် ယောဇနာ ရာ၏။

အကျယ်ချဲ့၍ပြဦးအံ့—ရှေးဦးစွာ စိတ်သည် အပ္ပနာကို ပြုပြင် တတ်သည် အဖြစ်ကြောင့် **ပရိကံ** [၁] မည်၏။ နှစ်ခုမြောက်သော စိတ် သည် အပ္ပနာ၏ အနီး၌ ဖြစ်သည် အဖြစ်ကြောင့် **ဥပစာရ** [၂] မည်၏။ ထိုစကားမှန်၏၊ မနီးလွန်းသော်လည်း မဝေးသည်၏ အဖြစ်ကြောင့် အပ္ပနာ၏ အနီး၌ ဖြစ်သည် မည်၏။

ဝါ-နည်းကား—အပ္ပနာသို့ ပကတူပနိဿယ အကြောင်း၏ အဖြစ်ဖြင့် ကပ်၍ ဖြစ်တတ်သောကြောင့် **ဥပစာ**-မည်၏။ ၃-ခု မြောက်သော စိတ်သည် ရှေးအဘို့၌ ပရိကံတို့အားရင်း, အထက်၌

---

၁—အပ္ပနာရချာန် ရရန် ကသိုဏ်းနိမိတ် စသည်ကို အာရုံပြုကာ ပွါးများအားထုတ်သော ယောဂီ ပုဂ္ဂိုလ်အား ဥဂ္ဂဟနိမိတ်, ပဋိဘာဂနိမိတ်များ ထင်လာလျက် အပ္ပနာ ဖြစ်လု လတ်သော် ကာမာဝစရကုသိုလ် ဉာဏသမ္ပယုတ်ဇော ၄-ပါးတို့တွင် တပါးပါးသော ဇောစိတ်သည် မန္ဒပညာပုဂ္ဂိုလ် ဖြစ်အံ့၊ ပရိကံ, ဥပစာ, အနုလုံ, ဂေါတြဘု-ဟုလေးကြိမ် တိက္ခပညာပုဂ္ဂိုလ် ဖြစ်အံ့၊ ဥပစာ, အနုလုံ, ဂေါတြဘု-ဟုသုံးကြိမ်ဖြစ်၏။

ထိုတွင် အပ္ပနာဈာန် ဖြစ်ပေါ်ရန် ပြုပြင် စီရင်တတ်သောကြောင့် **ပရိကံ**-မည်၏။

၂—အပ္ပနာဇော၏ အနီး၌ မကြာမီ အပ္ပနာ ဖြစ်ပေါ်ရန် ဖြစ်တတ်သောကြောင့် **ဥပစာ** မည်၏။

အပ္ပနာအားရင်း လျော်သည်၏ အဖြစ်ကြောင့် **အနုလုံ** [၁] မည်၏။ ၄-ခု မြောက် သော စိတ်သည် ကာမအနွယ်ကိုရင်း, ပုထုဇ္ဇန် အနွယ်ကိုရင်း၊ နှိပ်စက်တတ်သောကြောင့်၊ မဟဂ္ဂုတ် အနွယ်ကိုရင်း, လောကုတ္တရာ အနွယ်ကိုရင်း ပွါးစေတတ်သောကြောင့် **ဂေါတြဘု** [၂] မည်၏။ ၄-ပါးကုန်သော ဤအမည်တို့ကို ၄-ကြိမ် ဖြစ်ခြင်း၌ အကြွင်း မရှိသောအားဖြင့် ရအပ်ကုန်၏၊ ၃-ကြိမ် ဖြစ်ရာ၌ ဥပစာ, အနုလုံ, ဂေါတြဘု အမည်ဖြင့်သာလျှင် ရအပ်ကုန်၏။

အဋ္ဌကထာ၌ကား ရှေး၌ ဖြစ်ကုန်သော ၃-ပါးကုန်သော စိတ်တို့၏ရင်း၊ ၂-ပါးကုန်သော စိတ်တို့၏ရင်း သာမည အားဖြင့် ပရိကံ အစရှိသော အမည်ကို မိန့်ဆိုအပ်၏၊ ၄-ကြိမ်ရင်း၊ ၃-ကြိမ် ရင်း၊ ၅-ကြိမ်မြောက်ရင်း၊ ၄-ကြိမ်မြောက်ရင်း၊ ဖြစ်လတ့်သော အပ္ပနာအားလျော်စွာ ဖြစ်၍-ဤကား အဓိပ္ပါယ်တည်း။ ပရိကံ အစ ရှိသော အမည်တို့ကို အကြွင်း မရှိသော အားဖြင့် ရအပ်သော ဝါရကို ပြခြင်းငှါ **စတုက္ခတ္တုံ**-ဟူ၍ အစမှ မိန့်ဆိုအပ်၏၊ အရေအတွက် အစဉ်အားဖြင့်ကား ပဉ္စမံဝါ-ဟူ၍ အဆုံး၌ အရှင် အနုရုဒ္ဓါ ဆရာမြတ် မိန့်ဆို အပ်ပါသတည်း။

**ယထာရဟံ**-ဟူသည်ကား၊ ဝါ-ဟူသောပုဒ်ကို ခိပ္ပါဘိညပုဂ္ဂိုလ်, ဒန္ဓာဘိည ပုဂ္ဂိုလ်အား လျော်စွာ-ဟုအနက်ပေး။ ယင်းစကား ထင်ရှားအောင် ဘော်ပြဦးအံ့၊ ခိပ္ပါဘိညပုဂ္ဂိုလ်အား ၃-ကြိမ် ဖြစ်သော ကာမဇော၏ အခြားမဲ့၌ ၄-ကြိမ်မြောက်ဝယ် အပ္ပနာ စိတ်ဖြစ်၏၊ ဒန္ဓာဘိညပုဂ္ဂိုလ်အား ၄-ကြိမ်ဖြစ်သော ကာမဇော၏ အခြားမဲ့၌ ၅-ကြိမ်မြောက်ဝယ် အပ္ပနာစိတ်ဖြစ်၏။

---

၁–အောက်ပရိကံဇောအားရင်း, အထက်အပ္ပနာဇောအားရင်း လျော်စွာ ဖြစ်သော ကြောင့် **အနုလုံ**-မည်၏။

၂–ကာမအနွယ်ကို နှိပ်စက်တတ်သောကြောင့်ရင်း, ပုထုဇ္ဇန်အနွယ်ကို ဖြတ်တတ် သောကြောင့်ရင်း **ဂေါတြဘု**-မည်၏။

ဒွိဟိတ် ဉာဏဝိပ္ပယုတ် ဇော ၄-ပါးတို့သည် ဉာဏ်နှင့် မယှဉ်ကုန်၊ ဉာဏ်မှ ကင်းကုန်သည် ဖြစ်၍မခိုင်ခံ့, တုန်လှုပ် ချောက်ချားတတ်သဖြင့် ဈာန်တရားကို ကပ်၍ မရှုနိုင်ကုန်၊ အပ္ပနာအား အနန္တရူပနိဿယ ပစ္စည်း မတပ်နိုင်ကုန်သောကြောင့် ပရိကံ စသည် မဖြစ်နိုင်ကုန်-ဟုမှတ်။

## အပ္ပနာဇော လေးကြိမ် ငါးကြိမ်သာ ဖြစ်ကြောင်း

မရအပ်သော အာသေဝနပစ္စည်း ရှိသော အနုလုံသည် ဂေါတြဘုကို အကြင့်ကြောင့် ဖြစ်စေခြင်းငှါ မစွမ်းနိုင်၊ ရအပ်သော အာသေဝနပစ္စည်း ရှိသော်လည်း ၆-ကြိမ်မြောက်လည်း ဖြစ်သော ၇-ကြိမ်မြောက်လည်း ဖြစ်သော အပ္ပနာဇောသည် ဘဝင်နီးသည့် အဖြစ်ကြောင့် ကမ်းပါးပြတ် အနီး၌တည်သော ယောက်ျားကဲ့သို့၊ အပ္ပနာ၏ အစွမ်းဖြင့်တည်ခြင်း ဖြစ်ခြင်းငှါ မစွမ်းနိုင်၊ ထို့ကြောင့် ၄-ကြိမ်အောက်[၁] ယုတ်၍၎င်း, ၅-ကြိမ်ထက် အလွန်၎င်း အပ္ပနာဇော မဖြစ်နိုင်-ဟု မှတ်အပ်၏။

**ယထာဘိနိဟာရဝသေန**[၂] ဟူသည်ကား၊ ဝါ-ဟူသောပုဒ်ကို ရူပ, အရူပ, လောကုတ္တရာ မဂ်, ဖိုလ်တို့အား လျော်စွာ သမထ ဝိပဿနာ ဘာဝနာ စိတ်သို့ ရှေးရှု ဆောင်သည် အစွမ်းဖြင့် ဟု အနက်ပေး။ အပ္ပနာနှင့်စပ်သော စိတ် အဆက်ဆက်သည်

---

၁—ချောက်ကမ်းပါးသို့ ရှေးရှု ပြေးသော သူသည် ရပ်လိုသော် ကမ်းပါးနှင့် ကပ်၍ မရပ်ဝံ့ မရပ်နိုင်၊ ရပ်ပါကလည်း အရှိန်လွန်၍ ကမ်းပါးအောက် ချောက်ထဲသို့ ကျတတ်သကဲ့သို့ ထို့အတူ ထိုအပ္ပနာ ဇောတို့သည် ဘဝင်တည်းဟူသော ကမ်းပါးပြတ်နှင့် နီးကပ်လျက် ရှိသောကြောင့် ၆-ကြိမ်မြောက်၌သော်၎င်း, ၇-ကြိမ်မြောက်၌သော်၎င်း မဖြစ်နိုင်၊ ၄-ကြိမ်မြောက်, ၅-ကြိမ်မြောက်၌သာ ဖြစ်နိုင်, ကျနိုင်၏-ဟုမှတ်။

**အစစ္စာဖြစ်သောအာဒိကမ္မိကဈာန်အပ္ပနာဝီထိကျပုံ—**

(မန္ဒပညာ)န-ဒ-မ, ပ, ဥ, နု, ဂေါ, ဈာန်, ဘဝင်, ဘဝင်။
(တိက္ခပညာ)န, ဒ, မ, ဥ, နု, ဂေါ, ဈာန်, ဘဝင်, ဘဝင်။

**ဈာန်ဝင်စားသောသမာပတ္တိဝီထိကျပုံ—**

(မန္ဒပညာ) န,ဒ,မ,ပ,ဥ,နု,ဂေါ,ဈာန်,ဈာန်,ဈာန်များစွာ,ဘဝင်။
(တိက္ခပညာ),န,ဒ,မ,ဥ,နု,ဂေါ,ဈာန်,ဈာန်,ဈာန်များစွာ,ဘဝင်။

**မဂ်အပ္ပနာဝီထိကျပုံ—**

(မန္ဒပညာ)န,ဒ,မ,ပ,ဥ,နု,ဂေါ,မဂ်(သောတာပတ္တိမဂ်), ဖိုလ်, ဖိုလ်, ဘဝင်, ဘဝင်။
(တိက္ခပညာ)န,ဒ,မ,ဥ,နု,ဂေါ,မဂ် (အထက်မဂ်များ), ဖိုလ်, ဖိုလ်, ဘဝင်,ဘဝင်။

၂—ဖြစ်ပေါ်လာသော အပ္ပနာဇော ၂၆-ပါးတို့တွင် အမှတ်မရှိ ဟူးဟူးပြားပြား ဖြစ်ပေါ်လာသည်မဟုတ်၊ သမထကမ္မဋ္ဌာန်းကို အားထုတ်သော ယောဂီပုဂ္ဂိုလ်အား ရူပအပ္ပနာဇော, အရူပအပ္ပနာဇောများ ဖြစ်ပေါ်လာကုန်၏၊ ဝိပဿနာကမ္မဋ္ဌာန်းကို အားထုတ်သော ယောဂီပုဂ္ဂိုလ်အား လောကုတ္တရာ အပ္ပနာဇောတို့သည် ဖြစ်ကုန်၏။ သည်ကိုရည်၍ **''ယထာဘိနိဟာရဝသေန''**-ဟု မိန့်တော်မူ၏။

**အပ္ပနာဝီထိ**-မည်၏။ "တတော ပရံ ဘဝင်္ဂပါတော၀ ဟောတိ" ဟု ဤမျှ အတိုင်းအရှည်ရှိသော စကားကို ဆိုသည်ရှိသော် ၄-ကြိမ်မြောက်သော်ငင်း, ၅-ကြိမ်မြောက်သော်ငင်း သက်သော ကျသော အပ္ပနာမှ နောက်၌ ဘဝင်ကျသည်သာ ဖြစ်၏။ မဂ်၏ အခြားမဲ့၌ ဖိုလ်စိတ် မဖြစ်၊ ဤသို့ငင်း, ဖလသမာပတ္တိဝီထိ၌ ဈာန်စိတ် ဖိုလ်စိတ်တို့သည် အဖန်တလဲလဲ မဖြစ်ကုန်၊ ဤသို့ငင်း ယူကုန်ရာ၏-ဟု နှလုံးပိုက်၍ ထိုအယူကို တားမြစ်ခြင်းအကျိုးငှါ တဖန် **အပ္ပနာဝသာနေ**-ဟူသောစကားကို အနုရုဒ္ဓါ ဆရာမြတ် မိန့်ဆိုတော်မူအပ်ပါသတည်း။

မဟာဝိဟာရဝါသီဂိုဏ်းမှ တပါးဖြစ်ကုန်သော ဇေတဝနဝါသီဂိုဏ်း, အဘယဂိရိဝါသီ ဂိုဏ်းသားတို့သည် လောကီ အပ္ပနာတို့၌ ပဌမအပ္ပနာမှ နောက်၌ သတ္တမဇော ပြည့်ခြင်းငှာ ၂-ကြိမ် ၃-ကြိမ် ကာမာဝစရဇောတို့၏လည်း ဖြစ်ခြင်းကို ဘွင့်ဆိုကြကုန်၏။ ထိုဆရာတို့၏ အယူကို တားမြစ်ခြင်းငှာ ဘဝင်ကျသည်သာတည်းဟု အဝဓာရဏ အနက်ရှိသော ဧဝသဒ္ဒါနှင့်တကွ မိန့်ဆိုအပ်၏။

---

## အပ္ပနာဇောကျပုံ

၂၆။ ။**တတ္ထ သောမနဿသဟဂတဇဝနာနန္တရံ အပ္ပနာပိ သောမနဿသဟဂတာ၀ ပါဋိကင်္ခိတဗ္ဗာ၊ ဥပေက္ခာသဟဂတဇဝနာနန္တရံ ဥပေက္ခာသဟဂတာ၀။**

ထိုဉာဏသမ္ပယုတ် ကာမာဝစရဇော ရှစ်ခုတို့တွင် သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် ကာမာဝစရဇော ၄-ခုတို့၏ အခြားမဲ့၌ အပ္ပနာကိုလည်း သောမနဿသဟဂုတ် အပ္ပနာကိုသာလျှင် အလိုရှိအပ်၏။ ဥပေက္ခာသဟဂုတ် ဉာဏသမ္ပယုတ် ကာမာဝစရဇော ၄-ခုတို့၏ အခြားမဲ့၌ အပ္ပနာကိုလည်း ဥပေက္ခာသဟဂုတ် အပ္ပနာကိုသာလျှင် အလိုရှိအပ်၏။

---

## အပ္ပနာဇောကျပုံအဘွင့်

၂၆။ ။**တတ္ထ**-ဟူသည်ကား၊ ဝါ-ဟူသောပုဒ်ကို ထို ၈-ပါးသော ဉာဏသမ္ပယုတ် ကာမာဝစရဇောတို့တွင်ငင်း, ထို ၂၆-ပါး

သော မဟဂ္ဂုတ် လောကုတ္တရာဇော တို့တွင်ငှင်း၊ တနည်းကား— **တတ္ထ**-ဟူသည်ကား ထို အပ္ပနာဇောဝါရ၌ငှင်း-ဟု အနက်ပေး။

**သောမနဿ သဟဂတဇဝနာနန္တ ရံ**-ဟူသည်ကား၊ဝါ-ဟူသော ပုဒ်ကို သောမနဿသဟဂုတ် ဖြစ်ကုန်သော ၄-ပါးကုန်သော ကုသိုလ်,ကြိယာဇောတို့၏ အခြားမဲ့၌-ဟု အနက်ပေး။ **သောမန ဿသဟဂတာဝ**-ဟူသည်ကား ဈာန် ၄-ပါး အပေါင်း၏ငှင်း, သုက္ခဝိပဿက အရိယာပုဂ္ဂိုလ်, ဈာန်ရ အရိယာပုဂ္ဂိုလ်တို့၏ မဂ်, ဖိုလ်၏ငှင်း၊ အစွမ်းဖြင့် သောမနဿသဟဂုတ် ဇောကိုသာလျှင် အလိုရှိအပ်၏၊ ဥပေက္ခာသဟဂုတ်ဇောကို အလိုမရှိအပ်။ အဘယ့် ကြောင့် အလိုမရှိအပ်ပါသနည်း-ဟူမူ ပြားသော ဝေဒနာ ရှိကုန် သော ဇောတို့၏ အချင်းချင်း အာသေဝနပစ္စည်း အဖြစ်ကို မထုတ် ဆောင်အပ်သောကြောင့် အလိုမရှိအပ်။ **ပါဠိ ကဋီတဗ္ဗာ**-ဟူသည် ကား၊ ဝါ-ဟူသောပုဒ်ကို ချီးမွမ်းအပ်၏၊ အလိုရှိအပ်၏။ ဤသို့ ဆိုလို၏။

---

## အပ္ပနာဇောကျပုံ

၂၇။ ။**တတ္ထာပိ ကုသလဇဝနာနန္တ ရံ ကုသလဇဝနဋ္ဌေဝ ဟေဋ္ဌိမဥ္စ ဖလတ္တယမပ္ပေတိ၊ ကြိယဇဝနာနန္တ ရံ ကြိယဇဝနံ အရဟတ္တဖလဥ္စာတိ။**

ထိုသို့ တူသော ဝေဒနာ ရှိသော ဇော၏ ဝါရ၌လည်း မဟာ ကုသိုလ် ဉာဏသမ္ပယုတ်ဇော ၄-ခုတို့၏ အခြားမဲ့၌ မဟဂ္ဂုတ် လောကုတ္တရာ ကုသိုလ်ဇောသည်ငှင်း၊အောက်၌ဖြစ်သော ဖိုလ်ဇော ၃-ခုတို့၏ အပေါင်းသည်ငှင်း၊ အပ္ပနာ၏ အစွမ်းဖြင့် ဖြစ်၏၊ မဟာကြိယာ ဉာဏသမ္ပယုတ်ဇော ၄-ခုတို့၏ အခြားမဲ့၌ မဟဂ္ဂုတ် ကြိယာ ဇောသည်ငှင်း၊ အရဟတ္တဖိုလ် ဇောသည်ငှင်း အပ္ပနာ၏ အစွမ်းဖြင့် ဖြစ်၏၊ ဤသို့ သိအပ်၏။

---

## အပ္ပနာဇောကျပုံ

၂၇။ ။**တတ္ထာပိ**-ဟူသည်ကား၊ ဝါ-ဟူသောပုဒ်ကို ထိုတူသော ဝေဒနာ ရှိသော ဇော၏ ဝါရ၌-ဟု အနက်ပေး။ **ကုသလဇဝနာ-**

နန္တရံ-ဟူသည်ကား၊ လေးပါး အပြားရှိသော ဉာဏသမ္ပယုတ် ကုသိုလ်ဇော၏ အခြားမဲ့၌ ကုသိုလ်ဇောသည်သာလျှင် အပ္ပနာ အစွမ်းဖြင့်ဖြစ်၏၊ ကြိယာဇောသည် အပ္ပနာ အစွမ်းဖြင့် မဖြစ်။ အဘယ့်ကြောင့် မဖြစ်ပါသနည်း-ဟူမူပြားသော ပုဂ္ဂိုလ်၏ သန္တာန်၌ ဖြစ်သောကြောင့် မဖြစ်။အောက်၌ ဖြစ်သော ဖိုလ်ဇော သုံးခု အပေါင်းသည်လည်း သမာပတ္တိဝိထိ၌ အပ္ပနာ၏ အစွမ်းဖြင့် ဖြစ်၏။ ဤကား အဓိပ္ပါယ်တည်း။

## သင်္ဂဟဂါထာ

၂၀။ ။ဒွတ္တိံသ သုခပုညမှာ၊ ဒွါဒသောပေက္ခကာ ပရံ။
သုခိတကြိယတော အဋ္ဌ၊ ဆသမ္ဘောန္တိ ဥပေက္ခကာ။

သောမနဿသဟဂုတ် မဟာကုသိုလ် ဉာဏသမ္ပယုတ်ဇော နှစ်ခုမှ နောက်၌ ၃၂-ပါးကုန်သော အပ္ပနာဇောတို့သည် ဖြစ်ကုန်၏။ ဥပေက္ခာသဟဂုတ် မဟာကုသိုလ် ဉာဏသမ္ပယုတ်ဇော နှစ်ခုမှ နောက်၌ ၁၂-ပါးကုန်သော အပ္ပနာဇောတို့သည် ဖြစ်ကုန်၏။ သောမနဿသဟဂုတ် မဟာကြိယာ ဉာဏသမ္ပယုတ်ဇော ၂-ခုမှ နောက်၌ ၈-ပါးကုန်သော အပ္ပနာဇောတို့သည် ဖြစ်ကုန်၏၊ ဥပေက္ခာသဟဂုတ် မဟာကြိယာ ဉာဏသမ္ပယုတ်ဇော ၂-ခုမှ နောက်၌ ၆-ပါးကုန်သော အပ္ပနာဇောတို့သည် ဖြစ်ကုန်၏။

## သင်္ဂဟဂါထာအဘွင့်

၂၀။ ။သောမနဿသဟဂုတ် တိဟိတ်ကုသိုလ် ၂-ပါးမှ နောက်၌ အရဟတ္တဖိုလ်, ဝိပါက်, ကြိယာသည် ကြဉ်အပ်ကုန်သော လောကီ လောကုတ္တရာ ဈာန် ၄-ပါး အပေါင်း ဇောတို့၏ အစွမ်းဖြင့် ၃၂-ပါး[၁]သော အပ္ပနာဇောတို့သည်ဖြစ်ကုန်၏။ ဥပေက္ခာ တိဟိတ်

၁-ဤဂါထာဖြင့် အပ္ပနာ ဇောတို့၏ ကျပုံကို သေချာစွာ မှတ်ပြတော်မူ၏၊ ပြပုံကား— ရှေ့ဂေါတြဘု ဖြစ်သော မဟာကုသိုလ် သောမနဿ ပဋ္ဌမဒွေး၏ နောက်၌ ရူပါဝစရ ကုသိုလ် ဈာန် သောမနဿ ၄-ပါး, သောတာပတ္တိမဂ် သောမနဿ ၄-ပါး, သကဒါဂါမိမဂ် သောမနဿ ၄-ပါး, အနာဂါမိမဂ် သောမနဿ ၄-ပါး, အရဟတ္တမဂ် သောမနဿ ၄-ပါးအားဖြင့် သောမနဿ ၂၀, အောက်ဖိုလ် သောမနဿ ၁၂-ပါး အားဖြင့် ၃၂-ပါးသော သောမနဿ အပ္ပနာဇောတို့သည် ဖြစ်ကုန်၏။

ကုသိုလ် ၂-ခုမှ နောက်၌ ထို့အတူသာလျှင် ပဌမဈာန်ဇော ၁၂-ပါး[၁] သော အပ္ပနာဇောတို့သည် ဖြစ်ကုန်၏။ သောမနဿသဟဂုတ် တိဟိတ်ကြိယာ ၂-ခုမှ နောက်၌ ကြိယာဈာန် ၄-ပါးအပေါင်း၏၎င်း, အရဟတ္တဖိုလ်ဈာန် ၄-ပါးအပေါင်းတို့၏၎င်း အစွမ်းဖြင့် ၈-ပါး[၂] သော အပ္ပနာဇောတို့သည် ဖြစ်ကုန်၏။ ဥပေက္ခာ ကြိယာ တိဟိတ်ဇော ၂-ခုတို့မှ နောက်၌ ဥပေက္ခာသဟဂုတ် ရူပ, အရူပ ကြိယာ ၅-ခုအပေါင်း၏၎င်း, အရဟတ္တဖိုလ်၏၎င်း အစွမ်းဖြင့် ၆-ပါး[၃] သော အပ္ပနာဇောတို့သည် ဖြစ်ကုန်၏။

---

၁—မဟာကုသိုလ် ဥပေက္ခာ တတိယ ဒွေး၏ နောက်၌ ရူပါဝစရကုသိုလ် ပဌမဈာန် ၁-ပါး, အရူပ ကုသိုလ် ၄-ပါး, မဂ်၄-ပါး၏ ပဌမဈာန် ဥပေက္ခာ ၄-ပါး, အောက်ဖိုလ် ပဌမဈာန် ဥပေက္ခာ ၃-ပါးအားဖြင့် ၁၂-ပါးသော ဥပေက္ခာ အပ္ပနာဇောတို့သည် ဖြစ်ကုန်၏။

၂—မဟာကြိယာ သောမနဿ ပဌမဒွေး၏ နောက်၌ ရူပါဝစရကြိယာ သောမနဿ ဈာန်ဇော ၄-ပါး, အရဟတ္တဖိုလ် သောမနဿ ၄-ပါးအားဖြင့် ၈-ပါးသော သောမနဿ အပ္ပနာဇောတို့သည် ဖြစ်ကုန်၏။

၃—မဟာကြိယာ ဥပေက္ခာ တတိယ ဒွေး၏ နောက်၌ ရူပါဝစရ ကြိယာ ဥပေက္ခာ ဈာန်ဇော ၁-ပါး, အရူပါဝစရ ကြိယာ ဥပေက္ခာ ဈာန်ဇော ၄-ပါး, အရဟတ္တဖိုလ် ဥပေက္ခာ ဈာန်ဇော ၁-ပါးအားဖြင့် ၆-ပါးသော ဥပေက္ခာ အပ္ပနာဇောတို့သည် ဖြစ်ကုန်၏။

ဤသို့ ရှေးပရိကံ စသော ကာမာဝစရဇောတို့၏ နောက်၌ ဈာန်အပ္ပနာဇော, မဂ်အပ္ပနာဇောတို့သည် ဇာတ်, ဝေဒနာ ပြားပါမူ အာသေဝနပစ္စည်း မတပ်နိုင်သောကြောင့် ကာမသောမနဿဇောနောက် အပ္ပနာသောမနဿ စသော အပ္ပနာဇောတို့သာကျနိုင် ဖြစ်နိုင်ကုန်၏၊ မဟာကုသိုလ် နောက်၌လည်း မဟာကုသိုလ် စသော အပ္ပနာဇောတို့သည် ဖြစ်ကုန်၏-ဟုမှတ်။

ဤဂါထာဖြင့် ပုဂ္ဂိုလ်အရ ဖြစ်ထိုက် ဖြစ်နိုင်သော အပ္ပဇောတို့ကို ပြ၏။ ပြပုံကား—တိဟိတ် ပုထုဇ္ဇန် ၁-ယောက်, သေက္ခပုဂ္ဂိုလ် ၇-ယောက်, ဤ ၈-ယောက်သောပုဂ္ဂိုလ်တို့အား တိဟိတ် ကာမကုသိုလ် ၄-ခုနောက်၌ မဟဂ္ဂုတ် ကုသိုလ်အပ္ပနာ ၉-ပါး, မဂ်အပ္ပနာ ၂၀, အောက်ဖိုလ် အပ္ပနာ ၁၅-ပါးအားဖြင့် ၄၄-ပါးသော သောမနဿ ဥပေက္ခာ အပ္ပနာဇောတို့သည် ဖြစ်ကုန်၏။

အသေက္ခ ရဟန္တာ အရှင်မြတ်များအား တိဟိတ် ကာမကြိယာ ၄-ခုနောက်၌ မဟဂ္ဂုတ် ကြိယာ အပ္ပနာ ၉-ပါး, အရဟတ္တဖိုလ် ၅-ပါးအားဖြင့် ၁၄-ပါးသော သောမနဿ ဥပေက္ခာ အပ္ပနာဇောတို့သည် ဖြစ်ကုန်၏။

**၂၉။ ။အယမေတ္ထ မနောဒွါရေ ဝီထိစိတ္တပ္ပဝတ္တိနယော။**

ဤဝီထိသင်္ဂဟအရာ၌ ဤဆိုအပ်ခဲ့ပြီးသည်ကား မနောဒွါရ ဝီထိစိတ်တို့၏ ဖြစ်ခြင်းကို ဆိုကြောင်းဖြစ်သောနည်းတည်း။

---

၂၉။ ။**ဧတ္ထ**-ဟူသည်ကား၊ဤဝီထိသင်္ဂဟ အရာ၌-ဟု အနက်ပေး။

မနောဒွါရအပ္ပနာဇောဝါရအဘွင့်ပြီး၏။

---

**တဒါရမ္မဏ နိယမ တဒါရုံကျပုံ**

**၃၀။ ။သဗ္ဗတ္ထာပိ ပနေတ္ထ အနိဋ္ဌေ အာရမ္မဏေ အကုသလဝိပါကာနေဝ ပဉ္စဝိညာဏ သမ္ပဋိစ္ဆန သန္တီရဏ တဒါရမ္မဏာနိ။**

ဤ ဝီထိသင်္ဂဟ အရာ၌ အလုံးစုံသော ပဉ္စဒွါရ မနောဒွါရတို့၌လည်း အလိုမရှိအပ်သော မစင်, ခွေးကောင်ပုပ် အစရှိသော အာရုံ၌ [၁] အကုသိုလ်၏ အကျိုးသာလျှင် ဖြစ်ကုန်သော ပဉ္စဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, တဒါရုံတို့သည် ဖြစ်ကုန်၏။

---

၁–အောက်၌ ပဉ္စဒွါရိကဝီထိ, မနောဒွါရိကဝီထိအရ ဝီထိစိတ် ကျပုံ ဖြစ်ပုံကို သာမညအားဖြင့် ပြ၏၊ ယခုအခါ ထိုဝီထိစိတ်တို့ကို ကုသလဝိပါက်, အကုသလဝိပါက်-ဟု ဝိသေသအားဖြင့် ဝေဘန်၍ ပြတော်မူ၏၊ မကောင်းသော မစင်, ခွေးကောင်ပုပ် စသော အနိဋ္ဌာရုံကို မြင်ရမှုသည် မကောင်းသော အကုသိုလ်ကံကြောင့် မြင်ရသောကြောင့် အဟိတ် အကုသလဝိပါက်ဖြစ်သော ပဉ္စဝိညာဏ်အစ တဒါရုံအဆုံးရှိသော ဝီထိစိတ်တို့သည် ဖြစ်ကုန်,ကျကုန်၏။

## အနိဋ္ဌာရုံ၌တဒါရုံကျပုံ

၃၀။ ။**သဗ္ဗတ္ထာပိ**-ဟူသည်ကား၊ ဝါ-ဟူသောပုဒ်ကို ပဋ္ဌာဝါရ၊ မနောဝါရ၌လည်း-ဟု အနက်ပေး။ (အချို့စာတို့၌ သဗ္ဗထာပိ-ဟု ရှိ၏။)

---

## ဣဋ္ဌာရုံ၌တဒါရုံကျပုံ

**၃၁။ ။ဣဋ္ဌေ ကုသလဝိပါကာနိ။**

အလိုရှိအပ်သော ထမင်း, အဖျော်, အိပ်ရာ, နေရာ, အဝတ် တန်းဆာ အစရှိသော အာရုံ၌ ကုသိုလ်၏ အကျိုး ဖြစ်ကုန်သော ပဉ္စဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ, တဒါရုံတို့သည် ဖြစ်ကုန်၏။

---

## ဣဋ္ဌာရုံ၌တဒါရုံကျပုံအဘွင့်

၃၁။ ။**ဣဋ္ဌေ**-ဟူသည်ကား၊ ဝါ-ဟူသောပုဒ်ကို အလယ် အလပ် ကောင်းသော အာရုံ၌-ဟု အနက်ပေး။ အဘယ့်ကြောင့် **ဣဋ္ဌေ**-အရ ဣဋ္ဌမဇ္ဈတ္တာရုံ-ဟု ဘွင့်ရပါသနည်း-ဟူမူ၊ အတိဣဋ္ဌာရုံကို အသီးအခြား ဆိုလတ့်၊ ထို့ကြောင့်-ဟူလို။ ကုသလဝိပါက်[၁] ဖြစ်ကုန် သော ပဉ္စဝိညာဏ်, သမ္ပဋိစ္ဆိုင်း, သန္တီရဏ တဒါရုံတို့သည် ဖြစ်ကုန်၏-ဟု အနက်ပေးရာ၏။ဣဋ္ဌမဇ္ဈတ္တာရုံ၌ သန္တီရဏ, တဒါရုံတို့ သည် ဥပေက္ခာသဟဂုတ်သာ ဖြစ်ကုန်၏။ ထို့ကြောင့် "အတိဣဋ္ဌေ ပန သောမနဿသဟဂတာနေဝ" ဟု မိန့်ဆိုလေ၏။

---

၁—ရွှေအိမ်, ရွှေနန်းစသော ကောင်းသော ဣဋ္ဌာရုံကို မြင်ရမှုသည် ကုသိုလ်ကံကြောင့် မြင်ရသောကြောင့် အဟိတ် ကုသလဝိပါက် ဖြစ်သော ပဉ္စဝိညာဏ် အစ တဒါရုံ အဆုံးရှိသော ဝီထိစိတ်တို့သည် ဖြစ်ကုန်၏-ဟူလို။

## ဝိပါက်အမှန်ဖြစ်ပုံ

အဘယ့်ကြောင့် အတိဋ္ဌာရုံ၌ သောမနဿသဟဂုတ် ဖြစ်ပါ သနည်း-ဟူမူ၊ ဝိပါက်စိတ်၏ ကံ၏ တန်ခိုး အာနုဘော်ကြောင့် ဖြစ်သော်လည်း မှန်၌ မျက်နှာရိပ်ကဲ့သို့ အထူးကြံခြင်း မရှိသည်၏ အဖြစ်ကြောင့် အထူးကြံ၍ အာရုံကို ယူခြင်း မရှိသောကြောင့် အာရုံ အတိုင်းသာလျှင် ဝေဒနာနှင့် ယှဉ်ခြင်း ဖြစ်၏၊ ထို့ကြောင့် အတိဋ္ဌာရုံ[၁]၌ သောမနဿသဟဂုတ် ဖြစ်ကုန်၏။

## ကုသိုလ်အကုသိုလ်တို့သည်ဝိပါက်ကဲ့သို့ဇောအမှန်မဖြစ်ပုံ

ကုသိုလ် အကုသိုလ်တို့ကို မပယ်အပ်သေးသော ဝိပ္ပလ္လာသ တရား ရှိကုန်သော ပုထုဇ္ဇန် သန္တာန်တို့၌ ဖြစ်ခြင်းကြောင့် အလွန် နှစ်သက်ဘွယ် အာရုံ၌လည်း လျစ်လျူရှုသော အခြင်းအရာ, မနှစ် သက်သော အခြင်းအရာအားဖြင့် ယူခြင်း ဖြစ်၏၊ မနှစ်သက် အပ်သော အာရုံ၌သော်လည်း နှစ်သက်သော အခြင်းအရာ, လျစ်လျူရှုသော အခြင်းအရာအားဖြင့် ယူခြင်း ဖြစ်၏။ ထို့ကြောင့် ကုသိုလ်, အကုသိုလ်တို့သည် အာရုံအတိုင်း မဖြစ်ကုန်၊ ထို့ကြောင့် သဒ္ဓါတရား မရှိကုန်သော သူတို့အား အတိဋ္ဌာရုံ အစစ် ဖြစ်ကုန် သော ဘုရား အစရှိသည်တို့၌သော်လည်း ဥပေက္ခာဇော စော၏၊ တိတ္ထိ အစရှိသော သူတို့အားကား ဒေါမနဿဇော စော၏၊ နက်နဲသော သဘောရှိသောသူ အစရှိသည်တို့အားကား စက်ဆုပ် ဘွယ် မစင်စသော အာရုံ၌လည်း ဥပေက္ခာဇော စော၏၊ ထို စက်ဆုပ်ဘွယ် မစင်၌ပင်လျှင် ခွေးစသော သတ္တဝါတို့အား သောမနဿဇော စော၏၊ ရှေ့အဘို့ နောက်အဘို့၌ ဖြစ်ကုန်သော

---

၁–ဘုရား ရဟန္တာ စသော အလွန် နှစ်သက်ဘွယ် အတိဋ္ဌာရုံကို တွေ့မြင်သော အခါ အဟိတ် ကုသလဝိပါက် သောမနဿသဟဂုတ် ဖြစ်သော သန္တီရဏနှင့် တဒါရုံတို့သည် ဖြစ်ကုန်၏။

ဝိပါက်စိတ်တို့သည်ကား[၁] မစင်ကို မြင်သည့်ရှိသော် အလွန်နှစ်သက်သော စိတ်ရှိကုန်သော ခွေး အစရှိသော သတ္တဝါတို့အား အာရုံအတိုင်းသာလျှင် ဖြစ်ကုန်၏။ စင်စစ် ထိုသို့ဖြစ်သော်လည်း စက္ခုဝိညာဏ် စသောစိတ်တို့၏ကား အတိဣဋ္ဌာရုံ အနိဋ္ဌာရုံတို့၌ ဖြစ်ကုန်သော်လည်း ဥပေက္ခာသဟဂုတ်အဖြစ်၌ ဖြစ်ခြင်း အကြောင်းကို အောက်၌ ဆိုအပ်ခဲ့ပြီ။

---

၁–ဝိပါက်တို့မည်သည် အကျိုးတရားမျိုး ဖြစ်၍ ကြေးမုံပြင် မှန်အတွင်း၌ ထင်သော မျက်နှာရိပ်ကဲ့သို့ သက်သက်သော ကံ၏ တန်ခိုးသတ္တိအား လျော်စွာ ဖြစ်ရသောကြောင့် ကုသိုလ်, အကုသိုလ် ဇောများကဲ့သို့ ဣဋ္ဌကို အနိဋ္ဌ-ဟုရင်း, အနိဋ္ဌကို ဣဋ္ဌ-ဟုရင်း, ဘောက်ပြန်ကာ ကြံဆ၍ မယူနိုင်ပါဘဲ ထင်လာသော အာရုံအတိုင်းသာ ဝေဒနာနှင့် ယှဉ်ကာ ဖြစ်ရ၍ ဣဋ္ဌမဇ္ဈတ္တာရုံ၌ ဥပေက္ခာ,အတိဣဋ္ဌာရုံ၌ သောမနဿ ဖြစ်ရလေ၏-ဟုမှတ်။

## ဝိပါက်အမှန်-ဇောအပြန်

ကုသိုလ် အကုသိုလ်ဇောတို့သည် သညာဝိပ္ပလ္လာသ စသော ဝိပ္ပလ္လာသတရား မကင်းသေးသော ပုထုဇ္ဇန်, သေက္ခ ပုဂ္ဂိုလ်တို့၏ သန္တာန်၌ ဖြစ်သောကြောင့် အတိဣဋ္ဌာရုံကိုသော်လည်း ဣဋ္ဌမဇ္ဈတ္တာရုံ, အနိဋ္ဌာရုံ အခြင်းအရာအားဖြင့် ယူတတ်, ထင်တတ်ကုန်၏၊ အနိဋ္ဌာရုံကို စဉ်လျက် ဣဋ္ဌာရုံ, ဣဋ္ဌမဇ္ဈတ္တာရုံ အနေအားဖြင့် ယူတတ်, ထင်တတ်ကုန်၏။

ထိုစကား ထင်ရှားအောင် ဘော်ပြဦးအံ့။ ။ရတနာသုံးပါးကို မကြည်ညိုကုန်သော တိတ္ထိ စသော သူတို့အား ဘုရား အစရှိသော အတိဣဋ္ဌာရုံ အစစ်ကို တွေ့မြင်ရပါသော်လည်း အနိဋ္ဌအခြင်းအရာအားဖြင့် ဒေါသဇော စောကုန်၏၊ သဒ္ဓါတရားခေါင်းပါးသော သူတို့အား ဘုရား အစရှိသော အတိဣဋ္ဌာရုံကို ဘူးမြင်ရသော်လည်း လျစ်လျူရှုသော အခြင်းအရာအားဖြင့် ဥပေက္ခာဇော စောကုန်၏။

နက်နဲသော ဉာဏ်သဘော ရှိသော သူတို့အား စက်ဆုပ်အပ်သော မစင်, ခွေးကောင်ပုပ် စသော အနိဋ္ဌာရုံကို တွေ့မြင်ရသော်လည်း လျစ်လျူရှုသော အခြင်းအရာအားဖြင့် ဥပေက္ခာဇော စောကုန်၏၊ ခွေး,ဝက်,ကြွက်,ငှက်စသော တိရစ္ဆာန်တို့အား ၎င်း စက်ဆုပ်ဘွယ်ဖြစ်သော အနိဋ္ဌာရုံကိုပင် နှစ်သက်သော အခြင်းအရာအားဖြင့် သောမနဿ ဇောစောကုန်၏။

ဤသို့လျှင် မပယ်အပ်သော ဝိပ္ပလ္လာသ တရားရှိကုန်သော ပုဂ္ဂိုလ်တို့အား ဝိပ္ပလ္လာသ အဟုန်အစွမ်းအားဖြင့် ဘောက်ဘောက်ပြန်ပြန် ဖြစ်မှုကြောင့် အာရုံပင် မှန်သော်လည်း ကုသိုလ်ဇော အကုသိုလ်ဇောတို့သည် ဝေဒနာအမှန်နှင့် မယှဉ်နိုင်ကုန်၊ ဘောက်ပြန်ကုန်သောကြောင့်“**ဇောအပြန်**”ဟု ဆိုအပ်သည်။

ဝိပါက်မူကား အောက်၌ ဆိုအပ်ပြီးသော နည်းအတိုင်း ရှေးကုသိုလ်ကံ အကုသိုလ်ကံတို့၏ အကျိုးတရားမျိုး ဖြစ်၍ ကံတရား၏ ပြုပြင်သည်အား လျော်စွာ အကျိုး ဝိပါက်စိတ် ဝေဒနာတို့သည်လည်း အမှန်အတိုင်း ဖြစ်ရကုန်သောကြောင့် “**ဝိပါက်အမှန်**”ဟုဆိုအပ်ပါသတည်း။ ထိုစကားကိုရည်၍ “ဝိပါက်အမှန် ဇောအပြန်”ဟု မိန့်ဆိုတော်မူကြကုန်၏။

## သောမနဿတဒါရုံကျပုံ

**၃၃။ ။တတ္ထာပိ သောမနဿသဟဂတကြိယဇဝနာဝသာနေ သောမနဿသဟဂတာနေဝ တဒါရမ္မဏာနိ ဘဝန္တိ။**

ထိုတဒါရုံကောဒသတို့တွင်လည်း သောမနဿသဟဂုတ် ကြိယာဇော၏ အဆုံး၌ သောမနဿသဟဂုတ် တဒါရုံတို့သာ ဖြစ်ကုန်၏။

---

## သောမနဿတဒါရုံကျပုံအဘွင့်

၃၃။ ။**တတ္ထာပိ**-ဟူသည်ကား၊ ဝါ-ဟူသောပုဒ်ကို ထိုတဒါရုံတို့တွင်-ဟု အနက်ပေး။ **သောမနဿသဟဂတကြိယဇဝနာဝသာနေ**-ဟူသည်ကား၊ ဝါ-ဟူသောပုဒ်ကို သဟိတ်, အဟိတ် သုခသဟဂုတ် ကြိယာဇော ၅-ခုတို့၏ အဆုံး၌-ဟု အနက်ပေး။ ဘုရားရဟန္တာတို့အား စိတ်၏ ဘောက်ပြန်ခြင်း မရှိသောကြောင့် ကြိယာဇောတို့ သည်လည်း အဘရုံအား လျော်စွာသာ[၁] ဖြစ်ကုန်၏၊

---

၁-ဤစကားရင်ဖြင့် ဇောပေါင်း များစွာတို့တွင် ကြိယာဇော၏ နောက်၌ တဒါရုံ ကျပုံကိုသာ တိုက်ရိုက်ပြတော်မူ၏၊ ကြွင်းသော ဇောတို့၏ နောက်၌ တဒါရုံ ကျပုံကိုကား ပြတော်မမူချေ။ သို့ဖြစ်၍ တဒါရုံ ကျနည်းကို သိရှိရန် အကျယ်တဝင့် ဘွင့်ပြပေအံ့၊ အဟိတ် ဟသိတုပ္ပါဒ် ကြိယာဇော ၁-ပါး, မဟာကြိယာ သောမနဿဇော ၄-ပါး အားဖြင့် သောမနဿ ကြိယာဇော ၅-ပါး၏နောက်၌ သောမနဿ သန္တီရဏ ၁-ပါး, မဟာဝိပါက် သောမနဿ ၄-ပါးအားဖြင့် သောမနဿ တဒါရုံ ၅-ပါးတို့သည် ဖြစ်ကုန်, ကျကုန်၏။

မဟာကြိယာ ဥပေက္ခာဇော ၄-ပါး နောက်၌ မဟာဝိပါက် ဥပေက္ခာ ၄-ပါး, ဥပေက္ခာ သန္တီရဏ ၂-ပါး အားဖြင့် ဥပေက္ခာ တဒါရုံ ၆-ပါး ဖြစ်ကုန်, ကျကုန်၏။ အဘယ့်ကြောင့် အရှင် အနုရုဒ္ဓါ ဆရာမြတ်သည် ကြိယာ ဇောတို့၏ နောက်၌ တဒါရုံ ကျပုံကိုသာ သဘ်မှတ် ပြဆိုပါသနည်းဟူမူ၊ ၎င်းကြိယာဇောများသည် ဘုရား ရဟန္တာ အရှင်မြတ်များ၏ သန္တာန်တော်၌သာ ဖြစ်သောကြောင့် ၎င်းအရိယာ အရှင်တို့သည် အနိဋ္ဌာရုံကို တွေ့မြင်ပါက အနိဋ္ဌာရုံ-ဟုသာ ထင်မြင်တော်မူကြကုန်၏၊ ဘောက်ပြန်၍ဣဋ္ဌာရုံ-ဟု မထင်ကြကုန်၊ ဣဋ္ဌာရုံကိုတွေ့ရှိပါကလည်း ဣဋ္ဌာရုံ-ဟုသာထင်မြင်ကြကုန်၏ အနိဋ္ဌာရုံ-ဟုဘောက်ပြန်၍ မထင်ကြကုန်။ သို့သော် တပ်နှစ်သက်ခြင်း မရှိကြကုန်၊ ဤသို့ အထင်အမြင် မဘောက်ပြန်သောကြောင့် ဝိပါက်လည်း အမှန်ဖြစ်၏၊ ဇောလည်း အမှန်ဖြစ်၏၊ ဤကား ဘုရားရဟန္တာများ၏ တဒါရုံ ကျပုံတည်း။

တိဟိတ် ပုဂ္ဂိုလ်များအား တဒါရုံ ကောဒသ အကုန် ကျနိုင်ကုန်၏၊ ဒွိဟိတ် ပုဂ္ဂိုလ်, သုဂတိ အဟိတ် ပုဂ္ဂိုလ်တို့အား မဟာဝိပါက် ဉာဏဝိပ္ပယုတ် တဒါရုံ ၄-ပါး, အဟိတ် သန္တီရဏ ၃-ပါးအားဖြင့် တဒါရုံ ၇-ပါး ကျနိုင်၏၊ ဒုဂ္ဂတိ အဟိတ် ပုဂ္ဂိုလ်အား အဟိတ် သန္တီရဏ တဒါရုံ ၃-ပါးသာ ကျနိုင်၏။ ဤကား ပုထုဇ္ဇန် ပုဂ္ဂိုလ်နှင့် ကြွင်းအရိယာ ပုဂ္ဂိုလ်တို့၏ တဒါရုံ ကျပုံတည်း။

ထို့ကြောင့် ''သောမနဿသဟဂတကြိယာဇဝနာဝသာနေ'' ဤသို့ အစရှိသောစကားကို မိန့်ဆိုအပ်၏၊ အချို့သော ဆရာတို့သည်ကား ပဌာန်း၌—

''ကုသလာကုသလေ နိရုဒ္ဓေ ဝိပါကော တဒါရမ္မဏတာ ဥပ္ပဇ္ဇတိ''

ဟု-ကုသိုလ် အကုသိုလ်တို့၏ အခြားမဲ့၌ တဒါရုံကို ဟောတော်မူ၏၊ ထို့ကြောင့်ကြိယာဇောတို့၏ အခြားမဲ့၌ တဒါရုံကျခြင်းမရှိ-ဟု မိန့်ဆိုကုန်၏၊ ထို ကေစိဆရာတို့၏ ဝါဒ၌ အဖြေကို ဆိုဦးအံ့။ အဗျာကတ၏ အခြားမဲ့၌ တဒါရုံကို အကယ်၍ ဆိုငြားအံ့၊ ကာမ အာရုံ၌လည်း ဝုဋ္ဌော၏ အခြားမဲ့၌ ထိုတဒါရုံ၏ ဖြစ်ခြင်းကို အောက်မေ့မှတ်ထင်ကုန်ရာ၏။ ထို့ကြောင့် ကြိယာဇော၏ အခြားမဲ့၌ တဒါရုံ ကျသည်ကို မြတ်စွာဘုရား မဟောပေ၊ ထိုသို့ မဟောသော်လည်း မရထိုက်၍ မဟောခြင်းမဟုတ်၊ ထိုစကားမှန်၏၊ ရအပ်သော်လည်း တစုံတခုသော အဓိပ္ပါယ်ဖြင့် အချို့သောအရာ၌ မဟောခြင်းသည်ရှိ၏။ အဘယ်ကဲ့သို့နည်း-ဟူမူ၊ ဓမ္မသင်္ဂဏီကျမ်း၌ ဟဒယ ဝတ္ထုရုပ်ကို ရအပ်သော်လည်း ဒေသနာ၏ ပျက်ခြင်းကို ပယ်ခြင်းငှါ မဟောအပ်သကဲ့သို့တည်း။

---

## အာဂန္တုကဝီထိ

၃၅။ ။ဒေါမနဿသဟဂတဇဝနာဝသာနေ စ ပန တဒါ-ရမ္မဏာနိ စေဝ ဘဝင်္ဂါနိ စ ဥပေက္ခာသဟဂတာနေဝ ဘဝန္တိ။ တသ္မာ ယဒိ သောမနဿ ပဋိသန္ဓိကဿ ဒေါမနဿ သဟဂတဇဝနာဝသာနေ တဒါရမ္မဏ-သမ္ဘဝေါ နတ္ထိ၊ တဒါ ယံကိဉ္စိ ပရိစိတပုဗ္ဗံ ပရိတ္တာ-ရမ္မဏမာရဗ္ဘ ဥပေက္ခာသဟဂတ သန္တီရဏံဥပ္ပဇ္ဇတိ၊ တမနန္တရိတွာ ဘဝင်္ဂပါတော ဝ ဟောတီတိ ဝဒန္တိ အာစရိယာ။

ဒေါမနဿသဟဂုတ်ဇော၏ အဆုံး၌လည်း ဥပေက္ခာသဟဂုတ် သာလျှင် ဖြစ်ကုန်သော တဒါရုံတို့သည်၎င်း, ဘဝင်တို့သည်၎င်း,

အကြင့်ကြောင့် ဖြစ်ကုန်၏၊ ထို့ကြောင့် သောမနဿပဋိသန္ဓေရှိသော ပုဂ္ဂိုလ်အား ဒေါမနဿသဟဂုတ်ဇော၏ အဆုံး၌ တဒါရုံ ဖြစ်ခြင်းသည် အကယ်၍ မရှိအံ့။ ဤသို့ မရှိသော် ထိုအခါ၌ အမှတ်မရှိ တခုခုသော ရှေး၌ လေ့ကျက်ဘူးသော ကာမအာရုံကို အာရုံပြု၍ ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်သည်ဖြစ်၏၊ ထိုဥပေက္ခာ သဟဂုတ် သန္တီရဏအာဂန္တုကဘဝင်စိတ်ကို အနန္တရပစ္စည်းပြု၍ သောမနဿဘဝင် ကျ၏၊ ဤသို့ ဆရာတို့သည် ဆိုကုန်၏။

---

## အာဂန္တုကဝိထိအဘွင့်

၃၅။ ။ဒေါမနဿ သဟဂုတ် ဇော၏ အဆုံး၌ တဒါရုံတို့သည်ရင်း,ဘဝင်တို့သည်ရင်း ဥပေက္ခာ သဟဂုတ်သာလျှင် [၁] ဖြစ်ကုန်

---

၁—ဒေါမနဿနှင့် သောမနဿတို့သည် မီးနှင့် ရေကဲ့သို့ ပဋိပက္ခ ဆန့်ကျင်ဘက် ကျသောကြောင့် အနန္တရပစ္စည်း မတပ်နိုင်ကုန်၊ သို့ဖြစ်၍ ဒေါသဇော၏နောက်၌ သောမနဿ တဒါရုံ သောမနဿ ဘဝင်တို့ မဖြစ်နိုင်ကုန်၊ ဥပေက္ခာသည်ကား ချိန်သဘွယ် အလယ်အလတ် သဘော ရှိသောကြောင့် သောမနဿ နှင့်လည်း အချင်းချင်း အနန္တရပစ္စည်း တပ်နိုင်၏၊ ဒေါမနဿ နှင့်လည်း အချင်းချင်း အနန္တရပစ္စည်း တပ်နိုင်၏၊ သို့ဖြစ်၍ ဒေါမနဿ ဇော၏ နောက်၌ သောမနဿ တဒါရုံ မကျနိုင်၊ ဥပေက္ခာ တဒါရုံသာ, ဥပေက္ခာ ဘဝင်သာ ကျနိုင် ဖြစ်နိုင်ကုန်၏-ဟုမှတ်။

အမိပ္ပါယ် အကျယ်ကို ဤသို့သိ။ ။ပဋိသန္ဓေစိတ် ဘဝင်စိတ် စုတိစိတ်တို့သည် ဘုံ, ဇာတ်, သမ္ပယုတ္တ ဓမ္မ, ဝေဒနာ, သင်္ခါရ တို့အားဖြင့် မကွဲပြားသင့်ကုန်၊ မူလ ပဋိသန္ဓေ အခါက သောမနဿ ဝေဒနာနှင့် တကွ ဖြစ်သော စိတ်နှင့် ပဋိသန္ဓေ တည်နေခဲ့သော ပုဂ္ဂိုလ်အား ဘဝင် ကျခဲ့သော် သောမနဿ ဘဝင်သာ ကျရ၏။ သို့သော် အတိဣဋ္ဌာရုံ အစစ် ဖြစ်သော သက်တော် ထင်ရှား မြတ်စွာဘုရားကို တွေ့မြင်ရပါလျက် တိတ္ထိ စသော သူတို့သည် နှစ်သက်ခြင်း မဖြစ်နိုင်, မကြည်ညိုနိုင်ကြသဖြင့် သောမနဿ ဇောမကျနိုင် မဖြစ်နိုင်ပါဘဲ ဒေါသဇော စောကုန်၏၊ ထိုသို့ စောသောအခါမျိုး၌ စိစစ်လိုက်သော် ပဋိသန္ဓေစိတ်က သောမနဿစိတ် ဖြစ်၍ ဇောစိတ်ကား ဒေါသဇောဖြစ်၏၊ ပဋိသန္ဓေစိတ်ကိုထောက်သော် သောမနဿ တဒါရုံ, သောမနဿ ဘဝင်သာ ကျရလိမ့်မည်၊ သို့ ကျသင့်သော်လည်း ဇောက ဒေါသဇော ဖြစ်နေ၍ ဝေဒနာချင်း မတူသဖြင့် အနန္တရပစ္စည်း မတပ်နိုင် သောကြောင့် သောမနဿ တဒါရုံ, သောမနဿ ဘဝင်များ မကျနိုင်ကုန်၊ သို့ဖြစ်၍ ဒေါမနဿ ဇော မဖြစ်မီ ရှေးအခါ ကာလက မိမိ လေ့ကျက်နေကြ နှလုံးသွင်းမြဲ ဖြစ်သော ကာမ အာရုံကို အာရုံပြု၍ ဒေါသဇောကိုငဲ့ကာ ဥပေက္ခာ သဟဂုတ် သန္တီရဏ စိတ်သည် သန္တီရဏကိစ္စ စသည် မတပ်ပါဘဲ အာဝဇ္ဇန်း ကင်းလျက် အပိုအာဂန္တုက ဘဝင် ကိစ္စ တပ်၍ တကြိမ် ဖြစ်၏၊ ထို့နောက်မှ ၎င်း ဥပေက္ခာသဟဂုတ် သန္တီရဏ ဖြစ်သော အပို အာဂန္တုက ဘဝင်ကို အနန္တရပစ္စည်း ပြု၍ ပဋိသန္ဓေစိတ်နှင့် တူစွာ သောမနဿ ဘဝင် ဆက်၍ ကျလေ၏-ဟုမှတ်။

၏။ ဆန့်ကျင်သော သဘော ရှိသည်၏ အဖြစ်ကြောင့် သောမနဿ သဟဂုတ်တို့သည် မဖြစ်ကုန်။ ထိုကြောင့် ပဋ္ဌာန်းကျမ်း၌ ဒေါမနဿ ၏ အခြားမဲ့၌ သောမနဿစိတ်ကို မထုတ်ဆောင်အပ်၊ ထိုသောမ နဿစိတ်၏ အခြားမဲ့၌လည်း ဒေါမနဿကို မထုတ်ဆောင်အပ်၊ ထို့ကြောင့်—

> သုခါယ ဝေဒနာယ သမ္ပယုတ္တော ဓမ္မော သုခါယ ဝေဒ-
> နာယ သမ္ပယုတ္တဿ ဓမ္မဿ အနန္တရပစ္စယေန ပစ္စယော။

အစရှိသည်ဖြင့် သုခဝေဒနာ ဒုက္ခဝေဒနာနှင့် ယှဉ်ကုန်သော တရားတို့သည် မိမိ မိမိ၏ တူသောဝေဒနာနှင့် ယှဉ်ကုန်သော တရားတို့အားငင်း, အဒုက္ခမသုခဝေဒနာနှင့် ယှဉ်ကုန်သောတရားတို့ အားငင်း အနန္တရပစ္စည်၏ အဖြစ်ဖြင့် နှစ်ပါးနှစ်ပါးသောဝါရတို့၌ ဟောအပ်ကုန်၏၊ အဒုက္ခ မသုခဝေဒနာနှင့် ယှဉ်ကုန်သော တရား တို့သည် တူသောဝေဒနာနှင့် ယှဉ်သော တရားတို့အားငင်း, ဤ အဒုက္ခ မသုခ ဝေဒနာမှ တပါးသော ဝေဒနာ ၂-ပါးနှင့် ယှဉ်ကုန်သော တရားတို့အားငင်း အနန္တရ ပစ္စည်း အဖြစ်ဖြင့် သုံးပါးသောဝါရတို့၌ ဟောအပ်ကုန်၏၊ ဤသို့ ဝေဒနာတိက်၌ ၇-ပါးကုန်သော အနန္တရပစ္စည်း ဝါရတို့ကို ဟောအပ်ကုန်၏။

ဒေါမနဿ ဝေဒနာ၏ အခြားမဲ့၌ သောမနဿစိတ်သည်, သောမနဿ ဝေဒနာ၏ အခြားမဲ့၌ ဒေါမနဿစိတ်သည် အကယ်၍ ဖြစ်ငြားအံ့၊ ဤသို့ဖြစ်သည်ရှိသော် သုခဝေဒနာ ဒုက္ခဝေဒနာနှင့် ယှဉ်ကုန်သော စိတ်တို့၏လည်း အချင်းချင်း အနန္တရပစ္စည်း၏ အစွမ်းဖြင့် နှစ်ဝါရတို့ကို ပွား၍ ၉-ဝါရတို့ကို ဟောအပ်ကုန်ရာ၏၊ ဤသို့လည်း မဟောအပ်ကုန်။ ထို့ကြောင့် သုခဒုက္ခနှင့်ယှဉ်ကုန် သော . တရားတို့၏ အခြားမဲ့၌ ဖြစ်ခြင်းသည် မရှိ၊ ဆက်၍ ဆိုဦးအံ့၊ ဤဝိထိ သင်္ဂဟအရာ၌ **"သောမနဿသဟဂတဇဝနာဝသာနေ"** ဤသို့ အစရှိသည်ဖြင့် ဤဆိုလတ့ံသော မှတ်ခြင်းကို အရှင်အနုရုဒ္ဓါ ဆရာသည် ခွင့်ပြုတော်မူအပ်၏။

## ကေန္တတဒါရုံ ကျပုံကို မှတ်ပြခြင်း

ကာမာဝစရကုသိုလ်ဇော, ဒေါသမူဒွေးကြည်သော အကုသိုလ်ဇော,ကာမာဝစရသောမနဿသဟဂုတ် ကြိယာဇောမှ နောက်၌ သောမနဿသဟဂုတ် ဖြစ်ကုန်သော ငါးပါးကုန်သော တဒါရုံတို့တွင် တခုခုသော တဒါရုံသည် သတ္တဝါ အာရုံဖြစ်သင့်သည် အားလျော်စွာ ဖြစ်၏။ အကုသိုလ်ဇော ၁၂-ခုမှငင်း၊ ကာမကုသိုလ်ဇောမှငင်း၊ ဥပေက္ခာ သဟဂုတ်ဖြစ်သော ကြိယာ ဇောမှငင်း နောက်၌ ၆-ပါးကုန်သော ဥပေက္ခာသဟဂုတ် တဒါရုံ တို့တွင် တခုခုသော တဒါရုံသည် သတ္တဝါအာရုံအားလျော်စွာ ဖြစ်၏၊ အကြင့်ကြောင့် ဤဇောဖြင့် တဒါရုံကို မှတ်ပြခြင်းသည် လျဉ်းပါး ဘွယ်မရှိ, ကေန္တဖြစ်ဘိ၏။ ထို့ကြောင့် အထက်ပါ တဒါရုံ ကျပုံကို ခွင့်ပြုတော်မူအပ်၏။

ဉာဏာသမ္ပယုတ်ဇောနောင်မှ ဉာဏာသမ္ပယုတ် တဒါရုံဖြစ်၏၊ ဤသို့ အစရှိသော နည်းဖြင့် မှတ်ပြခြင်းသည်ကား ကေန္တ မဟုတ် သောကြောင့် ဇောဖြင့်သာလျှင် တဒါရုံကို မှတ်ခြင်းငှါ ခွင့်ပြုတော် မူ၏။

## အနေကန္တ တဒါရုံကျပုံကို မှတ်ပြခြင်း

တဒါရုံ ကျပုံကို အကျယ်ချဲ့၍ ပြဦးအံ့—များသောအားဖြင့် အကုသိုလ်ဇောတို့၌ လေ့ကျက်ခြင်းရှိသော ပုဂ္ဂိုလ်အား တရံတခါ ကုသိုလ်ဇောတို့သည် စောကုန်သော်ငင်း၊ ကုသိုလ်ဇောတို့၌လည်း လေ့ကျက်ခြင်းရှိသော ပုဂ္ဂိုလ်အား တရံတခါ အကုသိုလ်ဇော တို့သည် စောကုန်သော်ငင်း၊ အကုသိုလ်ဇော၏ အခြားမဲ့၌ ဖြစ်သော လေ့ကျက်ခြင်းဖြင့် တိဟိတ်ဇောမှ နောက်၌လည်း အဟိတ်တဒါရုံသည် ဖြစ်၏၊ ထို့အတူ ကုသိုလ်ဇော၏ အခြားမဲ့၌ ဖြစ်သော လေ့ကျက်ခြင်းဖြင့် အကုသိုလ်ဇောမှ နောက်၌လည်း

တိဟိတ်တဒါရုံသည်လည်း ဖြစ်သေး၏၊ ပဋိသန္ဓေကို ဖြစ်စေသော ကံမှ တပါးသော ကံကြောင့် တဒါရုံဖြစ်ရာ၌ ဆိုဘွယ်မရှိတော့ပြီ။

## ထို့ကြောင့် ပဋ္ဌာန်းပါဠိတော်၌

> အဟေတုကေ ခန္ဓေ အနိစ္စတော ဒုက္ခတော အနတ္တတော ဝိပဿတိ၊ ကုသလာကုသလေ နိရုဒ္ဓေ အဟေတုကော ဝိပါကော တဒါရမ္မဏတာ ဥပ္ပဇ္ဇတိ၊ ကုသလာကုသလေ နိရုဒ္ဓေ သဟေတုကော ဝိပါကော တဒါရမ္မဏတာ ဥပ္ပဇ္ဇတိ။

ဟု ဟောတော်မူ၏။

**တသ္မာ**-ဟူသည်ကား၊အကြင့်ကြောင့်ဒေါမနဿဇောအဆုံး၌ ဥပေက္ခာ သဟဂုတ် တဒါရုံ ဘဝင်တို့သည် သာလျှင်ဖြစ်ကုန်၏၊ ထို့ကြောင့် ဒေါမနဿ သဟဂုတ်ဇော၏ အဆုံး၌ ဥပေက္ခာ သဟဂုတ် သန္တီရဏတဒါရုံသည် ဖြစ်၏-ဟု ပုဒ်တို့ကို စပ်အပ်၏၊ ဝါ-အနက်ပေးရာ၏။ **သောမနဿပဋိသန္ဓိကဿ**-ဟူသော ဤပုဒ် ဖြင့်သာလျှင် ဒေါမနဿဇော၏ အခြားမဲ့၌ သောမနဿ ဘဝင်၏ မရှိခြင်းကြောင့် သောမနဿ ဘဝင်၏ ကျခြင်းမရှိသည်ကို အရှင် အနုရုဒ္ဓါဆရာသည် ပြတော်မူအပ်၏၊ ထို့ကြောင့် ဘဝင်မရှိခြင်းကို ပြကြောင်းဖြစ်သော စကားကို မဆိုမူ၍ တဒါရုံမရှိခြင်းကိုသာလျှင် ကြံတော်မူလိုသည်ဖြစ်၍ **"ယဒိ တဒါရမ္မဏသမ္ဘဝေါ နတ္ထိ"**ဟူသော ဤစကားကို မိန့်ဆို၏။

သောမနဿပဋိသန္ဓေရှိသော ပြစ်မှားသောစိတ်ရှိသော တိတ္ထိ အစရှိသောသူအား ဘုရားအစရှိသော အတိဣဋ္ဌာရုံ၌ သော်လည်း ဒေါမနဿဇောသည် စောသည်ရှိသော် ဆိုအပ်ပြီးသော နည်းဖြင့် သောမနဿတဒါရုံ၏ငှင်း, အတိဣဋ္ဌာရုံ၌လည်း ဥပေက္ခာတဒါရုံ၏ ငှင်း မဖြစ်သောကြောင့်ငှင်း၊ တစုံတခုသော မလျောက်ပတ်သော

အာရုံကြောင့် လျော်ကျသော လောကီ ဈာန်ကို အကြောင်း ပြု၍ "ငါ့အား မြတ်သော ဈာန်တရားသည် ပျက်စီးပြီ"ဟု နှလုံးမသာမယာ ဖြစ်သောသူအားလည်း ဒေါမနဿ ဇောသည် စောသည် ရှိသော် ကာမာဝစရအာရုံမှ တပါးသော မဟဂ္ဂုတ် အာရုံ၌ တဒါရုံ မဖြစ်ခြင်းကြောင့်၎င်း၊ တဒါရုံ ဖြစ်ခြင်းသည် အကယ်၍မရှိခဲ့သော်—ဤကား အရှင်အနုရုဒ္ဓါဆရာ၏ အလိုတော် တည်း။

**ပရိစိတပုဗ္ဗ**-ဟူသည်ကား၊ ရှေး၌လေ့လာဘူးသော ထိုဘဝ၌ ပင်လျှင် များသောအားဖြင့် ယူဘူးသော ကာမအာရုံကို အာရုံပြု၍ အာဝဇ္ဇန်းကင်းသော်လည်း ဥပေက္ခာသဟဂုတ် သန္တီရဏစိတ် သည်ဖြစ်၏၊ အဘယ်စိတ် ကဲ့သို့နည်း-ဟူမူ၊ နိရောဓသမာပတ်မှ ထသော အနာဂါမ်ပုဂ္ဂိုလ် ရဟန္တာ ပုဂ္ဂိုလ်အား အနာဂါမိဖိုလ် အရဟတ္တဖိုလ်စိတ်သည် အာဝဇ္ဇန်းကင်းသော်လည်း ဖြစ်သကဲ့သို့ တည်း၊ ဤကား အဓိပ္ပါယ်တည်း။ အဋ္ဌကထာဆရာတို့ အဘယ်သို့ မိန့်ဆိုပါသနည်း-ဟူမူ—

> နိရောဓဝုဋ္ဌံ ကထံ စိတ္တံ၊ ဟောတိ နေတဉ္စ သမ္မတံ။
> နိယမော န ဝိနာ ဝဇ္ဇံ၊ နိရောဓာ ဖလဒဿနာ။ ။

ဟု မိန့်ဆို၏။

အနက်ကား—နိရောဓသမာပတ် နောက်မှ ဖိုလ်၏ဖြစ်ခြင်း ကို ပြသောကြောင့် အာဝဇ္ဇန်းကင်း၍ စိတ်သည် အဘယ့်ကြောင့် မဖြစ်သနည်း၊ ထိုသို့ အာဝဇ္ဇန်းကင်း၍ စိတ်မဖြစ်ခြင်းကို ကောင်း စွာသိအပ်၏၊ မဖြစ်သည်သာလျှင်တည်း၊ အာဝဇ္ဇန်းကိုကြဉ်၍ စိတ် သည်မဖြစ်၊ ဤသို့ မှတ်ခြင်းသည် မရှိသည်သာလျှင်တည်း။

အဘယ်ကိစ္စဖြင့် ဤဥပေက္ခာသန္တီရဏစိတ်သည် ဖြစ်သနည်း၊ ဤသို့ မေးသည်ရှိသော် ဇော၏အာရုံကို မယူနိုင်သောကြောင့်

ရှေးဦးစွာ တဒါရုံကိစ္စဖြင့်လည်း မဖြစ်၊ အကြင်ခံယူအပ်ပြီးသော အာရုံကို စုံစမ်းသည် အစွမ်းဖြင့် မဖြစ်သောကြောင့် သန္တီရဏကိစ္စ ဖြင့်လည်း မဖြစ်၊ ပဋိသန္ဓေကိစ္စ စုတိကိစ္စ တို့ကား ဆိုဘွယ်မရှိ၊ ပါရိသေသနည်း အားဖြင့် ဘဝ၏ အကြောင်းဖြစ်သောကြောင့် ဘဝင်ကိစ္စဖြင့်ဖြစ်၏-ဟု ဆိုသင့်ရာ၏၊ ထိုစကားမှန်၏၊ ဆရာ ဓမ္မပါလ မထေရ် မြတ်သည်လည်း ဤအနက်ကို ပြဆိုအပ်၏။

ဆက်၍ဆိုဦးအံ့—ပဋိသန္ဓေ ဘဝင်တို့၏ သမ္ပယုတ္တဓမ္မအားဖြင့် ၎င်း၊ အာရုံအားဖြင့်၎င်း၊ တူရသည်အဖြစ်ကို ဆိုတော်မူလတ့ံ။ ထိုစကားကိုလည်း ယေဘုယျအားဖြင့် ဆိုအပ်သော်စကား-ဟု မှတ် အပ်၏။ ထိုစကားမှန်၏၊ ဤနေရာတခုကို ကြည့်၍ ပဋိသန္ဓေ ဘဝင် တို့၏ ဓမ္မ အာရုံ အားဖြင့် မတူသော အရာသည် မရှိပေ။

**တမနန္တရိတွာ**-ဟူသည်ကား၊ ဝါ-ဟူသောပုဒ်ကို ထိုဥပေက္ခာ သန္တီရဏကို မိမိအခြားမဲ့၌ ဖြစ်သည်အဖြစ်ကိုပြု၍-ဟု အနက်ပေး။ ထိုဥပေက္ခာသန္တီရဏ၏ အခြားမဲ့၌-ဟု အဓိပ္ပါယ်ကို မှတ်အပ်၏။

---

## တဒါရုံကျနိုင်သောဇော

**၃၆။ ။တထာ ကာမာဝစရဇဝနာဝသာနေ ကာမာဝစရ သတ္တာနံ ကာမာဝစရဓမ္မေသွေဝ အာရမ္မဏဘူတေသု တဒါရမ္မဏံ ဣစ္ဆန္တိ။**

ထို့အတူ ကာမာဝစရဇော၏အဆုံး၌ ကာမာဝစရသတ္တဝါတို့ အား ကာမာဝစရအာရုံတို့၌သာလျှင် တဒါရုံကျနိုင်၏-ဟု အလိုရှိ ကုန်၏။

## တဒါရုံကျနိုင်သောဇော

၃၆။ ။**ကာမာဝစရ။ပ။ဇုန္တာနံ**-ဟူသောပါဠိ၌[၁] ကာမတဏှာ လျှင် အကြောင်းရင်းရှိသော ကံသည်ဖြစ်စေအပ်သောကြောင့် ကာမာဝစရဇော၏ အဆုံး၌သာလျှင် တဒါရုံကျနိုင်၏-ဟု အလိုရှိကုန်၏။

---

၁—ဤပါဠိဖြင့် တဒါရုံ ကျနိုင်သော နည်းဥပဒေကို ပြ၏၊ တဒါရုံ ကျနိုင် ဖြစ်နိုင်မှုကား—

(၁) ကာမဘုံသားလည်း ဖြစ်စေ၊

(၂) ကာမဇော ကျသော အခါလည်း ဖြစ်စေ၊

(၃) ကာမ အာရုံလည်း ဖြစ်စေ ဤ အင်္ဂါ သုံးပါး ညီ၍ အတိမဟန္တာရုံ, ဝိဘူတာရုံ၌သာလျှင် တဒါရုံ ကျနိုင် ဖြစ်နိုင်၏။

အဘယ့်ကြောင့် ကာမ ဘုံသား များသာလျှင် တဒါရုံ ကျနိုင် ဖြစ်နိုင်၍ ရူပ ဗြဟ္မာ, အရူပ ဗြဟ္မာ တို့အား တဒါရုံ မကျနိုင် မဖြစ်နိုင်ပါသနည်း-ဟူမူ၊ တဒါရုံဟူသည် ကာမာဝစရ မဟာဝိပါက် စိတ် ၈-ပါးနှင့် အဟိတ် သန္တီရဏ စိတ် ၃-ပါး ပေါင်း ၁၁-ပါးသာဖြစ်၍ ၎င်းစိတ် ၁၁-ပါးတို့ သည်လည်း ကာမ ဘုံသားများ၏ ပဋိသန္ဓေစိတ် များသာ ဖြစ်သောကြောင့် ကာမဘုံသား များသာ တဒါရုံ ဖြစ်နိုင်၏၊ ရူပ ဗြဟ္မာ, အရူပ ဗြဟ္မာ များကား ၎င်း ကာမ ပဋိသန္ဓေ မျိုးစေ့ မရှိသောကြောင့် တဒါရုံ မဖြစ်နိုင်-ဟူမှတ်။

ဥပမာ ဆိုသော် မိမိ နေမြဲ အိမ်မှ တပါးသော အရပ်သို့ သွားလိုသော သူငယ်ကလေးသည် မိမိနှင့် အမြဲ နေဘော် ဖြစ်သော အမိ အဘ သို့မဟုတ် ဘကြီးဘထွေး စသော သူတို့၏ နောက်သို့ သာလျှင် လိုက်၏၊ သူစိမ်း ပြင်ပ ဖြစ်သော သူတို့၏ နောက်သို့ကား မလိုက်ဘိ သကဲ့သို့ ထို့အတူ သူငယ်နှင့် တူသော တဒါရုံ သည်လည်း အမိအဘနှင့် တူသော ကာမ ကုသိုလ် အကုသိုလ် ဇောတို့၏ နောက်၌၎င်း, ဘကြီး ဘထွေး စသည်တို့နှင့် တူသော မဟာကြိယာ ဇော၏ နောက်၌၎င်း ကျလေ ဖြစ်လေ၏၊ သူစိမ်း ပြင်ပနှင့် တူသော ရူပဇော, အရူပဇော, လောကုတ္တရာဇောတို့၏ နောက်၌ကား အချင်း ခပ်သိမ်း ကျရိုး ဖြစ်ရိုး မရှိပေ။

ကာမ အာရုံ၌ သာလျှင် တဒါရုံ ကျနိုင်၍ ပညတ် စသော အခြားသော အာရုံတို့၌ တဒါရုံ မကျနိုင်ပုံကား၊ တဒါရုံ စိတ်တို့သည် အာသေဝ၀ တရားဖြင့် အမြဲ ထုံအပ်သော ကာမအာရုံကိုသာ အာရုံပြုသော တရားဖြစ်၏၊ မဟဂ္ဂုတ် လောကုတ္တရာ ပညတ် အာရုံကို အာရုံပြုရိုး မရှိ၊ အာရုံ မပြုနိုင်၊ ဥပမာ အားဖြင့် ဆိုသော် ၎င်းသူငယ်သည် ဘကြီး ဘထွေး စသည် တို့၏ နောက်သို့ လိုက်ငြား သော်လည်း မိမိ သွားလာ နေကျ ဖြစ်သော အရပ်သို့ သာလျှင် လိုက်၏၊ တပါးသော မသွားလာဘူးသော တောအရပ် စသည်သို့မူ မလိုက် သကဲ့သို့ သူငယ်နှင့် တူသော တဒါရုံ သည်လည်း အာရုံ ပြုနေကြ ဖြစ်သော ကာမ အာရုံ၌သာ ဖြစ်၏၊ မဟဂ္ဂုတ် စသော အာရုံ ပြုရိုး မရှိသော အာရုံ၌ မဖြစ်နိုင်-ဟူလို။

တဒါရုံ မဖြစ် သော်လည်း စက္ခု ဝိညာဏ် သောတ ဝိညာဏ် စိတ်များမှ အဟိတ်ပင် ဖြစ်သော်လည်း ဖြစ်ကြ သေး၏၊ အကြောင်းကား စက္ခုန္ဓြေ သောတိန္ဒြေ ဖြစ်ခြင်း၏အစွမ်း အာနုဘော် ကြီးသောကြောင့်၎င်း,စက္ခုဒွါရဝီထိ သောတဒွါရဝီထိ တို့၌ သမ္ပဋိစ္ဆိုင်း သန္တီရဏ စိတ်ဘို့ ဖြစ်ခြင်း မြဲသောကြောင့်၎င်းစက္ခုဝိညာဏ် သောတဝိညာဏ် စိတ်များ ဖြစ်ကြ၏-ဟူလို။

## တဒါရုံမကျနိုင်သောဇော

တဒါရုံ မကျနိုင်သော ဇောကို ဆိုဦးအံ့၊ ကာမတဏှာလျှင် အကြောင်းရှိသော ကံသည်ဖြစ်စေအပ်သော ထိုတဒါရုံသည် ထို ကာမတဏှာ၏ အာရုံသဘောမရှိသော ရူပါဝစရဇော, အရူပါ ဝစရဇော, လောကုတ္တရာဇော၏ အခြားမဲ့၌ မဖြစ်နိုင်ပေ၊ အဘယ့် ကြောင့် မဖြစ်ပါသနည်း-ဟူမူ။ မဟဂ္ဂုတ်ကံ လောကုတ္တရာကံသည် တဒါရုံကို မဖြစ်စေနိုင်သောကြောင့်၎င်း, တဒါရုံကို ဖြစ်စေတတ် သော ကာမာဝစရကံနှင့် ဘုံအားဖြင့်တူသော သဘောမရှိသည်၏ အဖြစ်ကြောင့်၎င်း တဒါရုံမဖြစ်။

ဥပမာဖြင့် ထင်စွာပြဆိုဦးအံ့၊ အိမ်မှအပြင်ဘက်သို့ ထွက်လိုသော သူငယ်သည် အမိအဘကိုသော်၎င်း၊ ထိုအမိအဘနှင့်တူသော သူကို သော်၎င်း၊ လက်ချောင်းကိုကိုင်၍ ထွက်၏။ တပါးသော မင်းချင်း ယောကျ်ား အစရှိသူ၏ လက်ကိုကိုင်၍ မထွက်သကဲ့သို့၊ ဤအတူ ဘဝင် အာရုံ မှ တပါးသော အာရုံ၌ဖြစ်သော တဒါရုံသည် မိမိ ကိုဖြစ်စေတတ်သော ကာမာဝစရကုသိုလ် အကုသိုလ်သို့၎င်း၊ထိုကာ မာဝစရကံနှင့် ဘုံအားဖြင့်တူသော ကာမာဝစရကြိယာသို့၎င်း အစဉ်လိုက်၏။

ထိုကာမာဝစရဇောနှင့် ဘုံအားဖြင့် မတူကုန်သော မဟဂ္ဂုတ် လောကုတ္တရာ ဇောတို့သို့ အစဉ်မလိုက်ကုန်။ထို့အတူ ကာမာဝစရ သတ္တဝါတို့အား သာလျှင် တဒါရုံ ကျခြင်းကို အလိုရှိကုန်၏၊ ဗြဟ္မာ တို့အား တဒါရုံကျခြင်းကို အလိုမရှိကုန်၊ အဘယ့်ကြောင့်ဆိုသော် တဒါရုံဖြစ်ခြင်း၏ အကြောင်းရင်းဖြစ်သော ကာမာဝစရပဋိသန္ဓေ မျိုးစေ့၏ မရှိသောကြောင့် မဖြစ်-ဟူလို။

ထို့အတူ ကာမာဝစရ တရားဖြစ်ကုန်သော အာရုံတို့၌သာအလို ရှိကုန်၏၊ ဤကာမာဝစရမှ တပါးကုန်သော အာရုံတို့၌ လေ့ကျက် သော အာရုံ မဟုတ်သောကြောင့် အလိုမရှိကုန်၊ ဥပမာဖြင့် ထင် စွာပြဦးအံ့။ ထိုသူငယ်သည် အမိအဘသို့၎င်း၊ အမိအဘနှင့်တူသော သူသို့၎င်း၊ အစဉ်လိုက်သော်လည်း တောအစရှိသော မသွားဘူး

သော အရပ်သို့ သွားသည်ရှိသော် မလိုက်မူ၍ အိမ်ဦး ကြမ်းပြင် အစရှိသော သွားဘူးသော အရပ်သို့သာလျှင် အစဉ်လိုက်သကဲ့သို့ ထို့အတူ ဤတဒါရုံသည်လည်း ရူပါဝစရအစရှိသော မလေ့ကျက်ဘူးသော အာရုံကို အာရုံပြု၍ ဖြစ်သော ကာမာဝစရကုသိုလ် အကုသိုလ်သို့ငှငး၊ ထိုကာမာဝစရကံနှင့် ဘုံအားဖြင့် တူသော ကာမာဝစရကြိယာဇောသို့ငှငး မလိုက်။

တနည်းသော်ကား—ကာမ တဏှာနှင့် စပ်သော ကံသည် ဖြစ်စေအပ်သည် အဖြစ်ကြောင့်လည်း ထိုတဒါရုံသည် ကာမ တဏှာ၏ အာရုံဖြစ်ကုန်သော ကာမတရားတို့၌သာလျှင် ဖြစ်၏၊ ဤသို့ အနက်ကို ဆိုအပ်ပြီးသည်သာတည်း။ ဤစကား၌ အကျဉ်းရုံး၍ ဆိုသောဂါထာများကား—

ဇနကံ တံ သမာနံ ဝါ၊ ဇဝနံ အနုဗန္ဓတိ။
န တု အညံ တဒါလမ္ဗံ၊ ဗာလဒါရကလီလယာ။
ဗီဇဿာဘာဝတော နတ္ထိ၊ ဗြဟ္မာနမ္ပိ ဠမဿ ဟိ။
ပဋိသန္ဓိမနော ဗီဇံ၊ ကာမာဝစရသညိတံ။
ဌာနေ ပရိစိတေယေဝ၊ တံ ဌဒံ ဗာလကော ဝိယ။
အနုယာတီတိ နာညတ္ထ၊ ဟောတိ တဏှာဝသေန ဝါ။ ။

ဟူသည်တည်း။

အနက်ကား—တဒါရုံသည် မိမိကို ဖြစ်စေတတ်သော ကာမာဝစရ ကုသိုလ်ဇော အကုသိုလ်ဇောသို့ငှငး၊ ထို မိမိကို ဖြစ်စေတတ်သော ဇောနှင့် ဘုံအားဖြင့်တူသော ကာမာဝစရ ကြိယာဇောသို့ငှငး အစဉ်လိုက်၏။ တပါးသော မဟဂ္ဂုတ်ဇော လောကုတ္တရာဇောသို့ မလိုက်၊ ဤတဒါရုံ အစဉ်လိုက်ပုံကို သူငယ်၏ကစားသော ဥပမာဖြင့် ပြအပ်၏။ ကာမာဝစရပဋိသန္ဓေ ဟူသောအကြောင်း၏ မရှိသောကြောင့် ဗြဟ္မာတို့အားလည်း တဒါရုံ ဖြစ်ခြင်း မရှိ၊ ထိုစကားမှန်၏၊ ကာမာဝစရ-ဟု ခေါ်ဝေါ်အပ်သော ပဋိသန္ဓေ စိတ်သည် ဤတဒါရုံ၏ အကြောင်းဖြစ်၏။

သူငယ်သည် လေ့ကျက်ပြီးသည်သာလျှင် ဖြစ်သော အရပ်၌ အမိအဘသို့ငှင်း၊ ထိုမိဘနှင့်တူသော သူသို့ငှင်း လိုက်သကဲ့သို့ ထို့အတူ ဤတဒါရုံသည် လေ့ကျက်ဘူးသော ကာမာဝစရအာရုံ၌ ထိုကာမာဝစရဇောသို့ အစဉ်လိုက်၏၊ တပါးသော မဟဂ္ဂုတ် လောကုတ္တရာ ပညတ် ဖြစ်သော အာရုံသို့မလိုက်၊ တနည်းကား- ဤတဒါရုံသည် ကာမတဏှာ၏အစွမ်းကြောင့် ဖြစ်၏။

စေတနာဦးအံ့၊ ကာမာဝစရပဋိသန္ဓေ အကြောင်းမရှိသော ကြောင့်-ဟု ဆိုအပ်သည်မဟုတ်ပါလော၊ ထိုသို့ဆိုချေသော် ထိုမြဟ္မာ တို့အား စက္ခုဝိညာဏ် အစရှိသည်တို့၏လည်း မဖြစ်ခြင်းသို့ ရောက်ရာ၏။ ဤကား စေတနာခြင်းတည်း၊ အဖြေကား မရောက်၊ အဘယ့်ကြောင့် မရောက်သနည်း-ဟူမူ။ ဣန္ဒြေတို့၏ ဖြစ်ခြင်း-ဟု ဆိုအပ်သော အာနုဘော်ကြောင့်ငှင်း၊ ဒွါရဝီထိ အပြား၌ ဝီထိစိတ် ဖြစ်ခြင်း မြဲသောကြောင့်ငှင်း မရောက်-ဟူလို။

---

## မရဏာသန္နဇောဖြစ်ပုံ

**၃၉။ ။မန္ဒပဝတ္တိယံ ပန မရဏကာလာဒီသု ပဉ္စဝါရမေဝ။**

အထူးကိုဆိုဦးအံ့၊ နုံ့သည်ဖြစ်၍ ဖြစ်ခြင်းကြောင့် သေခါနီးကာလ အစရှိသည်တို့၌ ငါးကြိမ်သာလျှင်စောကုန်၏။

---

## မရဏာသန္နဇောဖြစ်ပုံအဘွင့်

၃၉။ ။**မန္ဒပဝတ္တိယံ**[၁] ဟူသည်ကား၊ ဝါ-ဟူသော ပုဒ်ကို သေခါနီးသော အခါ၌ ဝတ္ထုရုပ် အားနည်းသည် အဖြစ်ကြောင့် အလွန်အားနည်းစွာ ဖြစ်သော ကာမဇောအဟုန် ရှိသည်အဖြစ် ကြောင့် အားနည်းသည် ဖြစ်၍ဖြစ်သော အခါ၌-ဟု အနက်ပေး။

၁—သေခါ နီးသော အခါ, ဒုက္ခ ဝေဒနာ နှိပ်စက်၍ မျောမေ့ နေသော အခါ, သတိ လစ်၍ မေ့လျော့ နေသော ဝိသညီအခါ, အမိ ဝမ်းတွင်း၌ ပဋိသန္ဓေ တည်နေသော အခါ, အမိဝမ်းမှ ဘွားကာစ အခါမျိုးသည် **မန္ဒ ပဝတ္တိ**-အခါမျိုး မည်၏။

ငှင်းအခါမျိုးကား စိတ်တို့၏ မှီရာ ဝတ္ထု ရုပ်က အလွန် အားနည်းလှသောကြောင့် မှီသော ဇောစိတ်တို့သည်လည်း အားနည်း ကုန်၏၊ သို့ဖြစ်၍ ထိုအခါ မျိုး၌ ကာမ ဇောစိတ် တို့သည် ၇-ကြိမ် တိုင်အောင် မဖြစ် နိုင်ပါဘဲ ၆-ကြိမ်သော်ငှင်း,၅-ကြိမ် သော်ငှင်း ဖြစ်ကုန်၏-ဟူလို။

မရဏကာလာဒီသု၌ အာဒိသဒ္ဒါဖြင့် တွေဝေ မိန်းမောသော အခါကို သိမ်းယူ၏။

---

## မြတ်စွာဘုရား ယမိုက်ပြာဋိဟာပြသောအခါ ဇောဖြစ်ပုံ

၄၀။ ။**ဘဂဝတော ပန ယမကပါဋိဟာရိယကာလာဒီသု လဟုကပ္ပဝတ္တိယံ စတ္တာရိ ပဉ္စ ဝါ ပစ္စဝေက္ခဏစိတ္တာနိ ဘဝန္တီတိပိ ဝဒန္တိ**။

အထူးကိုဆိုဦးအံ့၊ မြတ်စွာဘုရား၏ ရေ-မီး အစုံစုံသော တန်ခိုးပြာဋိဟာကို ပြသောကာလတို့၌ လျင်စွာဖြစ်ခြင်းကြောင့် လေးကြိမ်ငါးကြိမ်ငါးကြိမ်ရင်း၊ ပစ္စဝေက္ခဏာဇောစိတ်တို့ ဖြစ်ကုန်၏-ဟု လည်း ဆရာတို့ ဆိုကုန်၏။

---

## မြတ်စွာဘုရား ယမိုက်ပြာဋိဟာပြသောအခါ ဇောဖြစ်ပုံအဘွင့်

၄၀။ ။**ဘဂဝတော၊ပ၊ဝဒန္တိ**-ဟူသည်ကား၊ မြတ်စွာဘုရား၏ ယမိုက်ပြာဋိဟာ[၁] ပြသော အခါအစရှိသည်တို့၌ ရေ အစုံ, မီး အစုံ

---

၁–မြတ်စွာဘုရားသည် တိတ္ထိတို့အား နှိပ်နင်းရန် စသောအခါတို့၌ ကိုယ်တော် အထက်ပိုင်းမှ မီးအဟုန် အောက်ပိုင်းမှ ရေအဟုန် ဤသို့ ရေမီးအစုံ ထွက်စေတော်မူခြင်း, မွေးညှင်းတခုမှ ရေအဟုန် မွေးညှင်းတခုမှ မီးအဟုန် ဤသို့ ရေမီး အစုံ ထွက်စေခြင်းကို ယမကပြာဋိဟာ တန်ခိုးတော်-ဟု ခေါ်သည်။ ထိုအခါ မျိုး၌ မီးအလို့ငှါ တေဇောကသိုဏ်းကို ပါဒကဈာန် ပြုကာ ဝင်စား၍ ထိုဈာန်မှ ထ၍ ဝင်စားသော စတုတ္ထဈာန် အင်္ဂါ ၂-ပါးကို သုံးသပ် ဆင်ခြင်တော်မူ၏၊ ထိုဈာန် အင်္ဂါကို ဆင်ခြင်ပြီးသော် ကိုယ်တော်၏အထက်ပိုင်းသည် မီးဖြစ်စေသတည်း-ဟုမိန့်ခွာန်တော်မူ၏၊ ထိုနောက် အဘိညာဏ် ဝင်စားကာ အဘိညာဏ်မှ ထတော်မူမှ အဘိညာဏ်အစွမ်းဖြင့် အထက် ကိုယ်တော်၌ မီးအဟုန် ဖြစ်ပေါ်လာ၏၊ ထို့အတူ ရေဖြစ်ပေါ်လာရန် အာပေါ ကသိုဏ်းကို ပါဒက ဈာန်ပြု၍ ဝင်စားခြင်း စသည်ကို ပြုမှ ရေအဟုန် ဖြစ်ပေါ်လာ၏၊ ဤသို့ မွေးညှင်းတော် အမျှ ရေမီးအစုံဖြစ်ရန် ဈာန်ဝင်စားတော်မူသော မြတ်စွာဘုရား၏ စိတ်တော်သည် အလွန် လျင်မြန်စွာ စီးဖြန်းပွါးများ၍ သောကြောင့် ၎င်းအခါမျိုး၌ ဈာန်ကို ဆင်ခြင်သုံးသပ်သော ပစ္စဝေက္ခဏာ ဇောတို့သည် ၄-ကြိမ် ၅-ကြိမ်သာစောကုန်၏။ သို့သော် မြတ်စွာဘုရား၏ ပစ္စဝေက္ခဏာ ဇောကို ရည်၍ ၄-ကြိမ်၊ ရဟန္တာများ၏ ပစ္စဝေက္ခဏာဇောကို ရည်၍ ၅-ကြိမ်ဟု ဆိုရသည်-ဟုမှတ်။

ဖြစ်ခြင်း အစရှိသော အကျိုး၄ွာ အသီးသီး ပါဒကဈာန်ကိုဝင်စား၍ ထိုပါဒကဈာန်မှထ၍ ဈာန်တရားတို့ကို အသီးသီး ဆင်ခြင်သော မြတ်စွာဘုရား၏ အာဝဇ္ဇနဝသီဘော် အဆုံးသို့ရောက်ခြင်းကြောင့် အာဝဇ္ဇန်းပြခန်းခြင်း ရှိသည်သာလျှင်ဖြစ်သော ပစ္စဝေက္ခဏာ စိတ်ကို အာရုံသို့ ဆွဲရှုဆောင်ခြင်းသည် ဖြစ်၏။ ထို့ကြောင့် မနောဒွါရာဝဇ္ဇန်းသည် ဆင်ခြင်အပ်ပြီးသော ဈာနင်လျှင် အာရုံ ရှိသော လေးကြိမ်သော်၎င်း၊ ငါးကြိမ်သော်၎င်း ပစ္စဝေက္ခဏာ ဇောစိတ်တို့သည် ဖြစ်ကုန်၏-ဟု အဋ္ဌကထာ ဆရာတို့သည် မိန့်ဆို ကုန်၏။ မြတ်စွာဘုရား ဟူသော စကားသည် နိဒဿနနည်းမျှ သာတည်း၊ အဘယ့်ကြောင့်ဆိုသော် တပါးကုန်သော တရား စစ်သူကြီးဖြစ်ကုန်သော အရှင်သာရိပုတ္တရာအစရှိသော အရှင်တို့ ၏လည်း၊ ဤသို့သဘောရှိသော အဆောတလျှင် ပြုအပ်သော အခါ၌ ၇-ကြိမ် မပြည့်သော ဇောတို့၏ ဖြစ်သောကြောင့် နိဒဿန နည်းမျှသာတည်း၊ ထိုစကားမှန်၏၊ အဋ္ဌကထာ၌လည်း—

> ''အယဥ္စ မတ္ထကပ္ပတ္တာ ဝသိတာ ဘဂဝတော
> ယမကပါဋိဟာရိယကာလေ အညေသံ ဝါ
> ဧဝရူပေ ကာလေ''

ဟု မိန့်တော်မူအပ်၏။

အနက်ကား—အဆုံးသို့ ရောက်သော ဤဝသီဘော်သည် မြတ်စွာဘုရား၏ ရေ မီးအစုံအစုံ တန်ခိုးပြာဋိဟာကို ပြသောအခါ ၌၎င်း၊ ဘုရားမှတပါးကုန်သော အရှင်သာရိပုတ္တရာ အစရှိကုန်သော သာဝကတို့၏၊ ဤသို့သဘောရှိသော အခါတို့၌၎င်း ဖြစ်၏။

**''စတ္တာရိပဉ္စဝါ''** ဟူသော ထိုစကားကို ရင့်သောဇွန္ဒြေ,နုသော ဇွန္ဒြေ တို့၏အစွမ်းအားဖြင့် ယူအပ်၏-ဟု ဆရာဓမ္မပါလမထေရ်သည် မိန့်ဆိုအပ်၏၊ ထို့ကြောင့် မြတ်စွာဘုရားအား လေးကြိမ်၊ တပါး သော သာဝကတို့အား ငါးကြိမ်တို့သည် ဖြစ်ကုန်၏-ဟူသော ဤအဆုံးအဖြတ်စကားသည် သင့်အံ့ထင်၏။

## မဟဂ္ဂုတ် ဇောကျပုံ

**၄၁။ ။အာဒိကမ္မိကဿ ပန ပဌမကပ္ပနာယံ မဟဂ္ဂတ-ဇဝနာနိအဘိညာဇဝနာနိစ သဗ္ဗဒါပိ ဧကဝါရမေဝ ဇဝန္တိ၊ တတော ပရံ ဘဝင်္ဂပါတော။**

အစဉ်ကမ္မဋ္ဌာန်းစီးဖြန်းခြင်း အမှုရှိသော ပုဂ္ဂိုလ်အား ရှေးဦးစွာသောအပ္ပနာ၌ မဟဂ္ဂုတ်ဇော[၁] တို့သည် တကြိမ်သာလျှင် ဇောကုန်၏၊ အဘိညာဏ်ဇော[၂] တို့သည်လည်း အခါခပ်သိမ်း တကြိမ်သာလျှင် ဇောကုန်၏၊ ထိုမဟဂ္ဂုတ်ဇော အဘိညာဏ်ဇော ချုပ်သည်မှ နောက်၌ ဘဝင်ကျ၏။

---

## မဟဂ္ဂုတ်ဇောကျပုံအဘွင့်

၄၁။ ။**အာဒိကမ္မိကဿ** - ဟူသည့်ကား၊ ဝါ - ဟူသောပုဒ်ကို အပ္ပနာ၏ ရှေ့အဘို့၌ပြုအပ်သော ကမ္မဋ္ဌာန်းစီးဖြန်းမှုရှိသော ပုဂ္ဂိုလ်အား-ဟု အနက်ပေး။ ရှေးဦးစွာဖြစ်သော အပ္ပနာသည် ပဌမကပ္ပနာမည်၏၊ အဘိညာဏ် ဇောတို့သို့လည်း **ပဌမကပ္ပနာယံ**-ဟူသော ဤပုဒ်သည် လိုက်ရာ၏-ဟု နှလုံးပြု၍ **သဗ္ဗဒါပိ**-ဟူသော ဤပုဒ်ကို အရှင်အနုရုဒ္ဓါဆရာမြတ် မိန့်ဆိုတော်မူသတတ်။

ရှေးဦးစွာ ဖြစ်သော အခါ၌ရင်း လေ့လာပြီးသော ဝသီဘော် ရှိသော အခါ၌ရင်း၊ ငါးပါးသော အဘိညာဏ်ဇောတို့သည်တကြိမ် သာလျှင် ဇောကုန်၏၊ ဤအနက်ကိုမှတ်အပ်၏။

---

၁—မဟဂ္ဂုတ်ဇောသည် တကြိမ်တည်းဖြင့်ပင် ကိလေသာတို့ကို ဝိက္ခမ္ဘန သတ္တိဖြင့် ပယ်ဖျက်နိုင်သောကြောင့် တကြိမ်သာ ဖြစ်၏။

၂—အဘိညာဏ် ဇောသည်ကား တကြိမ်တည်းဖြင့်ပင် တန်ခိုး အမျိုးမျိုးကိုဖန်ဆင်းနိုင်သောကြောင့်တကြိမ်သာဖြစ်၏။

## မဂ်ဇော ကျပုံ

**၄၂။ ။စတ္တာရော ပန မဂ္ဂုပ္ပါဒါ ကေစိတ္တက္ခဏိကာ၊ တတော ပရံ ဒွေ တီဏိ ဖလစိတ္တာနိ ယထာရဟံ ဥပ္ပဇ္ဇန္တိ၊ တတော ပရံ ဘဝင်္ဂပါတော။**

လေးပါးကုန်သော မဂ်ဖြစ်ခြင်းတို့သည် [၁] စိတ္တက္ခဏတချက်သာ ရှိကုန်၏၊ ထိုမဂ်စိတ်ချုပ်သည်မှနောက်၌ ၂-ကြိမ် ၃-ကြိမ်သော ဖိုလ်စိတ်တို့သည် [၂] ဒန္ဓာဘိညာ ပုဂ္ဂိုလ်,ခိပ္ပါဘိညာပုဂ္ဂိုလ်တို့၌ထိုက်သည်အားလျော်စွာ ဖြစ်ကုန်၏၊ ထိုဖိုလ်စိတ်ချုပ်သည်မှနောက်၌ ဘဝင်ကျ၏။

---

## မဂ်ဇောကျပုံအဘွင့်

၄၂။ ။မဂ်တို့သည်သာလျှင် ဖြစ်ကုန်သောကြောင့် **မဂ္ဂုပ္ပါဒါ** မည်၏၊ **ယထာရဟံ** [၃] ဟူသည်ကား၊ ဝါ-ဟူသောပုဒ်ကို ငါးကြိမ်မြောက်၌၎င်း၊ လေးကြိမ်မြောက်၌၎င်း ဖြစ်သောမဂ်အားလျော်စွာ ဟု အနက်ပေး။

## ဖိုလ်စိတ် ၂-ကြိမ် ၃-ကြိမ် ဖြစ်ရပုံ

ထိုစကားမှန်၏၊ တခုတခုသော အာဝဇ္ဇန်းရှိသော ဝီထိ၌ ၇-ကြိမ် သော ဇောအတိုင်းအရှည် ရှိသည်၏ အဖြစ်ကြောင့် လေးကြိမ်မြောက် ဖြစ်သော မဂ်မှ နောက်၌ ၃-ကြိမ်ကုန်သော ဖိုလ်စိတ်တို့သည် ဖြစ်ကုန်၏၊ ငါးကြိမ်မြောက်သော မဂ်မှ နောက်၌ နှစ်ကြိမ်သာလျှင် ဖြစ်ကုန်သော ဖိုလ်စိတ် တို့သည် ဖြစ်ကုန်၏။

---

၁—မဂ်စိတ်တို့ မည်သည် ဝရဇိန် မိုးကြိုးပမာ အလွန်တရာအရှိန် ပြင်းထန်သော ဝဇီရူပမာ တရားမျိုး ဖြစ်သဖြင့် ဆိုင်ရာ ကိလေသာတို့ကို အကြိမ်ကြိမ် ပယ်ဖျက်ဘို့မလို၊ တကြိမ်တည်းဖြင့်သာ ပယ်ဖျက် နိုင်သောကြောင့် တကြိမ်သာ ဖြစ်ကုန်၏။

၂—ဖိုလ်စိတ် များကား မဂ်ဖြင့် အကြွင်းမဲ့ သဘ်အပ် ပယ်ဖျက်အပ်ပြီးသော ကိလေသာတို့၏ အရှိန်ကို နောက်ထပ် အပြီးသတ် ငြိမ်းအေးစေသော တရားမျိုး ဖြစ်သောကြောင့် ၂-ကြိမ်, ၃-ကြိမ် စောရကုန်၏။

၃—ယထာရဟံ-အရ တိက္ခပုဂ္ဂိုလ်ကိုရည်၍ ၂-ကြိမ်, မန္ဒပုဂ္ဂိုလ်ကို ရည်၍ ၃-ကြိမ် ဖိုလ်ဇော စောသည်-ဟူလို။

## နိရောဓသမာပတ် အခါ ဇောဖြစ်ပုံ

**၄၃။ ။နိရောဓသမာပတ္တိကာလေ ဒွိက္ခတ္တုံ စတုတ္ထာရုပ္ပဇဝနံ ဇဝတိ၊ တတော ပရံ နိရောဓံ ဖုသတိ၊ ဝုဋ္ဌာနကာလေ စ အနာဂါမိဖလံ ဝါ အရဟတ္တဖလံ ဝါ ယထာ-ရဟမေကဝါရံ ဥပ္ပဇ္ဇိတွာ နိရုဒ္ဓေ ဘဝင်္ဂပါတောဝ ဟောတိ။**

နိရောဓသမာပတ်ကို ဝင်စားသည်မှ ရှေးအဘို့ ကာလ၌ နှစ်ကြိမ် စတုတ္ထအရူပ နေဝသညာနာသညာယတန ကုသိုလ်ဇော ကြိယာဇောသည် စော၏၊ ထိုကုသိုလ်ဇော ကြိယာဇော ချုပ်သည်မှ နောက်၌ စိတ် စေတသိက် စိတ္တဇရုပ်တို့သည် ချုပ်ခြင်းသို့ ရောက်ကုန်၏၊ နိရောဓသမာပတ်မှ ထသောအခါ၌ အနာဂါမိဖိုလ်ဇောသည်၎င်း၊ အရဟတ္တဖိုလ်ဇောသည်၎င်း၊ အနာဂါမ်, ရဟန္တာ, ပုဂ္ဂိုလ်တို့၌ ထိုက်သည်အားလျော်စွာ တကြိမ်ဖြစ်၍ ချုပ်ပြီးသော် ဘဝင်ကျလေ၏။

---

## နိရောဓသမာပတ် အခါ ဇောဖြစ်ပုံအဘွင့်

၄၃။ ။**နိရောဓသမာပတ္တိကာလေ**-ဟူသည်ကား၊ ဝါ-ဟူသော ပုဒ်ကို နိရောဓသမာပတ်[၁] ကို မဝင်စားမီ ရှေးအဘို့၌-ဟု အနက်ပေး။ **စတုတ္ထာရုပ္ပဇဝနံ**-ဟူသည်ကား၊ ဝါ-ဟူသောပုဒ်ကို ကုသိုလ် ကြိယာတို့တွင် တပါးပါးသော နေဝသညာ နာသညာ ယတန ဇောသည်-ဟု အနက်ပေး။အနာဂါမိပုဂ္ဂိုလ်, ရဟန္တာပုဂ္ဂိုလ်တို့သည် သာလျှင် နိရောဓသမာပတ်ကို ဝင်စားနိုင်ကုန်၏၊ သောတာပန် သကဒါဂါမိပုဂ္ဂိုလ်တို့သည် မဝင်စားနိုင်ကုန်၊ထို့ကြောင့် အနာဂါမိ ဖလံဝါ အရဟတ္တဖလံဝါ-ဟူသောစကားကို မိန့်ဆိုအပ်၏။

---

၁–အစဉ်အတိုင်း ချုပ်ခြင်း၏ အစွမ်းဖြင့် စိတ် စေတသိက်တို့၏ မဖြစ်ခြင်းသည် **နိရောဓ သမာပတ်**-မည်၏၊ ၎င်းနိရောဓ သမာပတ်ကို သင်္ခါရတရားတို့၏ ဖြစ်မှု ပျက်မှုဖြင့် နှိပ်စက်ခနေခြင်းကို စက်ဆုပ်၍ မျက်မှောက်သော ကိုယ်၏ အဖြစ်၌ နိဗ္ဗာန် ဝင်စံသကဲ့သို့ ချမ်းသာစွာ နေထိုင်ခြင်း အကျိုးငှါ သမာပတ် ရှစ်ပါးကို ရသော အနာဂါမ်, ရဟန္တာ ပုဂ္ဂိုလ် တို့သည် နိရောဓ သမာပတ်ကို ဝင်စားတော် မူကြကုန်၏။

ဤ **အနာဂါမိဖလံ**-စသောပါဠိ၌ အနာဂါမိဖလေဝါ အရဟတ္တဖလေဝါ-ဟု ဝိဘတ်ဘောက်ပြန်ခြင်းကို မှတ်အပ်၏၊ ထို့ကြောင့် နိရုဒ္ဓေ-ဟု မိန့်ဆိုတော်မူ၏၊ **ယထာရုဟံ**-ဟူသည်ကား၊ ဝါ-ဟူသော ပုဒ်ကို ထိုထို ပုဂ္ဂိုလ်အားလျော်စွာ-ဟု အနက်ပေး။

---

**၄၄။ ။သဗ္ဗတ္ထာပိ သမာပတ္တိဝီထိယံ ဘဝင်္ဂသောတော ဝိယ ဝီထိနိယမော နတ္ထီတိ ကတွာ ဗဟူနိပိ လဗ္ဘန္တိ။**

အလုံးစုံလည်းဖြစ်သော ဈာနသမာပတ္တိဝီထိ, ဖလသမာပတ္တိဝီထိ၌ ဘဝင်၏အယဉ်ကဲ့သို့ ဝီထိကိုမှတ်ခြင်းသည် မရှိ၊ ထို့ကြောင့် များစွာကုန်သော အပ္ပနာဇောတို့ကို ရအပ်ကုန်၏၊ ဤသို့သိအပ်၏။

---

၄၄။ ။**သဗ္ဗတ္ထာပိ သမာပတ္တိဝီထိယံ**-ဟူသည်ကား၊ ဝါ-ဟူသော ပုဒ်ကို အလုံးစုံသော ဈာနသမာပတ္တိ ဝီထိ၌၎င်း, ဖလသမာပတ္တိ ဝီထိ၌၎င်း-ဟု အနက်ပေး။

---

**သင်္ဂဟဂါထာ**

**၄၅။ ။သတ္တတ္တိံသ ပရိတ္တာနိ၊ မဂ္ဂါဘိညာ သကိံ မတာ။ အဝသေသာနိ လဗ္ဘန္တိ၊ ဇဝနာနိ ဗဟူနိပိ။ ။**

**အယမေတ္ထ ဇဝနနိယမော။**

ကာမဇောတို့ကို အလွန်အားဖြင့် ၇-ကြိမ် သိအပ်ကုန်၏၊ မဂ်ဇော အဘိညာဏ်ဇောတို့ကို တကြိမ် သိအပ်ကုန်၏၊ မဂ်ဇော အဘိညာဏ်ဇောမှ ကြွင်းကုန်သော များစွာကုန်သော မဟဂ္ဂုတ်ဇော လောကုတ္တရာဇောတို့ကို ရအပ်ကုန်၏။ ဤဝီထိသင်္ဂဟအရာ၌ ဤဆိုအပ်ပြီးသည်ကား ဇောကို မှတ်ကြောင်းဖြစ်သောနည်းတည်း။

## သင်္ဂဟဂါထာအဘွင့်

၄၅။ ။ကာမဇောတို့ကို အလွန်အားဖြင့် ၇-ကြိမ် သိအပ်ကုန်၏၊ မဂ်ဇော အဘိညာဏ်ဇောတို့ကို တကြိမ်သာလျှင် သိအပ်ကုန်၏။ ကြွင်းကုန်သော မဂ်ဇော အဘိညာဏ်ဇောတို့သည် ကြဉ်အပ်ကုန်သော များစွာကုန်သော မဟဂ္ဂုတ်ဇော လောကုတ္တရာဇောတို့ကိုလည်း ရအပ်ကုန်၏။ အဘယ့်ကြောင့် များစွာရအပ်ပါသနည်းဟူမူ သမာပတ္တိဝိထိ၌ နေ့ ညဉ့်ပတ်လုံး ဖြစ်သောကြောင့် ရအပ်ကုန်၏။ အပိသဒ္ဒါဖြင့် ပဌမအပ္ပနာ၌ လောကီ ဈာန်တို့ကိုငင်း၊ နိရောဓသမာပတ်၏ အခြားမဲ့၌ တကြိမ်ဖြစ်သော အဆုံးစွန်ဖြစ်သော အနာဂါမိဖိုလ်နှင့် အရဟတ္တဖိုလ် ၂-ပါးကိုငင်း၊ မဂ်၏ အခြားမဲ့၌ နှစ်ကြိမ်သုံးကြိမ် ဖြစ်ကုန်သော ဖိုလ်စိတ်တို့ကိုငင်း ဤ အလုံးစုံကို ပေါင်း၏။

---

## ပုဂ္ဂိုလ်အပြား

**၄၆။ ။ဒုဟေတုကာန မဟေတုကာနဉ္စ ပနေတ္ထ ကြိယ-ဇဝနာနိ စေဝ အပ္ပနာဇဝနာနိ စ နလဗ္ဘန္တိ။**

ဤပုဂ္ဂိုလ်အပြား၌ ဒွိဟိတ်ပုဂ္ဂိုလ်တို့သည်ငင်း၊ ဒုဂ္ဂတိအဟိတ် သုဂတိအဟိတ် ပုဂ္ဂိုလ်တို့သည်ငင်း၊ ကြိယာဇောတို့ကိုငင်း၊ အပ္ပနာဇောတို့ကိုငင်း မရအပ်ကုန်။

---

## ပုဂ္ဂိုလ်အပြားအဘွင့်

၄၆။ ။ယခုအခါ၌ ဒွိဟိတ်, အဟိတ်, (အပါယ်ဘုံ၌ဖြစ်သော) အဟိတ်, တိဟိတ်တို့၏ အစွမ်းဖြင့် ၄-ပါး အပြားရှိကုန်သော ပုထုဇ္ဇန်ပုဂ္ဂိုလ်တို့၏ငင်း၊ မဂ်၌တည်သောပုဂ္ဂိုလ် ဖိုလ်၌တည်သော ပုဂ္ဂိုလ်တို့၏ အစွမ်းဖြင့် ၈-ပါးအပြားရှိကုန်သော အရိယာပုဂ္ဂိုလ်တို့၏ငင်း၊ ဤသို့ ၁၂-ယောက်သောပုဂ္ဂိုလ်တို့အား ဖြစ်သော ဝိထိစိတ် အပိုင်းအခြားကို ပြခြင်းအကျိုးငှါငင်း၊ ရှေးဦးစွာ ထို ၁၂-ယောက်သောပုဂ္ဂိုလ်တို့သည် ကြဉ်အပ်ကုန်သော စိတ်တို့ကိုပြခြင်းငှါငင်း **ဒုဟေတုကာနမဟေတုကာနဉ္စ**-ဤသို့ အစရှိသော စကားကို မိန့်ဆိုတော်မူ၏၊ ဤစိတ်တို့အား ပဋိသန္ဓေဝိညာဏ်နှင့် တကွဖြစ်ကုန်

သော လောဘ ဒေါသ ၏အစွမ်းဖြင့် ၂-ပါးကုန်သော ဟိတ်တို့သည် ရှိကုန်၏၊ ထို့ကြောင့် **ဒွိဟေတုက** [၁] မည်ကုန်၏၊ ထိုသို့သဘောရှိကုန်သော ဟိတ်တို့မရှိသောကြောင့် **အဟိတ်** [၂] မည်ကုန်၏၊ မ အက္ခရာသည် ပုဒ်စပ်ခြင်းကိုပြု၏၊ ဒွိဟိတ် အဟိတ် ပဋိသန္ဓေစိတ် ဝိပါက်ဟု ဆိုအပ်သော မြစ်ခြင်းသဘောရှိသောကြောင့် ထိုဒွိဟိတ် အဟိတ် ပုဂ္ဂိုလ်တို့သည် အပ္ပနာဇောတို့ကို မရကုန်၊ ထိုစကားမှန်၏၊ ဒွိဟိတ် အဟိတ် ပဋိသန္ဓေကို **ဝိပါကာဝရဏ** [၃] ဟု ဆိုအပ်၏၊ အပ္ပနာဇော မဖြစ်သောကြောင့် သာလျှင် ရဟန္တာအဖြစ်သည် မရှိ၊ ထို့ကြောင့် ကြိယာဇောတို့ကို မရအပ်ကုန်။

---

## ဒွိဟိတ် အဟိတ်ပုဂ္ဂိုလ်တို့ မရအပ်သော ပဋိသန္ဓေစိတ်

**၄၇။ ။တထာ ဉာဏသမ္ပယုတ္တဝိပါကာနိ စ သုဂတိယံ။**

ထို့အတူ သုဂတိဘုံ၌ ဒွိဟိတ်ပုဂ္ဂိုလ် သုဂတိအဟိတ်ပုဂ္ဂိုလ်တို့သည် ဉာဏသမ္ပယုတ် မဟာဝိပါက် စိတ်တို့ကိုလည်း မရအပ်ကုန်။

---

## ဒွိဟိတ် အဟိတ်တို့ မရအပ်သောပဋိသန္ဓေစိတ်အဖွင့်

၄၇။ သဟိတ်ဘဝင်သည် အဟိတ်ဘဝင်အား အနန္တရပစ္စည်းဖြင့် ကျေးဇူးပြု၏-ဟု ပဋ္ဌာန်းပါဠိတော်၌ ဟောတော်မူသော

---

၁—ပဋိသန္ဓေ အခါ၌ အလောဘ, အဒေါသ ဟိတ် ၂-ပါးသာ ရှိသောကြောင့် **ဒွိဟိတ်** ပုဂ္ဂိုလ်-ဟု ခေါ်ရ၏။

၂—ပဋိသန္ဓေအခါ၌ အလောဘ, အဒေါသ, အမောဟ ဟိတ် ၃-ပါးအနက် တပါးမျှ မရှိသောကြောင့် **အဟိတ်** ပုဂ္ဂိုလ်-ဟု ခေါ်ရ၏။ ထိုအဟိတ်ပုဂ္ဂိုလ်သည်လည်း ဒုဂ္ဂတိအဟိတ်, သုဂတိ အဟိတ် ပုဂ္ဂိုလ်-ဟု ၂-ယောက်ရှိ၏။

၃—ယင်း ဒွိဟိတ်, သုဂတိ အဟိတ်, ဒုဂ္ဂတိ အဟိတ် ပုဂ္ဂိုလ်တို့သည် အပ္ပနာဇော၏ အကြောင်းရင်း ဖြစ်သော အမောဟဟိတ် မပါရှိသဖြင့် ပဝတ္တိအခါ ဈာန်အကျိုး မဂ်အကျိုးကို မရနိုင်အောင် ဝိပါကန္တရာယ်က တားမြစ်သောကြောင့် အပ္ပနာဇောကို မရ၊ အပ္ပနာဇောကို မရသဖြင့် ရဟန္တာ မဖြစ်သောကြောင့် ကြိယာဇော ကိုလည်း မရ-ဟူလို၊ ယင်းသို့ အမောဟဟိတ် မပါ မယှဉ်သော ဒွိဟိတ် ပဋိသန္ဓေ ဝိပါက်စိတ်သည် ပင်လျှင် **ဝိပါကန္တရာယ်** မည်၏။

ကြောင့် အဟိတ်ပုဂ္ဂိုလ်တို့အားလည်း ပဝတ္တိအခါ အထူးထူးသော ကံကြောင့် ဒွိဟိတ် တဒါရုံသည် ဖြစ်သင့်၏၊ ဒွိဟိတ်ပုဂ္ဂိုလ်တို့အား ကား ဆိုဘွယ်မရှိ၊ သို့သော် မူလရင်း ပဋိသန္ဓေ၏ ချို့သည်အဖြစ် ကြောင့် ဒွိဟိတ်,[၁] အဟိတ် ပုဂ္ဂိုလ်နှစ်ဦး တို့အားလည်း တိဟိတ် တဒါရုံ ဖြစ်ခြင်း မရှိ၊ ထို့ကြောင့် အရှင်အနုရုဒ္ဓါ ဆရာသည် **တထာ ဉာဏသမ္ပယုတ္တဝိပါကာနိစ**-ဟု မိန့်ဆိုတော်မူ၏၊ ဆရာဇောတိပါလ မထေရ်သည်ကား **"သဟေတုကံဘဝင်ံ"** ဟု သာမည္အားဖြင့် ဘုရားဟောသောကြောင့် အဟိတ်ပုဂ္ဂိုလ်တို့အားလည်း တိဟိတ် တဒါရုံဖြစ်၏-ဟု မိန့်ဆိုပြီး၍ ဤသဂြိုဟ်ကျမ်း၌ ဉာဏသမ္ပယုတ် ဝိပါက်စိတ်၏ ဒွိဟိတ် အဟိတ်ပုဂ္ဂိုလ်တို့၌ မဖြစ်ဟူသောစကားကို ပြက်ရယ်ပြုသည်အစွမ်းဖြင့် အကြင်ဆရာသည် ထိုသဂြိုဟ်ကျမ်းကိုပြု ၏၊ ထိုဆရာကိုပင်လျှင် မေးအပ်၏-ဟု မိန့်ဆိုအပ်၏၊ ထို ဆိုအပ်ပြီး သောစကားသည် ပြက်ရယ်ပြုသည်အစွမ်းဖြင့် ဆိုအပ်လင့်ကစား အရှင်အနုရုဒ္ဓါဆရာကို မေး၍သာလျှင် သိခြင်းငှါ ဆိုအပ်သော စကားကဲ့သို့ ဖြစ်၍တည်၏။ ထို့ကြောင့်သာလျှင် အရှင်အနုရုဒ္ဓါ ဆရာသည်ပင် ဤဒွိဟိတ်, အဟိတ်ပုဂ္ဂိုလ်တို့အား ဉာဏသမ္ပယုတ် ဖြစ်သော ကာမဝိပါက်ကိုမရသောအရာ၌ အကြောင်းကို ပရမတ္ထ ဝိနိစ္ဆယကျမ်း၌—

ဉာဏပါကာ န ဝတ္တန္တိ၊ ဇဠတ္တာ မူလသန္ဓိယာ။

ဟု မိန့်ဆိုတော်မူအပ်၏။

အနက်ကား—မူလရင်း ပဋိသန္ဓေ၏ ချို့တဲ့သည် အဖြစ်ကြောင့် ဒွိဟိတ်, အဟိတ် ပုဂ္ဂိုလ်တို့အား ဉာဏသမ္ပယုတ် မဟာဝိပါက်စိတ် တဒါရုံတို့သည် မဖြစ်ကုန်-ဟူလို။ အပရေ ဆရာတို့သည်ကား အဟိတ်ပုဂ္ဂိုလ်တို့အား သဟိတ်တဒါရုံဖြစ်သကဲ့သို့ ထို့အတူ ဒွိဟိတ်

---

၁—ဒွိဟိတ် ပုဂ္ဂိုလ်, သုဂတိ အဟိတ် ပုဂ္ဂိုလ် တို့သည် မူလ ပဋိသန္ဓေ တည်နေစဉ် ကပင် ဉာဏ်နှင့် မယှဉ်၊ ဉာဏ် ကင်းသောကြောင့် ဉာဏသမ္ပယုတ် ဝိပါက်စိတ်ကို မရကုန်-ဟူလို။ ၎င်း ပုဂ္ဂိုလ်တို့သည် ပဝတ္တိ တဒါရုံဖြစ်သော အခါ၌မူ အထူးထူးသော ကံကြောင့် ဉာဏဝိပ္ပယုတ် စိတ်တို့သည် ဖြစ်ကုန်၏-ဟုမှတ်။

ပုဂ္ဂိုလ်တို့အား တိဟိတ်တဒါရုံသည်လည်းဖြစ်၏-ဟု ဘွင့်ဆိုကြကုန်၏။ ဆက်၍ဆိုဦးအံ့၊ ထိုအပရေဆရာတို့၏ စကားနှင့် မဆန့်ကျင်သောအားဖြင့် ဤအရာ၌လည်း ဉာဏသမ္ပယုတ် မဟာဝိပါက်ကို ပယ်ခြင်းကို အဟိတ်ပုဂ္ဂိုလ်တို့ကိုသာလျှင် ရည်၍ အရှင်အနုရုဒ္ဓါဆရာသည် ပြုအပ်၏၊ ဒွိဟိတ်ပုဂ္ဂိုလ်တို့ကို ရည်၍ ဆိုသောစကား မဟုတ်-ဟု ဆရာတို့သည် ဆိုကြကုန်၏။

ထိုဒွိဟိတ်ပုဂ္ဂိုလ်အား တိဟိတ်တဒါရုံဖြစ်ရာ၌ အလေးပြုအပ်သော ပမာဏ ပါဠ် မရှိသောကြောင့် အရှင်အနုရုဒ္ဓါဆရာသည်လည်း၊ ပရမတ္ထဝိနိစ္ဆယကျမ်း၌ နှစ်ယောက်ကုန်သော ဒွိဟိတ်, သုဂတိအဟိတ် ပုဂ္ဂိုလ်တို့အားလည်း ဆက်ဆံသည့်အစွမ်းဖြင့် ဉာဏသမ္ပယုတ် တဒါရုံဝိပါက် မရှိခြင်း၌ အကြောင်းကို ဆိုပြီး၍ အမျှသာဖြစ်သော စိတ်အရ ၄၁-ပါးကို ပရမတ္ထဝိနိစ္ဆယကျမ်း၌ ပြအပ်သောကြောင့် ထိုအပရေဆရာတို့၏ စကားကို စုံစမ်း၍ ဝန်ခံအပ်၏၊ အဟိတ်ပုဂ္ဂိုလ်ကို ငဲ့သောအားဖြင့် ဤ **တထာဉာဏ-သမ္ပယုတ္တ** ။ပ။ **သုဂတိယံ**-ဟူသော စကား၌ **သုဂတိယံ**-ဟူသော စကားသည် အနက်အားဖြင့် အရှင်အနုရုဒ္ဓါဆရာသည် ခွင့်ပြုအပ်ကုန်သော ဒွိဟိတ်ဝိပါက်တို့၏ ထိုသုဂတိဘုံ၌သာလျှင် ဖြစ်ခြင်းကို ပြခြင်းလျှင် ပြခန်းခြင်းရှိ၏၊ ထို့ကြောင့် **ဒုဂ္ဂတိယံပန**-ဤသို့အစရှိသောစကားကို မိန့်ဆို၏။

---

## ရဟန္တာပုဂ္ဂိုလ် မရသောဇော

### ၄၉။ ။တိဟေတုကေသု စ ဒီဏာသဝါနံ ကုသလာ-ကုသလဇဝနာနိ စ နလဗ္ဘန္တိ။

တိဟိတ်ပုဂ္ဂိုလ် ၉-ယောက်တို့တွင်လည်း ရဟန္တာပုဂ္ဂိုလ်တို့သည် ကုသိုလ် အကုသိုလ်ဇောတို့ကို မရအပ်ကုန်။

## ရဟန္တာပုဂ္ဂိုလ်တို့ မရသောဇော အဘွင့်

၄၉။ ။**တိဟေတုကေသု**—ဟူသည်ကား၊ ဝါ-ဟူသောပုဒ်ကို ပဋိသန္ဓေဝိညာဏ်နှင့်တကွဖြစ်ကုန်သော အလောဘ အဒေါသ အမောဟ တို့၏အစွမ်းဖြင့် **တိဟိတ်** [၁] ဖြစ်ကုန်သော ပုထုဇ္ဇန်အစရှိကုန်သော ၉-ယောက်သောပုဂ္ဂိုလ်တို့တွင်-ဟု အနက်ပေး။

---

## သေက္ခပုဂ္ဂိုလ်တို့မရအပ်သောဇော

**၅၁။ ။ဒိဋ္ဌိဂတသမ္ပယုတ္တ, ဝိစိကိစ္ဆာဇဝနာနိ စ သေက္ခာနံ။**

အောက်ဖလဋ္ဌာန် ပုဂ္ဂိုလ် သုံးယောက်ဖြစ်သော သေက္ခ ပုဂ္ဂိုလ်တို့သည် ဒိဋ္ဌိဂတသမ္ပယုတ် ဝိစိကိစ္ဆာဇော တို့ကိုလည်း မရအပ်ကုန်။

---

## သေက္ခပုဂ္ဂိုလ်မရသောဇောအဘွင့်

၅၁။ ။**ဒိဋ္ဌိ ။ပ။ သေက္ခာနံ**-ဟူသည် ကား၊ သိက္ခာ သုံးပါး အပေါင်း၌ ကျင့်သော အလေ့ရှိသည်အဖြစ်ကြောင့် **သေက္ခာ** [၂] ဟု ရအပ်သော အမည်ရှိကုန်သော သောတာပန် သကဒါဂါမိ ပုဂ္ဂိုလ်တို့အား သောတာပတ္တိမဂ်ဖြင့် သက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာတို့ကို ပယ်အပ်သောကြောင့် ထိုသက္ကာယဒိဋ္ဌိ ဝိစိကိစ္ဆာတို့နှင့် တကွ ဖြစ်သော ဇောတို့ကို မရအပ်ကုန်၊ စသဒ္ဒါဖြင့် ငင်အပ်ကုန်သော

---

၁—အလောဘ, အဒေါသ, အမောဟ ဟိတ်သုံးပါး ရှိသော ပဋိသန္ဓေစိတ်နှင့် ပဋိသန္ဓေ တည်နေသူသည် တိဟိတ်-ပုဂ္ဂိုလ် မည်၏၊ ထိုပုဂ္ဂိုလ် မျိုးကား ပုထုဇ္ဇန် ပုဂ္ဂိုလ် ၁-ယောက်, အရိယာပုဂ္ဂိုလ် ၄-ယောက် အားဖြင့် ၅-ယောက်ရှိ၏၊ ထို ၅-ယောက်တို့တွင် ဘုရား ရဟန္တာအရှင်များသည် တဏှာတည်းဟူသော အကြောင်းရင်းကို ပယ်ပြီး ဖြစ်သောကြောင့် ကုသိုလ်ဇော, အကုသိုလ်ဇော တို့ကို မရကုန်။

၂—သောတာပန် စသော အောက် အရိယာပုဂ္ဂိုလ် ၇-ယောက် တို့သည် ရဟန္တာဖြစ်ရန် ကျင့်ကြံစရာ အကျင့်များ ကျန်ရှိနေ၍ ကျင့်ဆဲ ဖြစ်သောကြောင့် သေက္ခ-ပုဂ္ဂိုလ် မည်ကုန်၏, ထို ပုဂ္ဂိုလ်တို့သည် သောတာပတ္တိမဂ် ကတည်းကပင် ဒိဋ္ဌိနှင့် ဝိစိကိစ္ဆာ တို့ကို ပယ်ပြီး ဖြစ်သော ကြောင့် ဒိဋ္ဌိဂတသမ္ပယုတ် စိတ်နှင့် ဝိစိကိစ္ဆာစိတ် ၂-ပါးကို မရကုန်-ဟုလို။

ရဟန္တာတို့အားသာ အသီးအခြားဖြစ်ကုန်သော ကြိယာဇောတို့ကို ၎င်း မရအပ်ကုန်။

မှတ်ချက်။ ။အချို့စာ၌ အပရိပူရကာရိတာယ-ဟု ရှိ၏၊ အချို့စာ၌ ပရိပူရကာရိတာယ-ဟု ရှိ၏။၎င်းပါဌ်မရှိသင့်-ဟု ဆရာတို့ပယ်ကုန်၏။

---

## အနာဂါမ်ပုဂ္ဂိုလ်များမရအပ်သောဇော

**၅၂။ ။အနာဂါမိ ပုဂ္ဂလာနံ ပန ပဋိဃဇဝနာနိ စ နလဗ္ဘန္တိ။**

အနာဂါမ်ပုဂ္ဂိုလ်တို့သည် ဒေါသမူဇောတို့ကိုလည်း မရအပ်ကုန်။

---

## အနာဂါမ်ပုဂ္ဂိုလ်များ မရအပ်သောဇောအဘွင့်

၅၂။ ။**ပဋိဃဇဝနာနိစ**-ဟူသည်ကား၊ ဝါ-ဟူသော ပုဒ်ကို ဒေါမနဿဇောတို့ကို၎င်း၊ ဒိဋ္ဌိဂတသမ္ပယုတ်စိတ်, ဝိစိကိစ္ဆာသဟဂုတ်စိတ် ကြိယာဇောတို့ကို၎င်း မရအပ်ကုန်-ဟု အနက်ပေး။

---

## အရိယာများဖြစ်သောဇော

**၅၃။ ။လောကုတ္တရဇဝနာနိ စ ယထာရဟံ အရိယာနမေဝ သမုပ္ပဇ္ဇန္တီတိ။**

လောကုတ္တရာဇော ရှစ်ခုတို့သည် ထိုက်သည်အား လျော်စွာ အရိယာ ပုဂ္ဂိုလ် ရှစ်ယောက်တို့အား သာလျှင် ဖြစ်ကုန်၏-ဟု သိအပ်၏။

---

## အရိယာများဖြစ်သောဇောအဘွင့်

၅၃။ ။**လောကုတ္တရ ။ပ။ သမုပ္ပဇ္ဇန္တိ**-ဟူသည်ကား၊ လေးပါးသော မဂ်တို့၏ စိတ္တက္ခဏ တချက်နှင့် ယှဉ်သည်အဖြစ်ကြောင့် အခြားသော ပုဂ္ဂိုလ်တို့၌ မဖြစ်သောကြောင့်၎င်း၊ အောက်အောက်သော အရိယာ ပုဂ္ဂိုလ်တို့အားလည်း အထက်အထက်သော သမာ

ပတ်ကို မရသောကြောင့်ငင်း၊ အထက်အထက် ပုဂ္ဂိုလ်တို့၏ အောက်အောက်၌ ဖြစ်သော မဂ်တို့ဖြင့်အကြွင်းမဲ့ မဖြတ်အပ်ကုန်သော ကိလေသာတို့ကို အထက်အထက်၌ ဖြစ်ကုန်သော မဂ်တို့ဖြင့် အကြွင်းမဲ့ ချုပ်စေခြင်းကြောင့် ပုထုဇ္ဇန်တို့မှ သောတာပန် ပုဂ္ဂိုလ်တို့၏ ပုဂ္ဂိုလ် အထူး၏ အဖြစ်သို့ ရောက်သဖြင့် ငြိမ်းသကဲ့သို့၊ သောတာပန် အစရှိသော ပုဂ္ဂိုလ်တို့မှ ပုဂ္ဂိုလ် အထူး၏ အဖြစ်သို့ ရောက်သဖြင့် ငြိမ်းသည်၏ အဖြစ်ကြောင့် ရှစ်ပါးကုန်သော လောကုတ္တရာဇောတို့သည် အကြင်အကြင် မိမိတို့သည် ရအပ်ကုန်သော မဂ္ဂဋ္ဌာန်, ဖလဋ္ဌာန်-ဟု ဆိုအပ်ကုန်သော အရိယာ ပုဂ္ဂိုလ် [၁] တို့အားသာ ဖြစ်ကုန်၏။

---

**သင်္ဂဟဂါထာ**

**၃၄။ ။အသေက္ခာနံ စတုစတ္တာလီသ သေက္ခာနမုဒ္ဒိသေ။**
**ဆပညာသာဝသေသာနံ၊ စတုပညာသ သမ္ဘဝါ။ ။**

**အယမေတ္ထ ပုဂ္ဂလဘေဒေါ**

ရဟန္တာပုဂ္ဂိုလ်တို့အား ၄၄-ပါး ကုန်သော ဝိထိစိတ်တို့ကို ဖြစ်သင့်သည် အားလျော်စွာ ပြရာ၏။ သေက္ခာပုဂ္ဂိုလ် ၇-ယောက်တို့အား ၅၆-ပါးသော ဝိထိစိတ်တို့ကို ဖြစ်သင့်သည်အားလျော်စွာ ပြရာ၏။ သေက္ခ အသေက္ခပုဂ္ဂိုလ်တို့မှ ကြွင်းကုန်သော ပုထုဇ္ဇန်

---

၁—မဂ်စိတ် ၄-ပါးတို့သည် စိတ္တက္ခဏ တခုစီသာ ရှိသဖြင့် မိမိ မိမိ မဂ်ပုဂ္ဂိုလ်မှ တပါးသော ပုဂ္ဂိုလ်တို့၌ မဖြစ်သင့်သောကြောင့် သောတာပတ္တိ မဂ်စိတ်သည် သောတာပန် ပုဂ္ဂိုလ်အားသာ ဖြစ်၏၊ အထက်ပုဂ္ဂိုလ်တို့၌ မဖြစ်သောကြောင့် အသီးအသီးသာ မဂ်အား လျော်စွာ ဆိုင်ရာ ပုဂ္ဂိုလ်တို့၌သာ ဖြစ်၏။

တနည်း—အောက်အောက် ဖြစ်သော အရိယာ ပုဂ္ဂိုလ် တို့သည် အထက် အထက် ဖြစ်သော သမာပတ်ကို မရသောကြောင့် ၎င်း၊ အထက် အထက် ဖြစ်သော အရိယာပုဂ္ဂိုလ်တို့သည်လည်း အောက်အောက် မဂ်တို့ဖြင့် အကြွင်းမဲ့ မဖြတ် အပ်သော ကံ ကိလေသာ တို့ကို အကြွင်းမဲ့ ဖြတ်ခြင်းဖြင့် သောတာပန် အဖြစ်မှ သကဒါဂါမိ အဖြစ်၊ သကဒါဂါမိ အဖြစ်မှ အနာဂါမိ အဖြစ် စသည်သို့ ရောက်၍ အောက်အောက် အမည်များ ငြိမ်းအေး ပျောက်ကွယ်သွားသောကြောင့်၎င်း၊ လောကုတ္တရာ ဇောစိတ် တို့သည် မိမိတို့၏ မဂ် ဖိုလ် အားလျော်စွာ အရိယာ အဖြစ်ကို ဖြစ်စေကုန်၏။

ပုဂ္ဂိုလ် လေးယောက်တို့အား ၅၄-ပါးသော ဝီထိစိတ်တို့ကို ဖြစ်သင့်သည်အားလျော်စွာ ပြရာ၏။ ဤဆိုအပ်ပြီးသော နည်းကား၊ ဤဝီထိသင်္ဂဟ အရာ၌ ပုဂ္ဂိုလ်၏ အစွမ်းဖြင့် ဖြစ်သောဝီထိစိတ်တို့ကို ဆိုရာ ဆိုကြောင်းဖြစ်သော နည်းတည်း။

---

## သင်္ဂဟဂါထာအဘွင့်

၅၄။ ။ယခုအခါ၌ ထိုထိုသို့သော ပုဂ္ဂိုလ်တို့၏ အကြွင်းအကြွင်း ပယ်အပ်သော ဇောတို့ကို ကြည့်၍ ပါရိသေသနည်းအားဖြင့် ရအပ်သော ဇောတို့ကို ပေါင်း၍ ပြခြင်းငှါ **အသေက္ခာနံ**-ဤသို့အစရှိသောစကားကို မိန့်ဆိုအပ်၏။

## အသေက္ခပုဂ္ဂိုလ်တို့ ရသော ဝီထိစိတ်

သုံးပါးအပြားရှိသော သိက္ခာနှင့် ပြည့်စုံခြင်းကို ပြုသည် အဖြစ်ကြောင့် **အသေက္ခ**-ဖြစ်ကုန်သော ရဟန္တာ ပုဂ္ဂိုလ်တို့အား ၃၃-ပါး အပြားရှိသော ကုသိုလ် အကုသိုလ်၏ငင်း၊ အောက်ဖိုလ်သုံးပါး၏ ငင်း၊ဝီထိမုတ်စိတ်တို့၏ငင်း ၉-ပါးသော မဟဂ္ဂုတ် ဝိပါက်စိတ်တို့၏ ငင်း၊ အစွမ်းဖြင့် ၄၅-ပါးသော စိတ်တို့မှ ကြွင်းအပ်ကုန်သော ကြွင်းကုန်သော ၂၃-ပါးသော ကာမာဝစရဝိပါက်, ၂၀-သောကြိယာ, အရဟတ္တဖိုလ်၏ အစွမ်းဖြင့် ၄၄-ပါးသော [1] ဝိပါက်စိတ်တို့ကို ရသင့်သည် အားလျော်စွာ ဖြစ်ကုန်၏-ဟု ကာမဘုံ၌ တည်ကုန်သော ရဟန္တာ ပုဂ္ဂိုလ်တို့၏ အစွမ်းဖြင့် ပြရာ၏။

## သေက္ခပုဂ္ဂိုလ်တို့ ရသောဝီထိစိတ်

သေက္ခပုဂ္ဂိုလ်တို့အား ၁၈-ပါးသော ကြိယာဇော, ဒိဋ္ဌိဂတသမ္ပယုတ်စိတ်, ဝိစိကိစ္ဆာသဟဂုတ် စိတ်အားဖြင့်၊ ဇောငါးခု,

---

၁—စတုစတ္တာလီသ-အရကား၊ ကာမဝိပါက် တေဝီသ ၂၃, ကြိယာ ဝီသ ၂၀, အရဟတ္တဖိုလ်စိတ် ၁-ပါး, ပေါင်း ၄၄-ပါး ဖြစ်၏၊ ဤ ၄၄-ပါးကား သမာပတ်ကို အကုန်ရသော ကာမရဟန္တာ ရသော စိတ်ကိုသာ ရည်၍ ဆိုခြင်းဖြစ်သည်။

အရဟတ္တဖိုလ်စိတ်တခု, မဟဂ္ဂုတ်ဝိပါက် ၉-ခုတို့၏ အစွမ်းဖြင့် ၃၃-ပါးသော စိတ်တို့ကို ကြဉ်၍ ကာမာဝစရဝိပါက်စိတ် ၂၃-ပါး, အာဝဇ္ဇန်းနွေး, ၂၁-ပါးသောကုသိုလ်, ၇-ပါးသောအကုသိုလ်, အောက်ဖိုလ် ၃-ပါးတို့၏အစွမ်းဖြင့် ၅၆-ပါး[၁] သော ဝီထိစိတ်တို့ကို ဖြစ်သင့်သည်အားလျော်စွာ သာမညအားဖြင့် ပြရာ၏။

အထူးအားဖြင့်ကား သောတာပန်ပုဂ္ဂိုလ်, သကဒါဂါမိပုဂ္ဂိုလ်တို့အား ၅၁-ပါးသောစိတ်တို့ကို ရကုန်၏-ဟု ပြရာ၏၊ အနာဂါမိပုဂ္ဂိုလ်တို့အား တခုယုတ်ငါးဆယ် (၄၉-ပါး)သော စိတ်တို့ကို ရကုန်၏-ဟုပြရာ၏။

## ပုထုဇ္ဇန်တို့ရသောဝီထိစိတ်

ကြွင်းကုန်သော ပုထုဇ္ဇန်ပုဂ္ဂိုလ်လေးဦးတို့အား ၁၀-ပါးသော ကြိယာဇော၊ အလုံးစုံသော လောကုတ္တရာစိတ် ၈-ပါး၊ မဟဂ္ဂုတ်ဝိပါက် ၉-ပါး တို့၏အစွမ်းဖြင့် ၃၅-ပါး သော စိတ်တို့ကို ကြဉ်၍ ကြွင်းကုန်သော ကာမာဝစရဝိပါက်စိတ် ၂၃-ပါး အာဝဇ္ဇန်းနွေး, လောကီကုသိုလ် ၁၇-ပါး, အကုသိုလ် ၁၂-ပါးတို့၏ အစွမ်းဖြင့် ၅၄-ပါး[၂] သော ဝီထိစိတ်တို့ကို ဖြစ်သင့်သည်အားလျော်စွာ သာမည အားဖြင့် ပြရာ၏။

အထူးအားဖြင့်ကား တိဟိတ်ပုထုဇ္ဇန်ပုဂ္ဂိုလ်တို့အား ၅၄-ပါး သောစိတ်တို့ကို ရအပ်ကုန်၏၊ ဒွိဟိတ်ပုဂ္ဂိုလ်, အဟိတ်ပုဂ္ဂိုလ်တို့အား ဉာဏသမ္ပယုတ်ဝိပါက်စိတ် ၄-ပါး, အပ္ပနာဇော ၇-ပါးတို့မှ

၁—ဆပဉ္စာသ-အရကား—ကာမဝိပါက် တေဝီသ ၂၃, အာဝဇ္ဇန်းနွေး ၂, ကုသိုလ် ဧကဝီသ ၂၁, ဒိဋ္ဌိဂတသမ္ပယုတ် ဝိစိကိစ္ဆာ ကြဉ်သော အကုသိုလ်စိတ် ၇, အောက်ဖိုလ် ၃, ပေါင်း ၅၆-ပါး ဖြစ်၏၊ ဤ စိတ်များကား သေက္ခပုဂ္ဂိုလ် ၇-ယောက်တို့ ရသော ဝီထိစိတ် ဖြစ်သည်။

၂—စတုပဉ္စာသ-အရကား—ကာမဝိပါက်တေဝီသ ၂၃, အာဝဇ္ဇန်း နွေး ၂, လောကီကုသိုလ် သတ္တရသ ၁၇,အကုသိုလ် ဒွါဒသ ၁၂, ပေါင်း ၅၄-ပါးဖြစ်သည်၊ ဤ စိတ်များကား ပုထုဇ္ဇန် ပုဂ္ဂိုလ် ၄-ယောက်တို့ ရသော ဝီထိ စိတ်များ ဖြစ်သည်။

ကြဥ်အပ်ကုန်သော ၄၁-ပါးသော ဝိထိစိတ်တို့ကို ရအပ်ကုန်၏၊ အပါယ်ဘုံသားတို့အား ဒွိဟိတ်ဝိပါက်စိတ် ၄-ပါးမှ ကြဉ်အပ်ကုန်သော ၃၇-ပါးသော စိတ်တို့ကို ရအပ်ကုန်၏-ဟု မှတ်အပ်၏။ ပုဂ္ဂိုလ်တို့၏ အစွမ်းဖြင့် စိတ်ဖြစ်ခြင်း-ဟု ဆိုအပ်သော အပြားသည် **"ပုဂ္ဂလဘေဒ"** မည်၏။

ပုဂ္ဂလဘေဒအဘွင့် ပြီး၏။

## ဘူမိဝိဘာဂ-ကာမာဝစရဘုံစိတ်ရ

**၅၅။ ။ကာမာဝစရဘူမိယံ ပနေတာနိ သဗ္ဗာနိပိ ဝီထိစိတ္တာနိ ယထာရဟမုပလဗ္ဘန္တိ။**

ကာမာဝစရဘုံ၌ အလုံးစုံလည်းဖြစ်ကုန်သော ထိုဝိထိစိတ်တို့ကို ထိုက်သည်အားလျော်စွာ ရအပ်ကုန်၏။

## ကာမာဝစရဘုံစိတ်ရအဘွင့်

၅၅။ ။ခြောက်ပါးသော ဒွါရတို့၏၎င်း၊ အလုံးစုံသောပုဂ္ဂိုလ်တို့၏၎င်း၊ ထိုကာမာဝစရဘုံ[၁]၌ ဖြစ်သင့် ရသင့်သောကြောင့် အလုံးစုံသော ဝိထိစိတ်တို့ကို ရအပ်ကုန်၏၊ **ယထာရဟံ**-ဟူသည်ကား၊ ဝါ-ဟူသောပုဒ်ကို ထိုထိုဘဝ အားလျော်စွာ၎င်း၊ ထိုထိုပုဂ္ဂိုလ် အားလျော်စွာ၎င်း-ဟု အနက်ပေး။

**၅၈။ ။သဗ္ဗတ္ထာပိ စ တံတံ ပသာဒရဟိတာနံ တံတံ ဒွါရိက ဝီထိစိတ္တာနိ နလဗ္ဘန္တေဝ။**

---

၁—ကာမဘုံ၌ စက္ခုဒွါရ (ပ) မနောဒွါရ-ဟု ဆိုအပ်သော ဒွါရခြောက်ပါးတို့ကို အကုန် ရနိုင်သောကြောင့် အလုံးစုံသော စိတ်တို့ကို ရကုန်၏-ဟူလို။

အလုံးစုံသော ကာမဘုံ၊ ရူပဘုံ၊ အရူပဘုံ၌လည်း ထိုထို သို့သော ပသာဒရုပ်မှ ကင်းကုန်သော ဘုံတို့သည် ထိုထိုသို့သော ဒွါရ၌ဖြစ်ကုန်သော ဝီထိစိတ်တို့ကို မရအပ်ကုန်။ (အချို့စာတို့၌ **သဗ္ဗထာဝိ**-ဟု ရှိ၏)။

---

၅ဝ။ ။**သဗ္ဗတ္ထာပိ**-ဤသို့အစရှိသော ပါဌ်ဖြင့် ဃာနဝိညာဏ် အစရှိသည်တို့ကို ပယ်ခြင်းသည်ဖြစ်လတ့်၊ ထို့ကြောင့် ရူပါဝစရ ဘုံ၌ ဒေါသဇောတဒါရုံတို့ကိုသာလျှင် ပယ်အပ်ကုန်၏။

**သဗ္ဗတ္ထာပိ**-ဟူသည့်ကား၊ ဝါ-ဟူသောပုဒ်ကို ကာမဘုံ၌ငင်း၊ ရူပဘုံ၌ငင်း၊ အရူပဘုံ၌ငင်း-ဟု အနက်ပေး။

---

## သင်္ဂဟဂါထာ

**၆ဝ။ ။အသီတိ ဝီထိစိတ္တာနိ၊ ကာမေ ရူပေ ယထာရဟံ။**
**စတုသဋ္ဌိ တထာ ရူပေ၊ ဒွေစတ္တာလီသ လဗ္ဘရေ။ ။**
**အယမေတ္ထ ဘူမိဝိဘာဂေါ။**

ကာမတဆယ့်တဘုံ၌ ၈ဝ-သော ဝီထိစိတ်တို့ကို ထိုက်သည် အားလျော်စွာ ရအပ်ကုန်၏၊ အသညသတ်ကြဉ်သော ရူပ ၁၅-ဘုံ၌ ၆၄-ပါးသော ဝီထိစိတ်တို့ကို ထိုက်သည်အားလျော်စွာ ရအပ် ကုန်၏၊ ထိုမှတပါး အရူပဘုံ၌ ၄၂-ပါးသော ဝီထိစိတ်တို့ကို ထိုက်သည်အားလျော်စွာ ရအပ်ကုန်၏၊ ဤဆိုအပ်ပြီးသည်ကား ဤအရာ၌ ဘုံတို့၏အစွမ်းဖြင့် ဖြစ်သော ဝီထိစိတ်တို့ကို ဝေဘန် ကြောင်းဖြစ်သောနည်းတည်း။

---

## သင်္ဂဟဂါထာအဘွင့်

၆ဝ။ ။ကာမဘုံ[၁]၌ ထိုက်သည် အားလျော်စွာ ဝီထိမှတ်စိတ် သည် ကြဉ်အပ်ကုန်သော ၈ဝ-သော ဝီထိစိတ်တို့ကို ရအပ်

---

၁—ကာမဘုံ၌ ဝီထိ မုတ်ဖြစ်သော မဟဂ္ဂုတ် ဝိပါက်စိတ် ၉-ပါး မှတပါးသော ၈ဝ-သော စိတ်တို့သည် ဖြစ်ကုန်၏။

ကုန်၏၊ ရူပဘုံ၌ [၁] ဒေါသမူဒွေး, တဒါရုံ ၈-ပါး, ဃာနဝိညာဏ် စသော ၆-ပါးသော ဝိညာဏ်အပေါင်း, ဝိထိမုတ်စိတ်တို့၏ အစွမ်းဖြင့် ၂၅-ပါးသော စိတ်တို့ကိုကြဉ်၍၊ ကြွင်းကုန်သော အာဝဇ္ဇန်းဒွေး အဟိတ်ဝိပါက် ၉-ပါး, ၅၃-ပါးသောဇောတို့၏အစွမ်းဖြင့် ၆၄-ပါးသောဝိထိစိတ်တို့ကို ရအပ်ကုန်၏၊ အရူပ [၂] ဘုံ၌ ၂၃-ပါးသော ကာမာဝစရဝိပါက်, သောတာပတ္တိမဂ်, ၁၅-ပါးသော ရူပါဝစရစိတ်, ဒေါသမူဒွေး, အရူပဝိပါက် ၄-ပါး, ကြိယာမနောဓာတ်, ဟသိတုပ္ပါဒ်တို့၏အစွမ်းဖြင့် ၄၇-ပါးသော စိတ်တို့ကို ကြဉ်၍ ကြွင်းကုန်သော ၂၆-ပါးသော ကာမဇော, ၈-ပါးသော အာရုပ္ပဇော, ၇-ပါးသော လောကုတ္တရာဇော, မနောဒွါရာဝဇ္ဇန်းတို့၏ အစွမ်းဖြင့် ၄၂-ပါးသောစိတ်တို့ကို ရအပ်ကုန်၏၊ အချို့သော ဆရာတို့သည် ရူပဘုံ၌ အနိဋ္ဌာရုံ မရှိသောကြောင့် ဤလူ့ဘုံသို့ ရောက်ကုန်သော ဗြဟ္မာတို့အား အကုသလဝိပါက် ဖြစ်ခြင်းသည် ရှိ၏၊ ဤသို့ နှလုံးပိုက်၍ ထိုအကုသလဝိပါက်စိတ်တို့ကို ယုတ်စေ၍ ၅-ပါးသော ကာမဝိပါက်စိတ်တို့နှင့် တကွ ရူပဘုံ၌ ၆၀-သော ဝိထိစိတ်တို့ကို ရအပ်ကုန်၏-ဟု မိန့်ဆိုကုန်၏။

---

၁—ရူပါဝစရ ဘုံ၌ ဒေါသ ဖြစ်ရန် အကြောင်းဖြစ်သော အနိဋ္ဌာရုံ မရှိသောကြောင့် ဘုံ၏ အစွမ်းဖြင့် ဒေါသဇောမဖြစ်၊ တဒါရုံကား ကာမဘုံ၌သာ ဖြစ်သောကြောင့် ရူပ ဘုံ၌ မဖြစ်။

ထိုရူပဘုံ၌ဃာနဝိညာဏ်ဒွေး, ဇိဝှါ ဝိညာဏ်ဒွေး, ကာယဝိညာဏ်ဒွေး ကြဉ်သော အဟိတ် ဝိပါက်စိတ် ၉-ပါး, အာဝဇ္ဇန်းဒွေး, ဒေါသမူဒွေး ကြဉ်သော ဇော ၅၃-ပါးပေါင်း ၆၄-ပါးသော စိတ်တို့သည် ဖြစ်ကုန်၏။

၂—အရူပါဝစရဘုံ၌ ရုပ် မရှိ၊ နာမ်ချည်းသက်သက် ဖြစ်၍ တရားတော် နာရန် သောတပသာဒရုပ် စသည် မရှိသောကြောင့် သောတာပတ္တိမဂ် မဖြစ်၊ ဘာဝနာ၏ အစွမ်းဖြင့် ရူပါဝစရ တရားတို့ကို ပယ်အပ်သောကြောင့် ရူပါဝစရ စိတ်တို့မဖြစ်ကုန်၊ ရုပ်မရှိသောကြောင့် ဟသိတုပ္ပါဒ် စိတ်သည်း မဖြစ်၊ ဘာဝနာ အစွမ်းဖြင့် ပယ်အပ်သောကြောင့် အောက်အောက် သော အရူပ စိတ်တို့သည်လည်း မဖြစ်ကုန်-ဟူလို။

အရူပ ဘုံ၌ ဒေါသမူ ကြဉ်သော အကုသိုလ်စိတ် ၁၀, မနောဒွါရာဝဇ္ဇန်း ၁, မဟာ ကုသိုလ် ၈, မဟာကြိယာ ၈, အရူပ ကုသိုလ် ၄, အရူပကြိယာ ၄, သောတာပတ္တိမဂ် ကြဉ်သော လောကုတ္တရာစိတ် ၇, ပေါင်း ၄၂-ပါးသော စိတ်တို့သည် ဖြစ်ကုန်၏-ဟူလို။

အသညသတ် ဗြဟ္မာကြီးများကား နာမ် တရား များကို အပြစ် မြင်၍ ဘာဝနာ၏ အစွမ်းဖြင့် ပယ်ထား သောကြောင့် နာမ်တရားများသည် ဘယ်အခါမှ မဖြစ်-ဟူလို။

ဤသင်္ဂြိုဟ်ကျမ်း၌ကား၊ ထိုဗြဟ္မာဘုံ၌တည်၍လည်း ဤလူ့ပြည်ကို ကြည့်ရှုကုန်သော ဗြဟ္မာတို့အား အနိဋ္ဌာရုံ၏ မဖြစ်သင့်ခြင်းကို ဆိုခြင်းငှာမတတ်ကောင်း၊ ထို့ကြောင့် ထိုအကုသလဝိပါက်စိတ်တို့နှင့်တကွ ရူပဘုံ၌ ၆၄-ပါးသော စိတ်တို့ကို ဆိုအပ်ကုန်၏။ ထို့ကြောင့် ဓမ္မာနုသာရဏီကျမ်း၌—

ယဒါ ဗြဟ္မာနော ကာမာဝစရံ အနိဋ္ဌာရမ္မဏံ အာလမ္ဗန္တိ၊ တဒါ တံ သုဂတိယမ္ပိ အကုသလဝိပါကစက္ခုသောတဝိညာဏမနောဓါတုသန္တီရဏာနံ ဥပ္ပတ္တိ သမ္ဘဝတိ။

ဟု မိန့်ဆိုအပ်၏။

အနက်ကား—အကြင်အခါ၌ ဗြဟ္မာတို့သည် ကာမာဝစရဘုံ၌ ဖြစ်သော အနိဋ္ဌာရုံကို အာရုံပြုကုန်၏၊ထိုအခါ ထိုရူပဟုဆိုအပ်သော သုဂတိဘုံ၌လည်း အကုသလဝိပါက် စက္ခုဝိညာဏ်, သောတဝိညာဏ်, မနောဓါတ်, သန္တီရဏတို့ဖြစ်သင့်၏။

ဘုံ၏အစွမ်းဖြင့် ဝီထိစိတ်တို့ကို ဝေဘန်ခြင်းသည် ဘူမိဝိဘာဂ မည်၏။

---

**နိဂုံး**

**၆၁။ ॥ဣစ္စေဝံ ဆဒ္ဝါရိကစိတ္တပ္ပဝတ္တိ ယထာသမ္ဘဝံ ဘဝင်္ဂန္တရိတွာ ယာဝတာယုကမဗ္ဗောစ္ဆိန္နာ ပဝတ္တတိ။ ဣတိ အဘိဓမ္မတ္ထသင်္ဂဟေ ဝီထိသင်္ဂဟဝိဘာဂေါ နာမ စတုတ္ထော ပရိစ္ဆေဒေါ။**

အကြင်အကြင် ဆိုအပ်ပြီးသောနည်းဖြင့် ခြောက်ဒွါရ၌ဖြစ်သော စိတ်တို့၏ ဖြစ်ခြင်းသည် ဖြစ်သင့်သည်အားလျော်စွာ ဘဝင်ခြား သည်ဖြစ်၍ အသက်ရှည်သမျှ ကာလပတ်လုံး မပြတ်ဖြစ်၏။

အဘိဓမ္မတ္ထသင်္ဂဟကျမ်း၌ ဝီထိသင်္ဂဟကို ဝေဘန်ရာ ဝေဘန် ကြောင်းမည်သော လေးခုတို့၏ပြည့်ကြောင်းဖြစ်သော အပိုင်းသည် ပြီးပြီ။

၆၁။ ။**ယထာသမ္ဘဝံ**-ဟူသည်ကား၊ ဝါ-ဟူသောပုဒ်ကို ထိုထိုသော ဒွါရတို့၌၎င်း၊ ထိုထိုသော ဘဝတို့၌၎င်း ဖြစ်သင့်သည်အား လျော်စွာ-ဟု အနက်ပေး။ **ယာဝတာယုကံ**-ဟူသည်ကား၊ ဝါ-ဟူသောပုဒ်ကို ပဋိသန္ဓေမှ နောက်၌ ဘဝကို စွဲလမ်းသည်အစွမ်းဖြင့် ဖြစ်သော မနောဒွါရ ဝီထိစိတ်မှစ၍ စုတိစိတ်ဆုံးသည့် တိုင်အောင်၎င်း၊ ထိုစုတိစိတ်မှ ရှေး၌ဖြစ်သော ဘဝင်အဆုံးရှိသည်တိုင်အောင်၎င်း နိရောဓသမာပတ် မဖြစ်သည်ရှိသော် မပြတ်ဖြစ်၏၊ ဤကား အဓိပ္ပါယ်တည်း။

**ဤဆိုအပ်ပြီးသောစကားဖြင့် အဘိဓမ္မတ္ထဝိဘာဝနီမည်သော အဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်း၏အဘွင့်၌ စတုတ္ထဝီထိပိုင်းအဘွင့်သည် ပြီးဆုံးခြင်းသို့ရောက်ပြီ။**

# ဋီကာကျော်မြန်မာပြန်

## ဘုံပိုင်း

## ဘုံပိုင်း

**၁။ ။ဝီထိစိတ္တဝသေနေဝံ၊ ပဝတ္တိယမုဒီရိတော။**
**ပဝတ္တိသင်္ဂဟော နာမ၊ သန္ဓိယံ ဒါနိ ဝုစ္စတိ။ ။**

ဤသို့ ဆိုအပ်ပြီးသော နည်းဖြင့် ဝီထိစိတ်တို့၏ အစွမ်းဖြင့် ပဝတ္တိအခါ၌ ပဝတ္တိသင်္ဂဟ အမည်ရှိသော ဝီထိသင်္ဂဟကို ငါသည် မိန့်ဆိုအပ်ခဲ့ပြီ၊ ယခုအခါ ပဋိသန္ဓေအခါ, စုတိအခါ၌ ပဝတ္တိသင်္ဂဟ မည်သော ဝီထိမုတ္တသင်္ဂဟကို ငါသည် မိန့်ဆိုပေအံ့။

---

၁။ ။ဤမျှ အတိုင်းအရှည်ရှိသော စကားအစဉ်အားဖြင့် ဝီထိ သင်္ဂဟကို ပြပြီး၍၊ ယခုအခါ၌ ဝီထိမုတ္တသင်္ဂဟကို ပြခြင်းငှါ အားထုတ်လိုသော အရှင်အနုရုဒ္ဓါဆရာသည် **ဝီထိစိတ္တဝသေနေဝံ** ဤသို့ အစရှိသော စကားကို မိန့်ဆိုတော်မူ၏။

ဤသို့ အကြင်အကြင် ဆိုအပ်ပြီးသော နည်းဖြင့် ဝီထိစိတ်၏ အစွမ်းဖြင့် ပဝတ္တိအခါ၌ ပဋိသန္ဓေမှ နောက်အဘို့၌ စုတိအဆုံးရှိ သည်ကို ပြု၍ ပဝတ္တိသင်္ဂဟ အမည်ရှိသော ဝီထိသင်္ဂဟကို ငါသည် မိန့်ဆိုအပ်ခဲ့ပြီ၊ ယခုအခါ၌ ထိုဝီထိပိုင်း၏ အခြားမဲ့၌ ပဋိသန္ဓေအခါ၌ ၎င်း၊ ထိုပဋိသန္ဓေကာလနှင့် နီးသည် အဖြစ်ကြောင့် ထိုပဋိသန္ဓေ ကာလကို ယူသဖြင့် ယူအပ်သော စုတိကာလ၌၎င်း၊ ပဝတ္တိသင်္ဂဟ[၁] မည်သော ဝီထိမုတ္တသင်္ဂဟကို မိန့်ဆိုအပ်၏။ ဤသို့ အနက်ယောဇနာ ခြင်းကို ပြုအပ်၏။

---

## ဘုံလေးပါး

**၃။ ။တတ္ထ အပါယဘူမိ, ကာမသုဂတိဘူမိ, ရူပါဝစရဘူမိ,**
**အရူပါဝစရဘူမိစေတိ စတဿော ဘူမိယော နာမ။**

---

၁–ပဝတ္တိ သင်္ဂဟ-ဟူသည် ပဝတ္တိ အခါ ဝီထိစိတ်တို့၏ ဖြစ်ပုံ ဖြစ်နည်းကို ပေါင်းရုံး ဖေါ်ပြသော ဝီထိပဝတ္တိသင်္ဂဟ, ပဋိသန္ဓေ, ဘဝင်, စုတိအခါတို့၌ ဝီထိမုတ်စိတ်တို့၏ ဖြစ်ပုံ ဖြစ်နည်းကို ဖေါ်ပြသော ဝီထိမုတ္တ ပဝတ္တိသင်္ဂဟ-ဟူ၍ နှစ်မျိုး ရှိသည်တွင် အောက်ဝီထိပိုင်း၌ ဝီထိ ပဝတ္တိ သင်္ဂဟကို ဖေါ်ပြပြီး၍ ယခုအခါ၌ ဝီထိမုတ္တ ပဝတ္တိ သင်္ဂဟကို ဖေါ်ပြပေအံ့ ဟုလို၊

ထိုလေးပါးသော စတုက္ကတို့တွင်—

(၁) အပါယ်ဘုံရင်း၊
(၂) ကာမသုဂတိဘုံရင်း၊
(၃) ရူပါဝစရဘုံရင်း၊
(၄) အရူပါဝစရဘုံရင်း၊

ဤသို့ဘုံတို့သည် လေးပါးအပြားရှိကုန်၏။

---

## ဘုံလေးပါးအဘွင့်

၃။ ။ကောင်းမှု-ဟု သမုတ်အပ်သော ကုသိုလ်မှ များသော အားဖြင့် ကင်းတတ်သောကြောင့် **အပါယ်** [၁] မည်၏၊ ထိုအပါယ် သည်ပင်လျှင် သတ္တဝါတို့၏ ဖြစ်ရာ ဖြစ်သောကြောင့် **ဘုံ**-မည်၏၊ ထိုနှစ်ပါးသော သဘောကြောင့် **အပါယ်ဘုံ**-မည်၏။ တပါးမက များစွာသော စည်းစိမ်ချမ်းသာတို့၏ တည်ရာ ဖြစ်သောကြောင့် တင့်တယ်၏၊ ရောက်အပ်သောကြောင့် **ဂတိ**-လည်းမည်၏၊ ထိုသို့ တင့်တယ်သော ဂတိ ဖြစ်သောကြောင့် **သုဂတိ**-မည်၏။ ကာမ တဏှာ၏ ကျင်လည်ရာ-ဟု ဆိုအပ်သော သုဂတိဖြစ်သောကြောင့် **ကာမသုဂတိ** [၂] မည်၏။ ထိုကာမသုဂတိသည်ပင် ဘုံဖြစ်သောကြောင့် **ကာမသုဂတိဘုံ** မည်၏။ ကြွင်းသော **ရူပါဝစရဘူမိ**-စသောပုဒ်တို့ ၌လည်း ဤနည်းအတိုင်း မှတ်အပ်၏။

---

၁—များသောအားဖြင့် ကုသိုလ် ကောင်းမှုမှ ကင်းသောကြောင့် **အပါယ်**-မည်၏၊ အပ္ပက အားဖြင့်ကား နဂါး, ဂဠုန် စသော တိရစ္ဆာန်တို့အား ကုသိုလ် ကောင်းမှု ဖြစ်သေး၏၊ ထိုအပါယ်သည်ပင် ဖြစ်ရာဌာန ဖြစ်သောကြောင့် **ဘုံ**-မည်၏။

၂—ကုသိုလ် ကောင်းမှု ပြုသော သူတို့သည် ရောက်အပ်သောကြောင့် **ဂတိ**-မည်၏၊ တင့်တယ်မြင့်မြတ်သော ဂတိဖြစ်သောကြောင့် **သုဂတိ**-မည်၏၊ ကာမတဏှာနှင့် တကွ ဖြစ်သော သုဂတိသည် **ကာမသုဂတိ**-မည်၏၊ (အကြွင်းသိသာပြီ)

## အပါယ်လေးဘုံ

၄။ ။**တာသု နိရယော, တိရစ္ဆာနယောနိ, ပေတ္တိဝိသယော, အသုရကာယော စေတိ အပါယဘူမိ စတုဗ္ဗိဓာ ဟောတိ။**

ထိုဘုံလေးပါးတို့တွင် ငရဲဘုံရင်း၊ တိရစ္ဆာန်ဘုံရင်း၊ ပြိတ္တာဘုံရင်း၊ အသုရကာယ်ဘုံရင်း၊ ဤသို့ အပါယ်ဘုံသည် လေးပါးအပြား ရှိ၏။

---

## အပါယ်လေးဘုံအဘွင့်

၄။ ။ချမ်းသာမှ ကင်းသောကြောင့် **နိရယ**[၁] မည်၏၊ အောက်အဘို့အားဖြင့် ဝါ-ဖီလာ အားဖြင့် သွားတတ်သောကြောင့် **တိရစ္ဆာန်**[၂] မည်၏၊ ထိုတိရစ္ဆာန်တို့၏ အမျိုးသည် ဝါ-ခန္ဓာ ဖြစ်ရာ အထူးသည် **တိရစ္ဆာနယောနိ**[၃] မည်၏။ ထိုခန္ဓာတို့၏ ဖြစ်ခြင်း အထူးဖြင့် သတ္တဝါတို့သည် မရောနှောကုန်သော်လည်း ဇာတ်တူသည်၏ အဖြစ်ကြောင့် ရောနှောကုန်သကဲ့သို့ ဖြစ်တတ်ကုန်၏၊ ထိုသို့ ရောယှက်သကဲ့သို့ ဖြစ်ကြောင်းဖြစ်သော သတ္တိကြောင့် **ယောနိ**-မည်၏။ ထိုယောနိဟူသည် တရားကိုယ်အားဖြင့် ခန္ဓာတို့၏ ဖြစ်ခြင်း အထူးတည်း။ ဝါ-ခန္ဓာတို့၏ ဖြစ်ခြင်း အထူးသည် ယောနိ မည်၏၊ ချမ်းသာမှ ဝေးသောအားဖြင့် ဖြစ်တတ်သောကြောင့် **ပေတ**-မည်၏။

---

၁–ချမ်းသာ သုခမှ ကင်းသောကြောင့် ငရဲ-မည်၏။

၂–လူနတ်တို့ကဲ့သို့ မင်, ဖိုလ်, နိဗ္ဗာန် ဟူသော အထက်သို့ တက်ရောက်ခြင်းမရှိ၊ များသော အားဖြင့် အောက်အဘို့ဟုဆိုအပ်သော ငရဲ စသည့် ဘဝသို့သာ လားတတ် ရောက်တတ်သောကြောင့် **တိရစ္ဆာန်**-မည်၏။ သို့သော် ဘားနတ်သား စသော တိရစ္ဆာန်များကား နတ်ပြည် သုဂတိသို့ ရောက်သည်ကို ထောက်၍ ယေဘုယျနည်းအားဖြင့်သာ ဆိုအပ်၏-ဟုမှတ်။

၃–သတ္တဝါတို့သည် ရောယှက်မှု မရှိကြသော်လည်း ဇာတ်တူသဖြင့် ရောယှက် သကဲ့သို့ အတူတကွ ခန္ဓာတို့၏ ဖြစ်ခြင်းသည် ယောနိ မည်၏၊ ဝါ-ဘုံ မည်၏၊ တိရစ္ဆာန်တို့၏ ဘုံသည် **တိရစ္ဆာနယောနိ**-မည်၏။

နိဗ္ဗာနမတၱိကာ အစရှိသည့် အပြားရှိကုန်သော ပြိတ္တာတို့၏ ဖြစ်ရာသည် **ပေတ္တိဝိသယ** [၁] မည်၏။

အထူးကို ဆိုဦးအံ့—ဤနိရယ စသော သဒ္ဒါတို့တွင် "တိရစ္ဆာန-ယောနိ ပေတ္တိဝိသယ" သဒ္ဒါဖြင့် ခန္ဓာတို့ကိုသာလျှင် ဘုံ-ဟု ယူခြင်း ဖြစ်၏၊ အဘယ့်ကြောင့် ခန္ဓာကိုသာ ဘုံ-ဟု ယူရပါသနည်း-ဟူမူ ထိုတိရစ္ဆာန်နှင့် ပြိတ္တာတို့အား ထိုသို့ သဘောရှိသော ပိုင်းခြားထား သော အရပ် မရှိသောကြောင့်တည်း။ တနည်းကား-ထိုတိရစ္ဆာန် ပြိတ္တာတို့သည် တောခြေ,တောင်ခြေ အစရှိသော အကြင်အရပ်၌ အမြဲ နေထိုင်ကုန်၏၊ ထိုသို့သဘော ရှိသော တည်ရာ၏ အစွမ်းဖြင့် အရပ်ကိုလည်း ယူအပ်၏၊အစိုးရသည် အဖြစ်, မြူးထူးခြင်း အစရှိသည် တို့ဖြင့် မမြူးထူးတတ်ကုန်သောကြောင့်၊ ပြိတ္တာအသုရာတို့သည် **အသုရာ**-မည်ကုန်၏။ ဤပြိတ္တာ အသုရာမှ တပါးကုန်သော နတ် အသုရာ တို့သည်ကား—တာဝတိံသာ နတ်တို့နှင့် ဆန့်ကျင်ဘက် ဖြစ်သောကြောင့် **အသုရာ**-မည်ကုန်၏။ ဤ **အသုရကာယ**-ပုဒ်၌ ပြိတ္တာအသုရာတို့ကိုသာလျှင် ယူရသည်၊ အဘယ့်ကြောင့်ဆိုသော် ပြိတ္တာအသုရာမှ တပါးကုန်သော နတ်အသုရာတို့ကို တာဝတိံသာ နတ်တို့၌ ယူလိုသောကြောင့်တည်း၊ ထို့ကြောင့် အရှင်အနုရုဒ္ဓါ ဆရာသည်—

တာဝတိံသေသု ဒေဝေသု၊ ဝေပစိတ္တိသုရာဂတာ။

ဟု မိန့်ဆိုအပ်၏။

အနက်ကား—တာဝတိံသာနတ်တို့၌ ဝေပစိတ္တိအသုရာတို့သည် အတွင်းဝင်ကုန်၏။

---

၁—ချမ်းသာမှ ဝေးသောအားဖြင့် ဖြစ်တတ်သောကြောင့် **ပေတ**-မည်၏၊ ပေတတို့၏ ဖြစ်ရာ ဘုံသည် **ပေတ္တိဝိသယ**-မည်၏။

အသုရာတို့၏ အပေါင်းသည် အသုရကာယ-မည်၏၊ ထိုတိရစ္ဆာန်, ပြိတ္တာ, အသုရကာယ်တို့သည် ငရဲ ကဲ့သို့ ဘုံသီးခြား မရှိ၊ ခန္ဓာတို့၏ ဖြစ်ခြင်းသည်ပင် ဘုံ မည်၏။

တနည်း—တော, တောင် စသည်ပင်လျှင် ဘုံ မည်၏-ဟုသိ၊

## ကာမသုဂတိ ၇-ဘုံ

၅။ ။မနုဿာ,စာတုမဟာရာဇိကာ,တာဝတိံသာ,ယာမာ, တုသိတာ, နိမ္မာနရတိ, ပရနိမ္မိတဝသဝတ္တိ စေတိ ကာမသုဂတိဘူမိ သတ္တဝိဓာ ဟောတိ။

(၁) လူ့ဘုံရင်း၊
(၂) စာတုမဟာရာဇ်နတ်ဘုံရင်း၊
(၃) တာဝတိံသာနတ်ဘုံရင်း၊
(၄) ယာမာနတ်ဘုံရင်း၊
(၅) တုသိတာနတ်ဘုံရင်း၊
(၆) နိမ္မာနရတိနတ်ဘုံရင်း၊
(၇) ပရနိမ္မိတဝသဝတ္တိနတ်ဘုံရင်း၊ ဤသို့ ကာမသုဂတိဘုံသည် ၇-ပါး အပြားရှိ၏။

---

## ကာမသုဂတိ ၇-ဘုံအဘွင့်

၅။ ။သတိ, ရဲရင့်သည်အဖြစ်, ရဟန်းအဖြစ်အား လျော်သည်အဖြစ် အစရှိကုန်သော ဂုဏ်တို့ဖြင့် မြတ်သောစိတ် ရှိသည်ဖြစ်၍ ထိုသတ္တဝါတို့အား မြတ်သောစိတ် ရှိသောကြောင့် **မနုဿ**[၁] မည်ကုန်၏။ ထို့ကြောင့် မဟုတ်ပါလော၊ လွန်မြတ်သောသတိ လွန်မြတ်သောပညာ အစရှိသော ဂုဏ်ထူးသို့ ရောက်ကုန်သော မြတ်စွာဘုရား အစရှိသော အရှင်တို့သည်လည်း လူဖြစ်သော သူတို့သာတည်း။

ဆက်၍ဆိုဦးအံ့—ဤဆိုအပ်ပြီးသော ဝိဂြိုဟ်၌ ဇမ္ဗူဒိပ်ကျွန်း၌ နေကုန်သော သူတို့သည်သာလျှင် မုချအားဖြင့် လူမည်ကုန်၏။

---

၁—သတိစသော လောကုတ္တရာ ဂုဏ်ထူး, ရဲရင့်သော ဂုဏ်ထူး, ရဟန်း ပဋ္ဌင်း ဖြစ်နိုင်သော ဂုဏ်ထူးတို့ဖြင့် မြတ်သော စိတ်ရှိသောကြောင့် **မနုဿ**—မည်၏။ လူတို့၏ နေရာ ဖြစ်ရာသည် လူ့ဘုံမည်၏။

ထိုဇမ္ဗူဒိပ်၌နေသော သူတို့နှင့် တူသောရုပ် စသည် ရှိသည့်အဖြစ်ကြောင့် ကျွန်းငယ်တို့၌ နေသော သူတို့နှင့် အတူ တပါးသော ကျွန်းကြီးတို့၌ နေသော သူတို့ကိုလည်း လူ-ဟူ၍ပင် ဆိုအပ်ကုန်၏၊ လောကီသဒ္ဒါ ဆရာကြီးတို့သည်ကား—မနု မည်သော ကမ္ဘာဦးအစ မင်း၏သား ဖြစ်ကုန်သောကြောင့် **မနုဿ**-မည်ကုန်၏-ဟု ဆိုကြကုန်၏။ လူတို့၏နေရာ ဘုံသည် ဤကာမသုဂတိ ၇-ဘုံ အရာ၌ **မနုဿ**-မည်ကုန်၏၊ ကြွင်းသော စာတုမဟာရာဇိက အစရှိသော ပုဒ်တို့၌လည်း ဤအတူ မှတ်အပ်၏၊ ထိုနတ်တို့အား နတ်မင်းကြီး ၄-ယောက်တို့၌ ခစားခြင်း ရှိသောကြောင့် **စာတုမဟာရာဇိက**[၁] မည်ကုန်၏။ တနည်းကား—နတ်မင်းကြီး လေးယောက် တို့၏ နေရာဖြစ်၍ ဖြစ်သော စာတုမဟာရာဇ် နတ်ပြည့်၌ ဖြစ်သောကြောင့် **စာတုမဟာရာဇိက**-မည်ကုန်၏။မာဃလုလင်နှင့်အတူ ၃၃-ယောက်ကုန်သော ကုသိုလ်ပြုဘက် ဖြစ်သော သူတို့သည် ဤနတ်ပြည်၌ ဖြစ်ကုန်၏၊ ထိုသို့ ၃၃-ယောက်သော နတ်တို့၏ ဖြစ်ရာ ဖြစ်သောကြောင့် ထိုသူတို့၏ ဖြစ်ရာ အရပ်သည် **တေတ္တိံသ**-မည်၏၊ ထိုတေတ္တိံသပုဒ်သည်ပင်လျှင် နိရုတ္တိနည်းဖြင့် **တာဝတိံသ**[၂] ဖြစ်၏။ ထိုနတ်တို့အား တာဝတိံသာ-ဟုဆိုအပ်သောနေရာရှိသောကြောင့် တာဝတိံသာ-ဟု လည်း ဆရာတို့ ဆိုကြကုန်သေး၏။

ဆက်၍ ဆိုဦးအံ့- "သဟာဿံ စာတုမဟာရာဇိကာနံ သဟာဿံ တာဝတိံသာနံ"ဟု ဟောတော်မူသောကြောင့် ကြွင်းသော စကြာဝဠာတိုက်တို့၌လည်း ကာမာဝစရနတ်ပြည် ခြောက်ဘုံတို့သည် ရှိကုန်၏၊ ထို့ကြောင့် ဤတာဝတိံသာစသော အမည်သည် ထိုနတ်ဘုံ၏ အမည်မျှသာတည်း၊ ဤသို့ယူအပ်၏။

---

၁—နတ်မင်းကြီး လေးယောက်တို့၌ ခစား တတ် သော ကြောင့် ၎င်း၊ နတ် မင်း ကြီး လေးယောက်တို့၏ နေရာအရပ်၌ ဖြစ်တတ်သောကြောင့်၎င်း၊ **စာတုမဟာရာဇ်နတ်**-မည်၏။ ထိုစာတုမဟာရာဇ်နတ်တို့၏ နေရာ ဖြစ်သောကြောင့် စာတုမဟာရာဇ်ဘုံ-မည်၏။

၂—မာဃလုလင်နှင့် တကွ ကောင်းမှု ပြုဘက် သုံးကျိပ် သုံးယောက်သောသူတို့၏ နေရာ ဖြစ်ရာ ဖြစ်သောကြောင့် **တာဝတိံသာဘုံ**-မည်၏။

ဆင်းရဲမှ ကင်းသောကြောင့် **ယာမာ**[၁] မည်ကုန်၏။ မိမိ၏ ကြက်သရေ စည်းစိမ်ဖြင့် နှစ်သက်ခြင်းသို့ ရောက်သောကြောင့် **တုသိတာ**[၂] မည်ကုန်၏။ ထိုနတ်တို့အား မိမိသည်ဖန်ဆင်းသော စည်းစိမ်၌ မွေ့လျော်ခြင်း ရှိသောကြောင့် **နိမ္မာနရတိ**[၃] မည်ကုန်၏။ သူတပါးတို့သည် ဖန်ဆင်းအပ်ကုန်သော စည်းစိမ်တို့၌ မိမိအလိုသို့ လိုက်စေတတ်သောကြောင့် **ပရနိမ္မိတဝသဝတ္တိ**[၄] မည်ကုန်၏။

---

## ရူပပဋိသန္ဓေ ၃-ဘုံ

၇။ ။**ဗြဟ္မပါရိသဇ္ဇာ, ဗြဟ္မပုရောဟိတာ, မဟာဗြဟ္မာ စေတိပဋိသန္ဓေဘူမိ။**

(၁) ဗြဟ္မပါရိသဇ္ဇာဘုံဂုဏ်း၊
(၂) ဗြဟ္မပုရောဟိတာဘုံဂုဏ်း၊
(၃) မဟာဗြဟ္မာဘုံဂုဏ်း၊

ဤသို့ ပဋိသန္ဓေဘုံသည် ၃-ပါး အပြားရှိ၏။

---

## ရူပပဋိသန္ဓေ ၃-ဘုံအဘွင့်

၇။ ။မဟာဗြဟ္မာတို့၏ အလုပ်အကျွေး ဖြစ်သည်၏ အဖြစ် ကြောင့် ထို မဟာဗြဟ္မာ တို့၏ ပရိသတ်၌ ဖြစ်သောကြောင့်

---

၁–ပူပန် ထန်ပြင်း ဆင်းရဲခြင်း အဝဝတို့မှ ကင်းလွတ်၍ နတ်၌ဖြစ်သော ချမ်းသာ အဝဝတို့နှင့် ပြည့်စုံစွာ ခံစားရသောကြောင့် **ယာမာ**-မည်၏၊ ယာမာနတ်တို့၏ နေရာ ဖြစ်ရာသည် **ယာမာဘုံ**-မည်၏။

၂–မိမိ၏ စည်းစိမ် ရိပ်ငြိမ် အထွေထွေ အသရေနှင့် ပြည့်စုံ၍ နှစ်သက်ခြင်းသို့ ရောက်တတ် သောကြောင့် **တုသိတာ**-မည်၏၊ တုသိတာနတ်တို့၏ နေရာဖြစ်ရာသည် **တုသိတာဘုံ**မည်၏။

၃–မိမိတို့သည် ဖန်ဆင်းအပ်သော နတ်ဘုံ နတ်နန်း၌ မွေ့လျော်တတ်သောကြောင့် **နိမ္မာနရတိနတ်**-မည်၏၊ နိမ္မာနရတိ နတ်တို့၏နေရာ ဖြစ်ရာ ဘုံသည် **နိမ္မာနရတိဘုံ**-မည်၏။

၄–သူတပါးတို့ ဖန်ဆင်းအပ်သော စည်းစိမ် ချမ်းသာ၌ မိမိ အလိုသို့ လိုက်စေတတ် သောကြောင့် **ပရနိမ္မိတဝသဝတ္တိနတ်**-မည်၏၊ ပရနိမ္မိတဝသဝတ္တိနတ်တို့၏ နေရာ ဖြစ်ရာ ဘုံသည် **ပရနိမ္မိတဝသဝတ္တိဘုံ**-မည်၏-ဟုမှတ်။

**ဗြဟ္မပါရိသဇ္ဇာ** [၁] မည်ကုန်၏။ ထိုမဟာဗြဟ္မာတို့၏ ပုရောဟိတ်အရာ၌ တည်သောကြောင့် **ဗြဟ္မပုရောဟိတ** [၂] မည်ကုန်၏။ ဈာန်အစရှိကုန်သော ထိုထိုဂုဏ်ထူးတို့ဖြင့် ကြီးပွါးကုန်သောကြောင့် **ဗြဟ္မာ**-မည်ကုန်၏။ အဆင်းနှင့် ပြည့်စုံသည်၏ အဖြစ်ကြောင့်၎င်း၊ ရှည်သော အသက်ရှိသည်၏ အဖြစ် အစရှိသော ဂုဏ်တို့ကြောင့်၎င်း၊ ဗြဟ္မပါရိသဇ္ဇာ ဗြဟ္မာတို့ထက် မြတ်ကုန်သော ဗြဟ္မာဖြစ်ကုန်သောကြောင့် **မဟာဗြဟ္မာ** [၃] မည်ကုန်၏။ ထိုသုံးပါးကုန်သော ဗြဟ္မာတို့သည် အထူးသဖြင့် မြတ်သည်၏ အဖြစ်-ဟု ဆိုအပ်သော အရောင်တို့ဖြင့် ထွန်းတောက်ပသော တူသော အပြင်၌ နေကုန်၏။

## ဒုတိယဈာန် ၃-ဘုံ

**ဂ။ ။ပရိတ္တာဘာ, အပ္ပမာဏာဘာ, အာဘဿရာ စေတိ ဒုတိယဈာနဘူမိ။**

(၁) ပရိတ္တာဘာဘုံ၎င်း၊
(၂) အပ္ပမာဏာဘာဘုံ၎င်း၊
(၃) အာဘဿရာဘုံ၎င်း၊
ဤသို့ ဒုတိယဈာန်ဘုံသည် သုံးပါး အပြားရှိ၏။

## ဒုတိယဈာန် ၃-ဘုံအဘွင့်

ဂ။ ။ထိုဗြဟ္မာတို့အား အထက်ဗြဟ္မာတို့အောက် နည်းသော အရောင် ရှိသောကြောင့် **ပရိတ္တာဘာ** [၄] မည်ကုန်၏။ ထိုဗြဟ္မာ

---

၁–မဟာဗြဟ္မာတို့၏ အလုပ် အကျွေး ပရိသတ် ဖြစ်သောကြောင့် **ဗြဟ္မပါရိသဇ္ဇာ**မည်၏။

၂–မဟာဗြဟ္မာတို့၏ ပုရောဟိတ် အရာ၌ တည်သောကြောင့် **ဗြဟ္မပုရောဟိတ**-မည်၏။

၃–ဗြဟ္မပါရိသဇ္ဇာ ဗြဟ္မာတို့ထက် အသက် ရှည်ခြင်း အဆင်း လှခြင်း စသည်တို့ဖြင့် မြင့်မြတ်သောကြောင့် **မဟာဗြဟ္မာ**-မည်၏။

ဤဗြဟ္မာ သုံးဦးတို့၏ မြတ်သော ရတနာရောင်တို့ဖြင့် တောက်ပသော တူမျှသော ဘုံအပြင်သည် ပဌမ ဗြဟ္မာ သုံးပါးတို့၏ ဘုံ မည်၏။

၄–အပ္ပမာဏာဘာ, အာဘဿရာ ဗြဟ္မာတို့အောက် နည်းသော အရောင် အလင်း ရှိသောကြောင့် **ပရိတ္တာဘာ**-မည်၏။

တို့အား အတိုင်းအရှည် မရှိသော အရောင် ရှိသောကြောင့် **အပ္ပမာဏာဘာ**[၁] မည်ကုန်၏။ ထိုဗြဟ္မာတို့အား တိမ်တိုက်မှလျှပ်စစ် ပြက်သကဲ့သို့ ပီတိနှင့်တကွ ဖြစ်သော ဈာန်ကြောင့်ဖြစ်သော ခန္ဓာအစဉ် ရှိသည်အဖြစ်ကြောင့် အရောင်သည် ထိုမှ ဤမှ ထွက်တတ်သောကြောင့် **အာဘဿရာ**[၂] မည်ကုန်၏။ တနည်းကား—ဆီမီးတိုင်၏ အလျှံကဲ့သို့ ထိုဗြဟ္မာတို့၏ ကိုယ်မှ အရောင်သည် ပြတ်၍ပြတ်၍ ကျသကဲ့သို့ ထွက်တတ်သောကြောင့် **အာဘဿရာ**-မည်ကုန်၏။ တနည်းကား—အကြင်ဆိုအပ်ပြီးသော အရောင်ဖြင့် ထွန်းတောက်ပလေ့ ရှိသောကြောင့် **အာဘဿရာ**-မည်၏။ ထိုသုံးပါးကုန်သော ဗြဟ္မာတို့သည်လည်း အထူးသဖြင့် မြတ်ကုန်သည် အဖြစ်-ဟု ဆိုအပ်သော အရောင်တို့ဖြင့် ထွန်းတောက်ပသော တူသော အပြင်၌ နေကုန်၏။

---

## တတိယဈာန် ၃-ဘုံ

၉။ **။ပရိတ္တသုဘာ, အပ္ပမာဏသုဘာ, သုဘကိဏှာ စေတိ တတိယဈာနဘူမိ။**

(၁) ပရိတ္တသုဘာဘုံဌင်း၊
(၂) အပ္ပမာဏသုဘာဘုံဌင်း၊
(၃) သုဘကိဏှာဘုံဌင်း၊

ဤသို့ တတိယဈာန်ဘုံသည် သုံးပါး အပြားရှိ၏။

---

## တတိယဈာန် ၃-ဘုံအဘွင့်

၉။ ။တခဲနက်သော မတုန်လှုပ်သော ကိုယ်ရောင်ကို **သုဘာ** ဟု ဆိုအပ်၏။ ထိုဗြဟ္မာတို့အား အထက်ဗြဟ္မာတို့အောက် သေးငယ်

---

၁–အတိုင်းအရှည် မရှိသော အရောင် ရှိသောကြောင့် **အပ္ပမာဏာဘာ**-မည်၏။
၂–အရောင်သည် ကိုယ်မှ ထွက်၍ ထိုမှ ဤမှ ထွက်ကာ ထွန်းလင်းတတ်သောကြောင့် **အာဘဿရာ**-မည်၏။
ဗြဟ္မာ သုံးဦးတို့၏ အထူးသဖြင့် မြတ်သော ရတနာရောင်ဘုံဖြင့် တောက်ပသော တူမျှသောဘုံ အပြင်သည် ဒုတိယ ဗြဟ္မာ သုံးပါးတို့၏ ဘုံမည်၏။

သော ကိုယ်ရောင် ရှိသောကြောင့် **ပရိတ္တသုဘာ**[၁] မည်ကုန်၏။ ထို ဗြဟ္မာတို့အား အတိုင်းအရှည် မရှိသော ကိုယ်ရောင် ရှိသောကြောင့် **အပ္ပမာဏသုဘာ**[၂] မည်ကုန်၏။ အရောင်အပေါင်း-ဟု ဆိုအပ်ကုန် သော တင့်တယ်ခြင်းတို့နှင့် ပြွမ်းကုန်သောကြောင့် **သုဘကိဏ္ဍာ**[၃] မည်ကုန်၏။ သုဘာကိဏ္ဍာ-ဟု ဆိုအပ်လျက် **အာ**-သဒ္ဒါကို ရဿအ ဖြစ် ပြု၍ အဆုံး **ဏ**-အက္ခရာကို **ဟ**-ပြု၍ **သုဘကိဏှာ**-ဟု ဆိုအပ်၏။ ထိုဗြဟ္မာတို့သည်လည်း အထူးသဖြင့် မြတ်ကုန်သည် အဖြစ်-ဟု ဆို အပ်သောအရောင်တို့ဖြင့် ထွန်းတောက်ပသော တူသော အပြင်၌ နေကုန်၏။

## စတုတ္ထဈာန် ၇-ဘုံ

၁၀။ ။**ဝေဟပ္ဖလာ, အသညသတ္တာ, သုဒ္ဓါဝါသာ စေတိ စတုတ္ထဈာနဘူမိတိ ရူပါဝစရဘူမိ သောဠသဝိဓာ ဟောတိ။**

ဝေဟပ္ဖိုလ်ဘုံဂုဏ်း၊ အသညသတ်ဘုံဂုဏ်း၊ သုဒ္ဓါဝါသ ၅-ဘုံဂုဏ်း၊ ဤသို့ စတုတ္ထဈာန်ဘုံ ၇-ပါး အပြားရှိ၏၊ ဤသို့ ရူပါဝစရဘုံသည် ၁၆-ပါး အပြားရှိ၏။

## စတုတ္ထဈာန် ၇-ဘုံအဘွင့်

၁၀။ ။ထိုဗြဟ္မာတို့အား ဈာန်အာနုဘော်ကြောင့် ဖြစ်သော ကြီးကျယ် ပြန့်ပြောသောအကျိုးရှိသောကြောင့် **ဝေဟပ္ဖိုလ်**[၄] မည်ကုန် ၏။ ထိုဗြဟ္မာတို့အား သညာ၌ တပ်ခြင်းကင်းသော ဘာဝနာကြောင့်

---

၁-အထက် ဘုံ၌ ဖြစ်သော ဗြဟ္မာတို့အောက် နည်းသော တခဲနက် ဖြစ်၍ မတုန် မလှုပ် တင့်တယ် ကောင်းမြတ်သော ကိုယ်ရောင် ရှိသောကြောင့် **ပရိတ္တသုဘာ**-မည်၏။

၂-အတိုင်းအရှည် မရှိသော တခဲနက် ဖြစ်၍ မတုန် မလှုပ် တင့်တယ် ကောင်းမြတ်သော ကိုယ်ရောင်ရှိသောကြောင့် **အပ္ပမာဏသုဘာ**-မည်၏။

၃-တခဲနက် ဖြစ်၍ မတုန် မလှုပ် တင့်တယ် ကောင်းမြတ်သော ကိုယ်ရောင်တို့ဖြင့် ထက်ဝန်းကျင် ပြွမ်းသောကြောင့် **သုဘကိဏှာ**-မည်၏။

ဤဗြဟ္မာ သုံးဦးတို့၏ အထူးသဖြင့် မြတ်သော ရတနာရောင်တို့ဖြင့် တောက်ပသော တူမျှသော ဘုံအပြင်သည် တတိယ ဗြဟ္မာ သုံးဦးတို့၏ ဘုံမည်၏။

၄-ဈာန်၏ အာနုဘော်ကြောင့်ဖြစ်သောကြီးကျယ် ပြန့်ပြောသောအကျိုးရှိသောကြောင့် **ဝေဟပ္ဖိုလ်**-ဗြဟ္မာ မည်၏၊

ဖြစ်သော ရုပ်စဉ်မျှသာ ရှိသည့် အဖြစ်ကြောင့် သညာသည်၎င်း၊ ထိုသညာကို အရင်းပြုသဖြင့် ဆိုအပ်ကုန်သော ကြွင်းသော နာမ်ခန္ဓာတို့သည်၎င်း မရှိသောကြောင့် **အသညာ** မည်ကုန်၏။ ထိုသညာ မရှိသော ဗြဟ္မာတို့သည်သာလျှင် သတ္တဝါလည်း မည်ကုန်သောကြောင့် **အသညသတ္တ**[၁] မည်ကုန်၏။ ထိုဗြဟ္မာတို့သည်လည်း အထူးသဖြင့် မြတ်ကုန်သည့် အဖြစ်-ဟု ဆိုအပ်သော အရောင်တို့ဖြင့် ထွန်းတောက်ပသော တူသော အပြင်၌ နေကုန်၏၊ စင်ကြယ်ကုန်သော အနာဂါမ်ပုဂ္ဂိုလ် ရဟန္တာပုဂ္ဂိုလ်တို့၏သာလျှင် နေရာ ဖြစ်ကုန်သောကြောင့် **သုဒ္ဓါဝါသ**-မည်ကုန်၏။

တနည်းကား—ထိုဗြဟ္မာတို့အား ချစ်ခြင်း မုန်းခြင်းမရှိသည်၏ အဖြစ်ကြောင့် စင်ကြယ်သော နေရာ ရှိသောကြောင့် **သုဒ္ဓါဝါသ** မည်ကုန်၏။ ထိုဗြဟ္မာတို့၏ နေရာ ဘုံသည်လည်း ဌာနူပစာအားဖြင့် **သုဒ္ဓါဝါသ**-မည်၏။

## သုဒ္ဓါဝါသ ၅-ဘုံ

၁၁။ ။**အဝိဟာ, အတပ္ပါ, သုဒဿာ, သုဒဿီ, အကနိဋ္ဌာ စေတိ သုဒ္ဓါဝါသဘူမိ ပဉ္စဝိဓာ ဟောတိ။**

(၁) အဝိဟာဘုံ၎င်း၊
(၂) အတပ္ပါဘုံ၎င်း၊
(၃) သုဒဿာဘုံ၎င်း၊
(၄) သုဒဿီဘုံ၎င်း၊
(၅) အကနိဋ္ဌာဘုံ၎င်း၊ ဤသို့ သုဒ္ဓါဝါသဘုံသည် ငါးပါး အပြားရှိ၏။

## သုဒ္ဓါဝါသ ၅-ဘုံအဘွင့်

၁၁။ ။ဤငါးပါးသော အပြင်တို့တွင် ပဌမအပြင်၌ နေကုန်သော ဗြဟ္မာတို့သည် စိုးစဉ်းမျှသော ကာလ၌ မိမိ၏ နေရာကို မစွန့်

၁—သညာ၌ ရှုံ့ရှာ စက်ဆုပ်သော ဘာဝနာ၏ အစွမ်းဖြင့်သညာနှင့် တကွသော နာမ်ခန္ဓာတို့၏ မရှိသောကြောင့်၎င်း၊ သတ္တဝါလည်းဖြစ်သောကြောင့်၎င်း၊ အသညသတ္တ-ဗြဟ္မာ မည်၏။ ဤဗြဟ္မာ ၂-ဦးတို့၏ အထူးသဖြင့် အလွန် မြတ်သောရတနာရောင်တို့ဖြင့် တောက်ပသော တူသော ဘုံအပြင်သည် စတုတ္ထရာန်ဘုံ မည်၏။

သောကြောင့် **အဝိဟာ** [၁] မည်ကုန်၏။ ဒုတိယအပြင်၌ နေကုန်သော ဗြဟ္မာတို့သည် တစုံတခုသော အကြောင်းကြောင့် မပူပန်ကုန်သောကြောင့် **အတပ္ပါ** [၂] မည်ကုန်၏။ တတိယအပြင်၌ နေကုန်သော ဗြဟ္မာတို့သည် အလွန်မြတ်သော အရောင်အဆင်း ရှိ၍ ချမ်းသာသော သဘောဖြင့် ရှုအပ်သောကြောင့် **သုဒဿာ** [၃] မည်ကုန်၏။ စတုတ္ထ အပြင်၌ နေကုန်သော ဗြဟ္မာတို့သည် အလွန်စင်ကြယ်သော စက္ခုဝိညာဏ် ရှိ၍ ချမ်းသာသဖြင့် အဆင်းကို မြင်တတ်သောကြောင့် **သုဒဿီ** [၄] မည်ကုန်၏။ ပဉ္စမအပြင်၌ နေကုန်သော ဗြဟ္မာတို့သည် လွန်သော စည်းစိမ် ဂုဏ်သိရ် ရှိသည် ဖြစ်၍ ထိုဗြဟ္မာတို့အား စည်းစိမ် ဂုဏ်သိရ် ငယ်သော အဖြစ် မရှိသောကြောင့် **အကနိဋ္ဌာ** [၅] မည်ကုန်၏။

---

### အရူပ ၄-ဘုံ

၁၂။ ။**အာကာသာနဉ္စာယတနဘူမိ, ဝိညာဏဉ္စာယတနဘူမိ, အာကိဉ္စညာယတနဘူမိ, နေဝသညာနာသညာယတနဘူမိ စေတိ အရူပဘူမိ စတုဗ္ဗိဓာ ဟောတိ။**

---

၁–အနည်းငယ်သော ကာလအားဖြင့် မိမိ နေရာဌာနကို မစွန့်တတ် သောကြောင့် **အဝိဟာ**ဗြဟ္မာ-မည်၏၊ ထိုဗြဟ္မာတို့၏ နေရာ ဖြစ်သော ဘုံသည် **အဝိဟာ**ဗြဟ္မာဘုံ-မည်၏။

၂–တစုံတခုသောအကြောင်းဖြင့် ပူလောင်ခြင်း မရှိသောကြောင့် **အတပ္ပါ**ဗြဟ္မာ-မည်၏။ ထိုဗြဟ္မာတို့၏ နေရာ ဖြစ်သောဘုံသည် **အတပ္ပါ**ဗြဟ္မာဘုံ-မည်၏။

၃–မြတ်သော ကောင်းသော အဆင်းရှိ၍ ချမ်းသာသဖြင့် ကြည့်အပ်သောကြောင့် **သုဒဿာ**ဗြဟ္မာ-မည်၏၊ ထိုဗြဟ္မာတို့၏ နေရာဖြစ်သောဘုံသည် **သုဒဿာ**ဗြဟ္မာဘုံ-မည်၏။

၄–အလွန်ပင် စင်ကြယ်သော စက္ခုဝိညာဏ် ရှိ၍ ချမ်းသာစွာ မြင်နိုင်သောကြောင့် **သုဒဿီ**ဗြဟ္မာ-မည်၏၊ ထိုဗြဟ္မာတို့၏ နေရာ ဖြစ်သောကြောင့် **သုဒဿီ**ဗြဟ္မာဘုံ-မည်၏။

၅–လွန်ကဲသော စည်းစိမ် ဂုဏ်သိရ် ရှိသဖြင့် စည်းစိမ် ဂုဏ်သိရ် သေးငယ်မှုမရှိသောကြောင့် **အကနိဋ္ဌ**ဗြဟ္မာ-မည်၏၊ ထိုဗြဟ္မာတို့၏ နေရာဖြစ်သောကြောင့် **အကနိဋ္ဌ**ဗြဟ္မာဘုံ မည်၏။

ဤဘုံ ငါးပါးသည် ကာမရာဂါနုသယ, ပဋိဃာနုသယတို့ မရှိသဖြင့် အလွန် စင်ကြယ်တော်မူကြသော အနာဂါမ် ရဟန္တာ အရှင်တို့၏ နေရာ ဖြစ်သောကြောင့် **သုဒ္ဓါဝါသ**ဘုံ မည်၏။

(၁) အာကာသာနဉ္စာယတနဘုံဂုဏ်း၊
(၂) ဝိညာဏဉ္စာယတနဘုံဂုဏ်း၊
(၃) အာကိဉ္စညာယတနဘုံဂုဏ်း၊
(၄) နေဝသညာ နာသညာယတနဘုံဂုဏ်း၊
ဤသို့ အရူပဘုံသည် လေးပါးအပြားရှိ၏။

---

## အရူပ ၄-ဘုံအဘွင့်

၁၂။ ။အပိုင်းအခြား မရှိသော ကသိဏ်းကိုခွါ၍ ရအပ်သော ကောင်းကင်အာရုံ၌ ဖြစ်ကုန်သော ပဌမအရူပဝိပါက် နာမက္ခန္ဓာ လေးပါးတို့သည်ပင်လျှင် အဝတ္ထာဘုံ၏ အစွမ်းဖြင့် **အာကာသာ-နဉ္စာယတနဘုံ** [၁] မည်၏။

တနည်းကား—ထိုပဌမအရူပဝိပါက် နာမက္ခန္ဓာ လေးပါး တို့ဖြင့် ပိုင်းခြားအပ်သော အရပ်သည် ဌာနဘုံ၏ အစွမ်းဖြင့် အာကာသာနဉ္စာယတနဘုံ မည်၏၊ ကြွင်းသော ဝိညာဏဉ္စာ-ယတနဘုံ စသည်တို့၌လည်း ဤအတူပင် မှတ်အပ်၏။

---

## ဘုံ၌ပုဂ္ဂိုလ်ရဂါထာ

၁၃။ ။**ပုထုဇ္ဇနာ န လဗ္ဘန္တိ၊ သုဒ္ဓါဝါသေသု သဗ္ဗထာ။**
**သောတာပန္နာ စ သကဒါ၊ ဂါမိနော စာပိ ပုဂ္ဂလာ။**
**အရိယာ နောပလဗ္ဘန္တိ၊ အသညာပါယဘူမိသု။**
**သေသဋ္ဌာနေသု လဗ္ဘန္တိ၊ အရိယာနရိယာပိ စ။ ။**

**ဣဒမေတ္ထဘူမိစတုက္ကံ။**

---

၁—ကသိဏ်း ၉-ပါးမှ ခွါ၍ရအပ်သော ကောင်းကင်ပညတ်သည် အာကာသာနဉ္စာယတနမျာန်၏ဂုဏ်း၊ ပဋိသန္ဓေ ဖြစ်သော ပဌမျောန် ဝိပါက် နာမက္ခန္ဓာ၏ဂုဏ်း တည်ရာ ဖြစ်သောကြောင့် **အာကာသာနဉ္စာယတနဘုံ**-မည်၏။

တနည်း—အာကာသာနဉ္စာယတန ကုသိုလ်ဈာန်စိတ်သည်ဂုဏ်း၊ ပဋိသန္ဓေဖြစ်သော အာကာသာနဉ္စာယတန ဝိပါက်စိတ်သည်ဂုဏ်း၊မိမိနှင့် သမ္ပယုတ် ဖြစ်သော တရားတို့၏ မှီရာ ဖြစ်သောကြောင့် **အာကာသာနဉ္စာယတနဘုံ**-မည်၏၊ (ကြွင်း အရူပဘုံများကိုလည်း နည်းတူသိ၊)

သုဒ္ဓါဝါသဘုံ၌ ခပ်သိမ်းသော အခြင်းအရာအားဖြင့် ပုထုဇ္ဇန် ပုဂ္ဂိုလ်တို့ကိုင်း၊ သောတာပန်ပုဂ္ဂိုလ်တို့ကိုင်း၊ သကဒါဂါမိပုဂ္ဂိုလ် တို့ကိုင်း မရအပ်ကုန်၊ အသညသတ်ဘုံ, အပါယ်ဘုံတို့၌အရိယာ ပုဂ္ဂိုလ် ရှစ်ယောက်တို့ကို မရအပ်ကုန်၊ သုဒ္ဓါဝါသဘုံ, အပါယ် ဘုံ, အသညသတ်ဘုံတို့မှ ကြွင်းကုန်သော ၂၁-ဘုံတို့၌အရိယာ ပုဂ္ဂိုလ်တို့ကိုင်း၊ ပုထုဇ္ဇန်ပုဂ္ဂိုလ် ၃-ယောက်တို့ကိုင်း ရအပ်ကုန် ၏။ ဤဆိုအပ်ပြီးသည်ကား ဤဝိထိမုတ္တသင်္ဂဟအရာ၌ဘူမိစတုက္က တည်း။

---

## ဘုံ၌ပုဂ္ဂိုလ်ရအဘွင့်

၁၃။ ။ပုထုဇ္ဇန် ပုဂ္ဂိုလ်တို့ကိုင်း၊ သောတာပန်ပုဂ္ဂိုလ်တို့ကို င်း၊ သကဒါဂါမိ ပုဂ္ဂိုလ်တို့ကိုင်း၊ သုဒ္ဓါဝါသဘုံ[၁]တို့၌ ခပ်သိမ်း သော အခြင်းအရာအားဖြင့် မရအပ်ကုန်၊ ဤသို့ပုဒ်စပ်ခြင်း အနက် ပေးခြင်းကိုပြုအပ်၏။ ပုထုဇ္ဇန် အစရှိသော ပုဂ္ဂိုလ်တို့ကို ပယ်သဖြင့် အနာဂါမိပုဂ္ဂိုလ် ရဟန္တာ ပုဂ္ဂိုလ်တို့ကိုသာ ထိုသုဒ္ဓါဝါသဘုံ၌ ရခြင်းကို မိန့်ဆိုအပ်၏။

**သေသဋ္ဌာနေသု**-ဟူသည်ကား၊ ဝါ-ဟူသောပုဒ်ကို သုဒ္ဓါဝါသ ဘုံ, အပါယ်ဘုံ, အသညသတ်ဘုံမှ ကြဉ်အပ်ကုန်သော ကြွင်းသော ဘုံတို့၌ အရိယာပုဂ္ဂိုလ်တို့ကိုင်း၊ အရိယာမဟုတ်သော ပုဂ္ဂိုလ် တို့ကိုင်း ရအပ်ကုန်၏-ဟု အနက်ပေး။

ဘူမိစတုက္က အဘွင့်ပြီး၏။

---

## အပါယ်ပဋိသန္ဓေ

**၁၅။ ။တတ္ထ အကုသလဝိပါကောပေက္ခာသဟဂတသန္တီရဏံ အပါယဘူမိယံ ဩက္ကန္တိက္ခဏေ ပဋိသန္ဓိ ဟုတွာ**

---

၁-သုဒ္ဓါဝါသ ငါးဘုံတို့၌ ပုထုဇ္ဇန်, သောတာပန်, သကဒါဂါမိ ပုဂ္ဂိုလ်တို့ မရနိုင်, မရောက်နိုင်ကုန်၊ အသညသတ်ဘုံ, အပါယ်ဘုံတို့၌ အရိယာ ပုဂ္ဂိုလ်တို့သည် မဖြစ်ကုန်၊ ထိုဘုံတို့မှ ကြွင်းကုန်သော ၂၁-ဘုံတို့၌သာ အရိယာ ပုဂ္ဂိုလ်တို့သည်ငင်း၊ ပုထုဇ္ဇန် ပုဂ္ဂိုလ် တို့သည်ငင်း ဖြစ်ကုန်၏-ဟူလို။

**တတောပရံ ဘဝင်ံ ပရိယောသာနေ စဝနံ ဟုတွာ ဝေါစ္ဆိဇ္ဇတိ။**

**အယမေကာပါယပဋိသန္ဓိနာမ။**

ထိုလေးပါးသော ပဋိသန္ဓေတို့တွင် အကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်သည် အပါယ်ဘုံ၌ သက်သော ခဏ၌ ပဋိသန္ဓေဖြစ်၍ ပဋိသန္ဓေအခါမှ နောက်၌ ဘဝင်ဖြစ်၍ အဆုံး၌ စုတိဖြစ်၍ ပြတ်၏၊ တခုသော ဤပဋိသန္ဓေသည် အပါယ်ပဋိသန္ဓေမည်၏။

---

၁၅။ ။ဩက္ကန္တိက္ခဏေ-ဟူသည်ကား၊ ဝါ-ဟူသော ပုဒ်ကို ပဋိသန္ဓေအခါ၌-ဟု အနက်ပေး။

---

**ကာမသုဂတိပဋိသန္ဓေ**

၁၆။ ။**ကုသလဝိပါကောပေက္ခာသဟဂတ သန္တီရဏံ ပန ကာမသုဂတိယံ မနုဿာနဉ္စေဝ ဇစ္စန္ဓာဒီနံ ဘုမဿိတာနဉ္စ ဝိနိပါတိကာသုရာနံ ပဋိသန္ဓိဘဝင်စုတိဝသေန ပဝတ္တတိ။**

ကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်သည် ကာမဘုံ၌ ပဋိသန္ဓေအားဖြင့် ကန်းသောသူ အစရှိကုန်သော လူတို့အားငှင်း၊ဘုမ္မစိုးနတ်တို့ကို မှီ၍ ဖြစ်ကုန်သော ဝိနိပါတိကအသုရာတို့အားငှင်း ပဋိသန္ဓေ, ဘဝင်, စုတိ၏ အစွမ်းဖြင့် ဖြစ်၏။

---

**ကာမသုဂတိပဋိသန္ဓေအဘွင့်**

၁၆။ ။ပဋိသန္ဓေအားဖြင့် ကန်းသောသူသည် **ဇစ္စန္ဓ** [၁] မည်၏၊ ဥဒ္ဓ ဖြစ်သော အဏ္ဍဇသတ္တဝါ, အမိဝမ်း၌ဖြစ်သော ဇလာဗုဇ

---

၁–ပဋိသန္ဓေ လေးမျိုးဘွင် သံသေဒဇ ပဋိသန္ဓေ, ဥပပါတ် ပဋိသန္ဓေ နှစ်ပါးဖြင့် ပဋိသန္ဓေ တည်နေသော သူဘို့အား ပဋိသန္ဓေ ခဏ၌ စက္ခုနှင့်တကွ ဖြစ်သင့်လျက် စက္ခု မဖြစ်သည် ဖြစ်အံ့၊ ဇစ္စန္ဓ-ပုဂ္ဂိုလ် မည်၏၊ အဏ္ဍဇ ပဋိသန္ဓေ, ဇလာဗုဇ ပဋိသန္ဓေ နှစ်ပါးဖြင့် ပဋိသန္ဓေ တည်နေသော သူတို့အား သတ္တမ သတ္တာဟ စက္ခု ဖြစ်ချိန်ကာလ၌ အကုသိုလ်ကံ တားမြစ်သောကြောင့် စက္ခုမပေါ် မဖြစ်သည် ဖြစ်အံ့၊ ဇစ္စန္ဓ-ပုဂ္ဂိုလ် မည်၏၊ စက္ခုဒသက ကလာပ် ဖြစ်ပြီးမှ တစုံတခုသော အကြောင်းကြောင့် စက္ခု မပါမူ၍ မွေးဖွားသော ပုဂ္ဂိုလ်ကို ဇစ္စန္ဓ-ဟု မဆိုအပ်ချေ။

သတ္တဝါ အားလုံးတို့သည် ပဋိသန္ဓေဥပဓိခဏ၌ စက္ခုန္ဒြေသည် အကယ်၍ မချို့ကုန်သည်ဖြစ်အံ့၊ ထိုသို့ မချို့ကုန်သော်လည်း စက္ခုန္ဒြေ စသည် ဖြစ်ထိုက်သော ကာလ၌ စက္ခုန္ဒြေ၏ ဖြစ်ခြင်းကိုတားမြစ်တတ်သော အကုသိုလ်ကံ၏ တားမြစ် အပ်သော သတ္တိကြောင့် ပဋိသန္ဓေကို ပေးသော ကံသည်ငှင်း၊ ပဝတ္တိအကျိုးကို ပေးတတ်သော ကံတပါးသည်ငှင်း မဖြစ်စေအပ်သော စက္ခုန္ဒြေ ရှိသော ဝါ- စက္ခုန္ဒြေမရှိသော သတ္တဝါသည် **ဇစ္စန္ဓ**-မည်၏။

အပရေဆရာတို့သည်ကား ဇစ္စန္ဓပုဂ္ဂိုလ်-ဟူသည် အမိဝမ်းတွင်း၌ ပင်လျှင် ကန်းသောသူတည်း။ အမိဝမ်းတွင်း၌ ကန်းသည် ဖြစ်၍ ဖွားသောသူတည်း၊ ဤသို့သော အနက်ကိုမှတ်အပ်၏၊ ထို **ဇစ္စန္ဓ** ဟူသောပါဌ်ဖြင့် ဒွိဟိတ် ပုဂ္ဂိုလ်, တိဟိတ်ပုဂ္ဂိုလ်တို့အား အမိ ဝမ်းတွင်း၌ စက္ခုန္ဒြေ၏ မချို့-ဟူသော အဓိပ္ပါယ်သည် ပြီးပြည့်စုံ၏ ဟု ဆိုကြကုန်၏။

**ဇစ္စန္ဓာဒီနံ** [၁] ဟူသောပါဌ်၌ **အာဒိ**-သဒ္ဒါဖြင့် ပဋိသန္ဓေအားဖြင့် နားပင်းသောသူ, ပဋိသန္ဓေအားဖြင့် အ-သောသူ, ပဋိသန္ဓေ

---

၁—ဇစ္စန္ဓာဒီနံ-၌ အာဒိသဒ္ဒါဖြင့် ဇစ္စဗဓိရ, ဇစ္စဃာန, ဇစ္စမူဂ, ဇစ္စဠေ, ဇစ္စုမ္မတ္တက, ပဏ္ဍက, ဥဘတောဗျဉ္စနက, နပုံသက, မမ္မ စသော သူတို့ကို ယူအပ်ကုန်၏၊ ၎င်းပုဂ္ဂိုလ်တို့ သည်လည်း အဟိတ် ကုသလဝိပါက် ဥပေက္ခာသဟဂုတ် သန္တီရဏစိတ်ဖြင့် ပဋိသန္ဓေနေသော သူတို့ မည်ကုန်၏။

ထိုပုဂ္ဂိုလ်တို့တွင် ပဋိသန္ဓေအားဖြင့် နားပင်းသောသူသည် **ဇစ္စဗဓိရ**-မည်၏၊ ပဋိသန္ဓေ အားဖြင့် ဃာနပသာဒ ချို့သော သူသည် **ဇစ္စဃာန**-မည်၏၊ ပဋိသန္ဓေအားဖြင့် ဇိဝှါပသာဒ မချို့ကောင်းပေ၊ ပဋိသန္ဓေအားဖြင့် အ,သောသူသည် **ဇစ္စမူဂ**-မည်၏၊ ပဋိသန္ဓေအားဖြင့် ဆွံ့သောသူသည် **ဇစ္စဠေ**-မည်၏၊ ပဋိသန္ဓေအားဖြင့်စိတ်ဖေါက်ပြန်သော ဝမ်းတွင်းရူးသူသည် **ဇစ္စုမ္မတ္တက**-မည်၏၊ ကာမဂုဏ်ကို ခံစားလိုသောကြောင့် ပန်းစုတ်ခြင်းစသော ယုတ်မာသော အမှုမျိုးကို ပြုလုပ်မှ ကာမဂုဏ် ခံစားနိုင်သော သူမျိုးသည် **ပဏ္ဍုက်**-မည်၏။

ယောကျ်ား တလ, မိန်းမ တလ စသည်ဖြင့် ဖြစ်ပျက် ပြောင်းလဲ၍ ယောကျ်ားဖြစ်တုံ မိန်းမဖြစ်တုံ ယောကျ်ား မိန်းမတို့၏ နိမိတ်အင်္ဂါ အစုံရှိသူသည် **ဥဘတောဗျဉ်း**-မည်၏။

ယောကျ်ားမဟုတ်, မိန်းမလည်း မဟုတ်, နှစ်ပါးစုံ မှလွတ်၍ လိင် ၂-ပါးမှကင်းသော သူသည် **နပုန်း**-မည်၏။

စကား ပြောဆိုရာ၌ စကား တလုံး တလုံးကို အလွန် အားထုတ်၍ ပြောဆိုရ၏၊ ထိုသို့ ပြောဆိုပါသော်လည်း ချောချော ပြေပြေမရှိ၊ ထစ်ထစ် ငေါ့ငေါ့ ပြောဆိုသောသူသည် **မမ်း**-စွဲသောသူ မည်၏။

အားဖြင့် ဆွံ့သောသူ, ပဋိသန္ဓေအားဖြင့် ရူးသောသူ, ပဏ္ဍုက်, ဥဘတောဗျည်း,နပုန်း, စကားတင်ကင်မမ်းစွဲသောသူ အစရှိသည်တို့ကို ပေါင်းခြင်းကို ပြုအပ်၏။

အပရေဆရာတို့သည်ကား အချို့ကုန်သော အဟိတ် ပဋိသန္ဓေရှိကုန်သော သတ္တဝါတို့သည် မချိုသော ဇာခြေရှိကုန်၍ အတန်ငယ် စကား မဆိုနိုင်သည် ဖြစ်၍ဆင်ခြင်ခြင်း သဘော ရှိကုန်၏၊ ထိုသို့ သဘောရှိသော သူတို့ကိုလည်း **အာဒိ**-သဒ္ဒါဖြင့်ပင် ပေါင်းခြင်းကို ပြုအပ်၏-ဟု ဆိုကုန်၏။ ဘုမ္မစိုးနတ်တို့ကဲ့သို့ ဖြစ်ခြင်းရှိသည် ဖြစ်၍ ဘုမ္မစိုးနတ်တို့ကို မှီ၍ ဖြစ်ကုန်သောကြောင့် **ဘုမ္မဿိတာ**[၁] နတ်မည်ကုန်၏။ချမ်းသာအပေါင်းမှချွတ်ခဲ့သောကြောင့်**ဝိနိပါတိက-အသုရာ**-မည်ကုန်၏။

---

### အဟိတ်ပဋိသန္ဓေ

၁၇။ ။**မဟာဝိပါကာနိ ပန အဋ္ဌ သဗ္ဗထာပိ ကာမသုဂတိယံ ပဋိသန္ဓိဘဝင်္ဂစုတိဝသေန ပဝတ္တန္တိ**။

ရှစ်ပါးကုန်သော မဟာဝိပါက်စိတ် တို့သည် ခပ်သိမ်းသော အခြင်းအရာအားဖြင့်လည်း ကာမသုဂတိဘုံ၌သာ ပဋိသန္ဓေ ဘဝင် စုတိ အစွမ်းဖြင့် ဖြစ်ကုန်၏။

---

၁—တန်ခိုးကြီးမားသော ရုက္ခစိုး, ဘုမ္မစိုး နတ်တို့ကို မှီခို၍ နေကြရသောကြောင့် **ဘုမ္မဿိတနတ်**-မည်ကုန်၏၊ ထိုနတ်တို့သည် မိမိ ကိုယ်ပိုင် ဘုံဗိမာန်များ မရှိကြသဖြင့် တော ချုံပုတ်ပေါင်းတို့၌၎င်း၊ ရွှံ့ချိုး, မြောင်ရိုးတို့၌၎င်း၊ လိုဏ်အိုး, ဂူအိုး, ကျောင်းပုက်, ကန်ပျက်, သုသာန် သင်းချိုင်း စသည်တို့၌၎င်း၊ မှီခို ကပ်ရပ်၍ ဆင်းရဲစွာ နေကြကုန်သော ယခုကာလ ခေါ်ကြသော တစ္ဆေ သူရဲ စသော နတ်မျိုးတို့ပင်တည်း၊ ထိုဘုမ္မဿိတ ဖြစ်သော တစ္ဆေ သူရဲ စသော နတ်တို့သည် ချမ်းသာအပေါင်းမှ ရွေ့လျောတတ်, ကင်းကွာ တတ်သောကြောင့် ဝိနိပါတိကအသုရာ-မည်ကုန်၏၊

မဟာဝိပါက်စိတ် ၈-ခုတွင် ဉာဏဝိပ္ပယုတ်စိတ် ၄-ခုဖြင့် ပဋိသန္ဓေ တည်နေသော နတ် လူ များသည် အလောဘဟိတ်, အဒေါသဟိတ် ၂-ပါးသာ ရှိသောကြောင့် ဒွိဟိတ် ပုဂ္ဂိုလ်-မည်ကုန်၏။ ။ဉာဏသမ္ပယုတ်စိတ် ၄-ခုဖြင့် ပဋိသန္ဓေ တည်နေသော နတ်လူတို့သည် အလောဘ အဒေါသ အမောဟဟိတ် ၃-ပါးရှိသောကြောင့် တိဟိတ်ပုဂ္ဂိုလ်-မည်ကုန်၏။

## အဖိတ်ပဋိသန္ဓေအဘွင့်

၁၇။ ။**သမ္ဘထာပိကာမသုဂတိယံ**-ဟူသည်ကား၊ ဝါ-ဟူသော ပုဒ်ကို နတ်လူတို့၏ အစွမ်းဖြင့် ၇-ပါး အပြားရှိသော ကာမသုဂတိ ဘုံ၌-ဟု အနက်ပေး။

---

## လူနှင့်အပါယ်ပုဂ္ဂိုလ်စသည်တို့၏အသက်တမ်း

**၂၀။ ။တေသု ပန စတုန္နံ အပါယာနံ မနုဿာနံ ဝိနိပါတိကာ-**
**သုရာနဉ္စ အာယုပ္ပမာဏဂဏနာယ နိယမော နတ္ထိ။**

ထိုဆယ်ပါးသော ပဋိသန္ဓေနှင့် ယှဉ်ကုန်သော ပုဂ္ဂိုလ်တို့တွင် လေးယောက်ကုန်သော အပါယ် ပုဂ္ဂိုလ်တို့၏၎င်း၊ လူတို့၏၎င်း၊ ဝိနိပါတိက အသုရာတို့၏၎င်း အသက်အတိုင်းအရှည်ကို ရေတွက် ခြင်း၌ မြဲခြင်း မရှိ။

---

## လူနှင့်အပါယ်ပုဂ္ဂိုလ်စသည်တို့၏အသက်တမ်းအဘွင့်

၂၀။ ။**တေသု**-ဟူသည်ကား၊ ဝါ-ဟူသော ပုဒ်ကို အကြင် ဆိုအပ်ပြီးသော ပဋိသန္ဓေနှင့်ယှဉ်ကုန်သော ပုဂ္ဂိုလ်တို့တွင်—

တနည်းကား—အပါယ်ပုဂ္ဂိုလ် အစရှိသည်တို့တွင်-ဟု အနက် ပေး။ အချို့ကုန်သော သတ္တဝါတို့၏ ရှည်သော အသက် ရှိသည် အဖြစ်ကြောင့်၎င်း၊ အချို့ကုန်သော သတ္တဝါတို့၏ အလွန်ရှည်သော အသက်ရှိသည် အဖြစ်ကြောင့်၎င်း၊ အသက် အတိုင်း အရှည်ကို ရေတွက်ခြင်း၌ မြဲခြင်း မရှိပေ၊ ထို့ကြောင့် ရှေးဆရာတို့သည်—

---

ထိုအပါယ်သား, လူ, ဝိနိပါတိက အသုရာတို့အား အကြင်မျှလောက် ကုသိုလ်ကံ အကုသိုလ်ကံသည် မကုန်သေး၊ ထိုမျှလောက် ကာလပတ်လုံး စုတေခြင်း မရှိ၍ ၎င်းတို့၏ ကံသာလျှင် ပမာဏ ဖြစ်သောကြောင့် အသက်ရှည်သူ ရှည်၍ တိုသူ တိုကြကုန်၏၊ အသက် အတိုင်းအရှည် အရေအတွက် မမြဲကုန်။ ထို့ကြောင့် အချို့သော ဘုမ္မစိုး နတ်တို့သည် ၇-ရက်မျှသာ အသက်ရှည်၍၊ အချို့မှာ အာယုကပ်ပတ်လုံး တည်ကြကုန်၏၊ လူတို့မှာလည်း တခါတရံ အသင်္ချေယျ အသက်ရှည်၍ တခါတရံ ဆယ်နှစ်မျှ အသက်ရှည်ကြကုန်၏-ဟုမှတ်။

အာပါယိကမနုဿာယု၊ ပရိစ္ဆေဒေါ န ဝိဇ္ဇတိ။
တထာ ဟိ ကာဠေဒွ မန္ဓာတာ၊ ယက္ခာ ကေစိ စိရာယုနော။

ဟု မိန့်ဆိုကုန်၏။

အနက်ကား—အပါယ်ဘုံ၌ ဖြစ်သော သတ္တဝါနှင့် လူတို့၏ အသက် အပိုင်းအခြားသည် မရှိ၊ ထို့ကြောင့်သာလျှင် ကာဠုနဂါးသည်၎င်း၊ မန္ဓာတ်မင်းသည်၎င်း၊ အချို့ကုန်သော နတ်ဘီလူးတို့သည်၎င်း၊ ရှည်သောအသက်ရှိကုန်၏၊ အဘယ့်ကြောင့် အသက်အပိုင်းအခြား မရှိပါသနည်း-ဟူမူ ထိုအပါယ် လေးဘုံ၌ ဖြစ်ကုန်သော သတ္တဝါတို့အား အကြင်မျှလောက် ကာလပတ်လုံး အကုသိုလ်ကံသည် မကုန်၊ ထိုမျှလောက်သော ကာလပတ်လုံး စုတေခြင်း မရှိသောကြောင့် အပါယ်ဘုံတို့၌ ကံသာလျှင် အတိုင်းအရှည် ပမာဏ ဖြစ်၏။ ထို့ကြောင့် အပါယ်ဘုံသားတို့အား အသက်အပိုင်းအခြားမရှိ၊ ဘုမ္မစိုးနတ်တို့၏ အသက်အပိုင်းအခြား ပမာဏသည် ထိုအပါယ်ဘုံသားအတူ ကံသာလျှင် အတိုင်းအရှည် ပမာဏရှိ၏။ ထိုစကားမှန်၏။ ထိုဘုမ္မစိုးနတ်တို့၌ ဖြစ်ကုန်သောအချို့သော သတ္တဝါတို့သည်လည်း ၇-ရက်သာတည်ကုန်၏၊ အချို့သော သတ္တဝါတို့သည် အာယုကပ် အတိုင်းအရှည် ရှိသော ကာလပတ်လုံး တည်ကုန်၏၊ လူတို့၏လည်း ထို့အတူ အသက်အပိုင်းအခြားမရှိ၊ အဘယ့်ကြောင့် အသက် အပိုင်းအခြား မရှိပါသနည်း-ဟူမူ၊ ထိုလူတို့၏ တရံတခါ အသင်္ချေယျ အသက် ရှည်သည် အဖြစ်ကြောင့်၊ တရံတခါ ဆယ်နှစ် အသက် ရှည်သည် အဖြစ်ကြောင့် အသက် အပိုင်းအခြား မရှိ။ ''ယော စိရံ ဇီဝတိ၊ သော ဝဿသတံ ဇီဝတိ၊ အပ္ပံ ဝါ ဘိယျော ဒုတိယံ ဝဿသတံ န ပါပုဏာတိ'' ဟူသော ဤစကားသည် ယခုကာလ၌ ဖြစ်ကုန်သော လူတို့ကို ရည်၍ ဆိုအပ်သော စကားဖြစ်၏။

အနက်ကား—အကြင်သူသည် ရှည်မြင့်စွာသော ကာလပတ်လုံး အသက်ရှည်၏၊ ထိုသူသည် အနှစ်တရာပတ်လုံး အသက်ရှည်၏၊ အနည်းငယ် အနှစ်တရာထက် လွန်သော ကာလပတ်လုံးသော်လည်း အသက်ရှည်တတ်၏။

## စာတုမဟာရာဇ်နတ်သက်

၂၁။ ။**စာတုမဟာရာဇိကာနံ ပန ဒေဝါနံ ဒိဗ္ဗာနိ ပဉ္စဝဿသတာနိ အာယုပ္ပမာဏံ၊ မနုဿဂဏနာယ နဝုတိဝဿသတ သဟဿပ္ပမာဏံ ဟောတိ။**

စာတုမဟာရာဇ်နတ်ဘုံ၌ ဖြစ်ကုန်သော နတ်တို့၏ အသက် အတိုင်းအရှည်သည် နတ်၌ဖြစ်ကုန်သော အနှစ်ငါးရာတို့ ဖြစ်ကုန်၏၊ လူတို့၏ အရေအတွက်အားဖြင့် အနှစ် ကိုးသန်း အတိုင်းအရှည်ရှိ၏။

---

## စာတုမဟာရာဇ်နတ်သက်အဘွင့်

၂၁။ ။**ဒိဗ္ဗာနိပဉ္စဝဿသတာနိ**-ဟူသည်ကား၊ လူတို့၏ အနှစ်ငါးဆယ်တို့သည် စာတုမဟာရာဇ်နတ်တို့၌ တရက်ဖြစ်၏၊ ထိုနေ့အားလျော်စွာ လ, နှစ် တို့ကို ပိုင်းခြား၍ နတ်၏ အတိုင်းအရှည်ဖြစ်ကုန်သော အနှစ်ငါးရာတို့သည် [၁] အသက် အတိုင်းအရှည် ဖြစ်၏။ ထိုစကားမှန်၏—

ယာနိ ပညာသဝဿာနိ၊ မနုဿာနံ ဒိနော တဟိံ။
တိံသရတ္တိ ဒိဝေါ မာသော၊ မာသာ ဒွါဒသ သံဝစ္ဆရံ။
တေန သံဝစ္ဆရေနာယု၊ ဒိဗ္ဗံ ပဉ္စသတံ မတံ။ ။

ဟူသော စကားကို မိန့်ဆိုအပ်၏။

အနက်ကား—လူတို့၏ အကြင် အနှစ်ငါးဆယ်တို့သည် စာတုမဟာရာဇ်နတ်ပြည်၌ တရက် ဖြစ်၏၊ ညဉ့် ၃၀-သည် တလမည်၏၊ ၁၂-လတို့သည် တနှစ်မည်၏၊ ထိုနတ်တို့၏ နှစ်ဖြင့် စာတုမဟာရာဇ်နတ်တို့၏ အသက်ကို နတ်တို့၏ အနှစ်ငါးရာ-ဟူ၍ သိအပ်၏။

---

၁—လူတို့၏ အနှစ် ၅၀-သည် စာတုမဟာရာဇ် နတ်တို့၌ တရက်ဖြစ်၏၊ ထိုရက် ၃၀-သည် နတ်တို့၌ တလ ဖြစ်၏၊ ထို ၁၂-လသည် နတ်တို့၌ တနှစ် ဖြစ်၏၊ ထိုနှစ်ပေါင်း ၅၀၀-သည် စာတုမဟာရာဇ် နတ်တို့၏ အသက် ဖြစ်၏၊ လူတို့၏ အရေအတွက် အားဖြင့် အနှစ် ၉-သန်း ဖြစ်၏-ဟူလို။

**မနုဿဂဏနာယ**-ဟူသည်ကား၊ ဝါ-ဟူသောပုဒ်ကို လူတို့၏ နှစ်အရေအတွက်အားဖြင့်-ဟု အနက်ပေး။

---

## တာဝတိံသာစသောနတ်သက်

၂၂။ ။**တတော စတုဂ္ဂုဏံ တာဝတိံသာနံ၊ တတော စတုဂ္ဂုဏံ ယာမာနံ၊ တတော စတုဂ္ဂုဏံ တုသိတာနံ၊ တတော စတုဂ္ဂုဏံ နိမ္မာနရတီနံ၊ တတော စတုဂ္ဂုဏံ ပရနိမ္မိတဝသဝတ္တီနံ။**

ထိုစာတုမဟာရာဇ် နတ်တို့၏ အသက် အတိုင်းအရှည်ထက် လေးဆတက်သည် တာဝတိံသာဘုံ၌ ဖြစ်ကုန်သော နတ်တို့၏ အသက်အတိုင်းအရှည် ဖြစ်၏။ ထိုတာဝတိံသာ နတ်တို့၏ အသက် အတိုင်းအရှည်ထက် လေးဆတက်သည်၊ ယာမာဘုံ၌ ဖြစ်ကုန်သော နတ်တို့၏ အသက် အတိုင်းအရှည် ဖြစ်၏။ ထိုယာမာနတ်တို့၏ အသက်အတိုင်းအရှည်ထက် လေးဆတက်သည် တုသိတာနတ်တို့၏ အသက် အတိုင်းအရှည် ဖြစ်၏။ ထိုတုသိတာနတ်တို့၏ အသက် အတိုင်းအရှည်ထက် လေးဆ တက်သည် နိမ္မာနရတိနတ်တို့၏ အသက် အတိုင်းအရှည် ဖြစ်၏။ ထိုနိမ္မာနရတိနတ်တို့၏ အသက် အတိုင်းအရှည်ထက် လေးဆတက်သည် ပရနိမ္မိတဝသဝတ္တိနတ်တို့၏ အသက် အတိုင်းအရှည် ဖြစ်၏။

---

## တာဝတိံသာစသောနတ်သက်အဘွင့်

၂၂။ ။**တတော စတုဂ္ဂုဏံ**-ဟူသည်ကား၊ လူတို့၏ အနှစ် ငါးဆယ် အတိုင်းအရှည် ရှိသော စာတုမဟာရာဇ်တို့၏ တနေ့ကို၎င်း၊ စာတုမဟာရာဇ်နတ်၌ ဖြစ်ကုန်သော အနှစ်ငါးရာတို့ကို၎င်း၊ နှစ်ဆတက်သည်ကို ပြု၍ နတ်၌ ဖြစ်သော အနှစ် တထောင်သည် တာဝတိံသာနတ်တို့၏ အသက်အတိုင်း အရှည် ဖြစ်၏။ ဤသို့

နေ့, နှစ်ဆတက်၊ နှစ်, နှစ်ဆတက်တို့၏ အစွမ်းဖြင့် လေးဆတက်သည်ကို [၁] ပြု၍ ထိုလေးဆတက်သော နှစ်သည်ကား တာဝတိံသာ နတ်တို့၏ အရေအတွက်အားဖြင့် အနှစ်တထောင် ဖြစ်၏၊ လူတို့၏ အရေအတွက်အားဖြင့် အနှစ်ခြောက်သန်း အလွန်ရှိသော သုံးကုဋေ အတိုင်းအရှည်ရှိ၏။

**တတော စတုဂ္ဂုဏံ ယာမာနံ**-ဟူသည့်ကား၊ တာဝတိံသာ နတ်တို့၏ အသက် အတိုင်းအရှည်ထက် ဆိုအပ်ပြီးသော နည်းဖြင့် လေးဆတက်သည်ကို ပြု၍ ယာမာနတ်တို့၏ အရေအတွက်အားဖြင့် အနှစ် နှစ်ထောင်အတိုင်းအရှည် ရှိ၏။ လူတို့၏ အရေအတွက်အားဖြင့် အနှစ် လေးသန်း အလွန် ရှိကုန်သော အနှစ် တဆယ့်လေးကုဋေတို့သည် ဖြစ်ကုန်၏။

**တတော စတုဂ္ဂုဏံ တုသိတာနံ**-ဟူသည့်ကား၊ တုသိတာနတ်ပြည်၌ ဖြစ်ကုန်သော အနှစ်လေးထောင်တို့သည် အသက်အတိုင်းအရှည် ဖြစ်ကုန်၏၊ လူတို့၏ အရေအတွက်အားဖြင့် အနှစ် ခြောက်သန်း အလွန်ရှိကုန်သော အနှစ် ၅၇-ကုဋေတို့သည် အသက် အတိုင်းအရှည် ဖြစ်ကုန်၏။

**တတော စတုဂ္ဂုဏံ နိမ္မာနရတီနံ**-ဟူသည်ကား၊ နိမ္မာနရတိ နတ်ပြည်၌ ဖြစ်ကုန်သော အနှစ် ရှစ်သောင်း အသက်အတိုင်း

---

၁—တာဝတိံသာ စသော အထက်အထက် နတ်တို့သည် အောက်အောက် နတ်တို့ထက် ရက်, လ, နှစ် အားဖြင့် ၂-ဆသာ၍ ကြီး၏၊ အသက်တမ်းအားဖြင့်လည်း ၂-ဆသာလွန်၏၊ ဤသို့ ရက်, လ, နှစ် အားဖြင့် နှစ်ဆ ပိုကဲ သာလွန်သော နေ့ ၂-ဆတက်, အသက်တမ်း နှစ်အားဖြင့် ၂-ဆပိုကဲ သာလွန်သောနှစ် ၂-ဆတက်အားဖြင့် ၄-ဆတက် **စတုဂ္ဂုဏ** ဖြစ်၏။

လွန်ပုံကား လူတို့၏ အနှစ် ၅၀-သည် စာတုမဟာရာဇ် နတ်တို့၏ တရက်ဖြစ်၏၊ ၎င်းစာတုမဟာရာဇ် နတ်တို့၏ တရက် ဖြစ်သော အနှစ်ငါးဆယ်ကို ၂-ဆတက်၍ လူတို့၏ အနှစ်တရာမှ တာဝတိံသာနတ်တို့၏ တရက်ဖြစ်သောကြောင့် တာဝတိံသာနတ်တို့သည် စာတုမဟာရာဇ်နတ်တို့ထက် ရက်အားဖြင့် ၂-ဆသာ ဒိဂုဏ ဖြစ်၏၊ အသက်တမ်းအားဖြင့်လည်း စာတုမဟာရာဇ်နတ်တို့၏ အသက်တမ်းသည် ၅၀၀-ဖြစ်သဖြင့် ၎င်းငါးရာထက် ၂-ဆ လွန်သော အနှစ် ၁၀၀၀-သည် တာဝတိံသာ နတ်တို့၏ အသက် ဖြစ်၍ အသက်တမ်း အားဖြင့်လည်း ၂-ဆသာ ၂-ဆတက် ဒိဂုဏ ဖြစ်၏၊ ယင်းရက် ၂-ဆတက်, အသက်တမ်း ၂-ဆကို ပေါင်းသော် စတုဂ္ဂုဏ ၄-ဆတက် ဖြစ်၏-ဟုမှတ်။

အရှည် ရှိကုန်၏၊ လူတို့၏ အရေအတွက်အားဖြင့် အနှစ်ကုဋေ ၂၀၀-တို့သည်၎င်း၊ အနှစ် လေးသန်း အလွန်ရှိကုန်သော အနှစ် ကုဋေ ၃၀-တို့သည်၎င်း၊ ဝါ—အနှစ် လေးသန်း အလွန်ရှိသော အနှစ် ကုဋေ ၂၃၀-တို့သည် အသက်အတိုင်းအရှည် ဖြစ်ကုန်၏။

**တတော စတုဂ္ဂုဏံ ပရနိမ္မိတဝသဝတ္တီနံ**-ဟူသည်ကား၊ ပရနိမ္မိ-တဝသဝတ္တိ နတ်ပြည်၌ ဖြစ်ကုန်သော အနှစ် တသောင်း ခြောက်ထောင်တို့သည် အသက် အတိုင်းအရှည် ဖြစ်ကုန်၏။

---

## ပရနိမ္မိတဝသဝတ္တိနတ်သက်

**၂၃။ ။နဝသတဉ္စေကဝီသ၊ ဝဿာနံ ကောဋိယော တထာ။**
**ဝဿသတသဟဿာနိ၊ သဋ္ဌိစ ဝသဝတ္တီသု။ ။**

ပရနိမ္မိတဝသဝတ္တိဘုံ၌ ဖြစ်ကုန်သော နတ်တို့၏ အသက် အတိုင်းအရှည်သည် လူတို့၏ အရေအတွက်အားဖြင့် နှစ်တို့၏ ကုဋေ ကိုးရာတို့သည်၎င်း၊ နှစ်ဆယ့်တစ်ကုဋေတို့သည်၎င်း၊ ထိုမှ တပါး အနှစ် ခြောက်သန်းတို့သည်၎င်း ဖြစ်ကုန်၏။

---

## ပရနိမ္မိတဝသဝတ္တိနတ်သက်အဘွင့်

၂၃။ ။လူတို့၏ အရေအတွက်သည်ကား အရှင်အနုရုဒ္ဓါဆရာ ကိုယ်တိုင်သာလျှင် ပြလိုသောကြောင့် **နဝသတဉ္စ**-အစရှိသော ဂါထာကို မိန့်ဆိုတော်မူ၏၊ နှစ်တို့၏ သမ္ဗန္ဓီ ဖြစ်သော ကုဋေ ကိုးရာတို့သည်၎င်း၊ နှစ်ဆဲ့တကုဋေတို့သည်၎င်း၊ ထိုမှတပါး အနှစ် ခြောက်သန်းတို့သည်၎င်း၊ဝသဝတ္တိနတ်တို့၏အသက် အတိုင်းအရှည် ဖြစ်၏၊ ဤသို့ ပုဒ်စပ်ခြင်းကို ပြုအပ်၏။

---

## ဒုတိယဈာန်ဘုံပဋိသန္ဓေ

**၂၅။ ။တထာ ဒုတိယဈာနဝိပါကံ တတိယဈာနဝိပါကဉ္စ**
**ဒုတိယဈာနဘူမိယံ။**

ထို့အတူ ဒုတိယဈာန်နှင့် ယှဉ်သော ဝိပါက်စိတ်သည်၎င်း၊ တတိယဈာန်နှင့် ယှဉ်သော ဝိပါက်စိတ်သည်၎င်း၊ ဒုတိယဈာန် ဘုံ၌ ပဋိသန္ဓေ ဘဝင် စုတိ၏ အစွမ်းဖြင့် ဖြစ်၏။

---

## ရူပဒုတိယဈာန်ဘုံပဋိသန္ဓေအဘွင့်

၂၅။ ။**ဒုတိယဈာနဘူမိယံ**-ဟူသည်ကား၊ စတုက္က[၁] နည်း၏ အစွမ်းဖြင့် ဆိုအပ်သော စကားဖြစ်၏၊ ထိုပဋိသန္ဓေအခါမှ နောက်၌ ပဝတ္တိအခါ၌၎င်း၊ စုတိအခါ၌၎င်း၊ ထိုသို့ သဘောရှိသည်သာလျှင် ဖြစ်သော ဘဝင်, စုတိ အစွမ်းဖြင့် ဖြစ်၍ ချုပ်၏၊ ဤသို့ယောဇနာ ခြင်းကို ပြုအပ်၏။

---

## ရူပဗြဟ္မာတို့၏အသက်တမ်း

၃၀။ ။**တေသု ဗြဟ္မပါရိသဇ္ဇာနံ ဒေဝါနံ ကပ္ပဿတတိယော ဘာဂေါ အာယုပ္ပမာဏံ။**

ထိုခြောက်ပါးသော ပဋိသန္ဓေနှင့် ယှဉ်သော ပုဂ္ဂိုလ်တို့တွင် **ဗြဟ္မပါရိသဇ္ဇ**-ဘုံ၌ ဖြစ်ကုန်သော ဗြဟ္မာတို့၏ အသက် အတိုင်း အရှည်သည် အသင်္ချေယျကပ်၏ သုံးဘို့တဘို့ ဖြစ်၏။

---

## ရူပဗြဟ္မာတို့၏အသက်တမ်းအဘွင့်

၃၀။ ။**တေသု**-ဟူသည်ကား၊ ဝါ-ဟူသောပုဒ်ကို ထိုပဋိသန္ဓေ တို့ဖြင့် ယူအပ်သော ပဋိသန္ဓေ ရှိကုန်သော ဗြဟ္မာတို့တွင်-ဟု အနက်ပေး။ **ကပ္ပဿ**-ဟူသည်ကား၊ ဝါ-ဟူသောပုဒ်ကို အသင်္ချေယျ ကပ်၏-ဟု အနက်ပေး။ အဘယ့်ကြောင့် အသင်္ချေယျကပ်ကို ယူရပါ

---

၁—ပဉ္စကနည်းအရ ဈာန်ငါးပါး ဝိပါက်ငါးပါး ပြားနေသော်လည်း စတုက္ကနည်း အရ ဈာန် ၄-ပါးမျှသာ ဖြစ်၍ ၎င်းပဉ္စကနည်း၌ တတိယဈာန် ဝိပါက်သည် စတုက္ကနည်း၌ ဒုတိယဈာန် ဝိပါက်ပင် ဖြစ်သောကြောင့် ဒုတိယဘုံ၌သာ အကျိုးပေး၏၊ သို့ဖြစ်၍ ''ဒုတိယ ဈာနဝိပါကံ တတိယဈာနဝိပါကဉ္စ''ဟု ပေါင်း၍ သင်္ဂြိုဟ်၌ မိန့်ဆိုတော်မူ၏။

သနည်း-ဟူမူ၊ မြဟ္မပါရိသဇ္ဇ အစရှိကုန်သော မြဟ္မာ သုံးဘုံတို့၏ မဟာကပ်၏ အစွမ်းဖြင့် အသက် အပိုင်းအခြားသည် မဖြစ်သင့်၊ အဘယ့်ကြောင့် မဖြစ်သင့်ပါသနည်း-ဟူမူ၊ ထိုပဌမဈာန် သုံးဘုံတို့၏ တခုသော ကပ်၌ မပျက်စီးခြင်း မရှိသည် ဖြစ်၍ ပြည့်စုံသော မဟာကပ်၌ မဖြစ်သင့်သောကြောင့် မဖြစ်သင့်။

ထိုစကားသင့်၏—ဤလောကကြီးသည် ၇-ကြိမ်တိုင်၌ မီးဖြင့် ပျက်စီး၏၊ ၈-ကြိမ်မြောက်၌ ရေဖြင့် ပျက်စီး၏၊ တဖန် ၇-ကြိမ်တိုင်၌ မီးဖြင့် ပျက်စီး၏၊ ၈-ကြိမ်မြောက်၌ ရေဖြင့် ပျက်စီး၏၊ ဤသို့ ရှစ်ကြိမ်မြောက်သော အဋ္ဌက တို့သည် ပြည့်ကုန်သည် ရှိသော် နောက်ဆုံး အကြိမ်၌ လေဖြင့် ပျက်စီး၏၊ ထိုသို့ ပျက်စီးရာ၌ ပဌမဈာန် သုံးဘုံ အပြင်ကို အစပြု၍ မီးဖြင့် ပျက်စီး၏၊ ဒုတိယဈာန် သုံးဘုံအပြင် တတိယဈာန် သုံးဘုံအပြင်ကို အစပြု၍ ရေဖြင့် ပျက်စီး၏၊ စတုတ္ထဈာန်ဘုံအပြင်ကို အစပြု၍ လေဖြင့် ပျက်စီး၏။

သတ္တသတ္တဂ္ဂိနာ ဝါရာ၊ အဋ္ဌမေ အဋ္ဌမေဒကာ။
စတုသဋ္ဌိ ယဒါ ပုဏ္ဏာ၊ ဧကော ဝါယုဝါရော သိယာ။
အဂ္ဂိနာဘဿရာ ဟေဋ္ဌာ၊ အာပေန သုဘကိဏှတော။
ဝေဟပ္ဖလတော ဝါတေန၊ ဧဝံ လောကော ဝိနဿတိ။ ။

ဟူသော ဤစကားကို ဆိုအပ်ကုန်ပြီ။

အနက်ကား—၇-ကြိမ်, ၇-ကြိမ် မီးဖြင့်လောကသည် ပျက်စီး၏၊ ၈-ကြိမ်မြောက်, ရှစ်ကြိမ်မြောက်၌ ရေဖြင့် ပျက်စီး၏၊ အကြင်အခါ၌ ၆၄-ကြိမ်တို့သည် ပြည့်ကုန်၏၊ ထိုအခါ လေတကြိမ် ဖြစ်၏၊ အာဘဿရာဘုံမှ အောက်၌မီးဖြင့် လောကသည် ပျက်စီး၏၊ သုဘကိဏှာဘုံမှ အောက်၌ ရေဖြင့် ပျက်စီး၏၊ ဝေဟပ္ဖိုလ်ဘုံမှ အောက်၌ လေဖြင့် ပျက်စီး၏၊ ဤသို့လောကသည် ပျက်စီး၏။

ထို့ကြောင့် ပဌမဈာန် သုံးဘုံတို့၏ တပါးပါးသော သံဝဋ္ဋကပ်၌ ပျက်စီးခြင်း မရှိသောကြောင့် အလုံးစုံသော မဟာကပ်၌ ထိုပဌမ

ဈာန် ဘုံတို့၏ ဖြစ်ခြင်းသည် မရှိ၊ ထို့ကြောင့် အသင်္ချေယျ[၁] ကပ်၏ အစွမ်းဖြင့် ထိုဗြဟ္မာတို့၏ အသက် အပိုင်းအခြားကို မှတ်အပ်၏။ ဒုတိယဈာန် သုံးဘုံအစရှိသော အပြင်မှစ၍ အပြည့်ဖြစ်သော မဟာကပ်၏ အစွမ်းဖြင့် အသက် အပိုင်းအခြားကို မှတ်အပ်၏၊ အသင်္ချေယျကပ်၏ အစွမ်းဖြင့် မမှတ်အပ်။

## မဟာကပ်နှင့်အသင်္ချေယျကပ်အကြောင်း

အသင်္ချေယျကပ်[၂] ဟူသည်ကား၊ အလျား အနံ တယူဇနာ ရှိသော ဖြူသော မုံညင်းစုမှ အနှစ်တရာ အနှစ်တရာ လွန်သဖြင့်

---

၁–ဗြဟ္မပါရိသဇ္ဇ စသော ပဌမဈာန် ၃-ဘုံရှိ ဗြဟ္မာတို့၏ အသက် အတိုင်းအရှည်သည် တခုသောကပ်၌ မပျက်စီးသည် မည်သည် မရှိ၊ ပျက်စီးသည်သာ ဖြစ်၍ ပြည့်စုံစွာသော မဟာကပ်၌ မဖြစ်သင့်သောကြောင့် မဟာကပ်ကိုမယူပါဘဲ အသင်္ချေယျ ကပ်ကိုသာ ယူရ၏။

၂–အသင်္ချေယျကပ် တခု၏ အသက် အတိုင်းအရှည်ကား အလျားတယူဇနာ အနံ တယူဇနာ ရှိသော မုံညင်းစေ့ကို ပုံထား၍ ထိုအပုံထဲမှ အနှစ်တရာ တရာ လွန်သောအခါ တစေ့တစေ့ကိုယူပစ်၍ ထိုမုံညင်းစေ့အပုံကြီးသည် ကုန်သွားသော်လည်း ကုန်ခြင်းသဘော မရှိသော မဟာကပ် တကပ်၏ လေးဘို့တဘို့ ပမာဏ ရှိ၏။

ထိုစကား ချဲ့၍ပြဦးအံ့။ ။ကပ်သည် အာယုကပ်, အန္တရကပ်, အသင်္ချေယျကပ်, မဟာကပ်ဟူ၍ ၄-ပါးရှိ၏၊ သတ္တဝါတို့၏ ရာ-ထောင် စသော အသက် အပိုင်းအခြားသည် အာယုကပ် မည်၏။ ဝိဝဋ္ဋဋ္ဌာယီ အသင်္ချေယျကပ် တခု၏ အတွင်း၌ ဆယ်နှစ်တမ်းမှ အသင်္ချေယျ, အသင်္ချေယျတမ်းမှ ဆယ်နှစ်တမ်းသို့ လူတို့၏ အသက်တမ်း တိုးမှု, ဆုတ်မှု ၂-ခုသည် အန္တရကပ် တခု ဖြစ်၏၊ ထိုအန္တရကပ် ၆၄-ကပ်သည် အသင်္ချေယျ တကပ် ဖြစ်၏။

ထိုအသင်္ချေယျကပ်သည် သံဝဋ္ဋ, သံဝဋ္ဋဋ္ဌာယီ, ဝိဝဋ္ဋ, ဝိဝဋ္ဋဋ္ဌာယီ အသင်္ချေယျကပ် ဟူ၍ ၄-ပါးရှိ၏၊ ထိုလေးမျိုးတို့တွင် ကမ္ဘာပျက်မိုဃ်းရွာသည်မှစ၍ မီးအလျှံ ငြိမ်းသည် တိုင်အောင် ပျက်နေဆဲကာလသည် သံဝဋ္ဋ အသင်္ချေယျကပ် မည်၏။ မီးအလျှံ ငြိမ်းသည်မှစ၍ ကမ္ဘာပြုမိုဃ်း ရွာသည်တိုင်အောင် အပျက်အဖြစ်ဖြင့် တည်နေဆဲ ကာလသည် သံဝဋ္ဋဋ္ဌာယီ အသင်္ချေယျကပ်မည်၏၊ ကမ္ဘာပြုမိုဃ်း ရွာသည်မှစ၍ နေ, လ, နက္ခတ် ထွက်သည်တိုင်အောင် တိုးပွားနေဆဲ ကာလသည် ဝိဝဋ္ဋအသင်္ချေယျကပ် မည်၏၊ နေ, လ, နက္ခတ် ထွက်သည်မှစ၍ ကမ္ဘာပျက်မိုဃ်း တဖန် ရွာသည်တိုင်အောင် တိုးပွားမှု တည်နေဆဲ ကာလသည် ဝိဝဋ္ဋဋ္ဌာယီ အသင်္ချေယျကပ်မည်၏၊ ထိုအသင်္ချေယျ လေးကပ်သည် မဟာကပ် တကပ်မည်၏။

ထိုမဟာကပ်သည်လည်း မီး ဖျက်သော မဟာကပ်, ရေ ဖျက်သောမဟာကပ်, လေ ဖျက်သော မဟာကပ်ဟူ၍ ၃-မျိုးရှိ၏။ မီး ၇-ကြိမ် ရေတကြိမ် ထိုနောင် ၇-ကြိမ် တိုင်တိုင် မီးဖြင့် ပျက်စီး၍ ၈-ကြိမ်မြောက်၌ ရေတကြိမ် ဤသို့ အလှည့်စီ အလှည့်စီ ပျက်စီး၍ အကြင် အခါ ၆၄-ကြိမ်မြောက် ဖြစ်၏၊ထိုအခါ လေတကြိမ်ဖြင့် လောကကြီး ပျက်စီး၏။ မီးဖျက်သော ကြောင့် ပဌမဈာန် ၃-ဘုံတိုင်အောင် ပျက်စီး၏၊ ရေဖျက်သောကြောင့် ဒုတိယဈာန် ၃-ဘုံ တိုင်အောင်ပျက်စီး၏၊ လေဖျက်သောကြောင့် ဝေဟပ္ဖိုလ်ဘုံအောက် အကုန်ပျက်စီး၏-ဟုမှတ်။

တခုတခုသော မုံညင်းစေ့ကို ဆောင်ယူသဖြင့် မုံညင်းစေ့ အစု ကုန်သော်လည်း မကုန်သော သဘောရှိသော မဟာကပ်၏ လေးဘို့ တဘို့တည်း။ ဝါ-လေးဘို့တဘို့သည် အသင်္ချေယျကပ် မည်၏။

**အသင်္ချေယျကပ်အကြောင်း**

သတ္ထန္တရကပ် ရောဂန္တရကပ် ဒုဗ္ဘိက္ခန္တရကပ်တို့တွင် တပါးပါးသော သံဝဋ္ဋဖြင့် များစွာသော သတ္တဝါတို့သည် ပျက်စီးခြင်းသို့ ရောက်ကုန်သည် ရှိသော်၊ ကြွင်းသော သတ္တဝါတို့၏ သန္တာန်၌ ဖြစ်သော ကုသိုလ်ကံ၏ အာနုဘော်ကြောင့် ဆယ်နှစ်တမ်းမှ စ၍ အစဉ်အားဖြင့် သတ္တဝါတို့သည် အသင်္ချေယျ အသက်အတိုင်း အရှည်ရှိကုန်သည် ဖြစ်ကုန်လတ်သော်၊ တဖန် မသူတော်တရားကို ကျင့်သုံး ဆောက်တည်သည် အစွမ်းဖြင့် အစဉ်အားဖြင့် အသက် ဆုတ်ယုတ်လာ၍ သတ္တဝါတို့သည် ဆယ်နှစ်တမ်း အသက်ရှိကုန်သည် ဖြစ်ကုန်လတ်သော် ရောဂန္တရကပ် အစရှိသည်တို့တွင် တပါးပါးသော ပျက်စီးခြင်းဖြင့် သတ္တဝါတို့၏ အကြွင်းမွှေလောက် ပျက်စီးခြင်းသို့ ရောက်ခြင်းသည် ရှိ၏၊ ထိုမွှေလောက် ဤကပ်သည် တခုခုသော အန္တရကပ် မည်၏၊ ဤသို့ ပိုင်းခြားအပ်သော အန္တရကပ်၏ အစွမ်းဖြင့် ထိုအသင်္ချေယျကပ်သည် ၆၄-ကြိမ်သော အန္တရကပ် အတိုင်းအရှည် ရှိ၏၊ ဆရာတို့ကား နှစ်ဆယ်သော အန္တရကပ် အတိုင်းအရှည် ရှိ၏-ဟုလည်း ဆိုကြကုန်၏။

---

၃၆။ ။**တေသု ပန အာကာသာနဉ္စာယတနူပဂါနံ ဒေဝါနံ ဝီသတိ ကပ္ပသဟဿာနိ အာယုပ္ပမာဏံ။**

ထိုလေးပါးသော ပဋိသန္ဓေနှင့် ယှဉ်သော ပုဂ္ဂိုလ်တို့တွင် အာကာသာနဉ္စာယတနဘုံသို့ ကပ်၍ ဖြစ်ကုန်သော ဗြဟ္မာတို့၏ အသက် အတိုင်းအရှည်သည် မဟာကပ် နှစ်သောင်း ဖြစ်ကုန်၏။

---

**အရူပဗြဟ္မာတို့၏အသက်အဘွင့်**

၃၆၊ ။အာကာသာနဉ္စာယတနဘုံသို့ ကပ်ရောက် တတ်သောကြောင့် **အာကာသာနဉ္စာယတနူပဂါ**-မည်ကုန်၏။

## တဘဝ၌တူရသောတရားသုံးပါး

**၄၀။ ။ပဋိသန္ဓိဘဝင်္ဂဉ္စ၊ တထာ စဝနမာနသံ။**
**ဧကမေဝ တထေဝေက၊ ဝိသယဉ္စေကဇာတိယံ။ ။**
**ဣဒမေတ္ထ ပဋိသန္ဓိစတုက္ကံ။**

တခုသောဘဝ၌ ပဋိသန္ဓေစိတ်သည်၎င်း၊ ဘဝင်စိတ်သည်၎င်း၊ ထိုမှတပါး စုတိစိတ်သည်၎င်း၊ ဘူမိ, ဇာတိ, သမ္ပယုတ္တ ဓမ္မ, သင်္ခါရ အားဖြင့် တူသည်သာလျှင်တည်း၊ ထို့အတူ တူသောအာရုံ ရှိသည်သာလျှင် ဖြစ်၏။

ဤ ဆိုအပ်ပြီးသည်ကား ဤဝိထိမုတ္တ သင်္ဂဟအရာ၌ ပဋိသန္ဓိစတုက္ကတည်း။

---

၄၀။ ။**ဧကမေဝ**-ဟူသည်ကား၊ ဝါ-ဟူသောပုဒ်ကို ဘုံအားဖြင့်၎င်း[၁]၊ ဇာတ်အားဖြင့်၎င်း၊ သမ္ပယုတ်တရားအားဖြင့်၎င်း၊ သင်္ခါရအားဖြင့်၎င်း တူသည်သာတည်း-ဟု အနက်ပေး။ **ဧကဇာတိယံ** ဟူသည်ကား၊ ဝါ-ဟူသောပုဒ်ကို တခုသောဘဝ၌-ဟု အနက်ပေး။

ပဋိသန္ဓိစတုက္ကအဘွင့်ပြီး၏။

---

## ကမ္မစတုက္က-ကံ ၄-ပါး

**၄၁။ ။ဇနကံ, ဥပတ္ထမ္ဘကံ, ဥပပီဠကံ, ဥပဃာတကဉ္စေတိ ကိစ္စဝသေန။**

---

၁-ဘုံ, ဇာတ်, သမ္ပယုတ္တဓမ္မ, သင်္ခါရ, အာရုံအားဖြင့် တူပုံ။

ပဋိသန္ဓေစိတ်သည် ကာမစိတ် ဖြစ်အံ့၊ ဘဝင်, စုတိ စိတ်တို့သည်လည်း ကာမဘဝင်, ကာမစုတိ စိတ်တို့သာ ဖြစ်ရကုန်၏၊ ရူပ အရူပတို့၌လည်း ထို့အတူပင်။ (ဤကားဘုံတူပုံ)

ပဋိသန္ဓေစိတ်သည် ဝိပါက် အဗျာကတဇာတ် ဖြစ်အံ့၊ ဘဝင်, စုတိတို့သည်လည်း ဝိပါက် အဗျာကတဇာတ်သာ ဖြစ်ရကုန်၏။ (ဤကားဇာတ်တူပုံ)

မဋိသန္ဓေစိတ်သည် ဖဿ စသော စေတသိက်နှင့် ယှဉ်သည်ဖြစ်အံ့၊ ဘဝင်,စုတိတို့သည်လည်း ဖဿ စသော စေတသိက်နှင့်သာ ယှဉ်ရကုန်၏။ (ဤကားသမ္ပယုတ္တဓမ္မတူပုံ)

ပဋိသန္ဓေစိတ်သည် အသင်္ခါရိက ဖြစ်အံ့၊ ဘဝင်, စုတိတို့သည်လည်း အသင်္ခါရိကသာ ဖြစ်ရကုန်၏။ (ဤကားသင်္ခါရတူပုံ)

ပဋိသန္ဓေစိတ်သည် ကံကို အာရုံပြုအံ့၊ ဘဝင်,စုတိတို့သည်လည်း ကံကိုသာ အာရုံ ပြုရကုန်၏။ (ဤကားအာရုံတူပုံ)

(၁) ဝိပါက်, ကဋတ္တာရုပ်ကို ဖြစ်စေတတ်သော ဇနကကံ ၎င်း၊
(၂) ထောက်ပံ့ နိုင်စေတတ်သော ဥပတ္ထမ္ဘကကံ ၎င်း၊
(၃) ကပ်၍ နှိပ်စက်တတ်သော ဥပပီဠကကံ ၎င်း၊
(၄) ကပ်၍ သတ်တတ်သော ဥပဃာတကကံ ၎င်း၊ ဤသို့ ကိစ္စ၏ အစွမ်းဖြင့် လေးပါးကုန်သော ကံတို့ကို သိအပ်ကုန်၏။

---

## ကိစ္စကံ လေးပါးအဘွင့်

၄၁။ ။ယခုအခါ၌ ကမ္မစတုက္ကကို လေးပါးသော အခြင်း အရာတို့ဖြင့် ပြခြင်းငှါ ''ဇနကံ'' ဤသို့ အစရှိသော စကားကို အားထုတ်အပ်၏၊ ပဋိသန္ဓေကို ဖြစ်စေတတ်သောကြောင့် **ဇနကကံ** မည်၏၊ ထောက်ပံ့တတ်သောကြောင့် **ဥပတ္ထမ္ဘကကံ**-မည်၏၊ ကပ်၍ နှိပ်စက်တတ်သောကြောင့် **ဥပပီဠကကံ**-မည်၏၊ ကပ်၍ သတ်တတ် သောကြောင့် **ဥပဃာတကကံ**-မည်၏။

## ကိစ္စကံလေးပါးအထူး

ထိုလေးပါးသော ကံတို့တွင် ပဋိသန္ဓေအခါ, ပဝတ္တိအခါတို့၌ ဝိပါက်, ကဋတ္တာရုပ်တို့ကို ဖြစ်စေတတ်သော ကုသိုလ်စေတနာ, အကုသိုလ်စေတနာသည် **ဇနကကံ**[၁] မည်၏။

မိမိသည်ကား အကျိုးကို ဖြစ်စေခြင်းငှါ မစွမ်းနိုင်သော်လည်း ကံတပါး၏ ကြာမြင့်စွာ အကျိုးကို ဖြစ်စေခြင်း၏ အကြောင်း ဖြစ်သော ကုသိုလ်ကံ, အကုသိုလ်ကံသည် **ဥပတ္ထမ္ဘကကံ**[၂] မည်၏။ တနည်း—ဣဋ္ဌာရုံ, အနိဋ္ဌာရုံ, သုခ, ဒုက္ခ ဖြစ်သော အကျိုးကို ဖြတ်သော အကြောင်း မဖြစ်သဖြင့်၎င်း၊ တိုးပွါးသော အကြောင်း

---

၁–ပဋိသန္ဓေအခါ ပဝတ္တိအခါတို့၌ ဝိပါက် နာမက္ခန္ဓာ, ကဋတ္တာရုပ်တို့ကို ဖြစ်စေ တတ်သော ကုသိုလ်, အကုသိုလ် စေတနာသည် ဇနကကံ-မည်၏။

၂–ဇနကကံကို၎င်း, ဇနကကံ၏ အကျိုးကို၎င်း ပဝတ္တိအခါ၌သာ ငြိမြဲနိုင်ခဲ့ တည်တံ့ အောင် ထောက်ပံ့တတ်သော ကုသိုလ်, အကုသိုလ် စေတနာသည် ဥပတ္ထမ္ဘကကံ မည်၏။

ဖြစ်သဖြင့်၎င်း၊ ဇနကကံ၏ အစွမ်းအားလျော်စွာ ရှည်မြင့်စွာ ဖြစ်ခြင်း၏ အကြောင်းဖြစ်သော ကုသိုလ်ကံ,အကုသိုလ်ကံသည်၎င်း **ဥပတ္ထမ္ဘကကံ**-မည်၏။

ကံတပါးသည် ဖြစ်စေအပ်သော အကျိုး၏ ဖျားနာခြင်း, ဓာတ် ညီညွတ် မျှတခြင်း အစရှိသည်၏ အကြောင်းကို တားမြစ်ခြင်းဖြင့် အလွန် ရှည်မြင့်အောင် ဖြစ်ခြင်းကို တားမြစ်တတ်သော အမှတ် မရှိသောကံသည် **ဥပပီဠကကံ**[၁] မည်၏။

အားနည်းသော ဇနကကံ၏ အကျိုးကို ဖြစ်စေတတ်သော အစွမ်းသတ္တိကို ကပ်၍ ဖြတ်တတ်သော အကြောင်းကို ဖြစ်စေသဖြင့် ထိုအားနည်းသော ဇနကကံ၏ အကျိုးကို တားမြစ်၍ မိမိ၏ အကျိုးကို ဖြစ်စေတတ်သော ကံသည် **ဥပဃာတကကံ**[၂] မည်၏။

## ဇနကကံနှင့် ဥပဃာတကကံအထူး

ဤဆိုလတ္တံ့သည်ကား **ဇနကကံ, ဥပဃာတကကံ** တို့၏ အထူး တည်း။ **ဇနကကံ** သည် ကံတပါး၏ အကျိုးကို မဖြတ်မူ၍သာလျှင် အကျိုးကို ဖြစ်စေ၏၊ **ဥပဃာတကကံ** သည် ကံတပါး၏ အကျိုးကို ဖြတ်ခြင်းလျှင် ပြဓာန်းခြင်း ရှိ၏၊ ဤကား အထူးတည်း။ ဤဆိုအပ်

---

၁—ဇနကကံ၏ အကျိုးကို အားနဲချိနဲ့ မဖွံ့ဖြိုးအောင် နှိပ်စက်ညှဉ်းပန်းတတ်သော ကုသိုလ်, အကုသိုလ်စေတနာသည် **ဥပပီဠက ကံ**-မည်၏။

၂—အားနည်းသော ဇနကကံ၏ အကျိုးကို ဖြစ်စေတတ်သော အစွမ်းသတ္တိကို ဖြတ်၍ ပဝတ္တိ, ပဋိသန္ဓေ ၂-ပါးလုံး၌ မိမိ၏ အကျိုးကို ပေးသော ကုသိုလ်, အကုသိုလ်စေတနာ သည် **ဥပဃာတက ကံ**-မည်၏။

### ဇနကကံနှင့်ဥပဃာတကကံတို့၏အထူး

**ဇနကကံ**-သည် ကံတပါး၏ အကျိုးကို မတားမြစ်ဘဲ မိမိ၏ အကျိုးကို ပေးတတ်၏။ **ဥပဃာတကကံ**-ကား ကံတပါး၏ အကျိုးကို ဖြတ်၍ မိမိ၏ အကျိုးကိုပေး၏။ ဤသို့ထူး၏။

အပရေဆရာတို့ကား ဥပဃာတက ကံသည် ကံတပါး၏ အကျိုးကိုဖြတ်၍ တပါးသော ကံ၏ အကျိုးပေးခွင့်ကို ပြု၏။ မိမိမူကား အကျိုးမပေး၊ ဤသို့ ဇနကကံနှင့် ဥပဃာတက ကံတို့၏ အထူးကိုဆိုကြ၏။

ပြီးသော အဆုံးအဖြတ်သည် ရှေးဦးစွာ အဠကထာတို့၌ လာသော အဆုံးအဖြတ်တည်း။ တပါးသောဆရာတို့သည်ကား **ဥပပီဠကကံ** သည် အနာများခြင်း အစရှိသည်၏ အကြောင်းကို ဆောင်သဖြင့် ကံတပါး၏ အကျိုးကို အကြား အကြား၌ တားမြစ်၏၊ **ဥပ-ဃာတကကံ**-သည်ကား ထိုကံတပါးကို အချင်းခပ်သိမ်း ဖြတ်၍ တပါးသောကံ၏ အကျိုးပေးခွင့်ကို ပေး၏၊ မိမိမူကား အကျိုးကို မဖြစ်စေနိုင်၊ ထိုစကားမှန်၏၊ ဤသို့ ဖြစ်သည် ရှိသော် ဇနကကံမှ ဤဥပဃာတကကံ၏ အထူးသည် ကောင်းစွာ ထင်ရှား၏၊ ဤသို့ ဆိုကုန်၏။

**ကိစ္စဝသေန**-ဟူသည်ကား၊ ဝါ-ဟူသော ပုဒ်ကို ဖြစ်စေခြင်း ကိစ္စ, ကပ်၍ ထောက်ပံ့ခြင်းကိစ္စ, ကပ်၍ နှိပ်စက်ခြင်းကိစ္စ, ကပ်၍ ဖြတ်ခြင်းကိစ္စတို့၏ အစွမ်းဖြင့်-ဟု အနက်ပေး။

---

**ဂရုကံစသော ကံလေးပါး**

**၄၂။ ။ဂရုကံ, အာသန္နံ, အာစိဏ္ဏံ, ကဋတ္တာကမ္မဉ္စေတိ ပါကဒါနပရိယာယေန။**

(၁) လေးသော **ဂရုကံ** ၎င်း၊

(၂) သေခါနီး ကာလ၌ အောက်မေ့အပ်, ပြုအပ်သော **အာသန္နကံ** ၎င်း၊

(၃) မပြတ် လေ့ကျက်အပ်သော **အာစိဏ္ဏကံ** ၎င်း၊

(၄) အကျိုးပေးကာမျှ ပြုကာမျှဖြစ်သော **ကဋတ္တာကံ** ၎င်း၊ ဤသို့ အကျိုးပေးသော အစဉ်အားဖြင့် လေးပါးကုန်သော ကံတို့ကို သိအပ်ကုန်၏။

---

**ဂရုကံစသော ကံလေးပါးအဘွင့်**

၄၂။ ။**ဂရုကံ**[၁] ဟူသည်ကား—ကြီးသော အပြစ်ရှိသည်လည်း ဖြစ်သော, ကြီးသောအာနုဘော် ရှိသည်လည်း ဖြစ်သော တပါး

၁—တပါးသော ကံများက မတားမြစ်နိုင်ဘဲ စုတိ၏ အခြားမဲ့၌ အကျိုးပေးနိုင်သော အလွန် အပြစ်ကြီးသော, အလွန်အာနုဘော်ကြီးသော ကံသည် ဂရုကံ မည်၏။

သော ကံသည် တားမြစ်ခြင်းငှါ မစွမ်းနိုင်သော ကံတည်း။ **အာသန္န** [၁] ဟူသည်ကား၊ သေခါနီး အခါ၌ အောက်မေ့အပ်သော ကံသည်ငှင်း၊ ထိုသေခါနီး အခါ၌ ပြုအပ်သော ကံသည်ငှင်း **အာသန္နကံ** မည်၏။ **အာစိဏ္ဏံ** [၂] ဟူသည်ကား၊ မပြတ် ပြုနေသော ကံတည်း၊ တနည်း— တကြိမ် ပြုပြီး၍လည်း မပြတ် မှိဝဲအောက်မေ့အပ်သော ကံတည်း၊ ဝါ-ကံသည် **အာစိဏ္ဏကံ**-မည်၏။ **ကဋတ္တာကံ** [၃] ဟူသည်ကား၊ ဂရုကံ အစရှိသည် အဖြစ်သို့ မရောက်သော ပြုကာမျှအားဖြင့် ကံ-ဟု ဆိုအပ်သောကံတည်း။ (ဤ၌ ဇာတိသဒ္ဒါကား နာမအနက်ရှိ၏။)

## ပါကဒါနပရိယာယ အစိပ္ပါယ်

ထိုကံလေးပါးတို့တွင် ကုသိုလ်ကံ ဖြစ်စေ၊ အကုသိုလ်ကံ ဖြစ်စေ၊ ဂရုကကံ, ဂရုကကံ မဟုတ်သော အာသန္နစသော ကံတို့တွင် အကုသိုလ်အဘို့၌ အကြင် အမိကို သတ်သောကံ အစရှိသော ကံသည်ငှင်း၊ ကုသိုလ် အဘို့၌ မဟဂ္ဂုတ်ကံသည်ငှင်း၊ **ဂရုကံ**-မည်၏။ အာသန္နကံ စသော ကံသည် ရှိသော်လည်း အနည်းငယ်သော ရေကို လွှမ်းမိုး၍ သွားသော ကြီးစွာသော ရေအယဉ်ကဲ့သို့ ထိုဂရုကကံ သည်သာလျှင် ရှေးဦးစွာ အကျိုးပေး၏။ ထို့ကြောင့် ထိုကံကို **ဂရုကကံ**-ဟု ဆိုအပ်၏၊ ထိုဂရုကကံ မရှိသော် ဝေးသောကံ, နီးသောကံတို့တွင် အကြင်ကံသည် နီး၏၊ သေခါနီးသော အခါ၌ အောက်မေ့အပ်၏၊ ထိုအာသန္နကံသည်သာလျှင် ရှေးဦးစွာ အကျိုး ပေး၏၊ သေခါနီးအခါ၌ ပြုအပ်သောကံ၌ ဆိုဘွယ်ရာ မရှိပြီ။ ထိုအာသန္နကံ မရှိသော် လေ့ကျက်အပ်သောကံ, မလေ့ကျက်အပ်

---

၁–ရှေးအခါက ပြုပြီး၍ သေခါနီး အခါ၌ အောက်မေ့အပ်သော ကုသိုလ်, အကုသိုလ် ကံသည်ငှင်း၊ သေခါနီးသော အခါ၌ ပြုအပ်သော ကုသိုလ် အကုသိုလ်ကံသည်ငှင်း **အာသန္နကံ** မည်၏။

၂–အမြဲမပြတ် လေ့လာ ပြုလုပ်အပ်သော ကုသိုလ်, အကုသိုလ်ကံသည်ငှင်း၊ တကြိမ် ပြုပြီးနောက် အမြဲမပြတ် မှိဝဲအပ်, ဆင်ခြင်အောက်မေ့အပ်သော ကုသိုလ်, အကုသိုလ် ကံသည်ငှင်း **အာစိဏ္ဏကံ** မည်၏။

၃–ဂရုကံစသော ကံသုံးပါးမှ တပါးသော ပြုကာမျှ ဖြစ်သော ပဋိသန္ဓေအကျိုးကို ပေးနိုင်သော ကံသည် **ကဋတ္တာကံ** မည်၏။

သော ကံတို့တွင် သီလရှိသူ အဖြစ်ဟူသော, သီလမရှိသူ အဖြစ်ဟူသော အကြင်အာစိဏ္ဏကံသည် ရှိ၏၊ ထိုအာစိဏ္ဏကံသည်သာလျှင် ရှေးဦးစွာ အကျိုးပေး၏။ ကဋတ္တာကံသည်ကား ရအပ်သော မှိုင်ခြင်း ရှိသည်ဖြစ်၍ ရှေးကံသုံးပါးတို့ မရှိသည် ရှိသော် ပဋိသန္ဓေကို ပေး၏၊ ဤဆိုအပ်ပြီးသော နည်းဖြင့် ဂရုကံသည် ခပ်သိမ်းသော ကံတို့၏ ရှေးဦးစွာ အကျိုးပေး၏၊ ဂရုကံ မရှိသော် အာသန္နကံသည် အကျိုးပေး၏၊ ထိုအာသန္နကံ မရှိသော် အာစိဏ္ဏကံသည် အကျိုးပေး၏၊ ထိုအာစိဏ္ဏကံ မရှိလတ်သော် ကဋတ္တာကံသည် အကျိုးပေး၏။ ထို့ကြောင့် **ပါကဒါနပရိယာယေန**-ဟု မိန့်တော်မူ၏၊ အကျိုးပေးသောအစဉ်အားဖြင့်-ဤကား **ပါကဒါနပရိယာယ**ပုဒ်၏ အနက်တည်း။

## အဘိဓမ္မာဝတာရ စသောဆရာတို့ အလိုကို ပြခြင်း

အဘိဓမ္မာဝတာရ အစရှိသော ကျမ်းတို့၌ကား—အာသန္နကံမှ ရှေးဦးစွာ အာစိဏ္ဏကံသည် အကျိုးပေး ရင့်သည်ကို ပြု၍ မိန့်ဆိုအပ်၏။ ဥပမာဆိုသော် နွားအပေါင်းနှင့် ပြည့်သော ခြံ၏ တံခါးကို ဖွင့်သည် ရှိသော် ခနောက်အတွင်း၌ ဆုံးမအပ်သောနွား, အားရှိသော နွားတို့ ရှိကုန်သော်လည်း အကြင်နွားသည် ခြံတံခါး၏ အနီး၌ တည်၏။ ယုတ်သောအားဖြင့် နွားအိုကြီးသော်လည်း ခြံတံခါး၏ အနီး၌တည်၏၊ ထိုနွားအိုကြီးသည်သာလျှင် ရှေးဦးစွာ ထွက်လာသကဲ့သို့၊ ထို့အတူ ဂရုကကံမှ တပါးကုန်သော ကုသိုလ်ကံ အကုသိုလ်ကံတို့သည် ရှိကုန်သော်လည်း သေခါနီး ကာလ၏ နီးသည်၏ အဖြစ်ကြောင့် အာသန္နကံသည်သာလျှင် ရှေးဦးစွာ အကျိုးကို ပေး၏။ ထို့ကြောင့် ဤသင်္ဂြိုဟ်ကျမ်း၌ ထိုအာသန္နကံကို ရှေးဦးစွာ မိန့်ဆိုအပ်၏။

---

၁–ဆိုအပ်ပြီးသော ကံလေးပါးတို့သည် အကြင်ပုဂ္ဂိုလ်၌ အလုံးစုံ ရှိကုန်အံ့၊ ဂရုကကံသည် ရှေးဦးစွာ စုတိ၏ အခြားမဲ့ ဖြစ်သော ဒုတိယဘဝ၌ အကျိုးပေး၏။ ယင်းကံ မရှိခဲ့သော် အာသန္နကံသည် အကျိုးပေးလေ၏။ ယင်းအာသန္နကံ မရှိခဲ့သော် အာစိဏ္ဏကံသည် အကျိုးပေးလေ၏။ ယင်းအာစိဏ္ဏကံမရှိခဲ့လျှင် ကဋတ္တာကံ အကျိုးပေးလေ၏။ ဤသို့ ကံလေးပါး၏ အလှည့်အစဉ်အတိုင်း အကျိုးပေးသောကြောင့် ပါကဒါနပရိယာယကံဟု ဆိုအပ်၏။

## ပါကကာလ ကံလေးပါး

**၄၃။ ။ဒိဋ္ဌဓမ္မဝေဒနီယံ, ဥပပဇ္ဇဝေဒနီယံ, အပရာပရိယ-ဝေဒနီယံ, အဟောသိကမ္မဉ္စေတိ ပါကကာလဝသေန စတ္တာရိ ကမ္မာနိ နာမ။**

(၁) မျက်မှောက်သော ကိုယ်၏အဖြစ်၌ ခံစားအပ်သောအကျိုး ရှိသော **ဒိဋ္ဌဓမ္မဝေဒနီယကံ** ၄င်း၊

(၂) နှစ်ခုမြောက်သော ဘဝ၌ အကျိုးပေးခြင်း လက္ခဏာ ရှိသော **ဥပပဇ္ဇဝေဒနီယကံ** ၄င်း၊

(၃) သုံးခုမြောက်သောဘဝမှစ၍နိဗ္ဗာန်ရသည့်ဘဝတိုင်အောင် အကျိုးပေးခြင်း လက္ခဏာ ရှိသော **အပရာပရိယဝေဒနီယကံ** ၄င်း၊

(၄) အကျိုးပေးပြီးသည်လည်း မဟုတ်, အကျိုးပေးလတ္တံ့သည် လည်း မဟုတ်, ဖြစ်ပြီးသည်သာလျှင် ကံမည်သော **အဟောသိကံ** ၄င်း၊ ဤသို့ အကျိုးပေးရာကာလ၏ အစွမ်းဖြင့် ကံတို့ကို လေးပါး ရှိကုန်၏-ဟူ၍ သိအပ်ကုန်၏။

---

## ပါကကာလ ကံလေးပါးအဘွင့်

၄၃။ ။မျက်မှောက်ဘဝ ပစ္စုပ္ပန်ဖြစ်သော အတ္တဘောသည် **ဒိဋ္ဌဓမ္မ** မည်၏။ ထိုပစ္စုပ္ပန် အတ္တဘော၌ အကျိုးကို ခံစားသည်၏ အစွမ်းဖြင့် ခံစားအပ်သောကြောင့် **ဒိဋ္ဌဓမ္မဝေဒနီယကံ** [၁] မည်၏။ ပစ္စုပ္ပန်ဖြစ်သော အတ္တဘောမှ အခြားမဲ့ ဖြစ်၍ ခံစားအပ်သော ကံသည် **ဥပပဇ္ဇဝေဒနီယကံ** [၂] မည်၏။ အထက် ပစ္စုပ္ပန် အတ္တဘောမှ တပါးသော အဆက်ဆက် ဖြစ်သော အမှတ်မရှိ တပါးပါးသော

---

၁-မျက်မှောက် ဖြစ်သော ယခု ပစ္စုပ္ပန်ဘဝ၌ ခံစားရန် အကျိုးပေးသော ပဌမဇော စေတနာသည် **ဒိဋ္ဌဓမ္မဝေဒနီယကံ** မည်၏။

၂-အခြားမဲ့ ဖြစ်သော ဒုတိယဘဝ၌ ခံစားရန် ပဋိသန္ဓေအကျိုးပေးသော သတ္တမဇော စေတနာသည် **ဥပပဇ္ဇဝေဒနီယကံ** မည်၏။

အတ္တဘော၌ ခံစားအပ်သော ကံသည် **အပရာပရိယဝေဒနီယကံ**[၁] မည်၏။ ဖြစ်ပြီးသည်သာလျှင် ကံတည်း၊ ထိုကံ၏ အကျိုးသည် မဖြစ်ပြီ, ဖြစ်ဆဲ မဟုတ်, မဖြစ်လတံ့, ဤသို့ ဆိုအပ်သောကံသည် **အဟောသိကံ**[၂] မည်၏။

ထိုလေးပါးသော ကံတို့တွင် ဆန့်ကျင်ဘက် ဖြစ်ကုန်သော ကုသိုလ်ကံ အကုသိုလ်ကံတို့သည် မနှိပ်စက်အပ်သည် အဖြစ်ကြောင့် ၎င်း၊ သတ္တိအထူးဖြင့် ရအပ်သော သတ္တိထူးရှိသည် အဖြစ်ကြောင့် ၎င်း၊ အားရှိသည် အဖြစ်သို့ ရောက်သောထိုသို့သဘော ရှိသော ရှေး အဘို့၌ ဖြစ်သော အားထုတ်ခြင်း၏ အစွမ်းဖြင့် အလွန်အကဲ ဖြစ်၍ ထိုအတ္တဘော၌သာလျှင် အကျိုးကို ပေးတတ်သော ပဌမဇော စေတနာသည် **ဒိဋ္ဌဓမ္မဝေဒနီယကံ** မည်၏။ အဘယ့်ကြောင့် အကျိုး ပေးနိုင်ပါသနည်း-ဟူမူ ထိုပဌမဇောစေတနာသည် ဆိုအပ်ပြီးသော အပြားအားဖြင့် အားရှိသော ဇောအစဉ်၌ ဂုဏ်ထူးနှင့်ယှဉ်ကုန် သော ဘုရားစသည်တို့၌ ကျေးဇူးရှိခြင်း ပြစ်မှားခြင်း၏ အစွမ်းဖြင့် ဖြစ်ခြင်းကြောင့်၎င်း၊ အာသေဝနပစ္စည်းကို မရသည် ဖြစ်၍ နည်း သော အကျိုးရှိသည် အဖြစ်ကြောင့်၎င်း၊ ဤဒိဋ္ဌဓမ္မဝေဒနီယကံမှ တပါးသော ဥပပဇ္ဇဝေဒနီယကံ အပရာပရိယဝေဒနီယကံ နှစ်ပါး ကဲ့သို့ ရှေးကံကြောင့်ဖြစ်သော ခန္ဓာအစဉ်၏ ချုပ်ခြင်းကို ငဲ့သော ကံသည်၎င်း၊ အကျိုးပေးခြင်းငှါ အခွင့်ရသည်ကို ငဲ့ခြင်းရှိသော ကံသည်၎င်း မဖြစ်။ ထို့ကြောင့် သစ်ပင်ပျိုသည် လေပွင့်မျှကို ပေး သကဲ့သို့ (ပွင့်သကဲ့သို့) အသီးကို မပေးသကဲ့သို့ ဤပစ္စုပ္ပန်ဘဝ၌ သာလျှင် ပဝတ္တိအကျိုးမျှ ဖြစ်သော အဟိတ်ဖြစ်သော ဇာတ္တရုံအကျိုး မျှကိုသာ ပေး၏။ အကျိုးပြီးစေတတ်သော ဆုံးဖြတ်တတ်သော

---

၁–မျက်မှောက်ဘဝ, ဒုတိယဘဝမှ တပါးသော တတိယဘဝမှစ၍ အနာဂတ် နိဗ္ဗာန်ရသည့် ဘဝဘိုင်အောင် အခွင့်ရသည်ရှိသော် ဟိုသန္ဓေအကျိုး ပဝတ္တိအကျိုးပေးသော အလယ်ဇောငါးချက် စေတနာသည် အပရာပရိယကံ မည်၏။

၂–ထိုဒိဋ္ဌဓမ္မဝေဒနီယကံ, ဥပပဇ္ဇဝေဒနီယကံ, အပရာပရိယဝေဒနီယကံ တို့သည် အကြောင်းမသင့် အခွင့်မသာကုန်သဖြင့် မိမိတို့ ဆိုင်ရာ ဆိုင်ရာ ကာလအားလျော်စွာ အကျိုး မပေးကြပါဘဲ အလိုလို သုဉ်း၍ သုဉ်း၍ သွားသော ကံမျိုးသည် အဟောသိကံ မည်၏-ဟုမှတ်

စေတနာ ဖြစ်၍ဖြစ်သော ဆိုအပ်ပြီးသော နည်းဖြင့် ရအပ်သော သတ္တိထူးရှိသော အခြားမဲ့ ဖြစ်လတ့်သော အတ္တဘော၌ အကျိုးကို ပေးတတ်သောကြောင့် သတ္တမဇောစေတနာသည် **ဥပပဇ္ဇဝေဒနီယကံ** မည်၏။ ထိုသတ္တမဇောစေတနာသည်လည်း ပဋိသန္ဓေကို ပေးမှသာလျှင် ပဝတ္တိအကျိုးကို ပေး၏၊ ပဋိသန္ဓေအကျိုးကို မပေးသည် ရှိသော် ပဝတ္တိအကျိုးကို ပေးခြင်းသည် မရှိ၊ အဘယ့်ကြောင့် ဆိုသော် စုတိစိတ်၏ အခြားမဲ့၌ ဥပပဇ္ဇဝေနီယကံ၏ အခွင့်သည် ဖြစ်၏။ ပဋိသန္ဓေအကျိုးကို ပေးသည် ရှိသော် ဘဝတရာ၌လည်း ပဝတ္တိအကျိုးကိုပေး၏-ဟု ဆရာတို့သည် ဆိုကုန်၏။ အကြင်အကြင် ဆိုအပ်ပြီးသော အကြောင်း ကင်းသောကြောင့် ဒိဋ္ဌဓမ္မဝေဒနီယ အစရှိသော ကံ၏ အဖြစ်သို့ မရောက်သော အစအဆုံး ဖြစ်သော· စေတနာတို့၏ အလယ်၌ ဖြစ်သော စေတနာ ငါးချက်သည် အကျိုးကိုပေးခြင်း သဘော၏ မပြတ်သည်၏ အဖြစ်ကြောင့် အမှတ် မရှိသောကာလ၌ အခွင့်ရသည် ရှိသော် ပဋိသန္ဓေအခါ ပဝတ္တိအခါတို့၌ အကျိုးကို ပြီးစေတတ်သည် ဖြစ်၍ **အပရာပရိယဝေဒနီယကံ** မည်၏။ မိမိတို့၏ အကျိုးပေးသော ကာလကို လွန်သော ရှေးကံနှစ်ခုတို့၏ အပေါင်းသည်၎င်း၊ တတိယဖြစ်သောကံသည်၎င်း သံသရာ၌ ဖြစ်ခြင်းသည် ပြတ်သည်ရှိသော် **အဟောသိကံ**-မည်၏။

**ပါကကာလဝသေန**[၁] ဟူသည်ကား၊ ဝါ-ဟူသောပုဒ်ကို ပစ္စုပ္ပန် ဘဝ၌၎င်း၊ အခြားမဲ့ ဒုတိယဘဝ၌၎င်း၊ အမှတ်မရှိ တပါးပါးသော ဘဝ၌၎င်း၊ ဤသို့ရှေး၌ဖြစ်ကုန်သော သုံးပါးသောကံတို့၏ အကြင် အကြင်ပိုင်းခြားအပ်သော အကျိုးပေးသော ကာလ၏ အစွမ်း အားဖြင့်၎င်း၊ ဤကံသုံးပါးမှတပါးသော အဟောသိကံ၏ ထိုသို့

**ပါကကာလအဓိပ္ပါယ်**—

၁—ဒိဋ္ဌဓမ္မဝေဒနီယကံသည် ပစ္စုပ္ပန်ကာလ, ဥပပဇ္ဇဝေဒနီယကံသည် ပစ္စုပ္ပန်ကာလမှ အခြားမဲ့ဖြစ်သော ဒုတိယ ဘဝကာလ, အပရာပရိယဝေဒနီယကံသည် တတိယဘဝမှစ၍ နိဗ္ဗာန်ရသည်တိုင်အောင် အမှတ်မရှိသောကာလ, အဟောသိကံသည် ဆိုအပ်ပြီးသော ကာလမရှိခြင်း, လွန်ခြင်းဟု ဆိုအပ်သော ကာလ ဤသို့အကျိုးပေးသော ကာလ, အကျိုး မပေးသော ကာလတို့ကို အကြောင်းပြု၍ အမည်ရသော ကံမျိုးကို **ပါကကာလကံ**-ဟု ဆိုလိုသည်။

အကျိုးပေးသောကာလ မရှိသည်၏ အစွမ်းအားဖြင့်ရင်း-ဟု အနက်ပေး။ အဘယ့်ကြောင့်အဟောသိကံကို ပါကကာလ-ဟု ဆိုအပ်ပါသနည်း၊ အဟောသိကံ၏ ကာလကိုလွန်ခြင်းကြောင့် သာလျှင် ထိုပါကကာလ-ဟူသော အမည်ဖြင့် ခေါ်ဆိုအပ်၏။

---

## ပါကဋ္ဌာနကံလေးပါး

၄၄။ ॥တထာ အကုသလံ, ကာမာဝစရကုသလံ, ရူပါဝစရကုသလံ,အရူပါဝစရကုသလဉ္စေတိပါကဋ္ဌာနဝသေန။

ထို့အတူ အကုသိုလ်ကံရင်း၊ ကာမာဝစရ ကုသိုလ်ကံရင်း၊ ရူပါဝစရကုသိုလ်ကံရင်း၊ အရူပါဝစရကုသိုလ်ကံရင်း၊ ဤသို့အကျိုးပေးရာဌာန၏အစွမ်းဖြင့် လေးပါးကုန်သော ကံတို့ကို သိအပ်ကုန်၏။

---

## ပါကဋ္ဌာနကံလေးပါးအဘွင့်

၄၄။ ॥**ပါကဋ္ဌာနဝသေန**[၁] ဟူသည်ကား၊ ဝါ-ဟူသောပုဒ်ကို ပဋိသန္ဓေအကျိုးပေးရာဘုံ၏အစွမ်းဖြင့်-ဟု အနက်ပေး။

---

## အကုသိုလ်ကံ ၃-ပါး

၄၅။ ॥တတ္ထ အကုသလံ ကာယကမ္မံ ဝစီကမ္မံ မနောကမ္မဉ္စေတိ ကမ္မဒွါရဝသေန တိဝိဓံ ဟောတိ။

ထိုလေးပါးသောကံတို့တွင် အကုသိုလ်ကံသည် ကာယကံရင်း၊ ဝစီကံရင်း၊ မနောကံရင်း၊ ဤသို့ ကမ္မဒွါရ[၂] အစွမ်းဖြင့်သုံးပါးအပြားရှိ၏။

---

၁-ပါကဋ္ဌာန-ဟူသည်မှာ ပဋိသန္ဓေ အကျိုးပေးရာဖြစ်သော ကာမာဝစရဘုံ, ရူပါဝစရဘုံ, အရူပါဝစရဘုံဌာနကို အကြောင်းပြု၍ အမည်ရသော ကံမျိုးကို ပါကဋ္ဌာနကံ-ဟု ဆိုလိုသည်။

၂-ကမ္မဒွါရဝသေန-ဟူသည်ကား၊ ကံ၏ဖြစ်ရာ ဖြစ်ကြောင်းသည် ကမ္မဒွါရ မည်၏၊ ကာယကံ စသော ကံ ၃-ပါးသည် ကမ္မဒွါရကို အကြောင်းပြု၍ အမည်ရသော ကံမျိုးဖြစ်၍ ကမ္မဒွါရကံ-ဟု ဆိုလိုသည်။

## အကုသိုလ်ကံ ၃-ပါးအဘွင့်

၄၅။ ။ယခုအခါ၌ အကုသိုလ် အစရှိသော ကံတို့၏ကာယကမ္မဒွါရ အစရှိသည်တို့၏အစွမ်းဖြင့် ဖြစ်ခြင်းကိုငင်း၊ထိုကာယဒွါရ[၁] အစရှိသည်တို့၏အစွမ်းဖြင့် ဖြစ်ခြင်းကိုပြခြင်းငှါ ပဓာနပြုသဖြင့်ငင်း၊ ထိုကာယကမ္မဒွါရ အစရှိသည်တို့၏ ပါဏာတိပါတ စသောအစွမ်းဖြင့် ဒသဝိဓစေသော အပြားကိုငင်း၊ ပြခြင်းငှါ **တတ္ထအကုသလံ**-ဤသို့ အစရှိသော စကားကိုအားထုတ်အပ်၏၊ ကာယဒွါရ၌ ဖြစ်သော ကံသည် ကာယကံမည်၏၊ ဝစီကံ အစရှိသည်တို့ကိုလည်း ဤအတိုင်း မှတ်အပ်ကုန်၏။

---

## အကုသိုလ်ကာယကံ ၃-ပါး

**၄၆။ ။ကထံ ပါဏာတိပါတော, အဒိန္နာဒါနံ, ကာမေသု-**
**မိစ္ဆာစာရောစေတိ ကာယဝိညတ္တိသင်္ခါတေ ကာယ-**
**ဒွါရေ ဗာဟုလ္လဝုတ္တိတော ကာယကမ္မံ နာမ။**

အဘယ်သို့ဖြစ်သနည်း-ဟူမူ သူ့အသက်ကို လျင်စွာ ချခြင်းငင်း၊ အရှင်သည် ကိုယ်နှုတ်ဖြင့် မပေးအပ်သော သူတပါးဥစ္စာကို ခိုးယူခြင်းငင်း၊ သူတော်မဟုတ် သူယုတ်တို့၏ အကျင့်ကို မှီဝဲသော အစွမ်းဖြင့် ကာမဂုဏ်တို့၌ မှားသောအကျင့်ငင်း၊ ဤသို့ သုံးပါး အပြားရှိသော ကံသည် ကာယဝိညတ်-ဟု ဆိုအပ်သော ကာယဒွါရ၌ များသောအားဖြင့် ဖြစ်ခြင်းကြောင့် ကာယကံမည်၏။

---

၁-ကာယဝိညတ်ရုပ်သည် ကာယကံ၃-ပါး၏ ဖြစ်ကြောင်း ဖြစ်သောကြောင့် **ကာယဒွါရ** မည်၏၊ဝစီဝိညတ်ရုပ်သည် ဝစီကံလေးပါး၏ ဖြစ်ကြောင်း ဖြစ်သောကြောင့် **ဝစီဒွါရ** မည်၏။ အလုံးစုံသော စိတ်တခုယုတ် ကိုးဆယ်သည် အနန္တရ စသော ပစ္စည်းတပ်၍ နောက်နောက်သောမန၏ အကြောင်းဖြစ်သောကြောင့် **မနောဒွါရ** မည်၏-ဟုမှတ်။

## အကုသိုလ်ကာယကံ ၃-ပါးအဘွင့်

၄၆။ ။ဇီဝိတိန္ဒြေကို နေ့းစွာချခြင်းငှါ မပေးမူ၍ လှင်စွာ ချခြင်းသည် **ပါဏာတိပါတ**[၁] မည်၏၊ ကိုယ်နှုတ်တို့ဖြင့် မပေးအပ်သော သူတပါး၏ဥစ္စာကို ယူခြင်းသည် **အဒိန္နာဒါန**[၂] မည်၏၊ မေထုန်ကို လွန်ကျူးခြင်း-ဟု ဆိုအပ်သော ကာမတို့၌ မှားသော အကျင့်သည် **ကာမေသုမိစ္ဆာစာရ**[၃] မည်၏၊ ထိုပါဠိ၌ **ပါဏော** ဟူသည်ကား၊ ပညတ်အားဖြင့်သတ္တဝါတည်း၊ ပရမတ်အားဖြင့် ဇီဝိတိန္ဒြေတည်း၊ ထိုသတ္တဝါ၌ သတ္တဝါ-ဟု အမှတ်ရှိသောသူ၏ ဇီဝိတိန္ဒြေကိုချခြင်း လုံ့လကိုဖြစ်စေတတ်သော သေစေလိုသော စေတနာသည် ပါဏာတိပါတမည်၏။

သူတပါးဥစ္စာ၌ သူတပါးဥစ္စာ-ဟု အမှတ်ရှိသောသူ၏ ထိုဥစ္စာကိုယူခြင်း လုံ့လကိုဖြစ်စေတတ်သော ခိုးလိုသော စေတနာသည် အဒိန္နာဒါန-မည်၏၊ မေထုန်ကို မှီဝဲသည် အစွမ်းဖြင့် ကာယဒွါရ၌ ဖြစ်သော မသွားလာအပ်သော အရာ၌ လွန်ကျူးသော စေတနာသည် ကာမေသုမိစ္ဆာစာရ မည်၏၊ ရသာရုံ-ဟု ဆိုအပ်

---

၁-ဇီဝိတိန္ဒြေကို ဖြေးဖြေးမကျစေဘဲ လျင်မြန်စွာ ကျစေခြင်းသည် ပါဏာတိပါတ မည်၏။

တရားကိုယ်အားဖြင့် ပါဏ-ဟူသည် ပညတ်အားဖြင့် သတ္တဝါသာတည်း၊ ပရမတ်အားဖြင့် ဇီဝိတိန္ဒြေတည်း။ ထိုဇီဝိတိန္ဒြေ သတ္တဝါ၌ သတ္တဝါဟု အမှတ်ရှိသော သူ့အိ၏ ဇီဝိတိန္ဒြေကိုဖြတ်သော ကာယ, ဝစီပယောဂကို ဖြစ်စေတတ်သော သန္တိဋ္ဌာပက သတ္တမဓော စေတနာသည် ပါဏာတိပါတ မည်၏။

၂-အရှင်သည် ကိုယ်နှုတ်တို့ဖြင့် မပေးအပ်သော သူတပါးဥစ္စာကို ခိုးယူခြင်းသည် အဒိန္နာဒါန မည်၏။

သူတပါးဥစ္စာ၌ သူတပါးဥစ္စာဟု အမှတ်ရှိသောသူ၏ ထိုသူတပါးဥစ္စာကို ယူတတ်သော ကာယ, ဝစီပယောဂကို ဖြစ်စေတတ်သော ခိုးယူကြောင်းဖြစ်သော စေတနာသည် အဒိန္နာဒါန မည်၏။

၃-မေထုန်ကို လွန်ကျူးခြင်းဟု ဆိုအပ်သော ကာမဂုဏ်တို့၌ မှားယွင်း၍ ကျင့်ခြင်းဟု ဆိုအပ်သော ယုတ်မာသောအကျင့်သည် ကာမေသုမိစ္ဆာစာရ မည်၏။

မေထုန်မှီဝဲသည်အစွမ်းဖြင့် ကာယဒွါရ၌ ဖြစ်သော မသွားလာအပ်သော အရာကို ကျူးလွန်ကြောင်း ဖြစ်သော စေတနာသည် ကာမေသုမိစ္ဆာစာရ မည်၏-ဟုမှတ်။

ကုန်သော ကာမတို့၌ မှားယွင်း လွန်ကျူးသော အကျင့်ဖြစ်သော ကြောင့် သုရာသောက်ခြင်းကိုလည်း[၁] ဤကာမေသုမိစ္ဆာစာရ၌သာ ပေါင်းအပ်၏-ဟု ဆိုကုန်၏။

**ကာယဝိညတ္တိသမုဋ္ဌာနေ ကာယဒွါရေ**-ဟူသည်ကား၊ ဝါ-ဟူသောပုဒ်ကို ကိုယ်ဖြင့် မိမိအလိုကို သူတပါးတို့အား သိစေတတ်သောကြောင့်၎င်း၊ မိမိသည်လည်း ကိုယ်ဖြင့် သိစေအပ်သောကြောင့်၎င်း၊ ကာယဝိညတ်-ဟု ဆိုအပ်သော ရှေးသို့တက်ခြင်းအစရှိသည်ကို ဖြစ်စေတတ်သော စိတ္တဇဝါယောဓာတ်၏ လွန်ကဲသော ကလာပ်၏ ဖေါက်ပြန်သည်ဖြစ်၍ဖြစ်သော သဟဇာတ်ဖြစ်သောရုပ်ကို ခိုင်းစေခြင်း အစရှိသည်တို့၏ ဝိညတ်နှင့်တကွဖြစ်၍ ကျေးဇူးပြုတတ်သော အကြောင်းဖြစ်၍ ဖြစ်သော လက်အစရှိသည်ကို လှုပ်စေတတ်သော ကာယ၏ အဖြစ်ကြောင့်၎င်း၊ ကံတို့၏ ဖြစ်ခြင်း၏ အကြောင်း ဖြစ်သောကြောင့်၎င်း၊ ကာယဒွါရ-ဟု ဆိုအပ်သော ကမ္မဒွါရ၌-ဟု အနက်အဓိပ္ပါယ်မှတ်။

## ဝိညတ်သည် ကံ၏အကြောင်းဖြစ်ပုံ

ထိုသို့ဝိညတ်ကို ကံ၏အကြောင်း-ဟု ဆိုအပ်သော စကားသည် သင့်၏၊ ထိုသို့ ကံနှင့်တကွဖြစ်သော စိတ္တုပ္ပါဒ်သည်သာလျှင် ထိုဝိညတ်ကို အကယ်၍ ဖြစ်စေအပ်သည် မှန်၏၊ ထိုသို့ ဖြစ်စေအပ်သော်လည်း ထိုဝိညတ်ကို ထိုသို့ကံနှင့်တကွ ဖြစ်သော စိတ္တုပ္ပါဒ်သည် ဖြစ်စေအပ်သည် ရှိသော် ထိုဝိညတ်ကို ဖြစ်စေတတ်သော ကံ၏ ကာယကံအစရှိသော အမည်သည် ဖြစ်၏။ ထို့ကြောင့် ထိုဝိညတ်ကို ထိုကံ၏ ဖြစ်ခြင်းအကြောင်း အဖြစ်ဖြင့်-ဝါ ဖြစ်ခြင်းအကြောင်း ဟု ဆိုခြင်းငှါ ရအပ်၏။

---

၁-ပါဏာတိပါတစသော ကံလေးပါး၏ အကြောင်းဖြစ်သောကြောင့်၎င်း၊ ကာမေသုမိစ္ဆာစာရနှင့် သဘောတူသောကြောင့်၎င်း သုရာပါနကို သီးခြားခွဲ၍ မဆို-ဟုမှတ်။

## ဗဟုလ္လဝုတ္တိအဓိပ္ပါယ်

**ကာယဒ္ဒါရေဝုတ္တိတော**-ဟု ဤမျှသော စကားကို ဆိုသည်ရှိသော် ကာယဒွါရ၌ ဖြစ်သောကြောင့် ကာယကံဟူသော အမည်သည် အကယ်တမှု ဖြစ်နိုင်ပါ၏၊ ထိုသို့ဖြစ်နိုင်ပါသော်လည်း ကံနှင့် ဒွါရကို မှတ်ခြင်းသည် မဖြစ်ရာ၊ အဘယ့်ကြောင့် မဖြစ်ပါသနည်း-ဟူမူ ကာယဒွါရ၌ ဖြစ်သောကံကို ကာယကံ -ဟု ဆိုအပ်၏၊ ကာယကံ၏ ဖြစ်ခြင်းအကြောင်းဖြစ်သော ဒွါရကိုလည်း ကာယဒွါရ-ဟု ဆိုအပ်၏၊ သူ့အသက်သတ်ခြင်း စသည်ကို နှုတ်ဖြင့်စေခိုင်းသောသူအားလည်း ကာယကံသည် ဝစီဒွါရ၌လည်း ဖြစ်၏၊ ထို့ကြောင့် ဒွါရဖြင့်ကံကို မှတ်သားခြင်းငှါ မဖြစ်နိုင်ရာ၊ ထို့အတူ မုသားပြောခြင်းစသည်ကို ကိုယ်၏ဖေါက်ပြန်ခြင်းဖြင့် ပြုသောသူအား ဝစီကံသည် ကာယဒွါရ၌လည်းဖြစ်၏၊ ထို့ကြောင့် ကံဖြင့်ဒွါရကိုမှတ်ခြင်းသည် မဖြစ်နိုင်ရာ-ဟူသော ဤစောဒနာသည် ဖြစ်ရာ၏။ ထို့ကြောင့် များစွာဖြစ်ခြင်းဖြင့် ပိုင်းခြားမှတ်သားခြင်းကို ပြခြင်းငှါ **ဗဟုလ္လဝုတ္တိတော**[၁] ဟူသော ဤပါဌ်ကို မိန့်ဆိုအပ်ပါသတည်း။

ထိုစကားမှန်၏ ကာယကံသည် ကာယဒွါရ၌ များသောအားဖြင့်ဖြစ်၏၊ အနည်းငယ် ဝစီဒွါရ၌လည်းဖြစ်သေး၏၊ ထို့ကြောင့် ကာယဒွါရ၌သာလျှင် များသောအားဖြင့် ဖြစ်သောကြောင့် ကာယကံ၏ အဖြစ်သည် ပြီးပြည့်စုံလေ၏၊ ဥပမာဆိုသော် တောမှဆိုး အစရှိသောသူတို့၏ တော၌ ကျက်စားသူ အစရှိသော အမည်ရသော အဖြစ်သည် ပြီးသကဲ့သို့တည်း၊ ထို့အတူ ကာယကံသည်သာလျှင် များသောအားဖြင့် ကာယဒွါရ၌ဖြစ်၏၊ ဝစီကံ မနောကံတို့သည် များသောအားဖြင့် မဖြစ်ကုန်၊ ထို့ကြောင့် ကာယကံ၏များသော အားဖြင့် ဤကာယဒွါရ၌သာလျှင် ဖြစ်သောကြောင့် ကာယကမ္မဒွါရ အဖြစ်သည် ပြီးပြည့်စုံ၏၊ အဘယ်ကဲ့သို့နည်း-ဟူမူ များသော

---

၁–ကာယကံသည် ကာယဒွါရ၌ များသောအားဖြင့်သာ ဖြစ်သည်၊ အမြဲဖြစ်သည် မဟုတ်၊ အပွကအားဖြင့် ''သေစား-သေစေ''ဟု အမိန့်ချသော မင်းစသည်တို့အား ဝစီဒွါရ၌လည်း ဖြစ်သေး၏-ဟူသောအနက်ကို သိစေလိုသောကြောင့် ဗဟုလ္လ သဒ္ဒါကို မိန့်ဆိုတော်မူ၏။ ဟုမှတ်။

အားဖြင့် ပုဏ္ဏားတို့၏ နေရာဖြစ်သော ရွာအစရှိသည်တို့၏ ပုဏ္ဏား ရွာ အစရှိသော အမည်ရှိသည် အဖြစ်သည် ပြီးသကဲ့သို့တည်း။ ထို့ကြောင့် ကံဖြင့် ဒွါရကိုမှတ်ခြင်း, ဒွါရဖြင့်ကံကို မှတ်ခြင်း၌ တစုံတခုသော တားမြစ်ခြင်းသည် မရှိ။ ထို့ကြောင့် ဤအရာ၌ ဤ ဆိုအပ်ပြီးသောအနက်ကို အရှင်အနုရုဒ္ဓါဆရာသည် အလိုရှိအပ်၏။

---

## ဝစီကံ ၄-ပါး

၄၇။ ။**မုသာဝါဒေါ, ပိသုဏဝါစာ, ဖရုသဝါစာ, သမ္ဖပ္ပ- လာပေါစေတိ ဝစီဝိညတ္တိသင်္ခါတေ ဝစီဒွါရေဗာဟုလ္လ- ဝုတ္တိတော ဝစီကမ္မံနာမ။**

မဟုတ်သည်ကို ဟုတ်သောအားဖြင့် ဆိုကြောင်းဖြစ်သော စကားငြင်း၊ သူနှစ်ယောက်တို့၏ အချစ်ကို မှုန့်မှုန့်ညက်ညက် ဖျက်ဆီး တတ်သော စကားငြင်း၊ လွှကဲ့သို့ ကြမ်းထမ်းသော အတွေ့ရှိသော စကားငြင်း၊ စီးပွါးချမ်းသာကို ဖျက်ဆီးတတ်သော သီတာမိဖုရားကို ဆောင်ခြင်း အစရှိသော ပြိန်ဖျင်းသော စကားကို ဆိုခြင်းငြင်း၊ ဤသို့ လေးပါးအပြားရှိသော ကံသည် ဝစီဝိညတ်-ဟု ဆိုအပ်သော ဝစီဒွါရ၌ များစွာ ဖြစ်ခြင်းကြောင့် ဝစီကံ မည်၏။

---

## ဝစီကံ ၄-ပါးအဘွင့်

၄၇။ ။**မုသာ**-ဟူသည်ကား၊ မဟုတ်မမှန်သော ဝတ္ထုတည်း၊ ဤစိတ်ဖြင့် ထိုမဟုတ်မမှန်သော ဝတ္ထုကို ဟုတ်မှန်သောအားဖြင့် ပြောဆိုတတ်ကုန်၏၊ ဤသို့ ပြောဆိုကြောင်း ဖြစ်သောကြောင့် ထိုစိတ်သည် **မုသာဝါဒ**[၁] မည်၏။ ညီညွတ်ခြင်းကို ဖျက်ဆီးတတ် သောကြောင့် ထိုစကားသည် **ပိသုဏာ**[၂] မည်၏။ တနည်းကား—

---

၁—တရားကိုယ်အားဖြင့် မဟုတ် မမှန်သော ဝတ္ထုကို ဟုတ်မှန်သောအားဖြင့် သူတပါးကို သိစေလိုသော သူ၏ ထိုသို့ သိစေခြင်း ကာယပယောဂ, ဝစီပယောဂကို ဖြစ်စေတတ်သော စေတနာသည် **မုသာဝါဒ** မည်၏။

၂—သူတပါးအား အချစ်ပျက်စေ၍ မိမိကို ချစ်စေလိုသဖြင့် သူတပါးအချစ် ပျက်ခြင်းကို ဖြစ်စေတတ်သော ကာယ, ဝစီပယောဂကို ဖြစ်စေတတ်သော စေတနာသည် **ပိသုဏဝါစာ** မည်၏။

ချစ်သည့်အဖြစ်ကို ဆိတ်အောင် ပြုတတ်သောကြောင့် ထိုစကားသည် **ပိသုဏာ** မည်၏။ လွန်သွားသည် ကြမ်းသောအတွေ့ ရှိသကဲ့သို့ မိမိကိုင်ငြင်း၊ သူတပါးကိုငြင်း ကြမ်းထမ်းခြင်းကို ပြုတတ်သောကြောင့် ထိုစကားသည် **ဖရုသာ**[၁] မည်၏။ ချမ်းသာကိုငြင်း အကျိုးစီးပွါးကို ငြင်း ဖျက်စီးတတ်သောကြောင့် **သမ္ဖ** မည်၏။ မိမိအားငြင်း သူတပါး တို့အားငြင်း ကျေးဇူးမရှိသော အမှတ်မရှိ တပါးပါး အကျိုးမရှိသော ထိုစကားကို ရ၏၊ ဝါ-သမ္ဖဟု ဆိုအပ်သော ထိုစိတ်ဖြင့် ထိုစီးပွါးချမ်းသာ ဖျက်ဆီးတတ်သော စကားကို ပြောဆိုတတ်သောကြောင့် ထိုစိတ်သည် **သမ္ဖပ္ပလာပ**[၂] မည်၏။

## ဝစီကံ ၄-ပါး အဆုံးအဖြတ်

ထိုလေးပါးသော ဝစီကံတို့တွင် မဟုတ်မမှန်သော ဝတ္ထုကို ဟုတ်မှန်သောအားဖြင့် သူတပါးကို သိစေလိုသော သူ၏ ထိုသို့ မဟုတ်မမှန်သောအားဖြင့် သိစေတတ်သော ပယောဂကို ဖြစ်စေ တတ်သော စေတနာသည် မုသာဝါဒ မည်၏။ ထိုမုသာဝါဒ သည် သူတပါး၏ အကျိုးစီးပွါး ပျက်စီးခြင်းကို ပြုမှသာလျှင် အပါယ်လားကြောင်း မကောင်းမှုကံမြောက်၏၊ (ကမ္မပထ-ဖြစ်၏) သူတပါး၏ အကျိုးစီးပွါးကို မဖျက်ဆီးသော မုသာဝါဒသည် ကံသာဖြစ်၏။ (ကမ္မပထ-မဖြစ်)

သူတပါးတို့၏ အချစ်ပျက်ခြင်းကို အလိုရှိသဖြင့်ငြင်း၊ မိမိအား ချစ်စေလိုသဖြင့်ငြင်း၊ သူတပါးတို့အား အချစ်ပျက်ခြင်းကိုပြုတတ် သော ဝစီဝိညတ်ကို ဖြစ်စေတတ်သော ညစ်နွမ်းသော စေတနာသည် ပိသုဏာဝါစာ မည်၏။ ထိုပိသုဏာဝါစာသည်လည်း နှစ်ယောက် သော သူတို့သည် အချစ်ပျက်ကုန်မှသာလျှင် ကမ္မပထမြောက်၏၊ သူတပါး၏ ချစ်ခြင်းကို ဖျက်ဆီးတတ်သော ဝစီဝိညတ်ကို ဖြစ်စေ

---

၁–သူတပါး မြတ်နိုးခြင်းကို ဖြတ်တတ်သော ကာယ, ဝစီ ပယောဂကို ဖြစ်စေတတ်သော စင်စစ် ကြမ်းထမ်းသော စေတနာသည် ဖရုသဝါစာ မည်၏။

၂–သီတာ မိဖုရားကို ဆောင်ခြင်း စသော အကျိုး မရှိသောအနက်ကို သိစေတတ် သော ကာယ, ဝစီပယောဂကို ဖြစ်စေတတ်သော စေတနာသည် သမ္ဖပ္ပလာပ မည်၏။

တတ်သော စင်စစ် ကြမ်းထမ်းသော စေတနာသည် ဖရုသဝါစာ မည်၏။ အထူးကား၊ စိတ်နူးညံ့ခြင်း ဖြစ်ပါမူ ဖရုသဝါစာ မမည်။ ထို့ကြောင့် စင်စစ် ကြမ်းထမ်းသော စေတနာသည်သာ ဖရုသဝါစာ မည်၏, ဖြစ်၏။

သီတာမိဖုရားကို ဆောင်ခြင်းအစရှိသော အကျိုးမရှိသည်ကို သိစေတတ်သော ပယောဂကို ဖြစ်စေတတ်သော ညစ်ငြူးသော စေတနာသည် သမ္ဖပ္ပလာပ မည်၏၊ ထိုသမ္ဖပ္ပလာပသည် သူတပါး တို့သည် အကျိုးစီးပွါးမဲ့ကို ယူမှသာလျှင် ကမ္မပထမြောက်၏။ **ဝစီ-ဝိညတ္တိ သန်္ဒါတေ ဝစီဒွါရေ**-ဟူသည်ကား၊ နှုတ်ဖြင့် မိမိအလိုကို သူတပါးအား သိစေ၏၊ မိမိသည်လည်း နှုတ်ဖြင့် သိအပ်၏၊ ထို့ကြောင့် ဝစီဝိညတ်-ဟု ဆိုအပ်သော နှုတ်မြွက်ခြင်းကိုပြုတတ်သော ဝစီပယောဂကို ဖြစ်စေတတ်သော စိတ်ကြောင့်ဖြစ်သော ပထဝီဓာတ် လွန်ကဲသော ရုပ်ကလပ်၏ ဖေါက်ပြန်မှုဖြစ်သော နှုတ်အင်္ဂါကို လှုပ်စေတတ်သော စကားအဖြစ်ကြောင့်၎င်း၊ မုသာဝါဒကံတို့၏ ဖြစ်ခြင်းအကြောင်း ဖြစ်သောကြောင့်၎င်း၊ ဝစီဒွါရ-ဟု ဆိုအပ်သော ကမ္မဒွါရ၌။ **ဗာဟုလ္လဝုတ္တိတော**-ဟူသော ဤစကားသည် ဆိုအပ်ပြီးသောနည်းရှိသည်သာတည်း။

---

**မနောကံ ၃-ပါး**

**၄၈။ ။အဘိဇ္ဈာ, ဗျာပါဒေါ, မိစ္ဆာဒိဋ္ဌိ စေတိ အညတြာပိ ဝိညတ္တိယာ မနသ္မိံ ယေဝ ဗာဟုလ္လဝုတ္တိတော မနော-ကမ္မံနာမ။**

သူတပါး စည်းစိမ် ချမ်းသာကို ရှေ့ရှု တပ်မက်မောသော အားဖြင့် ကြံခြင်း၎င်း၊ စီးပွါးချမ်းသာကို ဖျက်ဆီးကြောင်းဖြစ်သော ဒေါသ၎င်း၊ ဖေါက်ပြန်သောအားဖြင့် မြင်ခြင်း၎င်း၊ ဤသို့သုံးပါး အပြားရှိသော ကံသည် (ကာယဝိညတ် ဝစီဝိညတ်ကို ကြဉ်၍) စိတ်၌သာလျှင် များစွာ ဖြစ်ခြင်းကြောင့် မနောကံ မည်၏။

## မနောကံ ၃-ပါး အဘွင့်

၄၈။ ။သူတပါး၏ စည်းစိမ်ကို ရှေးရှုသော လောဘ၏ အစွမ်းဖြင့် ကြံတတ်သောကြောင့် **အဘိဇ္ဈာ** [၁] မည်၏။ ထိုအမျက်ဖြင့် စီးပွါးချမ်းသာကို ဖျက်ဆီးတတ်၏၊ ထိုသို့ ဖျက်ဆီးကြောင်း ဖြစ်သောကြောင့် **ဗျာပါဒ** [၂] မည်၏။ ဖေါက်ပြန်သောအားဖြင့် ရှုတတ်သောကြောင့် **မိစ္ဆာဒိဋ္ဌိ** [၃] မည်၏။

## မနောကံ ၃-ပါး အဆုံးအဖြတ်

မနောကံ ၃-ပါးဘို့တွင် ဤဥစ္စာသည် ငါ၏ဥစ္စာ ဖြစ်ပါမူ ကောင်းလေစွ-ဟု ဤသို့ သူတပါး၏ ဥစ္စာကို ရှေးရှုကြံခြင်းသည် အဘိဇ္ဈာ မည်၏။ ထိုအဘိဇ္ဈာသည် သူတပါးဥစ္စာကို မိမိသို့ ညွတ်စေသော်သာလျှင် အပါယ်လားကြောင်း ကံမြောက်၏။ ဤသတ္တဝါသည် ပျက်စီးမူ ကောင်းလေစွ-ဟု ဤသို့ စိတ်ဖြင့် ပြစ်မှားခြင်းသည် ဗျာပါဒ မည်၏။ ပေးလှူအပ်သော ဒါနလှူ၏ အကျိုး မရှိ-ဟု ဤသို့ စသောနည်းဖြင့် ဖေါက်ပြန်သောအယူသည် မိစ္ဆာဒိဋ္ဌိ မည်၏။

ကမ္မပထမြောက်သော အယူကို ဆိုဦးအံ့—ဤမိစ္ဆာဒိဋ္ဌိအရာ၌ နတ္ထိကဒိဋ္ဌိ, အဟေတုကဒိဋ္ဌိ, အကြိယဒိဋ္ဌိ တို့ဖြင့်သာလျှင် အပါယ် လားကြောင်း ကံမြောက်၏၊ ဤကာယကံ စသည်တို့၏ အင်္ဂါ စသည်ကို ပိုင်းခြားမှတ်ပြသည် အစွမ်းဖြင့် အဓိပ္ပါယ်အကျယ်ကို ထိုထို အဋ္ဌသာလိနီ-အစရှိသောကျမ်းတို့၌ လာသောနည်းဖြင့်သာ မှတ်အပ်၏။

---

၁–သူတပါး၏ စည်းစိမ်ကို ရှေးရှုကာ လောဘ၏ အစွမ်းဖြင့် ကြံတတ်သောကြောင့် **အဘိဇ္ဈာ** မည်၏။

၂–စီးပွါး ချမ်းသာ ပျက်စီးကြောင်း, စီးပွါးချမ်းသာကို ဖျက်ဆီးကြောင်း ဖြစ်သော ကြောင့် **ဗျာပါဒ** မည်၏။

၃–ဖေါက်ပြန်သောအားဖြင့် ရှုတတ် မြင်တတ်သောကြောင့် ဒိဋ္ဌိ မည်၏။

**အညတြာပိ ဝိညတ္တိယာ**[၁] ဟူသည်ကား၊ ကာယဝိညတ် ဝစီဝိညတ်ကို ကြဉ်၍၊ ထိုကာယဝိညတ် ဝစီဝိညတ်ကို မဖြစ်စေမူ၍လည်း၊ ဤသို့သော အနက်ကို မှတ်အပ်၏။ ဤဆယ်ပါးကုန်သော အကုသလကမ္မပထတို့တွင် ဝိညတ်ကို ဖြစ်စေတတ်သော စိတ်နှင့်ယှဉ်ကုန်သော အဘိဇ္ဈာစသည်တို့သည် စေတနာ၏ အသင်းအပင်း ဖြစ်ကုန်၏။

---

## ဒေါသမူ ဒွေးကြောင့်ဖြစ်သောကံ

**၄၉။ ။တေသု ပါဏာတိပါတော, ဖရုသဝါစာ, ဗျာပါဒေါစ ဒေါသမူလေန ဇာယန္တိ။**

ထိုအကုသလကမ္မပထတရား ဆယ်ပါးတို့တွင် ပါဏာတိပါတသည်၎င်း၊ ဖရုသဝါစာသည်၎င်း၊ ဗျာပါဒသည်၎င်း ဒေါသမူစိတ်ကြောင့် ဖြစ်ကုန်၏။

---

## ဒေါသမူ ဒွေးကြောင့်ဖြစ်သောကံ အဘွင့်

၄၉။ ။**ဒေါသမူလေန ဇာယန္တိ**-ဟူသည်ကား၊ သဟဇာတစသော ပစ္စည်းသတ္တိဖြင့် ဒေါသ-ဟု ဆိုအပ်သော မူလကြောင့်, တနည်းသော်ကား-ဒေါသလျှင် မူလရှိသော စိတ်ကြောင့် ဖြစ်ကုန်၏၊ လောဘမူလ စသည်တို့ကြောင့် မဖြစ်ကုန်၊ ထိုစကားမှန်၏၊ မင်းတို့သည် ရယ်ရွှင်လျက်လည်း ဒေါသစိတ်ဖြင့်သာလျှင် အသက်သတ်ခြင်းကို စေခိုင်းကုန်၏၊ ဖရုသဝါစာ, ဗျာပါဒတို့၌လည်း ထို့အတူ မှတ်အပ်၏။

---

၁—မနောကံ-ဟူသည် ကာယဝိညတ်, ဝစီဝိညတ် တည်းဟူသော ဝိညတ်ကြောင့် ဖြစ်သော တရားမျိုး မဟုတ်သည် အဖြစ်ကို သိစေခြင်းငှါ **အညတြာပိ ဝိညတ္တိယာ**-ဟူသော စကားကိုမိန့်ဆိုရ၏-ဟုမှတ်။

မနောကံသည် ကာယဒွါရ, ဝစီဒွါရ၌ကား ဖြစ်၏။ သို့သော် ကာယဒွါရ, ဝစီဒွါရတို့ကြောင့် မဖြစ်၊ ၎င်းကာယဒွါရ, ဝစီဒွါရ၌ ဖြစ်သော်လည်း အနည်းငယ်သာဖြစ်၏၊ မနောဒွါရ၌သာ များသောအားဖြင့် ဖြစ်၏—ဟုလို။

## လောဘမူကြောင့်ဖြစ်သောကံ

**၅၀။ ။ကာမေသုမိစ္ဆာစာရော, အဘိဇ္ဈာ, မိစ္ဆာဒိဋ္ဌိ စ လောဘမူလေန။**

ကာမေသုမိစ္ဆာစာရသည်၎င်း၊ အဘိဇ္ဈာသည်၎င်း၊ မိစ္ဆာဒိဋ္ဌိ သည်၎င်း၊ လောဘမူ စိတ်ကြောင့် ဖြစ်ကုန်၏။

---

## လောဘမူစိတ်ကြောင့်ဖြစ်သောကံအဘွင့်

၅၀။ ။မိစ္ဆာအယူ၏ မှားသောအားဖြင့် မြဲမြန်စွာ စွဲလမ်း အပ်သော ဝတ္ထုတို့၌ လောဘ ပြခန်းသည်သာ ဖြစ်၍ မြဲမြန်စွာ စွဲလမ်းခြင်းကြောင့် မိစ္ဆာဒိဋ္ဌိ စ လောဘမူလေန-ဟူ၍ မိန့်ဆိုလေ၏။

---

## လောဘဒေါသကြောင့်ဖြစ်သောကံ

**၅၁။ ။သေသာနိ စတ္တာရိပိ ဒွိဟိ မူလေဟိ သမ္ဘဝန္တိ။**

ဆိုအပ်ပြီးသည်မှ ကြွင်းကုန်သော လေးပါးလည်း ဖြစ်ကုန်သော အဒိန္နာဒါန်, မုသာဝါဒ, ပိသုဏာဝါစာ, သမ္ဖပ္ပလာပ တို့သည် နှစ်ပါးကုန်သော လောဘမူ ဒေါသမူတို့ကြောင့် ဖြစ်ကုန်၏။

---

## လောဘဒေါသကြောင့်ဖြစ်သောကံအဘွင့်

၅၁။ ။**သေသာနိ စတ္တာရိပိ ဒွိဟိ မူလေဟိ သမ္ဘဝန္တိ**-ဟူသည် ကား၊ အကြင်သူသည် ရှေးဦးစွာ အလိုရှိအပ်သော ဝတ္ထုကို၎င်း၊ အလို မရှိအပ်သော ဝတ္ထုကို၎င်း၊ မိမိကို ငတ်မွတ်ခြင်းစသည်မှ စောင့်ရှောက်ခြင်း, ဆွေမျိုးကို ငတ်မွတ်ခြင်းစသည်မှ စောင့်ရှောက် ခြင်း အစရှိသော အကျိုးကို ရည်စူး၍ ခိုးယူ၏၊ ထိုသူ၏ အဒိန္နာဒါန် ကံသည် လောဘမူစိတ်ကြောင့် ဖြစ်၏၊ ရန်ပွါးခြင်း အကျိုးငှါ ခိုးယူသောသူအား ဒေါသမူစိတ်ဖြင့် ခိုးယူ၏၊ နီတိကျမ်း၌ လာသော ပါဠ် အပိုင်းအခြားအားဖြင့် မကောင်းသော သူတို့ကို နှိပ်စက်ခြင်း

အကျိုးငါ သူတပါးတို့၏ ဥစ္စာကို ဆောင်ယူကုန်သော မင်းတို့၏ ၎င်း၊ ပုဏ္ဏားတို့၏၎င်း၊ ဤအလုံးစုံကို ပုဏ္ဏားတို့အား မင်းတို့သည် ပေးလှူအပ်၏၊ ထိုသို့ လှူသော်လည်း ထိုပုဏ္ဏားတို့၏ အလုံးစုံ အားနည်းသည်၏ အဖြစ်ကြောင့် တပါးသော သူတို့သည် သုံးဆောင်ကုန်၏၊ မိမိဥစ္စာကိုသာလျှင် ပုဏ္ဏားတို့သည် သုံးဆောင်ကုန်၏၊ ဤသို့စသော စကားတို့ကို ဆို၍ မိမိဥစ္စာ အမှတ်ဖြင့်သာလျှင် အလုံးစုံသော ဥစ္စာကို ဆောင်ယူကုန်သော ပုဏ္ဏားတို့၏၎င်း၊ ကံ၏ အကျိုးနှင့်စပ်၍ ယူလေ့ရှိသူ, ကံ၏ အကျိုးကို တားမြစ်လေ့ ရှိသူတို့၏၎င်း၊ အဒိန္နာဒါန်ကံသည် မောဟမူစိတ်ကြောင့် ဖြစ်၏၊ မုသာဝါဒ အစရှိသည်တို့၌လည်း ထိုက်သည်အား လျော်စွာ ယှဉ်အပ်၏။

---

## ၅၄။ ။တထာ ဒါန, သီလ, ဘာဝနာဝသေန။

ထို့အတူ ဒါန, သီလ, ဘာဝနာတို့၏ အစွမ်းဖြင့် သုံးပါးအပြား ရှိ၏။

---

၅၄။ ။ခြောက်ပါးသော အာရုံတို့၌ သုံးပါးအပြား ရှိသော ကံ၏ အစွမ်းဖြင့် ဖြစ်သော်လည်း ထိုကာမာဝစရ ကုသိုလ်ကံသည် ဒါနစသော သုံးပါးအပြား ရှိသော မှတ်ခြင်းဖြင့် ဖြစ်၏၊ ထို့ကြောင့် 'တထာဒါန,သီလ,ဘာဝနာဝသေန' ဟူသော စကားကို မိန့်ဆို၏။ အဘယ့်ကြောင့် ဆိုသော် ဆယ်ပါးအပြားအားဖြင့် ပြအပ်ကုန်သော ပုညကြိယာဝတ္ထုတို့တွင် နှစ်ပါးကုန်သော ပုညကြိယာ ဝတ္ထုတို့ကို ၎င်း၊ တဖန် နှစ်ပါးကုန်သော ပုညကြိယာ ဝတ္ထုတို့ကို၎င်း၊ သုံးပါးကုန်သော ပုညကြိယာဝတ္ထုတို့ကို၎င်း၊ အစဉ်အတိုင်း ဒါန အစရှိကုန်သော သုံးပါးတို့၌သာလျှင် ပေါင်းခြင်း ဖြစ်၏၊ (ထို့ကြောင့် ဒါနစသော သုံးပါး အပြား ရှိသည်၏ အဖြစ်ဖြင့် မှတ်ခြင်း ဖြစ်၏။)

ဤအကျဉ်း ပေါင်း၍ ယူခြင်း၌ အကြောင်းကိုကား နောက်မှ ငါတို့ဆိုကုန်အံ့၊ ခြောက်ပါးသော အာရုံတို့၌၎င်း၊ သုံးပါး အပြား

ရှိသော ကမ္မဒွါရတို့၌၎င်း၊ ထိုသုံးပါးသော ပုညကြိယာ ဝတ္ထုတို့၏ ဖြစ်ခြင်းနှင့် ယှဉ်ခြင်းကို အဋ္ဌကထာစသည်တို့၌ လာသော နည်းဖြင့် ယူအပ်၏။

---

## ပုညကြိယာ ဆယ်ပါး

**၅၆။ ။ဒါန, သီလ, ဘာဝနာ, အပစာယန, ဝေယျာဝစ္စ, ပတ္တိဒါန, ပတ္တာနုမောဒန, ဓမ္မသဝန, ဓမ္မဒေသနာ, ဒိဋ္ဌိဇုကမ္မဝသေန ဒသဝိဓံ ဟောတိ။**

အလှူပေးခြင်း, သီလဆောက်တည်ခြင်း, ကမ္မဋ္ဌာန်း ဘာဝနာ စီးဖြန်းခြင်း, ရတနာသုံးပါး ဆရာ မိဘ စသော သူတို့အား အရိုအသေ ပြုခြင်း, ရတနာသုံးပါး ဆရာ မိဘ စသော သူတို့၏ အမှုကြီးငယ်ကို ရွက်ဆောင်ခြင်း, မိမိပြုသော ကုသိုလ်အဘို့ကို သူတပါးအား ပေးဝေခြင်း, သူတပါးပြုသော ကုသိုလ်အဘို့ကို ဝမ်းမြောက်ခြင်း, တရားနာခြင်း, တရားဟောခြင်း, အယူကို ဖြောင့်စွာယူခြင်းတို့၏ အစွမ်းဖြင့် ဆယ်ပါး အပြားရှိ၏။

---

## ပုညကြိယာဆယ်ပါးအဘွင့်

၅၆။ ။ထို သဘောတရားဖြင့် လှူဘွယ်ဝတ္ထုကို ပေးလှူအပ်၏၊ ထိုသို့ ပေးလှူကြောင်း ဖြစ်သောကြောင့် စွန့်ကြဲကြောင်း ဖြစ်သော စေတနာသည် **ဒါန** မည်၏။ ကြွင်းသော ပုညကြိယာ ဝတ္ထုတို့၌လည်း ဤအတူ မှတ်အပ်၏။

ကာယကံ, ဝစီကံတို့ကို ကောင်းစွာ ထားတတ်သောကြောင့် **သီလ** မည်၏။ ကာယကံ, ဝစီကံတို့ကို ကောင်းစွာ ထားတတ်၏။ ဤကား သီလ အနက်တည်း။

တနည်းကား-ကုသိုလ်တရားတို့ကို တည်စေတတ်သောကြောင့် **သီလ**-မည်၏၊ ဤ **ဥပဓာရေတိ**-ပုဒ်၌ ကုသိုလ်တို့၏ တည်ရာ အဖြစ်သည် ဥပဓာရဏ မည်၏၊ ထို့ကြောင့် 'သီလေ ပတိဋ္ဌာယ' ဤသို့ အစရှိသော စကားကို မိန့်ဆိုအပ်၏။

ထို စေတနာဖြင့် ကုသိုလ်တရားတို့ကို ပွါးစေတတ်၏၊ ထိုသို့ ကုသိုလ်တို့ကို ပွါးစေကြောင်း ဖြစ်သောကြောင့် စေတနာသည် **ဘာဝနာ**-မည်၏။

ထို စေတနာဖြင့် ပူဇော်သည် အစွမ်းဖြင့် အရိုအသေကို ပြုတတ်၏၊ ထိုသို့ အရိုအသေ ပြုကြောင်းဖြစ်သော သတ္တိကြောင့် စေတနာသည် **အပစာယန**-မည်၏။ ထိုထိုကိစ္စ ပြုခြင်း၌ လုံ့လ ပြုသော သူ၏ အဖြစ်သည် **ဝေယျာဝစ္စ**-မည်၏။ ထိုသဘော တရားဖြင့် မိမိသန္တာန်၌ ဖြစ်သော ကောင်းမှုအဘို့ကို ပေးအပ်၏၊ ထိုသို့ ပေးကြောင်း ဖြစ်သောကြောင့် စေတနာသည် **ပတ္တိဒါန** မည်၏။ ထိုသဘောတရားဖြင့် ကောင်းမှုအဘို့ကို ဝမ်းမြောက် တတ်၏၊ ထိုသို့ ဝမ်းမြောက်ကြောင်း ဖြစ်သောကြောင့် စေတနာ သည် **ပတ္တာနုမောဒနာ**-မည်၏။ ထိုသဘောတရားဖြင့် တရားကို နာတတ်၏၊ ထိုသို့ နာကြောင်း ဖြစ်သောကြောင့် စေတနာသည် **ဓမ္မသဝန**-မည်၏။ ထိုသဘောတရားဖြင့် တရားကို ဟောတတ်၏၊ ထိုသို့ ဟောကြောင်း ဖြစ်သောကြောင့် စေတနာသည် **ဓမ္မဒေသနာ** မည်၏။ အယူကို ဖြောင့်စွာ ပြုခြင်းသည် **ဒိဋ္ဌုဇုကမ္မ**-မည်၏။

## ပုညကြိယာဆယ်ပါး အဆုံးအဖြတ်

ထို ဒါနစသည်တို့တွင် အနုသယနှင့် တကွဖြစ်သော ခန္ဓာအစဉ် ရှိသော ပုဂ္ဂိုလ်၏ သူတပါးတို့ကို ပူဇော်ခြင်း, ချီးမြှောက်ခြင်းကို အလိုရှိသည်အဖြစ်ကြောင့် မိမိ၏ ထင်ရှားရှိသောဝတ္ထုကို စွန့်ကြဲ သော အစွမ်းဖြင့် ဖြစ်သော စေတနာသည် **ဒါန**-မည်၏။ ဒါန ဝတ္ထုကို ရှာမှီးသည် အစွမ်းဖြင့်၎င်း၊ ပေးလှူအပ်ပြီးသော ဒါနကို ဝမ်းမြောက်သော စိတ်ဖြင့် အဖန်တလဲလဲ အောက်မေ့သည် အစွမ်း ဖြင့်၎င်း၊ ရှေးအဘို့၌ ဖြစ်သော စေတနာ, နောက်အဘို့၌ ဖြစ်သော စေတနာတို့သည် ဤ ဒါန၌သာလျှင် ပေါင်းခြင်းသို့ ရောက်ကုန်၏၊ ကြွင်းသော ပုညကြိယာဝတ္ထုတို့၌ ဤအတူ ထိုက်သည်အား လျော်စွာ မှတ်အပ်၏၊ မြဲသောသီလ အစရှိသည်တို့၏ အစွမ်းဖြင့် ငါးပါး သီလတို့ကို၎င်း, ရှစ်ပါး သီလတို့ကို၎င်း, ဆယ်ပါး သီလတို့ကို၎င်း၊

ဆောက်တည်သော သူ၏ရင်း၊ ဆောက်တည်ပြီးသော သီလနှင့် ပြည့်စုံသော သူ၏ရင်း၊ မဆောက်တည်မူ၍လည်း ရောက်သော ကာယဒုစရိုက် ဝစီဒုစရိုက်မှ ရှောင်ကြည်သော သူ၏ရင်း၊ ရှင်ရဟန်း ပြုသောသူ၏ရင်း၊ ပဉ္စင်းခံသော သိမ်အပြင်၌ သီလကို ဆောက်တည်သောသူ၏ရင်း၊ **စတုပါရိသုဒ္ဓိသီလ**-ကို ဖြည့်သော ရဟန်း၏ရင်း၊ ဖြစ်သောစေတနာသည် သီလ မည်၏။

လေးဆယ်သော ကမ္မဋ္ဌာန်းတို့၌ရင်း၊ ခန္ဓာ အစရှိကုန်သော **တေဘူမက**-အာရုံတို့၌ရင်း အဖန်တလဲလဲ စီးဖြန်းသည်ကိုပြုခြင်း, အဖန်တလဲလဲ **အနိစ္စ**-အစရှိသည်ဖြင့် သုံးသပ်ခြင်းအစွမ်းဖြင့် ဖြစ်သော အပ္ပနာသို့မရောက်သေးသော **ဂေါတြဘု** အဆုံးရှိသော စေတနာသည် ဘာဝနာမည်၏။ အပြစ်ကင်းသော အတတ်အစရှိသည်ကို သင်ကြားသောစေတနာသည်လည်း ဤဘာဝနာ၌သာလျှင် ပေါင်းခြင်းသို့ ရောက်၏။

အရွယ်အားဖြင့်ရင်း၊ဂုဏ်အားဖြင့်ရင်း၊ ကြီးကုန်သော သူတို့အား သက်န်းအစရှိသည်တို့၌ တောင့်တခြင်းကင်းသော ညစ်ညူးခြင်း မရှိသော အလိုဖြင့် ခရီးဦးကြိုဆိုခြင်း နေရာကိုရွှေ့ရှုဆောင်ခြင်း အစရှိသောအစီအရင်ဖြင့် ရိုသေမြတ်နိုးခြင်းကို ပြုကြောင်းဖြစ်သော စေတနာသည် **အပစာယန**-မည်၏။

ထိုအရွယ် ဂုဏ်ဖြင့် ကြီးကုန်သော သူတို့၏ရင်း၊ နာကုန်သော သူတို့၏ရင်း၊ အကြင်အကြင်ဆိုအပ်ပြီးသော မြတ်သောအလိုဖြင့် ထိုထိုသို့သော ကိစ္စကိုပြုကြောင်းဖြစ်သော စေတနာသည် **ဝေယျာဝစ္စ**-မည်၏။ မိမိ၏သန္တာန်၌ ဖြစ်သော ကုသိုလ်ကို သူတပါးတို့နှင့် ဆက်ဆံသည်အဖြစ်ကို အလိုရှိသော စေတနာသည် **ပတ္တိဒါန** မည်၏။

သူတပါးတို့သည် ပေးဝေအပ်သည်လည်းဖြစ်သောမပေးဝေအပ်သည်မူလည်း ဖြစ်သော ကောင်းမှုကို ဝန်တိုခြင်း ကင်းသောစိတ်ဖြင့်

ဝမ်းမြောက် ဝမ်းသာ သာဓုနုမောဒ် ခေါ်သော စေတနာသည် **ပတ္တာနုမောဒနာ**-မည်၏၊ ဤသို့ ဤတရားကို ကြားနာ၍ ထိုတရား၌ ဟောအပ်သောနည်းဖြင့် ကျင့်သောသူသည် လောကီ လောကုတ္တရာ ဂုဏ်ထူး၏ အဘို့ရှိသည် ဖြစ်ရပါလို၏-ဟုရင်း၊ အကြား အမြင် ရှိသည်ဖြစ်၍ သူတပါးတို့အား တရားဟောခြင်း စသည်တို့ဖြင့် ချီးမြှောက်အံ့—ဟုရင်း၊ ဤသို့မိမိ၏ရင်း၊ သူတပါး၏ရင်း၊ အကျိုး စီးပွါး ဖြစ်စေခြင်း၏ အစွမ်းဖြင့်ဖြစ်သော ညစ်ညူးခြင်းမရှိသော မြတ်သော အလိုဖြင့် အစီးအပွါးရှိသည်ကို ရည်၍ ကြားနာကြောင်း ဖြစ်သော စေတနာသည် **ဓမ္မသဝန**—မည်၏။ အပြစ်ကင်းသော အတတ်ပညာ အစရှိသည်ကို နာကြားသော စေတနာကိုလည်း ဤ **ဓမ္မသဝန** ၌သာလျှင် ပေါင်းယူအပ်၏။

လာဘ်ပူဇော်ခြင်းအစရှိသည်တို့၌ မငဲ့သည်ဖြစ်၍ အသင့်အားဖြင့် နှလုံးသွင်းသောသူ၏ အစီးအပွါးရှိသည်ကို ရည်၍ တရားဟော သောစေတနာသည် **ဓမ္မဒေသနာ**—မည်၏။ အပြစ်မရှိသော အတတ် အစရှိသည်ကို သင်ကြောင်းဖြစ်သော စေတနာသည်လည်း ဤဓမ္မ ဒေသနာ၌သာလျှင် ရေတွက်ခြင်းသို့ရောက်၏။ ပေးလှူအပ်သော အလှူ၏ အကျိုးသည် ရှိ၏-ဤသို့အစရှိသော နည်းဖြင့် ဖြစ်သော ကောင်းသော အမြင်၏ အစွမ်းဖြင့် အယူကို ဖြောင့်စွာ ပြုခြင်းသည် **ဒိဋ္ဌိဇုကမ္မ**-မည်၏၊ ဆိုအပ်ပြီးသော အပြားရှိသော သမ္မာဉာဏ် အမြင်၏ အစွမ်းဖြင့် အယူကို ဖြောင့်စွာ ပြုခြင်းသည် ဒိဋ္ဌိဇုကမ္မ မည်သည် အကယ်၍ဖြစ်ငြားအံ့၊ ဤသို့ဖြစ်သည်ရှိသော် ဉာဏဝိပ္ပယုတ် စိတ်၏ ဒိဋ္ဌိဇုကမ္မ ပုညကြိယာအဖြစ်ကို မရအပ်သည် မဟုတ်ပါလော ဤကား စောဒနာခြင်းတည်း၊ မရအပ်သည်မဟုတ်, ရထိုက်သည် သာတည်း၊ အဘယ့်ကြောင့် ရထိုက်ပါသနည်းဆိုသော်-ရှေးအဘို့၌ ဖြစ်သော စေတနာ နောက်အဘို့၌ဖြစ်သော စေတနာတို့၏လည်း ထိုထို ပုညကြိယာတို့၌သာလျှင် ပေါင်းရခြင်းကြောင့် ရထိုက်၏၊ ထိုစကားမှန်၏၊ အယူကိုဖြောင့်စွာ ပြုသောအခါ၌ ဉာဏသမ္ပယုတ် သာလျှင်ဖြစ်သော စိတ်သည် အကယ်၍ကား ဖြစ်၏၊ ထို့သို့ ဖြစ်သော်လည်း ရှေးအဘို့ နောက်အဘို့၌ ဉာဏဝိပ္ပယုတ်စိတ်

သည်လည်း ဖြစ်သင့်၏၊ ထို့ကြောင့် ထိုဉာဏဝိပ္ပယုတ် စိတ်၏လည်း ဒိဋ္ဌိဇုကမ္မအဖြစ်သည် သင့်လျော်လျောက်ပတ်၏၊ အလွန်ချွတ်လွန်းသဖြင့် အကျိုးမရှိပြီ။

## ပုညကြိယာဆယ်ပါးကို ဒါန,သီလ, ဘာဝနာ၌ သွင်းပြပုံ

ဤဆယ်ပါးသော ပုညကြိယာဝတ္ထုတို့တွင် ပတ္တိဒါနနှင့် ပတ္တာနုမောဒနာ တို့သည် ထိုဒါနသဘောရှိသောကြောင့် ဒါန၌ ပေါင်းခြင်းသို့ ရောက်ကုန်၏၊ ထိုစကားသင့်၏၊ ဒါနသည်လည်း ဣဿာနှင့် မစ္ဆရိယတို့၏ ဆန့်ကျင်ဘက် ဖြစ်၏၊ ထိုပတ္တိဒါန, ပတ္တာနုမောဒနာတို့သည်လည်း ဣဿာမစ္ဆရိယတို့၏ ဆန့်ကျင်ဘက် ဖြစ်ကုန်၏၊ ထို့ကြောင့် တူသောဆန့်ကျင်ဘက်ရှိသည် အဖြစ်အားဖြင့် တူသောလက္ခဏာ ရှိသောကြောင့် ထို**ပတ္တိဒါန, ပတ္တာနုမောဒနာ**တို့ကို ဒါနမယပုညကြိယာ ဝတ္ထု၌ ပေါင်းအပ်ကုန်၏။

အပစာယနနှင့် ဝေယျာဝစ္စတို့ကို စာရိတ္တသီလ ဖြစ်သောကြောင့် သီလမယဖြစ်သော ပုညကြိယာ ဝတ္ထု၌ ပေါင်းအပ်ကုန်၏၊ ဓမ္မဒေသနာ, ဓမ္မသဝန, ဒိဋ္ဌိဇုကမ္မ တို့သည် ကုသိုလ်တရားကို ပွါးစေသောကြောင့် ဘာဝနာမယဖြစ်သော ပုညကြိယာဝတ္ထု၌ ပေါင်းခြင်းသို့ ရောက်ကုန်၏၊ ဤသို့ အရှင်ဓမ္မပါလမထေရ်သည် မိန့်ဆိုအပ်၏။ အပရေဆရာတို့သည်ကား–တရားဟောသောပုဂ္ဂိုလ်သည်ငှး၊ နာသောပုဂ္ဂိုလ်သည်ငှး၊ ဒေသနာသို့ အစဉ်လျောက်သဖြင့် ဉာဏ်ကိုစေလွှတ်၍, လက္ခဏာရေးသုံးပါးတို့ကို ထိုးထွင်းသိ၍, ထိုးထွင်း၍ သိ၍ ဟောလည်းဟော၏၊ နာလည်းနာ၏၊ ထိုဓမ္မဒေသနာ ဓမ္မသဝန တို့သည် ပဋိဝေဓဉာဏ်ကိုသာလျှင် ဆောင်ကုန်၏၊ ထို့ကြောင့် **ဓမ္မဒေသနာဓမ္မသဝန** တို့သည် **ဘာဝနာမယ** ဖြစ်သော ပုညကြိယာ ဝတ္ထု၌ ပေါင်းခြင်းသို့ ရောက်ကုန်၏-ဟု ဆိုကြကုန်၏၊ **ဓမ္မဒါန** သဘောရှိသောကြောင့် **ဓမ္မဒေသနာ** သည် ဒါနမယ ဖြစ်သော ပုညကြိယာ ဝတ္ထု၌ ပေါင်းခြင်းသို့ ရောက်၏-ဟုလည်း ဆိုသင့်၏၊ထို့ကြောင့်သာလျှင် **သဗ္ဗဒါနံ-ဓမ္မဒါနံ ဇိနာတိ**-ဟု မိန့်ဆိုအပ်၏။

အလုံးစုံသော ပုညကြိယာဝတ္ထုတို့၏ မှတ်ကြောင်းလက္ခဏာ ရှိသည် အဖြစ်ကြောင့် **ဒိဋ္ဌိဇုကမ္မ** သည် အလုံးစုံသော ပုညကြိယာ ဝတ္ထုတို့၌ ထို့အတူပေါင်းခြင်းသို့ ရောက်၏၊ ယင်းစကား ထင်ရှား အောင် ပြဦးအံ့၊ **ဒါန**-စသည်တို့တွင် အမှတ်မရှိ တပါးပါးသော ပုညကြိယာဝတ္ထုသည် **အတ္ထိဒိန္နံ**-ဤသို့အစရှိသောနည်းဖြင့်ဖြစ်သော ပညာဖြင့် သုတ်သင်အပ်သည်ရှိသော် ကြီးသော မှချအကျိုးလည်း ရှိ၏၊ ကြီးစွာသော အကျိုးဆက်လည်း ရှိ၏၊ ထို့ကြောင့် ဒီဃ-နိကာယ် အဋ္ဌကထာ၌ **ဒိဋ္ဌိဇုကမ္မံ သဗ္ဗေသံ နိယမနလက္ခဏံ**-ဟု မိန့်ဆိုအပ်၏။ ဤသို့ ဒါန, သီလ, ဘာဝနာတို့၏ အစွမ်းအားဖြင့် သုံးပါးသော ပုညကြိယာဝတ္ထုတို့၌ တပါးသော ပုညကြိယာဝတ္ထု တို့ကို ပေါင်းခြင်းကြောင့် အကျဉ်းအားဖြင့် ပုညကြိယာဝတ္ထုသည် သုံးပါးအပြားရှိ၏-ဟု မှတ်အပ်၏၊ ထို့ကြောင့်သာလျှင် အရှင် အနုရုဒ္ဓါဆရာသည် အောက်၌ ကာမာဝစရကုသိုလ်ကို ပြဆိုပြီ။

---

## ရူပါဝစရကုသိုလ်ကံငါးပါး

**၅၈။ ။ရူပါဝစရကုသလံ ပန မနောကမ္မမေဝ၊ တဉ္စ ဘာဝနာ မယံ အပ္ပနာပတ္တံ၊ ဈာနင်္ဂဘေဒေန ပဉ္စဝိဓံ ဟောတိ။**

ရူပါဝစရကုသိုလ်သည် မနောကံသာတည်း၊ ထို ရူပါဝစရ မနောကံသည် ဘာဝနာဖြင့်ပြီး၏၊ အပ္ပနာသို့ရောက်၏၊ ဈာန်အင်္ဂါ တို့နှင့် ယှဉ်သောအပြားအားဖြင့် ငါးပါးအပြားရှိ၏။

---

## ရူပါဝစရကုသိုလ်ကံငါးပါးအဘွင့်

၅၈။ ။ဝိညတ်ကိုဖြစ်စေခြင်း မရှိမူ၍ ကာယဒွါရစသည်တို့၌ မဖြစ်သောကြောင့် မနောကံသာဖြစ်၏၊ ထိုရူပါဝစရကုသိုလ်သည် ဒါနအစရှိသည်အစွမ်းဖြင့် မဖြစ်သောကြောင့် ဘာဝနာမယဖြစ် သော ပုညကြိယာဝတ္ထုဖြစ်၏၊ ရူပါဝစရကုသိုလ်၏ ရှေးအဘို့၌ ဖြစ်ကုန်သော ကုသိုလ်တို့၏ ကာမာဝစရကုသိုလ် ဖြစ်သောကြောင့် အပ္ပနာသို့ရောက်၏။

**ဈာနင်္ဂဘေဒေန**-ဟူသည်ကား၊ ပဋိပဒါအစရှိသော အပြားအားဖြင့် များသောအပြားရှိသော်လည်း အင်္ဂါလွန်သည့်အစွမ်းဖြင့်ဖြစ်စေအပ်သော ဈာန် အင်္ဂါ အပြားအားဖြင့် ငါးပါးအပြားရှိ၏ဟူလို။

## အရူပါဝစရကုသိုလ်ကံလေးပါး

**၅၉။ ။တထာ အရူပါဝစရကုသလဉ္စ မနောကမ္မံ၊ တမ္ပိ ဘာဝနာမယံ အပ္ပနာပတ္တံ၊ အာရမ္မဏဘေဒေန စတုဗ္ဗိဓံ ဟောတိ။**

ထို့အတူ အရူပါဝစရကုသိုလ်ကံသည်လည်း မနောကံသာတည်း၊ ထိုအရူပါဝစရကုသိုလ်ကံသည်လည်း ဘာဝနာဖြင့်ပြီး၏၊ အပ္ပနာသို့ရောက်၏၊ ကောင်းကင် အာရုံအစရှိသော လေးပါးသော အာရုံတို့၏ အပြားအားဖြင့် လေးပါးအပြားရှိ၏။

## အရူပါဝစရကုသိုလ်ကံလေးပါးအဘွင့်

၅၉။ ။**အာရမ္မဏဘေဒေန**-ဟူသည်ကား၊ ကသိုဏ်းကို ခွါ၍ရအပ်သော ကောင်းကင်ငုဒ်၊ ကောင်းကင်လျှင် အာရုံရှိသော ပဌမအရူပဝိညာဏ်ငုဒ်၊ ထိုပဌမ အရူပဝိညာဏ်မရှိခြင်း-ဟု ဆိုအပ်သော နတ္ထိဘာဝပညတ် ဖြစ်သောအာရုံငုဒ်၊ ထိုနတ္ထိဘာဝပညတ်လျှင် အာရုံရှိသော တတိယာရူပဝိညာဏ်ငုဒ်၊ ဤသို့ လေးပါးအပြားရှိ၏၊ ဤသို့ လေးပါးအပြားရှိကုန်သော အာရုံတို့၏ အပြားအားဖြင့်-ဟူလို။

## အကုသိုလ်ကံ အကျိုးပေးပုံ

**၆၀။ ။ဧတ္ထာကုသလကမ္မမုဒ္ဓစ္စရဟိတံ အပါယဘူမိယံ ပဋိသန္ဓိံ ဇနေတိ၊ ပဝတ္တိယံ ပန သဗ္ဗမ္ပိ ဒွါဒသဝိဓံ သတ္တာကုသလပါကာနိ သဗ္ဗတ္ထာပိ ကာမလောကေ ရူပလောကေ စ ယထာရဟံ ဝိပစ္စတိ။**

ဤလေးပါးသော ကံတို့တွင် ဥဒ္ဓစ္စစေတနာသည် ကြဉ်အပ်သော အကုသိုလ်ကံ ၁၁-ခုသည် အပါယ်ဘုံ၌ ပဋိသန္ဓေကို ဖြစ်စေ၏၊ ပဝတ္တိအခါ၌ ၁၂-ပါးသော အလုံးစုံသော အကုသိုလ်ကံသည် ခုနစ်ပါးသော အကုသလ ဝိပါက်စိတ်တို့ကို အလုံးစုံသော ကာမဘုံ၌၎င်း၊ ရူပဘုံ၌၎င်း၊ ထိုက်သည်အားလျော်စွာ အကျိုးကို ဖြစ်စေ၏၊ ဝါ-အကျိုးပေး၏။

---

၆၀။ ။**ဧတ္ထ**-ဟူသောပါဌ်ကို အကျိုးပေးရာဌာန၏ အစွမ်းဖြင့် လေးပါး အပြားရှိကုန်သော ဤကံတို့တွင်-ဟု အနက်ပေး။

**ဥဒ္ဓစ္စရဟိတံ**-ဟူသောပုဒ်ကို ဥဒ္ဓစ္စ[၁]နှင့် တကွဖြစ်သော ကံသည် ကြဉ်အပ်သော ၁၁-ပါး အပြားရှိသော အကုသိုလ်ကံသည်-ဟု အနက်ပေး။

## ဥဒ္ဓစ္စစေတနာကို ကြဉ်ရသော အကြောင်း

ဤ အကုသလ ကမ္မပထ၌ ဥဒ္ဓစ္စ၏ ပဋိသန္ဓေ မပေးခြင်း၏ အကြောင်းကား အဘယ်နည်း-ဟူမူ၊ ဝိစိကိစ္ဆာသဟဂုတ်စိတ်သည် အဓိမောက္ခ စေတသိက်နှင့် ကင်း၍ အလုံးစုံသော အကုသိုလ်တို့ အောက် အလွန် အားနည်းသော်လည်း ပဋိသန္ဓေကို ငင်နိုင်, ပေးနိုင်၏၊ ဥဒ္ဓစ္စနှင့်တကွ ဖြစ်သော ကံသည်ကား အဓိမောက္ခ စေတသိက်နှင့် ယှဉ်သဖြင့် ထိုဝိစိကိစ္ဆာ စိတ်ထက် အားကြီးသော်လည်း ပဋိသန္ဓေကို အဘယ့်ကြောင့် မငင်နိုင်, မပေးနိုင်သနည်း-ဟု ဤသို့ မေးလတ်သော်—

## မငင်နိုင်သော အကြောင်း

ပဋိသန္ဓေကို ပေးစွမ်းနိုင်သော သဘော မရှိသောကြောင့် ပဋိသန္ဓေကို မငင်နိုင်, မပေးနိုင်၊ ဤကား အဖြေတည်း၊ အကြောင်းကား—အားကြီးသော ကံသည် ပဋိသန္ဓေကို ငင်နိုင်, ပေးနိုင်၏၊ အားနည်းသောကံသည် ပဋိသန္ဓေကို မငင်နိုင်, မပေးနိုင်-ဟူသော

---

၁-ဥဒ္ဓစ္စသဟဂုတ်စိတ်သည် ပဋိသန္ဓေကို ပေးသောသဘော မရှိသဖြင့် ပဋိသန္ဓေ အကျိုးကို မဖြစ်စေနိုင်သောကြောင့် ဥဒ္ဓစ္စသဟဂုတ်စိတ်ကို ကြဉ်ရ၏-ဟုမှတ်။

ဤစိစစ် ဝေဘန်ချက်သည် ပဋိသန္ဓေကို ပေးနိုင်သော သဘော ရှိကုန်သော ကံတို့၌သာလျှင် ဝေဘန် စိစစ်သင့်၏။

ဆက်၍ဆိုဦးအံ့-အကြင် ဥဒ္ဓစ္စကံအား ပဋိသန္ဓေကို ပေးနိုင်သော သဘောမရှိ၊ ထိုဥဒ္ဓစ္စကံ၏ အားကြီးသည်၏ အဖြစ်သည် ပဋိသန္ဓေကို ငင်ရာ, ပေးရာ၌ အကြောင်းမဟုတ်၊ ထို့ကြောင့် ဥဒ္ဓစ္စကံသည် အားကြီးသော်လည်း ပဋိသန္ဓေကို မငင်နိုင်, မပေးနိုင်၊ ထိုသို့ ဖြစ်သော် ဥဒ္ဓစ္စသဟဂုတ်ကံ၏ ပဋိသန္ဓေ ပေးနိုင်သောသဘောမရှိ ဟူသော ဤစကားကို အဘယ်သို့ သိအပ်ပါသနည်း။ ဤသို့ မေးလတ်သော် သောတာပတ္တိမဂ်သည် ပယ်အပ်သော တရားတို့၌ မလာ, မပါသောကြောင့်တည်း-ဟု ဖြေအပ်၏။

ယင်းစကား ချဲဦးအံ့-အကုသိုလ်တို့သည် (၁) သောတာပတ္တိမဂ် သည် ပယ်အပ်သော အကုသိုလ် (၂) အထက်မဂ်သုံးပါးသည် ပယ်အပ်သော အကုသိုလ် (၃) သောတာပတ္တိမဂ်သည် ပယ်အပ် သော အချို့အကုသိုလ်, အထက်မဂ်သုံးပါးသည် ပယ်အပ်သော အချို့ အကုသိုလ်-ဟု သုံးပါး အပြားရှိကုန်၏၊ ထို သုံးမျိုးတို့တွင် ဒိဋ္ဌိနှင့် တကွ ဖြစ်သော စိတ်, ဝိစိကိစ္ဆာနှင့် တကွ ဖြစ်သော စိတ်တို့သည် ရှေးဦးစွာ နိဗ္ဗာန်ကို မြင်သောအစွမ်းဖြင့် ဒဿန-ဟု အမည်ရသော သောတာပတ္တိမဂ်သည် ပယ်အပ် သောကြောင့် သောတာပတ္တိမဂ်သည် ပယ်အပ်သော အကုသိုလ် မည်ကုန်၏။ ဥဒ္ဓစ္စနှင့် တကွဖြစ်သော စိတ်သည် အရဟတ္တမဂ်သည် ပယ်အပ် သောကြောင့် ဘာဝနာ မည်သော အထက်မဂ် သုံးပါးသည် ပယ်အပ်သော အကုသိုလ် မည်၏၊ အဘယ့်ကြောင့် အထက် မဂ်သုံးပါးကို ဘာဝနာ-ဟု ဆိုအပ်ပါသနည်း-ဟူမူ၊ အထက်မဂ် သုံးပါးကို သောတာပတ္တိမဂ်သည် မြင်အပ်ပြီးသော နိဗ္ဗာန်၌ ပွါးများသည် အစွမ်းဖြင့် ဖြစ်သောကြောင့် ဘာဝနာ-ဟု ဆိုအပ်၏၊ ဒိဋ္ဌိနှင့် မယှဉ်သောစိတ်, ဒေါမနဿနှင့် တကွဖြစ်သော စိတ်တို့ကို ကား သောတာပတ္တိမဂ်သည် အချို့ပယ်အပ်ကုန်၏၊ အထက်မဂ် သုံးပါးသည် အချို့ပယ်အပ်ကုန်၏။

အဘယ့်ကြောင့် ထိုမဂ်တို့သည် အချို့ကိုသာ ပယ်အပ်ပါကုန်သနည်း-ဟူမူ၊ ထိုဒိဋ္ဌိဂတဝိပ္ပယုတ်စိတ်, ဒေါမနဿသဟဂုတ်စိတ်တို့၏ အပါယ်သို့ ဖြစ်စေတတ်သော အပိုင်းအခြားကို သောတာပတ္တိမဂ်ဖြင့် ပယ်အပ်သောကြောင့် **သိယာဒဿနေနပဟာတဗ္ဗ** တရား မည်ကုန်၏၊ ကြွင်းသော အပါယ်သို့ ရောက်စေတတ်သော ရုန့်ရင်းသော အပိုင်းအခြား,သိမ်မွေ့သော အပိုင်းအခြားကို အထက် မဂ်တို့ပယ်အပ်သောကြောင့် **သိယာဘာဝနာယပဟာတဗ္ဗ** တရား မည်ကုန်၏။

## ပဋိသန္ဓေ၏အကျိုးပေးခွင့် ရှိ မရှိ ဥဒ္ဓစ္စကံကို ဝေဘန် ရှင်းလင်းချက်

ထိုသုံးပါးသော အကုသိုလ်တို့တွင် **သိယာဒဿနေနပဟာတဗ္ဗ** တရားကိုလည်း သောတာပတ္တိမဂ်သည် ပယ်အပ်သည်၏ အဖြစ်တူသောကြောင့် ဤ **ဒဿနေန ပဟာတဗ္ဗ**-ပုဒ်၌ **ဒဿနေန ပဟာတဗ္ဗ**-ဟုပင် ဆရာတို့သည် ခေါ်ဝေါ်ကြကုန်၏။ ဆက်၍ ဆိုဦးအံ့၊ ဥဒ္ဓစ္စသဟဂုတ်ကံသည် ပဋိသန္ဓေကို အကယ်၍ ပေးငြားအံ့၊ ထိုသို့ ပေးသည်ရှိသော် အကုသိုလ်ပဋိသန္ဓေ၏ သုဂတိဘုံ၌ မဖြစ်သောကြောင့် အပါယ်ဘုံတို့၌ သာလျှင် ပေးခဲ့ရာ၏၊ အပါယ်သို့ လားကြောင်းဖြစ်သော အကုသိုလ်ကိုလည်း မချွတ် သောတာပတ္တိမဂ်သည် ပယ်အပ်ရာ၏။

ဤသို့ အပါယ်ဘုံ၌ ပဋိသန္ဓေကို ပေးတတ်သော ဥဒ္ဓစ္စသဟဂုတ်ကံကို သောတာပတ္တိမဂ်သည် မပယ်အပ်ပါမူ အပါယ်သို့ လားစေတတ်သော ဥဒ္ဓစ္စသဟဂုတ် အကုသိုလ်ကံကို သောတာပတ္တိမဂ်သည် မပယ်အပ်သေးသည်အဖြစ်ကြောင့် သေက္ခဖြစ်သော သောတာပန်, သကဒါဂါမ်, အနာဂါမ် ပုဂ္ဂိုလ်တို့၏လည်း အပါယ်သို့ လားရ ရောက်ရခြင်းသည် ဖြစ်ခဲ့ရာ၏၊ ထိုသေက္ခပုဂ္ဂိုလ်တို့၏လည်း အပါယ်သို့ လားရ ရောက်ရခြင်းသည် မသင့်သည်သာတည်း၊ အဘယ့်ကြောင့် မသင့်ပါ သနည်း-ဟူမူ **"စတူဟာပါယေဟိ စ ဝိပ္ပမုတ္တော"**, **"အဝိနိပါတ ဓမ္မော"** ဤသို့ အစရှိသော ပါဠိတော်တို့နှင့် ဆန့်ကျင်သောကြောင့် မသင့်။

ထိုဥဒ္ဓစ္စသဟဂုတ်ဖြစ်သောကံ၏ **ဒဿနေနပဟာတဗ္ဗ** မည်သည်၏ အဖြစ်သည် ဖြစ်ခဲ့သော် **သိယာဒဿနေနပဟာတဗ္ဗ** ဟူသော ဤပုဒ်၏ ဝိဘင်း၌ ထိုဥဒ္ဓစ္စသဟဂုတ်ကံကို ဟောတော်မူရာ၏၊ စင်စစ်သော်ကား ထိုဥဒ္ဓစ္စသဟဂုတ်ကံကို**သိယာဒဿနေနပဟာတဗ္ဗ** ပုဒ်၏ ဝိဘင်း၌မြတ်စွာဘုရားသည်ဟောတော်မမူအပ်။ **အပါယဂမနီယော ရာဂေါ ။ပ။ တဒေကဋ္ဌာစ ကိလေသာ**-ဟူ၍ ဤသို့ သောတာပတ္တိမဂ်သည် ပယ်အပ်ကုန်သော အကုသိုလ်တို့၌ မြတ်စွာဘုရား ဟောတော်မူသည် အဖြစ်ကြောင့် ဥဒ္ဓစ္စသဟဂုတ်စေတနာကို ထို **ဒဿနေန ပဟာတဗ္ဗ** တရားတို့၌ ရေတွက်ခြင်း ပေါင်းခြင်းကို ပြုခြင်းငှါ တတ်ကောင်းရာ၏၊ ဤသို့ တစုံတယောက်သောသူ၏ အကြံသည် အကယ်၍ဖြစ်အံ့၊ ထိုအကြံသည် မသင့်၊ အဘယ့်ကြောင့် မသင့်ပါသနည်း-ဟူမူ၊ ထိုဥဒ္ဓစ္စသဟဂုတ်ကံ၏ စင်စစ်အားဖြင့် **ဘာဝနာယ ပဟာတဗ္ဗ** အဖြစ်ဖြင့် မြတ်စွာဘုရားသည် ဟောတော်မူအပ်သောကြောင့် မသင့်။

ထိုစကားသည် မှန်၏။"**ကတမေ ဓမ္မာ ဘာဝနာယ ပဟာတဗ္ဗာ၊ ဥဒ္ဓစ္စသဟဂတော စိတ္တုပ္ပါဒေါ**" ဟူ၍ မြတ်စွာဘုရားသည် ဟောတော်မူအပ်၏၊ ထို့ကြောင့် သောတာပတ္တိမဂ်သည် ပယ်အပ်သော တရားတို့၌ ဘုရားဟောတော် မမူခြင်းသည် ဤဥဒ္ဓစ္စ-သဟဂုတ်ဖြစ်သော ကံ၏ ပဋိသန္ဓေကို ပေးခြင်း မရှိခြင်းကို ပြီးစေ, သိစေ၏။

စောဒနာဦးအံ့-ပဋိသမ္ဘိဒါဝိဘင်း၌ "**ယသ္မိံ သမယေ ။ပ။ တေသံ ဝိပါကေ ဉာဏံ အတ္ထပဋိသမ္ဘိဒါ**" ဟု ဤသို့ ဥဒ္ဓစ္စသဟဂုတ်စိတ်ကို ထုတ်ပြီး၍ ထိုဥဒ္ဓစ္စသဟဂုတ်စိတ်၏ အကျိုးကိုလည်း ထုတ်အပ်သည် မဟုတ်ပါလော၊ ထို့ကြောင့် ထိုဥဒ္ဓစ္စသဟဂုတ်စိတ်၏ ပဋိသန္ဓေကို ပေးခြင်း မရှိခြင်းကို အဘယ်သို့လျှင် ဝန်ခံအပ်ပါသနည်း၊ ဤကား စောဒနာခြင်းတည်း။

ဤဥဒ္ဓစ္စသဟဂုတ်စိတ်၏ အကျိုးကို ပဋိသန္ဓေပေးခြင်းကို ရည်၍ မြတ်စွာဘုရားသည် မထုတ်အပ် မဟောအပ်၊ စင်စစ်အားဖြင့်ကား

ပဝတ္တိအကျိုး ပေးခြင်းကို ရည်၍ ထုတ်ဆိုအပ်၏၊ ထို့ကြောင့် ထိုဥဒ္ဓစ္စသဟဂုတ်ကံ၏ ပဋိသန္ဓေအကျိုးကို ပေးခြင်းသည် မရှိ-ဟု မှတ်အပ်၏၊ ပဋ္ဌာန်းကျမ်း၌လည်း **"သဟဇာတာ ॥ပ॥ ကမ္မပစ္စယေန ပစ္စယော"** ဟု သောတာပတ္တိမဂ်သည် ပယ်အပ်သော စေတနာ၏ သာလျှင် သဟဇာတပစ္စည်း နာနာက္ခဏိကကမ္မပစ္စည်း အဖြစ်ကို ထုတ်၍ **"သဟဇာတာ ॥ပ॥ ကမ္မပစ္စယေန ပစ္စယော"** ဟူ၍ အထက်မဂ် သုံးပါးသည် ပယ်အပ်သော စေတနာ၏ သဟဇာတ-ကမ္မပစ္စည်း၏ အဖြစ်ကိုသာလျှင် ထုတ်ဆောင်အပ်၏၊ နာနာက္ခဏိက ကမ္မ ပစ္စည်း၏အဖြစ်ကို မထုတ်အပ်၊ နာနာက္ခဏိကကမ္မပစ္စည်းကို ကြည့်၍ ပဋိသန္ဓေကို ငင်ခြင်း ပေးခြင်းသည်လည်း မရှိ၊ ထို့ကြောင့် ထိုဥဒ္ဓစ္စသဟဂုတ် စေတနာ၏ ခပ်သိမ်းသော အပြားအားဖြင့် ပဋိသန္ဓေကို ပေးခြင်းသည် မရှိ၊ ဤသို့သော အဆုံးအဖြတ်ကို မှတ်အပ်၏။

## ကေ ဆရာတို့၏ ဝါဒ

တပါးသောဆရာတို့သည်ကား ပဋ္ဌာန်း ပါဠိတော်၌ **နာနာက္ခ-ဏိကကမ္မ** ပစ္စည်းကို မထုတ်ဆောင်သောကြောင့် ဥဒ္ဓစ္စ စေတနာ သည် ပဋိသန္ဓေအကျိုး ပဝတ္တိအကျိုး နှစ်ပါးကိုလည်း မပေး-ဟု အကြောင်းစကားကို ဆိုကုန်၏၊ ထိုစကားသည် ထိုကေဆရာတို့၏ အလိုမျှသာတည်း၊ ပဋိသမ္ဘိဒါဝိဘင်း၌ ဥဒ္ဓစ္စသဟဂုတ် စေတနာ တို့၏ ပဝတ္တိအကျိုးကို ထုတ်အပ်သည်၏ အဖြစ်ကြောင့်၎င်း၊ ပဋ္ဌာန်း ပါဠိတော်၌ ပဋိသန္ဓေ အကျိုး၏ မရှိခြင်း ကိုသာလျှင် ရည်၍ **နာနာက္ခဏိကကမ္မ** ပစ္စည်းကို မထုတ်ဆောင်အပ်သောကြောင့်၎င်း၊ ထိုဆရာတို့၏ အလိုမျှသာတည်း။

ထိုစကားမှန်၏၊ ပဝတ္တိအကျိုးကို ရည်၍ **နာနာက္ခဏိကကမ္မ** ပစ္စည်း၏ အဖြစ်ကို အကယ်၍ ဟောငြားအံ့၊ ထို **နာနာက္ခဏိကကမ္မ** ပစ္စည်း၏ အဖြစ်ကို ရည်၍ ဟောအပ်သည်ရှိသော် ထိုဥဒ္ဓစ္စသဟဂုတ် ကံ၏ ပဋိသန္ဓေအကျိုးကိုလည်း အောက်မေ့ ကုန်ရာ၏၊ ထို့ကြောင့် ရအပ်သော်လည်း ပဝတ္တိအကျိုး၏ အစွမ်းဖြင့် **နာနာက္ခဏိကကမ္မ**

ပစ္စည်း အဖြစ်ကို မဟောအပ်၊ ထို့ကြောင့် ထိုဥဒ္ဒေသဟဂုတ်ကံ၏ ပဝတ္တိအကျိုးကို တားမြစ်ခြင်းငှါ မတတ်ကောင်း၊ ထို့ကြောင့် **ပဝတ္တိယံပန**-ဤသို့ အစရှိသော စကားကို အနုရုဒ္ဓါဆရာသည် မိန့်ဆိုပြီ။

ဆရာ ဖြစ်ကုန်သော ဗုဒ္ဓမိတ္တ အစရှိကုန်သော မထေရ်တို့ သည်ကား **ဘာဝနာယပဟာတဗ္ဗ** ဖြစ်သော ဥဒ္ဒေသဟဂုတ်ကံသည် လည်း ရှိ၏၊ **ဘာဝနာယပဟာတဗ္ဗ** မဟုတ်သော ဥဒ္ဒေသဟဂုတ် ကံသည်လည်း ရှိ၏၊ ထို နှစ်ပါးသော ဥဒ္ဒေသဟဂုတ်ကံတို့တွင် **ဘာဝနာယပဟာတဗ္ဗ** ဖြစ်သော ဥဒ္ဒေသဟဂုတ်ကံသည် သေက္ခ ပုဂ္ဂိုလ်တို့၏ သန္တာန်၌ ဖြစ်၏၊ ဘာဝနာယပဟာတဗ္ဗ မဟုတ်သော ဥဒ္ဒေသဟဂုတ်ကံသည် ပုထုဇ္ဇန်သန္တာန်၌ ဖြစ်၏၊ ပုထုဇ္ဇန်သန္တာန်၌ ဖြစ်သော ဥဒ္ဒေသဟဂုတ် ကံ၏သာလျှင် အကျိုးကို ဖြစ်စေ၏၊ ဤမှ တပါးသော သေက္ခပုဂ္ဂိုလ်တို့၏ သန္တာန်၌ဖြစ်သော ဥဒ္ဒေသဟဂုတ် ကံသည် အကျိုးကို မဖြစ်စေ။ ဤသို့ ဥဒ္ဒေသဟဂုတ်ကံကို နှစ်ပါး အပြားအားဖြင့် ဝေဘန်၍ တခုသော ဘာဝနာယပဟာတဗ္ဗ ဖြစ်သော ဥဒ္ဒေသဟဂုတ်ကံ၏ နှစ်ပါးသောအကျိုးပေးခြင်းကို တခု သော **ဘာဝနာယပဟာတဗ္ဗ** မဟုတ်သော ဥဒ္ဒေသဟဂုတ်ကံ၏ ခပ်သိမ်းသော အခြင်းအရာအားဖြင့် အကျိုးပေးခြင်း မရှိသည်ကို ဘွင့်ကုန်၏။

ဤစကား၌ ထိုဗုဒ္ဓမိတ္တ အစရှိကုန်သော ဆရာတို့၏ အကြင် အဆုံးအဖြတ်ကိုငှင်း၊ ထိုအဆုံးအဖြတ်ကို အကြင်မြစ်ခြင်းကိုငှင်း၊ ခပ်သိမ်းသော အခြင်းအရာအားဖြင့်လည်း အကြင် အကျိုးပေး ခြင်း မရှိဟု ယူလေ့ရှိကုန်သော ဆရာတို့၏ အယူကို ပယ်ခြင်းကိုငှင်း၊ ဤ **အဘိဓမ္မတ္ထ ဝိဘာဝနီဋီကာကျော်** ကျမ်း၌ ငါသည် မဆိုအပ်ပြီ၊ ထိုအလုံးစုံကို **ပရမတ္ထမဉ္ဇူသာ** အမည်ရှိသော ဋီကာအစရှိသည်တို့၌ ငှင်း၊ အထူးအားဖြင့် **အဘိဓမ္မတ္ထဝိကာသနီ** အမည်ရှိသော **အဘိ-ဓမ္မာဝတာရ** ဋီကာ၌ငှင်း၊ ဆိုအပ်သောနည်းဖြင့် သိအပ်၏, သိလေ။

**သဗ္ဗတ္ထာပိ ကာမလောကေ**-ဟူသည်ကား၊ ဝါ-ဟူသော ပုဒ်ကို သုဂတိ ဒုဂ္ဂတိတို့၏ အစွမ်းဖြင့် အလုံးစုံသော ကာမလောက၌-ဟု အနက်ပေးလေ။ **ယထာရဟံ**-ဟူသည်ကား၊ ဝါ-ဟူသော ပုဒ်ကို ဋ္ဌါရ, အာရုံ အားလျော်စွာ-ဟု အနက်ပေးလေ။

အပါယ်ဘုံတို့၌လည်း နဂါး, ဂဠုန် အစရှိသူတို့အား ကြီးသော စည်းစိမ်လျှင် အာရုံရှိသော အကြင်ဝိပါက် ဝိညာဏ်သည်လည်း ဖြစ်၏၊ ငရဲသူသတ္တဝါတို့အား အရှင်မဟာမောဂ္ဂလာန် မထေရ်ကို ဖူးမြော်ရခြင်း စသည်တို့၌ အကြင်ဝိပါက် ဝိညာဏ်သည် ဖြစ်၏၊ ထိုဝိပါက် ဝိညာဏ်သည် ကုသိုလ်ကံ၏သာလျှင် အကျိုးဖြစ်၏၊ ထို့ကြောင့် **သဗ္ဗတ္ထာပိ ကာမလောကေ ဝိပစ္စတိ**-ဟူ၍ ဆိုအပ်၏။

## ကုသိုလ်ကံ၏ အပါယ်ဘုံ၌ အကျိုးပေးခြင်း

အကြင့်ကြောင့် အကုသိုလ်၏ ကောင်းသော အကျိုးသည် မဖြစ်သင့်၊ ထိုစကားမှန်၏၊ **အဋ္ဌာနမေတံ ။ပ။ သံဝိဇ္ဇတိ**-ဟူသော စကားကို မြတ်စွာဘုရားသည် ဟောတော်မူအပ်ပြီ၊ အနက်ကား၊ ရဟန်းတို့ အကုသိုလ်ကံ၏ အလိုရှိအပ် နှစ်သက်အပ်သော အကျိုးသည် အကြင့်ကြောင့်ရှိ၏၊ ထိုသို့ဖြစ်ခြင်းသည် အကြောင်း မဟုတ်,အရာမဟုတ်-ဟု ပေး။ ထို့ကြောင့် ကုသိုလ်ကံသည် အပါယ် ဘုံတို့၌လည်း အဟိတ်ကုသလဝိပါက်ကို ဖြစ်စေ၏၊ ကာမဘုံမှ တပါးသော ရူပဘုံ၌ ဖြစ်သောကံ၏ ရူပဘုံမှတပါးသော ကာမဘုံ၌ ဖြစ်သော အဟိတ်ဝိပါက်တို့၏ မရှိခြင်း မဖြစ်ခြင်းကြောင့်၎င်း၊ ကာမ ဂုဏ်၌တပ်ခြင်းကင်းသော ရူပါဝစရကုသိုလ်ကို ပွါးခြင်း၏ ကာမ တဏှာ၏ အာရုံဖြစ်သော ဝိညာဏ်ကို ဖြစ်စေခြင်းနှင့် မယှဉ်ခြင်း ကြောင့်၎င်း၊ မဟဂ္ဂုတ်ကုသိုလ် လောကုတ္တရာ ကုသိုလ်တို့၏ စင်စစ်တူသော အကျိုးကို ပေးတတ်သည်၏ အဖြစ်ကြောင့်၎င်း၊ ရူပါဝစရကံကြောင့် အဟိတ်ဝိပါက် ဖြစ်ခြင်း၏ မရှိခြင်းကြောင့် ရူပဘုံ၌လည်း ထိုက်သည်အားလျော်စွာ ရူပါရုံလျှင် အာရုံရှိ ကုန်သော ထိုအဟိတ်ဝိပါက်စိတ်တို့ကို ကာမာဝစရကုသိုလ်သည် ပြီးစေတတ်၏၊ ထို့ကြောင့် **သဗ္ဗတ္ထာ ပိ ကာမလောကေ**-၌သို့အစ ရှိသော စကားကို ဆရာတို့သည် ဆိုအပ်၏။

## တိဟိတ်ဥက္ကဋ္ဌ ကုသိုလ်ကံ အကျိုးပေးပုံ

၆၂။ ။တတ္ထာပိ တိဟေတုကမုက္ကဋ္ဌံ ကုသလံ တိဟေတုကံ ပဋိသန္ဓိံ ဒတွာ ပဝတ္တေ သောဠသဝိပါကာနိ ဝိပစ္စတိ။

ထိုကာမာဝစရ ကုသိုလ်ကံတို့တွင်လည်း တိဟိတ်ဥက္ကဋ္ဌဖြစ်သော လေးပါးအပြားရှိသော ကုသိုလ်ကံသည် တိဟိတ်ဖြစ်သော လေးပါး အပြားရှိသော ပဋိသန္ဓေကို ပေး၍ ပဝတ္တိအခါ၌ ၁၆-ပါးသော ဝိပါက်စိတ်ကို ဖြစ်စေ၏။

---

## တိဟိတ် ဥက္ကဋ္ဌ ကုသိုလ်ကံ အကျိုးပေးပုံ အဘွင့်

၆၂။ ။ဤသို့ အကျိုးပေးသောကံသည် ၁၆-ပါး၊ ၁၂-ပါး၊ ၈-ပါး၊ အတိုင်းအရှည်ရှိသော ဝိပါက်စိတ်တို့၏ အစွမ်းဖြင့် သုံးပါး အပြားအားဖြင့် အကျိုးပေး၏-ဟု ပြဆိုခြင်းငှါ **'တတ္ထ'** ဤသို့ အစ ရှိသော စကားကို မိန့်ဆိုအပ်၏၊ (ဤကား အနုသန္ဓေ)

**တတ္ထ**-ဟူသည်ကား၊ ဝါ-ဟူသော ပုဒ်ကို ဤသို့ အကျိုးပေး အံ့သော ကုသိုလ်ကံ၌လည်း-ဟု အနက်ပေး။ **ဥက္ကဋ္ဌံ**-ဟူသည်ကား၊ ဝါ-ဟူသောပုဒ်ကို ကုသိုလ်အခြံအရံ ရသည်၏အဖြစ်ကြောင့်၎င်း၊ နောက်၌ အဖန် တလဲလဲ ပြုပြီးသော ကုသိုလ်ကို မှီဝဲသည်၏ အဖြစ်ကြောင့်၎င်း၊ ထူးမြတ်သော-ဟု အနက်ပေး။ ယင်းဥက္ကဋ္ဌကံ အရကို ထင်စွာပြဆိုဦးအံ့—အကြင်ကုသိုလ်ကံကို မိမိ ဖြစ်သော အခါ၌ ရှေးအဘို့ နောက်အဘို့၌ ဖြစ်ကုန်သော ကုသိုလ်ကံတို့ဖြင့် ခြံရံအပ်၏၊ နောက်၌မူလည်း အဖန်တလဲလဲ မှီဝဲခြင်းကို ရသဖြင့် အဖန်တလဲလဲ လေ့လာအပ်၏၊ ထိုကံသည် **တိဟိတ်ဥက္ကဋ္ဌကံ** မည်၏။ အကြင်ကုသိုလ်ကံကို ပြုသောအခါ၌ အကုသိုလ်ကံ တို့ဖြင့် ခြံရံအပ်၏၊ နောက်၌လည်း ငါသည် ဤကောင်းမှုကို မကောင်းသဖြင့် ပြုအပ်ပြီ-ဟု နှလုံးမသာမယာ ဖြစ်ခြင်းဖြင့် အဖန်တလဲလဲ ထုံအပ်၏၊ ထိုကုသိုလ်ကံသည် **ဩမကကံ** မည်၏-ဟု မှတ်အပ်၏။

**ပဋိသန္ဓိံ**-ဟူသည်ကား၊ ဝါ-ဟူသောပုဒ်ကို တပါးသာလျှင် ဖြစ်သော ပဋိသန္ဓေကို-ဟု အနက်ပေး။ ထိုစကားမှန်၏၊ တပါးသော ကံကြောင့် တပါးမကသော ဘဝတို့၌ ပဋိသန္ဓေသည် မဖြစ်နိုင်၊ ပဝတ္တိ အကျိုးသည်ကား ဘဝအရာ၌၎င်း၊ ဘဝအထောင်၌၎င်း၊ ဖြစ်နိုင်, ပေးနိုင်၏၊ မြတ်စွာဘုရား အဘယ်သို့ ဟောပါသနည်း ဟူမူ-**"တိရစ္ဆာနဂတေ ဒါနံ ဒတွာ သတဂုဏာ ဒက္ခိဏာ ပါဋိကင်္ခိတဗ္ဗာ"** ဟု ဟောတော်မူ၏၊ အနက်ကား၊ တိရစ္ဆာန် သတ္တဝါအား အလှူကိုပေး၍ အရာသော အကျိုးရှိသော ဒါန စေတနာကို အလိုရှိအပ်၏-ဟု ပေး။

## ဉာဏသမ္ပယုတ်၏ အစွမ်းသတ္တိ

ဤကုသိုလ်ကံတို့တွင် အကြင့်ကြောင့် ဉာဏ်သည် ပဋိသန္ဓေ အားဖြင့် ကန်းခြင်း အစရှိသော ဇုန္ဓေချို့ခြင်း၏ အကြောင်းဖြစ်သော မောဟ၏၎င်း၊ အလုံးစုံသော အကုသိုလ်၏၎င်း ဆန့်ကျင်ဘက် ဖြစ်၏၊ ထို့ကြောင့် ထိုဉာဏ်နှင့် ယှဉ်သောကံသည် ပဋိသန္ဓေ အားဖြင့် ကန်းခြင်း အစရှိသော ဇုန္ဓေချို့ခြင်း၏အကြောင်း မဖြစ်၊ ထို့ကြောင့် တိဟိတ် ကုသိုလ် ကံသည် အလွန်ပင် အားနည်း သော်လည်း ဒွိဟိတ်ပဋိသန္ဓေကိုသာ ငင်၏၊ ပေး၏၊ အဟိတ် ပဋိသန္ဓေကို မပေး၊ ဒွိဟိတ်ကုသိုလ်ကံသည် ဉာဏ်နှင့် မယှဉ်သည် အဖြစ်ကြောင့် ဉာဏ်အကျိုးကို ဖြစ်စေခြင်း၌ မစွမ်းနိုင်၊ အဘယ်ကဲ့သို့ နည်း-ဟူမူ အလောဘဟိတ်နှင့် ယှဉ်ခြင်းမရှိသည်အဖြစ်ကြောင့် အလောဘအကျိုးကို ဖြစ်စေရာ၌ မစွမ်းနိုင်သော အကုသိုလ်ကံ ကဲ့သို့ ထို့အတူ ဒွိဟိတ်ကံသည် အလွန်မြတ်သော်လည်း ဒွိဟိတ် ပဋိသန္ဓေကိုသာလျှင် ငင်၏၊ ပေး၏၊ တိဟိတ်ပဋိသန္ဓေကို မငင်နိုင်, မပေးနိုင်၊ ထို့ကြောင့် **"တိဟေတုက မောမကံ ဒုဟေတုက မုက္ကဋ္ဌဉ္စ"** ဤသို့ အစရှိသော စကားကို အရှင်အနုရုဒ္ဓါဆရာမြတ် မိန့်ဆိုတော်မူအပ်၏။

## တိဟိတ်ဩမကကံ၏ဒွိဟိတ်ပဋိသန္ဓေပေးရာ၌ စောဒနာခြင်း

ဤတိဟိတ်ဩမကကံ၏ ဒွိဟိတ်ပဋိသန္ဓေပေးရာ၌ စောဒက ဆရာသည် ဤသို့စောဒနာ၏၊ ပဋိသမ္ဘိဒါမဂ်ပါဠိတော်၌ ဂတိနှင့်

ပြည့်စုံသော သုဂတိဘဝ၌ ဉာဏသမ္ပယုတ်ဖြစ်သော ပဋိသန္ဓေသည် ရှစ်ပါးသော ဟိတ်တို့၏ သတ္တိကြောင့် ဖြစ်၏၊ ဤသို့ကုသိုလ်ကံ၏ ဇောခဏ၌ ဖြစ်ကုန်သော အလောဘ, အဒေါသ, အမောဟ, ဟိတ်သုံးပါးတို့၏ငြင်း၊ ကုသိုလ်ကံကိုတပ်မက်သာယာသော ခဏ၌ လောဘဟိတ်, မောဟဟိတ်, နှစ်ပါးတို့၏ငြင်း၊ ပဋိသန္ဓေခဏ၌ ဖြစ်ကုန်သော အလောဘ, အဒေါသ, အမောဟ, ဟိတ်သုံးပါး တို့၏ငြင်း၊ အစွမ်းဖြင့် ရှစ်ပါးကုန်သော ဟိတ်တို့၏ သတ္တိကြောင့် ဉာဏသမ္ပယုတ်ဖြစ်သော ပဋိသန္ဓေကို ဟောတော်မူအပ်သကဲ့သို့ ထို့အတူ ဂတိနှင့်ပြည့်စုံသော သုဂတိဘဝ၌ ဉာဏဝိပ္ပယုတ်ဖြစ်သော ပဋိသန္ဓေသည် ခြောက်ပါးသော ဟိတ်တို့၏ သတ္တိကြောင့် ဖြစ်၏၊ ဤသို့ ဇောခဏ၌ ဖြစ်ကုန်သော နှစ်ပါးကုန်သော အလောဘ, အဒေါသ, ဟိတ်တို့၏ငြင်း၊ ငြင်းကုသိုလ်ကံကို သာယာသောခဏ၌ ဖြစ်ကုန်သော နှစ်ပါးကုန်သော လောဘ, ဒေါသ, ဟိတ်နှစ်ပါးတို့၏ ငြင်း၊ ပဋိသန္ဓေခဏ၌ ဖြစ်ကုန်သော အလောဘ, အဒေါသ, ဟိတ် နှစ်ပါးတို့၏ငြင်း၊ အစွမ်းဖြင့် ခြောက်ပါးသော ဟိတ်တို့၏ သတ္တိ ကြောင့် ဉာဏဝိပ္ပယုတ် ပဋိသန္ဓေကို ဟောအပ်သကဲ့သို့ ဤအတူ ဂတိနှင့်ပြည့်စုံသော သုဂတိဘဝ၌ ဉာဏဝိပ္ပယုတ်ဖြစ်သော ပဋိသန္ဓေ သည် ခုနစ်ပါးသော အကြောင်းတို့၏ သတ္တိကြောင့် ဖြစ်၏၊ ဤသို့ တိဟိတ်ကုသိုလ်ကံကြောင့် ဒွိဟိတ် ပဋိသန္ဓေကို မဟောအပ်သည် အဖြစ်ကြောင့် တိဟိတ်ဖြစ်သော ကုသိုလ်ကံ၏ ဒွိဟိတ်ပဋိသန္ဓေကို ငင်ခြင်းသည် မရှိ-ဟု ဤသို့စောဒနာခြင်းသည် ဖြစ်၏။

## အထက်ပါ စောဒကဆရာ၏ အယူကို ရှင်းပြချက်

ဤတိဟိတ်ကံသည် ဒွိဟိတ်ပဋိသန္ဓေကို မငင်နိုင်, မပေးနိုင်-ဟူ သော စောဒကဆရာ၏ စကားကို ဤစောဒကဆရာ ဆိုသော အတိုင်း မမှတ်အပ်၊ အဘယ့်ကြောင့် မမှတ်အပ်ပါသနည်း ဆိုသော် ဒွိဟိတ် ဩမကကံသည် အဟိတ်ပဋိသန္ဓေကို ပေးခြင်းကဲ့သို့ တိဟိတ် ဩမကကံသည်လည်း မိမိ၏အစွမ်းအားလျော်စွာ ဒွိဟိတ်ပဋိသန္ဓေကို ပေးနိုင်သည်အဖြစ်ကြောင့်တည်း၊ ထို့ကြောင့် မမှတ်အပ်။

## ပဋိသန္ဓိဒါမဂ်ပါဠိတော်အရ ရှင်းပြခြင်း

ကံနှင့်အလားတူသော အကျိုးကို ပြခြင်းငှါ အရှင် သာရိပုတ္တရာ မထေရ်သည် အကြွင်းနှင့် တကွသော ပါဠိကို ပြုတော်မူအပ်၏၊ သာဝသေသပါဠိကို ပြသည်မှတပါး နိရဝသေသပါဠိကို ပြအပ်ပါမူ **စတုန္နံ ဟေတူနံ ပစ္စယော**-ဟူ၍ ဟောတော်မူခြင်း မရှိသောကြောင့် ဒွိဟိတ်ကံကြောင့် အဟိတ်ပဋိသန္ဓေ၏လည်း မဖြစ်ခြင်းသည် ဖြစ်ခဲ့ ရာ၏၊ ထို့ကြောင့် သုဂတိဘုံ၌ ပဋိသန္ဓေအားဖြင့် ကန်းခြင်း, နား ပင်းခြင်း အစရှိသော ဇာန္ဓဧျှခြင်းကြောင့် အဟိတ်ပဋိသန္ဓေကို ကြည့်၍ ဂတိ ပြည့်စုံသည်ရှိသော် သဟိတ်ပဋိသန္ဓေကို ပြခြင်းငှါ ဒွိဟိတ်ကံကြောင့် ဒွိဟိတ်ပဋိသန္ဓေကိုသာလျှင် ထုတ်အပ်၏၊ အဟိတ် ပဋိသန္ဓေကို မထုတ်အပ်သကဲ့သို့ ဤအတူ ကံနှင့်အလား တူသော အကျိုးကို ပြခြင်းငှါ တိဟိတ်ကံကြောင့် တိဟိတ်ပဋိသန္ဓေကိုသာ လျှင် အရှင် သာရိပုတ္တရာမထေရ်မြတ်သည် ထုတ်ဆောင်တော်မူ အပ်၏၊ ဒွိဟိတ်ပဋိသန္ဓေကိုမူကား မထုတ်ဆောင်အပ်ပေ၊ ထိုသို့ မထုတ်ဆောင်သော်လည်း မရအပ်သောကြောင့် မထုတ်ဆောင် သည်မဟုတ်-ဟု မှတ်အပ်၏။

---

## ကေစိဝါဒ အကျိုးပေးပုံ

၆၅။ ။အသင်္ခါရံ သသင်္ခါရ၊ ဝိပါကာနိ န ပစ္စတိ။
သသင်္ခါရ မသင်္ခါရ၊ ဝိပါကာနီတိ ကေစန။

၆၆။ ။တေသံ ဒွါဒသပါကာနိ၊ ဒသာဋ္ဌ စ ယထာက္ကမံ။
ယထာဝုတ္တာနုသာရေန၊ ယထာသမ္ဘဝမုဒ္ဒိသေ။ ။

အသင်္ခါရကုသိုလ်ကံသည်သသင်္ခါရအကျိုးဝိပါက်တို့ကိုမဖြစ်စေနိုင်၊ သသင်္ခါရကုသိုလ်ကံသည် အသင်္ခါရအကျိုးဝိပါက်တို့ကို မဖြစ်စေနိုင်၊ ဤသို့ အချို့သောဆရာတို့ ဆိုကုန်၏။

ထိုကေစိဆရာတို့၏ အယူ၌ အကြင်အကြင် ဆိုအပ်ခဲ့ပြီးသော နည်းကို အစဉ်မှီးသဖြင့် အစဉ်အတိုင်း ၁၂-ပါးကုန်သော ဝိပါက်

စိတ်တို့ကိုၾင်း၊ ဆယ်ပါးကုန်သော ဝိပါက်စိတ်တို့ကိုၾင်း၊ ရှစ်ပါးကုန်သော ဝိပါက်စိတ်တို့ကိုၾင်း ဖြစ်သင့်သည်အား လျော်စွာပြရာ၏။

---

## ကေစိဝါဒ အကျိုးပေးပုံ အဘွင့်

၆၅။ ။ဤသို့ ဆိုအပ်ပြီးသော စကားဖြင့် တခုသော စေတနာကြောင့် ၁၆-ပါးသော အကျိုးဝိပါက်တို့သည် ဖြစ်ကုန်, တည်ကုန်၏၊ ဤတခုသော စေတနာ၌သာလျှင် ၁၂-ပါးသောအပြားသည်ၾင်း၊ အဟိတ်ဝိပါက်ရှစ်ခုတို့၏ အပေါင်းသည်ၾင်း ဖြစ်၏, တည်၏၊ ဤသို့ဖြစ်သော တိပိဋက စူဠနာဂမထေရ်၏ ဝါဒ၏ အစွမ်းဖြင့် အကျိုးဝိပါက်ဖြစ်ခြင်းကို ပြဆိုပြီး၍ ယခုအခါ၌ တခုသော စေတနာကြောင့် ၁၂-ပါးသော အကျိုးဝိပါက်တို့သည် ဖြစ်ကုန်,တည်ကုန်၏၊ ဤတခုသော စေတနာ၌သာလျှင် ဆယ်ပါးသော အပြားသည်ၾင်း၊ အဟိတ်ဝိပါက် ရှစ်ခုတို့၏ အပေါင်းသည်ၾင်း ဖြစ်၏, တည်၏၊ ဤသို့လာသော မောရဝါပီအရပ်၌ သီတင်းသုံးသော မဟာဓမ္မရက္ခိတမထေရ်၏ အယူ၏ အစွမ်းဖြင့်လည်း ပြခြင်းငှါ **"အသင်္ခါရံ သသင်္ခါရဝိပါကာနိ"** ဤသို့ စသော စကားကို မိန့်ဆိုအပ်ပါသတည်း။

မျက်နှာသည် လှုပ်သည်ရှိသော် ကြေးမုံအပြင်၌ မျက်နှာရိပ်သည် လှုပ်သကဲ့သို့ ထို့အတူ အသင်္ခါရ ကုသိုလ်၏ အစွမ်းကြောင့် အသင်္ခါရ အကျိုးသည်သာလျှင် ဖြစ်၏၊ သသင်္ခါရဖြစ်သော အကျိုးဝိပါက်သည် မဖြစ်၊ ဤသို့လျှင် အကြောင်းဖြစ်သော ကံကြောင့် သင်္ခါရအပြားသည် ဖြစ်၏၊ ဤသည်လျှင် ဤ"အသင်္ခါရံ"ဟူသော ဂါထာ၌ မောရဝါပီအရပ်၌ သီတင်းသုံးသော အရှင်မဟာဓမ္မရက္ခိတမထေရ်၏ အဓိပ္ပါယ်တည်း၊ အကြင့်ကြောင့် ဝိပါက်၏ သင်္ခါရအပြားကို ကမ္မနိမိတ် စသော အကြောင်း၏ အစွမ်းဖြင့် အလိုရှိအပ်၏၊ ကံ၏ အစွမ်းဖြင့် အလိုမရှိအပ်၊ ထို့ကြောင့် ဤမောရဝါပီအရပ်၌ သီတင်းသုံးသော အရှင်ဓမ္မရက္ခိတမထေရ်၏ ဝါဒကို **ကေစိဝါဒ**-ဟု ပြုအပ်၏။

၆၆။ ။**တေသံ**-ဟူသည်ကား၊ ဝါ-ဟူသော ပုဒ်ကို ဤဆိုအပ်ပြီးသောအရ အယူရှိကြကုန်သော ထိုမောရဝါဒီအရပ်၌ သိတင်းသုံးသော အရှင်မွေရက္ခိတအရှင်မြတ်တို့၏-ဟု ပေးလေ။ **ယထာဝုတ္တမံ** ဟူသည်ကား၊ ဝါ-ဟူသောပုဒ်ကို တိဟိတ်ဥက္ကဋ္ဌ အစရှိသည်၏ အစဉ်ဖြင့်-ဟု အနက်ပေး။ **ဒွါဒသဝိပါကာနိ**[၁] ဟူသည်ကား၊ တိဟိက်ဥက္ကဋ္ဌဖြစ်သော အသင်္ခါရိက သသင်္ခါရိက ကံ၏အစွမ်းဖြင့် အစဉ်အတိုင်း သသင်္ခါရိကဝိပါက်လေးခုသည် ကြဉ်အပ်သည်လည်း ဖြစ်ကုန်သော ၁၂-ပါးသော အကျိုးဝိပါက်တို့ကိုငင်း၊ အသင်္ခါရိကဝိပါက်လေးခုသည် ကြဉ်အပ်သည်လည်း ဖြစ်ကုန်သော ၁၂-ပါးသောအကျိုးဝိပါက်တို့ကိုငင်း-ဟူလို။

ထို့အတူ တိဟိတ်ဩမက ကံ၏ငင်း[၂]၊ ဒွိဟိတ်ဥက္ကဋ္ဌ ကံ ၏ငင်း၊ အစွမ်းဖြင့် ဒွိဟိတ် သသင်္ခါရိကဝိပါက် နှစ်ပါးသည်ကြဉ်အပ်ကုန်သော ဆယ်ပါးသော အကျိုးဝိပါက်တို့ကိုငင်း၊ ဒွိဟိတ်အသင်္ခါရိက နှစ်ပါးသည် ကြဉ်အပ်ကုန်သော ဆယ်ပါးသော အကျိုးဝိပါက်တို့ကိုငင်း၊ ဒွိဟိတ် ဩမကကံ၏[၃] အစွမ်းဖြင့် ဒွိဟိတ်ဝိပါက်နှစ်ပါးသည် ကြဉ်အပ်ကုန်သော ရှစ်ပါးသော အကျိုးဝိပါက်တို့ကိုငင်း၊ အကြင်အကြင် ဆိုအပ်ခဲ့ပြီးသော **တိဟေတုကမုက္ကဋ္ဌံ**-ဤသို့ အစရှိသည်ဖြင့် ဆိုအပ်ပြီးသော နည်းရှိသော ဝိပါက်ကို အစဉ်မှီး၍ ထိုထိုကံ၏ အကျိုးဝိပါက် ဖြစ်သင့်သည်အားလျော်စွာ ညွှန်ပြရာ၏။

---

၁—တိဟိတ်ဥက္ကဋ္ဌ အသင်္ခါရိကကုသိုလ်ကံ ၂-ပါးသည် အသင်္ခါရိက ပဋိသန္ဓေ ဝိပါက်ကိုသာ ပေး၏၊ သသင်္ခါရိက ပဋိသန္ဓေဝိပါက်ကို မပေး။ ပဝတ္တိအခါ၌မူ မဟာဝိပါက် ဉာဏဝိပ္ပယုတ် ၄-ပါး, အဟိတ်ကုသလဝိပါက် ၈-ပါး အားဖြင့် ၁၂-ပါးသော အကျိုးကို ပေးနိုင်၏။

၂—တိဟိတ်ဩမက ဉာဏသမ္ပယုတ် အသင်္ခါရိက ကုသိုလ် ၂-ပါးသည်ငင်း၊ ဒွိဟိတ်ဥက္ကဋ္ဌ ဉာဏဝိပ္ပယုတ် အသင်္ခါရိကကုသိုလ် ၂-ပါးသည်ငင်း ဒွိဟိတ်ဥက္ကဋ္ဌ ဉာဏဝိပ္ပယုတ် အသင်္ခါရိက ပဋိသန္ဓေဝိပါက်ကို ပေးပြီး၍ ပဝတ္တိအခါ၌ မဟာဝိပါက် ဉာဏဝိပ္ပယုတ် အသင်္ခါရိကစိတ် ၂-ပါး, အဟိတ်ကုသလဝိပါက်စိတ် ၈-ပါးအားဖြင့် ၁၀-ပါးသောအကျိုးကို ပေး၏။

၃—ဒွိဟိတ်ဩမက ဉာဏဝိပ္ပယုတ် အသင်္ခါရိက ကုသိုလ် ၂-ပါးသည် ကုသလဝိပါက် ဥပေက္ခာသန္တီရဏ အဟိတ်ပဋိသန္ဓေကို ပေးပြီး၍ ပဝတ္တိအခါ၌ အဟိတ်ကုသလဝိပါက် ၈-ပါးကိုပေး၏။ (သသင်္ခါရိက၌လည်း ဤနည်းတူသိ) ဤကား ကေစိဝါဒ အလိုတည်း။

## ပဉ္စမဈာန်ကုသိုလ်၏ဝိပါက်ဖြစ်ပုံ

### ၆၇။ ။ရူပါဝစရကုသလံ ပန ပဉ္စမဇ္ဈာနံ ပရိတ္တံ ဘာဝေတွာ ဖြဟ္မပါရိသဇ္ဇေသု ဥပ္ပဇ္ဇတိ။

ကမ္မဋ္ဌာန်းစီးဖြန်းသော ပုဂ္ဂိုလ်သည် ရူပါဝစရ ကုသိုလ် ပဉ္စမဈာန်ကို နည်းသော အာနုဘော်ရှိအောင် စီးဖြန်း၍ ဗြဟ္မပါရိသဇ္ဇာဘုံတို့၌ ဖြစ်၏။

---

### ၆၈။ ။တဒေဝ မဇ္ဈိမံ ဘာဝေတွာ ဗြဟ္မပုရောဟိတေသု။

ထိုပဉ္စမဈာန်ကိုပင်လျှင် အလတ်ဖြစ်သော အာနုဘော်ရှိအောင် စီးဖြန်း၍ ဗြဟ္မပုရောဟိတ ဘုံတို့၌ ဖြစ်၏။

---

### ၆၉။ ။ပဏီတံ ဘာဝေတွာ မဟာဗြဟ္မေသု။

ထိုပဉ္စမဈာန်ကိုပင်လျှင် မြတ်သော အာနုဘော်ရှိအောင် စီးဖြန်း၍ မဟာဗြဟ္မာဘုံတို့၌ ဖြစ်၏။

---

၆၇။၆၈။၆၉။ ။ထက်ဝန်းကျင်မှ ပိုင်းခြားအပ်သော ဝတ္ထုကဲ့သို့ နည်းသော အာနုဘော်ရှိသောကြောင့် **ပရိတ္တဈာန်** မည်၏၊ မြတ်သည်အဖြစ်ကို ဆောင်တတ်သောကြောင့် **ပဏီတဈာန်** မည်၏၊ နှစ်ပါးကုန်သော ပရိတ္တ ပဏီတ တို့၏ အလယ်၌ ဖြစ်တတ်သောကြောင့် **မဇ္ဈိမဈာန်** မည်၏၊ ထိုသုံးပါးသော ဈာန်တို့တွင် ရကာမျှဖြစ်သော မမှိဝဲအပ်သေးသော ဈာန်သည် နည်းသော အာနုဘော် ရှိ၏၊ ဤသို့ သာမညအားဖြင့်သာလျှင် အဋ္ဌကထာ၌ မိန့်ဆိုအပ်၏၊ ထို့အတူ အလွန် မပွါးများအပ်သော မပြည့်စုံသော ဝသီဘော်ရှိသော ဈာန်သည် **မဇ္ဈိမဈာန်** မည်၏၊ အလွန်လျှင် ပွါးများအပ်သော ခပ်သိမ်းသော အပြားအားဖြင့် ပြည့်စုံသော ဝသီဘော်ရှိသော ဈာန်သည်ကား **ပဏီတဈာန်** မည်၏၊ ဤသို့

အဋ္ဌကထာ၌ ဆိုအပ်၏၊ ဤပရိတ္တ စသော ဈာန်အရာ၌ အရှင်အနုရုဒ္ဓါ ဆရာသည် ပရိတ္တဈာန်ကို ဇဉ်းငယ်ရအပ်သော မှိဲခြင်း ရှိသည် သာလျှင်ဖြစ်သောကြောင့် အလိုရှိအပ်၏၊ ဤသို့သော အကြောင်း သည် ထင်၏၊ ထိုစကားသည် မှန်၏၊ ဤအရှင် အနုရုဒ္ဓါဆရာသည် နာမရူပပရိစ္ဆေဒကျမ်း၌—

သမာနာသေဝနေ လဒ္ဓေ၊ ဝိဇ္ဇမာနေ မဟပ္ဖလေ။
အလဒ္ဓါ တာဒိသံ ဟေတုံ၊ အဘိညာ န ဝိပစ္စတိ။ ။

အနက်ကား—မိမိနှင့်တူသော ဇော အာသေဝနပစ္စည်းကို ရသောကြောင့် ကြီးသော အားရှိသည် အဖြစ်သည် ဖြစ်လတ်သော် မဟဂ္ဂုတ်ကုသိုလ်သည် အကျိုးကိုပေး၏၊ အဘိညာဉ်သည်ကား ထိုသို့သဘောရှိသော အာသေဝန ပစ္စည်းဖြစ်သော အကြောင်းကို မရသောကြောင့် အကျိုးမပေးတတ်–ဟု အနက်ပေး။ ဤဂါထာဖြင့် မိမိနှင့်တူသော ရူပါဝစရ အရူပါဝစရ ဘုံ၌ဖြစ်သော ရှေးရှေးသော မဟဂ္ဂုတ်ဇောမှ အာသေဝနပစ္စည်းကို ရသဖြင့် အားရှိသည် အဖြစ်ကြောင့် မဟဂ္ဂုတ် တရားတို့၏ အကျိုးပေးပုံကို ဆိုပြီး၍ ထိုထိုမိမိနှင့်တူသော ဘုံ၌ဖြစ်သော ရှေးရှေးသော ကုသိုလ်ဇောမှ အာသေဝန ပစ္စည်းကို မရ သည် ဖြစ် ၍ အား မရှိ သော ကြောင့် အဘိညာဏ်ကုသိုလ်ဇော၏ အကျိုးမပေးခြင်းကို ဆိုအပ်၏။

တနည်းကား—ယုတ်ကုန်သော ဆန္ဒ, စိတ္တ, ဝီရိယ, ဝီမံသ တို့သည် ဖြစ်စေအပ်သော ဈာန်သည် **ပရိတ္တဈာန်** မည်၏၊ အလတ် ဖြစ်ကုန်သော ဆန္ဒ, စိတ္တ, ဝီရိယ, ဝီမံသ တို့သည် ဖြစ်စေအပ်သော ဈာန်သည် **မဇ္ဈိမဈာန်** မည်၏၊ မြတ်ကုန်သော ဆန္ဒ, စိတ္တ, ဝီရိယ, ဝီမံသ တို့သည် ဖြစ်စေအပ်သော ဈာန်သည် **ပဏီတဈာန်** မည်၏၊ ထိုကြောင့် အလွန်ချဲ့သဖြင့် အကျိုးမရှိပြီ။

---

### ပဌမဈာန်ကုသိုလ်အကျိုး

**၇၆။ ။ပဌမဈာနံ ဘာဝေတွာ ဝေဟပ္ဖလေသု။**

ပဌမဈာန်ကို ပွါး၍ ဝေဟပ္ဖိုလ် ဘုံတို့၌ ဖြစ်၏။

## ပဋ္ဌမဈာန်ကုသိုလ်အကျိုး အဘွင့်

၇၆။ ။**ပဋ္ဌမဇ္ဈာနံ ဘာဝေတွာ**–ဟူသည်ကား၊ ဝါ-ဟူသော ပုဒ်ကို အဘိညာဏ်အဖြစ်သို့ မရောက်သော သုံးပါးအပြား ရှိသော ပဌမဈာန်ကို ပွါးများသောကြောင့်-ဟု အနက်ပေးလေ။

ဆက်၍ဆိုဦးအံ့—အဘိညာဏ်အဖြစ်သို့ ရောက်သော ကုသိုလ် ပဌမဈာန်၏ အကျိုးမပေးသော အဖြစ်ကို **"အလဒ္ဓါတာဒိသံ"** ဤသို့ အစရှိသော စကားဖြင့် အရှင်အနုရုဒ္ဓါဆရာသည်ပင် ပြီးစေ အပ်၏၊ မူလဋီကာကျမ်းပြု အရှင်အာနန္ဒာ အစရှိသောဆရာတို့ သည်ကား–တပါးသော အကြောင်းအားဖြင့် ထိုအဘိညာဏ် အဖြစ်သို့ ရောက်သော ပဌမဈာန်၏ အကျိုးမပေးခြင်းကို ပြီးစေ ကုန်၏၊ ထိုအဓိပ္ပါယ်ကို ထိုထိုသော ဋီကာတို့၌ အကျဉ်းအားဖြင့်ငင်း၊ **အဘိဓမ္မတ္ထဝိဘာဝနီဋီကာ**-၌ အကျယ်အားဖြင့်ငင်း ဆိုအပ်သော နည်းဖြင့် မှတ်အပ်၏။

---

### ၇၇။ ။တဒေဝ သညာဝိရာဂံ ဘာဝေတွာ အသညသတ္တေသု။

ထိုပဌမဈာန်ကိုပင်လျှင် ကင်းသောသညာရှိအောင် ပွါးများ၍ အသညသတ်ဘုံတို့၌ ဖြစ်၏။

---

၇၇။ ။**သညာဝိရာဂံ ဘာဝေတွာ**–ဟူသည်ကား၊ ဝါ-ဟူသောပုဒ်ကို သညာသည် အနာရောဂါတည်း၊ သညာသည် အိုင်းအမာတည်း၊ ဤသို့ အစရှိသော နည်းဖြင့်ငင်း၊ စိတ်သည် စက်ဆုပ်ဘွယ်ဖြစ်၏၊ စိတ်သည် စက်ဆုပ်သော အကျင့်၏ ဖြစ်ကြောင်းတည်း-ဟု ဤသို့အစရှိသော နည်းဖြင့်ငင်း၊ နာမ်တရား တို့ ဖြစ်ခြင်း၌ အပြစ်ကို ရှုသဖြင့်ငင်း၊ ထိုစိတ်မရှိသည် အဖြစ်၌ မွန်မြတ်သည် အဖြစ်ကို ဆုံးဖြတ်သဖြင့်ငင်း၊ ဝါယောကသိုဏ်း ၌ငင်း၊ အချို့သော ဆရာတို့၏ အလိုအားဖြင့် ပိုင်းခြားအပ်သော ကောင်းကင်၌ငင်း၊ ဘာဝနာ၏အစွမ်းဖြင့် ထိုယောဂီပုဂ္ဂိုလ်သည် ရသင့် ရထိုက်သော အသညသတ်ဘုံ၌ နာမ်တရား၏ မဖြစ်သော

သဘောသို့ ရောက်စေသည်အစွမ်းဖြင့် နာမ်၌ တပ်ခြင်းကင်းသော ဘာဝနာကို ပွါးများ၍ အသညသတ်ဘုံတို့၌ ကံသာလျှင် ပြုပြင်တတ်၏-ဟု အယူရှိကုန်သော တိတ္ထိတို့သည်သာလျှင် ဖြစ်ကုန်၏၊ ဤကား အဓိပ္ပါယ်တည်း၊ ဆက်၍ဆိုဦးအံ့—ထိုတိတ္ထိတို့သည် အကြင်ဈာန်ဖြင့် ဤလူ့ပြည်၌ သေကုန်၏၊ ထိုဈာန်ပုထ်ဖြင့်သာလျှင် ထိုအသညသတ်ဘုံတို့၌ ဖြစ်ကုန်၏-ဟု မှတ်အပ်၏။

---

၇၇။ ။**အနာဂါမိနော ပန သုဒ္ဓါဝါသေသု ဥပ္ပဇ္ဇန္တိ**။

အနာဂါမ်ပုဂ္ဂိုလ်တို့သည် သာလျှင် သုဒ္ဓါဝါသဘုံတို့၌ ဖြစ်ကုန်၏။

---

၇၇။ ။**အနာဂါမိနော ပန သုဒ္ဓါဝါသေသု ဥပ္ပဇ္ဇန္တိ**။ ဟူသည်ကား၊ အနာဂါမ် ဖြစ်ကုန်သော အရိယာတို့သည်သာလျှင် ပုထုဇ္ဇန် အစရှိသော ကာလ၌ရင်း၊ နောက်ကာလ၌ရင်း၊ သုံးပါး အပြားရှိသည်လည်း ဖြစ်သော ပဉ္စမဈာန်ကို ပွါးများ၍ သဒ္ဓါ အစရှိသော ဣန္ဒြေတို့၏ လွန်သည်အဖြစ်ဟု ဆိုအပ်သော အစဉ်ဖြင့် ငါးပါးကုန်သော သုဒ္ဓါဝါသ ဘုံတို့၌ ဖြစ်ကုန်၏—ဟူလို။

---

၇၉။ ။**အရူပါဝစရကုသလဥ္စ ယထာက္ကမံ ဘာဝေတွာ အရူပေသု ဥပ္ပဇ္ဇန္တိ**။

အရူပါဝစရ ကုသိုလ်ကံကိုလည်း အစဉ်အတိုင်း ပွါးများ၍ အရူပဘုံတို့၌ ဖြစ်ကုန်၏။

---

၇၉။ ။အစဉ်အတိုင်း ပွါးများ၍ အစဉ်အတိုင်း အရူပဘုံတို့၌ ဖြစ်ကုန်၏-ဟု အနက် ယောဇနာလေ။ **ယထာက္ကမံ**-ဟူသည်ကား ဝါ-ဟူသောပုဒ်ကို ပဌမအရူပ အစရှိသော အစဉ်ဖြင့်-ဟု အနက်ပေး။ အလုံးစုံလည်းဖြစ်သော ထို **ရူပါဝစရကုသလံ ပန**-စသော

စကားကို ထိုထိုဈာန်၏ အသီးသီးသောဈာန်၏ ဥစ္စာဖြစ်သော ဘုံ၏အစွမ်းဖြင့် ဆိုအပ်၏၊ စွဲလမ်းခြင်းသည် ရှိပါမူ၊ ပုထုဇ္ဇန် အစ ရှိသောသူတို့သည် အကြင်အကြင် ရအပ်သောဈာန်၏ ဘုံဖြစ်ရာ ဖြစ်ကုန်သော သုဒ္ဓါဝါသငါးဘုံ ကြဉ်အပ်ကုန်သော ဘုံတို့တွင် အမှတ်မရှိသော ဘုံ၌ ဖြစ်ကုန်၏။

ကာမဘုံ၌လည်း ကာမာဝစရဈာန်၏ အစွမ်းကြောင့် ထို့အတူ ဖြစ်ကုန်၏၊ ထိုစကားမှန်၏၊ **"ဣဇ္ဈတိ ဘိက္ခဝေ သီလဝတော စေတော ပဏိဓိ ဝိသုဒ္ဓတ္တာ**-ဟု ဟောတော်မူအပ်၏၊အနက်ကား— ရဟန်းတို့ သီလရှိသောပုဂ္ဂိုလ်၏ သီလစင်ကြယ်သည်၏ အဖြစ် ကြောင့် စိတ်၏တောင့်တခြင်းသည် ပြည့်စုံ၏-ဟု ပေး။

အနာဂါမ် ပုဂ္ဂိုလ်တို့သည်ကား ကာမရာဂကို အကြွင်းမရှိသော အားဖြင့် ပယ်အပ်ပြီးသည်၏ အဖြစ်ကြောင့် ကာမဘုံတို့၌ စွဲလမ်း တပ်မက်ခြင်းကို မဖြစ်စေကုန်၊ ထို့ကြောင့် ကာမဘုံသည် ကြဉ်အပ် သော အကြင်အကြင် ရအပ်သော ဈာန်၏ ဖြစ်ရာ ဖြစ်သော အမှတ်မရှိသောဘုံ၌ ဖြစ်ကုန်၏၊ ထိုစကားမှန်၏၊ သုဒ္ဓါဝါသဘုံတို့၌ အနာဂါမ် အရိယာတို့သည်သာလျှင် ဖြစ်ကုန်၏-ဟု မှတ်ခြင်းသည် ရှိ၏၊ထိုအနာဂါမ် ပုဂ္ဂိုလ်တို့သည်ကား သုဒ္ဓါဝါသဘုံမှ တပါးသော ဘုံတို့၌ မဖြစ်ကုန်-ဟု မှတ်ခြင်းသည် မရှိပေ၊ ထို့ကြောင့် အရှင် အနုရုဒ္ဓါဆရာသည်—

သုဒ္ဓါဝါသေသွနာဂါမိ၊ ပုဂ္ဂလာဝေါပပဇ္ဇရေ။
ကာမဓာတုမှိ ဇာယန္တိ၊ အနာဂါမိ ဝိဝဇ္ဇိတာ။

ဟု-မိန့်ဆိုအပ်၏။

အနက်ကား—အနာဂါမ် ဖြစ်ကုန်သော ပုဂ္ဂိုလ်တို့သည် သာလျှင် သုဒ္ဓါဝါသဘုံတို့၌ ဖြစ်ကုန်၏၊ အနာဂါမ်သည် ကြဉ်အပ် ကုန်သော ပုဂ္ဂိုလ်တို့သည်ကား ကာမဘုံ၌ ဖြစ်ကုန်၏-ဟု ပေး။

သုက္ခဝိပဿက ဖြစ်ကုန်သော ထိုအနာဂါမ် ပုဂ္ဂိုလ်တို့သည်ကား သေခါနီးကာလ၌ စင်စစ်အားဖြင့် သမာဓိ၌ ပြည့်ခြင်းကို ပြုလေ့

ရှိသည် အဖြစ်ကြောင့် သမာပတ်ကို ဖြစ်စေကုန်၏-ဟု မှတ်အပ်၏။ အထူးဆိုဦးအံ့——အရိယာလည်း ဖြစ်ကုန်သော, အရိယာ မဟုတ်သည်လည်း ဖြစ်ကုန်သော ရှစ်ပါးသော သမာပတ်ကို ရကုန်သော မိန်းမတို့သည်လည်း ဗြဟ္မပါရိသဇ္ဇဘုံတို့၌သာ ဖြစ်ကုန်၏-ဟု အဋ္ဌကထာ၌ မိန့်ဆိုအပ်၏။

ဤရျာန်၏ ဖြစ်ရာဘုံကို ဆိုသောစကား၌ နည်းတပါးကို ငါ ဆိုဦးအံ့——ဝေဟပ္ဖိုလ်ဘုံ, အကနိဋ္ဌဘုံ, နေဝသညာနာသညာယတန ဘုံတို့၏ မြတ်သည် အဖြစ်ကြောင့် ထိုသုံးဘုံတို့၌ ဖြစ်ကုန်သော အရိယာပုဂ္ဂိုလ်တို့သည် တပါးသောဘုံတို့၌ မဖြစ်ကုန်၊ ထို့အတူ ထိုသုံးဘုံမှ ကြွင်းကုန်သော အထက်အထက်ဖြစ်ကုန်သော ဗြဟ္မာဘုံတို့၌ ဖြစ်ကုန်သော အရိယာပုဂ္ဂိုလ်တို့သည် အောက်အောက်ဖြစ်ကုန်သော ဗြဟ္မာဘုံတို့၌ မဖြစ်ကုန်၊ ထိုစကားသည် မှန်၏၊ အရှင် အနုရုဒ္ဓါဆရာသည်——

ဝေဟပ္ဖလေ အကနိဋ္ဌေ၊ ဘဝဂ္ဂေ စ ပတိဋ္ဌိတာ။
န ပုနညတ္ထ ဇာယန္တိ၊ သဗ္ဗေ အရိယပုဂ္ဂလာ။
ဗြဟ္မလောကဂတာ ဟေဋ္ဌာ၊ အရိယာ နောပပဇ္ဇရေ။ ။

ဟု-မိန့်ဆိုအပ်၏။

အနက်ကား-ဝေဟပ္ဖိုလ်ဘုံ၌၎င်း၊ အကနိဋ္ဌဘုံ၌၎င်း၊ နေဝသညာနာသညာယတနဘုံ၌၎င်း၊ တည်ကုန်သော အလုံးစုံသော အရိယာပုဂ္ဂိုလ်တို့သည် တဖန် တပါးသော ဘုံတို့၌ မဖြစ်ကုန်၊ အထက်အထက် ဗြဟ္မာဘုံသို့ ရောက်ကုန်သော အရိယာပုဂ္ဂိုလ်တို့သည် အောက်အောက်ဗြဟ္မာဘုံ၌ မဖြစ်ကုန်။

ကမ္မစတုက္ကအဘွင့် ပြီးပြီ။

---

## သေခြင်းလေးမျိုး

၈၁။ ။အာယုက္ခယေန, ကမ္မက္ခယေန, ဥဘယက္ခယေန, ဥပစ္ဆေဒကကမ္မုနာ စေတိ စတုဓာ မရဏုပ္ပတ္တိ နာမ။

(၁) အသက်ကုန်၍ သေခြင်းငှင်း၊
(၂) ကံကုန်၍ သေခြင်းငှင်း၊
(၃) အသက် ကံနှစ်ပါး ကုန်၍ သေခြင်းငှင်း၊
(၄) ကပ်၍ဖြတ်တတ်သော ကံကြောင့်ဖြစ်သောသေခြင်းငှင်း၊
ဤသို့ သေခြင်းလေးပါး အပြားရှိ၏။

---

## သေခြင်းလေးမျိုး အဘွင့်

ဂ၁။ ။**အာယုက္ခယေန**-ဤသို့ အစရှိသောပါဠ်တို့၌ အဆုံး အဖြတ်ကို ငါဆိုဦးအံ့—ကံ၏ တန်ခိုးအာနုဘော်သည် ရှိသော်လည်း ထိုထိုဂတိတို့၌ အကြင်ပိုင်းခြားအပ်သော အသက်၏ ကုန်သဖြင့် သေခြင်းသည် **အာယုက္ခယမရဏာ**[၁] မည်၏။

ထိုထိုသော ဂတိ၌ ပိုင်းခြားအပ်သော အသက်ကြွင်းသည်ငှင်း၊ လားရာဂတိ ကာလ အစရှိသော အကြောင်း၏ ညီညွတ်ခြင်းသည် ငှင်း ရှိသော်လည်း ထိုထို ဘဝကို ပြီးစေနိုင်သောကံ၏ ပြီးပြီးသော အကျိုးရှိသည်အဖြစ်ကြောင့် သေခြင်းသည် **ကမ္မက္ခယမရဏာ**[၂]မည်၏။

အသက်ကံတို့၏ အမျှသာလျှင် ကုန်သောကြောင့် သေခြင်းသည် **ဥဘယက္ခယမရဏာ**[၃] မည်၏။

ထိုနှစ်ပါးသော အသက်ကံသည် ရှိလင့်ကစား ရှေးဘဝ၌ ဖြစ်စေအပ်သော တစုံတခုသော ကပ်၍ ဖြတ်တတ်သော ကံ၏

---

**စုတိပဋိသန္ဓိက္ကမ**—

၁—အသက်မသေ နေရမည့်ကံ ရှိပါသော်လည်း အသက်တမ်း အပိုင်းအခြား ကုန်ခြင်းကြောင့် သေခြင်းသည် **အာယုက္ခယ** သေခြင်းမည်၏။

၂—ပိုင်းခြားအပ်သော အသက်တမ်း အသက်ကြွင်းရှိသော်လည်း ကောင်းမှုကံ ကုန်ခြင်းကြောင့် သေခြင်းသည် **ကမ္မက္ခယ** သေခြင်း မည်၏။

၃—အသက်တမ်း, ကောင်းမှုကံ ၂-ပါးကုန်သောကြောင့် သေခြင်းသည် **ဥဘယက္ခယ** သေခြင်း မည်၏။

အားအစွမ်းဖြင့် လက်နက်ကို ဆောင်ခြင်း အစရှိကုန်သော လုံ့လတို့ဖြင့် ပြတ်သော ခန္ဓာအစဉ်ရှိကုန်သော ပုဂ္ဂိုလ်တို့၏ သေခြင်းကဲ့သို့ငှင်း၊ ဂုဏ်အားဖြင့် မြတ်ကုန်သော သူတို့၌ ပြုအပ်သော တစုံတခုသော လုံ့လဖြင့် အားထုတ်အပ်သော **ဥပစ္ဆေဒကကံ**သည် တားမြစ်ခြင်းငှါ စွမ်းနိုင်သောကံ၏ ထိုထိုသို့သော အတ္တဘော၏ ဖြစ်ခြင်း၌ မစွမ်းနိုင်သည် အဖြစ်ကြောင့် ဒုသိမာရ်မင်း,ကလာဗုမင်း အစရှိကုန်သောသူတို့၏ ထိုမကောင်းမှု ပြုသောခဏ၌သာလျှင် ဖြစ်ဆဲဖြစ်သော အတ္တဘောမှ ရွေ့လျောစေသည် အစွမ်းဖြင့် ဖြစ်သော သေခြင်းကဲ့သို့ငှင်း သေခြင်းသည် **ဥပစ္ဆေဒကမရဏ**[၁] မည်၏။ ဤဥပစ္ဆေဒက သေခြင်းသည်ကား၊ ငရဲသူတို့အားငှင်း၊ မြောက်ကျွန်းသူတို့အားငှင်း၊ အချို့သောနတ်တို့အားငှင်း မဖြစ်၊ ထို့ကြောင့် ရှေးဆရာတို့သည်—

"ဥပက္ကမေန ဝါ ကေသဉ္စုပစ္ဆေဒကကမ္မုနာ"

ဟု-မိန့်ဆိုကုန်ပြီ။

အနက်ကား—အချို့ကုန်သော နတ်တို့အား သူတပါးလုံ့လဖြင့်ငှင်း၊ ဥပစ္ဆေဒကကံဖြင့်ငှင်း၊ သေခြင်းသည် မဖြစ်ပေ-ဟု ပေး။ သေခြင်း၏ ဖြစ်ခြင်းသည် မရဏုပ္ပတ္တိမည်၏။

---

## စုတိခါနီးနိမိတ်ထင်ပုံ

၁၂။ ။**တထာ စ မရန္တာနံ ပန မရဏကာလေ ယထာရဟံ အဘိမုခီဘူတံ ဘဝန္တရေ ပဋိသန္ဓိဇနကံ ကမ္မံ ဝါ, တံ ကမ္မကရဏကာလေ ရူပါဒိကမုပလဒ္ဓပုဗ္ဗမုပကရဏဘူတဉ္စ ကမ္မနိမိတ္တံ ဝါ အနန္တရ**

---

၁–အသက်,ကံ ၂-ပါးပင်ရှိသော်လည်း ရှေးဘဝက ပြုခဲ့သော ဥပစ္ဆေဒကကံ, ယခုဘဝ ဂုဏ်ကြီးသော မိဘစသော သူတို့အပေါ်၌ ပြုအပ်သော ဥပစ္ဆေဒကကံကြောင့် အဆောတလျင် ဒါးလက်နက်ဖြင့် သေခြင်းစသည်သည် ဥပစ္ဆေဒက သေခြင်းမည်၏။

**မုပ္ပဇ္ဇမာနဘဝေ ဥပလဘိတဗ္ဗမုပဘောဂဘူတဉ္စ ဂတိ-နိမိတ္တံ ဝါ ကမ္မဗလေန ဆန္နံ ဒွါရာနံ အညတရသ္မိံ ပစ္စု-ပဋ္ဌာတိ။**

အထူးကို ဆိုဦးအံ့—ထိုလေးပါးသော အကြောင်းကြောင့်သာလျှင် သေကုန်သော သတ္တဝါတို့အား သေခါနီးကာလ၌ ထိုက်သည်အားလျော်စွာ ရှေ့ရှုသည် ဖြစ်၍ဖြစ်သော ဘဝတပါး၌ ပဋိသန္ဓေကို ဖြစ်စေတတ်သော ကုသိုလ်ကံ[၁] အကုသိုလ်ကံသည်၎င်း၊ ထိုကုသိုလ်ကံ အကုသိုလ်ကံကို ပြုရာ ပြုကြောင်းဖြစ်သော ကာလ၌ ရေး၌ ရအပ်သည်လည်း ဖြစ်သော အဆောက်အဦ ဖြစ်၍လည်း ဖြစ်သော ရူပါရုံ အစရှိသော တုတ်,လှံကန်,ထား,လှံ,လေး,မြှား, ကျောင်း,ဘုရား,စေတီ,ဆွမ်း,သင်္ကန်း,ထီး,တန်ခွန်,ပန်းမာလ် အစရှိသော ကမ္မနိမိတ်သည်၎င်း၊ အခြားမဲ့ ဖြစ်လတ္တံ့သော ဘဝ၌ ရအပ်သည်လည်းဖြစ်သော ခံစားအပ်သည်လည်း ဖြစ်သော အမိဝမ်းရေ, ငရဲအိုး, ငရဲထိန်း, ငရဲမီးလျှံ, ခွေးနက်ကြီး, နတ်သမီး, ဗိမာန်, ပဒေသာပင် အစရှိသော ဂတိနိမိတ်သည်၎င်း၊ကံ၏အစွမ်းကြောင့် ခြောက်ပါးကုန်သော ဒွါရတို့တွင် အမှတ်မရှိ တခုခုသော ဒွါရ၌ အဖန်တလဲလဲ ရှေ့ရှုဖြစ်၍ ထင်၏။

---

## စုတိခါနီး နိမိတ်ထင်ပုံအဘွင့်

၀၂။ ။**မရဏကာလေ**-ယူသည်ကား၊ ဝါ-ဟူသော ပုဒ်ကို သေခါနီးကာလ၌-ဟု အနက်ပေး။ **ယထာရဟံ**-ဟူသည်ကား၊ ဝါ ဟူသောပုဒ်ကို ထိုထိုသို့သော လားရာဂတိတို့၌ ဖြစ်လတ္တံ့သော

---

၁—ထိုလေးပါးသော သေခြင်းတို့တွင် တပါးပါးသော သေခြင်းဖြင့် သေကုန်သော သတ္တဝါတို့အား ကံ, ကမ္မနိမိတ်, ဂတိနိမိတ် သုံးပါးတို့တွင် တပါးပါးသည် ထင်ရမြဲဖြစ်၏။ ထိုတွင် ကံထင်ပုံကား-ရှေးရှေးဘဝက ပြုခဲ့သော များစွာသော ကံတို့တွင် ယခုအကျိုးပေးခွင့် အလှည့်သင့်သော ကံသည် ထင်လာ၏။ သုဂတိဘုံသို့ လားမည့်သူဖြစ်အံ့-ကုသိုလ်ကံထင်၏။ ဒုဂ္ဂတိဘုံသို့ လားမည့်သူဖြစ်အံ့-အကုသိုလ်ကံသည် ထင်လာရ၏။ ကမ္မာတရာက ပြုခဲ့သောကံ ဖြစ်စေကာမူ မိမိ အကျိုးပေးခွင့် အလှည့်သင့်ပါက ယနေ့ပြုသကဲ့သို့ အသစ်ဖြစ်၍ မနောဒွါရ၌ မိမိအလိုလို ရှေ့ရှု ပေါ်လာ၏-ဟူလို။ ယင်းကိုရည်၍ **အဘိမုခီဘူတံ**-ဟု မိန့်တော်မူ၏။

သတ္တဝါအားလျော်စွာ-ဟု အနက်ပေး။ အထူးကိုဆိုဦးအံ့—တစုံ တခုသော ဂတိ၌ မဖြစ်လတ့်သော ရဟန္တာပုဂ္ဂိုလ်အား ရှေး၌ ထင်မြဲတိုင်းသော နာမ် ရုပ် အစရှိသော အာရုံသည်သာလျှင် စုတိအဆုံးရှိကုန်သော စိတ်တို့၏ အာရုံ၏ အဖြစ်သို့ ရောက်၏၊ ကံ ကမ္မနိမိတ် အစရှိသော အာရုံတို့သည် အာရုံ၏အဖြစ်သို့ မရောက်ကုန်။

**ဥပလဒ္ဓပုဗ္ဗံ** [၁] ဟူသည်ကား၊ ဝါ-ဟူသောပုဒ်ကို စေတီတော်ကို ဖူးမြင်ခြင်း အစရှိသည်တို့၏ အစွမ်းဖြင့် ရှေး၌ ရအပ်ဘူးသော ဟု အနက်ပေး။

**ဥပကရဏဘူတံ** [၂] ဟူသည်ကား၊ ဝါ-ဟူသောပုဒ်ကို ပန်းအစ ရှိသည်တို့၏ အစွမ်းဖြင့် ကံ၏ အကြောင်းဖြစ်၍ ဖြစ်သော-ဟု အနက်ပေး။

**ဥပလဘိတဗ္ဗံ** [၃] ဟူသည်ကား၊ ဝါ-ဟူသောပုဒ်ကို ခံစားအပ် လတ့်သော-ဟု အနက်ပေး။

**ဥပဘောဂဘူတံ** [၄] ဟူသည်ကား၊ ဝါ-ဟူသောပုဒ်ကို နတ်သမီး, ဗိမာန်, ပဒေသာပင်, ငရဲမီး အစရှိသော ခံစားအပ်လတ့် ဝတ္ထု ဖြစ်သော-ဟု အနက်ပေး။

---

၁—ကုသိုလ်, အကုသိုလ်ကံကို ပြုစဉ်အခါ စေတီ,ဆင်းထု,ရဟန်း စသော အာရုံသည် ကံမပြုမီ ရှေးက ရအပ်ပြီးသော အာရုံဖြစ်သော **ဥပလဒ္ဓ** အာရုံ ကမ္မနိမိတ် မည်၏။

၂—ထိုကံကိုပြုစဉ်အခါ ပန်း,ထီး,တန်းခွန်, လက်နက် စသော အာရုံသည် ကုသိုလ်ကံ၏ အဆောက်အဦ ဖြစ်သောကြောင့် **ဥပကရဏ** အာရုံ ကမ္မနိမိတ် မည်၏။

၃—နောက်၌ ဆိုက်ရောက်ခံစားရမည့် အမိဝမ်းရေ,နတ်ဘုံ,ငရဲဘုံ,တော,တောင် ခြေရင်း စသော သုဂတိနိမိတ် ဒုဂ္ဂတိနိမိတ် အာရုံသည် **ဥပလဘိတဗ္ဗ** ဂတိနိမိတ် မည်၏။

၄—နောက်၌ ဘဝအားလျော်စွာ ခံစားအပ်သော နတ်သမီး,ဗိမာန်, ပဒေသာပင်, ငရဲမီး စသော အဘွင်း အပ အသုံးအဆောင် အခြံအရံဖြစ်သော ထင်လာသောအာရုံသည် **ဥပဘောဂ** ဂတိနိမိတ် မည်၏။

အထူးကို ဆိုဦးအံ့-နတ်သမီး, ဗိမာန်, ပဒေသာပင်, အမိဝမ်းရေ အစရှိသည်၌တည်သော ရူပါရုံသည် သုဂတိပဋိသန္ဓေ၏ အကြောင်း နိမိတ်တည်း၊ ငရဲမီး, ငရဲထိန်း အစရှိသည်၌ တည်သော ရူပါရုံ သည် ဒုဂ္ဂတိပဋိသန္ဓေ၏ အကြောင်းနိမိတ်တည်း၊ လားရာဂတိ၏ အကြောင်းနိမိတ်သည် ဂတိနိမိတ် မည်၏။

**ကမ္မဗလေန**[၁] ဟူသည်ကား၊ ဝါ-ဟူသော ပုဒ်ကို ပဋိသန္ဓေကို ဖြစ်စေတတ်သော ကုသိုလ် အကုသိုလ်ကံ၏ အစွမ်းကြောင့်-ဟု အနက်ပေး။

**ဆန္နံ ဒွါရာနံ**-ဟူသည်ကား၊ ဝါ-ဟူသောပုဒ်ကို ဆိုအပ်လတ္တံ့ သောနည်းဖြင့် ဖြစ်သင့်သည်အားလျော်စွာ ခြောက်ပါးကုန်သော ပဋိသန္ဓေ ဖြစ်ခြင်း၏ အကြောင်း ဖြစ်ကုန်သော ဒွါရတို့တွင်-ဟု အနက်ပေး။

---

## စုတိခါနီးကာလစိတ်အစဉ်ဖြစ်ပုံ

**ဂ၃။ ။တတော ပရံ တမေဝ တထောပဋ္ဌိတံ အာရမ္မဏံ အာရဗ္ဘ ဝိပစ္စမာနက ကမ္မာနုရူပံ ပရိသုဒ္ဓမုပက္ကိလိဋ္ဌံ ဝါ ဥပလဘိတဗ္ဗဘာဝါနုရူပံ တတ္ထောဏတံဝ စိတ္တ-သန္တာနံ အဘိဏှံ ပဝတ္တတိ ဗာဟုလ္လေန။**

ထိုသို့ အဖန်တလဲလဲ ရှေးရှုဖြစ်၍ ထင်သည်မှ နောက်၌ ထိုသို့ သော အခြင်းအရာဖြင့် အဖန်တလဲလဲ ရှေးရှုဖြစ်၍ ထင်သော ထိုကံ, ကမ္မနိမိတ်, ဂတိနိမိတ်-ဟု ဆိုအပ်သော အာရုံကိုပင်လျှင် အာရုံပြု၍ ပဋိသန္ဓေကို ဖြစ်စေတတ်သော ကံအားလျော်စွာ

---

၁-ယင်းကံ, ကမ္မနိမိတ်, ဂတိနိမိတ်သုံးပါးတို့တွင် တပါးပါးသည် ပဋိသန္ဓေကိုဖြစ်စေ တတ်သော ကုသိုလ်ကံ အကုသိုလ်ကံ အစွမ်းကြောင့်သာ အလိုလို ဖြစ်သင့်သည်အားလျော်စွာ စက္ခုဒွါရစသော ခြောက်ပါးသော ဒွါရတို့တွင် တပါးပါးသော ဒွါရ၌ အဖန်တလဲလဲ ရှေးရှု ဖြစ်၍ ထင်လာ၏-ဟူလို။

စင်ကြယ်သည်ဖြစ်၍၎င်း၊ ညစ်နွမ်းသည် ဖြစ်၍၎င်း၊ ရအပ် ခံစား အပ်သော ဘ၀အားလျော်စွာ ထိုရအပ် ခံစားအပ်သော ဘ၀၌ ညွတ်သကဲ့သို့ စိတ်၏ အစဉ်သည် မပြတ်မလတ် အထပ်ထပ် များသောအားဖြင့် ဖြစ်၏။

---

## စုတိခါနီးကာလ စိတ်အစဉ်ဖြစ်ပုံအဘွင့်

၇၃။ ။ကုသိုလ်ကံသည် အကယ်၍ အကျိုးပေးမည် ဖြစ်အံ့၊ ထိုအခါ စင်ကြယ်သော ကုသိုလ်စိတ်သည် ဖြစ်၏၊ ထိုမှတပါး အကုသိုလ်ကံသည် အကျိုးပေးမည် ဖြစ်အံ့-ထိုအခါ ညစ်နွမ်းသော အကုသိုလ်စိတ်သည် ဖြစ်၏၊ ထို့ကြောင့် အရှင်အနုရုဒ္ဓါဆရာသည် **"ဝိပစ္စမာနက။ပ။ကိလိဋ္ဌံဝါ"** ဟူသောပါဌ်ကို မိန့်ဆိုတော်မူ၏။ ထို့ကြောင့်မြတ်စွာဘုရားသည်—

> နိမိတ္တဿာဒ ဂဓိတံ ဘိက္ခဝေ ဝိညာဏံ တိဋ္ဌမာနံ တိဋ္ဌတိ၊ အနုဗျဉ္ဇနဿာဒ ဂဓိတံ ဝါ တသ္မိံ စေ သမယေ ကာလံ ကရောတိ၊ ဌာနမေတံ ဝိဇ္ဇတိ၊ ယံ ဒွိန္နံ ဂတီနံ အညတရံ ဂတိံ ဥပပဇ္ဇေယျ နိရယံ ဝါ တိရစ္ဆာနယောနိံ ဝါ-ဟု ဟော တော်မူ၏။

အနက်ကား-ရဟန်းတို့ ဇုတ္တိနိမိတ် ပုရိသနိမိတ် သုဘနိမိတ်တို့၌ တပ်သောရာဂဖြင့် မက်မောခြင်းရှိသော မရဏာသန္န ဇော-ဟု ဆိုအပ်သော ဝိညာဏ်သည်၎င်း၊ လက်ခြေသဏ္ဍာန် ပြုံးရယ်ခြင်း အစရှိသည်တို့၌ တပ်သောရာဂဖြင့် မက်မောခြင်းရှိသော မရဏာ သန္နဇော-ဟု ဆိုအပ်သော ဝိညာဏ်သည်၎င်း၊ တည်ဆဲဖြစ်၍ အကြင်အခါ၌ တည်၏၊ ထိုအခါ၌ စုတိခြင်းကို ပြုအံ့၊ ဝါ-သေအံ့၊ နှစ်ပါးကုန်သော ဂတိတို့တွင် တပါးပါးသော ဂတိသို့ အကြင့် ကြောင့် ရောက်ရာ၏၊ ငရဲသို့မူလည်း ရောက်ရာ၏၊ တိရစ္ဆာန်မျိုးသို့ မူလည်း ရောက်ရာ၏၊ ဤသို့သော အကြောင်းသည် ရှိ၏။

**တစ္ဆေ့ာဏတံဝ**[၁] ဟူသည်ကား၊ ဝါ-ဟူသောပုဒ်ကိုထိုဖြစ်ရာဘုံ၌ ညွတ်သကဲ့သို-ဟု အနက်ပေး။ တနည်းကား၊ **တစ္ဆေ့ာဏတံ ဝေ**-ဟု ပုဒ်ဖြတ်အပ်၏၊ **ဗာဟုလ္လေန**ဟူသော ဤပုဒ်၌ အဓိပ္ပါယ်ကို "ယေဘု-ယျေနဘာဝန္တရေ" ဟူသော ဤပုဒ်၌ ဆိုအပ်ပြီးသော နည်းဖြင့် မှတ်အပ်၏၊ တနည်းကား၊ **ယထာရဟံ**-ဟူသော ဤပုဒ်ဖြင့်ပင် ထိုနည်းကို ပေါင်းခြင်းငှါ တတ်ကောင်း၏၊ ထို့ကြောင့် **ဗာဟုလ္လေန**[၂] ဟူသော ဤပါဌ်ဖြင့် ဖြည်းညှင်းသာယာစွာ သေသောသတ္တဝါတို့ အား မပြတ်သာလျှင် ဖြစ်သကဲ့သို့ အဆောတလျင် ထားလက်နက် အစရှိသည်တို့ဖြင့် ဖြတ်အပ်သော ဇီဝိတိန္ဒြေ ရှိကုန်သော သတ္တဝါ တို့အား မပြတ်မဖြစ်-ဟူသော ဤအနက်ကို ပြအပ်၏-ဟု သိအပ်၏။

---

## ကံအာရုံထင်ပုံ

**၈၄။ ။တထေဝ ဝါ ပန ဇနကဘူတံ ကမ္မမဘိနဝကရဏ-ဝသေန ဒွါရပ္ပတ္တံ ဟောတိ။**

အထူးဆိုဦးအံ့-ပဋိသန္ဓေကို ဖြစ်စေတတ်သည် ဖြစ်၍ ဖြစ်သော ထိုကံသည်ပင်လျှင် မိမိကိုယ်ကို အသစ်ပြုသည် အစွမ်းဖြင့် ဒွါရသို့ ရောက်၏။

---

၁—တစ္ဆေ့ာဏတံ ဝ-အရ ညွှတ်ခြင်းဟူသည်မှာ ပကတိသော သစ်ကိုင်း စသည်သည် ဖြောင့်မတ်နေရာမှ လေအဟုန်ကြောင့် ကိုင်းညွတ်ဘိသကဲ့သို့ ပကတိကံစသော အာရုံကို အာရုံပြုနေရာမှ ပြောင်းရွှေ့ကာ ထင်လာသော အာရုံအားလျော်စွာ ဘဝသစ်ကို အာရုံ ပြုမှုကိုပင် မညွတ်သော်လည်း ညွတ်သကဲ့သို့ ဖြစ်သည်ကိုပင် ညွတ်၏-ဟု ဆိုရ၏။

၂—သို့သော် အသညသတ်ဘုံသားတို့ကား စိတ်ဖြစ်မှုမရှိသဖြင့် ဘဝသစ်သို့ညွတ်သောစိတ် မဖြစ်နိုင်သောကြောင့် ဗာဟုလ္လေန-ဟု အရှင်အနုရုဒ္ဓါဆရာမြတ် မိန့်ဆိုတော် မူအပ်၏၊ များသောအားဖြင့်သာ ဘဝသစ်သို့ညွတ်နိုင်သည်၊အပ္ပကအားဖြင့် ကေဝေါကာရ အသညသတ် ဘုံသားများကား မညွတ်နိုင်—ဟူလို။

## ကံအာရုံထင်ပုံအဘွင့်

၁၄။ ။**အဘိနဝကရဏဝသေန**[၁] ဟူသည်ကား၊ ဝါ-ဟူသော ပုဒ်ကို ထိုခဏ၌ ပြုအပ်သကဲ့သို့ မိမိကိုယ်ကို အသစ်ပြုသည် အစွမ်းဖြင့်-ဟု အနက်ပေး။

---

## မရဏာသန္နဝီထိကျပုံ

**၁၅။ ။ပစ္စာသန္နမရဏဿ တဿ ဝီထိစိတ္တာဝသာနေ ဘဝင်္ဂက္ခယေ ဝါ စဝနဝသေန ပစ္စုပ္ပန္နဘဝပရိ-ယောသာနဘူတံ စုတိစိတ္တမုပ္ပဇ္ဇိတွာ နိရုဇ္ဈတိ။**

အလွန်နီးသော သေခြင်းရှိသော ထိုသတ္တဝါအား တဒါရုံအဆုံး ဇောအဆုံး ရှိသော ဝီထိစိတ်တို့၏ အဆုံး၌၎င်း၊ ဘဝင်၏ အဆုံး၌၎င်း၊ စုတေသည်၏ အစွမ်းဖြင့် ပစ္စုပ္ပန်ဘဝ၏ အဆုံး ဖြစ်သော စုတိစိတ်သည် ဖြစ်၍ချုပ်၏။

---

## မရဏာသန္နဝီထိကျပုံအဘွင့်

၁၅။ ။**ပစ္စာသန္နမရဏဿ**[၂] ဟူသည်ကား၊ ဝါ-ဟူသော ပုဒ်ကို တဝီထိမျှရှိသော အသက်ကြွင်း၏ အစွမ်းဖြင့်၊ တနည်းကား—

---

၁—ကံတရားသည် အတိတ်တရားဖြစ်၍ စုတေလတံ့သော သူသည် မိမိပြုခဲ့သမျှသော အတိတ်ကံကို မသိလင့်ကစား ကမ္မာတသိန်းက ပြုခဲ့သော ကံပင်ဖြစ်စေကာမူ ယခုသေခါနီးသော အခါ၌ ပြုနေဘိသကဲ့သို့ မနေ့ဒွါရ၌ အသစ်တဖန် ထင်လာပြန်၏၊ ယင်းသို့ အတိတ်ဖြစ်သဖြင့် ကြာမြင့်ဟောင်းနွမ်း၍ နေသော်လည်း ယခုသေခါနီးအခါ၌ လက်ငင်းပြု၍ နေသကဲ့သို့ ထင်ပေါ်၍လာသည်ကိုပင် **အဘိနဝကရဏ**-ဟု ဆိုလိုသည်။

၂—ဤပါဠ်ဖြင့် မရဏာသန္နဝီထိကျပုံ စုတိပုံကို ပြ၏၊ ပြပုံကား-မရဏာသန္နဝီထိသည်

(၁)တဒါရုံနောင်စုတိ,

(၂)တဒါရုံ ဘဝင်နောင် စုတိ,

(၃)ဇောနောင်စုတိ,

(၄)ဇောဘဝင်နောင်စုတိ-ဟုလေးဝီထိရှိရာ **ဝီထိစိတ္တာဝသာနေ ဝါ**-ပါဠ်ဖြင့်တဒါရုံ အဆုံးရှိသော မရဏာသန္နဝီထိနှင့် ဇောအဆုံးရှိသော မရဏာသန္နဝီထိကို ပြ၏။ **ဘဝင်္ဂက္ခယေ ဝါ**-ပါဠ်ဖြင့် တဒါရုံဘဝင်နောင်စုတိ အဆုံးရှိသော မရဏာသန္နဝီထိနှင့် ဇောဘဝင်နောင် စုတိအဆုံးရှိသော မရဏာသန္နဝီထိကို ပြ၏။

တဒါရုံ ဒဆုံးရှိသော ဝီထိကား ကာမဘုံမှ စုတေ၍ ကာမဘုံ၌ဖြစ်သော ပုဂ္ဂိုလ်များ အဘို့ဖြစ်၏။ ဇောအဆုံး ရှိသော ဝီထိများကား ကြွင်းသောပုဂ္ဂိုလ်များအဘို့ဖြစ်၏-ဟုမှတ်။

ထိုတဝိထိထက် အနည်းငယ်လွန်သော အသက်ကြွင်း ရှိသည် အစွမ်းဖြင့် အလွန်နီးသော သေခြင်းရှိသော သတ္တဝါအား-ဟု အနက်ပေး။

**ဝီထိစိတ္တာဝသာနေ**-ဟူသည်ကား၊ ဝါ-ဟူသောပုဒ်ကို တဒါရုံ အဆုံး ရှိသည်လည်း ဖြစ်ကုန်သော ဇောအဆုံး ရှိသည်လည်း ဖြစ်ကုန်သော ဝီထိစိတ်တို့၏ အဆုံး၌-ဟု အနက်ပေး။ ထိုနှစ်မျိုးသော တဒါရုံအဆုံး ဇောအဆုံး ရှိသော ဝီထိတို့တွင် ကာမဘုံမှ စုတိ၍ ထိုကာမဘုံ၌သာလျှင် ဖြစ်လတ့ံကုန်သော သတ္တဝါတို့အား တဒါရုံ အဆုံး ရှိသော ဝီထိစိတ်တို့ ဖြစ်ကုန်၏၊ ကြွင်းသော သတ္တဝါ တို့အား ဇောအဆုံး ရှိသော ဝီထိစိတ်တို့သည် ဖြစ်ကုန်၏၊ ဤသို့ ဓမ္မာနုသာရဏီကျမ်း၌ မိန့်ဆိုအပ်၏။

**ဘဝင်္ကက္ခယေဝါ**-ဟူသည်ကား၊ ဝါ-ဟူသောပုဒ်ကို ဇောတခုသာ ရှိသော ဝီထိထက် လွန်သော အသက်ကြွင်းရှိသည် အကယ်၍ ဖြစ်ငြားအံ့—ထိုအခါ ဘဝင်၏ အဆုံး၌လည်း စုတိစိတ်သည် ဖြစ်၍ချုပ်၏၊ ထိုသို့ မဟုတ် စိတ္တက္ခဏတခုမျှ အသက်ကြွင်းရှိသည် အကယ်၍ ဖြစ်အံ့—ထိုအခါ ဝီထိစိတ်၏ အဆုံး၌ စုတိစိတ်ဖြစ်၍ ချုပ်၏၊ ထိုစုတိစိတ်သည်လည်း အတိတ်ဖြစ်သော ကံအစရှိသော အာရုံ ရှိ၏—ဟူလို။

---

## ပဋိသန္ဓေစိတ်ဖြစ်ပုံ

၇၆။ ။**တသ္မိံ နိရုဒ္ဓါဝသာနေ တဿာနန္တရမေဝ တထာ-ဂဟိတံ အာရမ္မဏမာရဗ္ဘ သဝတ္ထု ကံ အဝတ္ထု-ကမေဝ ဝါ ယထာရဟံ အဝိဇ္ဇာနုသယပရိက္ခိတ္တေန တဏှာနုသယမူလကေန သင်္ခါရေန ဇနိယမာနံ သမ္ပယုတ္တေဟိ ပရိဂ္ဂယှမာနံ သဟဇာတာနမဓိဋ္ဌာန-ဘာဝေန ပုဗ္ဗင်္ဂမဘူတံ ဘဝန္တရပဋိသန္ဓာနဝသေန ပဋိသန္ဓိသင်္ခါတံ မာနသံ ဥပ္ပဇ္ဇမာနမေဝ ပတိဋ္ဌာတိ ဘဝန္တရေ။**

ထိုစုတိစိတ်သည် ချုပ်သည်ရှိသော် ချုပ်သည်၏ အဆုံး၌ ထိုစုတိစိတ်၏ အခြားမဲ့၌သာလျှင် ထိုသို့သော အခြင်းအရာဖြင့် ဆဒ္ဒါရိကမရဏာသန္နဇောသည် ယူအပ်သော ကံ, ကမ္မနိမိတ်, ဂတိနိမိတ်-ဟု ဆိုအပ်သော အာရုံကို အာရုံပြု၍ ဝတ္ထုရှိသည် ဖြစ်၍ငင်း, ဝတ္ထုမရှိသည် ဖြစ်၍ငင်း, ထိုက်သည်အား လျော်စွာ အဝိဇ္ဇာနုသယသည် ခြံရံအပ်သော တဏှာနုသယလျှင် အကြောင်းရင်းရှိသော ကုသိုလ် အကုသိုလ်ကံသည် ဖြစ်စေအပ်သော ဖဿ, ဝေဒနာ အစရှိသော သမ္ပယုတ်တရားတို့သည် ခြံရံ၍ ယူအပ်သော ဖဿ, ဝေဒနာ အစရှိသော သဟဇာတ် တရားတို့၏ တည်ရာ အဖြစ်ဖြင့် ပြခြင်းသည် ဖြစ်၍ ဖြစ်သော ရှေ့နောက်ဖြစ်သော ဘဝအထူးကို တစပ်တည်းကဲ့သို့ စပ်တတ်သည်၏ အစွမ်းဖြင့် ပဋိသန္ဓေ-ဟု ဆိုအပ်သော စိတ်သည် ဖြစ်ဆဲဖြစ်၍သာလျှင် ဘဝတပါး၌ တည်၏။

## ပဋိသန္ဓေစိတ်ဖြစ်ပုံအဘွင့်

၈၆။ ။**တဿာနန္တရမေဝ**[၁] ဟူသော ဤပါဌ်ဖြင့် စုတိ ပဋိသန္ဓေတို့၏ အကြား၌ ဘဝရှိသေး၏-ဟု ယူလေ့ရှိသော ဆရာတို့၏ အယူကို ပယ်၏။ **ယထာရဟံ**-ဟူသည်ကား၊ ဝါ-ဟူသော ပုဒ်ကို

၁–**တသ္မိံ နိရုဒ္ဓါဝသာနေတဿာနန္တရမေဝ**-ဟူသောပါဌ်ဖြင့် စုတိ၏ အခြားမဲ့၌ အကြားမရှိ ပဋိသန္ဓေဆက်၍ ဖြစ်ပုံကိုပြ၍ အချို့သောပုဂ္ဂိုလ်များ ယူနေကြသော စုတိကျ၍ သေလွန်ပြီးနောက် စုတိနှင့်ပဋိသန္ဓေအကြား ဘဝတခု၌ အမိအဘတို့ သွားလာပေါင်းဘော်ခြင်း အမိ၏ဥတုလာခြင်းစသည်ကို ဆိုင်းငံ့၍ ၇-ရက်ခန့် အိမ်ပေါ်မှာနေပြီး ၇-ရက်လည်မှ အိမ်ပေါ်ကဆင်း၍ ဘဝတပါး၌ ပဋိသန္ဓေယူသည်ဟူသော မိစ္ဆာအယူကို တားမြစ်၏။

**သဝတ္ထုကံ**-ဟူသောပါဌ်ဖြင့် ပဉ္စဝေါကာရ ပဋိသန္ဓေကို ပြ၏။ ၎င်းပဉ္စဝေါကာရဘုံသားများမှာကား ရူပက္ခန္ဓာနှင့်တကွ ခန္ဓာငါးပါးကို ရနိုင်၍ ဟဒယဝတ္ထုရုပ် ရသောဘုံသားများ ဖြစ်သဖြင့် ၎င်းပဋိသန္ဓေစိတ်သည် ဟဒယဝတ္ထုကို မှီ၍ ဖြစ်၏-ဟူလို။

**အဝတ္ထုကမေဝဝါ**-ဟူသောပါဌ်ဖြင့် အရူပစတုဝေါကာရပဋိသန္ဓေကို ပြ၏၊ ၎င်းအရူပဗြဟ္မာတို့ကား ရူပက္ခန္ဓာကိုမရကြ၍ ပဋိသန္ဓေစိတ်သည်လည်း ဟဒယဝတ္ထုရုပ်ကိုမှီ၍ မဖြစ်၊ မှီရာ ဝတ္ထုရုပ်မရှိ-ဟူလို။

**ယထာရဟံ**-ပါဌ်ဖြင့် ကံပြုသောကာလ, အကျိုးပေးရာကာလ အားလျော်စွာ ပဋိသန္ဓေ တည်နေ၏-ဟူသော အဓိပ္ပါယ်ကို ပြ၏။

ကံကိုပြုသော ကာလအားဥင်း၊ အကျိုးပေးသော ကာလအားဥင်း၊ လျောက်ပတ်သည် အစွမ်းဖြင့် တနည်းကား–အကျိုးပေးလတံ့သော ကံအား လျော်စွာ အနုသယ၏ အစွမ်းဖြင့်ဥင်း၊ မရဏာသန္နဇောနှင့် တကွဖြစ်သော အစွမ်းဖြင့်ဥင်း၊ ဖြစ်ခြင်းအား လျော်သောအားဖြင့်၊ ဤကားအနက်တည်း။ "အဝိဇ္ဇာနုသယပရိက္ခိတ္တေန" အစရှိသော စကားကို အရှင်အနုရုဒ္ဓါဆရာသည် ဆိုအပ်သည် မဟုတ်ပါလော၊ မရဏာသန္နဇောနှင့် တကွဖြစ်ကုန်သော အဝိဇ္ဇာ တဏှာတို့၏လည်း အနုသယ အဖြစ်သည် အသို့ ဖြစ်ရာသနည်း၊ ဤသို့ တစုံ တယောက်သော စောဒကဆရာသည် ဆိုငြားအံ့—ဤမရဏာ-သန္နဇောနှင့် တကွဖြစ်သော အဝိဇ္ဇာ တဏှာတို့၏ အနုသယအဖြစ်သည် အပြစ်မဖြစ်၊ အဘယ့်ကြောင့် အပြစ်မဖြစ်ပါသနည်း-ဟူမူ၊ အနုသယနှင့် တူသည်၏ အဖြစ်ကြောင့် ထိုပစ္စုပ္ပန် ဖြစ်ကုန်သော မရဏာသန္နဇောနှင့် တကွဖြစ်ကုန်သော အဝိဇ္ဇာ တဏှာတို့ကိုလည်း အနုသယဟူ၍ ခေါ်အပ်သောကြောင့် အပြစ်မဖြစ်၊ အနာဂတ် ဖြစ်သော ကိလေသာ သာလျှင် အနုသယ မည်သည် ရှိသော် ပဋိသန္ဓေကို ပေးတတ်သော တဆယ့်တပါးသော အကုသိုလ်ကံနှင့် တကွဖြစ်သော အတိတ်ဖြစ်သော အဝိဇ္ဇာ တဏှာ အစရှိကုန်သော ကိလေသာတို့ကိုဥင်း၊ ဘဝကို တောင့်တသော တဏှာနှင့် တကွ ဖြစ်ကုန်သော အတိတ်ဖြစ်သော အဝိဇ္ဇာအစရှိကုန်သော ကိလေသာ တို့ကိုဥင်း၊ စုတိစိတ်၏ အနီးဖြစ်ကုန်သော ဇောနှင့် တကွဖြစ် ကုန်သော ပစ္စုပ္ပန် ဖြစ်ကုန်သော အဝိဇ္ဇာ တဏှာ အစရှိကုန်သော ကိလေသာတို့ကိုဥင်း ရေတွက်ခြင်းသည် မဖြစ်ခဲ့ရာ၊ အဝိဇ္ဇာသည် ပင်လျှင် မပယ်အပ်သော အနက်ဖြင့် အဖန်တလဲလဲ ဖြစ်တတ် သောကြောင့် **အနုသယ** မည်၏၊ ထိုအဝိဇ္ဇာအနုသယသည် ခြံရံ အပ်သော-ဟူလို၊ ဤသန္တာနအား တဏှာ အနုသယသည်သာလျှင် တကွဖြစ်သော အကြောင်းဖြစ်၍ ဖြစ်သော ပြဓာန်းသော အကြောင်း ရှိသောကြောင့် **တဏှာနုသယမူလက** မည်၏။

**သန္တာနေန**-ဟူသည်ကား၊ ဝါ-ဟူသောပုဒ်ကို ပဋိသန္ဓေကို ပေးတတ်သော ကုသိုလ်, အကုသိုလ်ကံသည်ဥင်း၊ ပဋိသန္ဓေကို

ပေးတတ်သော ကံနှင့် တကွဖြစ်သော ဖဿစသော တရားအပေါင်း သည်၎င်း၊ စုတိ၏ အနီးဖြစ်သော ဇောနှင့်တကွဖြစ်သော သင်္ခါရ သည်၎င်း-ဟု အနက်ပေး။ ထိုသင်္ခါရသည် ဖြစ်စေအပ်သော-ဟု စပ်လေ၊ ထိုစကားမှန်၏၊ အဝိဇ္ဇာသည် ဖုံးလွှမ်းအပ်သော အပြစ် ရှိသော အာရုံ၌ တဏှာသည် ပဋိသန္ဓေဝိညာဏ်ကို ညွတ်စေ၏၊ ဘဝသစ်သို့ ပစ်ချတတ်ကုန်သော ကုသိုလ် အကုသိုလ် သင်္ခါရ-ဟု ဆိုအပ်ကုန်သော အကြင်အကြင် ဆိုအပ်ကုန်ပြီးသော သင်္ခါရတို့သည် ပစ်ချကုန်၏။ ထို့ကြောင့် ဆရာတို့သည် သစ္စသံခိပ်ကျမ်း၌——

"အဝိဇ္ဇာ တဏှာ သင်္ခါရ ။ ပ ။ ကုသလာဝ ဘဝန္တိဟ"

ဟု ဆိုကုန်၏။

အနက်ကား——အပါယ်ဘုံ၌ ဖြစ်လတ္တံ့သော သတ္တဝါတို့အား မရဏာသန္နဇောနှင့် တကွဖြစ်ကုန်သော အဝိဇ္ဇာ တဏှာ သင်္ခါရ တို့သည် ကံအစရှိသောအာရုံ၌ အပြစ်ကို ဖုံးလွှမ်းခြင်းသည်လည်း ဖြစ်၏၊ ညွတ်ခြင်းသည်လည်း ဖြစ်၏၊ ပစ်ချခြင်းသည်လည်း ဖြစ်၏၊ ထိုမှကြွင်းသော သုဂတိဘုံသို့ လားလတ္တံ့သော သတ္တဝါတို့အား အရိယာမဂ်ဖြင့် မပယ်အပ်ကုန်သေးသော အဝိဇ္ဇာ တဏှာသမုဒယ တို့သည် ကံအစရှိကုန်သော အာရုံ၌ အပြစ်ကို ဖုံးလွှမ်းခြင်းသည်၎င်း၊ ညွတ်ခြင်းသည်၎င်း ဖြစ်၏၊ ဤသုဂတိဘဝသို့ လားလတ္တံ့သော သတ္တဝါ၌ ဘဝသစ်သို့ ပစ်ချတတ်ကုန်သော သင်္ခါရတို့သည်ကား ကုသိုလ်သင်္ခါရတို့သည်သာ ဖြစ်ကုန်၏။

**သမ္ပယုတ္တေဟိပရိဂ္ဂယှမာနံ**-ဟူသည်ကား၊ ဝါ-ဟူသော ပုဒ်ကို မိမိနှင့် ယှဉ်ကုန်သော ဖဿ အစရှိကုန်သော တရားတို့နှင့် သမ္ပယုတ္တ ပစ္စည်း အစရှိသည်ဖြင့် ခြံရံ၍ ယူအပ်သော-ဟု အနက်ပေး။ **သဟဇာတမဓိဋ္ဌာနဘာဝေန ပုဗ္ဗင်္ဂမဘူတံ**-ဟူသည်ကား၊ ဝါ ဟူသောပုဒ်ကို မိမိနှင့်တကွ ဖြစ်ကုန်သော တရားတို့၏ တည်ရာ အဖြစ်ဖြင့် ပြဓာန်းသည် ဖြစ်၍ ဖြစ်သော-ဟု အနက်ပေး။ ထိုစကား မှန်၏၊ "မနောပုဗ္ဗင်္ဂမာဓမ္မာ" ဟု မြတ်စွာဘုရား ဟောတော် မူအပ်၏။

**ဘဝန္တရပဋိသန္ဓာနဝသေန**[၁] ဟူသည်ကား၊ ဝါ-ဟူသောပုဒ်ကို ရှေးဖြစ်သော ဘဝတပါးကိုငင်း၊ နောက်ဖြစ်သော ဘဝတပါးကို ငင်း အချင်းချင်း တစပ်တည်း စပ်သကဲ့သို့ စပ်သည့်အစွမ်းဖြင့် ပဋိသန္ဓေ ဝိညာဏ်သည် ဖြစ်ဆဲ ဖြစ်၍သာလျှင် တည်၏။ ဤဘဝမှ သွား၍တည်သည် မဟုတ်၊ ဤကားအဓိပ္ပါယ်တည်း၊ ထိုစကား မှန်၏၊ ရှေးဘဝ၌ အကြိုးဝင်သော တစုံတခုသော တရားမျှ ဘဝတပါးသို့ မပြောင်းရွှေ့၊ ရှေးဘဝ၌ အကြိုးဝင်သော အကြောင်း တို့နှင့် ကင်း၍လည်း ပဋိသန္ဓေ ဝိညာဏ်သည် မဖြစ်ပေ၊ အဘယ် ကဲ့သို့နည်း-ဟူမူကား ပဲ့တင်သံ, ဆီမီးအလျှံ, တံဆိပ်ရေးတို့ကဲ့သို့ တည်း။ အလွန်ချဲ့လွန်းသဖြင့် အကျိုးမရှိပြီ။

---

**မရဏာသန္နဇောနှင့်စုတိကျပုံ**

**၁၇။ ။မရဏာသန္နဝီထိယံ ပနေတ္ထ မန္ဒပ္ပဝတ္တာနိ ပဉ္စေဝ ဇဝနာနိ ပါဋိကင်္ခိတဗ္ဗာနိ၊ တသ္မာ ယဒါ ပစ္စုပ္ပန္နာ- ရမ္မဏေသု အာပါထမာဂတေသု ဓရန္တေသွေဝ မရဏံ ဟောတိ။**

အထူးကိုဆိုဦးအံ့—ဤမရဏာသန္နဝီထိ၌ နွဲ့သည် ဖြစ်၍ ဖြစ်ကုန် သော ငါးကြိမ်သာလျှင် ဖြစ်ကုန်သော ဇောတို့ကို အကြင့်ကြောင့် အလိုရှိအပ်ကုန်၏၊ ထို့ကြောင့် ထင်ခြင်းသို့ ရောက်ကုန်သော တုတ်,လုံကန် ။ပ။ ပန်းမာလ်စသော ကမ္မနိမိတ်, အမိဝမ်းရေ။ပ။ ပဒေသာပင်စသော ဂတိနိမိတ်-ဟု ဆိုအပ်သော ပစ္စုပ္ပန်အာရုံ တို့သည် ထင်ရှားရှိကုန်စဉ်ပင်လျှင် အကြင်အခါ သေခြင်းသည် ဖြစ်၏။

---

၁—**ဘဝန္တရပဋိသန္ဓာနဝသေန**-ဟူသော ပါဌ်ဖြင့် ဘဝဟောင်းမှ ပဋိသန္ဓေဝိညာဏ် စသော ရုပ်, နာမ်, ခန္ဓာ အလုံးစုံတွင် တစုံတခုသော တရားမျှ ဘဝသစ်သို့ ပြောင်း၍မဖြစ်၊ ဘဝဟောင်း၌ပင် အကုန်ချုပ်ငြိမ်း၏။ သို့သော် ဘဝဟောင်းက အဝိဇ္ဇာတဏှာကံ-ဟု ဆိုအပ် သော အကြောင်းတို့နှင့် ကင်း၍လည်း ဘဝသစ်ပဋိသန္ဓေဝိညာ**ဏ်** မဖြစ်နိုင်။ ပဲ့တင်သံ, ဆီမီးလျှံ, တံဆိပ်ရေးကဲ့သို့ ဖြစ်လေ၏-ဟုမှတ်။

## မရဏာသန္နဇောနှင့်စုတိကျပုံအဘွင့်

၇၇။ ။ဝတ္ထုရုပ် အားနည်းသည်ဖြစ်၍ ဖြစ်ကုန်သောကြောင့် **မန္ဒပ္ပဝတ္တာနိ**[၁] မည်ကုန်၏၊ မနောဒွါရ၌ ဂတိနိမိတ်၏ အစွမ်းဖြင့် ပဉ္စဒွါရ၌ ကမ္မနိမိတ်၏အစွမ်းဖြင့် ပစ္စုပ္ပန်အာရုံတို့သည် ထင်ခြင်းသို့ ရောက်ကုန်စဉ် သေခြင်းသည် ဖြစ်၏၊ ဤကား—အရှင်အနုရုဒ္ဓါ ဆရာ၏ အလိုတော်တည်း။

---

## ပဋိသန္ဓေဘဝင်တို့၏အာရုံ

**၇၈။ ။တဒါ ပဋိသန္ဓိဘဝင်္ဂါနမ္ပိ ပစ္စုပ္ပန္နာရမ္မဏတာ လဗ္ဘ-တီတိ ကတွာ ကာမာဝစရပဋိသန္ဓိယာ ဆဒွါရဂ္ဂဟိတံ ကမ္မနိမိတ္တံ ဂတိနိမိတ္တဉ္စ ပစ္စုပ္ပန္နမတီတာရမ္မဏံ ဥပလဗ္ဘတိ။**

ထိုအခါ၌ ပဋိသန္ဓေ ဘဝင်စိတ်တို့၏လည်း ပစ္စုပ္ပန်အာရုံ ရှိသည် အဖြစ်ကို ရအပ်၏၊ ထို့ကြောင့် ကာမာဝစရပဋိသန္ဓေ၏ အာရုံကို ဆဒွါရိက မရဏာသန္နဇောသည် ယူအပ်သော ပစ္စုပ္ပန်လည်း ဖြစ်သော အတိတ်လည်းဖြစ်သော တုတ်,လှံကန် အစရှိသော

---

၁—**မန္ဒပ္ပဝတ္တာနိ**-ဟူသောပါဠိဖြင့် စုတေ့ခါနီးသော သတ္တဝါသည် ရေနံ ခါတ်ဆီ ကုန်ခမ်းသော မီးကဲ့သို့ ကံအား, ဟဒယဝတ္ထုအား စသည်တို့သည် အလွန်အားနည်း ကုန်သည်အဖြစ်ကြောင့် ဇောအရှိန်တို့သည် ပကတိ အခါ၌ကဲ့သို့ ၇-ကြိမ် မစောနိုင်ဘဲ,၅-ကြိမ် သာစောကုန်တော့၏-ဟူသော အဓိပ္ပါယ်ကို ပြ၏။

**တသ္မာ။ ပ။ မရဏံ ဟောတိ**-ဟူသောပါဠိဖြင့် ဇောနောင် စုတိကျသော မရဏာ-သန္နဝီထိမှာ မရဏာသန္နဇောက ၅-ကြိမ်မျှသာ စော၍ စုတိစိတ်တိုင်အောင် ရေတွက် ကြည့်သော် စိတ္တက္ခဏ ၁၄-ချက်သာရှိ၍ အာရုံမချုပ်သေးသောကြောင့် ပစ္စုပ္ပန်အာရုံကို အာရုံပြုရသည်။ ပစ္စုပ္ပန်အာရုံ ထင်ရှားရှိတုံးသာ သေရသည်-ဟူသော အဓိပ္ပါယ်ကို ပြ၏။

ကမ္မနိမိတ်ကိုင်၏၊ မနောဒွါရဖြင့် ယူအပ်သော ပစ္စုပ္ပန်သာလျှင် ဖြစ်သော အမိဝမ်းရေ အစရှိသော ဂတိနိမိတ်ကိုင်၏ ရအပ်၏။

---

## ပဋိသန္ဓေဘဝင်တို့၏အာရုံအဘွင့်

၁၁။ ။**ပဋိသန္ဓိဘဝင်္ဂါနမ္ပိပစ္စုပ္ပန္နာရမ္မဏတာ လဗ္ဘတိ**[၁] ဟူသည်ကား၊ မနောဒွါရ၌ ရှေးဦးစွာ ပဋိသန္ဓေ၏၎င်း၊ လေးပါးကုန်သော ဘဝင်တို့၏၎င်း၊ ပစ္စုပ္ပန်အာရုံ၏ အဖြစ်ကို ရအပ်၏၊ပဉ္စဒွါရ၌ကား ပဋိသန္ဓေ၏သာ ပစ္စုပ္ပန် အာရုံ၏ အဖြစ်ကို ရအပ်၏၊ ထို့ကြောင့်သာလျှင် အချို့သော စိတ်အား မနောဒွါရ၌ ထင်ခြင်းသို့ ရောက်သော ပစ္စုပ္ပန် ဂတိနိမိတ်ကို အာရုံပြု၍ ဖြစ်သော တဒါရုံ အဆုံးရှိသော ဝီထိစိတ်၏ အခြားမဲ့၌ စုတိစိတ်သည် ဖြစ်သည် ရှိသော် ထိုစုတိစိတ်၏ အခြားမဲ့၌ စိတ္တက္ခဏ ငါးချက် အသက်ရှိသော အာရုံ၌ ဖြစ်သော ပဋိသန္ဓေ၏၎င်း၊ ဘဝင် လေးချက်တို့၏၎င်း၊ ပဉ္စဒွါရ၌ ဆွေမျိုး အစရှိသော သူတို့သည် ထင်စေအပ်ကုန်သော လျှာဘွယ်ဝတ္ထုတို့၌ တည်ကုန်သော အဆင်း အစရှိသည်တို့ကို အာရုံပြု၍ ထိုက်သည်အားလျော်စွာ ဖြစ်သော ဝီထိစိတ်၏၎င်း၊ စုတိစိတ်၏၎င်း၊ အခြားမဲ့၌ စိတ္တက္ခဏ တချက်မျှ အသက်ရှိသော အာရုံ၌ ဖြစ်သော ပဋိသန္ဓေ၏ ပစ္စုပ္ပန်အာရုံ၌ ဖြစ်ခြင်းကို ရအပ်၏၊ ဤဆိုအပ်ပြီးသော အာရုံအဖြစ်သည်ကား ဤဋီကာကျော်ကျမ်း၌ အကျဉ်းမျှသာတည်း၊ အကျယ်ကိုကား ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌၎င်း၊ဝိဘင်းအဋ္ဌကထာ၌၎င်း၊ သဒ္ဒါရ-ဟူသော အကြောင်းကြောင့် ဖြစ်သော ဝိညာဏပုဒ်အဘွင့်၌ ဆိုအပ်ပြီးသောနည်းဖြင့် မှတ်အပ်၏။

---

၁—**တဒါပဋိသန္ဓိဘဝင်္ဂါနမ္ပိပစ္စုပ္ပန္နာရမ္မဏတာလဗ္ဘတိ**-ဟူသောပါဌ်ဖြင့် ထိုမရဏာသန္နဝီထိ၌ အတိတဘဝင်မှစ၍ စုတိတိုင်အောင် အာရုံအသက်မှာ စိတ္တက္ခဏ ၁၄-ချက်သာရှိသေး၍ ဘဝဟောင်းက ပစ္စုပ္ပန်အာရုံမချုပ်သေး၊ ထို့ကြောင့် ဘဝသစ်ဝယ် ပဋိသန္ဓေနှင့် ဘဝင် ၂-ကြိမ်တို့သည် ထိုဘဝဟောင်း ပစ္စုပ္ပန်အာရုံကိုပင် ဆက်လက်၍ အာရုံပြုကြရ၏ ဟူသော အဓိပ္ပါယ်ကို ပြ၏။

**ဆဒွါရဂ္ဂဟိတံ**[၁] ဟူသည်ကား၊ ကမ္မနိမိတ်ကို ခြောက်ဒွါရဖြင့် ယူအပ်၏၊ ဂတိနိမိတ်ကို ခြောက်ခု မြောက်သော မနောဒွါရဖြင့် ယူအပ်၏၊ ဤသို့ ဖြစ်သင့်သည်အားလျော်စွာ ယှဉ်အပ်၏-ဟူလို၊ တပါးသော ဆရာတို့သည်ကား-သာမညအားဖြင့်သာလျှင် ဘွင့်ဆိုအပ်ကုန်၏၊ သစ္စသံခိပ်ကျမ်း၌လည်း ထိုသာမညဖြစ်သော အဓိပ္ပါယ်ဖြင့်သာလျှင် "ပဉ္စဒွါရေ သိယာ သန္ဓိ၊ ဝိနာ ကမ္မံ ဒွိဂေါစရေ" ဟူသော ဤစကားကို မိန့်ဆိုအပ်၏၊ အနက်ကား—ပဉ္စဒွါရ၌ ကံကို ကြဉ်၍ ကမ္မနိမိတ် ဂတိနိမိတ်-ဟု ဆိုအပ်သော နှစ်ပါးသော အာရုံ၌ ပဋိသန္ဓေသည်ဖြစ်၏၊ အဋ္ဌကထာ၌ကား—ဂတိနိမိတ်သည် မနောဒွါရ၌ ထင်ခြင်းသို့ရောက်၏-ဟု ဆိုအပ်သောကြောင့်၎င်း၊ ထိုဂတိနိမိတ်လျှင် အာရုံရှိသော ပဉ္စဒွါရ၌ ဖြစ်သော ပဋိသန္ဓေကို မပြအပ်သည် အဖြစ်ကြောင့်၎င်း၊ မူလဋီကာ အစရှိသည်တို့၌လည်း ကံ၏အစွမ်းသည် ထင်စေအပ်သော ရူပါရုံသည် အိပ်မက်ကို မြင်မက်သောသူအား၎င်း၊ ဒိဗ္ဗစက္ခုအဘိညာဏ်အားဖြင့်၎င်း၊ မနောဒွါရ၌သာ အာရုံအဖြစ်သို့ ရောက်သကဲ့သို့ မနောဒွါရ၌သာ အာရုံ၏အဖြစ်သို့ရောက်၏၊ ဤသို့ မှတ်၍ ဆိုအပ်သောကြောင့်၎င်း၊ ထို **အပရေဆရာ** တို့၏ စကားကို ဆရာတို့သည် ဝန်မခံကြကုန်။

**ပစ္စုပ္ပန္နံ**—ဟူသော ဤပုဒ်၌ ပစ္စုပ္ပန် အာရုံရှိသော ဂတိနိမိတ်သည် သင့်တန်စေ၊ ကမ္မနိမိတ်ကိုကား—ပဋိသန္ဓေကို ဖြစ်စေသော ကံ၏သာလျှင် အာရုံ ဖြစ်၍ ဖြစ်သော ကမ္မနိမိတ်ကို အလို

---

၁—"**ကာမာဝစရပဋိသန္ဓိယာ။ ပ။ ဥပလဗ္ဘတိ**-ဟူသောပါဠိဖြင့် ကာမာဝစရပဋိသန္ဓေ၌ ကမ္မနိမိတ်, ဂတိနိမိတ် ၂-ပါးတွင် ကမ္မနိမိတ်ကား ပစ္စုပ္ပန်ကမ္မနိမိတ်, အတိတ်ကမ္မနိမိတ်ဟူ၍ နှစ်မျိုးရှိ၏၊ ရှေးအခါ ပြုခဲ့သော ချပ်ဆုံး ပျောက်ကွယ်ပြီးသော ဆွမ်း သင်္ကန်း ကျောင်းကန် စသောကုသိုလ် ကမ္မနိမိတ်, တုတ်,လှံ,ထား စသော အကုသိုလ် ကမ္မနိမိတ်တို့သည် အတိတ် ကမ္မနိမိတ် မည်ကုန်၏၊ ထိုအတိတ် ကမ္မနိမိတ်သည် မနောဒွါရ၌သာ ထင်နိုင်၏။

စုတေခါနီးဝယ် မိဘ ဆွေမျိုးတို့သည် ယူဆောင်အပ်သော ဆွမ်းပန်းစသော မချုပ်သေးဘဲ ထင်ရှားရှိသော ကမ္မနိမိတ်သည် ပစ္စုပ္ပန်ကမ္မနိမိတ်မည်၏၊ ထိုကမ္မနိမိတ်သည် အာရုံအားဖြင့် ခြောက်ပါးလုံးတည်း, ဒွါရအားဖြင့် ခြောက်ဒွါရလုံး၌ ထင်နိုင်၏၊ ဂတိနိမိတ်သည်ကား ကာလအားဖြင့် ပစ္စုပ္ပန်ကာလဖြစ်၍ အာရုံအားဖြင့် ရူပါရုံ, ဒွါရအားဖြင့် မနောဒွါရ၌သာ ထင်နိုင်၏-ဟူသော အဓိပ္ပါယ်ကိုပြ၏။

ရှိအပ်၏၊ ထို့ကြောင့် မရဏာသန္နဇောသည် ယူအပ်သော ထိုကမ္မနိမိတ်၏၊ ပစ္စုပ္ပန်အဖြစ်သည် အဘယ်သို့လျှင် ဖြစ်သင့်အံ့နည်း၊ ဝါ-မဖြစ်သင့်၊ အဘယ့်ကြောင့်ဆိုသော် ထိုမရဏာသန္နဇောသည်သာလျှင် အာရုံကိုထင်စေတတ်သည် မဖြစ်ရာ၊ ထိုမရဏာသန္နဇောသည်သာလျှင် ပဋိသန္ဓေကို ဖြစ်စေတတ်သည် မဖြစ်ရာသော ကြောင့် တည်း၊ အဘယ့်ကြောင့် မရဏာသန္နဇောသည် ပဋိသန္ဓေကို မဖြစ်စေနိုင်ပါသနည်း-ဟူမူ၊ ဆည်းပူးအပ်သော အဖြစ်မရှိသောကြောင့်၎င်း၊ တဏှာသည် မသာယာအပ်သည် အဖြစ်ကြောင့်၎င်း မဖြစ်ရာ၊ ထိုစကားမှန်၏၊ "ကတတ္တာဥပစိတတ္တာ"ဟု ဟောတော်မူသောကြောင့် အဖန်တလဲလဲ ရအပ်ပြီးသော မှီဝဲခြင်းရှိသော ကံသည်သာလျှင် ပဋိသန္ဓေကို ငင်နိုင် ပေးနိုင်၏။

ပဋိသမ္ဘိဒါမဂ်ပါဠိတော်၌လည်း ကံကို တပ်နှစ်သက်သော ခဏ၌ နှစ်ပါးကုန်သော လောဘ, မောဟဟိတ်တို့၏ သတ္တိအားဖြင့်လည်း သဟိတ်ပဋိသန္ဓေကို ဟောအပ်သောကြောင့် ပြုအပ်သော ဆည်းပူးခြင်း ရှိသော်လည်း ကံသည် တဏှာက သာယာအပ်သော်သာလျှင် အကျိုးကို ပြီးစေ၏။

ထိုမရဏာသန္နအခါ၌လည်း ပဋိသန္ဓေနှင့် တူသော ဝီထိကဲ့သို့ ဖြစ်ကုန်သော မရဏာသန္နဇောတို့သည် အဖန်တလဲလဲ ရအပ်သော မှီဝဲခြင်း ရှိကုန်သည် အသို့လျှင် ဖြစ်နိုင်ပါကုန်အံ့နည်း၊ ထိုမရဏာသန္နဇောတို့ကို ထိုမရဏာသန္နဇောအခါ၌ တဏှာသည် စွဲလမ်းအပ်ကုန်သည် အသို့လျှင် ဖြစ်ကုန်အံ့နည်း၊ နည်းတပါးကို ငါဆိုဦးအံ့၊ ပစ္စုပ္ပန်ဖြစ်သော ကမ္မနိမိတ်သည် မရဏာသန္နအခါ၌ ဖြစ်ကုန်သော ပဉ္စဒွါရ၌ ဖြစ်ကုန်သော ဇောတို့၏ အာရုံ ဖြစ်၏၊ ပဉ္စဒွါရ၌ ဖြစ်သော ကံသည်လည်း ထက်ဝန်းကျင် အားနည်းသည် အဖြစ်ကြောင့် ပဋိသန္ဓေကို မဖြစ်စေနိုင်၊ ဤသို့ အဋ္ဌကထာ၌ မိန့်ဆိုအပ်၏၊ ထို့ကြောင့် ထိုမရဏာသန္နဇောသည်သာလျှင် ပဋိသန္ဓေကို မဖြစ်စေနိုင်ရာ၊ ဤမရဏာသန္နဇောသည် ပဋိသန္ဓေကို မဖြစ်စေနိုင်-ဟူသော စကားသည် မှန်၏၊ ထိုသို့ မှန်သော်လည်း ဆွေမျိုး အစရှိသူတို့သည် ထင်စေအပ်ကုန်သော ပန်းအစရှိသည်တို့သည် အနီး၌

တည်ကုန်စဉ်သာလျှင် သေခြင်း၏ ဖြစ်သင့်ခြင်းကြောင့် ထိုပန်းအစ ရှိသော ဝတ္ထု၌ တည်သော အဆင်းအစရှိသည်ကို အာရုံပြု၍ မရဏာသန္နဇောမှ ရှေးအဘို့၌ ဖြစ်ကုန်သော ပဋိသန္ဓေကို ဖြစ်စေ ခြင်းငှါ စွမ်းနိုင်ကုန်သော မနောဒွါရ၌ ဖြစ်ကုန်သော ဇောတို့၏ အာရုံဖြစ်၍ ဖြစ်သော ကမ္မနိမိတ်နှင့်တကွ တူသောကြောင့် ထိုရှေး အဘို့၌ ဖြစ်သော မနောဒွါရ၌ ဖြစ်သော ဇောတို့၏ အာရုံဖြစ်သော ကမ္မနိမိတ်နှင့် တစပ်တည်း တည်သော မရဏာသန္နဇောသည် ယူအပ်သော၊ ပစ္စုပ္ပန် ဖြစ်သော ရူပါရုံ အစရှိသည်ကိုလည်း ကမ္မနိမိတ်၏ အဖြစ်ဖြင့် မိန့်ဆိုအပ်၏၊ ဤသို့နှလုံးပြု၍၊ အရှင် အာနန္ဒာဆရာသည် ပဉ္စဒွါရ၌လည်း ထင်ခြင်းသို့ ရောက်သော ပစ္စုပ္ပန် ဖြစ်သော အကြင်ကမ္မနိမိတ်သည် သေခါနီးသော အခါ၌ ပြုအပ်သော ပဋိသန္ဓေကို ဖြစ်စေတတ်သော ကံ၏ အာရုံဖြစ်သော ကမ္မနိမိတ်နှင့် တစပ်တည်းသော သဏ္ဍာန်၌ ဖြစ်၏၊ ထိုသေခါနီး သောကာလ၌ ပြုအပ်သော ပဋိသန္ဓေကို ဖြစ်စေတတ်သော ကံ၏ အာရုံဖြစ်သော ကမ္မနိမိတ်နှင့် တူ၏၊ ဤသို့မှတ်အပ်၏။

---

၉၁။ ။**တထာ အာရုပ္ပပဋိသန္ဓိယာ စ မဟဂ္ဂတဘူတံ ပညတ္တိဘူတဉ္စ ကမ္မနိမိတ္တမေဝ ယထာရဟ မာရမ္မဏံဟောတိ။**

ထို့အတူ အရူပ ပဋိသန္ဓေ၏ အာရုံသည်လည်း ထိုက်သည်အား လျော်စွာ မဟဂ္ဂုတ် ဖြစ်၍ ဖြစ်သော ပညတ်ဖြစ်၍လည်း ဖြစ်သော အာကာသာနဉ္စာယတန ကုသိုလ်,ကောင်းကင်ပညတ် အစရှိသော ကမ္မနိမိတ်သည်သာလျှင် ဖြစ်၏။

---

၉၁။ ။**ယထာရဟံ**-ဟူသည်ကား၊ ဝါ-ဟူသောပုဒ်ကို ဒုတိယ, စတုတ္ထ, ပဥ္စမ, တတိယ ဖြစ်ကုန်သော ပဋိသန္ဓေတို့အား လျော်သဖြင့် ဟု အနက်ပေး။

---

**ကမ္မံပန။ ပ။ တာနေဝ ဝါရမ္မဏာနိ**-ဟူသော ပါဌ်ဖြင့် ကံ၏အာရုံကား ကာလ အားဖြင့် အတိတ်ကာလ စေတနာ အာရုံသာဖြစ်၏၊ ဒွါရအားဖြင့် မနောဒွါရ၌သာ ထင်နိုင်၏၊ ထိုကံ ကမ္မနိမိတ် ဂတိနိမိတ် အာရုံတို့ဟူသည် တရားကိုယ်အားဖြင့် ကာမစိတ်, ကာမ စေတသိက် ၃၈-ပါး,ရုပ် ၂၈-ပါး,ကာမတရားတို့သာဖြစ်ကုန်၏ ဟူသော အဓိပ္ပါယ်ကို ပြ၏။

၉၄။ ။အာရုပ္ပစုတိယာ ဟောန္တိ၊ ဟေဋ္ဌိမာရုပ္ပဝဇ္ဇိတာ။
ပရမာရုပ္ပသန္ဓိ စ၊ တထာ ကာမာတိဟေတုကာ။
ရူပါဝစရစုတိယာ၊ အဟေတုရဟိတာ သိယုံ။
သဗ္ဗာကာမတိဟေတုမှာ၊ ကာမေသွေဝ ပနေတရာ။
အယမေတ္ထ စုတိ ပဋိသန္ဓိက္ကမော။

အရူပ စုတိလေးခုမှ နောက်၌အောက်အောက်၌ ဖြစ်သော အရူပ ပဋိသန္ဓေသည် ကြဉ်အပ်ကုန်သော အရူပ ပဋိသန္ဓေ လေးခုတို့သည်ငှင်း၊ ထို့မြို့ ကာမတိဟိတ် ပဋိသန္ဓေ လေးခုတို့သည်ငှင်း ဖြစ်ကုန်၏။

ရူပါဝစရစုတိ ခြောက်ခုမှ နောက်၌ အဟိတ်ပဋိသန္ဓေသည် ကြဉ်အပ်ကုန်သော ၁၇-ပါးသော ပဋိသန္ဓေတို့သည် ဖြစ်ကုန်၏၊ ကာမတိဟိတ် စုတိလေးခုမှ နောက်၌ အလုံးစုံသော တခုယုတ်နှစ်ဆယ်သော ပဋိသန္ဓေတို့သည် ဖြစ်ကုန်၏၊ ထိုမှတပါး ကာမတိဟိတ် ဒွိဟိတ် စုတိမှ နောက်၌ ကာမတဆဲ့ တဘုံ၌သာလျှင် ၁၀-ပါးသော ပဋိသန္ဓေတို့သည် ဖြစ်ကုန်၏။

ဤကား ဤအရာ၌ စုတိ ပဋိသန္ဓေတို့၏ အစဉ်ကို ဆိုကြောင်း ဖြစ်သောနည်းတည်း။

---

၉၄။ ။အထက်အထက် ဘုံ၌ ဖြစ်ကုန်သော အရူပပုဂ္ဂိုလ်တို့၏ အောက်အောက် ဘုံ၌ ပဋိသန္ဓေကို ဖြစ်စေတတ်သော ကံကို

---

ဤအာရုပ္ပစုတိယာစသောပါဌ်ဖြင့် မိမိဖြစ်ရာဘုံမှ လားနိုင်ရောက်နိုင်သော ဘုံဘဝကို ပြ၏၊

ပြပုံကား—အာကာသာနဉ္စာယတနဘုံမှ စုတေ့သောဗြဟ္မာကြီးသည် အရူပ ပဋိသန္ဓေ ၄-ပါး၊ ကာမတိဟိတ် ပဋိသန္ဓေ ၄-ပါးအားဖြင့် ပဋိသန္ဓေ ၈-ပါးသာဖြစ်နိုင်၏၊ (ဒွိဟိတ်မျိုး ငရဲမျိုး၌ မဖြစ်နိုင်ဆိုလိုသည်၊ ကြွင်းဤအတိုင်းသိ။)

ဝိညာဏဉ္စာယတနစုတိနောက်၌ ဝိညာဏဉ္စာယတန ပဋိသန္ဓေတပါး၊ အာကိဉ္စညာယတနပဋိသန္ဓေတပါး၊ နေဝသညာနာသညာယတနပဋိသန္ဓေတပါး၊ ကာမတိဟိတ် ပဋိသန္ဓေ ၄-ပါးအားဖြင့် ၇-ပါးသော ပဋိသန္ဓေစိတ်တို့သည် ဖြစ်ကုန်၏။

အာကိဉ္စညာယတနစုတိမှ နောက်၌ အာကိဉ္စညာယတနပဋိသန္ဓေတပါး၊ နေဝသညာနာသညာယတနပဋိသန္ဓေတပါး၊ ကာမတိဟိတ်ပဋိသန္ဓေ ၄-ပါးအားဖြင့် ခြောက်ပါးသော ပဋိသန္ဓေစိတ်တို့သည် ဖြစ်ကုန်၏။

နေဝသညာနာသညာယတနစုတိမှ နောက်၌ နေဝသညာနာသညာယတနပဋိသန္ဓေတပါး၊ ကာမတိဟိတ် ပဋိသန္ဓေ ၄-ပါးအားဖြင့် ၅-ပါးသော ပဋိသန္ဓေစိတ်တို့သည် ဖြစ်ကုန်၏။

အားမထုတ်သောကြောင့် အရူပစုတိ လေးခုမှ နောက်၌ အောက်အောက်သော အရူပ ပဋိသန္ဓေသည် ကြည်အပ်ကုန်သော အရူပ ပဋိသန္ဓေတို့သည် ဖြစ်ကုန်၏၊ ဥပစာရဈာန်၏ အားရှိသည် အဖြစ်ကြောင့် ထိုဥပစာရဈာန်၏ အကျိုးဖြစ်၍ ဖြစ်ကုန်သော ကာမဘုံ၌ တိဟိတ်ဖြစ်ကုန်သော ပဋိသန္ဓေတို့သည် ဖြစ်ကုန်၏။

ရူပါဝစရစုတိ ခြောက်ခုမှ [၁] နောက်၌ အဟိတ်ပဋိသန္ဓေသည် ကြည်အပ်ကုန်သော ဥပစာရဈာန်၏ အစွမ်းကြောင့် သာလျှင် ဖြစ်ကုန်သော ဒွိဟိတ်ပဋိသန္ဓေ, တိဟိတ်ပဋိသန္ဓေတို့သည် ဖြစ်ကုန်၏၊ ကာမဘုံ တိဟိတ်စုတိမှ [၂] နောက်၌ အလုံးစုံသာလျှင် ဖြစ်ကုန်သော ကာမဘုံ, ရူပဘုံ, အရူပဘုံ၌ အကျုံးဝင်ကုန်သော အဟိတ် အစရှိကုန်သော ပဋိသန္ဓေ တို့သည် ထိုက်သည်အား လျော်စွာ ဖြစ်ကုန်၏၊ ဤတိဟိတ်စုတိမှ တပါးသော ဒွိဟိတ်, အဟိတ် ဖြစ်ကုန်သော စုတိမှ နောက်၌ ကာမဘုံတို့၌သာလျှင် တိဟိတ် အစရှိသော ပဋိသန္ဓေတို့သည် ဖြစ်ကုန်၏။

## ဘဝင်စုတိဖြစ်ပုံ

၉၅။ **။ဣစ္စေဝံ ဂဟိတပဋိသန္ဓိကာနံ ပန ပဋိသန္ဓိနိရောဓါနန္တရတော ပဘုတိ တမေဝါရမ္မဏမာရဗ္ဘ တဒေဝစိတ္တံ ယာဝစုတိ စိတ္တုပ္ပါဒါ အသတိ ဝီထိစိတ္တုပ္ပါဒေ ဘဝဿ အင်္ဂဘာဝေန ဘဝင်္ဂသန္တတိသင်္ခါတံ မာနသံ အဗ္ဗောစ္ဆိန္နံ နဒီသောတောဝိယ ပဝတ္တတိ၊ ပရိယောသာနေ စ စဝနဝသေန စုတိစိတ္တံ ဟုတွာ နိရုဇ္ဈတိ။**

---

၁—ရူပါဝစရစုတိခြောက်ခုမှ နောက်၌ မဟာဝိပါက်ပဋိသန္ဓေ ၈-ပါး၊ ရူပါဝစရ ပဋိသန္ဓေ ၅-ပါး၊ အရူပါဝစရပဋိသန္ဓေ ၄-ပါး အားဖြင့် ၁၇-ပါးသော ပဋိသန္ဓေစိတ်တို့သည် ဖြစ်ကုန်၏။

၂—ကာမတိဟိတ်စုတိလေးခုမှ နောက်၌ ကာမပဋိသန္ဓေ ၁၀-ပါး၊ ရူပါဝစရပဋိသန္ဓေ ငါးပါး၊ အသညသတ်ပဋိသန္ဓေ ၁-ပါး၊ အရူပါဝစရပဋိသန္ဓေ ၄-ပါး အားဖြင့် ၂၀-သော ပဋိသန္ဓေစိတ်တို့သည် ဖြစ်ကုန်၏။

ကာမအဟိတ်, ဒွိဟိတ်စုတိခြောက်ခုမှ နောက်၌ ကာမပဋိသန္ဓေ ၁၀-ပါးတို့သည် ဖြစ်ကုန်၏-ဟူလို။

ဘဝင်အစဉ်ကို ဆိုဦးအံ့—အကြင်အကြင် ဆိုအပ်သော နည်းဖြင့် ယူအပ်ပြီးသော ပဋိသန္ဓေရှိကုန်သော ပုဂ္ဂိုလ်တို့အား ပဋိသန္ဓေစိတ် ချုပ်သည်၏ အခြားမဲ့မှစ၍ ထိုပဋိသန္ဓေ၏ အာရုံကိုပင်လျှင် အာရုံပြု၍ ထိုပဋိသန္ဓေစိတ်သည်ပင်လျှင် စုတိစိတ် ဖြစ်သည်တိုင်အောင် ဝီထိစိတ်တို့၏ ဖြစ်ခြင်းသည် မရှိသော် ဘဝ၏ အကြောင်း၏ အဖြစ်ဖြင့် ဘဝင်၏ အစဉ်-ဟု ဆိုအပ်သော စိတ်သည် မပြတ် မြစ်ရေအယဉ်ကဲ့သို့ ဖြစ်၏၊ အဆုံး၌လည်း စုတိသည် အစွမ်းဖြင့် စုတိစိတ် ဖြစ်၍ ချုပ်၏။

---

၉၅။ ။**ပဋိသန္ဓိ နိရောဓာနန္တရတော**-ဟူသောပုဒ်ကို ပဋိသန္ဓေ ချုပ်ခြင်း၏ အခြားမဲ့ဖြစ်သော ကာလမှ-ဟု အနက်ပေး။ **တဒေဝစိတ္တံ** ဟူသည်ကား၊ ဝါ-ဟူသောပုဒ်ကို ထိုပဋိသန္ဓေစိတ်နှင့် ဘုံ, ဇာတ်, သမ္ပယုတ္တဓမ္မအာရုံအားဖြင့် တူသည်အဖြစ်ကြောင့် ထိုပဋိသန္ဓေစိတ် ဟူသော ခေါ်ဝေါ်ခြင်းသို့ ရောက်သည် အဖြစ်ကြောင့် ထိုပဋိသန္ဓေ စိတ်သည်သာလျှင်-ဟု အနက်ပေး။ အဘယ်ကဲ့သို့နည်း-ဟူမူကား၊ **တာနိယေဝ သြသဓာနိ**-ဟူ သကဲ့သို့တည်း။

---

**ဇူဇွေဝံ။ ပ ။ပဝတ္တတိ**-စသော ပါဠိဖြင့် ဤသို့ဆိုအပ်ပြီးသော ပဋိသန္ဓေရှိကုန်သော ပုဂ္ဂိုလ်တို့အား ရှေးဦးစွာ ပဋိသန္ဓေစိတ်ဖြစ်၏။ ၎င်းပဋိသန္ဓေစိတ်ချုပ်ပြီးသည်နောက် ထို ပဋိသန္ဓေစိတ်၏ အာရုံကိုပင် အာရုံပြု၍ ထိုပဋိသန္ဓေစိတ်သည်ပင်လျှင် စုတိစိတ်ဖြစ်သည် တိုင်အောင် ဝီထိစိတ်ဖြစ်ခြင်းမရှိခဲ့သော် ဘဝ၏အကြောင်းအဖြစ်ဖြင့် ဘဝင်အစဉ်သည် မပြတ်မူ၍ မြစ်ရေအယဉ်ကဲ့သို့ဖြစ်၏-ဟု ဘဝင်စိတ်ဖြစ်ပုံကို ပြ၏။

**ပရိယောသာနေ။ ပ ။နိရုဇ္ဈတိ**- ပါဠိဖြင့် ထိုပဋိသန္ဓေစိတ်သည်ပင်လျှင် ယခုဘဝ ဆုံးရာ၌လည်း ရွှေ့လျောစုတိသည်အစွမ်းဖြင့် စုတိစိတ်ဖြစ်၍ ချုပ်၏-ဟု စုတိစိတ်ဖြစ်ပုံကို ပြ၏။ (အကြွင်းပေါ်ပြီ)

**တာနိယေဝ သြသဓာနိ အဓိပ္ပါယ်—**

လူမမာ တဦးသည် ဆေးပုလင်း၏ အတွင်းမှဆေးကို နေ့စဉ်နေ့တိုင်း မှန်မှန်ယူ၍စား၏၊ ယနေ့ စားသောဆေးသည် လွန်ခဲ့သောနေ့ရက်များကစားသောဆေးများ မဟုတ်ပါဘဲလျက် ပြုပ်, ပိတ်ချင်း, ဂျင်း စသော ဆေးမြစ် အရေအဘွက်, ညက်ညောပုံ အဆင်း, အသွေး တူလှ သောကြောင့်သာ မနေ့က ဆေးကိုဘဲ ဆက်လက် စားနေတယ်၊ အရင်က ဆေးကိုဘဲ ဆက်လက်၍ စားနေတယ်-ဟူ၍ လောကမှာ ပြောဆိုရှ် နေကြသကဲ့သို့၊ ထိုပဋိသန္ဓေစိတ်သည် ပင်လျှင် ဘဝင်စိတ်, စုတိစိတ် ဖြစ်သည်တိုင်အောင် မြစ်ရေအယဉ်ကဲ့သို့ ဖြစ်သည်-ဟု ဆိုခြင်း ဖြစ်ပေသည်။

**အသတိ ဝီထိစိတ္တုပ္ပါဒေ**-ဟူသည်ကား၊ ဝါ-ဟူသော ပုဒ်ကို အကြားအကြား၌ ဝီထိစိတ်တို့၏ ဖြစ်ခြင်းမရှိသော် ထိုဘဝင်စိတ်သည်သာလျှင် စုတိစိတ် ဖြစ်၍ ချုပ်၏၊ ဤသို့ စပ်ခြင်းကို ပြုအပ်၏။

---

**သံသရာစက်လည်ပုံ**

**၉၆။ ။တတော ပရဥ္စ ပဋိသန္ဓာဒယော ရထစက္ကမိဝ ယထာက္ကမံ ဧဝ ပရိဝတ္တန္တာ ပဝတ္တန္တိ။**

ထိုစုတိစိတ် ချုပ်သည်မှ နောက်၌လည်း ပဋိသန္ဓေ အစရှိကုန်သော စိတ်တို့သည် အစဉ်အတိုင်း ရထားလှည်းဘီးစက်ကဲ့သို့ လည်ကုန်၍သာလျှင် ဖြစ်ကုန်၏။

---

၉၆။ ။**ပရိဝတ္တန္တာ ပဝတ္တန္တိ**-ဟူသည်ကား ဝဋ္ဋဆင်းရဲ၏အရင်း ဖြစ်ကုန်သော အဝိဇ္ဇာနှင့် တဏှာ ပြတ်သည်တိုင်အောင်တပြောင်းပြန်ပြန် လည်၍ ဖြစ်ကုန်၏၊ ဤကား ဆရာ၏အလိုတော်တည်း။

---

၉၇။ ။**ပဋိသန္ဓိဘဝင်္ဂဝီထိယော၊**
**စုတိ စေဟ တထာ ဘဝန္တရေ။**
**ပုန သန္ဓိဘဝင်္ဂမိစ္စယံ၊**
**ပရိဝတ္တတိ စိတ္တသန္တတိ။ ။**

---

တခြားစီ တခြားစီ ဖြစ်ကြသော်လည်း ဘုံ, ဇာတ်, သမ္ပယုတ္တဓမ္မ, အာရုံတူကြသော ကြောင့်သာ တမျိုးတည်း တခုတည်းကဲ့သို့ ပြဆိုခြင်း ဖြစ်ပေသည်၊ စင်စစ်အားဖြင့် တခြားစီသာလျှင်တည်း။

၉၈။ ။ပဋိသင်္ခါယ ပနေတမဒ္ဓုဝံ၊
အဓိဂန္တွာ ပဒမစ္စုတံ ဗုဓာ။
သုသမုစ္ဆိန္နသိနေဟဗန္ဓနာ၊
သမမေဿန္တိ စိရာယ သုဗ္ဗတာ။ ။

ဤပစ္စုပ္ပန်ဘဝ၌ ပဋိသန္ဓေ ဘဝင် ဝီထိစိတ်တို့သည်၎င်း၊ စုတိစိတ်သည်၎င်း၊ လည်၍ ဖြစ်ကုန်သကဲ့သို့ ထို့အတူ တဖန် ဘဝတပါး၌လည်း ပဋိသန္ဓေ ဘဝင် အစရှိသော ဤစိတ်အစဉ်သည်လည်း လည်၍ ဖြစ်၏။

သံသရာစက် လည်သည်မှတပါး သံသရာစက် ပြတ်သည်ကို ဆိုဦးအံ့—ပညာရှိတို့သည် မမြဲသော သဘောရှိသော ထိုဝဋ်တရားကို ပညာဖြင့် ဆင်ခြင်၍ ရှည်မြင့်စွာသော ကာလပတ်လုံး ကောင်းသော အကျင့်ရှိကုန်သည် ဖြစ်၍ ကောင်းစွာ မဂ်ဖြင့် ဖြတ်အပ်ပြီးသော ချစ်ခြင်း နှောင်ဖွဲ့ခြင်း ရှိကုန်သည် ဖြစ်၍ ရွေ့လျောခြင်း မရှိသော နိဗ္ဗာန်ကို မဂ်ဉာဏ် ဖိုလ်ဉာဏ်ဖြင့် သိကုန်၍ ခပ်သိမ်းသော ဝဋ်ဆင်းရဲတို့၏ ငြိမ်းရာ ဖြစ်သော နိဗ္ဗာန်သို့ ရောက်ကုန်လတ့်။

---

## သံသရာစက်လည်ပုံနှင့်ပြတ်ပုံအဘွင့်

၉၇-၉၈။ ။ဤပစ္စုပ္ပန်ဘဝ၌ ပဋိသန္ဓေသည်၎င်း, ဘဝင်သည်၎င်း, ဝီထိသည်၎င်း, စုတိသည်၎င်း, တပြောင်းပြန်ပြန် လည်၍ ဖြစ်သကဲ့သို့ ထို့အတူ တဖန် ဘဝတပါး၌ ပဋိသန္ဓေသည်၎င်း, ဘဝင်သည်၎င်း ဤသို့ အစရှိသော ဤစိတ် အစဉ်သည် တပြောင်းပြန်ပြန် လည်၍ ဖြစ်၏၊ ဤသို့ ယောဇနာခြင်းကို ပြုအပ်၏။

အချို့သော ဆရာတို့သည်ကား ဤပဉ္စမပိုင်း၌ ဝီထိမုတ် ဖြစ်သော စိတ်ကို ပေါင်းခြင်းကိုသာလျှင် ပြအပ်သည် အဖြစ်ကြောင့် ပဋိသန္ဓေ ဘဝင် စုတိတို့ကိုသာလျှင် ဤ“ပဋိသန္ဓိ”စသော ပါဌ်၌ ယူခြင်းသည် သင့်၏၊ ဤသို့သော အလိုဖြင့် ‘‘ပဋိသန္ဓိဘဝင်္ဂဝီထိယော’’ဟူသော ဤပုဒ်၏ ပဋိသန္ဓေ ဘဝင် အစဉ်တည်း-ဟူသော ဤအနက်ကို

ဆိုကုန်၏၊ ထိုကေစိဆရာတို့၏ စကားသည် ထိုဆရာတို့၏ အယူမျှသာတည်း။ အဘယ့်ကြောင့်ဆိုသော် ပဝတ္တိသင်္ဂဟကို ပြဆိုသည့်အဆုံး၌ ထို ပဝတ္တိသင်္ဂဟ၌ ရေတွက်အပ်ကုန်သော အလုံးစုံဖြစ်သော တရားတို့ကိုသာလျှင် နိဂုံးအုပ်ခြင်းကို အလိုရှိသည့်အဖြစ်ကြောင့်တည်း။

ထိုစကား မှန်၏၊ ဤသို့ အလုံးစုံသော တရားတို့ကို နိဂုံးအုပ်သည် ရှိသော် "ပဋိသန္ဓိယပနေတမဒ္ဒုဝံ" ဟူသော ဤပါဌ်၌ ဧတသဒ္ဒါဖြင့် အလုံးစုံသာလျှင် ဖြစ်ကုန်သော ပဋိသန္ဓေ, ဘဝင်, စုတိ, ဝီထိစိတ္တုပ္ပါဒ်တို့ကိုသာလျှင် သုံးသပ်ခြင်းသည် ကောင်းစွာ ပြည့်စုံ၏၊ အကြင်အကြင် ဆိုအပ်ပြီးသော ပျက်တတ်သော သဘော ရှိသော ဤဝဋ္ဋတရားကို ဆင်ခြင်၍ ပညာရှိတို့သည် ကြာမြင့်စွာသော ကာလပတ်လုံး ကောင်းသောအကျင့် ရှိကုန်သည် ဖြစ်၍ စုတေခြင်းသဘောမရှိသော နိဗ္ဗာန်ကို မဂ်ဉာဏ်, ဖိုလ်ဉာဏ်ဖြင့် မျက်မှောက် ပြုကုန်၍ ထိုသို့ နိဗ္ဗာန်ကို မဂ်ဉာဏ်ဖြင့် မျက်မှောက်ပြုခြင်းကြောင့်သာလျှင် ကောင်းစွာ အကြွင်းမဲ့ ဖြတ်ပြီးသော ချစ်ခြင်း, နှောင်ဖွဲ့ခြင်း ရှိကုန်သည် ဖြစ်၍ ခန္ဓာဟူသော ဥပဓိ အကြွင်းမရှိသော နိဗ္ဗာန်သို့ ရောက်ကုန်၏။

**ဤဆိုအပ်ပြီးသောစကားဖြင့် အဘိဓမ္မတ္ထဝိဘာဝနီမည်သောအဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်း၏အဘွင့်၌**

**ပဉ္စမဘုံပိုင်းအဘွင့်သည် ပြီးဆုံးခြင်းသို့ရောက်ပြီ။**

# ဋီကာကျော်မြန်မာပြန်

## ရုပ်ပိုင်း

# ရုပ်ပိုင်း

**က။ ။တ္တေ၁၀တာ ဝိဘတ္တာ ဟိ၊ သပ္ပဘေဒ ပဝတ္တိကာ။**
**စိတ္တစေတသိကာ ဓမ္မာ၊ ရူပံဒါနိ ပဝုစ္စတိ။ ။**

ဤမျှ အတိုင်းအရှည်ရှိသော ငါးပါးသော ပရိစ္ဆေဒတို့ဖြင့် (ဝေဘန်အပ်ကုန်ပြီ-မှာစပ်ပါ) သုံးပါးသော ပရိစ္ဆေဒတို့ဖြင့် ဆိုအပ်သော အပြား၊ နှစ်ပါးသော ပရိစ္ဆေဒတို့ဖြင့် ဆိုအပ်သော ဖြစ်ခြင်းရှိကုန်သော၊ ဝါ-ဥဒ္ဒေသ, နိဒ္ဒေသ, ပဋိနိဒ္ဒေသ တို့၏ အစွမ်းဖြင့် ဆိုအပ်သော အပြား၊ ပဝတ္တိ, ပဋိသန္ဓေတို့၏ အစွမ်းဖြင့် ဆိုအပ်သော ဖြစ်ခြင်းရှိကုန်သော စိတ်စေတသိက် ဖြစ်ကုန်သော သဘောတရားတို့ကို အကြွင်းကြောင်း ငါသည် ဝေဘန်အပ်ကုန်ပြီ၊ ထို့ကြောင့် ယခုအခါ၌ ရုပ်ကို အပြားအားဖြင့် ဆိုအပ်၏၊ ဆိုအပ်လတ္တံ့။

---

က။ ။ဤသို့ ရှေးဦးစွာ စိတ်စေတသိက်တို့၏ အစွမ်းဖြင့် နှစ်ပါး အပြားရှိသော အဘိဓမ္မာ၏ အနက်ကို ပြပြီး၍ ယခုအခါ၌ ရုပ်ကိုင်၊ ထိုရုပ်၏ အခြားမဲ့၌ နိဗ္ဗာန်ကိုင်၊ ပြခြင်းငှါ အားထုတ်လိုသော အရှင်အနုရုဒ္ဓါဆရာသည် "တ္တေ၁၀တာ" ဤသို့ အစရှိသော စကားကို မိန့်ဆိုတော်မူ၏။

**သပ္ပဘေဒ ပဝတ္တိကာ**-ဟူသည်ကား၊ ဝါ-ဟူသောပုဒ်ကို ဥဒ္ဒေသ, နိဒ္ဒေသ, ပဋိနိဒ္ဒေသတို့၏ အစွမ်းဖြင့် သုံးပါးကုန်သော အပိုင်းအခြားတို့ဖြင့် ဆိုအပ်ပြီးသော အပြားရှိကုန်သော ပဝတ္တိ, ပဋိသန္ဓေ အစွမ်းဖြင့် နှစ်ပါးကုန်သော အပိုင်းအခြားတို့ဖြင့် ဆိုအပ်ပြီးသော ဖြစ်ခြင်းရှိကုန်သော စိတ်စေတသိက် တရားတို့ကို ဤမျှ အတိုင်းအရှည် ရှိကုန်သော ငါးပါးသော အပိုင်းအခြားတို့ဖြင့် အကြွင်းကြောင်း ငါသည် ဝေဘန်အပ်ကုန်ပြီ၊ ထို့ကြောင့် ယခုအခါ၌ အစဉ်ရောက်သည်အားလျော်စွာ ရုပ်ကို မိန့်ဆိုအပ်၏၊ ဤသို့ ယောဇနာခြင်းကို ပြုအပ်၏။

**ခ။ ။သမုဋ္ဌာနာ ဝိဘာဂါ စ၊ သမုဋ္ဌာနာ ကလာပတော။ ပဝတ္တိက္ကမတောစေတိ၊ ပဉ္စဓာ တတ္ထ သင်္ဂဟော။ ။**

ရုပ်ကို အကျဉ်းပြခြင်းအားဖြင့်၎င်း၊ ရုပ်ကို ဝေဘန်ခြင်းအားဖြင့်၎င်း၊ စက္ခုဒသက အစရှိသော ရုပ်ကလာပ်တို့၏ ဖြစ်ကြောင်းအားဖြင့်၎င်း၊ စက္ခုစသော ရုပ်တို့၏ အပေါင်းအစည်းအားဖြင့်၎င်း၊ ဘဝ,ကာလ,သတ္တဝါ အပြားအားဖြင့် ရုပ်တို့၏ ဖြစ်စဉ်အားဖြင့်၎င်း၊ ဤသို့ ထိုရူပသင်္ဂဟ၌ ငါးပါးအပြားအားဖြင့် ရေတွက်ခြင်းဖြစ်၏၊ ဖြစ်လတ့်။

---

ခ။ ။ယခုအခါ၌ အကြင်အကြင် ဝန်ခံအပ်ပြီးသော ရုပ်ကို ထင်စွာပြလို၍ မာတိကာကို ထားခြင်းငှာ "သမုဒ္ဒေသာ" ဤသို့ အစရှိသော စကားကို မိန့်ဆိုအပ်၏၊ အကျဉ်းအားဖြင့် ပြခြင်းသည် **သမုဒ္ဒေသ**[၁] မည်၏။ ကေဝိဓ အစရှိသော အစွမ်းဖြင့် ဝေဘန်ခြင်းသည် **ဝိဘာဂ**[၂] မည်၏။ ဤအကြောင်းကြောင့် ရုပ်သည်၊ ဝါ-အကျိုးတရားသည် ဖြစ်တတ်၏၊ ဤသို့ ရုပ်၏ ဖြစ်ခြင်း အကြောင်း ဖြစ်သောကြောင့် ကံအစရှိကုန်သော ရုပ်ကို ဖြစ်စေတတ်သော အကြောင်းတို့သည် **သမုဋ္ဌာန်**[၃] မည်၏၊ စက္ခုဒသက အစရှိသည်တို့သည် **ကလာပ်**[၄] မည်ကုန်၏၊ **ပဝတ္တိက္ကမတောစ** ဟူသည်ကား၊ ဝါ-ဟူသောပုဒ်ကို ဘဝ, ကာလ, သတ္တဝါတို့၏ အပြားအားဖြင့် ရုပ်တို့၏ဖြစ်သော အစဉ်အားဖြင့်-ဟု အနက်ပေး။ (အချို့စာတို့၌ ဖလံ-ဟု ရှိ၏)

---

၁—ရုပ်တို့ကို အကျဉ်းအားဖြင့် ဖော်ပြခြင်းသည် **ရူပသမုဒ္ဒေသ** မည်၏။

၂—ကေဝိဓ စသည်တို့၏ အစွမ်းဖြင့် ရုပ်အပြားကို ခွဲခြမ်း ဝေဘန်ခြင်းသည် **ရူပဝိဘာဂ** မည်၏။

၃—စိတ်ကြောင့်ဖြစ်သော ရုပ်စသည်ဖြင့် ရုပ်တို့၏ ဖြစ်ခြင်းအကြောင်းကို ဖော်ပြခြင်းသည် **ရူပသမုဋ္ဌာန** မည်၏။

၄—စက္ခုဒသက စသည်ဖြင့် ရုပ်တို့ကို အပေါင်းအစည်းအားဖြင့် ဝေဘန်ဖော်ပြခြင်းသည် **ရူပကလာပ** မည်၏။

## မဟာဘုတ်လေးပါးနှင့် ဥပါဒါရုပ်

၁။ ။**စတ္တာရိ မဟာဘူတာနိ စတုန္နဉ္စ မဟာဘူတာနံ ဥပါဒါယ ရူပန္တိ ဒုဝိဓမ္ပေတံ ရူပံ ကောဒ္ဓသဝိဓေန သင်္ဂဟံ ဂစ္ဆတိ။**

လေးပါးကုန်သော မဟာဘုတ်တို့ဂုင်း၊ လေးပါးကုန်သော မဟာဘုတ်တို့ကို မှီ၍ ဖြစ်ကုန်သော ဥပါဒါရုပ်ဂုင်း၊ ဤသို့ နှစ်ပါး အပြားရှိသည်လည်း ဖြစ်သော ထိုရုပ်သည် တဆဲ့တပါး အပြားဖြင့် ရေတွက်ခြင်းသို့ ရောက်၏။

---

## မဟာဘုတ်လေးပါးနှင့် ဥပါဒါရုပ်အဘွင့်

၁။ ။ဥပါဒိန္န သန္တာန်, အနုပါဒိန္န သန္တာန်တို့၌ သသမ္ဘာရ ဓာတ်၏ အစွမ်းဖြင့် များကုန်သည်ဖြစ်၍ ထင်ရှား ဖြစ်တတ်ကုန်သောကြောင့် **မဟာဘုတ်** [၁] မည်ကုန်၏၊ တနည်းကား—တပါး မက များသောအပြားရှိသော အံ့ဘွယ်အထူးကို ပြတတ်သောကြောင့်ဂုင်း၊ များစွာသော မဟုတ်မမှန်သော သဘောကို ပြတတ်သောကြောင့်ဂုင်း၊ ထိုသူတို့၌ များကုန်သော အံ့ဘွယ်အထူးတို့သည် ရှိကုန်သောကြောင့် ထိုသူတို့သည် **မဟာဘူတ** မည်ကုန်၏၊ တနည်း—ထိုသူတို့၌ များစွာကုန်သော မဟုတ်မမှန်သော ဝတ္ထုတို့သည် ရှိကုန်သောကြောင့် ထိုသူတို့သည် **မဟာဘူတ** မည်ကုန်၏၊ မျက်လှည့်သည် အစရှိသူတို့ကို ရ၏။

ထိုရုပ်တရားတို့သည် မိမိသည် မညိုခြင်း အစရှိကုန်သော သဘော ရှိကုန်သည် ဖြစ်၍ ညိုသောအဆင်း အစရှိကုန်သော သဘောဖြင့် ဥပါဒါရုပ်ကို ပြခြင်း အစရှိသောအားဖြင့် ထို မျက်လှည့်သည်တို့နှင့် တူကုန်သောကြောင့် **မဟာဘုတ်**မည်ကုန်၏၊

---

၁–ငါးလိပ်စသော ဥပါဒိန္နသန္တာန်,စကြာဝဠာ ရေ မြေ စသော အနုပါဒိန္နသန္တာန်တို့၌ မဟာဘုတ်-ဟုဆိုအပ်သော သသမ္ဘာရ ဓာတ်တို့၏ အစွမ်းဖြင့် ကြီးမား၍ ထင်ရှားစွာ ဖြစ်တတ်သောကြောင့်ဂုင်း၊မျက်လှည့်သည်,ဘီလူးမတို့နှင့် တူသောကြောင့်ဂုင်း၊ ကြီးမားသော မဟာဘုတ် ဥပါဒါရုပ်တို့၏ ဖြစ်ရာ ဖြစ်သောကြောင့်ဂုင်း **မဟာဘုတ်** မည်၏။

တနည်းကား-နှစ်လိုဘွယ်သော အဆင်း သဏ္ဌာန် အစရှိသည်တို့ဖြင့် သတ္တဝါတို့ကို လှည့်ပတ်တတ်ကုန်သော ဘီလူးမ အစရှိသည်ကဲ့သို့ နှစ်လိုဘွယ်သော မိန်းမ, ယောကျ်ားတို့၏ အဆင်းကို ပြခြင်းအစရှိသည်ဖြင့် သတ္တဝါတို့ကို လှည့်ပတ်တတ်သည်၏ အဖြစ်ကြောင့် ထိုရုပ်တရားတို့၌ များစွာကုန်သော မဟုတ်မမှန်သော သဘောတို့သည် ရှိကုန်သောကြောင့် **မဟာဘုတ်** မည်ကုန်၏။

မဟန္တာ ပါတုဘူတာတိ၊ မဟာဘူတာ သမာတိဝါ။
ဝဉ္စကတ္တာ အဘူတေန၊ မဟာဘူတာတိ သမ္မတာ။ ။

ဟူသော ဤစကားကို ဆိုအပ်၏။ ။အနက်ကား-ထိုရုပ်တရားတို့သည် များကုန်သည် ဖြစ်၍ ထင်ရှား ဖြစ်တတ်ကုန်သောကြောင့် မဟာဘုတ် မည်ကုန်၏-ဟူ၍ သမုတ်အပ်ကုန်၏၊ မဟုတ်မမှန်သဖြင့် လှည့်ပတ်တတ်ကုန်သည် ဖြစ်၍ မျက်လှည့်သမားအစရှိသည်နှင့် တူကုန်သောကြောင့် မဟာဘုတ်-ဟု သမုတ်အပ်ကုန်၏-ဟု ပေး။ တနည်းကား-များစွာဖြစ်၍ ထင်ရှားဖြစ်တတ်သည် ဖြစ်၍ ထိုရုပ်တို့၌ များစွာကုန်သော ဥပါဒါရုပ်တို့သည်၎င်း၊ မဟာဘုတ်တို့သည်၎င်း ဖြစ်တတ်ကုန်၏၊ ထိုသို့ ဖြစ်ရာဖြစ်သောကြောင့် မဟာဘုတ် မည်ကုန်၏။

## ဥပါဒါရုပ်အဘွင့်

မဟာဘုတ်တို့ကို မှီ၍ဖြစ်သော ရုပ်သည် **ဥပါဒါရုပ်** [၁] မည်၏၊ မဟာဘုတ်တို့ကို စွဲမှီ၍ ဖြစ်သောကြောင့် ဥပါဒါရုပ် မည်သည် အကယ်၍ ဖြစ်ငြားအံ့—ဤသို့ ဖြစ်သည်ရှိသော် "ကေံမဟာဘူတံ။ပ။ မဟာဘူတာ" ဤသို့ အစရှိသော စကားကို မြတ်စွာဘုရား ဟောတော်မူသောကြောင့် တပါးပါးသော မဟာဘုတ်တို့သည် ကြွင်း

---

၁—မဟာဘုတ်ကို မှီ၍ ဖြစ်သောကြောင့် **ဥပါဒါရုပ်** မည်၏။

**ကောဒသ**-အရကား— ဇာတ်တူအားဖြင့် ပေါင်းလိုက်သည် ရှိသော် ဘူတရုပ် ၁, ပသာဒရုပ် ၁, ဂေါစရရုပ် ၁, ဘာဝရုပ် ၁, ဟဒယရုပ် ၁, ဇီဝိတရုပ် ၁, အာဟာရရုပ် ၁, ပရိစ္ဆေဒရုပ် ၁, ဝိညတ်ရုပ် ၁, ဝိကာရရုပ် ၁, လက္ခဏာရုပ် ၁, အားဖြင့် ၁၁-ပါးဖြစ်၏ ဟူလို။

သော မဟာဘုတ်တို့အား မှီ၍ဖြစ်ကုန်၏၊ ထို့ကြောင့် ထိုမှီ၍ ဖြစ်ကုန်သော မဟာဘုတ်တို့၏လည်း ဥပါဒါရုပ်အဖြစ်၏ လျဉ်းပါးခြင်းသည် ဖြစ်ရာ၏၊ ဤသို့ စောဒနာပြောအံ့—ဤစကားသည် ဤသို့သော အပြားအားဖြင့် မဖြစ်သင့်-အဘယ့်ကြောင့် မဖြစ်သင့်သနည်းဆိုသော် မဟာဘုတ်တို့ကို သာလျှင် မှီ၍ ဖြစ်ကုန်သော ရုပ်တို့ကို သာလျှင် ထိုဥပါဒါရုပ်ဟူ၍ ခေါ်ဝေါ်ခြင်း၏ ပြီးခြင်းကြောင့် မဖြစ်သင့်၊ ထိုစကားကို ထင်ရှားအောင် ဖော်ပြဦးအံ့၊ အကြင်ရုပ်သည် ကြွင်းသော မဟာဘုတ်တို့ကို မှီ၍ ဖြစ်တတ်၏၊ မိမိကိုယ်လည်း တပါးသော မဟာဘုတ်တို့သည် မှီလည်း မှီအပ်၏၊ ထိုရုပ်သည် ဥပါဒါရုပ် မမည်၊ အကြင်ရုပ်သည် မဟာဘုတ်တို့ကို မှီတတ်၏၊ မိမိကိုကား တစုံတခုသော ရုပ်သည် မမှီအပ်၊ ထိုရုပ်သည်သာ ဥပါဒါရုပ် မည်၏၊ ထို့ကြောင့် မဟာဘုတ်တို့၏ ဥပါဒါရုပ်—ဟူ၍ ခေါ်ဝေါ်အပ်သည် အဖြစ်ဖြင့် လျဉ်းပါးဘွယ်မရှိ၊ တနည်းသော်ကား—လေးပါးကုန်သော မဟာဘုတ်တို့ကို မှီ၍ဖြစ်သော ရုပ်သည် ဥပါဒါရုပ်၏ လက္ခဏာ ဖြစ်၏-ထို့ကြောင့် သုံးပါးကုန်သော မဟာဘုတ်တို့ကို မှီ၍ဖြစ်ကုန်သော မဟာဘုတ်တို့၏ ဥပါဒါရုပ်၏ အဖြစ်သည် မရှိ၊ ဤသို့မှတ်လေ။

---

## မဟာဘုတ်လေးပါး

၂။ ။**ကထံ ပထဝီဓာတု, အာပေါဓာတု, တေဇောဓာတု, ဝါယောဓာတု ဘူတရူပံ နာမ။**

အဘယ်သို့ ရောက်သနည်း-ဟူ မူကား၊ ပထဝီဓာတ်သည်၎င်း၊ အာပေါဓာတ်သည်၎င်း၊ တေဇောဓာတ်သည်၎င်း၊ ဝါယောဓာတ်သည်၎င်း၊ ဘူတရုပ်-မည်၏။

---

## မဟာဘုတ်လေးပါးအဘွင့်

၂။ ။သဟဇာတ် ဖြစ်ကုန်သော ရုပ်တို့၏ တည်ရာဖြစ်သော အကြောင်းကြောင့် **ပထဝီ**[၁] မည်၏၊ ပြကတေ့ ဖြစ်သော မြေသည်

---

၁—မိမိနှင့် အတူတကွ ဖြစ်ကုန်သော ရုပ်ကလာပ်တို့၏ တည်ရာ မှီရာ ဖြစ်သောကြောင့် **ပထဝီ** မည်၏။

သစ်ပင်,တော, တောင် အစရှိ သည်တို့၏တည်ရာ၏ အဖြစ်ဖြင့် ထင်ရှားသကဲ့သို့ ထို့အတူ သဟဇာတ်ဖြစ်ကုန်သော ရုပ်တို့၏ တည်ရာ၏ အဖြစ်ဖြင့် ထင်ရှား၏၊ ဤသို့သောအနက် အဓိပ္ပါယ်ကို ဆိုလို၏၊ ပထဝီသည်သာလျှင် မိမိ၏ လက္ခဏာကို ဆောင်ခြင်း အစရှိသော အနက်ကြောင့်ငှင်း၊ သတ္တလည်းမဟုတ် ဇီဝလည်း မဟုတ်သော အနက်ကြောင့်ငှင်း၊ ကိုယ်၏ အစိတ်ဖြစ်သော သွေး အစရှိသောဓာတ်, ဆေးဒန်း မြင်းသီလာ အစရှိသော ကျောက် ဖြစ်သောဓာတ်နှင့် တူသည်၏ အဖြစ်ကြောင့်ငှင်း၊ ဓာတ်လည်း မည်သောကြောင့် **ပထဝီဓာတ်** မည်၏၊ သဟဇာတ် ဖြစ်သော ရုပ်တို့ကို ပျံ့နှံ့တတ်သောကြောင့် **အာပေါ** မည်၏၊ တနည်းကား- သဟဇာတ်ဖြစ်သော ရုပ်တို့ကို ပွါးစေတတ်သောကြောင့် **အာပေါ**[၁] မည်၏၊ ကြွင်းသော ဘုတ်သုံးပါးတို့၏ အပေါင်းကို ရင့်စေ တတ်သောကြောင့် **တေဇော** မည်၏၊ တနည်းကား—ကြွင်းသော ဘုတ်သုံးပါး အပေါင်းကို ထက်သည်အဖြစ်ဖြင့် ပူစေတတ်သော ကြောင့် **တေဇော**[၂] မည်၏၊ အရပ်တပါးသို့ ရောက်ခြင်း၏ အကြောင်း၏ အဖြစ်ဖြင့် ဘုတ်အပေါင်းကို ရောက်စေတတ်သော ကြောင့် **ဝါယော**[၃] မည်၏၊ လေးပါးအပြား ရှိသည်လည်းဖြစ်ကုန် သော ထိုဓာတ်တို့သည် အစဉ်အတိုင်း ခက်တရော် ရှိသည်အဖြစ်, ပျောင်းအိသည်၏အဖြစ်, ပူသည်၏အဖြစ်, ထောက်ပံ့ ခိုင်ခံ့စေ သည်၏အဖြစ်လျှင် လက္ခဏာရှိကုန်၏၊ ဤသို့မှတ်အပ်၏။

---

**ပသာဒရုပ်ငါးပါး**

**၃။ ။စက္ခု သောတံ ဃာနံ ဇိဝှါ ကာယော ပသာဒရူပံ နာမ။**

---

၁—မိမိနှင့် အတူတကွ ဖြစ်ကုန်သော ရုပ်ကလာပ်တို့ကို ပျံ့နှံ့တတ် ပွားစေတတ်သောကြောင့် **အာပေါ** မည်၏။

၂—ကြွင်းသော ဘုတ်သုံးပါးအပေါင်းကို ရင့်ကျက်စေတတ်, ထက်စေတတ်,ပူစေတတ်, နူးညံ့စေတတ်သောကြောင့် **တေဇော** မည်၏။

၃—ရုပ်အစု, ဘုတ်အစုတို့ကို တည်မြဲတိုင်းသော အရပ်မှ အခြား တပါးသော အရပ်သို့ ရောက်အောင် တိုက်လွှင့်တတ်သောကြောင့် **ဝါယော** မည်၏။

စက္ခုပသာဒသည်၎င်း၊ သောတပသာဒသည်၎င်း၊ ဃာနပသာဒသည်၎င်း၊ ဇိဝှါပသာဒသည်၎င်း၊ ကာယပသာဒသည်၎င်း ပသာဒရုပ်-မည်၏။

---

**ပသာဒရုပ်ငါးပါးအဘွင့်**

၃။ ။စက္ခုစသည်တို့၏ ဝိဂ္ဂဟ်ကို အောက် အဟိတ်စိတ်အဘွင့်၌ ဘွင့်ဆိုအပ်ခဲ့ပြီ၊ လေးပါးကုန်သော မဟာဘုတ်တို့၏ ကြည်လင်စွာ ဖြစ်ခြင်းအကြောင်း၏ အဖြစ်ကြောင့် **ပသာဒရုပ်**[၁] မည်၏၊ ထိုပသာဒရုပ်သည် အစဉ်အတိုင်း ရူပါရုံကို ရှုခြင်းငှါ အလိုရှိသည်အဖြစ်၊ သဒ္ဒါရုံကို ကြားခြင်းငှါ အလိုရှိသည်အဖြစ်၊ ဂန္ဓာရုံကို နမ်းခြင်းငှါ အလိုရှိသည်အဖြစ်၊ ရသာရုံကို သာယာခြင်းငှါ အလိုရှိသည်အဖြစ်၊ ဖောဋ္ဌဗ္ဗာရုံကို တွေ့ထိခြင်းငှါ အလိုရှိသည်အဖြစ်-ဟု ဆိုအပ်သော ကာမတဏှာလျှင် အကြောင်းရှိသော ကံကြောင့်ဖြစ်သော မဟာဘုတ်ကို ကြည်စေခြင်း လက္ခဏာရှိ၏။

ထိုပသာဒရုပ် ငါးပါးတို့တွင် စက္ခုသည် ရှေးဦးစွာ မျက်နက်ဝန်း၏ အလယ်၌ သန်းဥကျောင်း ပမာဏရှိသော ရှေ့တူရူ၌ တည်ကုန်သော သူတို့၏ကိုယ်သဏ္ဍာန်ဖြစ်ရာ အရပ်၌ ဆီသည် ဝါဂွမ်းဆိုင်ကို နှံ့၍ဖြစ်သကဲ့သို့ ခုနစ်ထပ်ကုန်သော မျက်လွှာတို့ကို နှံ့၍ဆောင်ခြင်း, ရေချိုးခြင်း, တန်ဆာဆင်ခြင်း, ယပ်ခပ်ခြင်းကိစ္စ ရှိကုန်သော လေးယောက်ကုန်သော အထိန်းတို့သည် မင်းသားငယ်ကို ဆောင်အပ်သကဲ့သို့ ကောင်းစွာဆောင်ခြင်း, ဖွဲ့ခြင်း, ရင့်စေခြင်း, လှုပ်ခြင်းကိစ္စ ရှိကုန်သော လေးပါးသော ဓာတ်တို့သည် ပြုအပ်သော ကျေးဇူးရှိသည်ဖြစ်၍ ဥတု, စိတ်, အာဟာရတို့သည် ထောက်ပံ့အပ်သည် ဖြစ်၍ ဇီဝိတိန္ဒြေသည် စောင့်ရှောက်အပ်သည် ဖြစ်၍ ရူပါရုံ အစရှိသည်တို့သည် ခြံရံအပ်သည် ဖြစ်၍

---

၁-မဟာဘုတ် လေးပါးတို့ကို ကြည်လင်စေတတ်သောကြောင့် **ပသာဒရုပ်** မည်၏။

ဖြစ်သင့်သည်အားလျော်စွာ စက္ခုဝိညာဏ် အစရှိသည်တို့၏ မှီရာ၏အဖြစ် ဒွါရ၏အဖြစ်ကို ပြီးစေသည်ဖြစ်၍ ဖြစ်၏၊ စက္ခုပသာဒမှ[၁] တပါးသော မျက်မှောင်ရိုးဖြင့် ပိုင်းခြားအပ်သော အသားဆိုင်ကို သသမ္ဘာရစက္ခု-ဟု ဆိုအပ်၏၊ သောတပသာဒ[၂] အစရှိသည်တို့သည်လည်း ဤအတူ အစဉ်အတိုင်း သသမ္ဘာရဖြစ်သော နားတွင်း၏ အလယ်၌ လက်စွပ်နှင့် တူသော ပြည့်စုံသော နူးညံ့သိမ်မွေ့သော အမွေးရှိသော, သသမ္ဘာရ ဖြစ်သော နှာခေါင်း၏အတွင်း၌ ဆိတ်ခြေ သဏ္ဌာန်ရှိသော, သသမ္ဘာရဖြစ်သော လျှာ၏အလယ်၌ ကြာရွက်ဖျား သဏ္ဌာန်ရှိသော အရပ်ကို နှံ့ကုန်၍ ဖြစ်ကုန်၏၊ ဤမှ တပါးသော **ကာယပသာဒရုပ်**[၃] သည်ကား ကံကြောင့် ဖြစ်သော တေဇော၏ တည်ရာအရပ်ကိုရင်း၊ ဆံဖျား, အမွေးဖျား, လက်သည်းဖျား, ခြေသည်းဖျား, ခြောက်သော အရေကိုရင်း ထား၍ ကြွင်းသော အလုံးစုံသော ကိုယ်ကို ပျံ့နှံ့၍ ဖြစ်၏။

ဤသို့ အလုံးစုံသော ကိုယ်ကို ပျံ့နှံ့၍ တည်သော်လည်း ပြားသော မှီရာ လက္ခဏာရှိသည် အဖြစ်ကြောင့် တပါးကုန်သော ပသာဒ ရုပ်တို့နှင့် ရောယှက်ခြင်းမဖြစ်၊ အဘယ့်ကြောင့် မရောယှက်သနည်း ဟူမူ၊ တူသော မှီရာရှိကုန်သော်လည်း ရူပ ရသ အစရှိသည်တို့သည်

---

၁—မျက်နက်ဝန်းအလယ် သန်းဥကွောင်း ပမာဏရှိသော ရှေ့ရှုရပ်သောသူ၏ ကိုယ်သဏ္ဌာန်အရုပ်ပေါ်ရာ အရပ်၌ ဂွမ်းလွှာ ၇-ထပ်တို့၌ လောင်းအပ်သောဆီသည် ပျံ့နှံ့၍ တည်သကဲ့သို့ မျက်လွှာ ၇-ထပ်တို့၌ ပျံ့နှံ့၍တည်သော ကြည်လင်သော သဘောသည် **စက္ခုပသာဒ** မည်၏။

၂—နားပေါက်၏ အတွင်း၌ လက်စွပ်သဏ္ဌာန်ရှိသော နူးညံ့သိမ်မွေ့သော နီရဲသော အမွေးရှိသော အရပ်ကို ပျံ့နှံ့၍ တည်သော အကြည်ဓာတ်သည် **သောတပသာဒ** မည်၏။

သသမ္ဘာရ နှာခေါင်းပေါက်အတွင်း၌ ဆိတ်ခြေသဏ္ဌာန်ရှိသော အရပ်ကို ပျံ့နှံ့၍ တည်သော အကြည်ဓာတ်သည် **ဃာနပသာဒ** မည်၏။

လျှာ၏အလယ် အထက်ပြင်၌ အလယ်၌ပြတ်၍ နေသော ကြာရွက်ဖျား သဏ္ဌာန်ရှိသော အရပ်ကိုပျံ့နှံ့၍ တည်သော အကြည်ဓာတ်သည် **ဇိဝှါပသာဒ** မည်၏။

၃—ကမ္မဇတေဇောဓာတ်၏ တည်ရာအရပ်ကိုရင်း၊ ဆံဖျား, အမွေးဖျား, ခြေသည်းဖျား, လက်သည်းဖျား, ခြောက်သောအရေတို့ကို ထား၍ ထိုမှကြွင်းသော တကိုယ်လုံးကို ပျံ့နှံ့၍ တည်သော အကြည်ဓာတ်သည် **ကာယပသာဒ** မည်၏။

လက္ခဏာ ပြားသောကြောင့် မရောယှက်ကုန်၊ ပြားသော မှီရာရှိကုန်သော ပသာဒတို့သည် အဘယ်သို့လျှင် ရောယှက်ပါကုန်အံ့နည်း၊ ထို့ကြောင့် မရောယှက်ကုန်-ဟူလို။

---

## ဂေါစရရုပ် ၇-ပါး

**၄။ ။ရူပံ သဒ္ဒေါ ဂန္ဓော ရသော အာပေါဓာတု ဝိဝဇ္ဇိတံ ဘူတတ္တယသင်္ခါတံ ဖောဋ္ဌဗ္ဗံ ဂေါစရရူပံ နာမ။**

ရူပါရုံသည်၎င်း၊ သဒ္ဒါရုံသည်၎င်း၊ ဂန္ဓာရုံသည်၎င်း၊ ရသာရုံသည်၎င်း၊ အာပေါဓာတ်သည် ကြဉ်အပ်သော ဘူတရုပ်တို့၏ သုံးခုတို့၏ အပေါင်းဟု ဆိုအပ်သော ဖောဋ္ဌဗ္ဗာရုံသည်၎င်း **ဂေါစရရုပ်**[၁] မည်၏။

---

## ဂေါစရရုပ် ၇-ပါးအဘွင့်

၄။ ။အာပေါဓာတ်၏[၂] သိမ်မွေ့သည်ဖြစ်၍ တွေ့ထိခြင်းငှါ မစွမ်းနိုင်သောကြောင့် "အာပေါဓာတုဝိဝဇ္ဇိတံ ဘူတတ္တယသင်္ခါတံ" ဟု မိန့်ဆိုအပ်၏၊ အဘယ့်ကြောင့် တွေ့ထိခြင်းငှါ မစွမ်းနိုင်သနည်း-ဟူမူ အချမ်းကိုတွေ့ထိ၍ အကယ်၍ ယူအပ်၏၊ ထိုသို့ယူအပ်သော်လည်း ထို ချမ်းသေည်၏အဖြစ်သည် တေဇောဓာတ်သာ ဖြစ်၏၊ ထို့ကြောင့် တွေ့ထိခြင်းငှါ မတတ်ကောင်း၊ ထိုစကား မှန်၏၊ အပူသည် အားနည်းသည်ရှိသော် ချမ်းသေည်၏ အဖြစ်-ဟု ဆိုအပ်သော တစုံတခုသောအငွေ့၏ မရှိခြင်းကြောင့် အချမ်း-ဟု သိသော ဉာဏ်သည်ဖြစ်၏၊ ထိုအပူ၏ အဖြစ်ကိုအချမ်း-ဟု သိသော ဉာဏ်၏ အမြဲမတည်သည် အဖြစ်ကြောင့် သိအပ်၏၊ အဘယ်ကဲ့သို့နည်း ဟူမူကား—ထိုမှာ ဘက်ကမ်း ဤမှာဘက်ကမ်းကို သိအပ်သကဲ့သို့တည်း။

---

၁—ပဥ္စဝိညာဏ်၏ အာရုံဖြစ်သောကြောင့် **ဂေါစရရုပ်** မည်၏။

၂—အာပေါဓာတ်သည် သိမ်မွေ့သည် ဖြစ်၍ တွေ့ထိခြင်းငှါ မတတ်ကောင်းသောကြောင့် အာပေါဓာတ်ကို ကြဉ်ရသည်။

ထိုစကားသည် မှန်၏၊ နွေအခါ နေပူ၌တည်၍ အရိပ်သို့ ဝင်ကုန်သော သူတို့အား အချမ်း-ဟု သိသောဉာဏ်သည် ဖြစ်၏၊ ထိုနေပူ၌ သာလျှင် ကြာမြင့်စွာ ကာလပတ်လုံး တည်ကုန်သော သူတို့အား အပူ-ဟု သိသောဉာဏ်သည် ဖြစ်၏၊ အချမ်း၏အဖြစ်သည် အာပေါခတ်သည် အကယ်၍ ဖြစ်ငြားအံ့—ဤသို့ ဖြစ်သည်ရှိသော် ထိုအာပေါခတ်ကို ပူသည်အဖြစ်နှင့်တကွ တခုသော ကလာပ်၌ ရရာ၏၊ ဤသို့လည်းမရအပ်၊ ထို့ကြောင့် အချမ်း၏အဖြစ်သည် အာပေါခတ်မဖြစ်-ဟု သိအပ်၏၊ အကြင် ဆရာတို့သည် "အချမ်း အပူ၏ အဖြစ်သည် အာပေါခတ်မည်၏၊ ထိုအချမ်း အပူ၏အဖြစ် ကိုလည်းထိ၍ ယူအပ်၏"ဟု ဆိုကုန်၏၊ ထိုဆရာတို့ကို ဆိုအပ်၏၊ အချမ်းအပူဖြစ်သော အာပေါခတ်မည်သည်ကို ထိ၍ယူအပ်၏-ဟု အရှင်တို့၏ ဤသို့ နှလုံးသွင်းခြင်းသည် ဖောက်ပြန်သော နှလုံး သွင်းခြင်းမျှသာ ဖြစ်၏၊ အဘယ်ကဲ့သို့နည်း-ဟူမူ၊ သဏ္ဌာန်ကို ထိခြင်း ၌ နှလုံးသွင်းခြင်းသည် ဖောက်ပြန်သော နှလုံးသွင်းခြင်း သာလျှင် ဖြစ်သကဲ့သို့တည်း၊ ထိုစကားမှန်၏၊ ရှေးဆရာတို့သည်—

ဒဝတာ သဟ ဝတ္တိနိ၊ တိဏိ ဘူတာနိ သမ္ဖုသံ။
ဒဝတံ သမ္ဖုသာမီတိ၊ လောကော ယမဘိမညတိ။
ဘူတေ ဖုသိတွာ သဏ္ဌာနံ၊ မနသာ ဂဏှတော ယထာ။
ပစ္စက္ခတော ဖုသာမီတိ၊ ဝိညေယျာ ဒဝတာ တထာ။

ဟူသော ဤစကားကို မိန့်ဆိုအပ်၏။

အနက်ကား—အာပေါခတ်နှင့် တကွဖြစ်ကုန်သော သုံးပါး ကုန်သော ဘုတ်တို့ကို ထိသော ဤလူမိုက်သည် အာပေါခတ်ကို ထိ၏-ဟု မှတ်ထင်၏၊ သုံးပါးသော ဘုတ်တို့ကို ထိ၍ ငါသည် မဟာဘုတ်၏ သဏ္ဌာန်ကို မျက်မှောက်အားဖြင့် တွေ့ထိ၏၊ ဤသို့ စိတ်ဖြင့် ယူသကဲ့သို့ ထို့အတူ သုံးပါးကုန်သော ဘုတ်တို့ကို ထိ၍ ငါသည် အာပေါခတ်ကို မျက်မှောက်အားဖြင့် ထိ၏၊ ဤသို့ စိတ်ဖြင့် ထိအပ်သည်၏ အဖြစ်အားဖြင့် ယူ၏၊ ဤသို့ အာပေါခတ်ကို သိအပ်၏။

ပဉ္စဝိညာဏ်၏ အာရုံအဖြစ်ကြောင့် **ဂေါစရရုပ်** မည်၏၊ အကြောင်းသော်ကား—ဤအာရုံ၌ စက္ခုစသော ဇူန္ဒြေတို့သည် ကျက်စား တတ် ကုန်၏၊ ထိုသို့ ကျက်စားရာ ဖြစ်သော ကြောင့် ဂေါစရ-ဟူသော အမည်သည် အာရုံ၏အမည် ဖြစ်၏၊ ငါးပါး အပြား ရှိသည်လည်းဖြစ်သော ဤရုပ်သည် အစဉ်အတိုင်း စက္ခု ဝိညာဏ် အစရှိသည်တို့၏ ကျက်စားရာ အာရုံ၏ အဖြစ်လျှင် လက္ခဏာရှိ၏၊ တနည်းကား—စက္ခုပသာဒစသည်တို့နှင့် ထိခြင်း လက္ခဏာ ရှိ၏။

---

## ဘာဝရုပ် ၂-ပါး

**၅။ ။ဣတ္ထတ္တံ ပုရိသတ္တံ ဘာဝရူပံ နာမ။**

ဣတ္ထိ၏ အဖြစ်သည်၎င်း၊ ပုရိသ၏ အဖြစ်သည်၎င်း၊ ဘာဝရုပ် မည်၏။

---

## ဘာဝရုပ် ၂-ပါးအဘွင့်

၅။ ။မိန်းမ၏ဖြစ်ကြောင်းသည် ဣတ္ထတ္တ မည်၏၊ ယောက်ျား၏ ဖြစ်ကြောင်းသည် ပုရိသတ္တ မည်၏၊ ထိုဣတ္ထိန္ဒြေ ပုရိသိန္ဒြေ နှစ်ပါး တို့တွင် ဣတ္ထိန္ဒြေသည် မိန်းမ၏လိင်, မိန်းမဟူ၍ သိခြင်း၏ အကြောင်း, မိန်းမ၏ အပြုအမူ, မိန်းမ၏ အသွင်တို့၏ အကြောင်း၏ အဖြစ်လျှင် လက္ခဏာရှိ၏၊ ပုရိသိန္ဒြေသည် ပုရိသလိင် အစရှိသည် တို့၏ အကြောင်း၏ အဖြစ်လျှင် လက္ခဏာရှိ၏၊ ထိုဣတ္ထိလိင်္ဂစသော ပါဌ်၌ မိန်းမတို့၏ အင်္ဂါဇာတ်သည် ဣတ္ထိလိင်[၁] မည်၏၊ အသံ,

---

၁—ဣတ္ထိလိင်,ဣတ္ထိနိမိတ်, ဣတ္ထိကုတ္တ, ဣတ္ထိအာကပ္ပတို့၏ ဖြစ်ကြောင်းဖြစ်သော သဘော သည် ဣတ္ထိဘော မည်၏။

မိန်းမဟူ၍ သိစေတတ်သောကြောင့် မိန်းမတို့၏ အင်္ဂါဇာတ်သည် **ဣတ္ထိလိင်** မည်၏။

မိန်းမဟူ၍ သိခြင်း၏ အကြောင်းဖြစ်သောကြောင့် မိန်းမတို့၏ အသံ, အလိုဆန္ဒ တို့သည် **ဣတ္ထိနိမိတ္တ** မည်၏။

မိန်းမတို့၏ မသန့်ရှင်းသော ရပ်ခြင်း, သွားခြင်း, ထိုင်ခြင်း အစရှိသော ကြိယာသည် **ဣတ္ထိကုတ္တ** မည်၏။

မိန်းမတို့၏ လက်ခြေစသော သဏ္ဌာန်သည် **ဣတ္ထိအာကပ္ပ** မည်၏။ (ပုရိသဘော ကိုလည်း ၎င်းအတိုင်းသိ။)

အလိုဆန္ဒသည် မိန်းမဟူ၍ သိခြင်း၏ အကြောင်း၏ အဖြစ်ကြောင့် ဣတ္ထိနိမိတ် မည်၏၊ မသန့်ရှင်းသော ရပ်ခြင်း, သွားခြင်း, နေခြင်း အစရှိသည်သည် ဣတ္ထိကုတ္တ မည်၏၊ မိန်းမ၏ သဏ္ဍာန်သည် ဣတ္ထိ အာကပ္ပ မည်၏၊ ပုရိသလိင် အစရှိသည်တို့ကိုလည်း ဆိုအပ်ပြီးသော နည်းဖြင့် မှတ်အပ်ကုန်၏။

အဋ္ဌသာလိနီအဋ္ဌကထာ၌ကား၊ တပါးသော အပြားအားဖြင့် ဣတ္ထိလိင် အစရှိသည်တို့ကို ဘွင့်ဆိုအပ်ကုန်၏၊ ထိုအဋ္ဌသာလိနီ အဋ္ဌကထာ၏အဘွင့်စကားကို ဤဆိုလတ့ံသော နည်းဖြင့် ပေါင်း၍-

လိင်္ဂံ ဟတ္ထာဒိသဏ္ဍာနံ၊ နိမိတ္တံ မိဟိတာဒိကံ။
ကုတ္တံ သုပ္ပါဒိနာ ကီဠာ၊ အာကပ္ပေါ ဂမနာဒိကံ။ ။

ဟု ဆရာတို့သည် ဆိုကုန်၏။

အနက်ကား—လက်အစရှိသော သဏ္ဍာန်သည် လိင် မည်၏၊ ပြုံးခြင်း အစရှိသည်သည် နိမိတ် မည်၏၊ ဇန်းငယ် အစရှိသည်ဖြင့် ကစားခြင်းသည် ကုတ္တ မည်၏၊ သွားခြင်း အစရှိသည်သည် အာကပ္ပ မည်၏။

ဤဣတ္ထိန္ဒြေ, ပုရိသိန္ဒြေ ၂-ပါးဖြင့် ဣတ္ထိစသော သဒ္ဒါသည်ဂုဏ်း၊ အသိဉာဏ်သည်ဂုဏ်း ဖြစ်တတ်၏၊ ဤသို့သဒ္ဒါ အသိဉာဏ်တို့၏ ဖြစ်ကြောင်း ဖြစ်သောကြောင့် ဘာဝရုပ် မည်၏၊ ထိုဘာဝရုပ်သည် ကာယိန္ဒြေကဲ့သို့ အလုံးစုံသော ကိုယ်ကိုပျံ့နှံ့၍ တည်၏။

---

## ဟဒယရုပ်

**၆။ ။ဟဒယဝတ္ထု ဟဒယရူပံ နာမ။**

ဟဒယဝတ္ထုသည် ဟဒယရုပ် မည်၏။

## ဟဒယရုပ်အဘွင့်

၆။ ။ဟဒယရုပ်သည်သာလျှင် မနောဓာတ် မနောဝိညာဏ ဓာတ်တို့၏မှီရာဖြစ်၍ ဝတ္ထုလည်း မည်သောကြောင့် **ဟဒယဝတ္ထု** [၁] မည်၏၊ ထို့ကြောင့် သာလျှင် ထိုဟဒယဝတ္ထုသည် ဓာတ်နှစ်ခုတို့၏ မှီရာ အဖြစ်လျှင် လက္ခဏာ ရှိ၏၊ ထိုဟဒယဝတ္ထုသည် နှလုံးသား၏ အတွင်း၌ တလက်ဆွမ်းမျှလောက်သော သွေးကို မှီ၍ ဖြစ်၏။

ရူပကဏ္ဍ၌ မဟောအပ်သော်လည်း ထိုဟဒယဝတ္ထု၏ အာဂုံ (အာဂမ) အားဖြင့်၎င်း၊ ယုတ္တိအားဖြင့်၎င်း၊ ရှိသည်အဖြစ်ကို မှတ်အပ်၏၊ ထိုအာဂုံ, ယုတ္တိ, နှစ်ပါးတို့တွင် "ယံရူပံ။ပ။ပဝတ္တယော" ဟူ၍ ဤသို့လာသော ပဋ္ဌာန်းပါဠိတော်သည် အာဂုံ (အာဂမ) မည်၏၊ ယုတ္တိကိုကား ဤဆိုလတ္တံ့သော နည်းဖြင့် မှတ်အပ်၏၊ ကာမ ပုဂ္ဂိုလ်, ရူပပုဂ္ဂိုလ်တို့၏ ရုပ်နှင့်စပ်၍ ဖြစ်ခြင်းရှိသည် အဖြစ်ကြောင့် မနောဓာတ် မနောဝိညာဏဓာတ် နှစ်ပါးတို့သည် စက္ခုဝိညာဏ် အစရှိသည်ကဲ့သို့ နိပ္ဖန္နရုပ် ဖြစ်သော ဥပါဒါရုပ်လျှင် မှီရာရှိကုန်၏၊ ထိုမနောဓာတ် မနောဝိညာဏဓာတ် တို့သည် ထိုစက္ခု စသော ဝတ္ထု၏ တပါးသော စက္ခုဝိညာဏ် အစရှိသည်တို့၏ ဖြစ်ရာ ဖြစ်သောကြောင့် စက္ခုပသာဒ အစရှိသည်ကို မှီ၍ မဖြစ်ကုန်၊ ထို ရူပါရုံ စသည်တို့၏ တောတောင်အစရှိသော အပသဏ္ဍာန်၌လည်း ဖြစ်သောကြောင့် ရူပါရုံ အစရှိသည်တို့ကိုလည်း မှီ၍မဖြစ်ကုန်၊ ထိုဇီဝိတိန္ဒြေ၏ မှီရာ ကိစ္စမှ တပါးသော သဟဇာတ်တရားတို့ကို စောင့်ခြင်းနှင့် ယှဉ်သောကြောင့် ဇီဝိတိန္ဒြေကိုလည်း မှီ၍မဖြစ်ကုန်၊ ထိုဘာဝရုပ် နှစ်ခုအပေါင်းသည် မရှိသော်လည်း ထိုမနောဓာတ် မနောဝိညာဏဓာတ်တို့၏ နပုံးပဏ္ဍုက်၌ဖြစ်သောကြောင့် ဘာဝရုပ် နှစ်ခု အပေါင်းကိုလည်း မှီ၍မဖြစ်ကုန်၊ ထို့ကြောင့် ထိုတဆယ့် သုံးပါး ကုန်သော ရုပ်တို့မှ တပါးသော ထိုဟဒယဝတ္ထုရုပ်ကို ဥပါဒါရုပ်–ဟု သိအပ်၏၊ ဝတ္ထုဒုက် အာရမ္မဏဒုက် တို့ကိုကား

---

၁–နှလုံးသားအတွင်း ပုန်းညက်စေ့လောက် ပမာဏရှိသော တွင်းငယ်၌ တည်သော တလက်ဆွမ်းခွဲမျှလောက်သော သွေးကို မှီ၍ ဖြစ်သောသဘောသည် **ဟဒယဝတ္ထုရုပ်** မည်၏။

ဟောခြင်း ပျက်ခြင်းကြောင့် ဤဟာဒယဝတ္ထုရုပ်ကို ဓမ္မသင်္ဂဏီ ပါဠိတော်၌ မြတ်စွာဘုရားသည် မဟောအပ်။

---

## ဇီဝိတရုပ်

**၇။ ။ဇီဝိတိန္ဒြိယံ ဇီဝိတရူပံ နာမ။**

ဇီဝိတိန္ဒြေသည် ဇီဝိတရုပ် မည်၏။

---

## ဇီဝိတရုပ် အဘွင့်

၇။ ။ထိုအသက်ဖြင့် သဟဇာတ်ရုပ်တို့သည် တည်တတ်ကုန်၏၊ ထိုသို့တည်ကြောင်း ဖြစ်သောကြောင့် **ဇီဝိတ** မည်၏၊ ထိုဇီဝိတ သည်ပင်လျှင် သဟဇာတ်ဖြစ်သော ကမ္မဇရုပ်ကို စောင့်ခြင်း၌ အစိုးရသည်အဖြစ်နှင့် ယှဉ်သည်ဖြစ်၍ ဣန္ဒြိယလည်း မည်သော ကြောင့် **ဇီဝိတိန္ဒြေ**[၁] မည်၏၊ထိုစကားသည်သင့်၏၊ထိုဇီဝိတိန္ဒြေသည် သဟဇာတ်ဖြစ်သော ကမ္မဇရုပ်ကို စောင့်ခြင်းလက္ခဏာရှိ၏၊ မိမိ တို့၏ သဘော အားလျော်စွာ တခဏမျှ တည်ကုန်သော်လည်း သဟဇာတ်ဖြစ်ကုန်သော ကမ္မဇရုပ်တို့၏ ဖြစ်ခြင်း၏အကြောင်း၏ အဖြစ်ဖြင့်သာလျှင် စောင့်ရှောက်တတ်၏၊ အကြောင်းသော်ကား အာဟာရအစရှိသည်သည် အာဟာရအစရှိသည့်တို့၏ ထိုအာဟာရ ဇရုပ် ကမ္မဇရုပ်တို့၏ ထင်ရှားရှိသောခဏ၌ ရှိသည်၏အဖြစ်ကြောင့် အာဟာရဇရုပ် အစရှိသည့်တို့၏ တည်ခြင်း၏ အကြောင်းသည် ဖြစ်သကဲ့သို့ ထို့အတူ ကံ၏ ထို့ကြောင့် ဖြစ်ကုန်သော ရုပ်တို့၏ ထင်ရှားသော ခဏ၌ ထင်ရှားမရှိသည်၏ အဖြစ်ကြောင့် ကံသည် သာလျှင် ထိုကမ္မဇရုပ်တို့၏ တည်ခြင်း၏ အကြောင်းသည် မဖြစ်သင့်၊ ထို့ကြောင့် ထိုဇီဝိတိန္ဒြေသည်သာ ထိုသဟဇာတ်ဖြစ်ကုန်သော

---

၁–မိမိနှင့် အတူတကွ ဖြစ်သော ကမ္မဇရုပ်တရားတို့၏ အသက်ရှင်ကြောင်းဖြစ်သောကြောင့် **ဇီဝိတ** မည်၏။ ကံကြောင့် ဖြစ်သော ရုပ်တို့ကို စောင့်ခြင်း၌ အစိုးရသောကြောင့် **ဣန္ဒြိယ** မည်၏။ ထိုကြောင့် **ဇီဝိတိန္ဒြေ** မည်၏။

ထိုကမ္မဇရုပ်တို့၏ ဖြစ်ခြင်းအကြောင်း ဖြစ်၏၊ ဤဇီဝိတိန္ဒြေသည်ကား တေဇောဓာတ်နှင့်တကွ အလုံးစုံသော ဥပါဒိန္နက ကာယကို နှံ့၍ ဖြစ်၏။

## အာဟာရရုပ်

**၈။ ။ကဗဠီကာရော အာဟာရော အာဟာရ ရူပံ နာမ။**

အလုပ်အလွေ့ကို မပြုအပ်သော်လည်း ပြုအပ်သကဲ့သို့သော အာဟာရသည် အာဟာရရုပ် မည်၏။

## အာဟာရရုပ်အဘွင့်

၈။ ။အလုပ်အလွေ့ကို ပြု၍မျိုအပ်သောကြောင့် **ကဗဠီကာရ အာဟာရ**[၁] မည်၏၊ ဤကဗဠီကာရအာဟာရဟူသောစကားကိုကား ဝတ္ထုနှင့်တကွ ဖြစ်သည်ကိုပြု၍ အာဟာရကို ပြခြင်းငှါ မိန့်ဆိုအပ်၏၊ ရှစ်ပါးသော ဇုန္ဒြေတို့နှင့် တကွဖြစ်သော ရုပ်အပေါင်းကို ခိုင်စေခြင်း၏ အကြောင်းဖြစ်၍ ဖြစ်သော အင်္ဂါကြီးငယ်ကို လျောက်တတ်သော အရသာကို ဆောင်တတ်သည်-ဟု ဆိုအပ်သော မျိုအပ်သော အရသာ၏ အစေးဖြစ်၍ ဖြစ်သော ဩဇာသည်ကား—ဤ"ကဗဠီကာရော အာဟာရော အာဟာရရူပံ နာမ" ဟူသောစကား၌ အာဟာရရုပ် မည်၏၊ ထို့ကြောင့်သာလျှင် ထိုအာဟာရရုပ်သည် ဇုန္ဒြိယရုပ် ရှစ်ခုတို့နှင့် တကွဖြစ်သော ရုပ်အပေါင်းကို ခိုင်စေခြင်း လက္ခဏာရှိ၏။

တနည်းကား—ဩဇာလျှင် ရှစ်ခုတို့၏ ပြည့်ကြောင်းဖြစ်သော ရုပ်ကလာပ်ကို ဆောင်ခြင်းလက္ခဏာရှိ၏။

---

၁—အလုပ်အလွေ့ပြု၍ မျိုအပ်သောကြောင့် **ကဗဠီကာရာဟာရ** မည်၏။

**၉။ ။ဣတိ စ အဋ္ဌာရသဝိဓမ္ပေတံ ရူပံ သဘာဝရူပံ, သလက္ခဏရူပံ, နိပ္ဖန္နရူပံ, ရူပရူပံ, သမ္မသနရူပန္တိ စ သင်္ဂဟံ ဂစ္ဆတိ။**

ဤသို့သော အပြားဖြင့် ၁၈-ပါးအပြား ရှိသည်လည်းဖြစ်သော ထိုရုပ်သည် ကက္ခဠ အစရှိသော မိမိတို့၏သဘော အားဖြင့် ရအပ်သောကြောင့် သဘာဝရုပ် ဟူ၍၎င်း၊ အနိစ္စ အစရှိသော လက္ခဏာတို့နှင့် တကွဖြစ်သောကြောင့် သလက္ခဏရုပ် ဟူ၍၎င်း၊ ပရိစ္ဆေဒ အစရှိသော အဖြစ်ကိုကြဉ်၍ မိမိတို့၏ သဘောအားဖြင့် သာလျှင် ကံ အစရှိသော အကြောင်းတို့သည် ပြီးစေအပ်ကုန်သည် အဖြစ်ကြောင့် နိပ္ဖန္နရုပ်ဟူ၍၎င်း၊ အချမ်းအပူ အစရှိသော ဆန့်ကျင်ဘက်ဖြစ်သော အကြောင်းတို့ကြောင့် ဖောက်ပြန်တတ်သည်၏ အဖြစ်ကြောင့် ထို အချမ်းအပူ အစရှိသော ဆန့်ကျင်ဘက်ဖြစ်သော အကြောင်းတို့သည် ဖောက်ပြန်စေအပ်သည်၏ အဖြစ်ကြောင့် ရူပရုပ်ဟူ၍၎င်း၊ ပရိစ္ဆေဒ အစရှိသော အဖြစ်ကိုလွန်၍ သဘောအားဖြင့် သာလျှင် ရအပ်သောကြောင့် အနိစ္စ, ဒုက္ခ, အနတ္တ တည်းဟူသော လက္ခဏာယာဉ် သုံးပါးသို့ တင်သဖြင့် သုံးသပ်ခြင်းငှါ ထိုက်သည်၏အဖြစ်ကြောင့် သမ္မသနရုပ် ဟူ၍၎င်း ခေါ်ဝေါ်ခြင်းသို့ ရောက်၏။

---

၉။ ။ကြမ်းထမ်း ခက်တရော် ရှိသည်အဖြစ် အစရှိသော မိမိ မိမိ၏ သဘောဖြင့် ရအပ်သောကြောင့် **သဘာဝရုပ်**[၁] မည်၏၊ ဥပါဒ် အစရှိကုန်သော လက္ခဏာတို့နှင့်၎င်း၊ အနိစ္စ အစရှိသောလက္ခဏာ တို့နှင့်၎င်းတကွဖြစ်သောကြောင့် **သလက္ခဏရုပ်**[၂] မည်၏၊ ပိုင်းခြား ခြင်း အစရှိသည်၏အဖြစ်ကို ကြဉ်၍ မိမိ၏ ကက္ခဠ အစရှိသော သဘောဖြင့် သာလျှင် ကံအစရှိကုန်သော အကြောင်းတို့သည် ပြီးစေအပ်သည် အဖြစ်ကြောင့် **နိပ္ဖန္နရုပ်**[၃] လည်း မည်၏၊ ဖောက်ပြန်

---

၁-ရုပ် ၁၈-ပါးသည် ကက္ခဠ စသော မိမိတို့၏ သဘောအားဖြင့် ရအပ်သောကြောင့် **သဘာဝရုပ်** မည်၏။

၂-ဥပါဒ်စသော လက္ခဏာ, အနိစ္စတာစသော လက္ခဏာတို့နှင့်တကွ ဖြစ်သောကြောင့် **သလက္ခဏရုပ်** မည်၏။

၃-ပရိစ္ဆေဒ, ဝိကာရ,လက္ခဏာတို့၏ အဖြစ်ကို ကြဉ်ထား၍ မိမိ၏ သဘောအားဖြင့် သာလျှင် ကံစသောအကြောင်းတို့သည် ပြီးစေအပ်သောကြောင့် **နိပ္ဖန္နရုပ်** မည်၏။

သော သဘောသည် ရုပ်မည်၏၊ ထိုဖောက်ပြန်သော သဘောနှင့် ယှဉ်သော စက္ခုပသာဒစသော ရုပ်သည်လည်း **ရူပရုပ်**[၁] မည်၏၊ အဘယ်ကဲ့သို့နည်း-ဟူမူ "အရိသသော-မြင်းသရိုက်နာရှိသောသူ၊ နိလုပ္ပလံ-ကြာညို" ဟူသကဲ့သို့တည်း။

ထိုရူပသဒ္ဒါသည် ဥပစာအားဖြင့် ထိုသို့ ရူပသဘောမရှိသော အနိပ္ဖန္နရုပ် ၁၀-ခု၌လည်း ဖြစ်၏၊ ထို့ကြောင့် တပါးသော ရူပ သဒ္ဒါဖြင့် အထူးပြု၍ "ရူပရုပံ"ဟု မိန့်ဆိုအပ်၏၊ အဘယ်ကဲ့သို့နည်း ဟူမူကား "ဒုက္ခဒုက္ခံ" ဟူသကဲ့သို့တည်း၊ ပိုင်းခြားခြင်း အစရှိသော သဘောမျှကို လွန်၍ ကက္ခဠ အစရှိသော သဘောဖြင့် သာလျှင် ရအပ်သည်၏အဖြစ်ကြောင့် လက္ခဏာရေး သုံးပါးသို့ တင်သဖြင့် အဖန်တလဲလဲ သုံးသပ်ခြင်းငှါ ထိုက်သည်အဖြစ်ကြောင့် **သမ္မသနရုပ်**[၂] မည်၏။

---

## ပရိစ္ဆေဒရုပ်

**၁၀။ ။အာကာသဓာတု ပရိစ္ဆေဒရူပံ နာမ။**

အာကာသဓာတ်သည် ပရိစ္ဆေဒရုပ် မည်၏။

---

## ပရိစ္ဆေဒရုပ်အဘွင့်

၁၀။ ။တုတ်စသည်တို့ဖြင့် မရေးခြစ်အပ်သောကြောင့် အကာသ မည်၏၊ အကာသသည်ပင်လျှင် ဒီဃ ပြု၍ **အာကာသ** မည်၏၊ ပုဂ္ဂိုလ်, ဇီဝ မဟုတ်သော အနက်ကြောင့်လည်း ဓာတ် မည်၏၊ ထို့ကြောင့် **အာကာသဓာတ်**[၃] မည်၏။ စက္ခုဒသက

---

၁—ဖောက်ပြန်ခြင်းသဘော အစစ် ဖြစ်သော ရုပ်သည် **ရူပရုပ်** မည်၏။

၂—ပရိစ္ဆေဒ အစရှိသည်တို့၏ အဖြစ်ကိုလွန်လျက် သဘောအားဖြင့် ရအပ်သည် ဖြစ်၍ လက္ခဏာယာဉ် သုံးပါးသို့ တင်ကာ သုံးသပ်ခြင်းငှါ ထိုက်သောကြောင့် **သမ္မသနရုပ်** မည်၏။

၃—ရုပ်ကလာပ်မှုန့်တို့၏ ပတ်လည်ဝန်းကျင် ဟင်းလင်းလဟာဖြစ်သော အကြားအပေါက် သဘောသည် ရေးခြစ်၍ မရသောကြောင့် **အာကာသဓာတ်** မည်၏၊ ၎င်းအာကာသဓာတ်သည်ပင်လျှင် ကလာပ်မှုန့်ချင်း တပါးနှင့်တပါး မရောယှက်ရအောင် ပိုင်းခြားတတ်သော အပိုင်းအခြားဖြစ်သောကြောင့် **ပရိစ္ဆေဒရုပ်** မည်။

အစရှိသော တခုခုသော ကလာပ်ဖြစ်ကုန်သော ရုပ်တို့ကို ကလာပ် တပါးတို့နှင့် မရောယှက်သည့် အဖြစ်သို့ ရောက်စေခြင်း၏အစွမ်းဖြင့် ပိုင်းခြားတတ်သော ရုပ်သည် **ပရိစ္ဆေဒရုပ်** မည်၏၊ တနည်းကား ထို စက္ခုဒသက အစရှိကုန်သော တခုခုသော ကလာပ်ဖြစ်ကုန်သော ရုပ်တို့သည် ပိုင်းခြားအပ်သော ရုပ်သည် **ပရိစ္ဆေဒရုပ်** မည်၏။ တနည်းကား—ထို စက္ခုဒသက အစရှိကုန်သော တခုခုသော ကလာပ်ဖြစ်ကုန်သော ရုပ်တို့ကို ပိုင်းခြားကာမျှ ဖြစ်သော ရုပ်သည် **ပရိစ္ဆေဒရုပ်** မည်၏၊ ထိုစကားမှန်၏၊ ထို ပရိစ္ဆေဒရုပ်သည် ထိုထိုသော ရုပ် ကလာပ်ကို ပိုင်းခြားသကဲ့သို့ ဖြစ်၏။

ကလာပ်တပါးတပါး ဖြစ်သော ရုပ်တို့နှင့် ကလာပ်တပါးတပါး ဖြစ်ကုန်သော ရုပ်တို့၏ ထိသည်အဖြစ်သည်ရှိသော်လည်း ထိုထိုသော ရုပ်ကလာပ်တို့နှင့် အသီးအသီး ဖြစ်သည် အဖြစ်-ဟု ဆိုအပ်သော ရုပ်ကို ပိုင်းခြားခြင်းသည်,ရုပ်တို့၏ အဆုံးသည် အာကာသ မည်၏၊ ထိုအာကာသဓာတ်သည် အကြင်ရုပ်ကလာပ်တို့ကို ပိုင်းခြားတတ်၏၊ ထို ရုပ်ကလာပ်တို့နှင့် မိမိသည် မတွေ့ထိပေ၊ မထိသည်မှ တပါးသော အပြားအားဖြင့် အနက်ကို ယူသည်ရှိသော် ထို ရုပ်တို့၏ နှံ့စေ အပ်သည်၏ အဖြစ်သို့ ရောက်ခြင်းကြောင့် ပိုင်းခြားတတ်သည်၏ အဖြစ်သည်မဖြစ်ရာ၊ ထိုစကားသင့်၏၊မနှံ့သည်အဖြစ်သည် မထိသည် အဖြစ်မည်၏၊ ထို့ကြောင့် မြတ်စွာဘုရားသည် "အသမ္ဖုဋ္ဌံ စတူဟိ မဟာဘူတေဟိ"ဟု ဟောတော်မူ၏။

---

## ဝိညတ်ရုပ် ၂-ပါး

**၁၁။ ။ကာယဝိညတ္တိ, ဝစီဝိညတ္တိ ဝိညတ္တိရူပံ နာမ။**

ကာယဝိညတ်သည်၎င်း, ဝစီဝိညတ်သည်၎င်း ဝိညတ်ရုပ် မည်၏၊

---

## ဝိညတ်ရုပ် ၂-ပါးအဘွင့်

၁၁။ ။လှုပ်သော ကိုယ်ဖြင့် မိမိအလိုကို သူတပါးတို့အား သိစေ တတ်၏၊ မိမိကိုလည်း ထို လှုပ်သော ကိုယ်ဖြင့် သိအပ်၏၊

သို့ သိစေတတ် သိစေအပ်သောကြောင့် **ကာယဝိညတ်**[၁] မည်၏၊ သက်ရှိ သတ္တဝါ၏ အသံ-ဟု ဆိုအပ်သော စကားဖြင့် မိမိအလိုကို သူတပါးတို့အား သိစေတတ်၏၊မိမိကိုလည်း ထိုအသံဖြင့် သိအပ်၏၊ ထို့ကြောင့် **ဝစီဝိညတ်**[၂] မည်၏။

ထိုကာယဝိညတ်, ဝစီဝိညတ်တို့ဘွင် ရှေ့သို့ တက်ခြင်း အစ ရှိသည်ကို ဖြစ်စေတတ်သော စိတ်ကြောင့်ဖြစ်သော ဝါယောဓာတ်၏ မိမိနှင့် တကွဖြစ်သော ရုပ်တို့ကို ကောင်းစွာ ခိုင်စေခြင်း, ကောင်းစွာ တည်စေခြင်း, ကောင်းစွာ လှုပ်စေခြင်းတို့၌ ဝိညတ်နှင့် တကွဖြစ်၍ ကျေးဇူးပြုတတ်သော အကြောင်းဖြစ်၍ ဖြစ်သော လှုပ်သောကိုယ်၏ လှုပ်ခြင်း, ထိုလှုပ်ခြင်း၏ အကြောင်း ဖြစ်သော ဝါယောဓာတ်မှ လွတ်သော ကြီးစွာသော ကျောက်ကို ချီသော ယောက်ျား၏ အလုံးစုံသောအားဖြင့် ယူသောအခါ၌ အားထုတ်ခြင်း-ဟု ဆိုအပ်သော အထူးကဲ့သို့ ရူပကာယ၏ ထက်ဝန်းကျင် တုန်လှုပ်ခြင်း၏ အကြောင်းအဖြစ်ဖြင့် ရအပ်သော အခြင်းအရာ အထူးသည် ကာယဝိညတ်မည်၏၊ ထိုစကားမှန်၏၊ ထိုဝိညတ်သည် တုန်လှုပ်သော ကိုယ်ဖြင့် မိမိအလိုကို သိစေ၏၊ ဝါ-သိစေနိုင်သော ကြောင့် အခြင်းအရာ အထူးသည် ဝိညတ်မည်၏၊ အကြောင်း သော်ကား—ဝိညတ်-ဟု ဆိုအပ်သော အခြင်းအရာ အထူးမှ ကင်းကုန်သော သစ်ပင်လှုပ်ခြင်း အစရှိသည်တို့၌ ဤသစ်ပင်သည် ဤအမှုကို ငါ့ကို ပြုစေ၏-ဟု အလိုကို သိခြင်းကို မယူအပ်၊ ထို့ကြောင့် တုန်လှုပ်သော ကိုယ်ဖြင့်သာ အလိုကို သိစေ၏။

ဆက်၍ဆိုဦးအံ့—လက်ကို လှုပ်ခြင်းစသည်တို့၌ လက်ခြေလှုပ်ပုံ အဓိပ္ပါယ်သာလျှင် တုန်လှုပ်သောကိုယ်ဖြင့် အလိုကိုသိစေခြင်း-ဟု ဆိုအပ်သော တတိယ မနောဒွါရိကဇောၡ၏ အခြားမဲ့ဖြစ်သော

---

၁—လှုပ်သောကိုယ်ဖြင့် မိမိအလိုကို သူတပါးတို့အား သိစေတတ်, မိမိအလိုကို သူတပါး တို့သည် သိအပ်သောကြောင့် **ကာယဝိညတ်** မည်၏။

၂—သဝိညာဏကသဒ္ဒ-ဟု ဆိုအပ်သော အသံဖြင့် မိမိ၏ အလိုကို သူတပါးတို့အား သိစေတတ်, မိမိ၏အလိုကို သူတပါးတို့သည် သိအပ်သောကြောင့် **ဝစီဝိညတ်** မည်၏။

ကာလ၌ အထူးကို မသိကုန်သော စတုတ္ထ မနောဒွါရိက ဇောတို့ဖြင့် ယူအပ်သည်၏ အဖြစ်ကြောင့် မိမိကိုလည်း ကိုယ်ဖြင့် သိစေအပ်၏၊ ဝိညတ်၏ အစွမ်းဖြင့် လက်ကိုလှုပ်ခြင်း အစရှိသည်တို့သည် အဘယ်သို့ ဖြစ်ကုန်သနည်း-ဟူသော ဤအမေးသည် ဖြစ်ခဲ့သော် အဖြေကို ဖြေဆိုပေအံ့-ဤ တခုသော အာဝဇ္ဇန်းရှိသော ဝီထိ၌ ၇-ကြိမ်သော ဇောတို့တွင် သတ္တမဇောကြောင့် ဖြစ်သော ဝါယောဓာတ်သည် ဝိညတ်-ဟု ဆိုအပ်သော အခြင်းအရာ အထူးနှင့်တကွ သာလျှင် ဖြစ်၍ ပဌမဇော အစရှိသော ဇောကြောင့် ဖြစ်ကုန်သော ဝါယော ဓာတ်တို့မှ ရအပ်ပြီးသော ထောက်ပံ့ခိုင်စေခြင်း ရှိသည်ဖြစ်၍ အရပ် တပါးသို့ ရောက်ခြင်း၏ အကြောင်းအဖြစ်ဖြင့် စိတ္တဇရုပ်ကိုလှုပ်စေ၏၊ ရှေးပဌမဇော အစရှိသည်တို့ကြောင့် ဖြစ်ကုန်သော ဝါယော ဓာတ်တို့သည်ကား ခိုင်စေခြင်း ကောင်းစွာတည်စေခြင်းမျှကိုသာ ကောင်းစွာပြုတတ်ကုန်သည် ဖြစ်၍ ထိုသတ္တမဇောကြောင့် ဖြစ်သော ဝါယောဓာတ်အား ကျေးဇူးပြုခြင်းငှါ ဖြစ်ကုန်၏၊ ယင်းစကား ထင်ရှားအောင် ပြဦးအံ့—ခုနစ်စုံကုန်သော ထမ်းပိုးတို့ဖြင့် ငင်အပ် သောလှည်း၌ သတ္တမထမ်းပိုး၌ ယှဉ်ကုန်သော နွားတို့သည် အောက်၌ ခြောက်စုံကုန်သော ထမ်းပိုးတို့၌ ယှဉ်အပ်ကုန်သော နွားတို့မှ ရအပ်သော အထောက်အပံ့ ရှိကုန်သည်ဖြစ်၍ လှည်းကို လှုပ်စေ ကုန်၏၊ ပဌမ ထမ်းပိုး အစရှိသည်တို့၌ ယှဉ်အပ်ကုန်သော နွားတို့ သည်ကား ခိုင်စေခြင်း, ကောင်းစွာတည်စေခြင်းမျှကို သာလျှင် ပြီးစေကုန်သည် ဖြစ်၍ ထိုသတ္တမထမ်းပိုး၌ ယှဉ်အပ်ကုန်သော နွားတို့အား ကျေးဇူး ပြုခြင်းငှါ ဖြစ်ကုန်သကဲ့သို့ ထို့အတူ ၇-ကြိမ် မြောက်သော ဇောလျှင် ဖြစ်ကြောင်းရှိသော ဝါယောဓာတ်အား ကျေးဇူးပြုခြင်းငှါ ဖြစ်ကုန်၏၊ ဤ ဥပမာနှင့် ပြည့်စုံခြင်းကို မှတ်အပ်၏။

ဤ စလတိ-ဟူသော ပုဒ်၌ အရပ်တပါးသို့ ရောက်ခြင်းသည် သာလျှင် လှုပ်ခြင်းမည်၏၊ စိတ္တဇရုပ်တို့၏ ဖြစ်ရာ အရပ်မှ ပြောင်းခြင်း သည် လှုပ်ခြင်းမမည်၊ အဘယ့်ကြောင့်နည်း-ဟူမူ၊ ဖြစ်ရာအရပ်မှ ဆံမျှင်ဖျားမျှလည်း ပရမတ္ထတရားတို့၏ ပြောင်းခြင်း မရှိခြင်းကြောင့် အရပ်တပါးသို့ ရောက်ခြင်းသည်သာလျှင် လှုပ်ခြင်းမည်၏၊ ဤဆိုအပ်

သည်မှ တပါး ပရမတ္ထတရားတို့၏ ပြောင်းရွှေ့ခြင်း ဖြစ်၏ ဟူသော အနက်ကို ယူအပ်သည်ရှိသော် ထိုပရမတ္ထ တရားတို့၏ ဗျာပါရ မရှိသည်အဖြစ်သည်၎င်း၊ ခဏနှင့် ယှဉ်သည်အဖြစ်သည် ၎င်း မဖြစ်ရာ၊ အကြင်အခြင်းအရာအားဖြင့် မိမိနှင့် တကွဖြစ်ကုန်သော ရုပ်တို့သည် အောက်၌ ဖြစ်သော ဇောတို့ကြောင့် ဖြစ်ကုန်သော ရုပ်တို့၏တည်ရာ အရပ်မှ တပါးသော အရပ်၌ ဖြစ်ကုန်၏၊ ထိုသို့သော အခြင်းအရာအားဖြင့် ထိုအောက်အောက်၌ ဖြစ်ကုန်သော ဇောတို့ကြောင့် ဖြစ်ကုန်သော ရုပ်တို့နှင့်တကွ ထိုအရပ် တပါး၌ ဖြစ်ခြင်းသည်လျှင် ဒေသန္တရုပ္ပတ္တိဟေတုဘာဝ မည်၏။ ဝါ ရှေးရှေးသော ရုပ်တို့၏ဖြစ်ရာမှ တပါးသော အရပ်၌ နောက်နောက်သော ရုပ်တို့၏ ဖြစ်ခြင်း၏ အကြောင်းမည်၏၊ ဤသို့ မှတ်အပ်၏။

ဤစတုသမုဋ္ဌာနိက ရုပ်တို့တွင် စိတ္တဇရုပ်သည် လှုပ်သည်ရှိသော် ထိုစိတ္တဇရုပ်နှင့် စပ်ခြင်းကြောင့် ဤမှတပါးသော သုံးပါးသော အကြောင်းတို့ကြောင့် ဖြစ်သော ရုပ်သည်လည်း လှုပ်၏။ အဘယ်ကဲ့သို့နည်း-ဟူမူ မြစ်ရေအယဉ်၌ ထည့်အပ် ချအပ်သော ခြောက်သော နွားချေးစိုင်ကဲ့သို့တည်း။ ထိုသတ္တမဇောကြောင့် ဖြစ်ကုန်သော ဝါယောဓာတ်နှင့်အတူ သဟဇာတ်ဖြစ်ကုန်သော ရုပ်တို့ကို လှုပ်ခြင်းငှါ မစွမ်းနိုင်ကုန်သော်လည်း ပဌမဇော အစရှိသည်တို့ကြောင့် ဖြစ်ကုန်သော ဝါယောဓာတ်တို့သည် ဝိညတ်-ဟု ဆိုအပ်သော ထူးသော အခြင်းအရာနှင့် တကွဖြစ်ကုန်၏၊ အဘယ့်ကြောင့် တကွဖြစ်ကုန်သနည်း ဆိုသော် အကြင်အရပ်အဘို့ဖြင့် ဤသူသည် ရှေ့သို့တက်ခြင်း အစရှိသည်တို့ကို ဖြစ်စေခြင်းငှါ အလိုရှိ၏၊ ထိုအရပ်သို့ ရှေ့ရှုသည်၏ အဖြစ်အားဖြင့် အခြင်းအရာ အထူး ဖြစ်သင့်ခြင်းကြောင့်တည်း၊ ထို့ကြောင့် မနောဒွါရာဝဇ္ဇန်း၏လည်း ဝိညတ်ကို ဖြစ်စေသည်၏အဖြစ်ကို အရှင်အနုရုဒ္ဓါဆရာ သည်ပင် ဆိုတော်မူလတ့်။

## ဝစီဝိညတ်ဖြစ်ပုံ

နှုတ်မြွက်ခြင်းကို ပြုတတ်သော စိတ်ကြောင့်ဖြစ်သော ပထဝီ ဓာတ်၏ အက္ခရာတို့၏ ဖြစ်ရာ ဌာန်အရပ်တို့၌ ဖြစ်ကုန်သော

ကမ္မဇရုပ်တို့နှင့် တကွ ထိခြင်း၏ အကြောင်းဖြစ်သော တခုသော အခြင်းအရာအထူးသည် ဝစီဝိညတ်မည်၏၊ ဤဝစီဝိညတ်၌ အကြင် စကားကို ဆိုသင့်၏၊ ထိုစကားကို ကာယဝိညတ်၌ ဆိုအပ်ပြီးသော နည်းအတိုင်းသာ မှတ်အပ်၏၊ ဤဆိုလတံ့ သည်ကား—အထူး တည်း၊ ထိုကာယဝိညတ်၌ တုန်လှုပ်သော ကိုယ်ဖြင့် အလိုကို သိစေခြင်း-ဟု ဆိုအပ်သော တတိယ မနောဒွါရိကဇော၏ အခြားမဲ့၌-ဟု ဆိုအပ်သကဲ့သို့ ထို့အတူ ဤဝစီဝိညတ်၌ ကြား အပ်သော အသံဖြင့် အလိုကို သိစေခြင်း-ဟု ဆိုအပ်သော တတိယ မနောဒွါရိက ဇော၏အခြားမဲ့၌-ဟု စပ်ယှဉ်စေအပ်၏၊ ဤဝစီ ဝိညတ်၌ ကောင်းစွာခိုင်စေခြင်း အစရှိသည်တို့၏ မရှိခြင်းကြောင့် သတ္တမဇောကြောင့်ဖြစ်သော ဤသို့ အစရှိသောနည်းကို မရအပ်၊ အဘယ့်ကြောင့် မရအပ်ပါသနည်း-ဟူမူ၊ စိတ္တဇ ပထဝီဓာတ်၏ ကမ္မဇပထဝီဓာတ်နှင့် ထိခိုက်သည်နှင့် တပြိုင်နက်သာလျှင် အသံ ဖြစ်၏၊ စိတ္တဇပထဝီဓာတ်နှင့် ကမ္မဇပထဝီဓာတ်တို့၏ ထိခိုက် ခြင်းကိုလည်း ပဌမဇော အစရှိသည်တို့၌ ရအပ်သည်သာတည်း၊ ထို့ကြောင့် ကောင်းစွာခိုင်စေခြင်း အစရှိသည်တို့၏ မရှိခြင်းဖြစ်၏။

မှတ်ချက်။ ။ဝစီဝိညတ်၌ ကာယဝိညတ်ကဲ့သို့ ဇောအဆင့်ဆင့် ထောက်ပံ့ခိုင်စေခြင်း မရှိဘဲ ဖြစ်၏-ဟူလို။

ဤ လှုပ်သောကိုယ်၊ နှုတ်မြွက်သော အသံတို့၌ တော၌ စိုက် ထောင်၍ ဖွဲ့ထားအပ်သော နွားဦးခေါင်း ထန်းရွက်အစရှိသည်၌ တည်သော အဆင်းတို့ကိုမြင်၍ ထိုမြင်ပြီးသည်၏ အခြားမဲ့၌ ဖြစ်သော မသိအပ်သော အနက်ထူးရှိသော စတုတ္ထ မနောဒွါရဝီထိဖြင့် နွား ဦးခေါင်း အစရှိသည်တို့၏ ရေနှင့်တကွ ဖြစ်လေ့ရှိသည် အဖြစ်-ဟု ဆိုအပ်သော အပြားရှိသော အမှတ်အသားကို သိ၍ ရေကိုခပ်ယူခြင်း ဖြစ်သကဲ့သို့၊ ထို့အတူ လှုပ်သော ကိုယ်, နှုတ်မြွက်သော အသံတို့ကို ယူ၍ ထိုယူသည်၏ အခြားမဲ့၌ ဖြစ်သော မသိအပ်သော အနက်ထူး ရှိသော ရှေးအဘို့၌ ပြီးစေအပ်သော အမှတ်-ဟု ဆိုအပ်သော အကြောင်းရှိသော စတုတ္ထ မနောဒွါရဝီထိဖြင့် အလိုနှင့် တကွ

အခြင်းအရာ အထူးကို ယူခြင်းသည်ဖြစ်၏၊ ဤဥပမာသည် ကာယဝိညတ်, ဝစီဝိညတ် နှစ်ပါးတို့နှင့် ဆက်ဆံသော ဥပမာတည်း။

---

## ဝိကာရရုပ် ၅-ပါး

**၁၂။ ။ရူပဿလဟုတာ, မုဒုတာ, ကမ္မညတာ, ဝိညတ္တိဒွယံ ဝိကာရရူပံ နာမ။**

နိပ္ဖန္နရုပ် ၁၈-ပါး၏ ပေါ့သောအဖြစ်သည်၎င်း၊ နူးညံ့သော အဖြစ်သည်၎င်း၊ အမှု၌ကောင်းသော အဖြစ်သည်၎င်း၊ ဝိညတ်ရုပ် နှစ်ပါးသည်၎င်း ဝိကာရရုပ် မည်၏။

---

## ဝိကာရရုပ် ၅-ပါး အဘွင့်

၁၂။ ။နိပ္ဖန္နရုပ်တို့၏ ပေါ့သည်အဖြစ်သည် **လဟုတာ**[၁] မည်၏။ နိပ္ဖန္နရုပ်တို့၏ နူးညံ့သည်အဖြစ်သည် **မုဒုတာ**[၂] မည်၏။နိပ္ဖန္နရုပ်တို့၏ အမှု၌ ကောင်းသည်အဖြစ်သည် **ကမ္မညတာ**[၃] မည်၏။ အနာမရှိသော သူ၏ ကိုယ်၏ ပေါ့သည်အဖြစ်ကဲ့သို့ နိပ္ဖန္နရုပ်တို့၏ ပေါ့သည်အဖြစ်သည်၎င်း၊ ကောင်းစွာထက်၍ ညက်စွာနယ်ပြီးသော သားရေ၏ နူးညံ့သည်အဖြစ်ကဲ့သို့ နိပ္ဖန္နရုပ်တို့၏ နူးညံ့သည် အဖြစ်သည်၎င်း၊ ဦးသစ်စဖြစ်သော ရွှေ၏ တန်းဆာအထူးကို ပြုခြင်းအား လျော်ပတ်သည်အဖြစ်ကဲ့သို့ နိပ္ဖန္နရုပ်တို့၏ ကိုယ်ဖြင့် ပြုအပ်ကုန်သော အမှုတို့အား လျော်ပတ်သည် အဖြစ်သည်၎င်း၊ အစဉ်အတိုင်း ဤ လဟုတာ, မုဒုတာ, ကမ္မညတာ မည်ကုန်၏-ဟု မှတ်အပ်၏။

ထိုစကားမှန်၏၊ အချင်းချင်း မစွန့်သော်လည်း လဟုတာစသော သုံးခုအပေါင်း၏ ထိုထိုသို့သော ဖောက်ပြန်ခြင်းလျှင် အလွန်ရှိသော

---

၁—နိပ္ဖန္နရုပ်တို့၏ ပေါ့သောအဖြစ်သည် **ရူပလဟုတာ**-မည်၏။

၂—နိပ္ဖန္နရုပ်တို့၏ နူးနူးညံ့ညံ့ဖြစ်သော အမှုအရာသည် **ရူပမုဒုတာ** မည်၏။

၃—အမှုအမျိုးမျိုး၌ ကောင်းသော, လျော်သော,ခံ့သည်၏ ဖြစ်ကြောင်း သဘောသည် **ရူပကမ္မညတာ** မည်၏-ဟူလို။

နိပ္ဖန္နရုပ်ဖြင့် ထူးသည့်အဖြစ်ကို ဆိုအပ်၏၊ ယင်းထူးပုံကို အကျယ်ဘွင့်ပြဦးအံ့—နိပ္ဖန္နရုပ်တို့၏ လေးသည်၏ အဖြစ်ကို ပြုတတ်သော ဓာတ်ချောက်ချားခြင်း၏ ဆန့်ကျင်ဘက် ပစ္စည်းကြောင့် ဖြစ်သော နိပ္ဖန္နရုပ်တို့၏ ဖောက်ပြန်ခြင်းသည် **လဟုတာ** မည်၏၊ နိပ္ဖန္နရုပ်တို့၏ ခက်တရော် ရှိသည်အဖြစ်ကို ပြုတတ်သော ဓာတ်ချောက်ချားခြင်း၏ ဆန့်ကျင်ဘက် ပစ္စည်းကြောင့် ဖြစ်သော နိပ္ဖန္နရုပ်တို့၏ ဖောက်ပြန်ခြင်းသည် **မုဒုတာ** မည်၏၊ ကိုယ်ဖြင့်ပြုအပ်ကုန်သော အမှုတို့အား မလျောက်ပတ်သည် အဖြစ်ကို ပြုတတ်သော ဓာတ်ချောက်ချားခြင်း၏ ဆန့်ကျင်ဘက် ဖြစ်သော ရုပ်၏ ဖောက်ပြန်ခြင်းသည် **ကမ္မညတာ** မည်၏။

---

## လက္ခဏရုပ် ၄-ပါး

**၁၃။ ။ရူပဿ ဥပစယော, သန္တတိ, ဇရတာ, အနိစ္စတာ လက္ခဏရူပံ နာမ။**

စက္ခုစသော ရုပ်၏ ဖြစ်ဆဲသည့်ဝင်း၊ ဖြစ်စဉ်သည့်ဝင်း၊ ရင့်သော အဖြစ်သည့်ဝင်း၊ ပျက်သော အဖြစ်သည့်ဝင်း လက္ခဏရုပ် မည်၏။

---

## လက္ခဏရုပ် ၄-ပါးအဘွင့်

၁၃။ ။ရှေးဦးစွာ နိပ္ဖန္နရုပ်တို့၏ ဖြစ်ခြင်းသည် **ဥပစယ** မည်၏၊ (ဥပည္ဆတ္တံ အစရှိသော ပါဠိတို့၌ကဲ့သို့ ဥပသဒ္ဒါ၏ ရှေးဦးစွာ ဟူသော အနက်ကို ထွန်းပြတတ်သည် အဖြစ်ကြောင့် နိပ္ဖန္နရုပ်တို့၏ ရှေးဦးစွာ ဖြစ်ခြင်း ဟူသော အနက်ကို မှတ်အပ်၏၊) ပွါးဆဲ ဖြစ်ဆဲသည် **သန္တတိ** မည်၏၊ ပွါးဆဲဖြစ်ဆဲဟူသော သန္တတိ၏ အနက်ကို မှတ်အပ်၏။

ထိုဥပစယ, သန္တတိ နှစ်ပါးတို့တွင် ပဋိသန္ဓေမှစ၍ အကြင်မျှ လောက် ကာလပတ်လုံး စက္ခုဒသက အစရှိသော ရုပ်တို့၏ ဖြစ်ခြင်း

သည် ရှိ၏၊ ဤအတွင်း၌ နိပ္ဖန္နရုပ်တို့၏ ဖြစ်ခြင်းသည် **ဥပစယ**[၁] မည်၏၊ ထိုစက္ခုဒသက အစရှိသည်တို့၏ ဖြစ်ခြင်းမှ နောက်ဖြစ်သော နိပ္ဖန္နရုပ်တို့၏ ဖြစ်ခြင်းသည် **သန္တတိ**[၂] မည်၏၊ မိမိတို့၏ ပစ္စည်းအား လျော်စွာ တခဏမျှ တည်ခြင်း အလေ့ရှိသော ရုပ်တို့၏ ဘင်သို့ ရှေးရှုဖြစ်ခြင်း အစွမ်းအားဖြင့် ဆွေးမြေ့ခြင်းသည် **ဇရာ**[၃] မည်၏၊ ထိုဇရာသည်ပင်လျှင် **ဇရတာ** မည်၏။

အကြင် သဘောကို မြဲသည်အဖြစ်အားဖြင့် ဝိပဿနာဉာဏ်ဖြင့် မသိအပ်သောကြောင့် **အနိစ္စ** မည်၏၊ ထိုအနိစ္စဖြစ်သော တရား အပေါင်း၏ အဖြစ်သည် **အနိစ္စတာ**[၄] မည်၏၊ ရုပ်တို့၏ အလုံးစုံ ပျက်စီးခြင်းကို အနိစ္စတာ-ဟု ရအပ်မှတ်အပ်၏၊ နိပ္ဖန္နရုပ်တရားတို့၏ ထိုထိုသို့သော ဥပါဒ်အစရှိသော အခိုက်အတန့် အစွမ်းအားဖြင့် မှတ်ကြောင်းဖြစ်သောကြောင့် **လက္ခဏရုပ်**[၅] မည်၏။

---

၁၄။ **။ဇာတိရူပမေဝ ပနေတ္ထ ဥပစယ သန္တတိ နာမေန ပဝုစ္စတီတိ ဧကာဒသဝိဓမ္ပေတံ ရူပံ အဋ္ဌဝီသတိ ဝိဓံ ဟောတိ သရူပဝသေန။**

အထူးကို ဆိုဦးအံ့—လက္ခဏရုပ် လေးခုတို့တွင် ဇာတိရုပ် တခုကိုပင်လျှင် ဥပစယ, သန္တတိ ဟူသော အမည်ဖြင့် မိန့်အပ်၏၊ ဤသို့ ၁၁-ပါးအပြား ရှိသည်လည်းဖြစ်သော ထိုရုပ်သည် သရုပ်၏ အစွမ်းဖြင့် ၂၈-ပါး အပြားရှိ၏။

---

၁—ပဋိသန္ဓေ၏ ဥပါဒ်ခဏမှစ၍ ဇီဝိတဒသက ဖြစ်သည်တိုင်အောင် ဤအတွင်း၌ နိပ္ဖန္နရုပ်တို့၏ ဖြစ်ခြင်းသည် **ဥပစယ** မည်၏။

၂—ထိုဇီဝိတဒသက၏ နောက်၌ ရုပ်တို့၏ ဖြစ်ခြင်းသည် **သန္တတိ** မည်၏။

၃—နိပ္ဖန္နရုပ်တို့၏ချုပ်ခြင်း ဘင်သို့ ရှေးရှုသည့်အဖြစ်ဖြင့်အိုခြင်း,ရင့်ခြင်းသည် **ဇရာ** မည်၏။

၄—နိပ္ဖန္နရုပ်တို့၏ ချုပ်ကွယ် ပျောက်ဆုံး ကုန်ခန်း ပျက်စီးခြင်းသည် **အနိစ္စတာ** မည်၏။

၅-နိပ္ဖန္နရုပ်တို့၏ ဖြစ်ခြင်း,ရင့်ခြင်း, ပျက်ခြင်း-ဟု ဆိုအပ်သော အခိုက်အတန့်၏ အစွမ်းအားဖြင့် မှတ်ကြောင်း ဖြစ်သောကြောင့် **လက္ခဏရုပ်** မည်၏-ဟုမှတ်။

၁၄။ ။**ဇာတိရူပမေဝ**-ဟူသည်ကား၊ပဋိသန္ဓေမှ စ၍ ရုပ်တို့၏ ခဏတိုင်း ခဏတိုင်း၌ ဖြစ်သည် အဖြစ်ကြောင့် ဇာတိဟူ၍ ဆိုအပ်သော စတုသန္တတိ ရုပ်တို့၏ ဖြစ်ဆဲ ဖြစ်သည်အဖြစ်ဖြင့် စတုသန္တတိရုပ်နှင့် စပ်၍ ဖြစ်ခြင်း ရှိသည်အဖြစ်ကြောင့် ရုပ်ဟူ၍ သမုတ်အပ်သော ဇာတိရုပ်ကို သာလျှင် ဥပစယ, သန္တတိ ဟူသော အမည်ဖြင့် ဆိုအပ်၏၊ အဘယ့်ကြောင့် ဥပစယ, သန္တတိ အဖြစ်ဖြင့် ဆိုအပ်ပါသနည်း-ဟူမူ၊ ရှေးဦးစွာဖြစ်ခြင်း အထက်အထက်၌ ဖြစ်ခြင်း-ဟု ဆိုအပ်သော အခြင်းအရာ ပြားသောကြောင့် ဝေနေယျနတ်တို့၏ အစွမ်းဖြင့် ဥပစယ, သန္တတိ[၁] ဟု ခွဲ၍ မြတ်စွာဘုရား ဟောတော်မူသောကြောင့်တည်း။

ဤသို့ ဥပစယနှင့် သန္တတိရုပ် တို့၏ အထူးမရှိသည် အဖြစ်ကြောင့် ထို ဥပစယ, သန္တတိရုပ် တို့၏ အကျယ်ပြရာ နိဒ္ဒေသ၌ အနက်အားဖြင့် အပြားမရှိသည်ကို ပြခြင်းငှါ "ယော အာယတနာနံ။ ပ။ သန္တတိ" ဟူ၍ ဟောတော်မူအပ်၏၊ အနက်ကား—အကြင် အာယတနတို့၏ ဖြစ်ခြင်းသည်ရှိ၏၊ ထို ဖြစ်ခြင်းသည် ရုပ်၏ ဥပစယ မည်၏၊ အကြင်ရုပ်၏ ဥပစယသည်ရှိ၏၊ ထို ဥပစယသည် ရုပ်၏ သန္တတိ မည်၏-ဟု ပေး။

**ကေဒသဝိဓမ္ပိ**-ဟူသည်ကား၊ ဝါ-ဟူသောပုဒ်ကို သဘောတူ ပေါင်းသည် အစွမ်းဖြင့် ၁၁-ပါး အပြား ရှိသော် လည်း-ဟု အနက်ပေး။

---

၁၅။ ။**ကထံ—**

**ဘူတပ္ပသာဒဝိသယာ၊ ဘာဝေါ ဟဒယမိစ္စပိ။**
**ဇီဝိတာဟာရရူပေဟိ၊ အဋ္ဌာရသဝိဓံ တထာ။**
**ပရိစ္ဆေဒေါ စ ဝိညတ္တိ၊ ဝိကာရော လက္ခဏန္တိ စ။**
**အနိပ္ဖန္နာ, ဒသစ္စေတိ၊ အဋ္ဌဝီသတိ ဝိဓံ ဘဝေ။ ။**
**အယမေတ္ထ ရူပ သမုဒ္ဒေသော။**

---

၁—လက္ခဏရုပ်တို့သည် ၄-ပါးပြားရာ ဥပစယနှင့် သန္တတိ-ဟု ၂-ပါးပြားသော်လည်း ဇာတိရုပ် တပါးသာ ဖြစ်၏၊ သို့သော် ရှေးဦးစွာ အစ၌ဖြစ်ခြင်း, နောက်၌ဖြစ်ခြင်း-ဟု ဆိုအပ်သော ဖြစ်ခြင်းအခြင်းအရာ ကွဲပြားမှုကြောင့် ဝေနေယျသတ္တဝါအား လျော်စွာသော ဥပစယ, သန္တတိ-ဟူ၍ ၂-ပါးခွဲဝေ၍ ဟောတော်မူအပ်၏-ဟူလို။

အဘယ်သို့ ဖြစ်သနည်းဟူမူကား—ဘူတရုပ် ၄-ခု, ပသာဒရုပ် ၅-ခု, ဝိသယရုပ် ၇-ခုတို့ဂုဏ်း၊ ဘာဝရုပ် ၂-ခုဂုဏ်း၊ ဟဒယရုပ်ဂုဏ်း၊ ဤသို့ ဇီဝိတရုပ်, အာဟာရရုပ်, တို့နှင့် တကွ ၁၈-ပါး အပြား ရှိသော နိပ္ဖန္နရုပ်ဂုဏ်း၊

ထိုမှတပါး ပရိစ္ဆေဒရုပ်ဂုဏ်း၊ ဝိညတ်ရုပ် ၂-ခုဂုဏ်း၊ ဝိကာရရုပ် ၅-ခုဂုဏ်း၊ လက္ခဏာရုပ် ၄-ခုဂုဏ်း၊ ဤသို့ ဆယ်ပါးကုန်သော အနိပ္ဖန္နရုပ် တို့ဂုဏ်း၊ ဤသို့သော အပြားအားဖြင့် ၂၈-ပါး အပြားရှိ၏။

ဤသို့ ဆိုအပ်ပြီးသည်ကား ဤရူပသင်္ဂဟ၌ ရုပ်တို့ကို အကျဉ်း ပြကြောင်း ဖြစ်သော နည်းတည်း။

ရူပသမုဒ္ဒေသပြီး၏။

၁၅။ ။လေးပါးကုန်သော မဟာဘုတ်တို့ဂုဏ်း၊ ငါးပါးကုန်သော ပသာဒရုပ်တို့ဂုဏ်း၊ လေးပါးကုန်သော ဝိသယရုပ်တို့ဂုဏ်း၊ နှစ်ပါးသော ဘာဝရုပ်ဂုဏ်း၊ ဟဒယရုပ်ဂုဏ်း၊ ဤသို့ နှစ်ပါးကုန်သော ဇီဝိတရုပ် အာဟာရရုပ်တို့နှင့် တကွ ၁၈-ပါး အပြားရှိသော ဤနိပ္ဖန္နရုပ်[၁]ဂုဏ်း၊ ထိုမှတပါး ပရိစ္ဆေဒရုပ်ဂုဏ်း၊ နှစ်ပါး အပြားရှိသော ဝိညတ်ရုပ်ဂုဏ်း၊ သုံးပါးအပြား ရှိသော ဝိကာရရုပ်ဂုဏ်း၊ လေးပါး အပြားရှိသော လက္ခဏာရုပ်ဂုဏ်း၊ ဤသို့သော အပြားအားဖြင့် နိပ္ဖန္နရုပ်တို့ကို ပိုင်းခြားခြင်း ဖောက်ပြန်ခြင်း အစရှိသော သဘောမျှကို ကင်း၍ အသီးအခြား အကြောင်းတို့သည် မပြီးစေအပ်သည် အဖြစ်ကြောင့် အနိပ္ဖန္န[၂] အမည်ရှိကုန်သော ဤဆယ်ပါးသောရုပ်တို့ဂုဏ်း၊ ဤသို့ အပြားအားဖြင့် ၂၈-ပါး အပြားရှိ၏။

ရူပသမုဒ္ဒေသအဘွင့် ပြီး၏။

---

၁—ဘူတရုပ် ၄-ခု, ပသာဒရုပ် ၅-ခု, ဝိသယရုပ် ၇-ခု, ဘာဝရုပ် ၂-ခု, ဟဒယရုပ် ၁-ခု, ဇီဝိတရုပ် ၁-ခု, အာဟာရရုပ် ၁-ခု ဤ ၁၈-ပါးသော ရုပ်တို့သည် ကံ, စိတ်, ဥတု, အာဟာရ အကြောင်းတရား လေးပါးတို့သည် ပြီးစေအပ်သောကြောင့် နိပ္ဖန္နရုပ် မည်ကုန်၏။

၂—ပရိစ္ဆေဒရုပ် ၁-ခု, ဝိညတ်ရုပ် ၂-ခု, ဝိကာရရုပ် ၅-ခု, လက္ခဏာရုပ် ၄-ခု, ဤ ၁၀-ပါးသော ရုပ်တို့သည် ယင်းအကြောင်း တရားလေးပါးတို့သည် မဖြစ်စေအပ်, မပြီးစေအပ်သောကြောင့် **အနိပ္ဖန္နရုပ်** မည်ကုန်၏။

## ရူပဝိဘာဂ

၁၆။ ။သဗ္ဗဉ္စပနေတံ ရူပံ အဟေတုကံ, သပ္ပစ္စယံ, သာသဝံ, သင်္ခတံ, လောကိယံ, ကာမာဝစရံ, အနာရမ္မဏံ, အပ္ပဟာတဗ္ဗမေဝါတိ ဧကဝိဓမ္ပိ အဇ္ဈတ္တိကဗာဟိရာဒိဝသေန ဗဟုဓာ ဘေဒံ ဂစ္ဆတိ။

ရူပသမုဒ္ဒေသမှတပါး ရူပဝိဘာဂကို ဆိုဦးအံ့–အလုံးစုံသာလျှင် ဖြစ်သော ထိုရုပ်သည် အလောဘ အစရှိသော သမ္ပယုတ်ဟိတ် မရှိသည်အဖြစ်ကြောင့် အဟေတုကလည်း မည်၏၊ ကံ, စိတ်, ဥတု, အာဟာရ တည်းဟူသော အကြောင်းတရား လေးပါးတို့နှင့် တကွဖြစ်သောကြောင့် သပ္ပစ္စယလည်း မည်၏၊ အာသဝေါတရား လေးပါးတို့၏ အာရုံ ဖြစ်ခြင်းကြောင့် သာသဝလည်း မည်၏၊ ကံ, စိတ်, ဥတု, အာဟာရ တည်းဟူသော အကြောင်းတရား လေးပါးတို့သည် ပေါင်း၍ ပြုပြင်အပ်သောကြောင့် သင်္ခတလည်း မည်၏၊ ဥပါဒါန်၏ အာရုံဖြစ်သော သင်္ခါရလောက၌ အကျုံး ဝင်သည် အဖြစ်ကြောင့် လောကိယလည်း မည်၏၊ ကာမတဏှာ၏ ကျင်လည်ရာ ဖြစ်သောကြောင့် ကာမာဝစရလည်း မည်၏၊ အာရုံကို မယူတတ်သောကြောင့် အနာရမ္မဏလည်း မည်၏၊ တဒင်္ဂပဟာန်, ဝိက္ခမ္ဘနပဟာန်, သမုစ္ဆေဒပဟာန် တို့၏အစွမ်းဖြင့် မပယ်အပ်သည် အဖြစ်ကြောင့် အပ္ပဟာတဗ္ဗလည်း မည်၏၊ ဤသို့ တခုသော အဘို့ရှိသည်လည်း ဖြစ်သော ရုပ်သည် အဇ္ဈတ္တိက, ဗာဟိရ အစ ရှိသည်တို့၏ အစွမ်းအားဖြင့် များသော အပြားဖြင့် ပြားခြင်းသို့ ရောက်၏၊ ဝါ–များသော အပြားရှိ၏။

---

## ရူပဝိဘာဂ အဘွင့်

၁၆။ ။ယခုအခါ၌ အကြင်အကြင် အကျဉ်းပြုအပ်ပြီးသော ရုပ်တို့၏ ဧကဝိဓ အစရှိသော နည်းကိုပြခြင်းငှါ "သဗ္ဗဉ္စပနေတံ" ဤသို့ အစရှိသော စကားကို မိန့်ဆိုတော်မူအပ်၏၊ ယှဉ်သော အလောဘ စသော ဟိတ်၏ မရှိခြင်းကြောင့် **အဟေတုက** [၁] မည်၏၊

---

၁–ဤအလုံးစုံသော ရုပ်တရားသည် သမ္ပယုတ် ဖြစ်သော အလောဘ စသော ဟိတ် မရှိသောကြောင့် **အဟေတုက** မည်၏။

မိမိတို့၏ သဘောအား လျော်စွာ ပစ္စည်း ရှိသည်အဖြစ်ကြောင့် **သပ္ပစ္စယ**[၁] မည်၏၊ မိမိကို အာရုံပြု၍ ဖြစ်ကုန်သော ကာမာသဝ စသည်တို့နှင့် တကွဖြစ်သောကြောင့် **သာသဝ**[၂] မည်၏၊ ကံ, စိတ်, ဥတု, အာဟာရ တည်းဟူသော အကြောင်းတရားတို့သည် စီရင် အပ်သည် အဖြစ်ကြောင့် **သင်္ခတ**[၃] မည်၏၊ ဥပါဒါနက္ခန္ဓာ-ဟု ဆိုအပ်သော လောက၌ ယှဉ်သည်အဖြစ်ကြောင့် **လောကိယ**[၄] မည်၏၊ ကာမတဏှာ၏ ကျင်လည်ရာ ဖြစ်သောကြောင့် **ကာမာဝစရ**[၅] မည်၏၊ နာမ်တရားတို့၏ အာရုံယူခြင်းသည် ဖြစ်သကဲ့သို့ ထို့အတူ တစုံတခုသော အာရုံကို မယူခြင်းကြောင့် ထို ၂၈-ပါးသော ရုပ်အား အာရုံမရှိသောကြောင့် **အနာရမ္မဏ**[၆] မည်၏၊ တဒင်္ဂပဟာန် အစရှိသည်တို့၏ အစွမ်းအားဖြင့် ပယ်အပ် သည်၏အဖြစ် မရှိခြင်းကြောင့်၊ ဝါ-မပယ်အပ်သောကြောင့် **အပ္ပဟာတဗ္ဗ**[၇] မည်၏၊ ဇာတိသဒ္ဒါသည် ပကာရအနက်ရှိ၏၊ ထို ဇာတိသဒ္ဒါဖြင့် "အဗျာကတံ" ဤသို့ အစရှိသော အလုံးစုံသော ကောဝိဒနည်းကို ပေါင်းယူရေတွက်၏။

## အဇ္ဈတ္တိက ဗာဟိရရုပ်

**၁၇။ ။ကထံ ပသာဒသင်္ခါတံ ပဉ္စဝိဓမ္ပိ အဇ္ဈတ္တိကရူပံ နာမ၊ ဣတရံ ဗာဟိရရူပံ။**

---

၁—အကြင်အကြင် မိမိ၏ ဥစ္စာဖြစ်သော ကံ, စိတ်, ဥတု, အာဟာရတည်း ဟူသော အကြောင်း ရှိသောကြောင့် **သပ္ပစ္စယ** မည်၏။

၂—မိမိကို အာရုံ ပြု၍ ဖြစ်ကုန်သော ကာမာသဝ စသည်တို့နှင့် တကွဖြစ်သောကြောင့် **သာသဝ** မည်၏။

၃—ကံ, စိတ်, ဥတု, အာဟာရတည်းဟူသော အကြောင်းတရား လေးပါးတို့သည် ပြုပြင် စီရင်အပ်သောကြောင့် **သင်္ခတ** မည်၏။

၄—ဥပါဒါနက္ခန္ဓာ-ဟု ဆိုအပ်သော လောက၌ ယှဉ်သောကြောင့် **လောကိယ** မည်၏။

၅—ကာမတဏှာ၏ ကျက်စားရာ ဖြစ်သောကြောင့် **ကာမာဝစရ** မည်၏။

၆—နာမ်တရားတို့ကဲ့သို့ တစုံတခုသော အာရုံကို မယူတတ်သောကြောင့် **အနာရမ္မဏ** မည်၏။

၇—တဒင်္ဂပဟာန် စသည်တို့၏ အစွမ်းဖြင့် မပယ်အပ်သောကြောင့် **အပ္ပဟာတဗ္ဗ** မည်၏-ဟုမှတ်။

အဘယ်သို့ ရောက်သနည်း-ဟူမူ၊ ပသာဒရုပ်-ဟု ဆိုအပ်သော ငါးပါးအပြားရှိသော ရုပ်သည် အဇ္ဈတ္တိကရုပ် မည်၏၊ ဤမှ တပါးသော ၂၃-ပါးသော ရုပ်သည် ဗာဟိရရုပ် မည်၏။

## အဇ္ဈတ္တိက ဗာဟိရရုပ်အဘွင့်

၁၇။ ။အတ္တဘော-ဟု ဆိုအပ်သော ခန္ဓာပဉ္စကကို စွဲ၍ ဖြစ်သောကြောင့် **အဇ္ဈတ္တိကရုပ်** [၁] မည်၏၊ ထိုစကားမှန်၏၊ တပါးလည်းဖြစ်ကုန်သော အတ္တဘောကိုစွဲ၍ ဖြစ်ကုန်သော တရားတို့သည် အကယ်၍ကား ရှိကုန်၏၊ ထိုသို့ ရှိကုန်သော်လည်း အထင်ရှဋ္ဌီ၏ အစွမ်းဖြင့် စက္ခုပသာဒ အစရှိသော ရုပ်ငါးခုအပေါင်းသည် သာလျှင် အဇ္ဈတ္တိက မည်၏၊ တနည်းကား—ငါတို့သည် အကယ်၍ မရှိကုန်အံ့၊ သင်အတ္တဘောသည် ထင်းတုံးနှင့် တူသည် ဖြစ်လတံ့-ဟု ဆိုကုန်သကဲ့သို့ အတ္တဘောအား အလွန်အကဲ ကျေးဇူးပြုတတ်သောကြောင့် စက္ခုအစရှိသည်တို့သည် သာလျှင် အထူးအားဖြင့် အဇ္ဈတ္တိက မည်ကုန်၏၊ တနည်းကား—စက္ခုအစရှိသော ရုပ်ငါးခုအပေါင်းသည် အတ္တ-ဟု ဆိုအပ်သော ပဉ္စဒွါရိကစိတ်ကို စွဲ၍ ထိုပဉ္စဒွါရိကစိတ်၏ ဖြစ်ခြင်းအကြောင်း အဖြစ်ဖြင့် ဖြစ်တတ်သောကြောင့် အဇ္ဈတ္တ-မည်၏၊ ထိုအဇ္ဈတ္တသည်သာလျှင် အဇ္ဈတ္တိက-မည်၏၊ ထိုအဇ္ဈတ္တမှ အပဉ္ဖ ဖြစ်သည်အဖြစ်ကြောင့် ပသာဒရုပ်ငါးခုမှ တပါးသော ၂၃-ပါးအပြားရှိသော ရုပ်သည် ဗာဟိရရုပ် မည်၏။

## ဝတ္ထုရုပ် အဝတ္ထုရုပ်

**၁၈ ။ပသာဒဟဒယသင်္ခါတံ ဆဗ္ဗိဓမ္ပိ ဝတ္ထုရူပံ နာမ၊ ဣတရံ အဝတ္ထုရူပံ။**

---

၁—သတ္တဝါတို့၏ ကိုယ်ဟူသော အတ္တဘောကို စွဲ၍ ဖြစ်သောကြောင့် ပသာဒရုပ် ငါးပါးသည် **အဇ္ဈတ္တိကရုပ်** မည်၏။ တနည်း—ခန္ဓာအတ္တဘော၌ ကျေးဇူး အထူးကြီးမားသောကြောင့် ပသာဒရုပ် ငါးပါးသည် **အဇ္ဈတ္တိကရုပ်** မည်၏။ တနည်း—အတ္တဟု ဆိုအပ်သော စိတ်ကိုစွဲ၍ ဖြစ်သောကြောင့် ပသာဒရုပ် ငါးပါးသည် **အဇ္ဈတ္တိကရုပ်** မည်၏။
ထိုမှကြွင်းသော ရုပ် ၂၃-ပါးသည် အပဉ္ဖ ဖြစ်သောကြောင့် **ဗာဟိရရုပ်** မည်၏။

ပသာဒရုပ်ငါးခု, ဟဒယရုပ်-ဟု ဆိုအပ်သော ခြောက်ပါးအပြား ရှိသော ရုပ်သည် ဝတ္ထုရုပ် မည်၏၊ ဤမှ တပါးသော ၂၂-ပါး သော ရုပ်သည် အဝတ္ထုရုပ် မည်၏။

## ဝတ္ထုရုပ် အဝတ္ထုရုပ်အဘွင့်

၁၀။ ။ဤဝတ္ထုရုပ်[၁] ၆-ခုမှ တပါးသော ၂၂-ပါးသော ရုပ်သည် အဝတ္ထုရုပ် မည်၏။

## ဣန္ဒြိယရုပ် အနိန္ဒြိယရုပ်

**၂၀။ ပသာဒ, ဘာဝ, ဇီဝိတသင်္ခါတံ အဋ္ဌဝိဓမ္ပိ ဣန္ဒြိယရူပံ နာမ၊ ဣတရံ အနိန္ဒြိယရူပံ။**

ပသာဒရုပ် ငါးခု, ဘာဝရုပ် နှစ်ခု, ဇီဝိတရုပ်-ဟု ဆိုအပ်သော ရှစ်ပါး အပြားရှိသော ရုပ်သည် ဣန္ဒြိယရုပ် မည်၏၊ ဤမှ တပါးသော ၂၀-သော ရုပ်သည် အနိန္ဒြိယရုပ်မည်၏။

## ဣန္ဒြိယရုပ် အနိန္ဒြိယရုပ်အဘွင့်

၂၀။ ။ပဉ္စဝိညာဏ်တို့၌၎င်း၊ ဣတ္ထိလိင် အစရှိသည်တို့၌၎င်း၊ သဟဇာတ် ဖြစ်ကုန်သော ရုပ်တို့ကို စောင့်ခြင်း၌၎င်း၊ အစိုးရသည် အဖြစ် နှင့် ယှဉ်ခြင်းကြောင့် ရှစ်ပါးအပြားရှိသော ရုပ်သည်

---

၁—ဤရုပ်ခြောက်ပါးသည် စိတ်စေတသိက်တို့၏ တည်ရာမှီရာ ဖြစ်သောကြောင့် ဝတ္ထုရုပ် မည်၏။

ပသာဒရုပ် ငါးပါးသည် ပဉ္စဒွါရဝီထိ စိတ်စေတသိက်တို့၏ ဖြစ်ရာဖြစ်သောကြောင့် ဒွါရရုပ် မည်၏။

ဝိညတ်ရုပ် ၂-ပါးကား ပါဏာတိပါတ စသော ကံတို့၏ ဖြစ်ရာဖြစ်သောကြောင့် ဒွါရရုပ် မည်၏။ ကြွင်းသော ရုပ် ၂၁-ပါးသည် စိတ်စေတသိက်တို့၏ ဖြစ်ရာ မဟုတ်သောကြောင့် **အဒွါရရုပ်** မည်၏။

**ဃာနိန္ဒြိယရုပ်**[၁] မည်၏၊ ယင်းအရ အကျယ်ချဲ့၍ ပြဦးအံ့—ငါးပါး အပြားရှိသော ပသာဒရုပ်၏ မိမိ၏ ထက်ခြင်း, မထက်ခြင်း အစရှိသည် အဖြစ်ကြောင့် ထိုစက္ခုဝိညာဏ် အစရှိသည်တို့၏လည်း ထက်ခြင်း, မထက်ခြင်း အစရှိသည်အဖြစ်သို့ ရောက်စေခြင်းကြောင့် စက္ခုဝိညာဏ် အစရှိသည်တို့၌ အစိုးရသည် အဖြစ်သည် ဖြစ်၏၊ ဘာဝရုပ် နှစ်ခု အပေါင်း၏လည်း အကြင်အကြင် မိမိတို့၏ ဥစ္စာ ဖြစ်ကုန်သော အကြောင်းတို့ကြောင့် ဖြစ်ကုန်သော်လည်း ထိုဣတ္ထိလိင် အစရှိသည်တို့၏ များသော အားဖြင့် "ဘော"ရှိသော သန္တာန် ၌သာလျှင် ထိုထိုသို့သော ဣတ္ထိလိင် အစရှိသော အခြင်းအရာဖြင့် ဖြစ်ခြင်းကြောင့် ဣတ္ထိလိင် အစရှိသည်တို့၌လည်း အစိုးရသည် အဖြစ်သည် ဖြစ်၏၊ ဃာနိန္ဒြိယ ပစ္စည်း၏ အဖြစ်ကြောင့် အစိုးရသည် အဖြစ် မဟုတ်ပေ။

ဇီဝိတိန္ဒြေ၏လည်း ထိုသဟဇာတ် ဖြစ်ကုန်သော ကမ္မဇရုပ်တို့၏ အကြင်အကြင် မိမိတို့၏ ဥစ္စာဖြစ်ကုန်သော တခဏမျှ တည်ခြင်း၏ ဇီဝိတိန္ဒြေနှင့် စပ်သည်အဖြစ်ကြောင့် သဟဇာတ် ဖြစ်ကုန်သော ကမ္မဇရုပ်တို့ကို စောင့်ခြင်း၌ အစိုးရသည် အဖြစ်သည် ဖြစ်၏၊ မိမိ-ဟု ဆိုအပ်သော ဇီဝိတိန္ဒြေသည်လည်း မိမိနှင့် ထားအပ်သော တရားနှင့် စပ်သဖြင့် သာလျှင် ဖြစ်၏၊ အဘယ်ကဲ့သို့နည်း-ဟူမူ၊ လှေသူကြီးသည် လှေနှင့် စပ်သဖြင့် သာလျှင် ဖြစ်သကဲ့သို့တည်း။

---

၁-ဤရုပ်ရှစ်ပါးသည် ပဉ္စဝိညာဏ်စိတ်တို့၌ အစိုးရသောကြောင့် **ဃာနိန္ဒြိယရုပ်** မည်၏။ ကြွင်းသော ရုပ် ၂၀-ကား အစိုးမရသောကြောင့် **အနိန္ဒြိယရုပ်** မည်၏။

**ဃာနိန္ဒြိယရုပ် ၈-ပါး**—

(၁) စက္ခုပသာဒရုပ်သည် စက္ခုဝိညာဏ် နာမက္ခန္ဓာကို အစိုးရ၏။
(၂) သောတပသာဒရုပ်သည် သောဝိညာဏ် ॥ ॥
(၃) ဃာနပသာဒရုပ်သည် ဃာနဝိညာဏ် ॥ ॥
(၄) ဇိဝှါပသာဒရုပ်သည် ဇိဝှါဝိညာဏ် ॥ ॥
(၅) ကာယပသာဒရုပ်သည် ကာယဝိညာဏ် နာမက္ခန္ဓာကို အစိုးရ၏။
(၆) ဣတ္ထိဘာဝရုပ်သည် ဣတ္ထိလိင်ကို အစိုးရ၏။
(၇) ပုမ္ဘာဝရုပ်သည် ပုလ္လိင်ကို အစိုးရ၏။
(၈) ဇီဝိတရုပ်သည် မိမိနှင့် သဟဇာတ်ဖြစ်သော ကမ္မဇရုပ်တို့ကို အစိုးရ၏။

## ဩဠာရိကရုပ် သုခုမရုပ်

**၂၁။ ။ပသာဒ, ဝိသယသင်္ခါတံ ဒွါဒသဝိဓမ္ပိ ဩဠာရိကရူပံ၊ သန္တိကေရူပံ, သပ္ပဋိဃရူပဉ္စ၊ ဇတရံ သုခုမရူပံ, ဒူရေရူပံ, အပ္ပဋိဃရူပဉ္စ။**

ပသာဒရုပ်ငါးခု ဝိသယရုပ် ၇-ခု-ဟု ဆိုအပ်သော ၁၂-ပါး အပြားရှိသော ရုပ်သည် ဩဠာရိကရုပ် မည်၏။ ဝါ-ရုန့်ရင်း ကြမ်းထမ်းသော ရုပ် မည်၏၊ သန္တိကေရုပ် မည်၏၊ ဝါ-နီးသော ရုပ် မည်၏၊ သပ္ပဋိဃရုပ် မည်၏၊ ဝါ-ထိပါးခြင်း ရှိသော ရုပ်လည်းမည်၏၊ ဤမှ တပါးသော ၁၆-ခုသော ရုပ်သည် သုခုမ ရုပ် မည်၏၊ ဝါ-သိမ်မွေ့သောရုပ် မည်၏၊ ဒူရေရုပ်လည်းမည်၏၊ ဝါ-ဝေးသောရုပ်လည်း မည်၏၊ အပ္ပဋိဃရုပ်လည်း မည်၏၊ ဝါ ထိပါးခြင်းမရှိသောရုပ်လည်း မည်၏။

---

## ဩဠာရိကရုပ် သုခုမရုပ်အဘွင့်

၂၁။ ။အာရုံ,အာရမ္မဏိက အဖြစ်သို့ ရောက်သည် အစွမ်းဖြင့် ရုန့်ရင်းသည်၏ အဖြစ်ကြောင့် **ဩဠာရိကရုပ်**[၁] မည်၏၊ ထိုသို့ ရုန့်ရင်းသည်၏အဖြစ်ကြောင့် သာလျှင် ထိုးထွင်း၍ သိလွယ်သည် အဖြစ်ကြောင့် **နီးသောရုပ်**[၂] မည်၏၊ မိမိ၏ အစွမ်းဖြင့်ငှင်း၊ မိမိ၏ မှီရာဖြစ်သော မဟာဘုတ်တို့၏ အစွမ်းအားဖြင့်ငှင်း၊ ရောက်သည်လည်းဖြစ်ကုန်သော မရောက်သည်လည်းဖြစ်ကုန်သော ဝတ္ထု, အာရုံတို့၏ အကြင် ရှေးရှု တော်တည့်ကြသည်အဖြစ်သည် အကြင် အချင်းချင်း ပေါင်းဆုံမိခြင်းသည်ရှိ၏၊ ထိုရှေးရှု တော်တည့် ကြသည်အဖြစ်သည် အားရှိသော သူနှစ်ယောက်တို့၏ ထိခိုက် တိုးဝှေ့ခြင်းနှင့်တူ၏၊ ထို့ကြောင့် ပဋိဃ မည်၏။

---

၁—ဤရုပ် ၁၂-ပါးသည် အာရုံ အာရမ္မဏိက အဖြစ်သို့ ရောက်သည်အစွမ်းဖြင့် ရုန့်ရင်း ကြမ်းထမ်းသည် အဖြစ်ကြောင့် ဝါ-ထင်မြင်လွယ်သောကြောင့် **ဩဠာရိကရုပ်** မည်၏။

၂—ထိုသို့ ရုန့်ရင်းကြမ်းထမ်းသည် ဖြစ်၍ ထိုးထွင်း၍ သိရန် လွယ်ကူသောကြောင့် **သန္တိကေရုပ်** မည်၏။

ယင်းစကား ထင်ရှားအောင် ဖော်ပြဦးအံ့—နှစ်ယောက် ကုန်သော သူတို့၏ ထိပါးမှုဖြစ်လတ်သော် အားနည်းသော သူ၏ လှုပ်ခြင်းဖြစ်သကဲ့သို့ ဤအတူ ဩဠာရိကရုပ်တို့၏ အချင်းချင်း ဆိုင်မိသည်ရှိသော် နာမ်သဘောရှိသည်အဖြစ်ကြောင့် အားနည်း သော ဘဝင်၏ လှုပ်ခြင်းသည် ဖြစ်၏၊ အကြင် ဩဠာရိကရုပ်အား အချင်းချင်း ဆိုင်မိခြင်းသည်ရှိ၏၊ ထိုဩဠာရိကရုပ်သည်သပ္ပဋိဃရုပ် [၁] မည်၏၊ ထိုသပ္ပဋိဃရုပ် တို့တွင် ဖောဋ္ဌဗ္ဗာရုံသည် မိမိ အစွမ်းအားဖြင့် ကာယပသာဒသို့ ရောက်၏၊ ဃာနပသာဒ, ဇိဝှာပသာဒ, ကာယ ပသာဒ, ဂန္ဓာရုံ, ရသာရုံ တို့သည် မိမိတို့၏မှီရာ ပသာဒ၏ အစွမ်းဖြင့် အချင်းချင်း ရောက်ကုန်၏၊ စက္ခုပသာဒ, သောတ ပသာဒ, ရူပါရုံ, သဒ္ဒါရုံ တို့သည် မိမိ၏ အစွမ်းအားဖြင့်ငင်း၊ မိမိတို့၏ မှီရာ မဟာဘုတ်တို့၏ အစွမ်းအားဖြင့်ငင်း၊ နှစ်ပါးသော အပြားအားဖြင့်လည်း မရောက်ကုန်၊ ဤသို့ မှတ်အပ်၏၊ ဩဠာရိက ရုပ်မှ တပါးသော ၁၆-ပါး အပြားရှိသော ရုပ်သည် ရုန့်ရင်းသည်၏ အဖြစ် အစရှိသော သဘော မရှိခြင်းကြောင့် ဝါ-မရုန့်ရင်း သောကြောင့် သုခုမရုပ်စသည် မည်၏။

---

## ဥပါဒိန္နရုပ် အနုပါဒိန္နရုပ်

## ၂၂။ ။ကမ္မဇံ ဥပါဒိန္နရူပံ၊ ဣတရံ အနုပါဒိန္နရူပံ။

ကမ္မဇရုပ် ၁၈-ခုသည် ဥပါဒိန္နရုပ် မည်၏၊ ဝါ-အာရုံပြုသော အားဖြင့် တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် ယူအပ်သောကြောင့် ဥပါဒိန္နရုပ် မည်၏၊ ဤမှ တပါးသော ၁၀-ပါးသော ရုပ်သည် အနုပါဒိန္နရုပ် မည်၏၊ ဝါ- အာရုံပြုသော အားဖြင့် တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏အဖြစ်ဖြင့် မယူအပ်သောကြောင့် အနုပါဒိန္နရုပ် မည်၏။

---

၁—အာရုံ အာရမ္မဏိကအားဖြင့် ထိပါးခြင်း, မဟာဘုတ်အချင်းချင်း ထိပါးခြင်းနှင့်တကွ ဖြစ်သောကြောင့် **သပ္ပဋိဃရုပ်** မည်၏။

ကြွင်းသော ရုပ်သည် ဆိုအပ်ပြီးသော ထိပါးခြင်း မရှိသောကြောင့် **အပ္ပဋိဃရုပ်** မည်၏။

## ဥပါဒိန္နရုပ် အနုပါဒိန္နရုပ်အဘွင့်

၂၂။ ။ကံကြောင့် ဖြစ်သော ၁၈-ပါး အပြား ရှိသော ရုပ်သည် တဏှာဒိဋ္ဌိတို့သည် ကပ်အပ်သော တေဘူမက ကံသည် မိမိ၏ အကျိုး၏ အဖြစ်ဖြင့် ယူအပ်သောကြောင့် **ဥပါဒိန္နရုပ်**[၁] မည်၏၊ ဤကမ္မဇရုပ် ၁၈-ပါးမှ တပါးသော မယူအပ်သေးသည်ကို ယူသောနည်းဖြင့် ၁၀-ပါးအပြား ရှိသော ရုပ်သည် အနုပါဒိန္နရုပ် မည်၏။

---

## သနိဒဿနရုပ် အနိဒဿနရုပ်

၂၃။ ။**ရူပါယတနံ သနိဒဿနရူပံ၊ ဇူတရံ အနိဒဿနရူပံ။**

ရူပါရုံသည် သနိဒဿနရုပ်မည်၏၊ ဝါ-မြင်ခြင်းနှင့် တကွ ဖြစ်သော ရုပ် မည်၏ ဝါ-မြင်အပ်သည်နှင့် တကွ ဖြစ်သော ရုပ် မည်၏၊ ဝါ-မြင်အပ်သည်အဖြစ်နှင့် တကွ ဖြစ်သော ရုပ် မည်၏၊ ဤမှတပါးသော ၂၇-ခုသော ရုပ်သည် အနိဒဿနရုပ် မည်၏၊ ဝါ-မြင်ခြင်းမရှိသော ရုပ် မည်၏၊ ဝါ-မြင်အပ်သည် မရှိသော ရုပ် မည်၏၊ ဝါ-မြင်အပ်သည်အဖြစ်မရှိသော ရုပ် မည်၏။

---

## သနိဒဿနရုပ် အနိဒဿနရုပ်အဘွင့်

၂၃။ ။ရှုအပ်သည်အဖြစ်-ဟု ဆိုအပ်သော မြင်အပ်သော သဘောနှင့်တကွဖြစ်တတ်သောကြောင့် ရူပါရုံသည် **သနိဒဿနရုပ်**[၂] မည်၏၊ ထိုစကားမှန်၏၊ စက္ခုဝိညာဏ်၏အာရုံ အဖြစ်ကို နိဒဿန ဟု ဆိုအပ်၏၊ ထိုရှုအပ်သော သဘော၏ ရူပါရုံမှတပါး မရှိသည် အဖြစ်သည် မရှိသော်လည်း ရူပါရုံမှ တပါးကုန်သော တရားတို့မှ ထိုရူပါရုံကို အထူးပြုခြင်းငှါ တပါးကိုကဲ့သို့ ပြု၍ ဆိုသင့်၏၊ ဤသို့

---

၁—တဏှာ ဒိဋ္ဌိတို့သည် ကပ်အပ်သော ကံသည် အကျိုး၏ အဖြစ်ဖြင့် ယူအပ်သောကြောင့် ကမ္မဇရုပ်သည် **ဥပါဒိန္နရုပ်** မည်၏။

၂—မြင်ခြင်းနှင့်တကွ ဖြစ်သောကြောင့် ဝါ-ကြည့်၍ မြင်ကောင်းသောကြောင့် ရူပါရုံသည် **သနိဒဿနရုပ်** မည်၏။

နှလုံးပြု၍ "သဟာနိဒဿနေန, သနိဒဿနံ" ဟု ဆိုအပ်၏၊ ထို စကားမှန်၏၊ ဓမ္မ၏ အဖြစ်ဖြင့် တူသည်၏အဖြစ်ကြောင့် မတူ ကုန်သော်လည်း တူကုန်သကဲ့သို့ ဖြစ်ကုန်သော တရားတို့၌ ထူးသည် အဖြစ်ကို ပြုတတ်သော အကြင် ရှုအပ်သော သဘော အထူး သည် ရှိ၏၊ ထိုအထူးကို တပါးကဲ့သို့ ပြု၍ ခေါ်ဝေါ်ခြင်းငှါ သင့်၏၊ ထိုသို့ ခေါ်ဝေါ်ရခြင်း အကျိုးကား—ဤသို့ တပါးကို ကဲ့သို့ ပြု၍ ခေါ်ဝေါ်အပ်သည်ရှိသော် အနက်အထူးကို သိစေ ခြင်းသည် ဖြစ်၏။

---

## ဂေါစရဂ္ဂါဟိကရုပ် အဂေါစရဂ္ဂါဟိကရုပ်

၂၄။ ။**စက္ခ္ဝာဒိဒွယံ အသမ္ပတ္တဝသေန ဃာနာဒိတ္တယံ သမ္ပတ္တ ဝသေနာတိ ပဉ္စဝိဓမ္ပိ ဂေါစရဂ္ဂါဟိကရူပံ၊ ဇာတရံ အဂေါစရဂ္ဂါဟိကရူပံ။**

စက္ခုစသော ရုပ် ၂-ခုတို့၏ အပေါင်းသည် မရောက်သည် အစွမ်းဖြင့်, ဃာနစသော ရုပ် ၃-ပါး အပေါင်းသည် ရောက်သည် အစွမ်းဖြင့်, ဤသို့ ငါးပါး အပြား ရှိသော ရုပ်သည် အာရုံကို ယူတတ်သော ရုပ် မည်၏၊ ဤမှ တပါးသော ၂၃-ပါးသော ရုပ်သည် အာရုံကို မယူတတ်သော ရုပ် မည်၏။

---

## ဂေါစရဂ္ဂါဟိကရုပ် အဂေါစရဂ္ဂါဟိကရုပ်အဘွင့်

၂၄။ ။**အသမ္ပတ္တဝသေန**-ဟူသည်ကား၊ ဝါ-ဟူသောပုဒ်ကို မိမိ သို့ မရောက်သော အာရုံ၏ အစွမ်းဖြင့်၊တနည်းကား-မိမိသည် အာရုံ ရှိရာ အရပ်သို့ မရောက်သည်အစွမ်းဖြင့်-ဟု အနက်ပေး။ ထိုစကား မှန်၏၊ စက္ခု,သောတတို့သို့ အဆင်း,အသံတို့ မရောက်အပ်ကုန်သည် ဖြစ်၍ အာရုံကို ယူကုန်၏၊ တနည်းကား—မိမိတို့မှုလည်း ထိုရူပါရုံ တို့သို့ မရောက်ကုန်သည်ဖြစ်၍ အာရုံကို ယူကုန်၏၊ ထို့ကြောင့် စက္ခုသောတံ။ ပ။ သရုပါတနံ-ဟူသော ဤစကားကို ဆိုအပ်၏၊ အနက်ကား—ထိုပဉ္စဝတ္ထုတို့တွင် စက္ခုနှင့် သောတသည်ကား

တိမ်တိုက် အစရှိသည်တို့၏ အတွင်း၌ရှိသော အာရုံ၏ လွန်ပြီးသော အာရုံ၌ ထိုစက္ခုသောတ၏ စက္ခုဝိညာဏ်, သောတဝိညာဏ် ဖြစ်ခြင်း၏ အကြောင်းဖြစ်သောကြောင့် မရောက်သော အာရုံကို ယူတတ်၏။

ထို့ကြောင့်သာလျှင် စက္ခုပသာဒသည် ဝေးသော အရပ်၌ တည်သော ဖလ်,တိမ်တိုက် အစရှိသည်တို့၏ အတွင်း၌ တည်သော ရူပါရုံကိုဥင်း၊ ကြီးစွာသော တောင် အစရှိသည်တို့၏ဥင်း၊ အဆင်း ကိုဥင်း၊ စက္ခုဝိညာဏ်၏ မှီရာ ဖြစ်သည် အဖြစ်ကြောင့် မြင်၏။

ကောင်းကင် အစရှိသည်၌ ဖြစ်သော သဒ္ဒါရုံသည်ဥင်း၊ ဝမ်းရေ တို့၏ အတွင်း၌တည်သော အသံသည်ဥင်း၊ ခေါင်းလောင်း အစ ရှိသည်တို့၏ ပြင်းသော အသံသည်ဥင်း၊ သောတပသာဒ၏ အာရုံ ဖြစ်၏၊ ထိုစက္ခုသောတသည် အာရုံရှိရာသို့ ရောက်၍ နှံ၍ ထိုရူပါရုံ သဒ္ဒါရုံကို ယူ၏-ဟု တစုံတယောက်သော စောဒကဆရာသည် အကယ်၍ ဆိုငြားအံ့၊ ဤသို့ ဆိုသည်ရှိသော် ဒိဗ္ဗစက္ခု, ဒိဗ္ဗသောတ အဘိညာဏ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်၏ ဒိဗ္ဗစက္ခု, ဒိဗ္ဗသောတ အဘိညာဏ်-ဟု ဆိုအပ်သော အဓိဋ္ဌာန်ကို ပြီးစေခြင်းရှိသော်လည်း ထိုအဘိညာဏ်နှင့် ပြည့်စုံသော ပုဂ္ဂိုလ်၏ ထိုသို့ အဓိဋ္ဌာန်အပ်သော အဝေး၌ တည်သော သိမ်မွေ့သော ရူပါရုံ သဒ္ဒါရုံသည် ရောက်လာ၍ အာရုံ ဖြစ်လာသည် ဖြစ်ရာ၏၊ ထိုရူပါရုံ သဒ္ဒါရုံသည် အထူးထူး သော ကလာပ်၌ ဖြစ်ကုန်သော ဘုတ်တို့၏ အဆက်အဆက်အားဖြင့် စက္ခုန္ဒြေ,သောတိန္ဒြေတို့၏ တည်ရာသို့ ရောက်လာ၏-ဟု အချို့သော စောဒကဆရာသည် အကယ်၍ ဆိုငြားအံ့၊ ဤသို့ ဆိုသည်ရှိသော် ကံ,စိတ်တို့ကြောင့် ဖြစ်သော ရူပါရုံသည်ဥင်း၊ စိတ်ကြောင့်ဖြစ်သော သဒ္ဒါရုံသည်ဥင်း၊ ထိုစက္ခုန္ဒြေ, သောတိန္ဒြေတို့၏ အာရုံတို့ မဖြစ် ကုန်ပြီ၊ အကြောင်းသော်ကား— ထိုကံစိတ်တို့ကြောင့် ဖြစ်သော ရူပါရုံ သဒ္ဒါရုံတို့သည် ကိုယ်မှ အပဖြစ်သော အရပ်၌ မဖြစ်ကုန်၊ ထို့ကြောင့် ထိုစက္ခုန္ဒြေ, သောတိန္ဒြေတို့၏ အာရုံမဖြစ်ကုန်၊ ပဋ္ဌာန်း ပါဠိတော်၌ စက္ခုန္ဒြေ, သောတိန္ဒြေတို့၏ အာရုံဖြစ်ကုန်သော ထို

ရူပါရုံ, သဒ္ဒါရုံတို့ကို သာမညအားဖြင့်သာလျှင် မြတ်စွာဘုရားသည် ဟောတော်မူအပ်ကုန်၏။

ထိုစက္ခု,သောတနှစ်ခုတို့၏ အပေါင်းသည် မိမိအနီး၌ ဖြစ်သော အာရုံကို အကယ်၍ ယူအံ့၊ ဤသို့ ယူသည်ရှိသော် စက္ခုသည် သသမ္ဘာရစက္ခု-ဟု ဆိုအပ်သော ရူပါရုံကို မြင်ရာ၏၊ ထို့အတူ မျက်မှောင်မွေး၏ အရင်းကိုလည်း မြင်ရာ၏။

သောတပသာဒသည် အသံ၏ ဖြစ်ရာအရပ်ကို မှတ်ခြင်းသည် လည်း မဖြစ်ရာ၊ အသံကို နားထောင်၍ ပစ်သော လေးသမား၏ မိမိ နားတွင်း၌သာလျှင် မြားကို ကျစေခြင်းသည် ဖြစ်ရာ၏၊ ထို့ကြောင့် ထိုစက္ခု,သောတ နှစ်ပါးသည် မိမိအနီး၌ သာလျှင် ဖြစ်သော အာရုံကိုမယူနိုင်၊ ထို့ကြောင့် မရောက်သော အာရုံကိုသာ ယူ၏-ဟူလို။

ပဉ္စဝိညာဏ်၏ မှီရာ ဖြစ်၍ ထိုထိုသို့သော အာရုံကို ယူခြင်း သဘောရှိသည် အဖြစ်ကြောင့် **ဂေါစရဂ္ဂါဟိကရုပ်**[၁] မည်၏၊ ဤ ပသာဒရုပ်ငါးခုမှ တပါးသော ၂၃-ပါးအပြား ရှိသော ရုပ်သည် အာရုံကို ယူခြင်းမရှိသောကြောင့် ဝါ-မယူသောကြောင့် **အဂေါစ-ရဂ္ဂါဟိကရုပ်** မည်၏။

---

## အဝိနိဗ္ဘောဂရုပ် ဝိနိဗ္ဘောဂရုပ်

**၂၅။ ။ဝဏ္ဏော, ဂန္ဓော, ရသော, ဩဇာ, ဘူတစတုက္ကဉ္စေတိ အဋ္ဌဝိဓမ္ပိ အဝိနိဗ္ဘောဂရူပံ၊ သေသံ ဝိနိဗ္ဘောဂရူပံ။**

ရူပါရုံငှင်း, ဂန္ဓာရုံငှင်း, ရသာရုံငှင်း, ဩဇာငှင်း, ဘူတရုပ်လေးခု အပေါင်းငှင်း, ဤသို့ ရှစ်ပါးအပြားရှိသော ရုပ်သည် အသီးအသီး မခွဲခြမ်းအပ်သောကြောင့် အဝိနိဗ္ဘောဂရုပ် မည်၏၊ ဤမှတပါးသော ၂၀-သောရုပ်သည် အသီးအသီး ခွဲခြမ်းအပ်သောကြောင့် ဝိနိဗ္ဘော-ဂရုပ် မည်၏။

---

၁-ပသာဒရုပ် ငါးပါးသည် အာရုံကို ယူရာဌာန ဖြစ်သောကြောင့် **ဂေါစရဂ္ဂါဟိကရုပ်** မည်၏။ ထိုပသာဒရုပ် ငါးပါးတို့တွင် စက္ခုနှင့် သောတ ၂-ပါးသည် မရောက်မထိသည် အစွမ်းဖြင့် အာရုံကို ယူတတ်၏။ ဃာန,ဇိဝှါ,ကာယ ၃-ပါးသည် ရောက်သည်အစွမ်းဖြင့် အာရုံကို ယူတတ်၏။

## အဝိနိဗ္ဘောဂရုပ် ဝိနိဗ္ဘောဂရုပ် အဘွင့်

၂၅။ ။ရူအပ် ကြည့်အပ်သောကြောင့် **ဝဏ္ဏ** [၁] မည်၏၊ မိမိဥပါဒ် သည်၏ အခြားမဲ့၌ ဋီခဏမှာ ရုပ်ကို ဖြစ်စေတတ်သောကြောင့် **သြဇာ** [၂] မည်၏၊ တစုံတခုသော ရုပ်ဖြစ်ရာအရပ်၌ အချင်းချင်း အသီးအသီး ဖြစ်ခြင်း၏ မရှိသောကြောင့် **အဝိနိဗ္ဘောဂရုပ်** [၃] မည်၏၊ ရုပကာ၌ အနံ့အစရှိသည်တို့၏ မရှိ-ဟု ယူလေ့ရှိသော ဆရာ တို့၏ အယူကိုလည်း ထိုထိုသို့သော အဋ္ဌကထာ ဋီကာတို့၌ ဆရာ တို့သည် ပယ်အပ်၏။

---

**၂၆။ ။ဇာတိရူပ မိတိ၊ ဝိဇ္ဇိ စ ဝိစက္ခဏာ။**
**အဋ္ဌတ္တိကာဒိ ဘေဒေန၊ ဝိဘဇန္တိ ယထာရဟံ။ ။**
**အယမေတ္ထ ရူပဝိဘာဂေါ။**

အကြင်အကြင် ဆိုအပ်ပြီးသောနည်းဖြင့် ၂၈-ပါး အပြားရှိသည် လည်းဖြစ်သော ရုပ်ကိုသာလျှင် ထိုက်သည်အား လျော်စွာအဋ္ဌတ္တိက ရုပ် အစရှိသည်တို့၏ အပြားဖြင့် ပညာရှိတို့သည် ဝေဘန်ကုန်၏။

ဤဆိုအပ်ပြီးသည်ကား-ဤရူပသင်္ဂဟ၌ ရုပ်ကို ဝေဘန်ကြောင်း ဖြစ်သော နည်းတည်း။

---

၂၆။ ။**ဇာတိရူပံ**-ဟူသော ဤပါဌ်၌ ဇာတိသဒ္ဒါသည် ပကာရ အနက်ရှိ၏၊ ထိုပကာရ အနက်ရှိသော ဇာတိသဒ္ဒါဖြင့် ဤသင်္ဂြိုဟ် ကျမ်း၌ မလာသော်လည်း အသုံးစုံသော ဒုက်-တိက် အစရှိသော အပြားကို ပေါင်းယူ၏။

ရူပဝိဘာဂအဘွင့်ပြီး၏။

---

၁-ရူအပ် ကြည့်အပ်သောကြောင့် ရူပါရုံသည် **ဝဏ္ဏ** မည်၏။

၂-မိမိဟု ဆိုအပ်သော သြဇာဓာတ် ဖြစ်ပြီးသည်နောက် ဋီကာလ၌ ရုပ်ကို ဖြစ်စေတတ် သောကြောင့် သြဇာ မည်၏။

၃-ဤရုပ် ၈-ပါးသည် အသီးအသီး တပါးစီ ခွဲ၍ မရသောကြောင့် **အဝိနိဗ္ဘောဂရုပ်** မည်၏။

**ရူပသမုဋ္ဌာန**
**ကံကရုပ်ကိုဖြစ်စေပုံ**

**၂၀။ ။တတ္ထ ကာမာဝစရံ ရူပါဝစရဉ္စေတိ ပဉ္စဝီသတိဝိဓမ္ပိ ကုသလာကုသလ ကမ္မမဘိသင်္ခတံ အဇ္ဈတ္တိကသန္တာနေ ကမ္မသမုဋ္ဌာနရူပံ ပဋိသန္ဓိမုပါဒါယ ခဏေခဏေ သမုဋ္ဌာပေတိ။**

ထိုလေးပါးသော အကြောင်းတို့တွင် ကာမာဝစရကုသိုလ်ကံ, အကုသိုလ်ကံနှစ်ဆယ်ငင်း၊ ရူပါဝစရကုသိုလ် ငါးခုငင်း၊ ဤသို့ နှစ်ဆယ့်ငါးပါးအပြား ရှိသော ကုသိုလ်ကံ, အကုသိုလ်ကံသည် အဇ္ဈတ္တိကသန္တာန်၌ ပြုပြင်အပ်သော ကံကြောင့် ဖြစ်သော ရုပ်ကို ပဋိသန္ဓေစိတ်၏ ဥပါဒ်ကို အစပြု၍ ခဏတိုင်း ခဏတိုင်း ဖြစ်စေ၏။

---

**ရူပသမုဋ္ဌာန**
**ကံကရုပ်ကိုဖြစ်စေပုံ အဘွင့်**

၂၀။ ။အဘယ်မျှ လောက်ကုန်သော ထိုကံ[၁]စသည်တို့သည် ရုပ်ကို ဖြစ်စေကုန်သနည်း၊ ထိုကံစသော တရားတို့သည် အဘယ် သို့သော အကြောင်းဖြင့် ရုပ်ကိုဖြစ်စေကုန်သနည်း၊ ထိုကံစသော တရားတို့သည် အဘယ်ဘုံ၌ ရုပ်ကို ဖြစ်စေကုန်သနည်း၊ ထိုကံ စသော တရားတို့သည် အဘယ်အခါ၌ ရုပ်ကို ဖြစ်စေကုန်သနည်း၊ ဤသို့သော စောဒနာကို နှလုံးထား၍ တတ္ထ-ဤသို့ အစရှိသော စကားကို မိန့်ဆိုတော်မူ၏။

**ပဋိသန္ဓိမုပါဒါယ**-ဟူသည်ကား၊ ဝါ-ဟူသောပုဒ်ကို ပဋိသန္ဓေ စိတ်၏ ဥပါဒ်ခဏကို အစပြု၍-ဟု အနက်ပေး။ **ခဏေခဏေ** ဟူသည်ကား၊ တခုခုသော စိတ်၏ သုံးပါး သုံးပါး ကုန်သော

---

၁–ကာမာဝစရ ကုသိုလ်ကံ,အကုသိုလ်ကံ, ရူပါဝစရ ကုသိုလ်ကံအားဖြင့် ၂၅-ပါးသော ကံသည် ကမ္မဇရုပ်ကို ပဋိသန္ဓေစိတ်၏ ဥပါဒ်ခဏမှစ၍ ခဏတိုင်း ခဏတိုင်း မပြတ်မလတ် စုတိစိတ်မှ ပြန်၍ရေသည်ရှိသော် ၁၇-ချက်မြောက်သော စိတ်၏ ဥပါဒ်တိုင်အောင် ဖြစ်စေ၏။ ၎င်း ၁၇-ချက်မြောက်သော စိတ်၏ ဋီကာလမှစ၍ ကမ္မဇရုပ်ကို မဖြစ်စေတော့ပြီ—။ အရူပါဝစရ ကုသိုလ်ကံသည်ကား ရုပ်မဖြစ်စေလိုသော ရူပဝိရာဂဘာဝနာ၏ အစွမ်းကြောင့် ရုပ်ကို မဖြစ်စေ-ဟူသို။

ခဏတို့၌ မပြတ်သာလျှင်-ဟု ဆိုလို၏၊ တပါးကုန်သော ဆရာတို့သည်ကား စိတ်၏ ဋီခဏကိုငှင်း၊ ဘင်ခဏ၌ ရုပ်၏ဖြစ်ခြင်းကိုငှင်း တားမြစ်ကုန်၏၊ ထိုဋီခဏ၏ မရှိခြင်း, ဘင်ခဏ၌ ရုပ်မဖြစ်ခြင်း တို့တွင် ဋီခဏမရှိခြင်း၌ ထိုအပရေ ဆရာတို့၏ အကြောင်းကိုငှင်း၊ ဝါ-အလိုကိုငှင်း၊ ထိုဋီခဏကို မြစ်သော စကား၌ အဖြေကိုငှင်း အောက်စတုတ္ထပိုင်း အဘွင့်၌ အကယ်၍ကား ဆိုအပ်၏၊ ထိုသို့ ဆိုအပ်ခဲ့ပြီးသော်လည်း ဤဆဋ္ဌပိုင်း အဘွင့်၌ ဘင်ခဏတွင် ရုပ်မဖြစ်ခြင်း၌ အကြောင်းနှင့်ငှင်း၊ ထိုဘင်ခဏ၌ ရုပ်ဖြစ်ခြင်းကို မြစ်သော စကား၌ အဖြေစကားနှင့်ငှင်း တကွ သင်ယူလွယ်ခြင်း အကျိုးငှါ ပေါင်း၍ဘွင့်ဆိုအပ်၏။

**ဥပ္ပန္နံဥပ္ပဇ္ဇမာနံ**-ဤသို့ အစရှိကုန်သော ပါဠိတို့ကို အကျယ် ဝေဖန်ရာ၌ ဘင်ခဏ၌ ခဏသုံးပါးသို့ ရောက်ဆဲသာ မည်၏၊ ဖြစ်ဆဲမမည်၊ ဥပါဒ်ခဏ၌ ဖြစ်ဆဲလည်း မည်၏၊ ခဏသုံးပါးသို့ ရောက်ဆဲလည်းမည်၏၊ ဤသို့ စသော စကားဖြင့် ဘင်ဥပါဒ် တို့ကိုသာလျှင် မြတ်စွာဘုရားသည် ဟောတော်မူအပ်ကုန်၏၊ စိတ်၏ ဋီခဏကို မဟောအပ်။

သင်္ခတ တရားတို့၏ ဖြစ်ဆဲသည်ငှင်း၊ ပျက်ဆဲသည်ငှင်း၊ တည်ပြီးသော သင်္ခတ တရား၏ ဖောက်ပြန်သည်၏ အဖြစ်သည်ငှင်း ထင်၏၊ ဤသို့ ဟောတော်မူသောကြောင့် ဋီသည်ရှိ၏-ဟူသော ဤစကားကို အကယ်၍ဆိုအံ့—

တခုသော သင်္ခတ တရား၌ ဖောက်ပြန်သည်၏ အဖြစ်ကို မရ အပ်သည်အဖြစ်ကြောင့်ငှင်း။ "ပညာယတိ" သဒ္ဒါဖြင့် ဟောတော်မူ ခြင်းကြောင့်ငှင်း၊ ထိုသုတ္တန် ပါဠိတော်၌လည်း အပေါင်းဖြစ်သော သင်္ခတ တရားတို့၏ တည်ခြင်းကို သာလျှင် မြတ်စွာဘုရားဟော တော်မူအပ်၏၊ ထို့ကြောင့် စိတ်၏ ဋီသည် သုတ္တန်, အဘိဓမ္မာ ပါဠိတော်၌ မထင်၊ အဘိဓမ္မာ၌ ခဏကို မဟောခြင်းသည်လည်း ခပ်သိမ်းသော အပြားအားဖြင့် ဋီခဏ၏ ဖြစ်ခြင်းကို မြစ်သည် သာတည်း။

အကြင်အခါ၌ အကြင်ပုဂ္ဂိုလ်အား သမုဒယသစ္စာသည် ချုပ်၏၊ ထိုအခါ၌ ထိုပုဂ္ဂိုလ်အား ဒုက္ခသစ္စာသည် ဖြစ်ဆဲလော ဤပြဿနာ၌ နေ၁, ဟူ၍တားမြစ်ခြင်းကြောင့် ဘင်ခဏ၌ ရုပ်၏ ဖြစ်ခြင်းသည် အကြင့်ကြောင့်မရှိ၊ ထို့ကြောင့် အလုံးစုံလည်းဖြစ်ကုန်သော ရုပ်ကို ဖြစ်စေတတ်ကုန်သော ပစ္စည်းတို့သည် စိတ်၏ ဥပါဒ်၌သာလျှင် ရုပ်ကိုဖြစ်စေတတ်ကုန်၏၊ ဤသို့ အချို့သော ဆရာတို့သည် ပြောဆိုကုန်၏။

ထိုစိတ်၏ ဘင်ခဏ၌ ရုပ်၏ဖြစ်ခြင်းကို မြစ်သော စကား၌ အဖြေကို ဆိုဦးအံ့—တခုတည်းသော တရား၌သာလျှင် ဥပါဒ် အခိုက်မှ ပြားသော ဘင်-ဟု ဆိုအပ်သော အခိုက်အတန့်ကို အလို ရှိအပ်သကဲ့သို့ ထို့အတူသာလျှင်—

ဘင်သို့ ရှေးရှုဖြစ်သော အခိုက်အတန့်ကို အလိုရှိအပ်၏၊ ဤဘင်သို့ ရှေးရှုဖြစ်သော အခိုက်အတန့်သည် ဌီ မည်၏၊ **မိဂပဒဝလဉ္ဇန** နည်းကို ပြတော်မူသောကြောင့် ထို ဌီ ကို ဝိဘင်း၌ မြတ်စွာ ဘုရားသည် တိုက်ရိုက် မဟောအပ်။

သင်္ခတ တရား၏ သာလျှင် လက္ခဏာကို ဟောခြင်း၄ါ ဖြစ်ဆဲ အစရှိသည်တို့ကို မြတ်စွာဘုရားသည် ဟောတော်မူအပ်သည် အဖြစ် ကြောင့် ထို"ဥပ္ပါဒေါစေဝ ဝယောစ" အစရှိသော ပါဠိ၌လည်း အပေါင်းဖြစ်သော သင်္ခတ တရား၏ တည်ခြင်းကို မဟောအပ်။ ပ, ဟူသော ဥပသာရပုဒ်၏ ဓာတ်တို့၏ အနက်၌ သာလျှင် ဖြစ် သောကြောင့် ပညာယတိ—ဟူသော ပုဒ်၏ သိအပ်၏-ဟူသော အနက်ကို မှတ်အပ်၏။

ဘင်၌ ရုပ်၏မဖြစ်ခြင်းကို စိတ္တဇရုပ်တို့၏ အစွမ်းဖြင့်သာလျှင် ဟောအပ်၏၊ အရူပဘုံကိုမူလည်း ရည်၍ ဟောအပ်၏၊ အကြင် ရသင့်သည်အားလျော်စွာ ယောဇနာခြင်းသည် ရှိ၏။ ဤယထာ-လာဘယောဇနာခြင်းသည် ယမိုက်ပါဠိတော်၏ သဘောသာ တည်း၊ ထို့ကြောင့် စိတ်၏ ဌီ သည် မရှိသည်ကားမဟုတ်, ရှိသည်

သာတည်း၊ ဘင်၌လည်း ရုပ်၏ မဖြစ်သင့်ခြင်းသည် မဟုတ်, ဖြစ်သင့်သည်သာတည်း။

## စိတ်က ရုပ်ကိုဖြစ်စေပုံ

**၂၉။ ။အရူပဝိပါကဒွိပဉ္စဝိညာဏဝဇ္ဇိတံ ပဉ္စသတ္တတိဝိဓမ္ပိစိတ္တံ စိတ္တသမုဋ္ဌာနရူပံ ပဌမဘဝင်္ဂမုပါဒါယ ဇာယန္တမေဝ သမုဋ္ဌာပေတိ။**

အရူပဝိပါက်လေးခု, ဒွေးပဉ္စဝိညာဏ် ၁၀, ရဟန္တာ တို့၏ စုတိစိတ်သည် ကြဉ်အပ်သော ၇၅-ပါး အပြား ရှိသည်လည်း ဖြစ်သော စိတ်သည် စိတ်ကြောင့်ဖြစ်သော ရုပ်ကို ပဌမဘဝင်ကို အစပြု၍ ဥပါဒ်ဆဲဖြစ်၍သာလျှင် အဇ္ဈတ္တိက သန္တာန်၌ ဖြစ်စေ၏။

## စိတ်ကရုပ်ကိုဖြစ်စေပုံအဘွင့်

၂၉။ ။ရုပ်၌တပ်ခြင်း ကင်းသော ဘာဝနာသည် ဖြစ်စေအပ်သည်၏အဖြစ်ကြောင့် အကြောင်းဖြစ်သော ကံ၏ ထိုရုပ်နှင့်ဆန့်ကျင်ဘက် ဖြစ်သည်အဖြစ်ကြောင့်၎င်း၊ ရုပ်၏ တည်ရာ အရပ်မဟုတ်သောကြောင့်၎င်း၊ အရူပဝိပါက်[၁] လေးခုတို့၎င်း၊ ရုပ်ကိုဖြစ်စေခြင်း၌ ထူးသော အကြောင်း ဖြစ်ကုန်သော ဈာနင်တို့နှင့်ယှဉ်ခြင်း မရှိသောကြောင့် ဒွေးပဉ္စဝိညာဏ်[၂] ၁၀-တို့၎င်း၊ ဤသို့ ၁၄-ပါးသော စိတ်တို့သည် ရုပ်ကိုမဖြစ်စေကုန်၊ ထို့ကြောင့် ''အာရုပ္ပဝိပါကဒွိပဉ္စဝိညာဏဝဇ္ဇိတံ'' ဟူသော စကားကို မိန့်ဆိုအပ်၏။

ပဋိသန္ဓေစိတ်သည်၎င်း၊ စုတိစိတ်သည်၎င်း၊ တခုယုတ် နှစ်ဆယ်သော ဘဝင်၌ အတွင်းဝင်သောကြောင့် စိတ်အထူးမဖြစ်၊ထို့ကြောင့်

---

၁—အရူပဝိပါက်စိတ်ကား ရုပ်ဖြစ်ရာဘုံ မဟုတ်သောကြောင့် ရုပ်ကို မဖြစ်စေနိုင်။

၂—ဒွေးပဉ္စဝိညာဏ်စိတ်ကား ဟိတ်, ဈာနင်, မဂ္ဂင်တို့နှင့် မယှဉ်သဖြင့် စိတ်အင်္ဂါ အားနည်းသောကြောင့် ရုပ်ကို မဖြစ်စေနိုင်-ဟုမှတ်။

ထိုပဋိသန္ဓေစိတ် ကြည်ခြင်းကို မပြုအပ်၊ ကြည်ခြင်းကို အကယ်၍ကား မပြုအပ်၊ ထိုသို့မပြုအပ်သော်သည်း ပစ္ဆာဇာတပစ္စည်း ကင်းသောကြောင့်၎င်း၊ ဗာဟိရဖြစ်ကုန်သော အာဟာရ အစရှိသည်တို့သည် မထောက်ပံ့အပ်သော အားနည်းသော ဝတ္ထုကို မှီ၍ ဖြစ်သောကြောင့်၎င်း၊ မိမိ၏ ဧည့်သည် ဖြစ်သည်အဖြစ်ကြောင့်၎င်း၊ ကမ္မဇရုပ်တို့သည် စိတ်ကြောင့်ဖြစ်သော စိတ္တဇရုပ်တို့၏ အရာကို ယူ၍ တည်သောကြောင့်၎င်း၊ ပဋိသန္ဓေစိတ်သည် ရုပ်ကိုမဖြစ်စေတတ်။

စုတိစိတ်၌ကား သမ္မောဟဝိနောဒနီ မည်သော အဋ္ဌကထာ၌ ရှေးဦးစွာ ငြိမ်းပြီးသော အဝိဇ္ဇာတဏှာ-ဟု ဆိုအပ်သော ဝဋ်အရင်းရှိသော ရဟန္တာပုဂ္ဂိုလ်တို့၏ သန္တာန်၌ ထူးသော အရာရှိသည် ဖြစ်၍ ငြိမ်သက်သော ဖြစ်ခြင်းရှိသည် အဖြစ်ကြောင့် ရဟန္တာအရှင်၏သာလျှင် စုတိစိတ်သည် ရုပ်ကိုမဖြစ်စေနိုင်-ဟု ဆိုအပ်၏။

မူလဋီကာကျမ်းပြု အရှင်အာနန္ဒာဆရာတို့သည်ကား—ခပ်သိမ်းကုန်သော သူတို့၏ စုတိစိတ်သည် ရုပ်ကို မဖြစ်စေနိုင်–ဟု ဆိုကုန်၏၊ ထိုအာနန္ဒာဆရာတို့၏ အဆုံးအဖြတ်ကိုကား အကျဉ်းအားဖြင့် မူလဋီကာ အစရှိသည်တို့၌, အကျယ်အားဖြင့်ကား–အဘိဓမ္မတ္ထ ဝိဘာဝနီမည်သော ဋီကာ၌ ဆိုအပ်သော နည်းဖြင့် မှတ်အပ်၏။

**ပဌမဘဝင်မုပါဒါယ**-ဟူသည်ကား ပဋိသန္ဓေ၏ အခြားမဲ့၌ ဖြစ်သော ပဌမဘဝင်မှ စ၍ ဖြစ်ဆဲဖြစ်၍ သာလျှင် ဖြစ်စေ၏၊ တည်ဆဲဖြစ်၍၎င်း, ပျက်ဆဲဖြစ်၍၎င်း ရုပ်ကို မဖြစ်စေနိုင်၊ အဘယ့်ကြောင့် မဖြစ်စေနိုင်သနည်း-ဟူမူ အနန္တရ အစရှိသော ပစ္စည်းကို ရသဖြင့် ဥပါဒ်ခဏ၌[၁] သာလျှင် ရုပ်ကို ဖြစ်စေသော အစွမ်းနှင့် ယှဉ်သောကြောင့် ဖြစ်ဆဲဖြစ်၍သာ ရုပ်ကို ဖြစ်စေ၏။

---

၁–စိတ်သည် အလွန်လျင်မြန်သဖြင့်၎င်း၊ အနန္တရပစ္စည်း အာသေဝနပစ္စည်းကို မရသဖြင့်၎င်း၊ ရုပ်ကဲ့သို့ ဌီခဏ ဘင်ခဏတို့၌ အားမရှိသောကြောင့် ဌီခဏ ဘင်ခဏတို့၌ ရုပ်ကို မဖြစ်စေနိုင်၊ ရုပ်၏ ဥပါဒ်ခဏ၌သာ အနန္တရပစ္စည်း အာသေဝနပစ္စည်းကို ရ၍ အားကြီးသောကြောင့် ပဋိသန္ဓေနောင် ပဌမဘဝင်၏ ဥပါဒ်မှစ၍ ဥပါဒ်တိုင်း ဥပါဒ်တိုင်း ရုပ်ကို ဖြစ်စေနိုင်၏-ဟုမှတ်။

## ဣရိယာပုထ်ကိုဖြစ်စေပုံ

**၃၀။ ။တတ္ထ အပ္ပနာဇဝနံ ဣရိယာပထမ္ပိ သန္နာမေတိ။**

ထို ၇၅-ပါးသော စိတ်တို့တွင် အပ္ပနာဇော ၂၆-ပါးသည် သွားခြင်း, ရပ်ခြင်း, ထိုင်ခြင်း, လျောင်းခြင်း ဣရိယာပုထ်ကိုလည်း ခိုင်စေ၏။

---

## ဣရိယာပုထ်ကိုဖြစ်စေပုံ အဘွင့်

၃၀။ ။ကိုယ်၌ တည်သော အမူအရာ၏ ဖြစ်ခြင်းအကြောင်း ဖြစ်သောကြောင့် သွားခြင်း အစရှိသည်သည် **ဣရိယာပထ** [၁] မည်၏၊ သရုပ်အားဖြင့် သွားခြင်းအစရှိသော အခိုက်အတန့်ရှိသော ရုပ်၏ ဖြစ်ခြင်းသည် **ဣရိယာပထ** မည်၏၊ အကြင်အကြင်သို့သော အပြားအားဖြင့် ဖြစ်သော ထိုဣရိယာပုထ်ကိုလည်း ခိုင်စေ၏၊ ထိုစကား မှန်၏-

ဝီထိစိတ်တို့နှင့် မရောယှက်သည်ဖြစ်၍ ဘဝင်ဖြစ်သည်ရှိသော် အင်္ဂါတို့သည် နစ်ကုန်သကဲ့သို့ ထို့အတူ ဆိုလတ္တံ့ကုန်သော ထို ၃၂-ပါးအပြား ရှိကုန်သော ဤနိုးသော စိတ်တို့သည်ငှင်း၊ ဆိုအပ်ကုန်ပြီးသော ၂၆-ပါး အတိုင်းအရှည်ရှိကုန်သော ဤနိုးသော စိတ်တို့သည်ငှင်း ဖြစ်ကုန်သည်ရှိသော် အင်္ဂါတို့သည် မနစ်ကုန်။ ထိုနိုးသော စိတ်ဖြစ်သော အခါ၌ အင်္ဂါတို့သည် ခိုင်မာကုန်သည် ဖြစ်၍ အကြင်အကြင်သို့သော အပြားအားဖြင့် ဖြစ်သော ဣရိယာပုထ် ရှိသော အင်္ဂါ၏ အဖြစ်ဖြင့်သာလျှင် ဖြစ်ကုန်၏။

---

၁-သွားခြင်း,လာခြင်း,ထိုင်ခြင်း စသော ကြိယာသည် **ဣရိယာ** မည်၏။ ၎င်းဣရိယာ၏ အကြောင်းဖြစ်သော သွားသောအခိုက်အတန့်, လာသောအခိုက်အတန့် အတွင်း၌ ဖြစ်သော ရုပ်တရားသည် **ဣရိယာပုထ်** မည်၏။

အပ္ပနာဇော ဆဗ္ဗီသသည်ငှင်း၊ ဣရိယာပုထ် မပျက်စီးရအောင် တည်တံ့အောင် ထောက်ပံ့တတ်၊ ဖြစ်စေတတ်၏-ဟူလို။

၎င်းအပ္ပနာဇောတို့သည် အာသေဝနပစ္စည်းကို ရ၍ အရှိန်အဟုန် ရှိသော်လည်း ကာမဇောတို့ကဲ့သို့ ရုန့်ရင်းသောစိတ် မဟုတ်သောကြောင့် ဝိညတ်ကို မဖြစ်စေနိုင်-ဟုမှတ်။

## ဝိညတ်ကိုဖြစ်စေပုံ

**၃၁။ ။ဝေါဋ္ဌဗ္ဗန ကာမာဝစရဇဝနာဘိညာ ပန ဝိညတ္တိမ္ပိ သမုဋ္ဌာပေန္တိ။**

ဝုဋ္ဌော, ကာမဇောတခုယုတ်သုံးဆယ်, အဘိညာဏ်ဒွေးတို့သည်ကား ကာယဝိညတ်, ဝစီဝိညတ်ကိုလည်း ဖြစ်စေကုန်၏။

---

## ဝိညတ်ကိုဖြစ်စေပုံ အဘွင့်

၃၁။ ။သက်သက်ရုပ် ဣရိယာပုထ်တို့ကိုသာလျှင် ဖြစ်စေကုန်သည် မဟုတ်ကုန်၊ စင်စစ်သော်ကား—ဝိညတ်ကိုလည်း ဖြစ်စေကုန်၏၊ ဤဝိညတ်ကို ဖြစ်စေတတ်သော စိတ်စသည်ကို ဆိုရာ၌ သာမညအားဖြင့် အရှင်အနုရုဒ္ဓါဆရာဆိုသော်လည်း မနောဒွါရ၌[၁] ဖြစ်ကုန်သော ဝုဋ္ဌော, ကာမဇောတို့သည် ဝိညတ်ကို ဖြစ်စေတတ်ကုန်၏၊ ထို့အတူ ရွှင်ခြင်းကို ဖြစ်စေတတ်သော စိတ်တို့သည်လည်း မနောဒွါရ၌သာ ဖြစ်ကုန်၏၊ အဘယ့်ကြောင့်ဆိုသော် ပဉ္စဒွါရ၌ ဖြစ်သော စိတ်တို့၏ အလုံးစုံ အားနည်းသည်အဖြစ်ကြောင့်တည်း၊ ဤသို့ မှတ်အပ်၏။

ဤဣရိယာပုထ် ဝိညတ်တို့တွင် ရုပ်မှ လွတ်သော အရိယာပုထ်သည်ငှင်း၊ ဝိညတ်သည်ငှင်း အကယ်၍ကား မရှိပေ၊ ထိုသို့မရှိသော်လည်း အလုံးစုံသော ရုပ်ကို ဖြစ်စေတတ်သော စိတ်သည် ရုပ်ကို ခိုင်စေတတ်သည်မဟုတ်၊ ဝိညတ်-ဟု ဆိုအပ်သော အခြင်းအရာထူးကို ဖြစ်စေတတ်သည်မဟုတ်၊ အထူးအားဖြင့် အကြင်စိတ်သည် ဝိညတ်ကို ဖြစ်စေ၏၊ ထိုစိတ်သည် ဣရိယာပုထ်၏ ဝိညတ်နှင့်တကွ

---

၁—မနောဒွါရ၌ ဖြစ်သော ဝုဋ္ဌော, ကာမဇော တခုယုတ် သုံးဆယ်, အဘိညာဏ်ဒွေးတို့သည် အားကြီးသောကြောင့် ဝိညတ်ကိုလည်း ဖြစ်စေနိုင်ကုန်၏၊ ဣရိယာပုထ်ကိုလည်း ထောက်ပံ့နိုင်ကုန်၏။

ပဉ္စဒွါရ၌ ဖြစ်သော ဝုဋ္ဌော ကာမာဝစရဇောတို့ကား အားနည်းသောကြောင့် ဝိညတ်စသည်တို့ကို မဖြစ်စေနိုင်-ဟုမှတ်။

ကင်း၍ မဖြစ်သောကြောင့် စင်စစ်အားဖြင့် ဇာရိယာပုထ်ကို ခိုင်စေတတ်၏၊ ဇာရိယာပုထ်ကို ခိုင်စေတတ်သော စိတ်သည် ရုပ်ကို ဖြစ်စေတတ်၏၊ ဤသို့သော အထူးကို ပြခြင်းငှါ ရုပ်မှ ဇာရိယာပုထ်တို့ကို အသီးအခြား ယူခြင်းကို ပြုအပ်၏။

---

## ရယ်ခြင်းကိုဖြစ်စေတတ်သောစိတ်

**၃၂။ ။သောမနဿဇဝနာနိ ပနေတ္ထ တေရသ ဟသနမ္ပိ ဇနေန္တိ။**

အထူးကို ဆိုဦးအံ့—ဤဝိညတ်ကို ဖြစ်စေတတ်သော စိတ်တို့တွင် ၁၃-ပါးကုန်သော[1] သောမနဿ သဟဂုတ်ဇောတို့သည် ရယ်ရွှင်ခြင်းကိုလည်း ဖြစ်စေကုန်၏။

---

၃၂။ ။**တေရသ**[2] ဟူသည်ကား၊ ဝါ-ဟူသောပုဒ်ကို ကုသိုလ်မှ သောမနဿသဟဂုတ်ဇော ၄-ပါးတို့ငင်း၊ အကုသိုလ်မှ သောမနဿ သဟဂုတ် ဇောလေးပါးတို့ငင်း၊ ကြိယာမှ သောမနဿသဟဂုတ် ဇော ၅-ပါးတို့ငင်း၊ ဤသို့ ၁၃-ပါး ကုန်သော-ဟု အနက်ပေး။ ပုဂ္ဂိုလ်နှင့် ဇောအရကို ဝေဘန်၍ ပြဦးအံ့—ထို ၁၃-ပါးသော ဇောတို့တွင် ပုထုဇ္ဇန် ပုဂ္ဂိုလ်တို့သည် ရှစ်ပါးကုန်သော ကုသိုလ်,

---

၁—ထိုဝိညတ်ကို ဖြစ်စေတတ်သော ဝုဋ္ဌော, ကာမာဝစရဇော တခုယုတ်သုံးဆယ်တို့ဘွင် ၁၃-ပါးသော သောမနဿ ဇောတို့သည် ရယ်ရွှင်ခြင်းကိုလည်း ဖြစ်စေနိုင်၏။

၂—တေရသ အရကား—ကာမာဝစရ ကုသိုလ် သောမနဿ ၄-ပါး၊ အကုသိုလ် သောမနဿ ၄-ပါး၊ ကာမာဝစရကြိယာသောမနဿ ၄-ပါး၊ အဟိတ်ကြိယာသောမနဿ ၁-ပါး အားဖြင့် ၁၃-ပါးကိုယူ။

ထိုစိတ်တို့တွင် ပုထုဇ္ဇန်တို့သည် အကုသိုလ်သောမနဿ ၄-ပါး၊ မဟာကုသိုလ် သောမနဿ ၄-ပါး၊ ဤ ၈-ပါးဖြင့် ရယ်ရွှင်ကုန်၏။ သေက္ခပုဂ္ဂိုလ်-ဟု ဆိုအပ်သော အောက်ဖလဋ္ဌာန် ၃-ယောက်တို့သည် ဒိဋ္ဌိဂတဝိပ္ပယုတ် အကုသိုလ် သောမနဿ ၂-ပါး၊ မဟာကုသိုလ်သောမနဿ ၄-ပါး၊ ဤစိတ်ခြောက်ပါးဖြင့် ရယ်ရွှင်ကုန်၏၊ အသေက္ခဖြစ်သော ရဟန္တာပုဂ္ဂိုလ်တို့သည် မဟာကြိယာ သောမနဿ ၄-ပါး၊ ဟသိတုပ္ပါဒ် ၁-ပါး ဤစိတ် ငါးပါးဖြင့် ရယ်ရွှင်ကုန်၏။

အကုသိုလ်, သောမနဿ သဟဂုတ်ဇောတို့ဖြင့် ရယ်ရွှင်ကုန်၏၊ သေက္ခပုဂ္ဂိုလ်တို့သည် ဒိဋ္ဌိဂတသမ္ပယုတ်သည် ကြဉ်အပ်ကုန်သော ကုသိုလ်, အကုသိုလ်, သောမနဿ သဟဂုတ်ဇောတို့ဖြင့် ရယ်ရွှင်ကုန်၏၊ အသေက္ခပုဂ္ဂိုလ်တို့သည် ငါးပါးကုန်သော ကြိယာသောမနဿသဟဂုတ်ဇောတို့ဖြင့် ရယ်ရွှင်ကုန်၏။

ထိုအသေက္ခပုဂ္ဂိုလ်တို့တွင်လည်း မြတ်စွာဘုရားတို့သည် လေးပါးကုန်သော သဟိတ်ကြိယာ သောမနဿသဟဂုတ် စိတ် တို့ ဖြင့် သာလျှင် ရယ်ရွှင်ကုန်၏၊ အဟိတ် သောမနဿသဟဂုတ်ဇောဖြင့် မရယ်ရွှင်ကုန်၊အကြောင်းသော်ကား–အတိတ်အဘို့အစရှိသည်တို့၌ အပိတ်အပင် မရှိသော ဉာဏ်သို့ ရောက်တော်မူပြီး၍၊ ဤသုံးပါးသော ဉာဏ်ဘို့နှင့် ပြည့်စုံတော်မူသော သစ္စာလေးပါး ပိုင်းခြားထင်ထင် သိမြင်တော်မူသော မြတ်စွာဘုရား၏ အလုံးစုံသော ကာယကံသည် ဉာဏ်လျှင် ပြခေါန်းခြင်းရှိ၏၊ ဉာဏ်သို့ အစဉ်လိုက်၍ ဖြစ်၏၊ ဤသို့ ဟောတော်မူသောကြောင့်တည်း၊ ထိုစကားမှန်၏၊ ဆင်ခြင်သော ပညာကင်းသော ဟသိတုပ္ပါဒ်၏ ဘုရားတို့အား ဖြစ်ခြင်းသည် မသင့်-ဟု ဆိုကုန်၏၊ ဟသိတုပ္ပါဒ်စိတ်သည် ဖြစ်စေအပ်သော ထိုဘုရားတို့၏ ပြုံးခြင်းကို ပြုခြင်းသည် ပုဗ္ဗေနိဝါသဉာဏ်,အနာဂတံသဉာဏ်, သဗ္ဗညုတဉာဏ်တို့၏ နောက်သို့ လိုက်သည် အဖြစ်ကြောင့် ဉာဏ်သို့ အစဉ်လိုက်၍ ဖြစ်၏၊ ထို့ကြောင့် အဋ္ဌကထာ၌ ထိုဉာဏ်တို့၏ လေ့ကျက်ပြီးသည် အဆုံး၌ ဤဟသိတုပ္ပါဒ်စိတ် ဖြစ်၏-ဟု မိန့်ဆိုအပ်၏၊ ထို့ကြောင့် ထိုဟသိတုပ္ပါဒ်စိတ်၏ ဘုရားတို့အား ဖြစ်ခြင်းကို တားမြစ်ခြင်းငှါ မတတ်ကောင်း။

---

### ဥတုဇရုပ်ကိုဖြစ်စေပုံ

၃၃။ ။သီတုဏှောတုသမညာတာ တေဇောဓာတု ဋ္ဌိတိပ္ပတ္တာဝ ဥတုသမုဋ္ဌာနရူပံ အဇ္ဈတ္တဉ္စ ဗဟိဒ္ဓါ စ ယထာရဟံ သမုဋ္ဌာပေတိ။

သီတဥတု, ဥဏှဥတု-ဟု ဆိုအပ်သော တေဇောဓာတ်သည် ဌီသို့ ရောက်သည်ဖြစ်၍ သာလျှင် ဥတုကြောင့် ဖြစ်သော ရုပ်ကို အဇ္ဈတ္တသန္တာန်၌၎င်း၊ ဗဟိဒ္ဓသန္တာန်၌၎င်း၊ ထိုက်သည် အား လျော်စွာ ဖြစ်စေ၏။

---

## ဥတုဇရုပ်ကိုဖြစ်စေပုံအဘွင့်

၃၃။ ။ပစ္ဆာဇာတ အစရှိသော ပစ္စည်းအထောက်အပံ့ကို ရခြင်းကြောင့် ဌီခဏ၌[၁] သာလျှင် ဥတုဇသြဇာတို့၏ အားရှိသည်၏ အဖြစ်သည် ဖြစ်၏၊ ထို့ကြောင့် "တေဇောဓာတု ဌီတိပ္ပတ္တာဝ" ဤသို့ အစရှိသော စကားကို မိန့်ဆိုအပ်၏။

---

## ကမ္မဇရုပ်

### ၃၅။ ။တတ္ထ ဟဒယ ဣန္ဒြိယရူပါနိ ကမ္မဇာနေဝ။

ထိုရုပ် အပေါင်းတို့တွင် ဟဒယရုပ်, ဣန္ဒြိယရုပ်တို့သည် ကံကြောင့် သာလျှင်ဖြစ်ကုန်၏။

---

## ကမ္မဇရုပ်အဘွင့်

၃၅။ ။ထိုရုပ်တို့ဘွင် ဟဒယရုပ် ဣန္ဒြိယရုပ်-ဟု ဆိုအပ်ကုန်သော ကိုးပါးသော ရုပ်တို့သည် ကံကြောင့် သာလျှင် ဖြစ်သည်အဖြစ်

---

၁-အအေးဟူသော သီတတေဇော, အပူဟူသော ဥဏှတေဇောဓာတ်သည် ပဋိသန္ဓေ၏ ဥပါဒ်ခဏ ကမ္မဇရုပ်၌ ပါရှိသော်လည်း ၎င်းဥပါဒ်ခဏ၌ ကျေးဇူးမပြုနိုင်သေး။ ပဋိသန္ဓေ စိတ်၏ ဌီခဏကျမှသာ ပစ္ဆာဇာတပစ္စည်းကို ရသဖြင့် အားရှိသောကြောင့် ဥတုကြောင့် ဖြစ်သော ရုပ်ကို ဖြစ်စေနိုင်၏။

ပဋိသန္ဓေစိတ်မှစ၍ ဖြစ်ပေါ်နေသော ကံ, စိတ်,ဥတု, အာဟာရ ဟူသော အကြောင်း လေးပါးကြောင့် ဖြစ်သော သြဇာဓာတ်သည် အဇ္ဈတ္တ ဗဟိဒ္ဓဓာတ် သြဇာနှင့် မတွေ့ထိရသဖြင့် သြဇာရုပ်ကို မဖြစ်စေနိုင်သေး။ ။ပဋိသန္ဓေ တည်နေသည်မှနောက် တသတ္တာဟ နှစ်သတ္တာဟသို့ ရောက်၍ အမိမျိုသော ဘောဇဉ်၌ပါသော ဗဟိဒ္ဓသြဇာနှင့် အချင်းချင်း ပေါင်းဆုံမိကြသဖြင့် ၇-ရက်ကြာ၍ ရုပ်၏ဌီသို့ ရောက်မှသာလျှင် အာဟာရဇရုပ်ကို ဖြစ်စေ နိုင်၏-ဟူလို။

ကြောင့် ကမ္မဇရုပ်မည်ကုန်၏၊ အကြောင်းကား–အကြင်ရုပ်သည် ဖြစ်ပြီး, ဖြစ်ဆဲ, ဖြစ်လတ့ံ၊ ထိုရုပ်ကို ကမ္မဇရုပ်-ဟု ဆိုအပ်၏၊ ထို့ကြောင့် ကမ္မဇရုပ် မည်ကုန်၏၊ အဘယ်ကဲ့သို့နည်း–ဟူမူ ဒုဒ္ဓ ဟူသကဲ့သို့တည်း။

မှတ်ချက်။ ။ဒုဒ္ဓပုဒ်၌ တ,ပစ္စည်းသည် ကာလသုံးပါး ဖြစ်သကဲ့သို့ ကမ္မဇ၌ ဇ,သဒ္ဒါသည်လည်း ကာလသုံးပါး၌ ဖြစ်၏-ဟူလို။

---

## စိတ္တဇ,ဥတုဇ,အာဟာရဇရုပ်

**၃၈။ ။လဟုတာဒိတ္တယံ ဥတုစိတ္တာဟာရေဟိ သမ္ဘောတိ။**

လဟုတာ အစရှိသော ရုပ်သုံးခုတို့၏ အပေါင်းသည် ဥတု, စိတ်, အာဟာရတို့ကြောင့် ဖြစ်၏။

---

## စိတ္တဇ, ဥတုဇ, အာဟာရဇရုပ် အဖွင့်

၃၈။ ။ပစ္စုပ္ပန်ဖြစ်သော ပစ္စည်းကို ငဲ့ခြင်းရှိသည် အဖြစ်ကြောင့် လဟုတာ[၁] အစရှိသော ရုပ်သုံးခုတို့၏ အပေါင်းသည် ကံကြောင့် ဖြစ်သည်မဟုတ်၊ ဤမှ တပါးသော ကံကြောင့် ဖြစ်သော အပြားအားဖြင့် အနက်ကို ယူသည်ရှိသော် ခပ်သိမ်းသော ကာလ၌ ဖြစ်လေ့ ရှိကုန်သည် ဖြစ်ရာ၏၊ ထို့ကြောင့်“လဟုတာ။ပ။ သမ္ဘောတိ”ဟု မိန့်ဆိုအပ်၏။

---

**၄၁။ ။အဋ္ဌာရသ ပန္နရသ၊ တေရသ ဒွါဒသာတိ စ။**
**ကမ္မစိတ္တောတုကာဟာရ၊ဇာနိ ဟောန္တိ ယထာက္ကမံ။**

ကမ္မဇရုပ်, စိတ္တဇရုပ်, ဥတုဇရုပ်, အာဟာရဇရုပ်တို့သည် အစဉ်အတိုင်း ၁၈-ပါး အပြားရှိကုန်၏၊ ၁၅-ပါး အပြားရှိကုန်၏၊ ၁၃-ပါး အပြားရှိကုန်၏၊ ၁၂-ပါး အပြားရှိကုန်၏။

---

၁–လဟုတာစသော ရုပ် ၃-ပါးအပေါင်းသည် ဥတု, စိတ်, အာဟာရဟူသော ပစ္စုပ္ပန် အကြောင်းတရားကိုသာ ငဲ့၏။ အတိတ်ဖြစ်သော ကံတည်းဟူသော အကြောင်းတရားကို မငဲ့သောကြောင့် ကံကြောင့် မဖြစ်ပါဘဲ၊ ဥတု, စိတ်, အာဟာရတို့ကြောင့်သာ ဖြစ်၏-ဟူလို။

၄၁။ ။ကေန် ကံကြောင့် ဖြစ်ကုန်သော ၉-ပါးသော ရုပ်တို့ ၎င်း၊ လေးပါးကုန်သော အကြောင်းကြောင့် ဖြစ်ကုန်သော ရုပ်တို့တွင် ကံကြောင့်ဖြစ်ကုန်သော ၉-ပါးသောရုပ်တို့၎င်း၊ ဤသို့ ကမ္မဇရုပ်[၁] တို့သည် ၁၈-ပါး အပြားရှိကုန်၏၊ ငါးပါးသော ဝိကာရ ရုပ်, သဒ္ဒရုပ်, အဝိနိဗ္ဘောဂရုပ်ရှစ်ခု, အာကာသဓါတ် တို့၏ အစွမ်းဖြင့် စိတ္တဇရုပ်[၂] တို့သည် ၁၅-ပါး အပြားရှိကုန်၏၊သဒ္ဒရုပ်၎င်း၊ လဟုတာ အစရှိသော ရုပ်သုံးခုတို့၏ အပေါင်းသည်၎င်း၊ ကိုးပါး ကုန်သော အဝိနိဗ္ဘောဂရုပ် ၈-ခု အာကာသဓာတ်တို့၎င်း၊ ဤသို့ ဥတုဇရုပ်[၃] တို့သည် ၁၃-ပါးအပြား ရှိကုန်၏၊လဟုတာ အစရှိသော ရုပ်သုံးပါးအပေါင်း, အဝိနိဗ္ဘောဂရုပ် ၈-ပါး, အာကာသဓာတ်၏ အစွမ်းဖြင့် အာဟာရဇရုပ်[၄] တို့သည် ၁၂-ပါး အပြား ရှိကုန်၏။

---

### တစုံတခုသော အကြောင်းကြောင့် မဖြစ်သောရုပ်

**၄၁။ ။ဇာယမာနာဒိရူပါနံ၊ သဘာဝတ္တာ ဟိ ကေဝလံ၊**
**လက္ခဏာနိ န ဇာယန္တိ၊ ကေဟိစိတိ ပကာသိတံ။ ။**
**အယမေတ္ထ ရူပသမုဋ္ဌာနနယော။**

သက်သက် ဖြစ်ဆဲ အစရှိကုန်သော နိပ္ဖန္နရုပ်တို့၏ သဘော ဖြစ်သောကြောင့် သာလျှင် လက္ခဏာရုပ် လေးခုတို့သည် တစုံတခု သော အကြောင်းတို့ကြောင့် မဖြစ်ကုန်၊ ဤသို့ ပြအပ်၏၊ ဤဆိုအပ် ပြီးသည်ကား-ဤရူပသင်္ဂဟ၌ ရူပသမုဋ္ဌာန်ကို ဆိုကြောင်း ဖြစ်သော နည်းတည်း။

---

၁-ကမ္မဇရုပ်ကေန် ဟဒယရုပ် ၁, ဇီဝိတိန္ဒြိယရုပ် ၈-ပါးအားဖြင့် ၉-ပါး။ ကမ္မဇရုပ်အနေကန် အဝိနိဗ္ဘောဂရုပ် ၈-ပါး, အာကာသဓာတ် ၁-ပါးအားဖြင့် ၉-ပါး, ပေါင်း ၁၈-ပါး။

၂-စိတ္တဇရုပ်ကေန်-ဝိညတ်ဒွေး၊ စိတ္တဇရုပ်အနေကန်-သဒ္ဒရုပ် ၁, လဟုတာဒိတ္တယ ၃-ပါး, အဝိနိဗ္ဘောဂရုပ် ၈-ပါး,အာကာသဓာတ် ၁-ပါး,ပေါင်း ၁၅-ပါး။

၃-ဥတုဇရုပ် အနေကန်-သဒ္ဒရုပ် ၁ပါး, လဟုတာဒိတ္တယ ၃-ပါး, အဝိနိဗ္ဘောဂရုပ် ၈-ပါး, အာကာသဓာတ် ၁-ပါး,ပေါင်း ၁၃-ပါး။

၄-အာဟာရဇရုပ် အနေကန်-လဟုတာဒိတ္တယ ၃-ပါး, အဝိနိဗ္ဘောဂရုပ် ၈-ပါး, အာကာသဓာတ်၁-ပါး, ပေါင်း ၁၂-ပါး ဖြစ်၏။

## တစုံတခုသောအကြောင်းကြောင့် မဖြစ်သောရုပ်အဘွင့်

၄၁။ ။သက်သက်ဖြစ်ဆဲ ရင့်ဆဲ ပျက်ဆဲဖြစ်ကုန်သော နိပ္ဖန္နရုပ်တို့၏ မှတ်ကြောင်းဖြစ်သော သဘောမျှကို ကြည့်၍ မိမိ၏ ဖြစ်ဆဲအစရှိသော လက္ခဏာမရှိခြင်းကြောင့် လက္ခဏာရုပ်[၁] တို့သည် တစုံတခုကုန်သော အကြောင်းတို့ကြောင့် မဖြစ်ကုန်၊ ဤသို့ပြအပ်၏။ ယင်းစကား ထင်ရှားစွာ ဘွင့်ပြဦးအံ့—ဥပါဒ်အစရှိသည်တို့နှင့် ယှဉ်ကုန်သော စက္ခုပသာဒ အစရှိသည်တို့၏ ဖြစ်ဆဲ အစရှိကုန်သော လက္ခဏာတို့သည် ရှိကုန်သကဲ့သို့ ဤအတူ ဖြစ်ဆဲ အစရှိကုန်သော လက္ခဏာရုပ်တို့သည် မရှိကုန်။ ထိုဇာတိ အစရှိကုန်သော လက္ခဏာရုပ်တို့၏လည်း ဖြစ်ဆဲ အစရှိကုန်သော လက္ခဏာရုပ်တို့သည် အကယ်၍ ဖြစ်ကုန်အံ့—

ဤသို့ ဖြစ်ဆဲအစရှိကုန်သော လက္ခဏာရုပ်တို့၏ ဖြစ်ဆဲအစရှိကုန်သော လက္ခဏာ ရှိကုန်လတ်သော် အနိုက်အတန့် မတည်ခြင်းသို့သာလျှင် ရောက်ရာ၏၊ "ရူပါယတနံ။ပ။ စိတ္တသမုဋ္ဌာနာ" ဤသို့ အစရှိကုန်သော ပါဠိတို့၌ ဇာတိ၏ အကြင် တစုံတခုသော အကြောင်းကြောင့် ဖြစ်သည်အဖြစ်ကို မြတ်စွာဘုရားသည်ခွင့်ပြုတော်မူအပ်၏။ ထိုသို့ တစုံတခုသော အကြောင်းကြောင့် ဇာတိဖြစ်သည် အဖြစ်ကို ရုပ်ကိုဖြစ်စေခြင်း၌ မကင်းသော ဗျာပါရ ရှိကုန်သော ရုပ်ကိုဖြစ်စေတတ်ကုန်သော ပစ္စည်းတို့၏ ဇာတိအား ကျေးဇူးပြုတတ်သော အဖြစ်သို့ ရောက်သော ခဏ၌ ဖြစ်ဆဲဖြစ်ကုန်သော နိပ္ဖန္နရုပ် တရားတို့၏ ဖောက်ပြန်ခြင်းရှိသည် အဖြစ်ကြောင့် ရအပ်သည်အဖြစ်ကို ရည်၍ ခွင့်ပြုတော်မူအပ်၏-ဟု မှတ်အပ်၏။

---

၁—လက္ခဏာရုပ် ၄-ပါးတို့သည် နိပ္ဖန္နရုပ်တို့၏ ဥပါဒ်အခိုက်, ဌီ အခိုက်, ဘင်အခိုက်အတန့်မျှသာ ဖြစ်၍ မိမိတို့၏ သဘောလက္ခဏာကား ထင်ရှားမရှိကုန်သောကြောင့် ကံ စိတ် ဥတု အာဟာရတည်းဟူသော အကြောင်းတရားကြောင့် ဖြစ်သော တရားမျိုး မဟုတ်ကုန်-ဟူလို။

အနိပ္ဖန္နရုပ်တို့သည်လည်း ကံ စသော အကြောင်းတရားကြောင့် မဖြစ်သော်လည်း စိတ်, ဥတု, အာဟာရ ဟူသော အကြောင်းထူး၏ အစွမ်းဖြင့် ထင်ရှားသောကြောင့် နကုတောစိသမုဋ္ဌာန်-ဟု မဆိုရ-ဟုမှတ်။

ဇာတိဘိက္ခဝေ။ ပ။ ပဋိစ္စသမုပ္ပန္နံ-ဟူသော အကြင်စကားကို မြတ်စွာဘုရားသည် မိန့်တော်မူအပ်၏၊ ထိုစကား၌ အကြောင်းကို စွဲ၍ဖြစ်ကုန်သော သင်္ခတ တရားတို့၏ မှတ်ကြောင်း ဖြစ်သည်၏ အဖြစ်ကြောင့် ထိုဇာတိအစရှိကုန်သော လက္ခဏ ရုပ်တို့၏ သင်္ခတ တရားအဖြစ်ကိုလည်းကောင်း၊ အကြောင်းကို စွဲ၍ ဖြစ်သည်အဖြစ်ကိုလည်းကောင်း၊ မြတ်စွာဘုရားသည် ဟောတော်မူအပ်၏၊ ဤသည်လျှင် ဤစကား၌ မြတ်စွာဘုရား၏အလိုတော်တည်း၊ထို့ကြောင့် ရှေးဆရာတို့သည်—

ပါဠေ့ ကုတောစိ ဇာတတ္တံ၊ ဇာတိယာ ပရိယာယတော။
သင်္ခတာနံ သဘာဝတ္တာ၊ တီသု သင်္ခတတောဒိတာ။ ။

ဟု မိန့်ဆိုကုန်၏။

အနက်ကား—အဘိဓမ္မာပါဠိတော်၌ ဇာတိ၏ တစုံတခုသော အကြောင်းကြောင့် ဖြစ်သည်အဖြစ်ကို ဥပစာအားဖြင့် မြတ်စွာဘုရားသည် ခွင့်ပြုတော်မူအပ်၏၊ သုတ္တန်ပါဠိတော်၌လည်း သင်္ခတတရားတို့၏ မှတ်ကြောင်းသဘောရှိသည် အဖြစ်ကြောင့် သုံးပါးကုန်သော ဇာတိအစရှိသော တရားတို့၌ သင်္ခတအဖြစ်ကိုလည်းကောင်း၊ အကြောင်းကို စွဲ၍ ဖြစ်သည်အဖြစ်ကိုလည်းကောင်း ဟောတော်မူအပ်၏။

---

## ရူပကလာပ

## ရုပ်ကလာပ်လက္ခဏာ ၄-ပါး

**၄၂။ ။ဧကုပ္ပါဒါ ဧကနိရောဓာ ဧကနိဿယာ သဟဝုတ္တိနော ဧကဝီသတိ ရူပကလာပါနာမ။**

တကွဖြစ်ခြင်း ရှိကုန်သော, တကွချုပ်ခြင်း ရှိကုန်သော, တူသော မှီရာရှိကုန်သော, တကွဖြစ်ခြင်း ရှိကုန်သော, ဝါ-အသီးအသီး ကလာပ်၌တည်သော ရုပ်၏အစွမ်းဖြင့် တကွဖြစ်ကုန်သော ၂၁-ပါး သော ရုပ်အပေါင်းတို့သည် ရုပ်ကလာပ်တို့ မည်ကုန်၏။

## ရူပကလာပ
## ရုပ်ကလာပ်လက္ခဏာ ၄-ပါးအဘွင့်

၄၂။ ။အကြင့်ကြောင့် ထိုဆိုအပ်ကုန်ပြီးသော ရုပ်တို့သည် ကံစသော အကြောင်းကြောင့် ဖြစ်ကုန်သော်လည်း တပါးတပါးစီ မဖြစ်ကုန်၊ စင်စစ်အားဖြင့် အပေါင်းအားဖြင့်သာလျှင် ဖြစ်ကုန်၏။ ထို့ကြောင့် ကလာပ်[၁] တို့၏ အရေအတွက် အပိုင်းအခြားကိုငှ်း၊ သရုပ်ကိုငှ်း ပြခြင်းငှါ "ဧကုပ္ပါဒါ" ဤသို့ အစရှိသော စကားကို မိန့်ဆိုအပ်၏။ **သဟဝုတ္တိနော**-ဟူသည်ကား၊ ဝါ-ဟူသောပုဒ်ကို အသီးအသီးသော ကလာပ်ဖြစ်ကုန်သော ရုပ်တို့၏ အစွမ်းအားဖြင့် တကွ ဖြစ်ခြင်းရှိကုန်ထသော-ဟု အနက်ပေး။အလုံးစုံသော ကလာပ် တို့၏ အချင်းချင်း တကွဖြစ်သည် အစွမ်းအားဖြင့် တကွဖြစ်ခြင်း ရှိကုန်သည် မဟုတ်ကုန်။

---

## ကမ္မဇကလာပ် ၉-စည်း

**၄၃။ ။တတ္ထ ဇီဝိတံ အဝိနိဗ္ဘောဂရူပဉ္စ စက္ခုနာ သဟ စက္ခုဒသကန္တိ ပဝုစ္စတိ။**

ထို ၂၁-တပါးသော ရုပ်ကလာပ်တို့တွင် ဇီဝိတရုပ်ကိုငှ်း၊ အဝိနိဗ္ဘောဂရုပ်ကိုငှ်း စက္ခုနှင့် တကွ စက္ခုဒသက-ဟု ဆိုအပ်၏။

---

## ကမ္မဇကလာပ် ၉-စည်းအဘွင့်

၄၃။ ။ထိုကလာပ်အား ဆယ်ပါးကုန်သော အတိုင်းအရှည် တို့သည် ရှိကုန်သောကြောင့် ဒသက မည်၏၊ ဤဒသက-ဟူသော

---

၁–ရုပ်တို့၏ပေါင်းစုရာသဘောသည် **ကလာပ်**-မည်၏၊ ထိုရုပ်ကလာပ်တို့၏ လက္ခဏာသည်-

(၁) ဧကုပ္ပါဒ

(၂) ဧကနိရောဓ

(၃) ဧကနိဿယ

(၄) သဟဝုတ္တိ-ဟူ၍ ၄-ပါးရှိ၏။

တူသောဖြစ်ခြင်းရှိသော ရုပ်တရားတို့၏ ဇာတိသဘောသည် **ဧကုပ္ပါဒ**-မည်၏။ တူသော ချုပ်ခြင်းရှိသော ရုပ်တရားတို့၏ အနိစ္စတာ သဘောသည် **ဧကနိရောဓ**-မည်၏။ မဟာဘုတ် လေးပါးတည်းဟူသော တူသော မှီရာရှိသောကြောင့် **ဧကနိဿယ**-မည်၏။ အတူတကွ တပေါင်းတည်း ဖြစ်တတ်သောကြောင့် **သဟဝုတ္တိ**-မည်၏။

အမည်သည် အပေါင်း၏ အမည်တည်း။ စက္ခုပသာဒဖြင့် မှတ်အပ်သော ရုပ် ၁၀-ပါး အပေါင်းသည် **စက္ခုဒသက ကလာပ်**[၁] မည်၏၊ တနည်းကား- ထိုစက္ခုပသာဒ ပြဓာန်းခြင်းရှိသော ရုပ် ၁၀-ပါး အပေါင်းသည် စက္ခုဒသက ကလာပ် မည်၏၊ ကြွင်းကုန်သော ဒသကတို့၌လည်း ဤစက္ခုဒသက အတူသာတည်း။

---

## စိတ္တဇကလာပ် ၆-စည်း

၄၆။ **။အဝိနိဗ္ဘောဂရူပံ ပန သုဒ္ဓဋ္ဌကံ, တဒေဝ ကာယဝိညတ္တိယာ သဟ ကာယဝိညတ္တိနဝကံ, ဝစီဝိညတ္တိသဒ္ဒေဟိ စ သဟ ဝစီဝိညတ္တိဒသကံ, လဟုတာဒီဟိ သဒ္ဓိံ လဟုတာဒေကာဒသကံ, ကာယဝိညတ္တိ လဟုတာဒိဒွါဒသကံ, ဝစီဝိညတ္တိ သဒ္ဒလဟုတာဒိတေရသကဉ္စေတိ ဆ စိတ္တသမုဋ္ဌာနကလာပါ။**

ကမ္မဇကလာပ်မှ တပါး စိတ္တဇကလာပ်ကို ဆိုဦးအံ့၊ အဝိနိဗ္ဘောဂရုပ် ရှစ်ခုသည် သက်သက်သော အဋ္ဌကကလာပ်မည်၏။ ထိုသုဒ္ဓဋ္ဌကကလာပ်သည်ပင်လျှင် ကာယဝိညတ်နှင့်တကွ ကာယဝိညတ္တိနဝကကလာပ် မည်၏၊ ဝစီဝိညတ်, သဒ္ဒ တို့နှင့် တကွ **ဝစီဝိညတ္တိဒသက ကလာပ်**[၂] မည်၏၊ လဟုတာ အစရှိသည်တို့နှင့် တကွ လဟုတာဒိဧကာဒသက ကလာပ် မည်၏၊ ကာယဝိညတ္တိလဟုတာဒိဒွါဒသက ကလာပ် မည်၏၊ ဝစီဝိညတ္တိသဒ္ဒလဟုတာဒိတေရသက ကလာပ်လည်း မည်၏၊ ဤသို့ ၆-ပါးကုန်သော

---

၁—စက္ခုသည်သာ အခြားသော ကလာပ်များနှင့် မဆက်ဆံသောကြောင့်၎င်း၊ ထင်ရှားသော အမှတ်ဖြစ်သောကြောင့်၎င်း၊ ပြဓာန်းသောကြောင့်၎င်း၊ စက္ခုဖြင့်သာ မှတ်၍ စက္ခုဒသကကလာပ်-ဟု ဆိုရ၏။ (ကြွင်းနည်းတူသိ။)

ဇီဝိတဖြင့် မှတ်အပ်သော ရုပ်ကိုးခုအပေါင်းသည် **ဇီဝိတနဝကကလာပ်**-မည်၏။

၂—ဝစီဝိညတ်သည် သဒ္ဒနှင့် မကင်းမူ၍ ဖြစ်သောကြောင့် ''ဝစီဝိညတ္တိ'' သဒ္ဒါဖြင့် သဒ္ဒကိုလည်း ရေတွက်ပြီးသား ဖြစ်သောကြောင့် ဝစီဝိညတ္တိသဒ္ဒဒသကံ-ဟု မဆိုပါဘဲ **ဝစီဝိညတ္တိဒသကံ**-ဟုသာ ဆိုရ၏။

၍ရုပ်ကလာပ်တို့သည် စိတ်ကြောင့်ဖြစ်သော ရုပ်ကလာပ်တို့ မည်ကုန်၏။

**စိတ္တဇကလာပ် ၆-စည်း အဘွင့်**

၄၆။ ။**ဝစီဝိညတ္တိ** သဒ္ဒါဖြင့် ထိုဝစီဝိညတ်၏ အသံနှင့်ကင်း၍ မဖြစ်သင့်သည်အဖြစ်ကြောင့် သဒ္ဒကိုလည်း ပေါင်းအပ်၏၊ ထို့ကြောင့် ဝစီဝိညတ္တိဒသကံ ဟူသော၍**စ**ကားကို မိန့်ဆိုအပ်၏။

**အဇ္ဈတ္တ ဗဟိဒ္ဓကလာပ်ခွဲပုံ**

**၄၉။ ။တတ္ထ သုဒ္ဓဋ္ဌကံ, သဒ္ဒနဝကဉ္စေတိ ဒွေ ဥတုသမုဋ္ဌာနကလာပါ ဗဟိဒ္ဓါပိ လဗ္ဘန္တိ၊ အဝသေသာ ပန သဗ္ဗေပိ အဇ္ဈတ္တိကမေဝ။**

ထို ၂၁-ပါးသော ရုပ်ကလာပ် အပေါင်းတို့တွင် သုဒ္ဓဋ္ဌက ကလာပ်ရင်း, သဒ္ဒနဝကကလာပ်ရင်း, ဤသို့ နှစ်ပါးကုန်သော ဥတုကြောင့် ဖြစ်သော ရုပ်ကလာပ်တို့ကို အပသန္တာန်၌လည်း ရအပ်ကုန်၏၊ နှစ်ပါးကုန်သော ဥတုသမုဋ္ဌာန်ရုပ်မှ ကြွင်းကုန်သော အလုံးစုံလည်းဖြစ်ကုန်သော တခုယုတ်နှစ်ဆယ်သော ရုပ်ကလာပ်တို့ကို အဇ္ဈတ္တိကသန္တာန်၌ သာလျှင် ရအပ်ကုန်၏။

**အဇ္ဈတ္တ ဗဟိဒ္ဓကလာပ်ခွဲပုံအဘွင့်**

၄၉။ ။အသို့နည်း အလုံးစုံလည်း ဖြစ်ကုန်သော ဤ ၂၁-ပါးသော ကလာပ်တို့သည် အလုံးစုံသော အဇ္ဈတ္တိကသန္တာန်, ဗဟိဒ္ဓသန္တာန်တို့၌ ဖြစ်ကုန်သလော၊ ထိုသို့မဟုတ် အချို့ကုန်သော ကလာပ်တို့သည် အချို့ကုန်သော သန္တာန်တို့၌ ဖြစ်ကုန်သလော၊ ဤသို့သော စောဒနာခြင်းကို နှလုံးပိုက်၍"တတ္ထ"ဤသို့ အစရှိသော စကားကို မိန့်ဆိုတော်မူ၏။

ရူပကလာပ အဘွင့်ပြီး၏။

ဥတုဇကလာပ် ၄-စည်းတို့တွင် သုဒ္ဓဋ္ဌကကလာပ်နှင့် သဒ္ဒနဝကကလာပ် ၂-စည်းတို့ကို ဗဟိဒ္ဓ အပ-၌လည်း ရအပ်ကုန်၏။ သက်ရှိ-သက်မဲ့ နှစ်ပါးလုံး၌ ဖြစ်နိုင်ကုန်၏။ ကြွင်းသော ကလာပ်စည်းတို့ကား အဇ္ဈတ္တိက၌သာ ဖြစ်ကုန်၏-ဟူလို။

## ရူပပဝတ္တိက္ကမ

### ကာမဘုံ၌ရုပ်ဖြစ်စဉ်

**၅၁။ ။သဗ္ဗာနိပိ ပနေတာနိ ရူပါနိ ကာမလောကေ ယထာရဟံ အနူနာနိ ပဝတ္တိယံ ဥပလဗ္ဘန္တိ။**

ရူပကလာပမှ တပါး ရူပပဝတ္တိက္ကမကို ဆိုဦးအံ့—အလုံးစုံလည်း ဖြစ်ကုန်သော ထိုရုပ်တို့ကို ကာမဘုံ၌ ထိုက်သည်အား လျော်စွာ ပဝတ္တိအခါ၌ မယုတ်မလျော့ကုန်သည် ဖြစ်၍ ရအပ်ကုန်၏။

---

### ကာမဘုံ၌ ရုပ်ဖြစ်ပုံအဘွင့်

၅၁။ ။ယခုအခါ၌ ၂၁-ပါးသော ရုပ်ကလာပ်တို့၏ ဖြစ်သင့်သည်အစွမ်းဖြင့် ပဝတ္တိအခါ, ပဋိသန္ဓေအခါ၌ ဖြစ်ခြင်း၏အစွမ်းဖြင့်၎င်း၊ သံသေဒဇ ပဋိသန္ဓေ အစရှိသော ယောနိတို့၏ အစွမ်းဖြင့်၎င်း၊ ဖြစ်ခြင်းကို ပြခြင်းငှါ "သဗ္ဗာနိပိပနေတာနိ" ဤသို့ အစရှိသော စကားကို မိန့်ဆိုအပ်၏၊ **ယထာရဟံ** [၁]ဟူသည်ကား၊ ဝါ-ဟူသော ပုဒ်ကို "ဘော" ရှိသော သတ္တဝါ, ပြည့်စုံသော အာယတနရှိသော သတ္တဝါတို့အား လျောက်ပတ်စွာ-ဟု အနက်ပေး။

---

**၅၂။ ။ပဋိသန္ဓိယံ ပန သံသေဒဇာနဉ္စေဝ ဩပပါတိကာနဉ္စ စက္ခု, သောတ, ဃာန, ဇိဝှါ, ကာယ, ဘာဝ, ဝတ္ထု ဒသက သင်္ခါတာနိ သတ္တ ဒသကာနိ ပါတုဘဝန္တိ ဥက္ကဋ္ဌဝသေန။**

---

၁—ယထာရဟံ-ပါဌ်ဖြင့် ကာမဘုံ၌ ပဝတ္တိအခါဝယ် အလုံးစုံသော ရုပ်တို့ကို ရအပ်၏-ဟု ဆိုသော်လည်း ယောက်ျား ဖြစ်အံ့ ပုမ္ဘောရုပ်သာ ရ၍ ဣတ္ထိဘောရုပ်ကို မရသောကြောင့် ကြွင်းရုပ် ၂၇-ပါးသာ ရ၏။ မိန်းမတို့အားလည်း ထို့အတူ ၂၇-ပါးသာ ရ၏။ စက္ခုစသော ဣန္ဒြေချို့တဲ့သော သတ္တဝါတို့အား ချို့သော ဣန္ဒြေကို မရနိုင်-ဟူသော အဓိပ္ပါယ်ကို ပြ၏။

ပဝတ္တိမှ တပါး ပဋိသန္ဓေကို ဆိုဦးအံ့—ပဋိသန္ဓေအခါ၌ အညှိ၌ ဖြစ်ကုန်သော ပိုးလောက် အစရှိသော သတ္တဝါတို့အားရင်း၊ ကိုယ် ထင်ရှားဖြစ်သော စာတုမဟာရာဇ် တာဝတိံသာ အစရှိသော သတ္တဝါတို့အားရင်း၊ အလွန်၏ အစွမ်းဖြင့် စက္ခုဒသက, သောတ-ဒသက,ဃာနဒသက,ဇိဝှါဒသက,ကာယဒသက, ဇာတ္ထိဘာဝဒသက, ပုမ္ဘာဝဒသက, ဝတ္ထုဒသက-ဟု ဆိုအပ်ကုန်သော ၇-ပါးသော ဒသကတို့သည် ထင်ရှားစွာ တပြိုင်နက် ဖြစ်ကုန်၏။

---

၅၂။ ။ကြာတိုက်, ဝမ်း၏ အညစ် အကြေး အစရှိသော အညှိအရပ်တို့၌ ဖြစ်ကုန်သော သတ္တဝါတို့သည် **သံသေဒဇ**[၁] သတ္တဝါ မည်ကုန်၏၊ ထိုသတ္တဝါတို့အား ထင်ရှားစွာ ဖြစ်ခြင်းသည်ရှိသော ကြောင့် **ဩပပါတိက**[၂] သတ္တဝါမည်ကုန်၏၊ ဤဩပပါတိကာနံ ဟူသော ပုဒ်၌ လွန်စွာဖြစ်ကုန်သော အပိုင်းအခြား၏ အစွမ်းဖြင့် ပြည့်စုံသော အာယတနရှိသော ဥပပါတ် ပဋိသန္ဓေကို ယူအပ်၏၊ အဘယ်ကဲ့သို့နည်း-ဟူမူကား၊ "အဘိရူပဿ ကညာ ဒါတဗ္ဗာ" ဟူသကဲ့သို့တည်း၊ အမျိုးစည်းစိမ် အစရှိသည်တို့ဖြင့် ထူးသော သတို့သားအား အမျိုးစည်းစိမ် အစရှိသည်ဖြင့် ထူးသော သတို့ သမီးကိုသာလျှင် ပေးအပ်၏။

---

၁—ပဒုမာကြာတိုက်, သစ်ခေါင်း, သစ်ပွေး, သစ်ပွင့်, နွံ, ညွန်, ရေဟောင်း, ရေဆွေး, အညစ်အကြေးစသည်တို့၌ ဖြစ်သော သတ္တဝါသည် **သံသေဒဇ**-သတ္တဝါ မည်၏။

အကုသိုလ်ကံ နှိပ်စက်၍ အာယတန ချို့ပျက်သော ထိုအပါယ် သံသေဒဇ စသော သတ္တဝါများအား အယုတ်အားဖြင့် စက္ခုဒသကကလာပ်၊ သောတဒသကကလာပ်၊ ဃာန ဒသကကလာပ်၊ ဘာဝဒသကကလာပ် ရုပ်တို့ကို တခါတရံ မရကြကုန်။ ထို့ကြောင့် ထိုမဖြစ်သော ရုပ်တို့၏ အစွမ်းအားဖြင့် ကလာပ် ယုတ်လျော့မှုကို သိအပ်၏-ဟူလို။

၂—ရုတ်တရက် ကောင်းကင်မှ ကျလာသကဲ့သို့ ထင်ရှားစွာ ဖြစ်ပေါ်လာသော သတ္တဝါ သည် **ဥပပါတ်** ပုဂ္ဂိုလ် မည်၏။

ထိုသံသေဒဇ ပုဂ္ဂိုလ်နှင့် နတ်စသော ဥပပါတ်ပုဂ္ဂိုလ်တို့အား ပဋိသန္ဓေအခါ၌ စက္ခု ဒသကကလာပ်၊ သောတဒသကကလာပ်၊ ဃာနဒသကကလာပ်၊ ဇိဝှါဒသကကလာပ်၊ ကာယဒသကကလာပ်၊ ဘာဝဒသကကလာပ်၊ ဝတ္ထုဒသကကလာပ်-ဟု ဆိုအပ်ကုန်သော ကလာပ် ၇-စည်းတို့သည် ဥက္ကဋ္ဌနည်း အစွမ်းအားဖြင့် တပြိုင်နက် တခါတည်း ထင်ရှား ဖြစ်ပေါ်လာကုန်၏-ဟူလို။

ပြည့်စုံသော အာယတနရှိသည်အဖြစ်ဖြင့် ရအပ်သည်၏အဖြစ်ကြောင့် ၇-ပါးသော ဒသကတို့သည် ထင်ရှားဖြစ်ကုန်၏၊ ပဋိသန္ဓေအားဖြင့် စက္ခုချို့သော သတ္တဝါ၊ ပဋိသန္ဓေအားဖြင့် သောတ ချို့သော သတ္တဝါ၊ ပဋိသန္ဓေအားဖြင့် ဃာန ချို့သော သတ္တဝါ၊ နပုံးဖြစ်သော သတ္တဝါ၊ ကမ္ဘာဦး၌ ဖြစ်သော သတ္တဝါတို့၏ အစွမ်းဖြင့် တရံတခါ၌ စက္ခုဒသက, သောတဒသက, ဃာနဒသကတို့ကို မရအပ်ကုန်၊ မရအပ်ကုန်-ဟူသော စကား၌ သုဂတိဘုံ၌ ကြီးသော အာနုဘော်ရှိသော ကံကြောင့် ဖြစ်ကုန်သော ဥပပါတ်တို့၏ ဣန္ဒြေ ချို့ခြင်း မရှိခြင်းကြောင့် စက္ခု, သောတ, ဃာနတို့ကို မရခြင်းသည် သံသေဒဇ သတ္တဝါတို့အား ဖြစ်၏။ ဘာဝရုပ်ကို မရခြင်းသည် ကမ္ဘာဦး၌ ဖြစ်ကုန်သော ဥပပါတ်သတ္တဝါတို့၏ အစွမ်းဖြင့်လည်း ဖြစ်၏၊ ဒုဂ္ဂတိဘုံ၌ကား စက္ခုသောတဘာဝရုပ်ကို မရခြင်းသည် နှစ်ပါးကုန်သော သံသေဒဇသတ္တဝါ ဥပပါတ်သတ္တဝါ ပုဂ္ဂိုလ်တို့၏ အစွမ်းဖြင့် ဖြစ်၏၊ ဃာနကိုမရခြင်းသည် သံသေဒဇတို့၏ အစွမ်းဖြင့် သာလျှင်ဖြစ်၏၊ ဥပပါတ်တို့၏ အစွမ်းဖြင့် မဖြစ်-ဟု မှတ်အပ်၏။

ထို့ကြောင့် သာလျှင် ဓမ္မဟဒယ ဝိဘင်း၌ ကာမဘုံ၌ ပဋိသန္ဓေခဏ၌ အချို့သော ပုဂ္ဂိုလ်အား ၁၁-ပါးသော အာယတနတို့သည် ထင်ရှားဖြစ်ကုန်၏၊ အချို့သော ပုဂ္ဂိုလ်အား ၁၀-ပါးသော အာယတနတို့သည် ထင်ရှားဖြစ်ကုန်၏၊ အချို့သော ပုဂ္ဂိုလ်အား တခြားကုန်သော ၁၀-ပါးသော အာယတနတို့သည် ထင်ရှားဖြစ်ကုန်၏၊ အချို့သော ပုဂ္ဂိုလ်အား ၉-ပါးသော အာယတနတို့သည် ထင်ရှားဖြစ်ကုန်၏၊ အချို့သော သူအား ၇-ပါးသော အာယတနတို့သည် ထင်ရှား ဖြစ်ကုန်၏၊ ဟူသော ဤပါဠိကို ဟောသောကြောင့် ပြည့်စုံသော ဣန္ဒြေရှိသော ဥပပါတ်သတ္တဝါအား သဒ္ဒါယတနသည် ကြဉ်အပ်ကုန်သော ၁၁-ပါးသော အာယတနတို့ကို ဟောအပ်ကုန်၏၊ စက္ခုဣန္ဒြေချို့သော ဥပပါတ်ပုဂ္ဂိုလ်အား စက္ခာယတနသည် ကြဉ်အပ်ကုန်သော ၁၀-ပါးသော အာယတနတို့ကို ဟောအပ်ကုန်၏၊ ထို့အတူ သောတိန္ဒြေချို့သော ဥပပါတ်ပုဂ္ဂိုလ်အား သောတာ

ယတနသည် ကြဉ်အပ်ကုန်သော ၁၀-ပါးသော အာယတနတို့ကို ဟောအပ်ကုန်၏၊ စက္ခုနွေ့, သောတနွေ့ချိုသော ဥပပါတ်ပုဂ္ဂိုလ်အား ထိုစက္ခုနွေ့, သောတနွေ့ နှစ်ပါးသည် ကြဉ်အပ်သော ၉-ပါးသော အာယတနတို့ကို ဟောအပ်ကုန်၏၊ အမိဝမ်း၌ ကိန်းသော သတ္တဝါအား စက္ခု, သောတ, ဃာန, ဇိဝှါ, သဒ္ဒါယတနတို့သည် ကြဉ်အပ်ကုန်သော ၇-ပါးသော အာယတနတို့ကို ဟောအပ်ကုန်၏။

ဃာနိန္ဒြေချိုသော ဥပပါတ်သည်လည်း အကယ်၍ ဖြစ်ငြားအံ့၊ ဤသို့ဖြစ်သည်ရှိသော် စက္ခုနွေ့ချိုသော ဥပပါတ်, သောတနွေ့ချိုသော ဥပပါတ်, ဃာနိန္ဒြေချိုသော ဥပပါတ် သတ္တဝါတို့၏ အစွမ်းဖြင့် သုံးကြိမ် ၁၀-ပါးသော အာယတနတို့ကို ဆိုအပ်ကုန်ရာ၏၊ စက္ခုနွေ့, သောတနွေ့ချိုသော ဥပပါတ်၊ စက္ခုနွေ့, ဃာနိန္ဒြေချိုသော ဥပပါတ်၊ သောတနွေ့, ဃာနိန္ဒြေချိုသော ဥပပါတ်တို့၏ အစွမ်းဖြင့် သုံးကြိမ် ၉-ပါးသော အာယတနတို့ကို ဆိုအပ်ကုန်ရာ၏၊ စက္ခုနွေ့, သောတနွေ့, ဃာနိန္ဒြေချိုသော ဥပပါတ်တို့၏ အစွမ်းဖြင့် ၈-ပါးသော အာယတနတို့ကို ဆိုအပ်ကုန်၏။

စင်စစ်အားဖြင့် ဤသို့ ဆိုသောအတိုင်း မြတ်စွာဘုရားသည် မဟောအပ်ကုန်၊ ထို့ကြောင့် ဥပပါတ်ပုဂ္ဂိုလ်အား ဃာနိန္ဒြေချိုသည် အဖြစ်သည် မရှိ-ဟု မှတ်အပ်၏၊ ထိုသို့မရှိသောကြောင့် သာလျှင် ယမိုက် အဋ္ဌကထာ၌ "အဃာနကောပ။ပ၀ဒေယျ"ဟူသော စကားကို အဋ္ဌကထာ ဆရာသည် မိန့်ဆိုအပ်၏၊ သံသေဒဇပုဂ္ဂိုလ်တို့အားကား ဃာနိန္ဒြေချိုခြင်းကို တားမြစ်ခြင်းငှါ မတတ်ကောင်း။

အဘယ့်ကြောင့်ဆိုသော်"ကာမဓာတုယာ ဥပပတ္တိက္ခဏေ"ဤသို့ အစရှိသော ပါဠ်ဖြင့် ဥပပါတ်ပဋိသန္ဓေကိုသာလျှင် ရည်၍ သတ္တာ-ယတန-သဒ္ဒါ၏ ဂဗ္ဘသေယျကမှ တပါးကုန်သော သံသေဒဇ သတ္တဝါတို့အား မဖြစ်သင့်သောကြောင့် ဂဗ္ဘသေယျက သတ္တဝါကို သာလျှင် ရည်၍ ဟောအပ်သောကြောင့် တားမြစ်ခြင်းငှါ မတတ်ကောင်း၊ "သံသေဒဇယောနိကာ။ပ။ကတ္တာဝုတ္တာ" ဟူ၍ အကြင် အဋ္ဌကထာစကားကို ဆိုအပ်၏၊ ထိုစကားကိုလည်း ပြည့်စုံသော အာယတနရှိသည်သာလျှင် ဖြစ်ကုန်သော သံသေဒဇတို့ကို ဥပပါတ်

တို့၌ ပေါင်းသည် အစွမ်းဖြင့် မိန့်ဆိုအပ်၏၊ တပါးသော ဆရာတို့သည်ကား ယမိုက်၌ ဃာန,ဇိဝှါတို့၏ တကွဖြစ်သည် အဖြစ်ကို ဆိုအပ်၏၊ ထို့ကြောင့် ဇိဝှါ ပသာဒရှိသော သတ္တဝါ၏ မဖြစ်သင့်သောကြောင့် ဃာနပသာဒရှိသော သတ္တဝါ၏လည်း မဖြစ်သင့်သည်ကိုသာလျှင် ဘွင့်ဆိုကုန်၏၊ ထိုယမိုက်၌လည်း စက္ခု သောတတို့သည် ရူပဘုံ၌ ဃာန, ဇိဝှါတို့နှင့် ကင်း၍ ဖြစ်ကုန်သကဲ့သို့ ထို့အတူ ဃာန,ဇိဝှါတို့သည် နှစ်ပါးကုန်သော ဃာန, ဇိဝှါတို့၏လည်း ရူပဘုံ၌ မဖြစ်သောကြောင့် တပါးသည် တပါးနှင့် ကင်း၍ မဖြစ်ကုန်၊ ဤသို့ အသီးအသီး ကာမဘုံ၌ မဖြစ်ခြင်း၏ အစွမ်းအားဖြင့် ထို ဃာန,ဇိဝှါ တို့၏ တကွ ဖြစ်ခြင်းကို မိန့်ဆိုအပ်၏၊ ထို့ကြောင့် သံသေဒဇတို့အား ဃာန,ဇိဝှါ တို့၏ တကွ ဖြစ်သည် အဖြစ်ကို ဆိုခြင်းငှါ မတတ်ကောင်းသည်မဟုတ်၊တတ်ကောင်းသည်သာတည်း။

---

## ဂဗ္ဘသေယျကပဋိသန္ဓေ

**၅၄။ ။ဂဗ္ဘသေယျကသတ္တာနံ ပန ကာယ, ဘာဝ, ဝတ္ထု ဒသက သင်္ခါတာနိ တီဏိ ဒသကာနိ ပါတုဘဝန္တိ၊ တတ္ထာပိ ဘာဝဒသကံ ကဒါစိပိ န လဗ္ဘတိ။**

သံသေဒဇ ဥပပါတ်ပဋိသန္ဓေမှတပါး ဂဗ္ဘသေယျကပဋိသန္ဓေကို ဆိုဦးအံ့—အမိဝမ်း၌ ကိန်းကုန်သော သတ္တဝါတို့အား ကာယဒသက, ဣတ္ထိဘာဝဒသက, ပုမ္ဘာဝဒသက, ဝတ္ထုဒသက-ဟု ဆိုအပ်ကုန်သော သုံးပါးသော ဒသကတို့သည် ထင်ရှားဖြစ်ကုန်၏၊ ထို သုံးပါးသော ဒသကတို့တွင်လည်း ဘာဝဒသကကို ရံခါမရအပ်။

---

## ဂဗ္ဘသေယျကပဋိသန္ဓေ အဘွင့်

၅၄။ ။အမိဝမ်း၌ ကိန်းတတ်ကုန်သောကြောင့် **ဂဗ္ဘသေယျက**[၁] မည်ကုန်၏၊ ထိုအမိဝမ်း၌ ဖြစ်ကုန်သော သတ္တဝါတို့သည်သာလျှင်

---

၁—အမိဝမ်းတိုက် သားအိမ်အဘွင်း၌ ပဋိသန္ဓေတည်နေသော သတ္တဝါသည် ဂဗ္ဘသေယျက သတ္တဝါ မည်၏။ ထိုဂဗ္ဘသေယျကသတ္တဝါအား ပဋိသန္ဓေ ကလလရေကြည် တည်သော အခါ၌ ကာယဒသက, ဘာဝဒသက, ဝတ္ထုဒသကအားဖြင့် ကလာပ်သုံးစည်း၊ ရုပ်အားဖြင့် ရုပ် ၃၀-တို့သည် တပြိုင်နက် ထင်ရှား ဖြစ်ကုန်၏။

ရူပါရုံစသည်တို့၌ တပ်တတ်ကုန်သောကြောင့် ဂဗ္ဘသေယျကသတ္တ မည်ကုန်၏၊ ထိုအမိဝမ်းတိုက်၌ ဖြစ်ကုန်သော သတ္တဝါတို့သည် အဏ္ဍဇ, ဇလာဗုဇတို့သည် ဖြစ်ကုန်၏၊ သုံးပါးကုန်သော အကြင် ဒသကတို့ကို ကလလရုပ်[၁] ဟူ၍ ဆိုအပ်ကုန်၏၊ ထိုကလလရုပ်-ဟု ဆိုအပ်ကုန်သော သုံးပါးသော ဒသကတို့သည် ထင်ရှားဖြစ်ကုန်၏၊ ထိုကလလရုပ်-ဟု ဆိုအပ်ကုန်သော သုံးပါးကုန်သော ဒသက တို့သည် အလုံးစုံကို ပေါင်းအပ်ကုန်သော်လည်း ယခုဖွားကာစ ဖြစ်သော ဆိတ်၏ ကြည်စွာသော နှမ်းဆီ၌ ထည့်၍ ထုတ်သော တချောင်းသော အမွေး၏ အဖျား၌ ယို၍ တည်သော ဆီပေါက် အတိုင်းအရှည် ရှိကုန်၏၊ ကြည်ကုန်၏၊ မနောက်ကုန်၊ နပုံးဖြစ်ကုန် သော သတ္တဝါတို့၏ အစွမ်းဖြင့် တရံတခါ၌ ဘာဝဒသကကို မရအပ်။ **တတောပရံ**-ဟူသည်ကား၊ ဝါ-ဟူသောပုဒ်ကို ပဋိသန္ဓေမှ နောက်၌-ဟု အနက်ပေး။ **ပဝတ္တိကာလေ**-ဟူသည်ကား၊ ဝါ-ဟူသော ပုဒ်ကို ခုနစ်ခုတို့၏ ပြည့်ကြောင်း ဖြစ်သော သတ္တာဟ၌-ဟု အနက်ပေး။ အဘိဓမ္မာဋီကာကျမ်းကို ပြုသော အာနန္ဒာဆရာတို့၏

---

၁—ကလလရေကြည်-ဟူသည်ကား ယခု ဖွားစဖြစ်သော သိုး၏ အမွေး သို့မဟုတ် ဟိမဝန္တာတော၌ သိမ်မွေ့သော ဇော်မည်သော သားကောင်၏ အမွေးတချောင်းကို ကြည်လင်သော ဆီ၌ နှစ်၍ ဆယ်ယူသောအခါ အမွေးအဖျား၌ ငြိကပ်နေသော ဆီပေါက် ပမာဏ ရှိ၏၊ အလွန် ကြည်လင်၏။ ယင်းသေးငယ်လှသော ကလလရေကြည်၌ ရုပ် ၃၀-နှင့် ပဋိသန္ဓေစိတ် စေတသိက် ခန္ဓာငါးပါးတို့သည် တကွ ဖြစ်ကုန်၏။ နပုံးတို့အား ဘာဝဒသကကို မရ-ဟူလို။

ပဋိသန္ဓေစိတ်၏ ဥပါဒ်, ဋ္ဌီ, ဘင် ခဏငယ် သုံးချက်မျှ အခါကို ပဋိသန္ဓေအခါ-ဟု ဆိုအပ်၏။ ထိုပဋိသန္ဓေ အခါမှ နောက် ပဋ္ဌမဘဝင်မှ စ၍ အမိဝမ်းတွင်း၌ တည်နေသမျှ ကာလသည် ပဝတ္တိအခါ မည်၏။ ထိုပဝတ္တိအခါ ပဌမသတ္တာဟ၌ ကလလရေကြည် တည်နေ၏။ ဒုတိယ သတ္တာဟ၌ အမြှုပ် ဖြစ်၏။ တတိယ သတ္တာဟ၌ သားတစ် ဖြစ်၏။ စတုတ္ထ သတ္တာဟ၌ အခဲ ဖြစ်၏။ ပဉ္စမ သတ္တာဟ၌ ခက်မငါးဖြာ, ဆံပင်, မွေးညှင်း စသည် ဖြစ်၏။ ဆဋ္ဌသတ္တာဟ၌ ဖြစ်ပြီးသော ခက်မငါးဖြာ ဆံပင် စသည်တို့ ရင့်ကျက်၏။ အဋ္ဌကထာ အလို—သတ္တမ သတ္တာဟ၌ မူလဋီကာအလို—ကောဒသမ သတ္တာဟ၌ စက္ခုဒသက ဖြစ်၏။ ထို့နောင် သတ္တာဟများ၌ သောတ, ဃာန, ဇိဝှါ ဒသကများ ထင်ရှား ဖြစ်ကုန်၏။

ထိုဂဗ္ဘသေယျက ပဋိသန္ဓေ-၌ အဥ၌ ဖြစ်သော အဏ္ဍဇ ပဋိသန္ဓေ, အမိဝမ်းတိုက်၌ ဖြစ်သော ဇလာဗုဇ ပဋိသန္ဓေ ၂-မျိုးတို့ကိုလည်း ယူအပ်ကုန်၏။ သဘောတူကုန်၏-ဟူလို။

အလိုအားဖြင့် ကောဒသမဖြစ်သော သတ္တာဟဉ်လည်း—ဟု အနက်ပေး။ **ကမေန**-ဟူသည်ကား၊ ဝါ-ဟူသောပုဒ်ကို စက္ခုဒသက ထင်ရှားဖြစ်သည်မှ ခုနစ်ရက်ကို လွန်သဖြင့် သောတဒသကသည် ထင်ရှားဖြစ်၏၊ ထိုသောတဒသက ထင်ရှားဖြစ်သည်မှ ခုနစ်ရက်ကို လွန်သဖြင့် ဃာနဒသကသည် ထင်ရှားဖြစ်၏၊ ထိုဃာနဒသက ထင်ရှားဖြစ်သည်မှ ခုနစ်ရက်ကို လွန်သဖြင့် ဇိဝှါဒသကသည် ထင်ရှားဖြစ်၏၊ ဤသို့သောအစဉ်အားဖြင့်-ဟု အနက်ပေး။ အဋ္ဌကထာ၌လည်း ဤဒသကတို့၏ အစဉ်အားဖြင့် ဖြစ်ခြင်းဟူသော အနက်ကို အကြွင်းကြွင့် ပြအပ်၏၊ ထို့ကြောင့် ယုံကြည်အပ်၏။

---

## ရုပ်လေးပါးတို့ ရှေးဦးစွာဖြစ်ပုံ

၅၆။ **။ဣစ္စေဝံ ပဋိသန္ဓိမုပါဒါယ ကမ္မသမုဋ္ဌာနာ, ဒုတိယ စိတ္တမုပါဒါယ စိတ္တသမုဋ္ဌာနာ, ဌိတိကာလမုပါဒါယ ဥတုသမုဋ္ဌာနာ, ဩဇာဖရဏမုပါဒါယ အာဟာရ သမုဋ္ဌာနာ စေတိ စတုသမုဋ္ဌာန ရူပ ကလာပသန္တတိ ကာမလောကေ ဒီပဇာလာ ဝိယ နဒီသောတော ဝိယ စ ယာဝတာယုကမဗ္ဗောစ္ဆိန္နာ ပဝတ္တတိ။**

ဤသို့ အကြင်အကြင် ဆိုအပ်ခဲ့ပြီးသော နည်းဖြင့် ပဋိသန္ဓေစိတ်၏ ဥပါဒ်ကို အစပြု၍ ကံကြောင့်ဖြစ်သော ရုပ်ကလာပ်တို့သည် ဖြစ်ကုန်၏၊ ပဌမဘဝင်ကို အစပြု၍ စိတ်ကြောင့်ဖြစ်သော ရုပ်ကလာပ်တို့သည် ဖြစ်ကုန်၏၊ ပဋိသန္ဓေစိတ်၏ ဌီကာလကို အစပြု၍ ဥတုကြောင့် ဖြစ်သော ရုပ်ကလာပ်တို့သည် ဖြစ်ကုန်၏၊ ဩဇာ၏ နှံ့သောကာလကို အစပြု၍ အာဟာရကြောင့် ဖြစ်သော ရုပ်ကလာပ်တို့သည် ဖြစ်ကုန်၏၊ ဤသို့ လေးပါးသော အကြောင်းကြောင့် ဖြစ်သော ရုပ်ကလာပ်တို့၏ အစဉ်သည် ကာမဘုံ၌ ဆီမီးလျှံကဲ့သို့၎င်း၊ မြစ်ရေအယဉ်ကဲ့သို့၎င်း၊ အသက် ရှည်သမျှကာလပတ်လုံး မပြတ်ဖြစ်၏။

## ရုပ်လေးပါးတို့ ရှေးဦးစွာဖြစ်ပုံအတွင့်

၅၆။ ။**ဋ္ဌိတိကာလံ**–ဟူသည်ကား၊ ဝါ-ဟူသောပုဒ်ကို ပဋိသန္ဓေစိတ်၏ ဋီကာလကို-ဟု အနက်ပေး။ ယင်းစကားကို ထင်ရှားစွာ ပြဦးအံ့—ပဋိသန္ဓေစိတ်နှင့် တကွ ဖြစ်သော ဥတုသည် ဋ္ဌီသို့ ရောက်သည်ဖြစ်၍ ထိုပဋိသန္ဓေစိတ်၏ ဋ္ဌီခဏ၌ သက်သက်သော အဋ္ဌကကလာပ်ကို ဖြစ်စေ၏၊ ထိုပဋိသန္ဓေစိတ်၏ ဋ္ဌီခဏ၌ဖြစ်သော ဥတုသည် ဋ္ဌီသို့ ရောက်သည်ဖြစ်၍ ထိုပဋိသန္ဓေစိတ်၏ ဘင်ခဏ၌ သက်သက်သော အဋ္ဌကကလာပ်ကို ဖြစ်စေ၏၊ ဤသို့ အစရှိသော အစဉ်ဖြင့် ဥတုသည် ရုပ်ကိုဖြစ်စေ၏။ **ဩဇာဖရဏမုပါဒါယ** ဟူသည်ကား၊ ဝါ-ဟူသောပုဒ်ကို အမိဝမ်းတိုက်၌ ကိန်းသော သတ္တဝါ၏ အမိသည် မျိုအပ်သော အစာမှ ဖြစ်သော, သံသေဒဇ ဥပပါတ်ဖြစ်သော သတ္တဝါတို့၏လည်း မိမိ၏ ခံတွင်း၌ရှိသော သလိပ်အစရှိသည်မှ ဖြစ်သော ဩဇာ၏ အကြောအင်္ဂါကြီးငယ်သို့ ပျောက်သဖြင့် ကိုယ်၌ နှံ့သောအခါမှစ၍-ဟု အနက်ပေး။

---

## ရုပ် ၄-ပါးတို့၏ နောက်ဆုံးချုပ်ပုံ

၅၇။ ။**မရဏကာလေ ပန စုတိစိတ္တော ပရိသတ္တရသမစိတ္တဿ ဋ္ဌိတိကာလမုပါဒါယ ကမ္မဇရူပါနိ န ဥပ္ပဇ္ဇန္တိ၊ ပုရေတရမုပ္ပန္နာနိ စ ကမ္မဇရူပါနိ စုတိစိတ္တ သမကာလမေဝ ပဝတ္တိတွာ နိရုဇ္ဈန္တိ။**

ဖြစ်သည်မှ တပါးမဖြစ်သည်ကို ဆိုဦးအံ့—သေခါနီး ကာလ၌ စုတိစိတ်၏ အထက်၌ ရှိသော ၁၇-ချက်တို့၏ ပြည့်ကြောင်း ဖြစ်သော စိတ်၏ ဋီကာလကို အစပြု၍ ကမ္မဇရုပ်တို့သည် မဖြစ်ကုန်၊

ကမ္မဇရုပ်တို့သည် ပဋိသန္ဓေစိတ်၏ ဥပါဒ်ကစ၍ ဖြစ်ကုန်၏။ စိတ္တဇရုပ်တို့သည်ပဋိသန္ဓေနောင် ပဌမဘဝင်၏ ဥပါဒ်ကစ၍ ဖြစ်ကုန်၏။ ဥတုဇရုပ်တို့သည် ပဋိသန္ဓေစိတ်၏ ဋီကာလကစ၍ ဖြစ်ကုန်၏။ အာဟာရဇရုပ်တို့သည် ဂဗ္ဘသေယျကသတ္တဝါတို့အား တစ်သတ္တာဟ, နှစ်သတ္တာဟ လွန်၍ အမိမျိုသော အစာအာဟာရမှ ဖြစ်သော ဩဇာ၏ ကိုယ်အင်္ဂါ အတွင်း ပျံ့နှံ့သော အခါမှစ၍ ဖြစ်ကုန်၏။ သံသေဒဇ, ဥပပါတ် သတ္တဝါတို့အား မျိုအပ်သော မိမိ သလိပ် တံတွေးနှင့် အာဟာရမှ ဖြစ်သော ဩဇာ၏ ကိုယ်အင်္ဂါအတွင်း၌ ပျံ့နှံ့သော အခါမှစ၍ ဖြစ်ကုန်၏။

စုတိစိတ်အထက်၌ ရှိသော ၁၇-ချက်တို့၏ ပြည့်ကြောင်းဖြစ်သော စိတ်၏ ဥပါဒ်ခဏ၌ ဖြစ်ကုန်သော ကမ္မဇရုပ်တို့သည် စုတိစိတ်နှင့် မျှသော ကာလပတ်လုံး သာလျှင် ဖြစ်၍ ချုပ်ကုန်၏။

---

## ရုပ် ၄-ပါးတို့၏ နောက်ဆုံးချုပ်ပုံအဘွင့်

၅၇။ ။ထို ၁၇-ချက်တို့၏ ပြည့်ကြောင်းဖြစ်သော ဘဝင်အားး အထက်၌ ဖြစ်သော စုတိစိတ်သည် ရှိသောကြောင့် ထိုဘဝင်စိတ် သည် **စုတိစိတ္တောပရိ** မည်၏၊ ထိုသို့ သတ္တရသမ ဘဝင်စိတ်၏ ဌီကာလ၌ ကမ္မဇရုပ်၏ ဖြစ်ခြင်းသည် ရှိလတ်သော် ဇီဝိတိန္ဒြေ၏ ပျက်ခြင်းမရှိသောကြောင့် ကမ္မဇရုပ် [၁] တို့သည် မဖြစ်ကုန်၊ ထိုစကား မှန်၏၊ ကမ္မဇရုပ် ပြတ်သည်ရှိသော် သတ္တဝါကို သေ၏-ဟု ဆိုအပ်၏၊ ကျမ်းတပါး၌ အဘယ်ကဲ့သို့ ဆိုသနည်း-ဟူမူ—

အာယု ဥသ္မာစ ဝိညာဏံ၊ ယဒါ ကာယံ ဇဟန္တိမံ။
အပဝိဒ္ဓေါ တဒါ သေတိ၊ နိရတ္ထံဝ ကလိင်္ဂရံ။ ။

ဟု အဋ္ဌကထာဆရာသည် မိန့်ဆိုတော်မူ၏။

အနက်ကား—အကြင်အခါ၌ ဇီဝိတိန္ဒြေဝင်း၊ ကမ္မဇတေဇော ဖြစ်သော အဌေ့ဓာတ်ဝင်း၊ ဝိပါက် ဖြစ်သော ဝိညာဏ်ဝင်း၊ ဤသုံးပါးသော တရားတို့သည် ဤရူပကာယကို စွန့်ကုန်၏၊ ထိုအခါ၌ အကျိုးမရှိသော ထင်းတုံးကို စွန့်ပစ်သကဲ့သို့ အကျိုးမရှိသော ဤရုပ် ကလာပ်ကို စွန့်ပစ်အပ်၏-ဟု ပေး။

**ပုရေတရံ**-ဟူသည်ကား၊ ဝါ-ဟူသောပုဒ်ကို စုတိစိတ်မှ ပြန်၍ ရေသည်ရှိသော် ၁၇-ချက်တို့၏ ပြည့်ကြောင်းဖြစ်သော ဘဝင်စိတ်၏ ဥပါဒ်ခဏ၌-ဟု အနက်ပေး။

---

၁—ကမ္မဇရုပ်တို့သည် စုတိစိတ်မှ ပြန်၍ ရေသည်ရှိသော် ၁၇-ချက်မြောက်သော စိတ်၏ ဌီကာလမှစ၍ အသစ်မဖြစ်တော့ဘဲ၊ ဖြစ်ပြီးသော ကမ္မဇရုပ်တို့သည်လည်း စုတိစိတ်နှင့် ပြိုင်၍ ချုပ်ကုန်၏။

**၅၈။ ။တတော ပရံ စိတ္တဇာဟာရဇရူပဉ္စ ဝေါစ္ဆိဇ္ဇတိ။**

ထိုကမ္မဇရုပ်ချုပ်သည်မှ နောက်၌ စိတ္တဇရုပ် အာဟာရဇရုပ်သည်လည်း ပြတ်၏။

---

၅၇။ ။**တတော ပရံ။ ပ။ ဝေါစ္ဆိဇ္ဇတိ**-ဟူသည်ကား၊ ဇီဝိတိန္ဒြေကင်းသော သူသေကောင်-ဟု ဆိုအပ်သော ဥတုဇရုပ် အပေါင်း၌ ထိုစိတ္တဇရုပ်အာဟာရဇရုပ်တို့၏ ဖြစ်ခြင်းမရှိသောကြောင့် အသက်ရှိသော သန္တာန်၌ စိတ်အာဟာရ အားလျော်စွာ ဖြစ်သော စိတ္တဇရုပ်[၁] သည်၎င်း၊ အာဟာရဇရုပ်[၂] သည်၎င်း၊ ထိုကမ္မဇရုပ်ပြတ်သည်မှ နောက်၌ စိုးစဉ်းသော ကာလပတ်လုံး ဖြစ်၍ချုပ်၏၊ တပါးသော ဆရာတို့သည်ကား-စိတ္တဇရုပ်သည် စုတိစိတ်မှ ရှေးဖြစ်သော သတ္တရသမစိတ်၏ ဘင်ခဏ၌ သာလျှင်ပြတ်၏၊ ဤသို့ ဘွင့်ဆိုကုန်၏။

---

## ရူပဘုံ၌ရုပ်ဖြစ်စဉ်

**၆၁။ ။ရူပလောကေ ပန ဃာန, ဇိဝှါ, ကာယ, ဘာဝဒသကာနိ စ အာဟာရဇကလာပါနိ စ နလဗ္ဘန္တိ၊ တသ္မာ တေသံ ပဋိသန္ဓိကာလေ စက္ခု, သောတ, ဝတ္ထုဝသေန တီဏိ ဒသကာနိ ဇီဝိတနဝကဉ္စေတိ စတ္တာရော ကမ္မသမုဋ္ဌာနကလာပါ။**

ကာမဘုံ၌ ဖြစ်သောရုပ်မှ တပါး ရူပဘုံ၌ဖြစ်သော ရုပ်ကိုဆိုဦးအံ့—ရူပဘုံ၌ ဃာနဒသက, ဇိဝှါဒသက, ကာယဒသက,

---

၁—စိတ္တဇရုပ်ကား စုတိစိတ် ချုပ်ပြီးသည်နောက် စိတ္တက္ခဏ ၁၆-ချက်, ခဏငယ် ၄၉-ချက်ခန့်လောက် လူသေကောင်သန္တာန် ကြွင်းကျန်ရစ်သေး၏။

၂—အာဟာရဇရုပ်ကား ဝိညာဏ်တည်းဟူသော အထောက်အပံ့ကို ရသဖြင့် စုတိစိတ်၏ ဘင်ခဏတိုင်အောင်ဖြစ်သေး၍ စုတိစိတ်နောက် ခဏငယ် ငါးဆယ်ခန့်လောက် ကြွင်းကျန်ရစ်သေး၏-ဟူလို။

ဥတုဇရုပ်ကား လူသေကောင် သန္တာန်မှာ ပါသွား၍ သုသာန်တစ သင်းချိုင်းဝကျအောင် မကုန်မဆုံး မပျက်ပြုန်းသေးဘဲ ရုပ်ကလာပ် ရုပ်ကြွင်း ရှိသမျှကာလပတ်လုံး ဖြစ်နိုင်၏-ဟူလို။

ဇ္ဈတ္တိဘာဝဒသက, ပုမ္ဘာဝဒသကတို့ကိုငင်း၊ အာဟာရဇကလာပ် တို့ကိုငင်း၊ မရအပ်ကုန်၊ ထို့ကြောင့် ထိုရူပဗြဟ္မာတို့၏ ပဋိသန္ဓေ အခါ၌ စက္ခုဒသက, သောတဒသက,ဝတ္ထုဒသကတို့၏ အစွမ်းဖြင့် သုံးပါးသော ဒသကတို့ငင်း၊ ဇီဝိတနဝကကလာပ်ငင်း၊ ဤသို့ လေးပါး ကုန်သော ကံကြောင့်ဖြစ်သော ရုပ်ကလာပ်တို့ကို ရအပ် ကုန်၏။

---

## ရူပဘုံ၌ရုပ်ဖြစ်စဉ်အဘွင့်

၆၁။ ။ရူပဘုံ၌ ဃာနဒသက, [၁] ဇိဝှါဒသက, ကာယဒသက တို့၏ မရှိခြင်းမဖြစ်ခြင်း၌ အကြောင်းကို ဆိုအပ်ပြီးသည်သာတည်း၊ ဘာဝရုပ် [၂] နှစ်ခု အပေါင်းသည်ကား—ပြင်းသော ကာမရာဂလျှင် အကြောင်းရှိသည်အဖြစ်ကြောင့် ဗြဟ္မာတို့အားလည်း ထိုသို့ပြင်းစွာ သော ကာမရာဂဟူသော အကြောင်းမရှိသည် အဖြစ်ကြောင့် ထိုရူပဘုံ၌ မဖြစ်၊ မျိုအပ်သော ဗဟိဒ္ဓအာဟာရ မရှိသောကြောင့် ကိုယ်၌ ရှိသော်လည်း အဇ္ဈတ္တအာဟာရ၏ ရုပ်ကိုဖြစ်စေခြင်းမရှိ သောကြောင့် အာဟာရဇ [၃] ကလာပ်တို့ကို မရအပ်ကုန်၊ အကြောင်း သော်ကား အပဉ္စ ဖြစ်သော ဥတုကိုငင်း၊ အာဟာရကိုငင်း၊ ဥပနိဿယပစ္စည်းကိုရမှသာ ဥတုအာဟာရတို့သည် ရုပ်ကိုဖြစ်စေ ကုန်၏။ ထို့ကြောင့် ကိုယ်၌ရှိသော အာဟာရသည် ရုပ်ကိုမဖြစ် စေနိုင်-ဟူလို။ **ဇီဝိတနဝကံ**-ဟူသည်ကား၊ ဝါ-ဟူသော ပုဒ်ကို

---

၁—ရူပဘုံ၌ ဃာန, ဇိဝှါ, ကာယဒသက သုံးပါးတို့ကို ဘာဝနာအစွမ်းဖြင့် ပယ်အပ် သောကြောင့် မရအပ်ကုန်။

၂—ဘာဝရုပ် ၂-ပါးသည် အားကြီးထူထဲသော ကာမဂုဏ်တည်းဟူသော အကြောင်း ကြောင့် ဖြစ်ပေါ်လာရ၏၊ ဗြဟ္မာတို့မှာ ထိုအားကြီးထူထဲသော ကာမဂုဏ်တည်းဟူသော အကြောင်း မရှိသောကြောင့် ထိုဘာဝရုပ် ၂-ပါးကို ဗြဟ္မာဘုံ၌ မရအပ်ပေ။

၃—မျိုအပ်သော ဗဟိဒ္ဓ အာဟာရ မရှိ၍ ရူပဗြဟ္မာကိုယ်၌ တည်နေသော အဇ္ဈတ္တာ ဟာရသည်လည်း ရုပ်ကိုမဖြစ်စေနိုင်သောကြောင့် အာဟာရဇရုပ်ကိုလည်း မရပါ။ ဗြဟ္မာ တို့အား ကာယဒသက ကလာပ် အစား ဇီဝိတနဝကကလာပ်ကိုသာ ရပါသည်။

ကာယပသာဒမရှိခြင်းကြောင့် ကာယဒသကအရာ၌ တည်သော ဇီဝိတနဝကကလာပ်သည်-ဟု အနက်ပေး။

---

**၆၄။ ။ပဝတ္တိယဉ္စ သဒ္ဒဝဇ္ဇိတံ ဥတုသမုဋ္ဌာနရူပံ အတိရိစ္စတိ။**

ပဝတ္တိအခါ၌လည်း သဒ္ဒသည် ကြဉ်အပ်သော ဥတုကြောင့် ဖြစ်သော ရုပ်သည် ကြွင်း၏။

---

၆၄။ ။အသညသတ်[၁] ပြဟ္မာမှ ကြွင်းသော ပြဟ္မာတို့အား ပဋိသန္ဓေအခါ၌၎င်း၊ ပဝတ္တိအခါ၌၎င်း၊ ရအပ်သော ရုပ်မှ ကြွင်း၏၊ သေသောအခါ၌ကား—ပြဟ္မာတို့အား ကိုယ်ကိုပစ်ချခြင်း မရှိသောကြောင့် ခပ်သိမ်းသော ပြဟ္မာတို့အား သုံးပါးသော အကြောင်းတို့ကြောင့် ဖြစ်ကုန်သော ရုပ်တို့သည်၎င်း၊ နှစ်ပါးသောအကြောင်းတို့ကြောင့် ဖြစ်ကုန်သော ရုပ်တို့သည်၎င်း၊ တကွသာလျှင် ချုပ်ကုန်၏။

---

**၆၆။ ။အဋ္ဌဝီသတိ ကာမေသု၊ ဟောန္တိ တေဝီသရူပိသု။**
**သတ္တရသေဝ သညီနံ၊ အရူပေ နတ္ထိ ကိဉ္စိပိ။**
**သဒ္ဒေါ, ဝိကာရော, ဇရတာ၊ မရဏဉ္စော ပပတ္တိယံ။**
**န လဗ္ဘန္တိ ပဝတ္တေ တု၊ န ကိဉ္စိပိ န လဗ္ဘတိ။ ။**

**အယမေတ္ထ ရူပပဝတ္တိက္ကမော၊**

---

၁—အသညသတ် ပြဟ္မာတို့အား ရူပပြဟ္မာတို့ရသော စက္ခု, သောတ, ဝတ္ထုဒသကတို့ကို၎င်း၊ အလုံးစုံသော စိတ္တဇရုပ်တို့ကို၎င်း မရအပ်ကုန်။ ထိုရုပ်အလုံးစုံမှ ကြွင်းသော ဇီဝိတနဝကကလာပ်ရုပ်သည်သာ ပဋိသန္ဓေအခါ၌ ဖြစ်၍ ပဝတ္တိအခါ၌ သုဒ္ဓဋ္ဌကကလာပ်, လဟုတာဒေကာဒသကကလာပ်-ဟူသော ဥတုဇကလာပ် ၂-စည်းတို့ကို ရအပ်ကုန်၏။

စုတိသောကာလ၌ ပြဟ္မာတို့၏ ကိုယ်ကို ပစ်ချခြင်း မရှိသောကြောင့် အသညသတ်မှ တပါးသော ရူပပြဟ္မာတို့အား ကံ, စိတ်, ဥတုကြောင့် ဖြစ်သော ရုပ်တို့သည်၎င်း၊ အသညသတ်ပြဟ္မာတို့အား ကံ, ဥတုကြောင့် ဖြစ်သော ရုပ်တို့သည်၎င်း စုတိစိတ်နှင့် အတူတကွသာလျှင် ချုပ်ဆုံးကြကုန်၏။ အသေကောင် မကျန်တော့ပေ-ဟူလို။

ကာမတဆယ့်တဘုံတို့၌[၁] ၂၈-ပါးသော ရုပ်တို့သည် ဖြစ်ကုန်၏၊ အသညသတ်ကြဉ်သော ရူပ ၁၅-ဘုံတို့၌[၂] ၂၃-ပါးသော ရုပ်တို့သည် ဖြစ်ကုန်၏၊ အသညသတ်ပုဂ္ဂိုလ်တို့အား[၃] ၁၇-ပါး သော ရုပ်တို့သည် ဖြစ်ကုန်၏၊ အရူပဘုံ၌ တစုံတခုသော ရုပ် သည်လည်းမရှိ။

ပဋိသန္ဓေအခါ၌[၄] သဒ္ဒရုပ်ကိုင်း,ဝိကာရရုပ်ငါးခုကိုင်း,ဇရတာ ရုပ်ကိုင်း, အနိစ္စတာရုပ်ကိုင်း မရအပ်ကုန်၊ ပဝတ္တိအခါ၌ကား တစုံတခုသောရုပ်ကို မရအပ်သည်မဟုတ်၊ ရအပ်သည်သာတည်း။

ဤကား ဤရူပသင်္ဂဟ၌ ရုပ်၏ဖြစ်စဉ်ကို ဆိုကြောင်း ဖြစ်သော နည်းတည်း။

---

၆၆။ ။ရူပဘုံတို့၌ ဃာန, ဇိဝှါ, ကာယ, ဘာဝ, ရုပ်နှစ်ခု တို့၏ အစွမ်းအားဖြင့် ငါးပါးကုန်သော ရုပ်တို့၏ မရှိခြင်းကြောင့်

---

၁—ကာမဘုံ၌ ကာမသတ္တဝါတို့အား ရုပ်ပေါင်း ၂၈-ပါး,၊ ကလာပ်ပေါင်း ၂၁-ပါးတို့ကို ရအပ်ကုန်၏။

၂—အသညသတ်ကြဉ်သော ရူပ ၁၅-ဘုံ၌ ဃာန, ဇိဝှါ, ကာယပသာဒရုပ် ၃-ပါး, ဘာဝရုပ် ၂-ပါး ကြဉ်သော ၂၃-ပါးသော ရုပ်တို့ကိုသာ ရအပ်ကုန်၏။ ကလာပ်အားဖြင့် ပဋိသန္ဓေအခါ၌ စက္ခု, သောတ, ဝတ္ထု, ဇီဝိတ ကမ္မဇကလာပ် ၄-စည်းကိုသာ ရအပ်၏။ ပဝတ္တိအခါ၌ စိတ္တဇကလာပ် ခြောက်စည်း, ဥတုဇကလာပ် ၄-စည်းတို့ကို ရအပ်ကုန်၏။ ပေါင်း ရူပဘုံ၌ ကလာပ် ၁၄-စည်းတို့ကို ရအပ်ကုန်၏။

၃—အသညသတ် ဗြဟ္မာတို့အား ရူပဗြဟ္မာများ ရအပ်သော ရုပ် ၂၃-ပါးတွင် စက္ခု, သောတ, ဝတ္ထု, သဒ္ဒ, ဝိညတ်နှစ်ပါး ဤရုပ်ခြောက်ပါး ကြဉ်အပ်သော ၁၇-ပါးသော ရုပ်တို့ကို ရအပ်ကုန်၏။ ကလာပ်အားဖြင့် ပဋိသန္ဓေအခါ၌ ဇီဝိတနဝကကလာပ် တစည်းကိုသာ ရ၏။ ပဝတ္တိအခါ၌မူ သုဒ္ဓဋ္ဌကကလာပ်, လဟုတာဒေကာဒသကကလာပ် ၂-စည်း ပေါင်း ကလာပ် ၃-စည်းတို့ကို ရအပ်ကုန်၏။ အရူပဘုံ၌ကား ရုပ်မရှိ-ဟူလို။

၄—ပဋိသန္ဓေအခါ-ဟူသည် ပဋိသန္ဓေစိတ်၏ ဥပါဒ်, ဋ္ဌီ, ဘင် ခဏ သုံးချက်မျှသာ ဖြစ်၍ ၎င်းအခါဝယ် သဒ္ဒ စသော ရုပ်များ မရနိုင်။ ပဝတ္တိအခါ၌သာ ထိုက်သည်အားလျော်စွာ ရကုန်၏-ဟူလို။ ထိုစကားသည်လည်း ကာမ, ရူပ, အသညသတ်သတ္တဝါတို့နှင့် ဆက်ဆံသော အားဖြင့် ဆိုသောစကား ဖြစ်၏။ ကာမဘုံ,ရူပဘုံတို့၌ ပဋိသန္ဓေ အခါဝယ် မရသော ရုပ်ကား သဒ္ဒရုပ် ၁, ဝိကာရရုပ် ၅, ဇရတာ, အနိစ္စတာ ဤရုပ် ၈-ပါးကို မရပေ။ အသညသတ်ဘုံ၌ ပဋိသန္ဓေအခါဝယ် မရသော ရုပ်ကား လဟုတာဒိတ္တယ, ဇရတာ, အနိစ္စတာ ဤရုပ် ၅-ပါးကို မရ-ဟုမှတ်။

၂၃-ပါးတို့သည် ဖြစ်ကုန်၏၊ အချို့သော ဆရာတို့သည်ကား နိပ္ဖန္နရုပ်တို့၏ လေးသည်အဖြစ်ကို ပြုတတ်သည်၏အဖြစ်အစရှိသော ဓာတ်ချောက်ချားခြင်း မရှိသောကြောင့် ထိုရူပဘုံတို့၌ လဟုတာ အစရှိသော ရုပ်သုံးပါးအပေါင်းသည် မရှိ-ဟု ဆိုကုန်၏၊ ထိုကေစိ ဆရာတို့၏ စကားသည် မသင့်သည်သာတည်း၊ အဘယ့်ကြောင့် ဆိုသော် ထိုငြိမ်းစေအပ်သော ဓမ္မတို့နှင့် ဆန့်ကျင်ဘက်ဖြစ်ကုန် သော ဓမ္မတို့၏ ဖြစ်ခြင်းသည် ငြိမ်းစေအပ်သော ဓမ္မကို ငဲ့ခြင်း မရှိ၊ ထို့ကြောင့် မသင့်-ဟူလို၊ အဘယ့်ကြောင့် မရှိသနည်း-ဟူမူ ထိုငြိမ်းစေအပ်သော ဆန့်ကျင်ဘက်ဖြစ်သော ဓမ္မကို ငဲ့ခြင်းရှိသော ထိုငြိမ်းစေအပ်သော တရားနှင့် ဆန့်ကျင်ဘက်ဖြစ်သော တရား၏ ဖြစ်ခြင်းသည် ရှိလတ်သော် သဟိတ်ကြိယာစိတ်တို့၌ လဟုတာ အစရှိသော ရုပ်တို့၏ မရှိသည်၏အဖြစ်ဖြင့် လျဉ်းပါးခြင်းသို့ ရောက်ရာသောကြောင့် မရှိ၊ သဒ္ဒေါဝိကာရော အစရှိသော စကား ကို အလုံးစုံသော ကာမရူပပုဂ္ဂိုလ်တို့အားလည်း ဆက်ဆံသည် အစွမ်းဖြင့် မိန့်ဆိုအပ်၏။

ရူပပဝတ္တိက္ကမအဘွင့်ပြီး၏။

---

## နိဗ္ဗာန်အကြောင်း

၆၇။ ။**နိဗ္ဗာနံ ပန လောကုတ္တရသင်္ခါတံ[၁] စတုမဂ္ဂဉာဏေန သစ္ဆိကာတဗ္ဗံ၊ မဂ္ဂဖလာနမာရမ္မဏဘူတံ ဝါနသင်္ခါ တာယ တဏှာယ နိက္ခန္တတ္တာ နိဗ္ဗာနန္တိ ပဝုစ္စတိ။**

ရုပ်မှတပါး နိဗ္ဗာန်ကို ဆိုဦးအံ့—မဂ်ဖိုလ်တို့၏ အာရုံဖြစ်၍ ဖြစ်သော လေးပါးသော မဂ်ဉာဏ်ဖြင့် မျက်မှောက် ပြုအပ်သော လောကုတ္တရာ-ဟု ဆိုအပ်သော နိဗ္ဗာန်ကို သတ္တဝါတို့ကို သံသရာ

---

**နိဗ္ဗာန်အကြောင်း—**

**လောကုတ္တရသင်္ခါတံ**-ဟူသော ပါဌ်ဖြင့် နိဗ္ဗာန်၏ လောကီအဖြစ်ကို နှစ်စေ၍ လောကုတ္တရာအဖြစ်ကိုပြ၏။ **စတုမဂ္ဂဉာဏေန သစ္ဆိကာတဗ္ဗံ**-ဟူသော ပါဌ်ဖြင့် နိဗ္ဗာန်ကို အရိယာ ပုဂ္ဂိုလ်တို့သည် မျက်မှောက်အားဖြင့် သိအပ်သည်၏ အဖြစ်ကို ပြ၏။

ဝင့်၌ ချုပ်တတ် ခြေးယှက်တတ်သည် အဖြစ်ကြောင့် ဝါန-ဟု ဆိုအပ်သော တဏှာမှ ထွက်မြောက်သည် အဖြစ်ကြောင့် နိဗ္ဗာန်-ဟု ဆိုအပ်၏။

---

## နိဗ္ဗာန်အဘွင့်

၆၅။ ။ဤမျှ အတိုင်းအရှည် ရှိကုန်သော ခြောက်ပါးသော အပိုင်းတို့ဖြင့် စိတ်, စေတသိက်, ရုပ်တို့ကို အသီးအသီး ခွဲဝေသော အားဖြင့် အကျယ်ပြပြီး၍ ယခုအခါ၌ နိဗ္ဗာန်ကို ပြတော်မူလိုသော အရှင်အနုရုဒ္ဓါဆရာသည် 'နိဗ္ဗာနံပန' ဤသို့ အစရှိသော စကားကို မိန့်ဆိုတော်မူ၏။ **စတုမဂ္ဂဉာဏေနသစ္ဆိကာတဗ္ဗံ**—ဟူသော ဤပါဌ်ဖြင့် နိဗ္ဗာန်၏ ထိုထို အရိယာပုဂ္ဂိုလ်တို့အား မျက်မှောက်ထင်ခြင်းရှိသည် အဖြစ်ကို ပြတော်မူ၏၊ **"မဂ္ဂဖလာနမာရမ္မဏဘူတံ"** ဟူသောပါဌ်ဖြင့်၊ ကလျာဏ ပုထုဇ္ဇန်ပုဂ္ဂိုလ်တို့အား မှန်းဆသောအားဖြင့် ထင်ခြင်းရှိသည် အဖြစ်ကို ပြတော်မူ၏၊ ယင်းစကား ထင်ရှားအောင် ဖော်ပြဦးအံ့—သင်္ခတတရားလျှင် အာရုံရှိသော ဉာဏ်သည်၎င်း၊ ပညတ်လျှင်အာရုံရှိသော ဉာဏ်သည်၎င်း၊ ကိလေသာတို့ကို အကြွင်းမဲ့ဖြတ်ခြင်း ငြိမ်းစေခြင်း၌ မစွမ်းနိုင်၊ လောက၌ ကိလေသာတို့ကို အကြွင်းမဲ့ဖြတ်ခြင်း, ငြိမ်းစေခြင်း အစရှိသည် သည် ရှိသည်သာတည်း၊ ထို့ကြောင့် သင်္ခတတရား ပညတ်တရားမှ ထူးသော ကိလေသာတို့ကို အကြွင်းမဲ့ ဖြတ်ခြင်း ငြိမ်းစေခြင်းကို ပြုတတ်ကုန်သော မဂ်ဖိုလ်တို့၏ အာရုံဖြစ်သော နိဗ္ဗာန်အမည်ရှိသော တခုသော တရားသည်ရှိ၏၊ ဤသို့ အနုမာနဉာဏ်ဖြင့် ကလျာဏ ပုထုဇ္ဇန်ပုဂ္ဂိုလ်တို့အား နိဗ္ဗာန်သည် ထင်ရှား၏၊ ပစ္စက္ခအားဖြင့် ထင်သည်အဖြစ်,သဘောအားဖြင့် ထင်သည်အဖြစ်ကို ပြသဖြင့်လည်း

---

**မဂ္ဂဖလာနမာရမ္မဏဘူတံ**-ဟူသော ပါဌ်ဖြင့် နိဗ္ဗာန်ကို ကလျာဏပုထုဇ္ဇန် ပုဂ္ဂိုလ်တို့သည် မှန်းဆသောအားဖြင့်သာ သိအပ်၏။ သိအပ်သည်၏ အဖြစ်ကို ပြ၏။ ထိုသို့ ပြသဖြင့် ရာဂအစရှိသည်တို့၏ မရှိခြင်း "အဘာဝပညတ်" မျှသည် နိဗ္ဗာန်မည်၏ဟူသော မိစ္ဆာအယူကို အရှင်အနုရုဒ္ဓါဆရာသည် တားမြစ်တော်မူ၏-ဟုမှတ်။

**ဝါနသင်္ခါတာယတဏှာယနိက္ခန္တတ္တာ နိဗ္ဗာနန္တိ ပဝုစ္စတိ**-ဟူသောပါဌ်ဖြင့်နိဗ္ဗာန ပုဒ်၏ ဝိဂ္ဂြိုဟ်ဝစနတ်ကို ပြ၏၊ "ဝါနတော နိက္ခန္တန္တိ နိဗ္ဗာနံ" ဟု ဝိဂ္ဂြိုဟ်ပြု-ဟူလို။

ရာဂအစရှိသည်တို့၏ မရှိကာမျှသည် နိဗ္ဗာန်-ဟု မိစ္ဆာဉာဏ်ဖြင့် သိကုန်သော ပုဂ္ဂိုလ်တို့၏ မိစ္ဆာအယူကို မြစ်၏၊ ထို့ကြောင့် အလွန်ချွဲသဖြင့် အကျိုးမရှိပြီ၊ ခန္ဓာအစရှိသည့် အပြားရှိကုန်သော တေဘုမ္မကတရားတို့ကို အောက်အထက် ဖြစ်ခြင်း၏ အစွမ်းဖြင့် ဖွဲ့တတ်သောကြောင့် ဝါန-ဟု ဆိုအပ်သော တဏှာ၏ အာရုံကို လွန်ခြင်းအစွမ်းဖြင့် လွန်သည်၏ အဖြစ်ကြောင့် နိဗ္ဗာန်-ဟု ဆိုအပ်၏။

---

## နိဗ္ဗာန်အပြား

**၆ဂ။ ။တဒေတံ သဘာဝတော ဧကဝိဓမ္ပိ သဉပါဒိသေသ- နိဗ္ဗာနဓာတု,အနုပါဒိသေသနိဗ္ဗာနဓာတုစေတိ ဒုဝိဓံ ဟောတိ ကာရဏပရိယာယေန။**

သဘောအားဖြင့် တခုသောအဘို့ ရှိသည်လည်း ဖြစ်သော ထိုနိဗ္ဗာန်သည် ခန္ဓာ ၅-ပါးလျှင် ကိလေသာတို့မှ ကြွင်းကျန်သည်နှင့် တကွဖြစ်သော သဉပါဒိသေသနိဗ္ဗာန်ဓာတ်ငှင်း၊ ကိလေသာတို့မှ ကြွင်းသော ခန္ဓာငါးပါး မရှိသော အနုပါဒိသေသ နိဗ္ဗာန်ဓာတ်ငှင်း၊ ဤသို့ သိစေတတ်သော အကြောင်း၏ အမြွက်ဖြင့် နှစ်ပါးအပြား ရှိ၏။

---

## နိဗ္ဗာန်အပြားအဘွင့်

၆ဂ။ ။**သဘာဝတော**—ဟူသည်ကား၊ ဝါ-ဟူသော ပုဒ်ကို မိမိ၏ ငြိမ်သက်ခြင်း—ဟူသော လက္ခဏာဖြင့်-ဟု အနက်ပေး။ ကာမုပါဒါန် အစရှိသည်တို့သည် စွဲလမ်းအပ်သောကြောင့် **ဥပါဒိ** မည်၏၊ဤဥပါဒိ-ဟူသော အမည်သည် ခန္ဓာငါးပါး၏ အမည်တည်း၊ ကာမုပါဒါန် အစရှိသည်တို့သည် စွဲလမ်းအပ်သော ခန္ဓာငါးပါးသည် သာလျှင် ကိလေသာတို့မှ ကြွင်းသောကြောင့် **ဥပါဒိသေသ** မည်၏၊ ထိုကိလေသာတို့မှ ကြွင်းသော ကာမုပါဒါန် အစရှိသည် တို့သည် စွဲလမ်းအပ်သော ခန္ဓာငါးပါးနှင့် တကွ ဖြစ်တတ်သော

ကြောင့် **သဉပါဒိသေသ**[1] မည်၏၊ ထိုသဉပါဒိသေသ သည်ပင်လျှင် နိဗ္ဗာန်-ဟု ဆိုအပ်သော ဓာတ်ဖြစ်သောကြောင့် **သဉပါဒိသေသ နိဗ္ဗာနဓာတ်** မည်၏၊ **ကာရဏပရိယာယေန** ဟူသည်ကား၊ ဝါ-ဟူသောပုဒ်ကို သဉပါဒိသေသ အစရှိသည် တို့၏ အစွမ်းဖြင့် ပညတ်ခြင်း၌ အကြောင်းဖြစ်သော ကိလေသာတို့မှ ကြွင်းသော ကာမုပါဒါန် အစရှိသည်တို့သည် စွဲလမ်းအပ်သော ခန္ဓာငါးပါး ရှိခြင်း မရှိခြင်း၏ အမြွက်ဖြင့်-ဟု အနက်ပေး။

## **တနည်း နိဗ္ဗာန်အပြား**

**၆၉။ ။တထာသုညတံ, အနိမိတ္တံ, အပ္ပဏိဟိတဉ္စေတိ တိဝိဓံ ဟောတိ အာကာရဘေဒေန။**

ထိုမှတပါး ရာဂ, ဒေါသ, မောဟ တို့မှ ဆိတ်သည်၏ အဖြစ်ကြောင့် သုညတမည်သော နိဗ္ဗာန်၎င်း၊ ရာဂ, ဒေါသ, မောဟ တည်းဟူသော အကြောင်းကင်းသည် အဖြစ်ကြောင့် အနိမိတ္တ မည်သော နိဗ္ဗာန်၎င်း၊ ရာဂ, ဒေါသ, မောဟတည်းဟူသော တောင့်တခြင်း ကင်းသည် အဖြစ်ကြောင့် အပ္ပဏိဟိတမည်သော နိဗ္ဗာန်၎င်း၊ ဤသို့ အခြင်းအရာတို့၏ အပြားအားဖြင့် သုံးပါးအပြား ရှိ၏။

---

၁—အာသဝေါတရား ကင်းစင် ပပျောက်တော်မူသော ဘုရားရဟန္တာတို့၏ ခန္ဓာငါးပါးသည် မဂ်ဖြင့် ပယ်အပ်သော ကိလေသာတို့မှ ကြွင်းကျန်သောကြောင့် **ဉပါဒိသေသ** မည်၏။

ထိုကိလေသာ အပေါင်းသာ ကုန်ခန်း၍ ခန္ဓာငါးပါးမှာမူ ကြွင်းကျန်နေသဖြင့် ညစ်ကြေးသန့်ရှင်းသော ရွှေစင်ပမာ အာသဝေါ အညစ်အကြေးမှ ကင်းစင်သော ခန္ဓာငါးပါး ရှိနေသေးသောကြောင့် **သဉပါဒိသေသနိဗ္ဗာန်** မည်၏။

ကိလေသာလည်း မရှိ, ကိလေသာတို့မှ ကြွင်းကျန်နေခဲ့သော ခန္ဓာငါးပါးလည်း မရှိသော နိဗ္ဗာန်သည် **အနုပါဒိသေသနိဗ္ဗာန်** မည်၏။

**ကာရဏပရိယာယေန**-ဟူသောပါဌ်ဖြင့် နိဗ္ဗာန်သည် ပရမတ်သဘောအားဖြင့် မပြား, သန္တိသဘောမျှသာ ဖြစ်၍ တပါးတည်းသာ ဖြစ်၏ သို့သော်ခန္ဓာရှိမှု, မရှိမှုဟူသော အကြောင်း အမြွက်အားဖြင့်သာ နှစ်ပါးပြားရသည် ဟူသော အဓိပ္ပါယ်ကို ပြ၏။

## တနည်း နိဗ္ဗာန်အပြားအဘွင့်

၆၉။ ။အာရုံအားဖြင့်၎င်း၊ သမ္ပယောဂအားဖြင့်၎င်း၊ ရာဂ, ဒေါသ, မောဟတို့မှ ဆိတ်သည်၏ အဖြစ်ကြောင့် **သုည** မည်၏၊ သုညသည် ပင်လျှင် **သုညတ** [၁] မည်၏၊ ထို့အတူ ရာဂ အစရှိသော ဝင့်ဆင်းရဲ၏ အကြောင်းတို့မှ ကင်းသည်အဖြစ်ကြောင့် **အနိမိတ္တ** [၂] မည်၏၊ ရာဂ အစရှိကုန်သော တောင့်တသော တရားတို့မှ ကင်းသည်အဖြစ်ကြောင့် **အပ္ပဏိဟိတ** [၃] မည်၏၊ တနည်းကား—အား လုံးစုံသော သင်္ခါရတို့မှ ဆိတ်သည်အဖြစ်ကြောင့် **သုညတ** မည်၏၊ အားလုံးစုံသော သင်္ခတတရား-ဟု ဆိုအပ်သော အာရုံမရှိသည် အဖြစ်ကြောင့် **အနိမိတ္တ** မည်၏၊ တဏှာ-ဟု ဆိုအပ်သော တောင့်တသော တရား၏ မရှိသောကြောင့် **အပ္ပဏိဟိတ** မည်၏။

---

## နောက်တနည်းနိဗ္ဗာန်အပြား

၇၀။ ။**ပဒမစ္စုတ မစ္စန္တံ၊ အသင်္ခတမနုတ္တရံ။**
**နိဗ္ဗာနမိတိ ဘာသန္တိ၊ ဝါနမုတ္တာ မဟေသယော။**

---

၁—ရာဂ, ဒေါသ, မောဟ စသော ကိလေသာတို့ကို အာရုံ မပြုသောကြောင့် အာရုံ အားဖြင့် ဆိတ်၏၊ ရာဂ စသော ကိလေသာတို့ကို အကြွင်းမဲ့ပယ်အပ်သည်ဖြစ်၍ သမ္ပယောဂ အားဖြင့်လည်း ဆိတ်၏၊ ဤသို့ အာရုံအားဖြင့်၎င်း, သမ္ပယုတ်အားဖြင့်၎င်း, ကိလေသာ အနှောက်အရှက် မရှိ၊ ကိလေသာတို့၏ ဆိတ်ရာ သုဉ်းရာ ဖြစ်သောကြောင့် **သုညတနိဗ္ဗာန်** မည်၏။

၂—ရာဂစသော ကိလေသာ အကြောင်းတရားတို့၏ ကင်းရာ ဖြစ်သောကြောင့် **အနိမိတ္တနိဗ္ဗာန်** မည်၏။

၃—တဏှာတည်းဟူသော တောင့်တခြင်း မရှိရာ ဖြစ်သောကြောင့် **အပ္ပဏိဟိတနိဗ္ဗာန်** မည်၏။

တနည်း—အလုံးစုံသော သင်္ခါရတို့မှ ဆိတ်ရာဖြစ်သောကြောင့် **သုညတနိဗ္ဗာန်** မည်၏။ အလုံးစုံသော သင်္ခါရ အကြောင်းမရှိရာ ဖြစ်သောကြောင့် **အနိမိတ္တနိဗ္ဗာန်** မည်၏။

တဏှာတည်းဟူသော တောင့်တခြင်း မရှိရာ ဖြစ်သောကြောင့် **အပ္ပဏိဟိတနိဗ္ဗာန်** မည်၏-ဟုမှတ်။

**အာကာရဘေဒေန**-ဟူသော ပါဌ်ဖြင့် နိဗ္ဗာန်သည် တပါးတည်းပင် ဖြစ်သော်လည်း ဆိုအပ်ပြီးသော သုညတ စသော ဂုဏ်ပြားလေသောကြောင့် နိဗ္ဗာန်လည်း သုံးပါး ပြားရ၏-ဟူသော အဓိပ္ပါယ်ကို ပြ၏။ (ကြွင်းပေါ်လွင်ပြီ။)

စုတေ့ခြင်းမရှိသော စုတိ-ဟု ဆိုအပ်သော အဆုံးကို လွန်သော ကံ, စိတ်, ဥတုအာဟာရ တည်းဟူသော အကြောင်းတရားတို့သည် မပြုပြင်အပ်သော မိမိထက် လွန်သော တရားမရှိသော မင်္ဂဖိုလ်တို့၏ အာရုံဖြစ်သော တရားကို နိဗ္ဗာန်ဟူ၍ ဝါန-ဟု ဆိုအပ်သော တဏှာမှ လွတ်တော်မူကုန်သော မြတ်စွာဘုရားတို့သည် ဟောတော်မူကုန်၏။

---

## နောက်တနည်းနိဗ္ဗာန်အပြားအဘွင့်

၇၀။ ။စုတေ့ခြင်းမရှိသောကြောင့် **အစ္စုတ** မည်၏၊ ပျက်စီးခြင်းဟူသော အဆုံးကို လွန်သည်၏အဖြစ်ကြောင့် **အစ္စန္တ** မည်၏၊ ကံ, စိတ်, ဥတု, အာဟာရ တည်းဟူသော အကြောင်းတရားတို့သည် မပြုပြင်အပ်သည်အဖြစ်ကြောင့် **အသင်္ခတ** မည်၏၊ မိမိထက်လွန်သော တရား၏ မရှိခြင်းကြောင့် **အနုတ္တရ** မည်၏ တနည်းကား-အကြောင်းနှင့် တကွသော စကားဖြင့် ဆိုခြင်းငှါ ထိုက်သော လွန်သော တရား၏မရှိခြင်းကြောင့် **အနုတ္တရ** မည်၏၊ တဏှာမှ လွတ်သောကြောင့် အခြင်းခပ်သိမ်း ကင်းသည်အဖြစ်ကြောင့် ဝါန-ဟု ဆိုအပ်သော တဏှာမှ လွတ်ကုန်ပြီးသော မြတ်ကုန်သော သီလက္ခန္ဓ အစရှိသည် တို့ကို ရှာမှီးတတ်ကုန်သောကြောင့် မြတ်စွာဘုရားတို့သည် **မဟေသီ** မည်ကုန်၏။ [ထိုမြတ်စွာဘုရားသခင်တို့သည် ဟောတော်မူကုန်၏—]

---

**၇၀။ ။ဣတိစိတ္တံ စေတသိကံ၊ ရူပံ နိဗ္ဗာနမိစ္စပိ။**
**ပရမတ္ထံ ပကာသေန္တိ၊ စတုဓာဝ တထာဂတာ။ ။**

ဤသို့ အကြင်အကြင် ဆိုအပ်ပြီးသော နည်းဖြင့် စိတ်ငှင်း၊ စေတသိက်ငှင်း၊ ရုပ်ငှင်း၊ နိဗ္ဗာန်ငှင်း၊ ဤသို့လည်းလေးပါး အပြားဖြင့်သာလျှင် ပရမတ္ထတရားကို မြတ်စွာဘုရားတို့သည် ထင်ရှားပြကုန်၏။

၇၀။ ။ဇာတိစိတ္တံ-ဤသို့အစရှိသော စကားသည် ခြောက်ပါးကုန်သော အပိုင်းအခြားတို့ဖြင့် ဝေဘန်အပ်ကုန်သော စိတ်အစရှိသည်တို့ကို နိဂုံးအုပ်သောစကားတည်း။

ဤဆိုအပ်ပြီးသောစကားဖြင့် အဘိဓမ္မတ္ထဝိဘာဝနီမည်သော အဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်း၏အဘွင့်၌ ဆဌ္ဌရုပ်ပိုင်းအဘွင့်သည် ပြီးဆုံးခြင်းသို့ရောက်ပြီ။

ပြည်ထောင်စု ဗုဒ္ဓသာသနာ့အဖွဲ့
စာမှတ်စဉ် ________
နေ့စွဲ ________
စာကြည့်တိုက်